http://www.dhammadownload.com

# ရဋ္ဌပါလ




ဓမ္မာစရိယဦးဌေးလှိုင်

ပန်းချီစတိုး

ဒ္ဓအသံစာပေ

## ဓမ္မ ဒူတ ဩဝါဒတော်

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ မာ ဧကေန ဒွေ အဂမိတ္ထ။

(ဝိနယ မဟာဝဂ္ဂပါဠိတော်)

ရဟန်းတို့၊ များစွာသောလူတို့၏ အစီးအပွား ဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ၊ လောကကို စောင့်ရှောက်ရန် အလို့ငှာ၊ နတ်လူတို့၏ အကျိုးစီးပွားဖြစ်ခြင်း ချမ်းသာခြင်းငှာ ဒေသစာရီ လှည့်လည် ကုန် လော့။ ခရီး တကြောင်းလျှင် နှစ်ပါးမသွားကြကုန်လင့်။

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com

http://www.dhammadownload.com

သူတော်ကောင်းမှတ် တရားမြတ်
လွှမ်းပတ်ကမ္ဘာ တည်ရမည်။

ကုဏ္ဍာ သယ သဗ္ဗ မင်္ဂလာ
သာဝတ္ထိ ဂါထာ တော်ကြီး

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

http://www.dhammadownload.com


| | |
|---|---|
| * ပုံနှိပ်ခြင်း | ပထမအကြိမ်<br>၁၉၈၅၊ ဒီဇင်ဘာလ |
| * အုပ်ရေ | ၃၀၀၀ |
| * တန်ဖိုး | |
| * စာအုပ်စာတမ်း<br>ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် | (၆၀၅) |
| * မျက်နှာဖုံးပုံနှိပ်<br>ခွင့်ပြုအမှတ် | (၄၆၇) |
| * ထုတ်ဝေသူ | ဒေါ်ကြင်မြင့်(မြ-၀၂၀၀၉)<br>ဗုဒ္ဓအသံစာပေ<br>အမှတ်–၁၉(စ)၊ မြစပယ်လမ်း၊<br>၈–ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊<br>ရန်ကုန်မြို့။ |
| * ပုံနှိပ်သူ | ဒေါ်သန္တာအောင် (မြ ၀၃၆၅၆)<br>သတင်းဂျာနယ်ပုံနှိပ်တိုက်<br>အမှတ်–၈၉၊ ၃၉–လမ်း၊ ရန်ကုန်မြို့။ |
| * မျက်နှာဖုံးရိုက် | သီတာဦး |
| * မျက်နှာဖုံးနှင့်<br>ခန်းဖွင့်ပန်းချီ | စံတိုး |
| * အတွင်းသရုပ်ဖော်ပန်းချီ | ပန်းချီ–ကိုဇော်ဝင်း၊ ကျော်ဖြူစံ |
| * ဘလောက် | 'အဝင်း' |
| * စာအုပ်ချုပ် | 'ကျေးဇူးတော်'စာအုပ်ချုပ်လုပ်ငန်း |

http://www.dhammadownload.com

ဗုဒ္ဓအသံစာပေအမှတ်-၆

# ဓမ္မဒူတ

## ဓမ္မာစရိယဦးဌေးလှိုင်

ရေးသားစီစဉ်သည်။

ဖြန့်ချိရေး

ဗုဒ္ဓအသံစာပေ

စာတိုက်ဖုံးအမှတ်-၁၃၂၃

ဗဟိုစာတိုက်ကြီး၊ ရန်ကုန်မြို့။

http://www.dhammadownload.com

## ဂြိုဟ်တွေ့ပူးပူး မပူးပူး၊ ကြောက်ရမှာက ဘေးရန်မဟုတ်

တစ်ခါတစ်ခါ စဉ်းစားကြည့်ရင် ကံတရားဟာ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေ တစ်ယောက်နဲ့တစ်ယောက် မတူအောင် စီမံထားတယ်။ တူတဲ့နေရာတူပေမယ့် မတူတဲ့အရာတွေက အများကြီးရှိတယ်။ ဒါကြောင့် ဘုရားရှင်က "ကမ္မံ သတ္တေ ဝိဘဇ္ဇတိ" လို့ ဟောတော်မူတာပဲ။ မိမိကိုယ်ကို မကောင်းအောင်လုပ်တာ ဘယ်သူလဲ။ မိမိအလုပ်ကိစ္စ မိမိကံပဲ။ ဘေးရန်အန္တရာယ်တွေဖြစ်အောင် ဘယ်သူလုပ်သလဲ။ မိမိကံက လုပ်တာပဲ။ ဥပမာ–ဧရာဝတီမြစ်ကြီးရှိတယ်။ ဒီမြစ်ကြီးက ကုန်းပေါ်နေတဲ့သူကို ရေနစ်အောင်မလုပ်နိုင်ပါဘူး။ မြစ်ထဲဆင်းတဲ့သူကိုသာ ရေနစ်စေနိုင်တယ်။ ဒီအတိုင်းပဲ ဘေးရန်အန္တရာယ်တွေရှိပေမယ့်လည်း အလုပ်ကောင်း လုပ်သူ၊ ကံကောင်းရှိသူ ဘေးရန်အန္တရာယ် မဖြစ်နိုင်ပါဘူး။ ကံကောင်းမရှိသူသာ ဘေးရန်ဖြစ်နိုင်တယ်။ ဒါကြောင့် မကောင်းကျိုးကိုဖြစ်စေတတ်တဲ့ မိမိရဲ့ကံညံ့ကံယုတ်များကိုသာ ကြောက်စရာလိုတယ်။ ဘေးရန်အန္တရာယ်တွေ ကြောက်စရာမလိုပါဘူး။ ဂြိုဟ်ကြီးရှစ်လုံးပူးပူး, မပူးပူး၊ ဇာတိဇရာ,မရဏ စတဲ့ ဘေးရန်တွေ သတ္တဝါတိုင်းတွေ့နေကြရတယ်။ သံသရာ ကျင်လည်ခိုက်မှာ မကောင်းမှုကံပါလာလို့ ကပ်ကြီးသုံးပါးတွေ့ကြရ သံသရာဒုက္ခ ခံကြရတယ်။ ဘေးရန်တွေက မိမိမှာလာဖြစ်တာမဟုတ်ပါဘူး။ ကိုယ့်ရဲ့ မကောင်းတဲ့စိတ်ကြောင့် မကောင်းတဲ့အကျိုးတွေဖြစ်ကြရတာ၊ အမှန်ကတော့ ကိုယ့်ရဲ့စိတ်ပါပဲ၊ အတိတ်နိမိတ်ဆိုတာကတော့ တစ်ရံတစ်ခါရှိတတ်ပါရဲ့၊ ငရဲကြီး ရှစ်ထပ်ရှိနေပေမယ့် ငရဲကြီးရှစ်ထပ်က ဘယ်သူ့ကိုမှ လာမခေါ်ပါဘူး။ ကိုယ့်ရဲ့မကောင်းတဲ့စိတ်ကသာ ငရဲကြီးရှစ်ထပ်ရှိရာကို ခေါ်သွားနိုင်တယ်။

– ကျေးရှူးရှင် အဘိဓဇစံကင်းဆရာတော်ဘုရားကြီး

http://www.dhammadownload.com

## ၃၆–သန်းတွင်မှ တသန်း

ဤဗုဒ္ဓုပ္ပါဒနဝမ ခဏကောင်း၊ သာသနာအခွင့်ကောင်းကြီးကိုရနေ တုန်း ဝိပဿနာ ဘာဝနာကို ကျင့်သုံး ပွားများလိုက်လျှင် မိမိတို့ အလိုရှိအပ်တဲ့ အရိယမဂ်ဖိုလ်ကိုရသွားနိုင်ကြပေတယ်။ အကယ်၍ အကြောင်းမညီညွတ်သော ကြောင့် ဝိပဿနာဘာဝနာကိုမကျင့်သုံးမပွားများနိုင်ဘဲ အချိန်အခွင့်ကုန်လွန် သွားလျှင်မူကား အကြီးအကျယ်ဆုံးရှုံးသွားကြလိမ့်မယ်။ သံသရာတခွင်မှာ ကျင်လည်မြဲကျင်လည်နေရစဉ် အကုသိုလ်ကံက အကျိုးပေးခွင့်ရတဲ့အချိန် ကာလများမှာ အပါယ်လေးပါးသို့ကျရောက်ပြီး အလွန်ကြီးကျယ်တဲ့ ဆင်းရဲ ဒုက္ခများကို အတိုင်းမသိ ခံစားသွားကြရလိမ့်မယ်။

လူတိုင်းလူတိုင်း မိမိတို့ရထားတဲ့ ထိုခဏကောင်းကြီးကုန်လွန် မသွားမီအတွင်း ရသင့်ရထိုက်တဲ့ အရိယမဂ်ဖိုလ်တရားကို လက်ဆုပ်လက် ကိုင် ပိုင်ပိုင်ကြီးရအောင် ကြိုးစားအားထုတ်သင့်လှပေတယ်။ အားထုတ်လို တဲ့ပုဂ္ဂိုလ်တွေလည်း ကမ္ဘာအရပ်ရပ်မှာ များစွာရှိနေကြတယ်။ ထိုပုဂ္ဂိုလ် များအတွက် အလွယ်တကူ အားထုတ်နိုင်ကြစေရန် ရန်ကုန်မြို့မှာ ကမ္မဋ္ဌာန်းဌာနကြီးကို တည်ထောင်ဖွင့်လှစ်ထားတယ်။

ယခုဆိုရင် ၂၃–နှစ်ရှိနေပြီ။ ဤသာသနာ့ရိပ်သာ လာရောက် အားထုတ်ပြီးကြတဲ့ပုဂ္ဂိုလ် ၂၄၀၀၀–ကျော် (၈၂–ထိ ၆၄၁၅၈) ရိပ်သာ ခွဲများမှာ ၆–သိန်းကျော် (၈၂–ထိ ၇၉၉၉၅၇)ရှိနေပြီ၊ ဝိပဿနာ ဉာဏ်ထူး, (မဂ်ဖိုလ်နိဗ္ဗာန်)တရားထူးများကို ထိုက်သည့်အားလျော် စွာ ရသွားကြကြောင်း မျက်မြင်ထင်ရှားတွေ့နေကြရပါပေတယ်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး
(၁၃၃၃–ခု၊ ဟိတေသီ ဩဝါဒ ကထာမှ)

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (က) | ဂြိုဟ်တွေပူးပူး မပူးပူး၊ ကြောက်ရမှာက ဘေးရန်မဟုတ် (အဘိဓဇ စံကင်းဆရာတော်ဘုရားကြီး) .... | ၁ |
| (ခ) | ၃၆–သန်းတွင်မှ တစ်သန်း (မဟာစည်ဆရာတော်ဘုရားကြီး) | |
| နိဒါန်းစကား | .... .... | ၁.၁၅ |
| (၁) | စာမရေးသော ငါးနှစ်ခရီး .... .... | ၁ |
| (၂) | အဆန်းမကုန်သော လောကကြီး .... .... | ၃ |
| (၃) | ၁၅–နှစ်သားကကြေး ပေးဆပ်ရခြင်း .... .... | ၇ |
| (၄) | စာရေးဆရာထက် စာရွေးဆရာခက် .... .... | ၁၀ |
| (၅) | သမိုင်းဝင် လုပ်အားမှတ်တမ်း .... .... | ၁၃ |


## ၁။ ဒါနကထာ


| | | |
|---|---|---|
| (ဂ) | ဆရာနှင့်ဒကာ သံသရာမှာ ကသိကအောက် (တိပိဋကဓရ ဆရာတော်ဘုရားကြီး) | |
| ၁။ | ချက်ချင်းအကျိုးပေးသော တစ်ဘက်အလှူ .... | ၁၇ |
| ၂။ | မဟာသုတေဘောဂဘွဲ့ခံ မြဲတောင်သူဌေးမင်းဦးစီး .... | ၂၃ |
| ၃။ | နေခြင်ချိုမြို့ညံတောရွာ ဦးဖုန်း၏ဒါန .... .... | ၃၀ |
| ၄။ | မော်လမြိုင်သူဌေး ဦးဓိန် .... .... | ၃၆ |
| ၅။ | မောင်းထောင်သူဌေး ဦးဆုရ .... .... | ၄၀ |
| ၆။ | ကတိုးကော့နပ်သူဌေး ဦးနာအောက် .... .... | ၄၃ |
| ၇။ | ပဲခူးသူဌေး ဦးစိန်ဝင်း .... .... | ၄၈ |
| | ကိုယ့်အားကိုယ်ကိုးရိုးသားခြင်း .... .... | ၅၁ |
| ၈။ | ဆရာတော်ဦးဗုဓ်နှင့် နန်းမတော်မယ်နု ကျောင်းအလှူ .... | ၅၃ |
| ၉။ | ဘုရားမ–ခံချင်သူ၊ ဘုရားကိုနားပူနားဆာတိုက် .... | ၅၆ |
| ၁၀။ | သူဌေးမဟုတ်သော ဒါနသူရဲကောင်းသုံးယောက် .... | ၅၇ |
| ၁၁။ | ဆင်းရဲသားအနာထပိဏ် .... .... | ၆၂ |

http://www.dhammadownload.com

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| | ယုံကြည်မှု၏နောက်မှာ | .... | | ၆၅ |
| ၁၂။ | ကုသိုလ်အရေး၊ ဗေဒင်မေး၊ ရက်ရွေးမနေနှင့် | | .... | ၆၇ |
| | သီဟိုဠ်ကျွန်း ဝသဘမင်းဇာတာ | .... | .... | ၆၈ |
| ၁၃။ | စံကင်းဆရာတော်နှင့်ဗေဒင် | .... | .... | ၇၀ |
| ၁၄။ | မင်းတို့ထွက် ရက်ရာဇာ | .... | .... | ၇၁ |
| ၁၅။ | သိကြားဗေဒင်သော်မှ | .... | .... | ၇၂ |
| ၁၆။ | ရှင်မဟာရဋ္ဌသာရနှင့် ဗေဒင် | .... | .... | ၇၄ |
| ၁၇။ | စွန့်လွှတ်ခြင်း၏ တုံ့ပြန်အား | .... | .... | ၇၄ |


## ၂။ သီလကထာ


| | | | | |
|---|---|---|---|---|
| (ဃ) | ပြုသူ စေသူ အလိုတူ (မာန်လည်ဆရာတော်ဘုရားကြီး) | | | |
| ၁၈။ | သူ့လိုအရာရှိ | .... | .... | ၈၄ |
| ၁၉။ | သူ့လိုဆင်းရဲသူမ | .... | .... | ၉၂ |
| ၂၀။ | ဒုစရိုက်နှောင်တ | .... | .... | ၉၆ |
| ၂၁။ | ကိုယ့်ကာယကံ ကိုယ့်ထံပြန် | .... | .... | ၁၀၄ |
| ၂၂။ | ကံကြီးထိုက်ခြင်း | .... | .... | ၁၁၀ |
| ၂၃။ | တန်ပြန်သက်ရောက်မှု | .... | .... | ၁၁၃ |
| ၂၄။ | ငွေ ၂၀ဝိ မြေပါ၍ ဘုရားဒကာတစ်လှည့် နွားတစ်လှည့် | | .... | ၁၁၇ |
| ၂၅။ | လုပ်အားခအပြည့်မပေး၍ ကျွဲဝင်စားဖြစ်ရသူ ဒေါ်ဒွေး | | .... | ၁၁၉ |
| ၂၆။ | ဈေးချိုနားက ပြိတ္တာများ | .... | .... | ၁၂၀ |
| | နေ့စံညခံ မိဿကကံ | .... | .... | ၁၂၁ |
| ၂၇။ | မော်လမြိုင်က တံငါသုံးယောက် | .... | .... | ၁၂၃ |
| ၂၈။ | အမရပူရ ရေချမ်းအစ်မကြီး | .... | .... | ၁၂၅ |
| | သရဲမီးလော ငရဲမီးလော | .... | .... | ၁၂၆ |
| | အင်ဒိုနီးရှားသာသနာ့သမိုင်းတကျော့ | .... | .... | ၁၂၈ |
| | မစုရာကျွန်းက မီးတွင်းကလေး | .... | .... | ၁၃၀ |

http://www.dhammadownload.com

မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉။ | အသုရာငရဲပြန် ဝတ္ထု .... .... | ၁၃၁ |
| ၃၀။ | နတ်ပြည်နှင့် ငရဲကပြန်လာသူများ .... .... | ၁၃၂ |
| ၃၁။ | ပြိတ္တာကြီး ဦးဘိုးဟန်နှင့် နန္ဒဝန်ဆရာတော် .... | ၁၃၇ |
| ၃၂။ | တိုင်းပြုပြည်ပြု သာသနာပြု ၂၀–ရာစု ဓမ္မိက ဥပါသကာကြီး .... | ၁၄၈ |


၃။ သဂ္ဂကထာ

| | | |
|---|---|---|
| (င) | ဖြစ်ခဲ့သောလူ၊ လူနှင့်တူမှချမ်းသာရ (မာန်လည်) | |
| ၃၃။ | ဓာတ်တော်နှင့်စပ်သော ကြည်ညိုဖွယ်ဖြစ်ရပ်ဆန်းများ .... | ၁၈၁ |
| | (တိပိဋကဓရ ဆရာတော်၏) မိုးမိတ်ကုန်းမြေ မြွေကြီးနှစ်ကောင် .... .... | ၁၈၂ |
| ၃၄။ | စက်တော်ရာရွှေ့ပြောင်း၍ မျက်စိကွယ်ရသူ .... | ၁၈၆ |
| ၃၅။ | ဓာတ်တော်တန်ခိုး မူဆလင်ဒကာကြီးသဒ္ဓါတိုး .... | ၁၈၇ |
| ၃၆။ | ဟန်လင်းပြည်မှ အိပ်မက်ရဓာတ်တော်များ .... | ၁၈၉ |
| ၃၇။ | ဦးအောင်ဇေယျရုပ်ပွားနှင့် ဂဠုန်ဦးဓော .... .... | ၁၉၃ |
| ၃၈။ | အိန္ဒိယပြန်ဆင်းတုတော် .... .... | ၁၉၆ |
| ၃၉။ | ဦးစံရွှေ့ ဘုရားစင် .... .... | ၁၉၈ |
| ၄၀။ | ကမ္ဘာလှည့်၍ ငြိုဟ်မွှေနေသော ပုဂံဘုရားကစိန်ကြီး .... | ၂၀၁ |
| ၄၁။ | နိုင်ငံခြားသင်္ဘောအလံထိပ်က ဗုဒ္ဓရုပ်ပွား .... | ၂၀၇ |
| | ရုပ်ပွားဆင်းတုပုဇ္ဇာအဖြေ (လယ်တီဆရာတော်) .... | ၂၁၃ |
| | စံကင်းရွှေချက်သို့ မေတ္တာကျောက်တိုင် .... | ၂၂၁ |
| ၄၂။ | တစ်ထောင်တန်ဂါထာ .... .... | ၂၂၆ |
| ၄၃။ | ဘီလူးကြီးကိုအနိုင်ရလိုက်သော ဆရာတော် .... | ၂၂၈ |
| ၄၄။ | ကိုယ်တွေ့မိုးကြိုးလွှဲဂါထာ .... .... | ၂၃၅ |
| ၄၅။ | ပဋ္ဌာန်းကျေးဇူး .... .... | ၂၄၀ |
| ၄၆။ | သမ္ဗုဒ္ဓေတဂါထာနှင့် တစ်ရွာလုံး ဗုဒ္ဓဘာသာဖြစ် .... | ၂၄၈ |

http://www.dhammadownload.com

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## ၄။ မဂ္ဂကထာ

(စ) အများနှင့်ဆန့်ကျင်သော အမြင်မှန် (သီဟိုဠ် မဟာစည်ယောဂီတစ်ဦး)

၄၇။ ကမ္မဋ္ဌာန်းရှုးမ မိနှင်းမြ .... .... ၂၅၆
တရားမှတ်ရင်း ရောဂါကင်း .... .... ၂၆၂
၄၈။ သတိပဋ္ဌာန်နှင့် ကမ္ဘာ့စစ်ပြန်ကြီး .... .... ၂၆၂
၄၉။ ဝမ်းတွင်းအလုံးကြီးပျောက်သူ ဒေါ်ခင်ထွေး .... ၂၆၄
၅၀။ ဒူးကိုက်နာပျောက်သူ ကိုမြဆောင် .... .... ၂၆၇
၅၁။ ပန်းနာပျောက်သူ ဦးအောင်မြင့် .... .... ၂၆၉
၅၂။ ခရသင်းယားနာပျောက်သူ မောင်ဝင်းမြင့် .... .... ၂၇၀
၅၃။ မြန်မာအင်္ဂလိမာလ သို့မဟုတ် ဝါးခယ်မ
သခင်အောင်သင်း .... .... ၂၇၃
၅၄။ ကမ္ဘာပတ်၍ ကမ္မဋ္ဌာန်းပြနေသော မီလျံနာသူဌေးကြီး .... ၂၈၂

## ၅။ သာသနဝံသကထာ

(ဆ) အိန္ဒိယမှာ ဘာကြောင့် သာသနာကွယ် (ရာဟုလာသံကိစ္စည်း)

၅၅။ မဇ္ဈိမပုရအာသံပြည် သာသနာဝင်နှင့် ဗြဟ္မပုတြမြစ်ရေပြင်မှာ
ခြေလျင် ကြွနင်းခဲ့သော အာသံသာသနာပြု ရာဇဂုရု
ပယင်းတွင်းဆရာတော် .... .... ၃၁၅
၅၆။ အနောက်ကမ္ဘာက အရေးတကြီး တောင်းခံနေသော
မြန်မာ့အကူအညီ .... .... ၃၅၁

http://www.dhammadownload.com

## အနှစ်ထုတ်ကြစို့

၁။ စည်းစိမ်ဥစ္စာ၊ အနှစ်ရှာ၊ ပြုပါ 'ဒါန' မှတ်။

၂။ မိမိခန္ဓာ၊ အနှစ်ရှာ၊ စောင့်ပါ 'သီလ' မှတ်။

၃။ အသက်ဇီဝါ၊ အနှစ်ရှာ 'ဘာဝနာ' ဟုမှတ်။

၄။ လှူပါ စောင့်ပါ၊ ပွားများပါ၊ သုံးဖြာ 'အနှစ်' မှတ်။

တိပိဋကဓရ ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဒါန်းစကား

## ( ၁ )

## စာမရေးသော ငါးနှစ်ခရီး

ကျွန်ုပ် စာမရေးဖြစ်သည်မှာ ငါးနှစ်ရာသီပင် ရှိသွားပြီ။ စာရေးခြင်းကိုလည်း နှစ်သက်လှသည် မဟုတ်။ ဤခေတ်တွင် စာရေးခြင်း၊ စာအုပ်ထုတ်ခြင်း၏ အခက်အခဲတွေကလည်း များလှပါဘိ။

ရေးပြန်လျှင်လည်း သာမန် ဗဟုသုတဖြစ်ရုံ ဟောကောင်း ပြောကောင်း စာမျိုးကိုလည်း မရေးလို။ ကျွန်ုပ်ကအစ ကျပ်တည်းကျဉ်းမြောင်းစွာ ရုန်းကန်နေရရှာသူများအတွက် အချိန်တိုတိုနှင့် လိုရင်းထိမိသော နေ့စဉ်လက်တွေ့အသုံးချလို့ရမည့် စာမျိုးသာ ဖြစ်စေချင်ပါသည်။

အမှန်ဆိုရသော် ကျွန်ုပ်တို့ ရေးခဲ့သမျှတွင်လည်း အမှန်တကယ် ရေးနိုင်သော အင်အား၏ ဆယ်ပုံတစ်ပုံမျှသာ ရေးခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်ရေးမည်ဟု ဆုံးဖြတ်ထားသော အကြောင်းအရာတစ်ခုကိုလည်း အခြားပုဂ္ဂိုလ် တစ်ဦးဦးက ရေးနေသည်ဟု သိလျှင်၊ ရေးပြီးဖြစ်နေလျှင်၊ စံလည်းမိနေလျှင် ကျွန်ုပ် အလွန်ဝမ်းသာရပါသည်။ ကျွန်ုပ် တာဝန်ပေါ့သွားသောကြောင့် ဖြစ်ပါသည်။ (ဥပမာ – ဓမ္မာစရိယ သိရောမဏိ၊ ဘီအေ ဦးမောင်မောင်လေး ရေးသားသော နိကာယ်ပါဠိတော် ဘုရားဟောမူရင်းအကျဉ်းချုပ် မြန်မာပြန်ကျမ်းများ) ထိုပုဂ္ဂိုလ်များအား (လက်လှမ်းမီသူဖြစ်လျှင်) ထပ်ဆင့်၍လည်း အားပေးခဲ့ပါသည်။

ခက်သည်ကား.... ယင်းသို့ တန်ဖိုးရှိသော စာအုပ်ကောင်းမျိုး ကျပြန်တော့ ထုတ်လုပ်ဖြန့်ချိပုံကပင် ဟန်မကျ၍လော မသိ၊ ဖတ်ရှုသူများ မျက်စိလျှံနေကြပြန်သည်။

http://www.dhammadownload.com



## ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စာဝါရပ်နားၡ

ကျွန်ုပ် စာမရေးဘဲ နေခဲ့သော ၅–နှစ်ကာလတွင်လည်း သာမှုနာမှု မသွား၊ သတင်းစာ ရေဒီယိုပင် မရှိ။ ကိုယ့်အားကိုယ်ဖြည့်ရင်း တိုင်းပြည်နှင့် သာသနာအတွက် ကိုယ်ဝင်နိုင်မည့် ကွက်လပ်ကိုသာ ငုံ့လင့်လျှက်နေခဲ့၏။ ထိုအတွင်း စာနှင့်လည်း မကင်းနိုင်ရကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ပို့ချပေးသည်။ (စာမေးပွဲအတွက် မဟုတ်) ဦးဖေမောင်တင်၊ ဉာဏမောလိတို့၏ အင်္ဂလိပ် ဘာသာပြန်များကိုလည်း ဖတ်ရှုသည်။ မိမိကအစ ဝိသုဒ္ဓိမဂ် စာသင်သားအားလုံး ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် ဝေါဟာရ ကြွယ်ဝစေရန်နှင့် ရှုမှတ်မှုအတွက်လည်း 'တွန်းအား' ရရှိစေရန် ရည်ရွယ်သည်။

ထိုအင်္ဂလိပ် ဘာသာပြန်များလည်း ဝိသုဒ္ဓိမဂ်အတွက် မလုံလောက်လှသေး။ မလုံလောက်ရုံသာမက အချို့နေရာများတွင် ပါဠိဘာသာကိုသာတတ်၍ ပိဋက မကျွမ်း၊ ပိဋကပတ်လည်း မထွန်းကားသေးသောခေတ်ကဖြစ်၍ မရှိတာနှင့်စာလျှင် တော်သေးသည် ဟုသာ အောက်မေ့ရတော့သည်။

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် ဘာသာပြန်မှာ အလွန်အားထားရပါ၏။ သို့ရာတွင်လည်း စာတတ်သူ၊ စာဖတ်အားကောင်းသူ များသာ အရသာခံနိုင်ကြသေးသည်။ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ စစ်ကိုင်း ရွှေစေတီ ဆရာတော်ဘုရားကြီးကလည်း အလွယ်ကူဆုံး နိဿယသစ်တမူ ပြုစုပြန် သည်။ မပြီးသေး။ မည်သို့ဖြစ်စေ သာမန် စာဖတ်သူများအထဲသို့ ပိဋက အဆီညှစ်၍ အနှစ်ထုတ်ထားသော အလွန်မူရင်းကျသည့် ဝိသုဒ္ဓိမဂ်ကြီး ရောက်ရှိစေချင်ပါ သေးသည်။ ဆရာတော်များကလည်း အချအပို့မရှိသလောက် နည်းပါးလှသည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို (အစ အဆုံး လုံးစေ့ ပါဠ်စေ့ကြည့်ရှုဖြစ်အောင်) ကျွန်ုပ်တို့ သင်တန်းပို့ချခဲ့ရာ၌ ထိုရည်ရွယ်ချက်လည်း ပါ၏။ သို့သော် စွမ်းဆောင် နိုင်မည့် ပုဂ္ဂိုလ်များပေါ်ခဲ့သော် ကျွန်ုပ် တစ်ခါ ဝမ်းသာရပါဦးမည်။

ဤစကားရပ်များမှာ ယခု ကျွန်ုပ်တင်ပြသော ဤစာအုပ်နှင့်ကား မဆီ လျော်လှပါ။ ဤစာအုပ်၏ နိဒါန်းစကား မဟုတ်တတ်ပါ။ ကျွန်ုပ်၏ စာဖတ်သူ၊ မေတ္တာညှတ်သူ၊ ဓမ္မမိတ်ဆွေ တော်တော်များများ၏ "ဘာစာတွေ ရေးနေသလဲ။ မရေးတော့ဘူးလား၊ ဘာလုပ်နေသလဲ" မေးခွန်းများအတွက် ၅–နှစ်တာအတွင်း သတင်းတုံ့ပြန်ချက် သို့မဟုတ် ကိုယ်ရေးအစီရင်ခံလွှာမျှသာ ဖြစ်ပါသည်။

လူရှားစုခများ စာပင် ကောင်းသော်လည်း စာကြီး ပေကြီးများ ကြည့်ချိန် မရ၊ စဉ်းစားနေချိန် မရှိ၊ ခေါင်းလေး ခေါင်းပူ မခံနိုင်။ တထိုင် တခဏ အချိန်တိုတိုနှင့်

http://www.dhammadownload.com



လိုရင်း ထိမိ၍ ချက်ချင်း လက်တွေ့သိ၊ ကျင့်၍ရသော၊ တကယ်လည်း စိတ်ချရသည့် စာမျိုးကိုသာ ငံ့လင့်နေရှာကြပါသည်။ ထို့ကြောင့် .... ။

( ၂ )

## အဆန်းမကုန်သော လောကကြီး

ယခု ကျွန်ုပ် စာရေးပါပြီ။ ဓမ္မမိတ်ဆွေများအတွက် ဓမ္မလက်ဆောင်ကောင်း တစ်ခု ပါးလိုက်ပါသည်။

ရောမ ဝိသုဒ္ဓိမဂ်ကျမ်းကြီး အကြောင်းပြောပြီး ထွက်လာတော့ ကလေး ကလား ဟုထင်လျှင်လည်း ခံရပါမည်။ ဒုစရိုက်တွေ ပွားစီး၍ အဖက်ဖက်က ကျပ်တည်း ကျဉ်းမြောင်းလှသော ယခုအခါတွင် လူတိုင်းလူတိုင်း အချိန်မဆိုင်းဘဲ အရိုးခံသီလ၊ သမာဓိ၊ ပညာ အလုပ်များကို အရအမိ ထူထောင်ဖြစ်အောင် ထူထောင် ကြရန် အလွန်အရေးကြီးနေကြောင်း ကျွန်ုပ်၏ စာဖတ်ပရိသတ်များ အားလုံး သဘောတူ လက်ခံထားကြပြီး ဖြစ်ပါသည်။

လုပ်ရန် နည်းလမ်းများကလည်း အလွန်လွယ်ကူနေပြီကို သိနေကြပါသည်။ စီးပွား၊ ဥစ္စာ၊ အာဏာ၊ ရာထူး စသော လောကီနယ်ပယ်တွင် အထွတ်အထိပ် ရောက် လိုသူ၊ မဂ်ဖိုလ် နိဗ္ဗာန် ဟူသော လောကုတ္တရာ နယ်ပယ်တွင်လည်း အထွတ်အထိပ် ရောက်လိုသူများ ကိုယ့်ပန်းတိုင်နှင့်ကိုယ် အသီးသီးရှိနေကြရာ ပန်းတိုင်ပင် ကွဲပြား သော်လည်း 'အရိုးခံ ငယ်နိုင်နည်း' မှာ လုပ်ရမည့်အလုပ်မှာ တစ်ခုတည်းသာလျှင် ဖြစ်ကြောင်း၊ ဒါကိုလည်း ကြည်ကြည်လင်လင် သိမြင် သဘောပေါက်နေကြပြီဟု ယုံကြည်ပါသည်။

တစ်ဝမ်း တစ်ခါး ဝရုံ လုရုံ ရှာဖွေနေရသော သူတို့၏ နည်းသည် ခက်ခဲ၍၊ ပူလောင်၍၊ အရာရာ၌ အထွတ်အထိပ်သို့ ရောက်နေသူတို့၏ နည်းကား အလွန် လွယ်ကူနေတတ်ပါသည်။ အလွန်လည်း စိတ်ချမ်းသာရပါသည်။

ယခုအခါ တစ်ကမ္ဘာလုံး ကျပ်တည်း ကျဉ်းမြောင်းမှုက လူသားတို့အား ဗုဒ္ဓ ဝါဒ ဆိုင်းဘုတ်အောက်သို့ တွန်းပို့နေသည်ကို အများအသိပင် ဖြစ်ပါသည်။ ကောင်းသည့် ပုဂ္ဂိုလ်များ အထွတ်အထိပ်ကောင်းနေကြပေပြီ။ ချမ်းသာရာ ရနေကြပြီ။ သို့သော် ထိုဆိုင်းဘုတ်အောက်ဝင်လာသူ ရာခိုင်နှုန်း ၇၀ ခန့်မှာ 'အရိုးခံ ဝယ်နိုင်နည်း' ကို မရရှာကြ၊ မယုံကြည်နိုင်ရှာကြသဖြင့် ဖြတ်လမ်းနည်း၊ သိဒ္ဓိပြီး၊ ဆေးမြီးတို၊ ပုဂ္ဂိုလ်မျှော်၊ အမျိုးမျိုး လမ်းချော်နေကြရှာ၏။ ယင်းသို့ လမ်းချော်နေတာကိုပင်လျှင်

http://www.dhammadownload.com



"ငါ့မှာ သဒ္ဓါကြည်လင် ပါရမီရှင်မို့၊ ပဋ္ဌာန်းဆက်ရှိပေလို့၊ သူတို့ ငါ့လို မတွေ့ဖူးသေးလို့" စသည်ဖြင့် အထင်၊ အမြင်၊ အကြားတွေ ဝင်ကာ တက်တက်စင် နစ်မွန်းကြရရှာလေပြီ။

## နိုင်ငံတော် ခေါင်းဆောင်ကြီးများ၏ ကျေးဇူး

မိစ္ဆာဒိဋ္ဌိ အယူအစွဲဟူသည် အကြောင်းအကျိုး ဆက်စပ်မှု ရှိ-မရှိနှင့်လည်း မဆိုင်၊ ခေတ်ပညာတွေ များစွာ တတ်သိမှုနှင့်လည်း မပတ်သက်။ ယူချင်လို့ယူ၊ စွဲချင်လို့စွဲခြင်းသာ ဖြစ်၏။

ကံနည်းသော တိုင်းပြည်နှင့် လူမျိုးကို ထိုးနှက်လာသော ဘေးကြီးဟု ကြပ်ကြပ်ရှုမြင်ကြရမည်။ ၁၆ ရာစု၊ ၁၇ ရာစု တစ်ခိုက အိန္ဒိယပြည် ဆောဂါးကျွန်းတွင် လူအများ နတ်ကွန်းရှေ့သွားကာ ဆိုင်းသံ ဗုံသံတွေကြားက ဘုရားအာရုံယူ ပြီးနောက် ပင်လယ်ထဲခုန်ချလျက် အစုလိုက် အပြုံလိုက် ငမန်းစားခံကြသည်။ ငမန်းများက ဝ,အီနေ၍ မစားနိုင်တော့ဘဲ နှုတ်သီးဖြင့်သာ ထိုးလွှတ်လျှင် "ဘုရားသခင်' ငါ့ကို ခေါ်တော်မမူ" ဟု ဝမ်းနည်းစွာ ငိုကြွေးကြသည်။

တစ်ဖန် ဩရီသနယ်၌လည်း အိမ်လှေ့ကာက်မက ကြီးမားသော 'ဂျဂါနာ့သ်' နတ်ကွန်းယာဉ်ကြီးကို လူပေါင်းရာချီ၍ တွန်းဆွဲလာစဉ် ဘီးရှေ့၌ အလျားမှောက်ကာ အသေခံခြင်း၊ ၎င်းယာဉ်ရှိ သံဆူးချိတ်ကြီးများဖြင့် လည်ပတ်လျက်ရှိသော ဘီးကြီး၌ ကျောကပ် အစူးခံ၍ ချာလပတ်လည်ကျအောင် သွေးသံရဲရဲ အသေခံခြင်းဖြင့် ဘုရားသခင်ထံ သွားသူများအကြောင်း ပေါ်တူဂီဘုန်းကြီး 'ဆီဘာဘ၍မန်ရစ်' ဆိုသူ ရေးခဲ့ဖူး၏။

အိန္ဒိယပြည် ကောသမ္ဗီနယ်၌လည်း .... ၁၇ ရာစုက ကောင်းကင် (ထာဝရ၊ ဗြဟ္မာ့ပြည်) ဘုံသို့ တက်သော သစ်ပင်ကြီးတစ်ပင်(Tree of Death) ရှိခဲ့ဖူးရာ .... လူများ ကြိတ်ကြိတ်တိုးတက်၍ ခုန်ချကြသည်။ ကောင်းကင်ဘုံ သွားသူတို့၏အရိုးတွေ သစ်ပင်ကြီးအောက်၌ စုပုံနေကြောင်း တရုတ်ရဟန်းတော် 'ဟီယွန်ဆင်' ကိုယ်တွေ့မျက်မြင် ရေးခဲ့ဖူး၏။ အယူအစွဲကား ကြောက်ဖွယ်ကောင်းလေစွ။

မကြာမီက အရှေ့တောင်အာရှတွင် .... စီးပွားရေး၊ နိုင်ငံရေး ရှုပ်ထွေးနေသော နိုင်ငံတစ်ခု၌ ကမ္ဘာကျော် တန်ခိုးရှင်ကြီးတစ်ဦးကို ပင့်ကာ ကုစားသည်။ ယခုဘာဖြစ်နေသည်ကို လေ့လာကြကုန်။ ကျွန်ုပ်တို့ လူမျိုးကား ကိုယ့် 'ဗီလော်ဆဗီ'နှင့် ကိုယ် အခိုင်အမာ ရပ်တည်နေကြပါသည်။

http://www.dhammadownload.com



သို့ရာတွင် .... လေထဲကလာသော အဆိပ်များဖြစ်၍ သိနိုင်၊ မြင်နိုင်ခဲ့သည်။ ထိုမိစ္ဆာဝိညာဉ်ဘီလူးသည် အာဏာ၊ စီးပွားနှင့် အတတ်ပညာတစ်စုံတစ်ခု ထူးချွန်သူများ၌ ဝင်ပူးလေ့ရှိသည်။ မြန်မာပြည်၌ကား .... သီလအားနည်း၊ ဆရာကြီးလုပ်လို၊ သတ္တဝါကို ကယ်တင်ချင်လှသော ဘုန်းကြီးများလောက၌ အများဆုံးဝင်ရောက်သည်။ ထိုကိစ္စအတွက် နိုင်ငံတော်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးကား အလွန့်အလွန် ကြီးမားလှပါပေသည်။ ၁၉၇၈–ခု၊ နိဝင်ဘာလက အမေရိကန်၊ ဆန်ဖရန်စစ္စကိုမြို့၊ ဂျင်မ်ဂျုံးဂိုဏ်းဝင်ပေါင်း ကိုးရာတို့ တစ်ပြိုင်နက် အဆိပ်သောက်သေကြသောသတင်းနှင့် စပ်၍ မြန်မာပြည်၌ နေရာအနှံ့အပြား တာစားနေသော 'ရွှေရင်ကျော်ဂိုဏ်း'ကို ဟန့်တားခဲ့၏။ အမိန့်အာဏာ၊ ရာထူးအဆင့်တို့သည် ကန်တော့ပွဲရှေ့တွင်တစ်မျိုး တစ်ဖုံ ဖြစ်ကုန်သကဲ့သို့ .... သာသနာတွင်လည်း သန်လျက်ဘက်၌ .... ဓာတ်စီးသော အမျိုးသမီးကို ဘုန်းကြီးများက ရှိခိုး၍ အမိန့်နာခံရသော အဖြစ်များအထိ အတင့်ရဲလာလေသည်။

ဒုတိယမှ ထပ်ဆင့်၍ တိုင်းပြည်ခေါင်းဆောင်ကြီးများအား ကျေးဇူးတင်ရမည်မှာ .... ထီးဖြူဆောင်းချင်း မင်းတကာတို့ လုပ်နိုင်ဝံ့ခဲ့သော သာသနာတော်သန့်ရှင်းရေး ကိစ္စကြီးပင်တည်း။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအားလည်း များစွာ ကျေးဇူးတင်ရပါသည်။

တိုင်းပြည်နှင့်လူမျိုးကို ပျက်ပြုန်းအောင် လေထဲကလာသော မိစ္ဆာဒိဋ္ဌိ အဆိပ်ဘေးကြီး၏ ဆိုးရွားပုံကို သိမှ အဆိုပါ နိုင်ငံခေါင်းဆောင်ကြီးတို့၏ အမြော်အမြင်၊ သတ္တိနှင့် ကျေးဇူးကို ပို၍သိနိုင်ပါသည်။ ယခုလည်း အယောင်ဆောင်ပုန်းကွယ်နေကြသဖြင့် အရပ်စကားဖြင့် ပြောရသော် .... "ခါးတောင်းကျိုက် မဖြုတ်ကြပါနှင့်ဦး"။

## ပါရမီရှင်တို့ တီထွင်သော သိဒ္ဓိဘုရား

ဝေဘူဆရာတော်၊ မဟာစည်ဆရာတော် စသော သက်ရှိ ဘုရားများ နှစ်ပေါင်းများစွာ ပွင့်ပေါ်နေပါသော်လည်း .... ဖူးမြော်ရကောင်းမှန်း မသိ။ ကွမ်းသွေး တံတွေး ထွေးပေးသော ဆရာမျိုးကို အလုအယက် တိုးဝှေ့နေကြ၏။

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်ဓာတ်တော်၊ ပက်သျှုဝါဓာတ်တော်များ လှည့်လည် အပူဇော်ခံနေသည်ကိုလည်း ဖူးမြော်ရကောင်းမှန်းမသိ။ ရေဆန်သစ် ဘုရား၊ ဆင်ခံဘုရား၊ မင်းသား (.... .... ....)ဘုရား၊ လာပြန်ပြီ .... သွံသာရဘုရား၊

http://www.dhammadownload.com



ထို့ထက်ကြောက်ခမန်းလိလိ ဘုရားဟော ပိဋကကိုပင် မီးရှို့ပြာချပြီး လုပ်သော သိဒ္ဓိပေါင်းချုပ်ဘုရား မျိုးကို ကြိတ်ကြိတ်တိုး လက်သိပ်ထိုး ကိုးကွယ်နေကြပြန်၏။

ထိုလူမျိုးတို့အတွက် ပို၍ ကံဆိုးချင်သော နိဗ္ဗာန်ပြည်သို့ ပို့ဆောင်မည့် စာထက် အလုံပြည်သို့ ပို့ဆောင်မည့် စာအုပ်ကြီးများက တစ်မျိုးပြီးတစ်မျိုး၊ လက်သိပ်ထိုး တစ်ဖုံ စုပြုံ၍ ထွက်ပေါ်လာကြပြန်သည်။ အလုံပြည်သို့ရောက်လျှင် ထွက်ပေါက် မရှိသည်ကိုမူ မသိရှာကြပေ။ မိမိကိုယ်ကို အားမကိုး၊ မိမိကိုယ်ကို မကယ်မ၊ မသနား၊ အသက်ရှည်စွာ မသေဘဲနေပြီးမှ (သူတို့အထင်) အရိမေတ္တေယျအထိ ပန်းတိုင်ချ၍ ပုတီးကြိုးရှည်ကြီး အစွပ်ခံရကာ သတ္တဝါတွေ ကယ်တင်ချင်လွန်းလှသည့် ကရုဏာ လောဘကို မောဟမျက်လုံးနှင့်အတူ ပျော်ပျော်ကြီး အတပ်ခံနေကြပေ သည်။ ထိုသူတို့ လောက၌ ခေတ်စီးခြင်းကို သိသိပ်ထား၍ ဂိုဏ်း ဆိုင်းဘုတ်များကိုလည်း အခြေအနေအရ ဖြုတ်ထားကြ၏။ အလုပ်ကား ကြိတ်၍ လုပ်ကြမြဲ။ 'ထုံကူး' သော ရုပ်ရှင်ကားများကိုပင် ပြသနေကြ၏။

ထိုပုဂ္ဂိုလ်ကြီးများ ဆန်းသည်ကိုလည်း သိကြပါ၏။ စွမ်းသည်ကိုလည်း သိကြပါ၏။ "သူတို့ ငါတို့လို ကိုယ်တွေ့ မရှိလို့၊ မသိလို့" ဟူ၍တော့ မမှတ်ထင်ကြပါ ကုန်လင့်။ ထို့ထက် ထိုပုဂ္ဂိုလ်ကြီးများကို သိမ်သိမ်မွေ့မွေ့ချည်ထားသောကြိုး၊ ထိုကြိုးကိုကိုင်သော ထိုပုဂ္ဂိုလ်ကြီးများ အထက်က ပုဂ္ဂိုလ်ကြီးများ ဆန်းသည်ကိုလည်း သိကြပါ၏။ စွမ်းသည်ကိုလည်း သိကြပါ၏။ အလွန်တရာ ကြုံကြိုက်ခဲလှသော မြတ်စွာ ဘုရား သာသနာတော်ကြီးနှင့် ကြုံရဆုံရ၊ တိုတောင်းလှသော ဘဝသက်တမ်းမှာ လမ်းလွှဲမလိုက်မိကြပါကုန်လင့်။

## ဗုဒ္ဓက 'အဆန်း မလိုက်နှင့်' တဲ့

ဤ သတ္တလောကကြီးကား .... အတိုင်းမသိ ဆန်းကြယ်လှပါသည်။ သူတော်ကောင်းကြီးများ သိတော်၊ မြင်တော်မူကြပါ၏။ ထို့ကြောင့်လည်း ဟိုအဆန်း ဒီအဆန်းတွေကို ပြည်ဖုံးကားချကာ လိုရင်းကိုသာ ဖို၍ဟောပြောသွားကြခြင်း ဖြစ်ပါသည်။

ယခုအခါ အရိုးကိုမလိုက်၊ အဆန်းကိုမှ ကြိုက်ကြသဖြင့် .... ဂိုဏ်းဘုန်းကြီး ပုဂ္ဂိုလ်ဆန်းများ၊ ရသေ့ ပရဗိုဇ်ဆန်းများ၊ အရပ်သား သာမန်လူတို့၏ ဖြစ်ရပ်ဆန်း များအကြောင်း ဟိုမှ သည်မှ ပြောကြ၊ စည်းရုံးကြ၊ ရေးလာကြသည်ကိုလည်း တွေ့ကြရ၏။ ကိုယ်ပိုင် သာသနာ၊ ကိုယ်ပိုင်အဆန်းများမဟုတ်၍ အာသာငန်းငန်းနှင့် အဆန်းအမျှော် မငြိမ်းနိုင်ကြကုန်။

http://www.dhammadownload.com



ထူးဆန်းတိုင်း အကျိုးရှိသည် မဟုတ်ချေ။ ထူးဆန်းလွန်းလျှင် တစ်သံသရာလုံးပင် နစ်မွန်းစေနိုင်လေသည်။ တစ်စုံတစ်ခုသော ထူးဆန်းမှု ဖြစ်ရပ်ဆန်းတစ်ခု တွေ့ကြုံရသော် ပုံ၍ယုံလိုက်ကြ၏။ မည်သို့သော ထူးဆန်းမှုမျိုး ဖြစ်သည်ကိုမူ ခွဲခြားသိမြင်နိုင်စွမ်း မရှိကြချေ။

မြတ်စွာဘုရားရှင်သည်ပင်လျှင် အကျိုးမရှိ၍ သိလျက် မဟောသောတရားက ပို၍များကြောင်း **မဟာဝဂ္ဂသံယုတ်-သီသပါဝနသုတ်၌** အတည့်အလင်းဟောတော်မူထားလေသည်။ **လောကကြီးက** ဆန်းလွန်း၍လည်း မကြံစည် မစဉ်းစား၊ မလိုက်မှားမိကြစေရန် ယင်း **မဟာဝဂ္ဂ၊ လောကစိန္တာသုတ်နှင့် အစိန္တေယျလေးပါး** ကို ဟောကြား မြစ်တားတော်မူခဲ့ရလေပြီ။ ကြပ်ကြပ်သတိမူကြပါကုန်။

မြတ်စွာဘုရား သာသနာတော်က သီလ၊ သမာဓိ၊ ပညာတို့ကလည်း အစိန္တေယျတရားဖြစ်၍ အတိုင်းမသိ ထူးဆန်း၊ အံ့မခန်း ရှိလှပါပေသည်။ 'မာရအင်ပါရာ' အမျိုးမဆုံးသော လောကီ ပညာရပ်ဆန်းများတွင်လည်း .... အတွေ့အကြုံမရှိ၊ သတိမမူ၊ သီလ၊ သမာဓိ၊ ပညာကိုလည်း မထူထောင်၊ ထိုသို့သော သူများအမြင်၌ ဒွေးရောယှက်တင် ကျွန်ုပ်တို့ကိုပင်လျှင်လည်း အဆန်းတွေရေးနေသည်ဟု ထင်ကြပေမည်။ ထင်သော်လည်း မတတ်နိုင်။

ကိုယ်ပိုင်သာသနာ၊ ကိုယ်ပိုင်အသိဖြင့် ခွဲခြားကြည့်မြင်နိုင်ကြပါစေဟုသာ မျှော်လင့်ရပါသည်။ လောကကြီးကား ဘယ်တော့မှ အဆန်းမကုန်။ ကိုယ်ပိုင်သာသနာရှိထားသူအတွက် ထိုအကုန်လုံးပင်လျှင်လည်း မဆန်းပါ။

## ( ၃ )

## ၁၅ နှစ်သားကကြွေး ပေးဆပ်ရခြင်း

အဆန်းတွေကို (အပြစ်ပြောသည်ဟု ထင်လျှင်) အပြစ်ပြောရင် အဆန်းတွေကြားက အဆန်းတစ်မျိုးကို ရေးသားဖြစ်ပြန်၏။ အသိအမြင် မကြည်လင်သေးသူများ နားယောင်ခြင်း၊ အပြစ်တင်ခြင်းလည်း ဖြစ်နိုင်ရာ၏။ ဖြစ်စေတော့ .... ။

မည်သို့ဖြစ်စေ .... ၊ အသိအမြင်ရှင်းသောအခါ ရှင်းသူများက အကြွင်းမဲ့ ကျေးဇူးတင် ဝမ်းမြောက်ကြမည်ကို (ဝါ) အမှန်တကယ် အကျိုးရှိသည်ကို ယုံကြည်ပါသဖြင့် ရဲရဲပင်တင်ပြပါသည်။

---

http://www.dhammadownload.com



'ရဟန္တာပုဂ္ဂိုလ်ထူးများ'မှ အစ ဤယခုတင်ပြမည့် ဖြစ်ရပ်ဆန်းများအထိ ရေးသားလိုသည့် စိတ်မှာ ခေတ်အခါအလိုက် လူအများစုအကြိုက်ပေး၍ ယခုမှ ရေးလိုခြင်းမဟုတ်ပါ။ ကျွန်ုပ် ၁၅–နှစ်သားကပင် ဖြစ်ပေါ်ခဲ့ပါသည်။

## ရှေးကသီဟိုဠ် ပါဠိဝတ္ထုများ

ဆိုပါအံ့ .... ။ ကျွန်ုပ် ၁၅–နှစ်သားတွင် ပါဠိကို အလွန်ဝါသနာကြီး၏။ ကောင်းကောင်းကား မဖတ်တတ်သေး။ ပါဠိလိုရေးလည်း ရေးတတ်ချင်၏။ ပြောလည်း ပြောတတ်ချင်၏။ တိတိကျကျ သင်ပြသူလည်း မရရှိခဲ့။ ထိုအရွယ် ထိုအချိန် မျိုးမှာမှ ရှေးနှစ်ပေါင်းများစွာက ရဟန္တာပုဂ္ဂိုလ်ကြီးများ အဆက်ဆက် ဘုရားရှင် မရှိသည့်နောက် အိန္ဒိယ၊ သီဟိုဠ်တို့၌ ဖြစ်ပျက်ခဲ့သော ဝတ္ထုများကို ပါဠိလို ယောပြော ရေးသားထားသော ကျမ်းစာငယ်တစ်ခုကို စွဲလမ်းခဲ့မိ၏။ ထိုသီဟိုဠ် ဝတ္ထုများမှာ–

၁။ သဟဿဝတ္ထု (သီဟိုဠ်အက္ခရာနှင့်၊ ဝတ္ထု ၉၅ ပုဒ်)

၂။ ရသဝါဟိနီ (အိန္ဒိယဝတ္ထု–၄၀)

၃။ မဓုရ ရသဝါဟိနီ (သီဟိုဠ်ဝတ္ထု–၆၀) စသည်။

ထို ပါဠိဝတ္ထု ကျမ်းများတွင် နံပါတ်–၂ ရသဝါဟိနီ ပါဠိအုပ်ကလေး တစ်အုပ် ကျွန်ုပ် အမြဲဖတ်နေ၏။ အကုန် ဘာသာမပြန်တတ်သေးသော်လည်း အရသာခံလို့ ရရုံတော့ နားလည်နေ၏။ ၁၇–နှစ်သားတွင် မုံရွာမြို့၊ မဟာဗောဓိကရာမတိုက်သို့ စာသင်သွားရ၏။ ထိုစာအုပ် ပါလာသည်။ မန္တလေး၊ စစ်ကိုင်းတို့၌ နေ၏။ ရန်ကုန်၌ နေ၏။ ထိုစာအုပ်ကလေးကား ကျွန်ုပ် အိပ်ရာဘေးမှာ အမြဲရှိနေ၏။ မြန်မာပြန်ကား မတွေ့ဖူးသေး။

ပထမငယ် မဖြေရခင် ၁၇–နှစ်သားတွင် ဟိုမေးသည်မေး ပါဠိလိုရေးတတ် ပြောတတ်စ ပြုလာ၏။ ထိုစာအုပ်ကလေး ကျေးဇူးပင်။ အသက် ၂၀–တွင် ပညာရှိများ လက်ခံနိုင်အောင် ပါဠိကို ဖတ်တတ်ရုံမျှမက အဆင့်အတန်းမီ ရေးလည်း ရေးတတ်၏။ ပရိသတ်ထဲမှာ စကားပြောနိုင်သည်အထိ ပါဠိစကားကိုလည်း ကမ္ဘာသုံး အသံထွက်နှင့် ပြောတတ်လာ၏။ ကိုရင်ကတည်းက ကိုယ့်ဟာကိုယ် ဉက္ကဋ္ဌတင်၍ ပါဠိစကားပြော အသင်းများကို မုံရွာ၊ မန္တလေးတို့၌ တည်ထောင်ခဲ့၏။ စကားရည်လုပွဲများကိုပင် လုပ်ခဲ့သည်။

---

http://www.dhammadownload.com



ယခုမှ ပြန်၍ကြည့်သော် အတော် တစ်ဖွတ်ထိုးလုပ်သော ကိုရင်ဦးပဥ္ဇင်း ကလေး ဖြစ်၏။ ထိုတဖွတ်ထိုး မောင်ရင်ဦးပဥ္ဇင်းကလေးကို သည်းခံစောင့်ရှောက် တော်မူခဲ့ကြသော မုံရွာမြို့ ဇောတိကာရုံဆရာတော် (ဦးစန္ဒာသီရိ) နှင့် မန္တလေး မစိုးရိမ်ဆရာတော်များအား ကျေးဇူးတင် မဆုံးရတော့ပါ။

"ငါတို့ မြန်မာပြည်မှာလည်း ဒီလို ဝတ္ထုအကြောင်းတွေ အများကြီးရှိမှာပဲ။ ငါ ပါဠိတတ်တဲ့တစ်နေ့ ဒီလိုဝတ္ထုမျိုး ပါဠိလိုရေးမယ်"

## မဟာစည်ဆရာတော်က ထပ်၍ အားပေး

ကျွန်ုပ် ၁၅–နှစ်သားက မတန်မရာ ဝင်လာသော ထိုစိတ်ကူးကပင် ကိုယ့် အရွယ်နှင့် တန်သလား၊ မတန်သလား၊ သံဃာသုံးလေးရာကြားတွင် ဆရာသမား တွေကို ခွင့်ပန်ရမည်၊ မပန်ရမည်ကိုပင် သတိမထားမိ။ ပါဠိ တတ်ချင်၊ ရေးချင်၊ ပြောချင်သည့်စိတ်တွေမှာ ကိုယ်တိုင် ဆိုင်းဘုတ်ရေးကာ ပါဠိအသင်းတွေ တည်ထောင်သည်အထိ အလွန်ပြင်းထန်လာခဲ့ပါသည်။

၁၈–နှစ်သားတွင် ဘုန်းတော်ကြီး ဦးသီလ ထေရုပ္ပတ္တိအကျဉ်းကလေးကို ငှား၍ဖတ်ရရာ လွန်စွာမြိန်ခဲ့၏။ သူတော်ကောင်းတွေအကြောင်း ကြားဖူး၊ ဖတ်ဖူးလျှင် ဘယ်တော့မှ မမေ့။ အမြဲကြားလိုခဲ့၏။

"ရဟန္တာပုဂ္ဂိုလ်ထူးများ' မှ အစ ဤယခု 'ဓမ္မဒူတ (တရားတမန်တော်)' အထိ ဤစာမျိုးကိုမှ ရွေး၍ရေးဖြစ်ခြင်း၏ အကြောင်းရင်း (အဇ္ဈတ္တိက) နိဒါန်းမှာ ဖော်ပြပါ ၁၅–နှစ်သားက မတတ်တတတ် ဖတ်ခဲ့ရသော 'ရသဝါဟိနီ' ပါဠိဝတ္ထုကျမ်း ကလေး၏ သွေးထိုးမှုပင် ဖြစ်ပါတော့သည်။ ကြီးကျယ်အောင် လည်ဆယ်ရေးသားနေခြင်း မဟုတ်ပါ။

ကျမ်းကြီးကျမ်းငယ်မဟူ ဝတ္ထုကောင်းတစ်ပုဒ်၊ စာကောင်းတစ်အုပ်သည် လူတို့အား မည်သည့်အတိုင်းအတာအထိ အကျိုးရှိစေနိုင်သည်ကိုလည်း သင်ခန်းစာ တစ်ခု ဖြစ်စေပါသည်။ အလုပ်ခွင်ကကြည့်လျှင်လည်း သတ္တဝါတို့၌ အာရုံတစ်ခု လက်ခံမိလျှင်၊ ညွတ်မိလျှင်၊ ငြိလျှင် လွတ်ထွက်နိုင်ခဲ့ပုံ သာဓကလည်း ဖြစ်ပါ၏။ ၁၅–နှစ်သားက နှလုံးသား၌ သန္ဓေတည်လာ၍ တဖြည်းဖြည်း ရင့်မာလာသော ထိုကြွေးကို ပေးဆပ်ရခြင်းပါတကား။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးကလည်း စပ်ရာတရားပွဲအချို့၌ မြန်မာပြည်ဖြစ် ပစ္စုပ္ပန်ဝတ္ထုကြောင်းများကို အထူးတလည် ထည့်သွင်းဟောပြော တော်မူလေ့ရှိသည့်အပြင်–

"ဒီလို မြန်မာပြည်က သာသနာနှင့်စပ်တဲ့ ဖြစ်ရပ်မှန်တွေ၊ ဝတ္ထုတွေကို ရှေးတုန်းက သီဟိုဠ်မှာလို ပါဠိလိုရေးထားကြလျှင် နောင်အခါ အင်မတန် အကျိုးများမှာပဲ" ဟုလည်း မိန့်တော်မူလေ့ရှိသည်ကို နားထဲက မထွက်ပါ။

အနည်းဆုံး တိကျခိုင်မာသည့် ဝတ္ထုတစ်ရာခန့်ကို ပါဠိလိုလည်းရေးမည်၊ အင်္ဂလိပ်လိုလည်းရေးမည် ဟူသော ဆန္ဒကား ယခုတိုင် မပြေပျောက်သေး၊ အခွင့် မသာ၍ မရေးဖြစ်သည့်တိုင်အောင် 'မူတစ်ခု' ဖြစ်ရစ်စေချင်၏။ ဤ "ဓမ္မဒူတ"သည် ပထမအဆင့်အဖြစ် ထိုအတွက် စာမူကြမ်းစုဆောင်းခြင်းမျှသာ ဖြစ်ပါသည်။

## ( ၄ )

## စာရေးဆရာထက် စာရွေးဆရာခက်

ဤ ယခုရေးသည့်အကြောင်းအရာများကား လွယ်ယောင်နှင့်ခက်လှပါသည်။ စာတတ်ခြင်း၊ စာရေးကောင်းခြင်းသည် ဤကိစ္စ၌ အဓိကအကြောင်းမဟုတ်တော့ပေ။

စာကြီးပေကြီးများ၌လည်း တွေ့ရခဲသဖြင့် တိုတိုထွာထွာ စာအုပ်ကလေး များကအစ တွေ့ကရရစ်သောင်း စာများကို ကြည့်ရန် တာဝန်တက်လာ၏။ တစ်ဖန် စာကိုပင် မရေးဖွဲ့တတ်သော်လည်း ရှေးဟောင်းနှောင်းဖြစ်များကို မှတ်သားလေ့ ရှိသော သက်ကြီးရွယ်ကြီး ပုဂ္ဂိုလ်ကြီးများကို အများဆုံး မှီခိုအားထားရပေမည်။

ဤအကြောင်းအရာမှာ ယခုအချိန်အရွယ်၌ စာဖတ်အားဖိပေးရန် မစွမ်းသန် သည်မှအပ ကျွန်ုပ်နှင့် အတော်ပင်ဖက်စပ်နေ၏။ အဘယ်ကြောင့်ဆိုသော် စာရေး ခြင်းထက် စာရွေးခြင်းကို ဦးစားပေးရမည်ဖြစ်သောကြောင့်တည်း။ မှန်၏။ ကျွန်ုပ်သည် စာအုပ်ထူထူကြီးများကို ရေးထုတ်နေ၍ အများက 'စာရေးဆရာ' ဟု အသိအမှတ် ပြုထားကောင်း ပြုထားကြမည်ထင်၏။ စင်စစ် ကျွန်ုပ်ကိုယ်တိုင်ကမူ စာရေး ဆရာမဟုတ်၊ 'စာရွေးဆရာ' ဟုသာလျှင် ခံယူထားပါသည်။

တကယ်တော့ ကျွန်ုပ်တို့သည် ဘယ်ဘက်မှာမှ စွမ်းသန်လှသည်မဟုတ်။ လောကုတ္တရာရေးရာတွင် ခြေမှုန့်မျှ မမီနိုင်သော ဆရာတော်ကြီးများ ရေးထားသည့် စာကောင်းတွေ များစွာရှိနေပြီ။ လောကီရေးရာတွင်လည်း ဆိုဖွယ်မရှိ။ အရေးလည်း ကောင်း၊ ကျွန်ုပ်တို့ အလှမ်းမမီသည့် အကြောင်းအရာတွေလည်း များစွာသိရှိ

http://www.dhammadownload.com



ရေးသားနေသော စာရေးဆရာကြီးတွေ ဒုနဲ့ဒေးရှိနေ၏။

အလျဉ်းသင့်၍ ပြောပရစေဦး ... ။ အကယ်ဒမီ ဖ–ထပ်ကွမ်း နိုင်ငံကျော် ဒါရိုက်တာ (ယခု ဘာသာရေး) စာရေးဆရာကြီး ဦးသုခ ၇၅–နှစ် မွေးနေ့ဆွမ်းကျွေးပွဲ၌ ကမ္ဘာအေး ဝိဇ္ဇာတာရုံ ဆရာတော်က တကယ့်စာရေးဆရာကြီးများရှေ့တွင် ကျွန်ုပ်အား –

"ဆရာဦးဌေးလှိုင် .... ခုခေတ် ကလေးလူငယ်တွေ တယ်ရိုင်းကြတယ်၊ ဘာသာရေးနှင့် ကင်းကွာနေကြရှာတယ်။ သူတို့လေးတွေ နားလည်အောင် ရေးစမ်းပါဦး" တဲ့။

"ဆရာတော် .... တပည့်တော်တို့ဟာ ဘုန်းကြီးလည်း မဖြစ်နိုင်တော့သလို တကယ့်လူလည်း မဖြစ်တော့ဘူးဘုရား။ တပည့်တော်တို့ရေးရင် အလွန်ဆုံးအိမ်တွေမှာ ဘုရားခန်းလောက်ပဲ ရောက်ချင်ရောက်မယ်။ ပိဋကတော်ဘာသာပြန် ဥက္ကဋ္ဌကြီး ဦးနုတို့၊ ဒီက ဆရာဦးသုခတို့လို မီးဖိုချောင်အထိ၊ ကလပ်တွေ ဆိုက်ကားဂိတ်တွေအထိ မရောက်နိုင်ဘူး" ဟု ကိုယ့်ခံယူချက်အမှန်အတိုင်းပင် ဝန်ခံလျှောက်ထားရတော့သည်။

ယခု ဤ 'ဓမ္မဒူတ' မှာ ယခင်ကျမ်းများနှင့်စာလျှင် ဘုရားခန်း၊ ဘုရားစာအုပ်စင်၏ ဟိုမှာဘက်သို့ အထိုက်အလျောက် ရောက်တန်သလောက် ရောက်လေမည်လား မပြောနိုင်ပါ။

## လပိုင်းလောက်နှင့် စာကောင်းတွေ မပျောက်သင့်

လောကုတ္တရာအတွက် ဆရာ့ ဆရာတော်ကြီးများရေးသော စာများကို ကြည့်ရာမှ သီလ၊ သမာဓိ၊ ပညာ 'တွန်းအား' ပေးသော စာများကို ကျွန်ုပ်တို့ကိုယ်တိုင် တဝခံစား၏။ မှတ်သား၏။ လောကီရေးရာတွင်လည်း ဆရာ့ဆရာကြီးများမှစ၍ မထင်ရှားသော စာရေးဆရာများ၏ စာများအထိ 'ခိုက်'သောစာမျိုးကို ခံစား၏။ တစ်ဆင့်လည်း ပြောကြား၏။ လောကီလောကုတ္တရာ အမျိုးဘာသာ သာသနာနှင့်စပ်၍ ကျွန်ုပ်တို့ကိုယ်တိုင် ဖတ်မိသမျှ တွန်းအားပေးသော၊ ခိုက်သော၊ မြိန်သောစာမျိုးကို အခြားသူများအားလည်း ခံစားစေချင်၏။ အားဖြစ်စေချင်၏။

လောလောဆယ်အားဖြင့် ဉာဏ်လင်းဓမ္မစာပဒေသာ၊ ရတနာ့ဓမ္မန်မဂ္ဂဇင်း၊ ဓမ္မဗျူဟာ၊ သာသနာ့ရောင်ခြည်နှင့် ထိုအကြောင်းအရာမျိုးကို အစဉ်အလာကပင် ဦးစားပေးဖော်ပြလေ့ရှိသော သင့်ဘဝမဂ္ဂဇင်း စသည်များကို ပွဲဦးထွက်အားထားရ

http://www.dhammadownload.com



ပါသည်။ စာစောင်နှင့် စာရေးဆရာများကို အထူးကျေးဇူးတင်ရပါသည်။ ခွင့်ပြု ကျေနပ်ရန်လည်း တောင်းပန်ပါကုန်၏။

တချို့စာအုပ်ကလေးများမှာ ရေးလည်း မရေးတတ်၊ ဖြစ်ကတတ်ဆန်း စာအုပ်မမည်၊ တည့်တည်ခုံခုံ၊ ကျယ်ပြန့်ခြင်းလည်း မရှိ၊ သို့သော် အလွန်တန်ဖိုး ကြီးသော ဖြစ်ရပ်ကလေးများ ပါနေတတ်သည်။ လစဉ်မဂ္ဂဇင်း ဘာသာရေး စာစောင် များတွင်ကား ထိုစာကောင်းများ မကြာခဏ တွေ့ရတတ်သည်။ လစဉ်ထုတ်များ ဖြစ်၍ စာကောင်း ပေကောင်းများ လပိုင်းလောက်နှင့် ကွယ်ပျောက်သွားကြရသည် ကိုလည်း အလွန်နှမြောစရာကောင်းလှသည်။ အနှစ်ရာထောင် သင်ခန်းစာဖြစ် ရှိနေ စေသင့်သော စာကောင်းများကို ကတွတ်ပေါက်က ငါးစောင့်သလို သမိုင်းတင်ဖို့ စောင့်ကြို့နေရန်လည်း တာဝန်လေးလှဘိသည်။

## သာသနာ့သမိုင်း ဝိုင်းဝန်းကူညီပါ

ထိုအတွက် စာရေးဆရာများနှင့် စာဖတ်သူ ဓမ္မမိတ်ဆွေများကိုပင် အသိ ပေးကာ လေးစားစွာ အကူအညီတောင်းခံ ဖိတ်မန်ပါသည်။ သို့ရာတွင် အကြောင်း အရာ ခိုင်မာတိကျမှုသည် အလွန်အရေးကြီးလှပါသည်။

တစ်ဖန် စာရွေးရခြင်းသည် စာရေးရတာထက်ပင် များစွာ ခက်ခဲလှသည်။ ထို့ထက် ထူးဆန်းသော အဖြစ်အပျက်မျိုးတွေ့လျှင် ပို၍ ခက်၏။ တကယ့် သီလ, သမာဓိ, ပညာကြောင့်ဖြစ်သော ကိုယ်ပိုင်သာသနာ အစွမ်းလော၊ အဆန်းလော။ သူတို့ပြောသော ပုဂ္ဂိုလ်ကြီးများ၏ သို့မဟုတ် လူများစုမသိနိုင်သော လောက မာယာ၏ အစွမ်းလော၊ အဆန်းလော။ အသိအမြင် ရှင်းသူများအတွက်ကား အလွန် ထင်ရှားလှပါသည်။ ထူးသော်လည်း မဆန်း၊ ဆန်းသော်လည်း အကျိုးမရှိတတ်။

ယခုအခါ ဘာသာရေး လိုက်စားသည်ဆိုသော လူတော်တော်များများမှာ အရိုးခံသီလ, သမာဓိကိုအားမကိုး၊ အမျိုးမဆုံးသော ကိုးကွယ်မှု အဆွယ်အပွား ဒုတိယဆရာ၊ တတိယဆရာများ ထားလေ့ရှိကြရာ ထိုသူများ၌ 'ဆန်းကြယ်မြင့်မား သော အသိအမြင်များရနေပြီ' ဟု ထင်နေတတ်လေသည်။ အဆန်းများ မဟုတ်ဘဲ အရှုပ်တွေဖြစ်နေတတ်၏။ နေမြင့်လျှင် ရှင်း၍မရတတ်။

"လောကထဲမှာနေရတာဆိုတော့ လောကီကြီးပွားရေးတွေက ရှိနေသေးတယ်၊ ဘာသာရေးကတော့ နောက်ဘဝ သောကုတ္တရာအတွက်" ဟုပင် ဟုတ်သယောင် ပြောဆိုနေကြတုံသေး၏။ ဗုဒ္ဓ တရားတော်များအားလုံး ပိဋကသုံးပုံ အကုန်စလုံးသည်

http://www.dhammadownload.com



လောကုတ္တရာ အရိယာပုဂ္ဂိုလ်များအတွက် မဟုတ်။ လောကကြီးထဲမှာ ကြီးပွားချမ်းသာချင်ကြသော လူထဲက လူများအတွက် သက်သက်ဟောကြား ညွှန်ပြထားသောတရားချည်းဖြစ်သည်ဟူသော အဓိကအချက်ကြီးကို ကြောင်ကြောင်ကြီးကွယ်နေကြ၏။ ကြီးပွားလိုစိတ်က စောနေကြသည်။ ဗုဒ္ဓဝါဒတွင် လွယ်လွယ်ကူကူနှင့်လူသားတို့လိုချင်သောအရာတွေ ဘာမဆို ပေးနိုင်သောနည်းများ အပြည့်ရှိ၏။ ဘာကလေးတစ်ခုမျှမလို။ ဖြည့်စွက်ပယ်နုတ်ရန်လည်း မရှိ။

## ( ၅ )

## သမိုင်းဝင် လုပ်အားမှတ်တမ်း

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ဒါန, သီလ, ဘာဝနာ မြန်မာတို့၏ကျင့်စဉ်ဖြစ်ရပ် အထွေထွေထူးများ များစွာရှိခဲ့ကြ၏။ ရှိနေကြ၏။ မှတ်တမ်းတင်ခြင်းအလေ့အထ နည်းခဲ့ကြသဖြင့် သမိုင်းကောင်းများ ပျောက်ကွယ်ခဲ့ရလေပြီ။

ဤ 'ဓမ္မဒူတ' လည်း ထိုကွက်လပ်တစ်ခုအတွက် စာမူကြမ်းစုဆောင်းရုံပထမအဆင့်မျှသာရှိသေးရာ ရရှိသမျှတွင်လည်း ပါဠိလို၊ အင်္ဂလိပ်လို ဘာသာပြန်ရန်အတွက်ကား အရေအတွက် နည်းပါးလှပါသေးသည်။ ဆက်လက်စုဆောင်းရပါဦးမည်။

စာမူစုဆောင်းရင်း သွားရင်းဟန်လွှဲ ကျွဲကူးရေပါ စာဖတ်သူများအတွက်လတ်တလော ရှောင်ဖွယ်၊ ဆောင်ဖွယ်၊ သတိပြုဖွယ်များနှင့်တကွ ပြည်တွင်းပြည်ပသာသနာ့အရေးအခင်း အားကျကြည်ညိုဖွယ် သတင်းကောင်းများကိုလည်း ကြိုးကြားကြိုးကြား ဖော်ပြပေးထားပါသည်။ အချိန်အခါ အခြေအနေပေးလျှင် 'ဓမ္မဒူတ' သတင်း စာစောင်ကို ဆက်လက်ထုတ်ဝေပေးရန်လည်း ရည်မှန်းထားပါသည်။

ဤသာသနာဝင် သမိုင်းတင်ဝတ္ထုကျမ်းကို စီစဉ်ရာ၌ အခန်းကဏ္ဍကိုအောက်ပါအတိုင်း သတ်မှတ်ခွဲခြားထားပါသည်။ ဒုတိယအုပ်၊ တတိယအုပ်များကိုလည်း ဆက်လက်စီစဉ်နေပါသည်။

၁။ ဒါနကထာ၊
၂။ သီလကထာ၊
၃။ သဂ္ဂကထာ၊
၄။ မဂ္ဂကထာ နှင့်
၅။ သာသနဝံသကထာ တို့ဖြစ်ပါသည်။

http://www.dhammadownload.com



ထိုတွင် "သာသနဝံသကထာ" မှာ မျက်မှောက်ခေတ် အပါအဝင် သာသနာ့သမိုင်းနှင့်စပ်၍ ထူးခြားမှတ်သားဖွယ်များကို မော်ကွန်းတင် ဖော်ပြရန်နှင့် အထူး အားဖြင့် "ရဟန္တာပုဂ္ဂိုလ်ထူးများ"ရေးစဉ်က အချိန်အခါ အခြေအနေမပေး၍ ခြွင်းချန်ခဲ့ ရသော၊ ရေးစဉ်က မသိ၍ ကြွင်းကျန်နေခဲ့သော ရဟန္တာပုဂ္ဂိုလ်ထူးကြီးများအကြောင်းကို စာမျက်နှာရသလောက် (တစ်ခန်းစီ လီ၍ဖြစ်စေ) ရေးသားထားနှင့်ရန် ဖြစ်ပါသည်။

အကြောင်းမှာ .... ရဟန္တာ ပုဂ္ဂိုလ်ထူးများ (ဖြည့်စွက်တွဲ) တစ်အုပ် ဆက်လက် ထုတ်ပေးရန် တာဝန်ကျန်ရှိနေသေးသောကြောင့် ဖြစ်ပါသည်။ ထိုအတွက် အချက်အလက်များလည်း အတော်အတန် စုစည်းပြီး ရှိနေပါပြီ။

ဤမျှ တာဝန်ကြီးလေးလှသော ကိစ္စကို ဆောင်ရွက်နိုင်သည်မှာ ကျွန်ုပ် စွမ်းအားမျှဖြင့် မဖြစ်နိုင်ပါ။ ကျွန်ုပ်၏ ဝိသုဒ္ဓိမဂ် စာသင်သားများ ဖြစ်ကြသော ဒေါ်စရိတထေရီ၊ ဦးမြသိုက် (ဓာတု သမဆေးတိုက်)၊ ရွှေတောင် ဦးဘချစ် (လေကြောင်း ရေဒီယိုအော်ပရေတာ)၊ ဦးတင်ရွှေ (ဆက်သွယ်ရေးအရာရှိ)၊ ဦးစောလွင် (စာရေးဆရာ ရွှေဘိုစောလွင်)၊ ဗိုလ်ကြီးမျိုးတင့်ကြည်(တပ်မတော်မှတ်တမ်းရုံး)နှင့် ညီဖြစ်သူ ဦးထွန်းရွှေ (ခေါ်) ဦးထွန်းလင်း (ဓမ္မာစရိယ၊ ဘီ–အေ)တို့၏ လုပ်အားများကို အများဆုံး ရယူရပါသည်။

အထူးသဖြင့် ကျွန်ုပ် စာရေးတိုင်းပင် လိုအပ်သော စာအုပ်စာတမ်းများဖြင့် အားဖြည့်ပေးလေ့ရှိသူ သာသနာ့အကျိုးဆောင်၊ သာသနာ့ခြေမြန်တော် ဦးဘော်စံ၊ ဓမ္မရောင်ခြည် အင်္ဂလိပ်စာစောင်အယ်ဒီတာ ဦးချစ်တင်နှင့် 'စာဖတ်ချင်၍ စာအုပ် ရောင်းသော' ကမ္ဘာအေး ဓနသိဒ္ဓိဦးလှခိုင်၊ ဦးစိန်လှအောင်တို့ညီအစ်ကိုတို့မှာလည်း ကျွန်ုပ်၏သာသနာပြု ရဲဘက်တော်များပင် ဖြစ်ပါသည်။

ကျွန်ုပ် စ,၍ စာရေးစဉ်ကပင် ရေးပုံရေးနည်း၊ ထားသိုနည်းမှစ၍ ခြေဆုံး ခေါင်းပိုက် တာဝန်ယူ ဆောင်ရွက်ပေးလေ့ရှိသော မြဝတီတိုက် ဒုတိယအယ်ဒီတာချုပ် ဦးလေးမြိုင်၏ လမ်းညွှန်မှုအရ ဦးထွန်းလင်းနှင့် ဦးစောလွင်တို့က စာအုပ်စာမူ ပြင်ဆင် ဖတ်ရှု မွမ်းမံမှုများကို တာဝန်ယူ၍ မန်နေဂျာ ဦးလှဝင်းစိန်၊ ဖိုမင်၊ စာစီဆရာ လုပ်အားရှင်များနှင့် ဦးချစ်ရှိန်၊ စက်ဆရာ–ဆရာအေးတို့က ပုံနှိပ်ဖြန့်ဖြူးသည့် အပိုင်းကို အသီးသီးတာဝန်ယူ ကူညီအားဖြည့်ပေးကြသဖြင့် အထူးကျေးဇူးတင်ရ ပါသည်။

တစ်ဖန် .... ထိုသို့ တာဝန်ကြီးလေးလှသော အမျိုး,ဘာသာ,သာသနာ့ရေး ကိစ္စများကို ဆောင်စွမ်းနိုင်စေရန် အမြဲတမ်း ကျန်းမာရေးအတွက် လိုလေသေးမရှိ အထောက်အကူပေးလေ့ရှိသော ဒေါက်တာသုတ(စိတ်ရောဂါအထူးကုဆေးရုံကြီး)

http://www.dhammadownload.com



အားလည်း အထူးကျေးဇူးတင်ရပါကြောင်း။

ထိုမှတစ်ပါး ဤကျမ်းစာ ရေးသားစီစဉ်ခိုက်နှင့် တိုက်တိုက်ဆိုင်ဆိုင် ကျွန်ုပ်၏ မျက်စိကျန်းမာရေးကို အထူးကုသပေးသူ ဒေါက်တာအေးထွန်းနှင့် လက်ထောက် ဒေါက်တာကံညွန့်(မ၊န၊န၊လ၊ဆေးရုံကြီး) တို့အားလည်း သာသနာပြုရာ၌ အထောက် အကူပေးသော ကျေးဇူးရှင်များအဖြစ် အထူးဝမ်းမြောက်စွာ မှတ်တမ်းတင်ရပါ ကြောင်း။

သူတော်ကောင်းခေတ်တရားမြတ် လွှမ်းပတ်ကမ္ဘာ တည်ရမည်။

အသိမှန်ရ၍ ချမ်းသာကြပါစေ ....

ဋ္ဌေးလှိုင်
(ဓမ္မာစရိယဦးဋ္ဌေးလှိုင်)

၁၃၄၇–ခုနှစ်၊ ပထမဝါဆိုလပြည့်။
(၂–၇–၁၉၈၅)

http://www.dhammadownload.com

# ယုံကြည်မှုများသည်ဒဏ်

## လူ ၇၀ အစုလိုက် အပြုံလိုက် သေဆုံးရ

မနီလာ စက်တင်ဘာ ၂၀

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း တောင်ပေါ်ကျေးရွာတွင် ဘုရားသခင်ကို တွေ့မြင်ရမည်ဟု ဒေသခံမျိုးစု အကြီးအကဲတစ်ဦး၏ အာမခံချက်အရ တိုင်းရင်းသားလူမျိုးစုထဲမှ လူ ၇၀တို့သည် အစုလိုက်အပြုံလိုက် သေပွဲဝင်ခဲ့ကြရာ ထိုဒေသသို့ ဆေးကုသရေးအဖွဲ့များအား တပ်မတော် ရဟတ်ယာဉ်များဖြင့် ယနေ့ပို့ပေးလိုက်ရသည်။

ဆေးကုသရေးအဖွဲ့များသည် ဖနီလာမြို့အရှေ့တောင်ဘက် မိုင်၆၀၀ ခန့်အကွာ ဒါဗိုပြည်နယ် ဝုမိတန်ကျေးရွာ၌ ယမန်နေ့ကမှ တွေ့ရှိခဲ့ရသော အလောင်းများကို ခွဲစိတ် စစ်ဆေးကြမည်ဖြစ်ကြောင်း ဒါဗိုပြည်နယ် ဒုတိယကျန်းမာရေးအရာရှိ ပီဒရိုကီကာလာ က ပြောကြားသည်။

အလောင်းအချို့မှာ ပုပ်နေပြီဟု ယူဆရကြောင်း၊ အဆိုပါကျေးရွာသည် လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး တောင်ကြားလမ်းများမှနေ၍ တောင်အထပ်ထပ်ကို တက်ပြီးမှသာရောက်နိုင်သည့် အစွန်အဖျား ကျေးရွာဖြစ်နေသောကြောင့် အလောင်းများကို ယူမလာနိုင်တော့ဘဲ ထိုနေရာ၌ပင် မြှုပ်နှံသဂြိုဟ်ကြလိမ့်မည် ဖြစ်ကြောင်းဖြင့်လည်း ကီကာလာက ပြောကြားသည်။

သေပွဲဝင်ကြသူများသည် ဒါဗိုတောတောင်များတွင် နေထိုင်သည့် အာတာလူမျိုးစု အဖွဲ့ဝင်များဖြစ်ကြသည်ဟု စစ်ဘက်ကပြောကြောင်း မနီလာသတင်းစာများကဖော်ပြသည်။

ဘုရားသခင်နှင့် တွေ့ကိုတွေ့ရမည်ဟူသော အာမခံချက်ဖြင့် လူမျိုးစုခေါင်းဆောင်နှင့် ဘာသာရေးအကြီးအကဲဖြစ်သူက ပိုးသတ်ဆေးခပ်ထားသည့် ယာဂုကိုကျွေးရာမှ ယင်းကဲ့သို့ အစုလိုက် အပြုံလိုက် အတုံးအရုံး သေဆုံးကြခြင်းဖြစ်သည်။ လူမျိုးစုအကြီးအကဲလည်း သေပွဲဝင်သူများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။

(အင်အေဘီ/ရိုက်တာ)

(၂၂-၉-၈၅ မြန်မာ့အလင်းသတင်းစာ)

http://www.dhammadownload.com



http://www.dhammadownload.com

မြွှာစရိယဦးဌေးလှိုင်

## ဆရာ နှင့် ဒကာ
## သံသရာမှာ ကသိကအောက်

ဘုရားလက်ထက်တုန်းက ကပိလဝတ်ပြည်က ဂေါပိကာဆိုတဲ့ သာကီဝင် အမျိုးသမီးကလေး သေသွားတော့ သိကြားမင်းကြီးရဲ့သား အလွန်တန်ခိုးကြီးတဲ့ ဂေါပကနတ်သား သွားဖြစ်တယ်။ သူ့အိမ်မှာ ဆွမ်းခံနေတဲ့ ကိုယ်တော်ကြီးသုံးပါးက က,ဟ့် ဆို,ဟဲ့ ဆိုတဲ့ ဂန္ဓဗ္ဗနတ် ကချေသည်တွေ သွားဖြစ်တယ်။ ဒါ .... တက္ကပဉ္စသုတ်မှာ။

ဒီ... ဟေမဝတသုတ်က ဝိနည်းမိုရ် ကိုယ်တော်ကြီး နှစ်ပါး လည်း ဒီအတိုင်း ဖြစ်ကြတယ်။ သူတို့ရဲ့ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမတွေက အထက်အထက် နတ်ပြည်မှာ။ သူတို့ကတော့ နတ်ဘီလူးကြီးတွေ။ ဒါ့ကြောင့် 'ဝတ်ချက်မင်းကျောင်း ဆရာတော်ကြီး' က အလူတစ်ခုမှာ ဟောတယ်။

"အခု မင်းတို့က အောက်က နေပြီးတော့ စေတနာ သုံးတန် ထက်သန်စွာနဲ့ ဟောဒီသင်္ကန်းတွေ ထီးတွေ ဖိနပ်တွေ နိဗ္ဗာန် လက်ဆောင်တွေကွ။ မင်းတို့က ဝမ်းပန်းတသာ လှူလိုက်တော့ အခု မင်းတို့က အောက်မှာထိုင်ရပေမယ့်လို့ နောက်ဘဝကျရင် အထက် အထက် ဖြစ်တဲ့ တာဝတိံသာ ယာမာအရပ်မှာ သေချာတယ်။ အေး– အခု သံဃာစင်ပေါ်မှာ အမြင့်ကနေကြတဲ့ တို့တစ်တွေက မင်းတို့ လှူလိုက်တဲ့ ပစ္စည်းလေးပါးကို စွဲရင်၊ အခု အပေါ်ကနေပေမယ့်လို့ .... အင်း .... စွဲလမ်းတပ်မက်လို့ရှိရင်တော့ အောက်ရောက်ဖို့သေချာတယ်"

ဝတ်ချက်မင်းကျောင်း ဆရာတော်ကြီးက ဒီလို ဟောတာ။ သံဃာစင်ပေါ်က ပုဂ္ဂိုလ်က အောက်ရောက်လို့ မကျွတ်ဘူးဆိုရင် ကမ္ဘာဝါ ဖတ်လို့လည်းမရဘူး။ ပရိတ်ဆိုလည်း သူက အရင် ရွတ်တယ်။ ကြားဖူး ကြမှာပေါ့။ ဘယ်မှာ– ဘယ်မှာ... ဆိုတာ။

**တိပိဋကဓရ ဆရာတော်ဘုရားကြီး**

(အရှင်ဝိစိတ္တသာရာဘိဝံသ၏ ဟောစဉ်
တရားတော်များ၊ ပ–တွဲ၊ ၂၂၁–၂–မှ။)

အချုပ်ပို–၁

http://www.dhammadownload.com



## ချက်ခြင်းအကျိုးပေးသော

# တဘက်အလှူ

စစ်ကိုင်းတံတားကြီးပေါ်မှ အနောက်တောင်ဘက်သို့ လှမ်းမျှော်ကြည့်လိုက်လျှင် အင်းဝမြို့ဟောင်းကို မြင်ရသည်။ ပထမဆုံး မြင်သာသည့် အထူးခြားဆုံး မြင်ကွင်းမှာ အုတ်ကျောင်းတော်ကြီးပင် ဖြစ်၏။ ကျောင်းအမည်က မဟာအောင်မြေဘုံစံ၊ အုတ်က သစ်သားပုံစံကို ယူထားသဖြင့် ထူးခြား၏။ ကုန်းဘောင်ခေတ် (၁၁၈၆–ခု) မြန်မာ့ဗိသုကာလက်ရာ၊ ပန်းဆွဲပန်းတောင်များဖြင့် ကြော့မော့လှပါသည်။

http://www.dhammadownload.com



ကျောင်းဒကာကား ဘကြီးတော် ဖလ်နန်းရှင်နှင့် နန်းမတော်မယ်နု။ သိတင်းသုံးသည့် ဆရာတော်ကား ညောင်ကန်ဆရာတော် ဦးဗုဓ်။

ဆရာတော်ဦးဗုဓ်(၁၁၄၉–၁၂၀၄)ကား ၅၅–နှစ်မျှသာ သက်တော်ရှည်၏။ အနှစ် ၂၀–ကျော်အတွင်းမှာ ကျမ်းပေါင်း ၆၀–ကျော် ပြုစုတော်မူသွားသည်။ နိဿယ ဘာသာပြန်ကျမ်းများ အများဆုံးဖြစ်ရာ မင်္ဂလသုတ်၊ ပရိတ်ကြီး၊ ဓမ္မစကြာပါဠိ နိဿယ စသော ဆရာတော်၏ကျေးဇူးကား ကလေးသူငယ်များမှအစ ပိဋကသုံးပုံဆောင် ဆရာတော်ကြီးများအထိ ပျံ့နှံ့နေဆဲပင်ဖြစ်သည်။

ဆရာတော်ပေးခဲ့သော သင်ခန်းစာတို့လည်း မကုန်မခမ်းနိုင်အောင် ရှိတော့သည်။ မြန်မာနိုင်ငံ သာသနာဝင်၌ ဤမျှလောက် စာပေပရိယတ္တိမှာချည်း စောက်ချ စူးစိုက်သောပုဂ္ဂိုလ်မှာ အလွန်ရှားလှပေသည်။

ဆရာတော့်ဘဝကား စာကြည့်၊ စာရေးခြင်းအလုပ်သာလျှင် ဖြစ်၏။ စာသာ ကြည့်နေရလျှင် ပြီးတော့သည်။ စာကိုသာကြည့်နေလျှင် ဆွေမျိုးမိဘ မေ့ရုံမျှမက မည်သည့်သာသနာပိုင်၊ မည်သည့်ရှင်ဘုရင်ဆိုသည်ကိုမျှ မတွေ့ဆုံ မပြောကြား လိုတော့ပေ။ သာသနာပိုင်ကအစ၊ ရှင်ဘုရင်ကအစ၊ ခန့်ညားကြရလေသည်။

ဆရာတော်ဦးဗုဓ် 'စာကြည့်သောအခါ မှီ၍ထိုင်သော ကျောင်းတိုင်ကြီး ပင်လျှင် ခွက်နေသည်' ဟု ပြောဆိုကြလေသည်။ ခုဒ္ဒသိက္ခာခေါ် ဝိနည်းပေါင်းချုပ် ကျမ်းကို နိဿယရေးစဉ်က ဆရာတော်မှာ ဒူလာသွေးဝမ်း ဖြစ်နေ၏။ ကုဋီနှင့်ကျောင်း၊ ကျောင်းနှင့်ကုဋီ သွားချီပြန်လှည့် မသွားနိုင်တော့သဖြင့် ကုဋီထဲမှာပင် နေရာ ပြင်ပေးကြရ၏။ ကုဋီနံရံမှာပင် မီးသွေးနှင့်ထမင်းစေ့ ဖျော်သုတ်၍ပေးရသည်။ သစ်သားသင်ပုန်းပမာ ကန့်ကူဆံဖြင့် စာရေးရန်ဖြစ်သည်။

ထိုကျမ်းနိဂုံး၌

> "ငါသည် ကိုယ်စိတ်မသာ ကြင်နာခြင်းရှိလျက်လည်း ထိုရောဂါကို မငဲ့မူ၍သာလျှင် ခုဒ္ဒသိက္ခာနိဿယကို ရေးသားပြုစုအပ်၏။ ထို့ကြောင့် စာသင်သားတို့သည် ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ ဤခုဒ္ဒသိက္ခာကျမ်းကို (ဝါ) ဤကျမ်းလာ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးကို ကိစ္စတစ်ပါး စွန့်ပစ်ထား၍၊ ဖန်များကြိမ်ခါ၊ လွန်စွာကြိုးကုတ်၊ အားထုတ်မြဲပင်၊ ယှဉ်စေ ကုန်သတည်း"

ဟု အထူးမှာထားတော်မူခဲ့၏။

ဆရာတော် ဦးဗုဓ်ကား ပရိယတ္တိအလုပ်ကို ထိုမျှလောက် မဆုတ်မနစ် အားသစ်ကြီးပမ်း၏။ လူတို့၏သက်တမ်းကား လုပ်ငန်းတစ်ခုအတွက်မျှပင်

http://www.dhammadownload.com



စေ့ငအောင် ဆောင်ရွက်ချိန် မရ၊ တိုတောင်းလှ၏။ တိုတောင်းလှသော ဘဝ တစ်သက်တာတွင် အလုပ်သုံးလေးမျိုး လုပ်ချင်၍ မရနိုင်သည်ကို သင်ခန်းစာ ပေးတော်မူခဲ့၏။ အလုပ်တစ်ခုဋ္ဌပင်လျှင် ဖွဲလုံ့လကို မည်မျှလောက် သုံးစွဲသင့်သည်ကို လမ်းညွှန်ပြတော်မူလေသည်။ တုယူအားကျဖွယ်ကောင်းစွာ။

ဤသို့ ဘဝကို အပြတ်မြင်ထားပြီးသော ပုဂ္ဂိုလ်မျိုး၌ ကျေးဇူးကြီးလှ မိနှင့်ဖကို ပင်လျှင် လက်ခံစကားပြောရန် အချိန်မရှိပြီ။ သာသနာနှင့်ကြုံရခိုက်၊ ကျန်းမာခိုက်၊ နည်းနည်းကလေးလုပ်လျှင်ပင် မိမိ သူတစ်ပါး နှစ်ဦးသားလုံးအတွက် အကျိုးတွေ များစွာဖြစ်ထွန်းရစ်မည်ကို မြင်နေကြ၏။ ဟီးလေးဟားလား ရည်ရွယ်ချက်မဲ့ ကြုံသလိုသွား၍ အလုပ်လေးငါးမျိုးလုပ်သူတို့ နားလည်နိုင်သော အရာမဟုတ်ချေ။ နားမလည်ကြသောကြောင့်လည်း ထိုသို့သော အာဇာနည်မျိုးကို 'တစ်ယူသန်သူ၊ လောကအကြောင်း နားမလည်သူ၊ မျှမျှတတ မရှုမြင်တတ်သူ' စသည်ဖြင့် မဆုံးနိုင်အောင် စွဲချက်တင်တတ်ကြလေသည်။ ဤကား လောကဓမ္မတာပင်။

ဤ၌ ညောင်ကန်ဆရာတော်ဦးဗုဓ်၏ အတ္ထုပ္ပတ္တိသမိုင်းစဉ်မှ မယ်တော်ကြီး ဒေါ်မွေးနှင့် စပ်လျဉ်းသောအကြောင်း (ဦးဗုဓ်တို့သားအမိ)ကို ဖော်ပြလို၏။

ဆရာတော်ဦးဗုဓ်သည် မိမိဆရာ ဦးပိုး(ဦးပညာဘိ) ပျံလွန်တော်မူသဖြင့် ၁၁၉၂–ခုနှစ်တွင် နန်းမတော်မယ်နု၏ အုတ်ကျောင်းကြီး၌ ကြွရောက်သီတင်းသုံး ရသည်။ ဆရာတော် အင်းဝနေပြည်တော်ရောက်၍ တစ်နှစ်ခန့်အကြာ ညောင်ကန်ရွာမှ မယ်တော်ကြီး သားကို ဖူးမြော်ရန်လိုက်လာသည်။ ခမ်းနားသောအုတ်ကျောင်းကြီး ကိုကြည့်ကာ မယ်တော်ကြီးမှာ ပီတိတွေဖြစ်နေ၏။ ဝမ်းသာ၍မဆုံး။ ချက်ချင်း သားဇောနှင့် အုတ်ကျောင်းကြီးပေါ် ခပ်သုတ်သုတ် တက်သွား၏။

သားဆရာတော် အနီးသို့သွား၍ ဦးချရာ ဆရာတော်မှာ စာကြည့်နေသဖြင့် မယ်တော်ကြီးကို နှုတ်မဆက်အား၊ အတန်ကြာ သွားသောအခါ မယ်တော်ကြီး ဒေါ်မွေးမှာ ဟိုကြည့်ဒီကြည့် နှုတ်ဆက်မည့်သူ အသိအကျွမ်းလည်းမမြင်၊ အလိုလိုပင် အားငယ်ကာ ချုံးပွဲချ ငိုလေတော့သည်။

**ဆရာတော်ဗုဓ်** ။ ။ (ကြည့်နေဆဲ ပေစာကိုကိုင်လျက်) ခင်ဗျားကြီးက ဒီမှာ လာပြီး ဘာလို့ ငိုနေရသတုန်း။

**မယ်တော်ကြီး** ။ ။ တပည့်တော်မ .... မောင်ပဋ္ဌင်းကို တွေ့မြင်ဖူးမြော်ချင် လွန်းလို့ အဆင်းရဲအပင်ပန်းခံကာ နေပြည်တော်ကို လိုက်လာပါတယ်၊ ဝမ်းမြောက်ဝမ်းသာတွေ့ရမယ် အောက်မေ့ပါ့၊ ခြေတော်ရင်း လာရောက်ဦးချတာတောင်မှ

http://www.dhammadownload.com



'ဒကာမကြီး' လို့ ခေါင်း နှုတ်ဆက်ဖော်မရ၊ တပည့်တော်မ ဝမ်းနည်းလွန်းလို့ .... ။

ဆရာတော်ဗုဒ်။ ။ ဒကာမကြီး ဒီလို ငိုခဲ့ရတဲ့ ဘဝတွေ မရေမတွက်နိုင်တော့ဘူး၊ (အနီးသို့ ရောက်လာသော ကပ္ပိယကြီးအား) 'ဤဒကာမကြီးက ငါ့မယ်တော်ကြီး ဖြစ်သည်။ သင့်တော်ရာ ခေါ်ယူ စောင့်ရှောက်ထားလိုက်' ဟု မိန့်ဆိုကာ စာကို ကြည့်မြဲ ကြည့်တော်မူလေ၏။

မယ်တော်ကြီးအား ကပ္ပိယကြီးက သင့်တော်သောနေရာ၌ နေရာပေး၍ ရက်အနည်းငယ် ပြုစုကျွေးမွေးထား၏။ နန်းမတော်ကြီးထံ အကြောင်းကြားလိုက်သောအခါ နန်းတော်သို့ ခေါ်ယူစောင့်ရှောက်ကြသည်။

မယ်တော်ကြီး နေရပ်သို့ပြန်မည်ရှိစဉ် နန်းမတော်ကြီးက ထူးမြတ်ကောင်းမွန်ရာ အဝတ်အစား အသုံးအဆောင်များကို ငွေတော်ငါးပိဿာနှင့်တကွ ကန်တော့၍ မယ်တော်ကြီးအား ဆရာတော်ထံ ဝန်စာရေးများကို ပို့လွှတ်ဖူးမြော်စေ၏။ ညောင်ကန်ရွာအထိ လိုက်ပါပို့ဆောင်ကြမည့် မင်းမှုထမ်းများပါ အထုပ်အပိုးကိုယ်စီထမ်း၍ အဖူးအမြော်ဝင်ကြရာ ဆရာတော်က ပစ္စည်းများကိုကြည့်လျက် ....

"အင်း .... ဒကာမကြီး ဒီပစ္စည်းတွေစားသုံးပြီး ကုသိုလ်ကောင်းမှုများကို ကြိုးစားအားထုတ်နေ၊ ကိုင်း .... ပြန်တော့ဗျာ .... စာကြည့်ပျက်တယ်" ဟု နှုတ်ဆက်တော်မူ၏။

မယ်တော်ကြီးသည် ၂–နှစ်၊ ၃–နှစ်ခန့် တောမှာနေပြီးနောက် နေပြည်တော်သို့ တစ်ဖန်ပြန်ရောက်လာ၏။ နန်းမတော်ကြီးက နန်းတော်ရှေ့ရပ်ကွက် သင့်တော်သော နေရာ၌ အိမ်တစ်လုံးဆောက်၍ပေး၏။ လခရိက္ခာ အလုံအလောက် ထောက်ပံ့ထားလေသည်။

တစ်နေ့သောအခါ နန်းရှေ့ရပ်ကွက် မီးလောင်လေရာ မယ်တော်ကြီးအိမ်လည်း မီးထဲပါသွား၏။ မီးလောင်စဉ်က မယ်တော်ကြီးမှာ ရေချိုးနေခိုက်ဖြစ်၍ မည်သည့် ပစ္စည်းမျှ မရလိုက်။ ရေချိုးပြီးလဲလှယ်ရန်၊ ခါးဝတ်တစ်ထည်နှင့် မျက်နှာသုတ်တဘက် တစ်ထည်သာ ကျန်တော့၏။

မယ်တော်ကြီးမှာ ရုတ်တရက် သောကမီးတောက်၍ ကမန်းကတန်း ကြံရာမရ သားဟူသော အားကိုးရာတစ်ခု အာရုံပြု၍ ထဘီရင်လျားနှင့် တဘက်ကလေး ပခုံးတင်ကာ ကျောင်းသို့ ပြေးလာ၏။

မယ်တော်ကြီး။ ။ မောင်ပဥ္စင်းရေ ... တပည့်တော်မအိမ် မီးလောင်သွားပြီ၊ ဘာပစ္စည်းမှ မရလိုက်တော့ဘူးဟုဆိုကာ ငိုလေတော့၏။

http://www.dhammadownload.com



ဆရာတော်ဖုမ် ။ ။ ဒကာမကြီး ... တစ်သံသရာလုံး လောင်လာတဲ့မီး၊ ကျုပ်မတားဆီးနိုင်ဘူး၊ ကုသိုလ်ကံကသာလျှင် အေးငြိမ်းအောင် တားဆီးနိုင်တယ်၊ ဒကာမကြီး .... မီးလောင်လို့ ဆင်းရဲသလား။

မယ်တော်ကြီး ။ ။ တပည့်တော်မ ... တစ်သက်နှင့်တစ်ကိုယ် ဒီလို မဆင်းရဲဖူး ပါဘူး မောင်ပဥ္စင်း။

ဆရာတော်ဖုမ် ။ ။ (မရှိဆင်းရဲ၍ သူများပေးကျွေးထားသည့် အထဲကပင် မီးဘေးသင့်ခံရသော မယ်တော်ကြီး၏ ကံကိုကြည့်ကာ) ဒကာမကြီး .... တစ်သံသရာလုံး ဆင်းရဲခဲ့ရပြီ၊ ချမ်းသာချင်ရင် ခင်ဗျား ပခုံးပေါ်က တဘက်ကလေး ကျုပ်လှူခဲ့။

မယ်တော်ကြီးမှာ ကြံရာမရ သားဟူသော အားကိုးတကြီးနှင့်သွား၍ လျှောက်ခါမှ ဘာပစ္စည်းတစ်ခုမျှ မချီးမြှင့်လိုက်သည့်အပြင် တဘက်ကလေး တစ်ထည်ကိုပင် လှူခဲ့ရရှာလေ၏။

ထိုသတင်းမှာ နန်းတွင်းနန်းပြင် ရုတ်တရက်ပြန့်ပွားသွားလေရာ ကျောင်းအစ်မကြီး နန်းမတော်မယ်နုကအစ၊ ဝိုင်းဝန်းပေးကမ်းကြ၏။ အသုံးအဆောင်များမှာ ရှေ့ကထက် အဆများစွာ သာလွန်ပေါ်များသွား၏။ နန်းမတော်ကြီးကလည်း ခေတ္တမျှနန်းတွင်း၌ နေရာချထားပြီး အလျှင်အမြန် အိမ်သစ်တစ်ဆောင် ဆောက်လုပ်ပေးလေသည်။ ဆရာတော်ချီးမြှင့်လိုက်သော ဒါနတန်ခိုးကား ချက်ချင်း အကျိုးပေးလေတော့၏။

ထိုအိမ်သစ်၌ နှစ်နှစ်ကျော်ခန့်နေပြီး မယ်တော်ကြီးကွယ်လွန်ရာ၊ ဆရာတော်အား သွား၍ အကြောင်းကြားကြလျှင် "သေလျှင် သင်္ဂြိုဟ်လိုက်ကြတာပ" ဟုသာ မိန့်တော်မူလိုက်၏။

မယ်တော်ကြီးရုပ်ကလာပ် သင်္ဂြိုဟ်မည့်ရက်တွင် ဆရာတော်ကြွလာလိမ့်မည်ဟု မယူဆသော်လည်း ကြွလို့ကြွငြား အုတ်ကျောင်းအနီးလမ်းက ထုတ်ဆောင် သင်္ဂြိုဟ်ရန် စီမံကြ၏။ "အသုဘရှုကြွပါ ... ဒီနေ့ သင်္ဂြိုဟ်ပါမည်" ဟုလည်း မလျှောက် ထားဝံ့ကြ။ မယ်တော်ကြီးရုပ်ကလာပ်ကို ခမ်းနားသိုက်မြိုက်စွာ ပို့ဆောင်ကြ၍ ကျောင်းအနီး ရောက်လျှင် ခေတ္တရပ်တန့်ကာ စည်မောင်းများကို အသံမစဲတီးခတ်ရန် အမိန့်ပေး ထား၏။

http://www.dhammadownload.com



စည်သံမောင်းသံများ ဆူညံစွာ တီးမှုတ်နေကြသော်လည်း ဆရာတော်ကား ကျောင်းပေါ်၌ စာကြည့်မပျက်၊ အတန်ကြာလျှင် တပည့်ကြီးများဖြစ်သော တိုက်အုပ်တိုက်ကြပ်များက ....

"ဆရာတော်ဘုရား၏ မယ်တော်ကြီး ဈာပနသင်္ဂြိုဟ်ရန် အလောင်းတော် ကျောင်းနားပင် ရောက်ရှိနေပါပြီ ဘုရား" ဟု လျှောက်ကြလေရာ၊ ဆရာတော်သည် ကြည့်လက်စ ပေစာကို လက်မှာကိုင်ရင်းက ပြတင်းပေါက်အနီးသို့သွားကာ လူအုပ်ကြီးဆီသို့ တစ်ချက်လှမ်းမျှော်ကြည့်တည့်ပြီး ...

"အင်း .... ဒကာမကြီးက တို့အလျှင်ကျသကိုး၊ သွားနှင့်ပေဦးတော့" ဟု ဆိုကာ နေရာ၌ ထိုင်၍ စာကြည့်မြဲ ကြည့်တော်မူလေ၏။

(မန္တလေး၊ ပြည်လုံးချမ်းသာကျောင်း၊ ညောင်ကန် သာသနာ့ဝင်ကျမ်းပြု၊ ညောင်ကန်ဇာတိ ဆရာတော်ဦးသုဒဿန၏ ညောင်ကန် သာသနာ့ဝင်မှ။)

●

http://www.dhammadownload.com

## မဟာသုတဘောဂ ဘွဲ့ခံ
## မြဝတောင်သူဌေးမင်း ဦးစီ

မြဝတောင်မြို့ ဖောင်တော်ဦးစေတီတော်၏ ရင်ပြင်၌ ကျောက်စာနှစ်ချပ် စိုက်ထူလျက်ရှိ၏။ အရှေ့ဘက်ကျောက်စာမှာ ဘုရားဒါယကာကြီးသူဌေးမင်း ဦးစီ၏ ကုသိုလ်တော် ကျောက်စာဖြစ်ပါသည်။ ထိုကျောက်စာ၌ –

မြဝတောင်မြို့ရပ်ဌာနတွင်၊ ပဥ္စင်္ဂအင်္ဂါကျင့်ဝသီဘာဂကို၊ ခါနိစ္စမရွေ့ စာရိတ္တအလေ့ဖြင့်၊ တစ်နေ့မပြတ်၊ သူတော်မြတ်တို့ ကွပ်ညှပ်ဆုံးမ သြဝါဒ သင်းကြျူ ချိုရနံ့မဋ္ဌုကို၊ ခံယူကျင့်သုံး၍၊ နေလေ့ရှိပါသော ဘုရားဒါယကာ ဦးစီ၊ ဘုရားအစ်မ ဒေါ်ချို၊ သားမောင်ကံ၊ သမီးမငွေတို့သည် သံသရာဘေး ဒုက္ခမှ လွတ်မြောက်ကြရန် ရည်သန်သော သဒ္ဓါတရားဖြင့် မြေစိုက်စေတီ တော်တစ်ဆူ၊ ရုပ်တော်မူသုံးဆူ၊ တင်ပလ္လင်ခွေနှစ်ဆူ၊ ရဟန်းတော်၁၀ ပါး၊ သာမဏေ ၅–ပါး၊ တံတားကြီးနှစ်စင်း၊ သိမ်ပြဿဒ်တစ်ဆောင်၊ ဇရပ်ကြီး သုံးဆောင်၊ ကျောင်းကြီးလေးဆောင်၊ မှန်စီရွှေချ တံခွန်တိုင်နှစ်ခု၊ ရေတွင်း တစ်တွင်း၊ ဘုရားရွှေသင်္ကန်းကပ်ရန် ရွှေဆိုင်း၊ ၃၃၈၇–ဆိုင်း၊ ကထိန် အတွက် ဒွိစီတိုက်သင်္ကန်း ၃၃၃–စုံ၊ တိစီတိုက်သင်္ကန်း ၁၅၆–စုံ၊ ကထိန်မှ တစ်ပါး သံဃိကသင်္ကန်းပေါင်း ၁၇၀ ဓမ္မက္ခန္ဓာရွှေစာပေအင်္ဂါပေါင်း ၁၄၁၆– အင်္ဂါ၊ ကတ္တီပါသင်္ကန်းတစ်ထည်၊ သက္ကလပ်သင်္ကန်း ၇–ထည်၊ ကြေးစည်ကြီး နှစ်လုံး၊ ရွှေပိန်းချသားရိုးကမ္ဗဝါ ၇–ဆူ၊ ခေါင်းလောင်းကြီး ၁၊ သံသပိတ် ၇–လုံး။

အားလုံးကုန်ကျငွေပေါင်း နှစ်သောင်းခုနစ်ထောင် သုံးရာရှစ်ဆယ့်သုံးကျပ် တို့ကို နန်းအမတနိဗ္ဗာန်ကို ရည်သန်ပြဋ္ဌာန်း၍ လှူဒါန်းပူဇော်ခဲ့ကြောင်း သိရပါသည်။

ထိုစဉ်က ဆန်တစ်တင်းလျှင် ငွေတစ်မတ်မျှ မကျသောကြောင့် ထိုစဉ်က ကုန်ကျသော ငွေနှစ်သောင်းကျော်ကို ယခုခေတ်ငွေနှင့် နှိုင်းယှဉ်ကြည့်သင့်သည်။

ဦးစီ ဘယ်ကဲ့သို့ ကြွယ်ဝချမ်းသာလာကြောင်း ဤ၌ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကို ဖော်ထုတ်ပြပါဦးမည်။

ဦးစီသည် မိုင်းတိုင်မြို့အနီး၌ရှိသော ဥသျှစ်ကုန်းကျေးရွာဇာတိ ဖြစ်သည်။ အရွယ်မတိုင်မီ မိဘနှစ်ပါးကွယ်လွန်သဖြင့် မိုင်းတိုင်ခရိုင်အုပ်မင်း၏ အထံတွင် လယ်သူရင်းငှားအဖြစ် လုပ်ကိုင်ရရှာသည်။ တစ်နှစ်လျှင် စပါးအတင်း ၃၀၀၀ ထွက်

http://www.dhammadownload.com



သောလယ်ကို လုပ်ကိုင်ခဲ့ရလေရာ အသက် ၂၇–နှစ်တိုင်အောင် လယ်တောမှ မထွက်ခဲ့ရရှာပေ။

အသက် ၂၇–နှစ်အရွယ်တွင် မိုင်းတိုင်သူ မချိုနှင့်အကြောင်းပါသဖြင့် ခရိုင်အုပ်မင်းက စပါးတင်း ၃၀၀–ထွက်သောလယ်ကို ခွဲဝေပေးလေသည်။ ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား လုပ်ကိုင်ခြင်းကြောင့် စပါး ၃၀၀–ထွက်သောလယ်သည် မောင်စီ၏လက်ထက်တွင် စပါး ၇၀၀–ထွက်ခဲ့လေသည်။

တစ်ရက်သော နံနက်ခင်းတွင် မောင်စီသည် လယ်ထွန်ဖြုတ်၍ ထမင်းစားအံ့ဟု ကြံဆဲတွင် ဘုန်းတော်ကြီးတစ်ပါး တကောင်းလမ်းမကြီးအတိုင်း ကြွလာနေသည်ကို မြင်တွေ့ရလေ၏။ ဘုန်းတော်ကြီးသည် လမ်းမကြီးအတိုင်း ကြွလာရာ လယ်ကန်သင်း၌ ထိုင်နေသော မောင်စီကိုမြင်သောအခါ မောင်စီရှိရာလယ်ထဲသို့ ကြွလာ၍ သောက်ရေအလှူခံလေ၏။ အချိန်မှာ အတော်နေမြင့်လေပြီ။

မောင်စီသည် ဘုန်းတော်ကြီးအား သောက်ရေကပ်လှူပြီးနောက် ဦးချ၍ "အဘယ်အရပ်မှ အဘယ်အရပ်သို့ ကြွလာပါသလဲ" ဟု လျှောက်ထားရာ ဘုန်းတော်ကြီးက တကောင်းမှ မိုင်းတိုင်မြို့သို့ ဘုရားဖူးကြွလာခြင်းဖြစ်ကြောင်း မိန့်တော်မူ၏။

"ဆွမ်းကိစ္စ ပြီးပါပြီလား အရှင်ဘုရား" ဟု မောင်စီက လျှောက်ရာ ဘုန်းတော်ကြီးက–

"အချိန်ရှိပါသေးတယ်" ဟုသာ မိန့်တော်မူသည်။ မောင်စီသည် မွန်းတည့်လုပြီဖြစ်သောနေကို မော်ကြည့်ရင်း ဆွမ်းမဘုဉ်းပေးရသေးကြောင်း သိသည်နှင့် မိမိစားရန်ပြင်ဆင်နေသော ထမင်းကို ဘုန်းတော်ကြီးအား ဆက်ကပ်လှူဒါန်းလိုက်လေ၏။

ဘုန်းတော်ကြီးကလည်း မငြင်းမဆန် လက်ခံကာ ဣန္ဒြေတည်ငြိမ်စွာ ဘုဉ်းပေးနေစဉ် မောင်စီမှာ အနားကထိုင်၍ ကြည့်ရင်းကြည့်ရင်း ဝမ်းသာပီတိဖြစ်လျက် မိမိဆာလောင် မောပန်းနေသည်ကိုပင် မေ့သွားတော့၏။

ညနေအချိန်သို့ရောက်လျှင် ဇနီးမချို လယ်တောသို့လာရာ မောင်စီသည် မချိုလာနေသည်ကိုမြင်လျှင်မြင်ခြင်း ထွန်ကိုရပ်ပြီး မချိုဆီသွားတည့်၍–

"ဟော့ .... မချိုရေ၊ မင်း .... သာဓုသာ ခေါ်ပေတော့"

"ဘာလဲ ကိုစီရဲ့၊ အကျိုးအကြောင်းလည်း ပြောပါဦး"

မောင်စီက သူ့ဇနီးအား အကျိုးအကြောင်း အကျဉ်းချုံးပြောပြလေလျှင် မချိုလည်း သူကဲ့သို့ပင် ထူးထူးခြားခြား ဝမ်းမြောက်ခြင်းပီတိ သောမနဿများ ဖြစ်ကာ သာဓုခေါ်လေ၏။

http://www.dhammadownload.com



"အေးပါဟာ၊ ငါတို့လည်း ကိုယ်နဲ့တန်သလောက်တော့ အလှူတွေလုပ်ခဲ့ဖူးပါတယ်၊ ဒါပေမဲ့ ဒီနေ့ ကိုယ်စားမယ့်ထမင်းလှူရတာလောက် တစ်ခါမှ ဝမ်းမမြောက်ခဲ့ဖူးဘူးကွာ၊ မင်းလည်း ချက်ပြုတ်ရတဲ့ကုသိုလ်အာရုံပြုပေါ့ကွာ"ဟု ဝမ်းသာအားရ ပြောဆိုနေကြလေ၏။

မောင်စီမှာ တစ်နေ့ကုန် ထိုကုသိုလ်အာရုံဖြင့် တစိမ့်စိမ့်နှစ်သိမ့်ရင်း ထွန်ယက်လေရာ ခါတိုင်းကဲ့သို့ လယ်ကန်သင်းတင်ခြင်း၊ ကကွတ်ပေါက်ပိတ်ခြင်း၊ အထူးသဖြင့် လယ်ကွက်အလယ်၌ နေ့စဉ်ထွန်နားရင်း တူးဖြိုနေကျ ကိုးလို့ကန့်လန့်ဖြစ်နေသော တောင်ပို့တောင်ပူစာ ကမူကြီးကိုပင် မတူးဖြိုမိတော့ချေ။

"တော့်မယ် ဟိုတောင်ပူစာကြီးကလည်း မနေ့ကအတိုင်းပဲ ရှိပါသေးလား" မချိုက လယ်ကွင်းအလယ်ရှိ တောင်ပို့ကြီးကိုကြည့်၍ ပြောလိုက်၏။

"ဟုတ်တယ် ရှင်မရေ .... ကနေ့ ဘာမှတိုးပြီး မဖြိုမိတော့ဘူး၊ ဝမ်းသာနေတာနဲ့၊ နက်ဖြန်သဘက်နှစ်ရက်လောက်ဆိုရင် ပြီးသွားမှာပါဟာ"ဟု ပြောပြောဆိုဆို ဇနီးမောင်နှံ အိမ်သို့ ပြန်ခဲ့ကြလေ၏။

ဓမ္မပဒအဋ္ဌကထာ၊ ဥတ္တရာ ဥပါသိကာဝတ္ထုတွင် ဥတ္တရာ၏ဖခင် မောင်ပုဏ္ဏသည် နိရောဓ သမာပတ်မှ ထတော်မူသော အရှင်သာရိပုတ္တရာအား ဆွမ်းလှူရသော ကောင်းမှုကြောင့် ထွန်ယက်သော လယ်ကွက်အတွင်းမှ လယ်ထွန်စာ(ထွန်ချေးတုံး) မြေစိုင်မြေခဲများအားလုံး ရွှေဖြစ်သည်ဟု လာရှိ၏။ ဒိဋ္ဌဓမ္မဝေဒနိယ လက်ငင်းအကျိုး ပေးသော ကံဟု ကျမ်းဂန်၌ဆိုသည်။

ယခင် မောင်ပုဏ္ဏနှင့် ယခုမောင်စီ၏ဖြစ်ရပ်မှာ အလွန်တူနေ၏။ သို့သော် မောင်စီ၏လယ်ထွန်စာများ ရွှေဖြစ်လာသည်တော့ကား မဟုတ်ချေ။

နောက်တစ်နေ့ မောင်စီ လယ်ထွန်သွားသောအခါ နွားများလည်း အမောပြေနားနေစေရန် ထွန်နားခိုက် လယ်ကွက်အလယ်ရှိ တောင်ပို့ကြီးကို တစ်စတစ်စ နေ့စဉ်ပင် တူးဖြိုလျက် လယ်ကွက်ကို ချဲ့ထွင်ခဲ့လေရာ တောင်ပို့ကမူကြီးမှာ ပြေသလောက် ရှိသွား၏။ ထိုနေ့တွင် ဖြိုရင်းဖြိုရင်းနဲ့ လူပါ ကျွံကျသွားရာ ရတနာသိုက်ကြီး ဖြစ်နေလေတော့၏။

မြေကိုယက်၍ သေသေချာချာ ကြည့်သောအခါ ရွှေငွေကျောက်သံပတ္တမြားများ အပြည့်အနက်ဖြစ်နေသည်ကို တွေ့ရလေ၏။ သို့သော် မောင်စီမှာ ရိုးသားသူပီပီ ရတနာသိုက်ကြီးကို လက်ရာမပျက် ဖုံးဖိပြီးနောက် အိမ်သို့ပြန်လာကာ ဇနီးမချို နှင့် တိုင်ပင်၏။ မချိုလည်း မိမိခင်ပွန်း၏ အလိုဆန္ဒအတိုင်း လိုက်လျောကာ မူလ

http://www.dhammadownload.com



လယ်ပိုင်ရှင် ခရိုင်အုပ်မင်းထံ အကြောင်းကြားကြလေ၏။ လက်တွေ့တွင် ထိုစိတ်မျိုး ထားနိုင်ခဲ့စွာ။

ခရိုင်အုပ်မင်းလည်း ရင်းနှီးရာ လူများအား ဆင့်ခေါ်၍ ရတနာသိုက်ကြီးကို တူးဖော်ကြရာ လှည်းခုနစ်စီးပြည့်မျှ တိုက်ယူရလေ၏။

ထိုသတင်းမှာ ရုတ်တရက်ပြန့်သွားရာ မိုင်းတိုင်နယ်သူနယ်သားများမှာ ဆင်းရဲသားမောင်စီထံမှ ခရိုင်အုပ်မင်းက ရတနာများ သိမ်းယူခြင်းမှာ လွန်စွာ မတရားကြောင်း ပြောဆိုကြရာ နောက်ဆုံးမြတောင်မင်းထံ တိုင်ကြားကြသည်အထိ ရောက်လေ၏။

မြတောင်မင်းလည်း သမာသမတ်စဉ်းစားလေရာ မူလလယ်မြေ ခွဲဝေပေးစဉ်ကပင် ပြန့်ပြန့်ပြူးပြူးရှိသော လယ်ကွက်မဟုတ်။ လယ်ကွက်အလယ်၌ တောင်ပူစာ တောင်ပို့ကြီးနှင့် ကိုးလိုးကန့်လန့်အကွက်ကို ပေးခြင်းဖြစ်ရာ မူလစေတနာ သည်ပင် အားနည်းနေကြောင်း စဉ်းစားမိလေ၏။ မည်သို့ဖြစ်စေ လက်ရှိအခြေအနေ အရ မောင်စီသာလျှင် ရတနာအားလုံး ပိုင်ဆိုင်ထိုက်ကြောင်း ဆုံးဖြတ်ကာ ခရိုင်အုပ်မင်းအား မောင်စီထံ ပြန်ပေးရန် ဆုံးဖြတ်ပေးလိုက်သည်။

မောင်စီတို့ဇနီးမောင်နှံသည် ဒါနတန်ခိုးကြောင့် နေ့ချင်းညချင်း သူဌေးဖြစ် လာကာ ပထမဆုံး မိုင်းတိုင်မြို့တွင် အုတ်လှေကား နှစ်စင်းတပ်သော ရွှေကျောင်းကြီးကို စတင်ဆောက်လှူကြ၏။ (ယခု ထိုကျောင်းကြီး ထိုခေတ်သူပုန်ကြောင့် မီးလောင်လေပြီ)

'မိုင်းတိုင် ၁၂-ပြင်' သည် ထိုခေတ်ပြည်တွင်းရေး မငြိမ်းအေးသဖြင့် ဦးစီ သည် မိုင်းတိုင်မြို့မှ မြတောင်မြို့သို့ ပြောင်းရွှေ့နေခဲ့၏။ မြတောင်သို့ရောက်လျှင်လည်း အလှူကြီးပေးကာ ကမ္ဘည်းထိုးကြေညာခဲ့၏။ ရှေ့နားက ပြခဲ့သော ကောင်းမှုစာရင်း များမှာ ၁၂၄၀ ပြည့်နှစ် မြတောင်သို့ ရောက်စက ပြုလုပ်သော စာရင်းမျှသာတည်း။

ဦးစီသည် ၁၂၄၃-ခုနှစ်တွင် ရွှေငွေကျောက်သံပတ္တမြားအချို့နှင့်အတူ သမီးမငွေကို သီပေါမင်းထံ သွားရောက်ဆက်သ၏။ သီပေါမင်းက ပစ္စည်းများကိုသာ လက်ခံ၍ 'မဟာသုတဘောဂ' ဘွဲ့ဖြင့် သူဌေးအရာ ခန့်ထား၏။ သမီးကညာ မငွေကိုမူ ရွှေထီးတစ်လက်ချီးမြှောက်ကာ 'အဝေးရောက်အပျိုတော်'အဖြစ် အသိ အမှတ်ပြုလေသည်။ ထိုခေတ်မြန်မာ့ဓလေ့ပင်။

တစ်ရံရောအခါ မြတောင်သူဌေး ဦးစီအိမ်သို့ ဓားပြများ ဝင်ရောက်စီးနင်း ကြ၏။ သို့သော် ဦးစီမှာ ကြိုတင်သတင်း ရထား၍ ဓားပြများ မလာမီကပင် မိမိ ကိုးကွယ်သော သုံးထပ်ကျောင်းဆရာတော်ထံ သွားရောက်ခိုလှုံနှင့်၏။ ဆန်အိုးကြီး

http://www.dhammadownload.com



တစ်လုံးထဲ ဝင်၍ပုန်းအောင်းနေ၏။

ဓားပြများမှာ ဦးစီအား အိမ်မှာမတွေ့သဖြင့် ကျောင်းသို့ လိုက်လာကြရာ ဆရာတော်ဦးဉာဏအား ဦးစီကို ထုတ်ပေးရန် တောင်းဆိုကြသည်။ ဆရာတော်က

"မင်းတို့ သဘောရှိသလို တစ်ကျောင်းလုံးရှာကြပါ" ဟုသာ ခွင့်ပြု၍ တစ်ကျောင်းလုံး လိုက်လံရှာဖွေရာ မတွေ့ရသဖြင့် ဆရာတော်ကို မချေမငံ မြည်တွန် ကြ၏။ စိတ်လိုက်မာန်ပါ ကြိမ်းမောင်းပြောဆို၍ ပြန်ကြမည်ရှိသောအခါ ဓားပြများ က ....

"တပည့်တော်များ ဂိဠာကုဋ္ဌိကို ပြန်ပါဦးမယ်" ဟု နှုတ်ဆက်ကြရာ ဆရာတော်မှာ မေတ္တာပို့ရင်း ပြုံးလျက်သာ နေတော်မူခဲ့ရလေသတတ်။

ထိုသို့သော စေတနာကြောင့် ဖြစ်ပေါ်လာသောပစ္စည်းများ ရန်သူမျိုးငါးပါး ကြောင့် ဆုံးပါးပျက်စီးမှု မရှိနိုင်သည်ကိုလည်း သင်ခန်းစာယူဖွယ်ဖြစ်၏။

[မှတ်ချက်။ သူဌေးဦးစီ၏အကြောင်း ကလောင်သုံးချောင်းဖြင့် အမျိုးဘာသာ သာသနာပြုစာပေများကို လူငယ်များလိုက်မမီအောင် ရေးသားတော်မူလျက် ရာဇ၊ ဓမ္မ၊ လောကရေးရာ များစွာတတ်ပွန်သော သက်တော် ၇၀ ကျော် ထီးချိုင့်မြို့ တည်သော ဆရာတော်ဘုရားကြီးရေး၊ ထီးချိုင့်မြို့နယ် သမိုင်းစာအုပ်မှ ရရှိပါသည်။]

ဤ၌ မမြင်ရသော အတိတ်ကံကိုထား၍ ပစ္စုပ္ပန်အမြင်အားဖြင့်ပင် ခရိုင်အုပ်မင်းနှင့် ဦးစီတို့၏ သဘောထားခံယူချက်နှင့် လုပ်ဆောင်ချက်များသည် မတူကြ။ အကြောင်း(ကံ) မတူ၍ အကျိုးပေးလည်း ခြားနားသွားတော့၏။

ခရိုင်အုပ်မင်းသည် မောင်စီအား မလွှဲမကင်းသော တာဝန်ကျေရုံ အလယ် ခေါင်တွင် တောင်ပို့ကမူရှိသော အညံ့ဆုံးလယ်ကိုပေး၏။ မိမိနှင့်မဆိုင်တော့သော ရတနာအားလုံး သိမ်းယူပြန်သည်။

မောင်စီကား ရတနာများကို မိမိနှင့်မဆိုင်သလို ရက်ရောစွာပေးနိုင်သည့် အပြင် မိမိပိုင်ဆိုင်သောအခါတွင်လည်း စည်းစိမ်မခံ၊ သာသနာအတွက် ပဓာနထား၍ သုံးစွဲ၏။ သာသနာဟူသည် သတ္တဝါအများချမ်းသာအောင် ထွန်းဆောင်လမ်းပြသော အရာမဟုတ်လော။ ထို့ပြင် လောလောဆယ် တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော တိုင်းပြည်မိဘအား မိမိပစ္စည်းကို ခွဲဝေဆက်သ၏။

သူဌေးဟူသည် တိုင်းပြည်တစ်ပြည်၏ရတနာ(ဝါ) တိုင်းပြည်အင်္ဂါရပ်တစ်ခု ပင်ဖြစ်သည်။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့၏ကိုယ်စား (စာသင်ကျောင်း၊ ဆေးရုံ စသည်) ပြည်သူ့ကောင်းကျိုးပြု လုပ်ငန်းများကို တစ်ထောင့်တစ်နေရာမှ ကူညီ ထမ်းဆောင်ရသည်မှာ တာဝန်သိသော သူဌေးတို့၏ဓမ္မတာပင်။ လူသာမန်တို့ပင်လျှင်

http://www.dhammadownload.com



'ရာဇဗလိ' ခေါ် အခါအားလျော်စွာ အခွန်ပဏ္ဏာ ဆက်သမှုပူဇော်မှု (ဝါ) ပံ့ပိုးမှု ပေးကြရလေသည်။ မင်းသူဌေးကုန်သည် ပြည်သူအချင်းချင်း ရိုင်းပင်းစေ့စပ် သင့်မြတ်သောအခါ သတ္တဝါတို့ ချမ်းသာကြ၏။ တိုင်းပြည် သာယာဝပြော၏။

လယ်ကူလီဆင်းရဲသား မောင်စီမှ နေ့ချင်းညချင်း သူဌေးဦးစီ ဖြစ်ရခြင်း၌ မြတ်သော အလှူခံပုဂ္ဂိုလ်နှင့် ကြုံကြိုက်၍ လိုအပ်ခိုက်၊ လိုအပ်သည်ကို ပကာသန အတွက်စိတ်အမြော်မပါ၊ စေတနာသန့်သန့်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ဆွမ်းလှူရခြင်းသည် အထူးခြားဆုံးဖြစ်၏။ ထိုသို့သော လှူဒါန်းခွင့် မရပါလျှင်လည်း ထိုရတနာသိုက်ကြီး ပေါ်ကောင်းမှ ပေါ်လေဦးမည်။

မောင်စီ လှူရသော ဆွမ်းတစ်ထပ်သည် ဆင်းရဲသား လယ်သမား ထမင်းဖြစ်ရာ မြိန်မြတ်ကောင်းမွန်လှသည်ကားမဟုတ်၊ တန်ဖိုးကြီးမားခြင်းလည်း မရှိ။ သို့သော် ထိုဆွမ်းတစ်နပ်အတွက် ဖြစ်ပေါ်ခဲ့ရသော စေတနာအင်အားကား တန်ဖိုး ဖြတ်၍ မရပါချေ။

## ကုဋေတစ်ထောင်အလှူနှင့် ဆွမ်းနှစ်ထပ်အလှူ

ဒုဋ္ဌဂါမဏိမင်းကြီးသည် လူမှန်းသိတတ်ခါစ အရွယ်မှစ၍ ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီးက "သံဃာတော်အား အဦးမလှူဘဲ မစားရ၊ စားလျှင် စားသမျှအစာ အဆိပ်ဖြစ်ပါစေ" ဟု ထမင်းကို သစ္စာဆိုစေ၍ စားခဲ့သူဖြစ်၏။

ဒုဋ္ဌဂါမဏိမင်းကြီး နတ်ရွာစံခါနီး ကုသိုလ်တော်စာရင်း (ပုညဝမ္မနစာတမ်း)ကို ဖတ်လျှောက်ကြရာ စုစုပေါင်း ကုဋေတစ်ထောင်ကျော်၏။ တန်ဖိုးမဖြတ်နိုင်သော ရတနာများ မပါ၊ အသပြာငွေတော်ချည်း သက်သက်ဖြစ်သည်။ ကောင်းမှုကုသိုလ်တော်စာရင်းများကို နာကြားရသောအခါ ကုဋေတစ်ထောင်ကျော် ကုသိုလ်တော်ကြီးများမှာ ကြီးကျယ်ခမ်းနား အကုန်အကျ များသော်လည်း မင်းကြီးစိတ်ထဲ၌ အားရလှသည်မရှိလှ။

ညီတော်တိဿ(သဒ္ဓါတိဿ)နှင့် စစ်ဖြစ်၍ စစ်ပြေးရစဉ်က တောထဲ၌ ၂-ရက်တိုင်တိုင် ပွဲတော်မတည်ရသဖြင့် ဒုတိယနေ့တွင် ပါလာသောအစာကို စားမည်ရှိသောအခါ မျိုမကျ။ သံဃာတော်အား ဆွမ်းဦးမလှူရသေးသောကြောင့် ဖြစ်၏။ သို့နှင့် အတူပါလာသူ တိဿအမတ်က မင်းကြီးဆန္ဒအရ တောကြီးထဲ၌ "အလှူခံ ကြွတော်မူပါ" ဟု သုံးကြိမ်တိုင် ကြွေးကြော်ရ၏။ ဗောဓိမာတုမဟာတိဿမထေရ်ကြီးသည် ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် အလှူခံ ပင့်လျှောက်သံကြား၍ လာရောက်

http://www.dhammadownload.com



အလှူခံရာ အကုန်လုံးလှူလိုက်၏။

ထိုမှတစ်ပါး သီဟိုဠ်ကျွန်း၌ ၁၂-နှစ်ကျော်မျှ စဏ္ဍာလတိဿ သူပုန်ကြီး ထသည့်အပြင် မိုးလေဝသမမှန် ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်လေရာ ရဟန်းရှင်လူအများ သစ်ဥသစ်ဖု သစ်ရွက်များကိုသာ စား၍ များစွာသေကျေခဲ့ကြရဖူး၏။ ရဟန္တာ နှစ်သောင်းပင် တစ်ပြိုင်နက် ပရိနိဗ္ဗာန် စံလွန်တော်မူခဲ့ကြရသည်။

ထိုစဉ်က ဒုဋ္ဌဂါမဏိ မင်းကြီးသည် တန်ဖိုးမဖြတ်နိုင်သော နန်းစဉ်နားတောင်းကို ရသမျှနှင့် ရောင်းချ၍ ဆပ်ဆန်အနည်းငယ်ကို ဝယ်ယူရရှိကာ သံဃာတော်ငါးပါးအား ဆွမ်းလှူခဲ့ဖူး၏။

မင်းကြီးနတ်ရွာစံခါနီး ကုသိုလ်တော်စာရင်းများ ဖတ်ကြားလျှောက်တင် ကြရာ ကြီးကျယ်ခမ်းနား အကုန်အကျများသော အခြားကုဋေတစ်ထောင်ကျော် ကုသိုလ်တော်ကြီးများထက် အထက်ပါ စစ်ပြေးရင်း လှူရသော အညံ့စား ဆွမ်းနှစ်ထပ်ကား မေ့၍မရ၊ ဝမ်းအမြောက်ဆုံးဖြစ်ရ၏။ ထို့ကြောင့်လည်း ကြီးကျယ်ခမ်းနား အကုန်အကျ များသလောက် ထိုဒါနများမှာ အင်အားမပါ၊ အသာနောက်ဆုတ်နေရ၏၊ သူတော်ကောင်းများအတွက် အမှန်တကယ်လိုအပ်ချိန်၌ တကယ့်ကိုပြတ်သားသောစိတ်ဖြင့် လှူရသော ဆွမ်းနှစ်လုပ်ကပင် ရှေ့တန်းထွက်လာကာ ဒုဋ္ဌဂါမဏိ မင်းကြီးအား ဦးစွာတုသိတာနတ်ပြည်သို့ တင်ပို့ပေးခဲ့လေသည်။ ("သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ" စာအုပ်၌ အပြည့်အစုံ ရေးခဲ့ပြီး။)

လူအများကား ရက်ရောစွာ အလှူဒါနပြုနေသူများအား "ရှိလို့လှူနေကြတာပဲ" ဟုဆိုကာ လှူတာကိုပင် အပြည့်အဝ မုဒိတာ (ဝမ်းမြောက်မှု) မဖြစ်တတ် အမှုမယူတတ်၊ ရံခါ ချီးမွမ်းခြေကျောက်သံကလေး ပါသေး၏။ အချို့လည်း .... သူများနည်းတူ လှူလိုလှသဖြင့် (ရှိမှလှူရသည်ထင်ကာ) လှူမှာက နောက်မှ၊ ရှိဖို့ကို အလျင်ကြိုးစားရှာဖွေကြ၏။ ရလေလိုလေ အိုတဏ္ဌေဖြစ်ကာ လောဘမသတ်နိုင်ကြသဖြင့် လှူရတဲ့ဆီသို့ မရောက်၊ ရှာဖွေရင်း အသက်ပျောက်ကြ၏။

သူဌေးအလှူထက် ဆင်းရဲသားအလှူက ရံခါပို၍ပင် အင်အားပါကြောင်း အလားတူ ဖြစ်ရပ်တစ်ခုကို ပြဆိုပါဦးအံ့။

http://www.dhammadownload.com



## နောင်ချိုမြို့ ညံတောရွာ ဦးဖုန်း၏ဒါန

နောင်ချိုမြို့အနီး ညံတောရွာ၌ ဦးဖုန်းဆိုသူရှိ၏၊ ဦးစီကဲ့သို့ ဆင်းရဲသား လယ်သမားတစ်ဦးပင် ဖြစ်သည်။

ဦးဖုန်းသည် တစ်နေ့တွင် လယ်ထွန်သွား၍ နေမွန်းတည့်ခါနီးတွင် ထမင်းစားရန် ထွန်ဖြုတ်လိုက်၏။ လယ်ကန်သင်းရှိ သစ်ပင်တစ်ပင်အောက်တွင် ထမင်းစားရန် ပြင်ဆင်ခိုက် ဘုန်းတော်ကြီးတစ်ပါး ကြွလာသည်။ အကျိုးအကြောင်း လျှောက်ထားရာ ဆွမ်းမဘုဉ်းပေးရသေးကြောင်း သိသည်နှင့် နေမွန်းမတည့်မီ ပါလာသော ထမင်းထုပ်ကို ကပ်လိုက်၏။ ထိုနေ့ကပါလာသော ထမင်းထုပ်မှာ မျှင်ငါးပိဖုတ်မျှသာ ဖြစ်သည်။

ဦးဖုန်းသည် ဘုန်းတော်ကြီး မြိန်ရေရှက်ရေ ဘုဉ်းပေးနေသည်ကို ဝမ်းသာအားရ အနားက ကြည်ညိုနေ၏။ ပြီးလျှင် ရေဗူးထဲမှ ရေတစ်ခွက် ကပ်လိုက်သည်။ ဘုန်းတော်ကြီးလည်း နှုတ်ဆက်ပြီး ပြန်ကြွသွားသည်။

ထူးခြားသည်မှာ ထိုအချိန်မှစ၍ ဦးဖုန်းတွင် စီးပွားဉစ္စာများ တစ်နေ့တခြား သိသိသာသာ တိုးပွားလာ၏။

များမကြာမီ တစ်နေ့တွင် ထိုဘုန်းတော်ကြီး အိမ်သို့ကြွလာကာ တစ်ည ကျိန်းစက်၏။ တရားစကား များများမပြောဟော။ စိတ်ကိုနိုင်အောင် ထိန်းသိမ်းရန်ကိုသာ ဆုံးမသည်။ ဘုန်းတော်ကြီးမှာ ညအခါ ငုတ်တုတ်တရားထိုင်လျက်သာ နေတော်မူသည်ကို ရေနံဆီမီးရောင်ဖြင့် ဖူးတွေ့ရ၏။ ဦးဖုန်းနှင့် အိမ်သားများလည်း အနားကကြည်ညိုကာ လိုအပ်သော ဝေယျာဝစ္စများကိုသာ ဆောင်ကြဉ်ရလေသည်။

ထူးခြားသည်မှာ ညံတောရွာမှ တရားဘာဝနာ ဘာသာရေး ဝါသနာပါသူ မိတ်ဆွေများသည် ညစဉ်လိုပင် ဦးဖုန်းအိမ်သို့ လာရောက်လည်ပတ်လေ့ရှိကြ၏။ လက်ဖက်ရည်ကြမ်းသောက်ရင်း တိုင်းရေးပြည်ရေး ဘာသာရေး ဆွေးနွေးပြောဆိုကြမြဲဖြစ်ရာ ဘုန်းတော်ကြီး ကြွလာသောနေ့တွင် တစ်ယောက်တလေမျှ ပေါ်မလာချေ။

နောက်တစ်ရက်နံနက်တွင် ဦးဖုန်းသည် သမီးငယ်ကို လက်ကဆွဲလျက် ဘုန်းတော်ကြီးအား ရွာပေါက်အထွက်လွန်အောင် လိုက်လံပို့ကြ၏။ "ကဲ .... နေခဲ့ကြတော့" ဟု အမိန့်ရှိ၍ ဘုန်းတော်ကြီးအား သားအဖ ကန်း၍ ဝတ်ချနေကြသည်။ ဝတ်ချပြီး၍ ကြည့်လိုက်သောအခါ ဘုန်းတော်ကြီးမှာ ထန်းနှစ်ရပ်ခန့်အမြင့် ကောင်းကင်မှကြွလေရာ တစ်ခေါ်လောက်အကွာသို့ပင် ရောက်နေပြီကို ဖူးတွေ့ကြရ၏။ နေထွက်တပြုချိန်ဖြစ်၍ ဘုန်းတော်ကြီး ဆောင်းလာသောထီးမှာ နေရောင်ကြောင့်

http://www.dhammadownload.com



ပြောင်ပြောင်လက်လက် ဖြစ်နေ၏။ ထိုအခါ အနီးရှိ သမီးငယ်က ....

"ဖေဖေ .... ဟိုမှာ .... ဟိုမှာ .... ဘုန်းကြီးထီးကြီးက ဝင်းလို့" ဟု လက်ခုပ်လက်ဝါးတီး၍ အားရပါးရ ပြောဆိုအော်ဟစ်လေသည်။

ထူးခြားသည်ကား ဘုန်းတော်ကြီးအား အိမ်မှထွက်၍ ရွာရိုးလျှောက်ဖြတ်ကာ ပို့ဆောင်ရာတွင်လည်း ရွာသူရွာသားများ တစ်ဦးတစ်ယောက်မျှ လမ်းမှာ မတွေ့ရ။ နောင်အခါ ဦးဖုန်းက ပြန်ပြောမှသာ အားလုံး အံ့အားသင့်နေကြလေသည်။

ဦးဖုန်းလည်း စီးပွားဥစ္စာများ တစ်နေ့တခြား တိုးတက်လာကာ ဘဒ္ဒကမ္ဘာတွင် ဘုရားငါးဆူပွင့်သော အထိမ်းအမှတ်အရ သူ့တစ်သက်တွင် ရဟန်းငါးပါးဒကာအဖြစ် ခံယူလှူဒါန်းသွား၏။ ထိုတွင် ပဥ္စမမြောက် ရဟန်းမှာ မုံရွာခရိုင် အလုံမြို့ ကောရဗျရွာဇာတိ ဦးအာစရ ဖြစ်သည်။ ဤစာရေးသူနှင့် စစ်ပြီးခေတ် မန္တလေး မစိုးရိမ်ကျောင်းတိုက်ကြီး၌ စာအတူသင်ဘက်ဖြစ်၏။ ယခု ဦးအာစရ ၆၀–ကျော်ပြီဖြစ်၍ ထိုအဖြစ်အပျက်မှာ အနှစ် ၄၀–ကျော်ကာလက ဖြစ်ပေသည်။

ဦးဖုန်း၏ သားငယ်များကိုပင် စာရေးသူ တွေ့မြင်ဖူး၏။ ထိုအကြောင်း ဦးအာစရမှတစ်ဆင့် မှတ်သားရပါသည်။ ထူးဆန်းသည့် အချက်တစ်ခုလည်း ရှိပါသေးသည်။ အဆိုပါ ဦးဖုန်းကွယ်လွန်သည့် အချိန်မှစ၍ စီးပွားဥစ္စာများ တစ်နေ့တခြား ဆုံးပါးပျက်စီးကုန်သည်ဟု ဆိုလေသည်။

သူဌေးဦးစီနှင့် ညံတော ဦးဖုန်းတို့အကြောင်းကို ဖတ်ကြသိကြရသောအခါ 'တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော အရိယာ သူတော်ကောင်းများအား လှူရ၍ ကြီးပွားချမ်းသာရသည်' ဟုသာ ယူဆ၍ 'ထိုသို့သော ပုဂ္ဂိုလ်ထူးများ ယခုအခါ ရှိပါရဲ့လား' ဟုလည်း မေးကောင်းမေးချင်ကြလိမ့်မည်။

အဖြေကား .... အချိန်မရွေး ရှိပါ၏။

ဤ၌ တောင်တန်းသာသနာပြုဆရာတော် အသျှင်ဦးဥတ္တမသာရအကြောင်း အနည်းငယ် ဖော်ပြလိုပါသည်။ ထိုအရှင်မြတ်ကား .... ယခုအခါ ခန္တီနှိတောင်ကြီး၌ သီတင်းသုံးကာ သက်တော် ၇၅–နှစ်ရှိပြီဖြစ်၏။ ဆရာတော်ဘုရားကြီးသည် မြေပြန့်သို့မဆင်းသည်မှာ ၁၀–နှစ်ခန့် ကြာပြီးနောက်၊ ပြီးခဲ့သော ဆောင်းအကုန်နွေအကူး မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီမြစ်ရိုးတစ်လျှောက် မြစ်ဝကျွန်းပေါ်မြို့များနှင့် ရေး၊ မြိတ်၊ ထားဝယ်မြို့များသို့ မေတ္တာဓမ္မဒေသနာခရီး လှည့်လည်ကြွတော်မူခဲ့၏။ ရန်ကုန်မြို့တွင် ၁၉၈၅–ခု၊ ဖေဖော်ဝါရီလအတွင်း တစ်ပတ်ခန့် တန့်နားကာ မင်္ဂလာဗျူဟာဓမ္မာရုံ၊ ရေကျော်ဓမ္မာနုရက္ခိတ ဓမ္မာရုံတို့၌ တရားဟောတော်မူခဲ့သည်။

---

http://www.dhammadownload.com



"ဘုန်းကြီး ယခုတစ်ခေါက် မန္တလေးတိုင်း စစ်ကိုင်းတိုင်းကစပြီး ခရီးထွက်လာရာ ရောက်လေရာ မြို့တိုင်းမှာ သာသနာအတွက် အားတက်စရာတွေ အများကြီး ကိုယ်တွေ့မြင်ခဲ့ရတယ်။ ဘုရားတန်ဆောင်း ကျောင်း, ကန်အဆောက်အအုံတွေဟာ ရှေးက သေးသေးကလေးတွေ၊ အကြီးကြီး ဖြစ်အောင်၊ မရှိခဲ့တာတွေ ရှိခဲ့အောင် ဖိတ်ဖိတ်တောက် ပြုပြင်လှူဒါန်းထားလိုက်ကြတာ အလွန်အားရစရာကောင်းတယ်"

အစရှိကာ အမျိုးဘာသာ သာသနာနှင့်စပ်၍ အလွန်အားကျဖွယ်ကောင်းသော ဩဝါဒစကားများကို ကိုယ်တွေ့သာဓကများ ပြကာ ပြကာ ဟောကြားတော်မူခဲ့၏။ တရားပွဲအပြီး ဆင်းလာကြသော လူအုပ်ကြီးထဲမှ အသံတစ်သံက ....

"ဆရာတော်ကြီးတရားနာရတာ အားကို ရှိသွားတာပဲဗျာ" ဟူ၏။

အားတက်ဖွယ် တရားစကားအမြွက်မှာ ....

"ဘုန်းကြီးတို့ မြန်မာနိုင်ငံမှာ သာသနာရှိနေလို့ အခြားနိုင်ငံတွေနဲ့စာရင် အများကြီး ချမ်းသာခွင့်ရနေကြပါတယ်။ မြန်မာနိုင်ငံမှာ ရှေးကလည်း ဈာန်အဘိညာဉ်ရတဲ့ပုဂ္ဂိုလ်တွေ၊ ရဟန္တာအရှင်မြတ်တွေ အဆက်မပြတ်ရှိခဲ့တယ်။ ယခုလည်းရှိနေတယ်။ ဘုန်းကြီးတို့ ကိုယ်တွေ့ပဲ။ ဘယ်တုန်းကမှ အဆက်မပြတ်ဘူး၊ နောင်လည်း ရှိနေဦးမှာပဲ၊ ဘုန်းကြီး ရဲရဲပြောရဲတယ်"

ဟု .... အမိန့်ရှိကာ ယခုအခါ ရွှေဘိုနယ်နှင့် တောတောင်တို့၌ ရှိနေကြသော တန်ခိုးအဘိညာဉ်ရပုဂ္ဂိုလ်များ၏အကြောင်းကို ဆက်လက် မိန့်ကြားတော်မူ၏။

"ဘယ်သူ့မျက်နှာမှ မလိုက်ဘဲ ပြောရမယ်ဆိုရင် .... ဓမ္မာစရိယဦးဌေးလှိုင်ရေးတဲ့ ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးစာအုပ်ကြီးဟာ အင်မတန် ဖတ်သင့်တယ်။ ဒီခေတ်မှာ ပေါ်သင့်လို့ ပေါ်လာတဲ့ စာအုပ်ကြီးပဲ"

ဟုလည်း တရားပွဲ၌ အမိန့်ရှိသွား၏။ မြင်းခြံမြို့ သာသနာ့ဇောတိကာရုံစာသင်တိုက် ရွှေရတုစာစောင်တွင်လည်း ဆရာတော်ကြီးက "ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးစာအုပ်ကြီး ထွက်လာတာ ဝမ်းသာစရာကောင်းကြောင်း၊ ဒါပေမဲ့ ဘုန်းကြီးတို့ သိမှတ်ထားတာနဲ့စာရင် အများကြီးလိုနေသေးကြောင်း၊ ကျန်နေသေးကြောင်း" ရေးသားသည်ကိုလည်း ဖတ်ရှုရသည်။

ကိုယ့်ဂုဏ်ကိုယ်ဖော်၍ ကြော်ငြာနေခြင်း မဟုတ်ပါ။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးများ အဆက်မပြတ် ရှိနေကြောင်း၊ ပြဆိုလိုရင်း ဖြစ်ပါ၏။ ထိုမှတစ်ပါး အမြင်

http://www.dhammadownload.com



ရှိသော အရိယာသူတော်ကောင်းတို့ မည်သည်မှာလည်း ဒုဋ္ဌဂါမဏိမင်းကြီးမို့ မျက်နှာလိုက်ပြီး တောထဲကြွရောက် အလှူခံခြင်းမဟုတ်။ ချီးမြှောက်ရမည့် သတ္တဝါကို တမင်ကလာ ရှာဖွေကြည့်ရှု ဆင်ခြင်တော်မူကြမြဲ ဖြစ်ပါသည်။ ထိုအရှင်မြတ်များ မြင်သာသည့်နေရာသို့ သင်ကသာ ထွက်၍လာပါလေ။

ယခုအခါ ယေဘုယျလူများသည် ပုဂ္ဂိုလ်ထူးများကို စနည်းနာ၍ အလုအယက်သူ့ထက်ငါ ကြိတ်ကြိတ်တိုး ကိုးကွယ်လိုကြ၏။ ပုဂ္ဂိုလ်ထူးကို ရှာနေကြ၏။ မိမိကိုယ်ကို ယခင်ကထက် ထူးခြားအောင် မလေ့ကျင့် မထူထောင်နိုင်ဘဲ ပုဂ္ဂိုလ်ထူးကိုသာ ရှာနေ သူများအတွက် မတောက်တခေါက်ထူးသော ဝိဇ္ဇာပုဂ္ဂိုလ်ထူးများနှင့် တိုးတတ်ပေသည်။

'သက်ရှိဘုရား' ဟု ဆိုရလောက်သော ကျေးဇူးရှင် ဝေဘူဆရာတော်၊ မဟာစည်ဆရာတော် စသော အရှင်မြတ်ကြီးများ နှစ်ပေါင်း ၃၀–ကျော် ၄၀–မက ကာလအတန်ကြာ ပွင့်ပေါ်ခဲ့ကြ၏။ အသင် ဘာများ ရလိုက်ပါသနည်း။ ယနေ့ရန်ကုန်မှာဘုရားပွင့်နေသော်လည်း ကားထောင်ကားဆွဲလို့ ကောင်းနေသူများ၊ ဒတ်ဆန်း၊ ဟီးနိုး၊ တစ်မျိုးပြီးတစ်မျိုး တိုးချဲ့ရန် အောကပ်နေကြမည်သာဖြစ်၏။ ရောင်းဝယ်ကောင်းနေသူများက တစ်ဆိုင်ပြီးတစ်ဆိုင် တိုးချဲ့လုပ်ကိုင်နေကြမည်သာဖြစ်၏။ ရာထူးဂုဏ်သိမ်အရှိန်တက်နေသူများ ဖြစ်ပါလျှင်လည်း အပေါ်ကလူ ခြေထောက်ဆွဲ၊ အောက်ကလူ ခေါင်းပေါ်နင်းကာ 'ပရမိုရှင်း'နှင့် အချိန်ကုန်နေမည်သာ ဖြစ်ပေလိမ့်မည်။

ဘုရားတွေကား .... တစ်ဆူပြီးတစ်ဆူ ပွင့်ပေါ်က ပရိနိဗ္ဗာန်စံ၍ စံ၍သာ သွားကြကုန်၏။ ကာလနဂါးတို့ကား အိပ်ကောင်းတုန်း။

သံချေးအထပ်ထပ် ကပ်နေသော သံတိုသံစတို့သည် မည်မျှဆွဲအားကောင်းသော သံလိုက်တုံးကြီးများအနီး၌ ရောက်နေရစေကာမူ မည်သည့်အခါမျှ ပူးကပ်ခွင့်ရမည်မဟုတ်ချေ။ ကိုယ်ဟုတ်လျှင် ဟုတ်တာကို တွေ့တတ်ပါ၏။ ကိုယ်မဟုတ်လျှင် ဟုတ်တာကို တွေ့ရသော်လည်း ဟုတ်လာလိမ့်မည်မဟုတ်။

http://www.dhammadownload.com



# မော်လမြိုင်သရွှေဦးဖိုးနု

'ချာန်အဘိညာဉ်ရ ရဟန္တာအရှင်မြတ်ကြီးများအား ထူးထူးခြားခြား လှူရမှသာ ကြီးပွားချမ်းသာကြရမည်' ဟု ယူဆလျှင် ထိုအမြင်သည် အလွန်ပင်ကျဉ်းမြောင်းလှပါ၏။

မိမိတို့အိမ်၌ ကိုးကွယ်ထားသော ရုပ်ပွားဆင်းတုတော်ကိုပင် သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်မြတ်ကြီးအဖြစ် နှစ်နှစ်ကာကာ အာရုံကျရောက်ပါလျှင် သက်ရှိပုဂ္ဂိုလ်ထူးကြီးများထက်ပင် အားကိုးရပါလိမ့်မည်၊ ချီးမြှောက်မ,စတော်မူပါ

http://www.dhammadownload.com



လိမ့်မည်၊ မယုံလျှင်လည်း လျှောက်ထားကြည့်နိုင်ပါသည်။

အိမ်မှာ နေ့စဉ်ဆွမ်းခံစား၍ မြတ်စွာဘုရား သာသနာတော်ကြီးအား အသက်ဆက်နေကြသော စာသင်သား ကိုရင် ဦးပဥ္စင်းငယ်ကလေးများကိုပင် 'သူတို့ရှိနေပေလို့သာ' ဟု တကယ့်ကျေးဇူး အမှန်ကို ရှုမြင်၍၊ အရိယာ သံဃာတော်ဂုဏ်ကိုသာ ရည်မှတ်၍ လောင်းလှူရသော ဆွမ်းတစ်ဇွန်း ဟင်းတစ်ခွက်သည် အထက်ပါ ဦးစီ၊ ဦးဖုန်းတို့လှူရသော ဆွမ်းနှင့်တစ်တန်းတည်းပင် ဖြစ်ပါသည်။ အနည်းငယ်မျှ မယိုမဆုတ်၊ မယုတ်မလျော့ပါ။

ဆွမ်းခံကိုရင် ဦးပဥ္စင်းငယ်ကလေးများက သင်တို့အား သူဌေးကြီး ဖြစ်အောင်လည်း ချီးမြှောက်မ,စနိုင်သည်ကို မယုံကြည် မရှိပါလင့်။

ထိုမှတစ်ပါး သူတော်ကောင်းတို့မည်သည် သူယုတ်မာအား သနားရှုံ့မုန်းကြပါသည်။ ဤလောက၌ သူတော်ကောင်းဦးရေ တိုးပွား၍ သူတော်ကောင်းတရားထွန်းကားရန်သာ အစဉ်ကြောင့်ကြတော်မူကြ၏။ ကယ်မတော်မူကြ၏။

တန်ခိုးဣဒ္ဓိပါဒ်ရှိသော လူအရိယာတို့သာ မဟုတ်၊ နတ်ဗြဟ္မာအရိယာ သူတော်ကောင်းများကလည်း ကြောင့်ကြမဲ့မနေ၊ စွမ်းအားရှိသမျှ အားထုတ်နေကြလေသည်။ ရိုင်းပင်းကူညီရန် အသင့်ရှိနေကြ၏။ လက်ကိုဆွဲ၍ မ,တင်ခြင်းခံရအောင် သင့်လက်ကိုသာ ပြောင်စင်အောင် ဆေးကြောထားဖို့ လိုအပ်ပါသည်။

အင်္ဂလိပ်များ အထက်မြန်မာနိုင်ငံကို မသိမ်းပိုက်မီ အောက်မြန်မာနိုင်ငံနှင့် မြေလတ်ပိုင်းတို့အတွက် ရန်ကုန်၊ စစ်တွေ၊ မော်လမြိုင်နှင့် သရက်မြို့များကို အခြေခံ ၄–၅ဌာနအဖြစ် စစ်ရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည်အတွက် အခိုင်အမာ တပ်စွဲထားကြ၏။

အထူးသဖြင့် မော်လမြိုင်မြို့သည် အင်္ဂလိပ်အုပ်ချုပ်ရေးအောက်တွင် မွန်၊ မြန်မာတို့ အလုပ်အကိုင် ပေါကြ၏။ အရောင်းအဝယ် တွင်ကျယ်၏။ ထို့ကြောင့် အထက်အညာမှ ရဟန်းရှင်လူတို့သည်လည်း 'ရေကြည်ရာ၊ မြက်နုရာ ပြောင်းရွှေ့လာကြသည်။ ထိုအထဲတွင် ရုပ်ချော၍ အပြောအဟောကောင်းသူ ဦးဓိနခေါ် အညာသား ပဥ္စင်းငယ်တစ်ပါးလည်း မော်လမြိုင်သို့ ကြွလာ၏။

ဦးဓိနသည် အဟောအပြောကောင်း၍ လူအများ ကြည်ညိုကြသော်လည်း ရဟန်းဘဝ၌နေရန် ကံ ပါရမီကုန်၍ လူဝတ်ကြောင်ဘဝသို့ စုန်ခဲ့ရ၏။ အလုပ်အကိုင်ပေါများ၍ နေရေးစားရေး အခက်အခဲမရှိလှချေ။ အလုပ်များ လုပ်ကိုင်၍ အတန်ငယ် ငွေကြေး စုဆောင်းမိသောအခါ အိမ်ထောင်ပြုလျက် ကြက်တန်းမန္တလေးအရပ်၌ နေထိုင်လေ၏။

http://www.dhammadownload.com



ဦးဖိုးနအား လူဝတ်ကြောင် ဘဝတွင်လည်း ဦးဖိုးနဟူ၍ပင် ခေါ်ကြသည်။ စီးပွားရေးမှာ အထိုက်အလျောက် နေသာထိုင်သာ ရှိသော်လည်း ဦးဖိုးနကား သူ့ ဘဝတွင် နှစ်ခြိုက်လှသည်မရှိ၊ နေ့ရှိသမျှ အချိန်မှန် ဘုရားဝတ်တက်၊ ပရိတ်ရွတ်၊ မေတ္တာပို့၊ မြို့စောင့်နတ်၊ တောင်စောင့်နတ် စသည်တို့အား အမျှဝေ၊ ရတနာသုံးပါး လည်း မပြတ်ပေ၊ တစ်ဘက်က စားဝတ်နေရေးကိုလည်း ရုန်းကန်လှုပ်ရှားရလေ၏။

ထိုအချိန်က အားမတန်မာန်လျှော့ကာ အင်္ဂလိပ်မိစ္ဆာဒိဋ္ဌိ လူမျိုးတို့၏ လက်အောက်တွင် နေကြရရာ၌ မွန်မြန်မာ ဘာသာရေးခေါင်းဆောင်တို့သည် ပို၍ စိတ်ဆင်းရဲခဲ့ကြရ၏။ ထိုအကြောင်း ကျိုက်သလ္လံစေတီ ရင်ပြင်တော်ရှိ စစ်ကဲကြီးကျောက်စာနှင့် အချိန် ၆၀၀–ရှိ ကြေးခေါင်းလောင်းကြီးက သက်သေထူလျက်ရှိနေ၏။ 'လူရိုင်း နိုင်ငံများကို ယဉ်ကျေးမှုပေးရန် နယ်ချဲ့ရပါသည်' ဆိုသော အင်္ဂလိပ်တို့သည် မြန်မာပြည်ရှိ ရတနာအမျိုးမျိုးကို သယ်ဆောင်၍ အားမရနိုင်ကြ၊ နောက်ဆုံး ရွှေတိဂုံစေတီတော်ကြီးမှစ၍ သိုက်တူးကြရာ မခံရပ်နိုင်သဖြင့် မော်လမြိုင်မြို့ စစ်ကဲကြီး မောင်ထော်လေးက ဝိတိုရိယဘုရင်မကြီးထံ ရောက်အောင်ပင် တိုင်ကြား ဟန့်တားရကြောင်း ကျောက်စာကဆို၏။ (ရွှေတိဂုံသိုက်တူးသမားများမှာ ဗိုလ်ချုပ်ကင်းဘဲလ်နှင့် ဗိုလ်မှူးဖရေဇာတို့ ဖြစ်သည်။ ဘာမျှရမသွားကြ။) နောက်ဆုံး ၂၄–တန်ရှိ ရွှေတိဂုံကုန်းတော်မှ စဉ့်ကူးမင်း ခေါင်းလောင်းကြီးကိုပင် အင်္ဂလန်သို့ ကျည်ဆန်အတွက် ခက်ခက်ခဲခဲ ခိုးယူကြရာ လှိုင်မြစ်ထဲမှာပင် ကျခဲ့၍ ပထမကမ္ဘာစစ်အပြီး မြန်မာတို့ ပြန်လည်ဆယ်ယူထားရသည်။ ထို့ကြောင့်လည်း ၁၃၊ ၃၊ ၁၈၅၅–နေ့စွဲပါ ကြေးခေါင်းလောင်းကြီးတွင် ထူးထူးခြားခြား အင်္ဂလိပ်ကျိန်စာ ရေးထိုးလှူထားသည်ကို တွေ့ရ၏။

"ဤခေါင်းလောင်းကို မည်သူမျှ မဖျက်ဆီးရ၊ ဖျက်ဆီးသူသည် မဟာအဝီစိငရဲ၌ မကျွတ်တမ်း ခံရစေသတည်း"

စစ်ကဲကြီး ဦးထော်လေးကဲ့သို့ပင် ဘုန်းကြီးလူထွက် ဦးဖိုးန စသော သာသနာရေး ခေါင်းဆောင်တို့သည် မွန်မြန်မာတို့ ပထမဆုံးရင်ဆိုင်နေရသောမိစ္ဆာဒိဋ္ဌိဘေးကြီးအတွက်လည်း အမြဲတမ်းရင်လေး၍ သာသနာသွေးသာသနာစိတ်ဓာတ်များ ထက်သန်ပြင်းပြနေခဲ့ကြရပေလိမ့်မည်။

ထိုမှတစ်ပါး မော်လမြိုင်မြို့တွင် ခရစ်ယာန်ပုံနှိပ်တိုက်ကြီးများ အထူးထင်ရှား၍ ခရစ်ယာန်ကျမ်းစာများ ရိုက်နှိပ်ဖြန့်ဝေခြင်း၊ သာသနာပြုကျောင်းများ ထွန်းကားပြန့်ပွားနေခြင်း၊ ဗုဒ္ဓဘာသာကျောင်းကန်များမှာ (ယခုအခါကဲ့သို့ မရှိသေးဘဲ) အလွန်အားနည်းနေခြင်းများကိုလည်း မြင်နေရရာ ဦးဖိုးန၏နှလုံးသားတွင် သာသနာစိတ်က နိုးဆွလျက်ရှိနေခဲ့၏။

http://www.dhammadownload.com



သာသနာ့စိတ်က နိုးဆွလေ၊ လူမှုရေးလည်း မချွတ်စေရ၊ ရတနာသုံးပါးဝတ်လည်း ပို၍စွဲမြဲအောင် လုပ်ရလေ နေလာခဲ့ပေသည်။ တစ်ခုသောညတွင် ဦးဓိနမှာ ထူးဆန်းသောအိပ်မက်တစ်ခုကို မက်၏။

အိပ်မက်မှာ အိပ်မက်မဟုတ်ဘဲ အမှန်တကယ်ဖြစ်နေသလားဟုပင်ထင်ရ၏။

ဦးဓိန တောင်ရိုးတစ်ခုပေါ်သို့ ရောက်သွား၏။ တဖြည်းဖြည်းတက်သွားရာ အမြင့်ဆုံး တောင်ထိပ်တစ်နေရာသို့ ရောက်သွား၏။ တောင်ထိပ်ပေါ် ရပ်၍ အမောဖြေနေခိုက် ရတ်တရက် ဝတ်ဖြူစင်ကြယ်နှင့် လူတစ်ဦးက မိမိအားလာ၍ စကားပြော၏။

"အမောင် .... ချမ်းသာကြီးပွား၍ ဘုရားကျေးဇူးဆပ်ချင်ရင် ဒီနေရာမှာ ဘုရားတည်ပါ။ မုချ ချမ်းသာကြီးပွားပါလိမ့်မယ်"

ဦးဓိနက ထိုပုဂ္ဂိုလ်အား ....

"ကောင်းပါတယ် .... ဦး၊ ကျွန်တော်လည်း ဘုရားတည်ကျောင်းဆောက်ရန် ဆန္ဒရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ စားရုံသောက်ရုံပဲ ငွေကရှိတာ၊ အပိုအလျှံမရှိတော့ ခက်တယ်" ဟု ပြောရာ ထိုပုဂ္ဂိုလ်က ...

"အို ... အမောင် ကြားဖူးတယ်မဟုတ်လား၊ 'မရှိလို့မလှူ၊ မလှူလို့မရှိ၊ လှူလေရလေ၊ ရလေ တိုးလှူရလေ' .... ဆိုတာလေ"

ထိုစကားကိုမှု ဦးဓိန မငြင်းနိုင်၊ ထိုအခိုက် အိပ်ရာမှ လန့်၍နိုး၏။ မိန်းမအား နှိုး၍ပြောရာ မိန်းမက သူပြောသည့် အဓိပ္ပာယ်အတိုင်း "မဖြစ်နိုင်ပါဘူးတော်ရယ်" ဟု နိဂုံးချုပ်ကာ ပြန်၍အိပ်ကြလေ၏။

ဦးဓိနကား ရတနာသုံးပါးဝတ်ကို တိုး၍လုပ်လာ၏။ နှစ်ရက်အကြာ ထိုအတိုင်းပင် ထပ်၍ မက်ပြန်သည်။ မည်သို့မျှ အိပ်မက်အတိုင်း လုပ်ဆောင်နိုင်အားမရှိကြ။ ထိုအတိုင်းပင် နောက်ထပ် နှစ်ရက်အကြာ တတိယအကြိမ် မြင်မက်သောအခါ ...

"ရှင်မရေ .... ဒီလောက်တောင် နှိုးဆော်နေမှတော့ .... ဘာမှ စဉ်းစားမနေနဲ့၊ ဘုရားတည်ကြရအောင်ကွာ၊ အဲဒီအိပ်မက်ထဲက ပြတဲ့နေရာလည်း ငါ့မျက်စိထဲမှာ အခုတောင် မြင်နေတယ်"

"တော့် .... ဘယ်မှာလဲ ပိုက်ဆံက၊ အနည်းဆုံး သောင်းကိုးထောင်ရှိမှ ရမှာတော်ရဲ့"

"ဘာပဲဖြစ်ဖြစ်ကွာ ခု .... လက်ထဲမှာ စစ်စစ်ပေါက်ပေါက် နှစ်ရာကျော်သုံးရာတော့ရှိမယ်၊ ဒီငွေကိုအရင်းထားပြီး ကိုယ့်လုပ်အားများများနဲ့ ငွေရှိသလောက်ပဲ

http://www.dhammadownload.com



တည်ကြည့်မယ်။ နောက် တိုးပြီးရှိလာတော့လည်း ခပ်ကြီးကြီးတိုးပြီး ငုံတည်လို့ ရပါတယ်"

ဤသို့ ပြောဆိုဆုံးဖြတ်ကြပြီးနောက် လင်ကိုယ်မယား တူရှင်းပြား၊ တောင်း၊ ဓားမ စသည် ယူဆောင်ကာ မိုးမလင်းမီ အိပ်မက်ထဲက ခရီးစဉ်အတိုင်း မော်လမြိုင် တောင်ရိုးပေါ်သို့ တက်လာခဲ့ကြ၏။ ကျိုက်သလွံဘုရားရောက်လျှင် ထိုမှ တောင် ဘက်သို့ ဆင်ခြေလျောဆင်းကာ တစ်ဖန် တောင်ကမူထိပ်သို့ ရောက်အောင် နှစ်ယောက်သား ဆက်၍တက်ကြ၏။

ထိုနေ့အတွက် အရောင်းအဝယ်အလုပ်များ လုံးဝရပ်ဆိုင်းကာ တစ်နေကုန် နေရာရှင်းလင်းရန် ဆုံးဖြတ်လိုက်ကြ၏။ နံနက်မိုးလင်းစ နေရောင်ပင် ကောင်းစွာ မရသေးသဖြင့် တောင်ထိပ်ပေါ်ရပ်လျက် အမောဖြေကာ ....

"ရှင်မရေ .... ဒီနေရာမှ ဒီနေရာပါပဲ .... ငါ့အိပ်မက်ထဲမှာ" ဟု ပြောဆိုရင်း မိမိ၏ နေ့စဉ်ပြုလုပ်ခဲ့သော ရတနာသုံးပါးဝတ် ကုသိုလ်များကိုပင် မြို့စောင့်နတ် တောင်စောင့်နတ်များအား အမျှဝေလိုက်၏။

နေကောင်းစွာ ထွက်ပြူလာသဖြင့် နေရာသတ်မှတ်ပြီး ချုံနွယ်မြက်များ ရှင်းလင်းကြရာ နာရီဝက်ခန့်ကြာလျှင် မြေကြီးကို ပေါက်လိုက်သော ပေါက်ပြားမှ 'ချွင်'ခနဲ ဟူသော အသံထွက်ပေါ်လာ၍ ကြည့်လိုက်ရာ မြေအိုးနခမ်းပဲ့သွားသည်ကို တွေ့ကြရလေသည်။

ထိုအခါ ဇနီးမောင်နှံနှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက် အံ့အားသင့်သော အကြည့်ဖြင့် အကြည့်ချင်းဆုံသွား၏။ ပေါက်ပြားပေါက်သော နေရာကို သေသေချာချာ ကြည့်ကြသောအခါ ရွှေအိုးကြီးဖြစ်နေသည်ကို တွေ့ကြရသည်။ ရွှေမန်ကျည်းသီး တောင့်များ အပြည့်အနှက်ပါရှိ၏။ ဆက်၍ တူးကြရာ ရွှေအိုးကြီး ၇–လုံးပင် ရရှိကြလေ၏။

မကြာမီ တောင်ထိပ်တစ်ခုလုံး လူအားဖြင့် တူးဖို၍ စည်မျက်နှာပြင်ကဲ့သို့ ဖြစ်အောင် မြေကိုညှိစေ၏။ တောင်ထိပ်တစ်ခုလုံးကို ပတ်မိအောင် အုတ်တံတိုင်း ခတ်၍ စောင်းတန်းလေးသွယ် တန်းလိုက်သည်။ စေတီတော် ဖိနပ်မြေအတောင် ၆၀– ကျော်ကျော် အုတ်အပြည့်ခင်းလျက် သံတောင် ၇၀–ကျော်မြင့်သော စေတီကြီး တစ်ဆူ တည်ကြလေသည်။ ပြီးလျှင် ရွှေအပြည့်ချ၍ ပူဇော်၏။ တံတိုင်းအတွင်း ပတ်ပတ်လည်၌ ဇရပ်တန်ဆောင်းများ ဆောက်လုပ်ကာ ဥပုသ်သည်များအား ကျွေးမွေး လှူဒါန်းခြင်း၊ နိုင်ငံကျော် ဓမ္မကထိကများ ပင့်ဖိတ်ကာ အခါအားလျော်စွာ တရားပွဲများ ကျင်းပခြင်း၊ ဆွမ်းကြီးလောင်းလှူပွဲများ ပြုလုပ်ခြင်း စသည်ဖြင့် ခရစ်ယာန်တို့

http://www.dhammadownload.com



ကြီးစိုးလာသော မော်လမြိုင်မြို့တွင် သာသနာ့ရောင်ခြည် တစ်စတစ်စ ထွန်းပြောင်လာလေတော့၏။

ညအခါ သံလွင်မြစ်ထဲမှ ကြည့်လိုက်လျှင် မြောက်မှတောင်သို့ မြို့အလယ်ကောင်မှ ဖြတ်သန်းနေသော တောင်တန်းတစ်ကြောတွင် မြောက်ဘက်ဆုံးမှ ဒေါ်ရွှေပွင့်ကောင်းမှု မဟာမြတ်မုနိစေတီတော်၊ အလယ်၌ ကျိုက်သလ္လံစေတီတော်၊ တောင်ဘက်၌ ဦးဇိနစေတီ၊ ရွှေရည်မီးရောင် တဖိတ်ဖိတ်တောက်ပြောင်လျက် တောင်အောင်ဘက်၌ ရှိသော အင်္ဂလိပ်ဘုရားရှိခိုးကျောင်းကြီးများကို ငုံ့၍ကြည့်နေကြ သကဲ့သို့ ရှိပေတော့၏။

ဦးဇိန၏ သားမြေးအဆက်များ ယခုအခါ မရှိတော့ပြီ။ မော်လမြိုင်သူဌေးဦးမိုးကြီးသည် ၆–ဆက်မြောက်ဖြစ်၏။ ဦးမိုးကြီးလည်း သားသမီး မထွန်းကား၍ ဇနီးဘက်မှတူ မောင်မောင်ကိုမွေးစားရာ ဘိန်းစား၊ အရက်သောက်၊ ဇာတ်ထောင်၊ နောက်ဆုံး သံလွင်မြစ်ထဲ၌ ပိုက်ဆွဲ ငါးမျှားသည်အထိ ပျက်စီးနေသဖြင့် ပိုက်ဆံပေး၍ စွန့်ပစ်လိုက်ရ၏။ ပထမဇနီး ကွယ်လွန်၍ ဒုတိယဆက်ပြန်ရာ အသက်ငယ်လွန်းပစ္စည်းပွန်းသဖြင့် ငွေပေးကွာရှင်းလိုက်ပြန်၏။ နောက်ဆုံး သူဌေးဦးမိုးကြီးသည် ငွေ ၁၅–သိန်းကို ဂေါပကဖွဲ့လျက် အပ်နှံလှူဒါန်းခဲ့သည် ဆို၏။

"ငါတို့လည်း သူ့လို ရွှေအိုးကောက်ရရင် လှူစမ်းချင်ပါရဲ့၊ လှူနိုင်တာပေါ့"ဟု ခပ်ပေါ့ပေါ့ ပြောကောင်း ပြောကြပေလိမ့်မည်။

"ကံမွဲ ဉာဏ်နုန့်၊ မလုံ့မလ နတ်မမ,ဘူး" (မဃဒေဝ) ဟူသကဲ့သို့ အတိတ်ကံကိုထား၍ ယခု ပစ္စုပ္ပန်မှာပင် သာမည ကံဉာဏ်၊ တော်တော့် လုံ့လနှင့် သူဌေးစသည် ဖြစ်ကြသည်မဟုတ်။ ဖြစ်စေကာမူ အများချမ်းသာ၍ သာသနာထွန်းကားအောင် ဆောင်ရွက်နိုင်ကြသည် မဟုတ်ပေ။ ပေါက်ပြားတစ်ချက်မျှ မပေါက်ရ၊ မြက်တစ်ပင်မျှ မနှုတ်ရဘဲ ရွှေပုံပေါ် ချက်ချင်းတက်ရောက်လာသော ဦးမိုးကြီး၏ ဇနီးငယ်သည် ခနိတဲသို့ပင် ပြန်ဝင်ရကာ မွေးစားခံရသော သူဌေးသား မောင်မောင်လည်း လမ်းဘေးမှာပင် သေခဲ့ရပြီ မဟုတ်လော။

# မောင်းထောင်သူဌေး ဦးဆုရ

ဒုတိယကမ္ဘာစစ် မဖြစ်မီက တိုးတက်ရေးဂျာနယ် စသည်တို့၌ 'ဘားမား မီလျံနာ' ခေါင်းစဉ်ဖြင့် မြန်မာ့သူဌေးများ (စစ်ကိုင်း မန်ကျည်းစဉ် သူဌေး စသည်) အကြောင်း ရေးသားကြသည်ဟု သိရ၏။ တစ်ပိုင်းတစ်စမျှသာ ဖတ်ဖူးခဲ့သည်။

ရှေးအခါ ပုဂံ၊ အင်းဝခေတ်များတွင် တောရွာကြီးများ၌ပင် အလွန်ကြွယ်ဝ ချမ်းသာသူများ ရှိခဲ့ကြောင်း ထိုရွာကြီးများ၏ စေတီပုထိုး ကျောင်းကန်ယောင်းများကို ကြည့်ခြင်းအားဖြင့် သိနိုင်ပေသည်။

ကျွန်ုပ်တို့ ဇာတိဒေသဖြစ်သေ မောင်းထောင်၊ ညောင်ကန် တစ်ဝိုက်၌ ထိုသို့သော စေတီကျောင်းရာများ လွန်စွာပေါ်များရုံမျှမက ပျူခေတ်သုံး ရွှေထည်၊ ပျူဒင်္ဂါးများကိုလည်း ယနေ့ထိ မကြာခဏ တူးဖော်ရရှိကြ၏။ ပုဂံခေတ်တွင် မောင်းထောင် သူဌေး ဦးမှဲ့ ဒင်အိမ်၌ 'ကျောက်စုန်း' ခေါ်သော ကျောက်၏အလင်းရောင်ဖြင့်ပင် မိုင်းငင်ခြင်း၊ အရက်ဆွမ်းချက်ခြင်းများ ပြုလုပ်ကြရ သမီးငယ် မယ်ညိုနှင့် အတူ ထိုကျောက်ကြီးကို ဘုရင်က သိမ်းဆည်းသွားဖူး၏။

ကုန်းဘောင်ခေတ်တွင် မောင်းထောင်ရွာ၏မြောက်ဘက် ချင်းတွင်းရွာ မုဆိုး ငမောက်ထံမှ ကျောက်တစ်လုံးကိုလည်း ဘုရင်က သိမ်းယူဖူး၏။ နန်းစဉ်ငမောက် ကျောက်ကြီးပင်တည်း။ ထိုကျောက်နှင့်အတူ ကျမ်းတတ် အကျော်အရှင် ဂုဏာဂန္ဓ ဆရာတော်ကိုပါပင့်၍ မှန်စီကျောင်းကိုတင်လှူရာ ပထမမှန်စီဆရာတော်ခေါ်၏။ 'မောင်းထောင်ချင်းတွင်းရွာမှ ကျောက်ကောင်းနှစ်လုံးရသည်' ဟု ဥဒါန်းတွင်လေသည်။ (ချင်းတွင်းရွာအနီး မောက်တက်ရွာကား မြဝတီမင်းကြီး ဦးစ၏ဖခင် ဦးပေါက်ကျော် ဇာတိရွာဖြစ်၍ မောင်းထောင်အရှေ့ဘက် ၆-မိုင်အကွာ ငပုရင်းရွာကား မဟာဗန္ဓုလ၏ ဇာတိရွာဖြစ်၏။)

လွန်ခဲ့သော အနှစ် နှစ်ရာကျော်က အိမ်ခြေတစ်ထောင်ခန့်ရှိသော မောင်းထောင် ရွာကြီး၏ ရွာဦးထိပ် ယခု (ဘလ္လာတိယပျို့ကို ရေး၍ရသော ဆုတော်ငွေဖြင့် တွင်းသင်းမင်းကြီး ဦးထွန်းညို တူးခဲ့သော ငါးဇကကျော်ရှိ) ဘလ္လာတိယ ကန်တော် ကြီး၏ အနောက်ဘက်တွင် ကြီးကျယ်ခမ်းနားသော ရွှေကျောင်းကြီးနှင့် ကျောင်း တိုက်ကြီးတစ်ခု ရှိခဲ့၏။ ရွှေကျောင်းတော်ကြီး၏ အရှေ့ဘက်တွင်လည်း သံတောင် ၇၀-ကျော် စေတီကြီးများနှင့် ရုပ်ပွားကိုယ်တော်ကြီးများကား ယခုတိုင် ဖူးမြင်နိုင် ကြ၏။ သင်္ခါရသဘောရွှေ့လျော ပျက်စီးကြလေပြီ။

http://www.dhammadownload.com



သို့သော် စေတီပဟောင်းကြီးများကား ဒါနသမိုင်းကြောင်းကို ပြန်ပြောင်းဟောပြတော်မူနေကြ၏။

ထိုရွှေကျောင်းကြီးနှင့် စေတီကြီးများကား မောင်းထောင်သူဌေး ဦးဆုရ မိသားစုက မ,တည် သာသနာပြုခဲ့သော ဌာနကြီး ဖြစ်ပေသည်။

မောင်းထောင်သူဌေး ဦးဆုရအကြောင်းကို အင်္ဂလိပ်ခေတ်က 'စိနိယာ ကင်းဘရေ့ချ်' စာမေးပွဲတွင်ပင် မေးခွန်းထုတ်ခဲ့ဖူး၏။ 'သာသနာဝံသပ္ပဒီပိကာ' ခေါ် ပါဠိဘာသာဖြင့် ရေးထားသော သာသနာဝင် စာအုပ်၌လည်း ဦးဆုရ သားမက်ဆိုသူ လူလိမ်လူညာတစ်ဦးအကြောင်း ဖတ်ရှုနိုင်ပေသည်။

ရှေးက နေပြည်တော်မှ ပြန်လာသော လူတစ်ယောက်သည် ခရီးစရိတ် ပြတ်လပ်၍ လမ်းတစ်လျှောက်ရှိ မြို့ရွာတို့၌ အိမ်ကြီးအိမ်ကောင်းများချည်း ရွေးချယ်ဝင်ရောက်ကာ "ကျွန်တော် မောင်းထောင်သူဌေး ဦးဆုရ သားမက် မောင်မောင်ပွား ပါ" ဟု ဆို၍ တည်းခိုလေ၏။ မောင်းထောင်သူဌေး ဦးဆုရနှင့် မိတ်ဆွေဖြစ်လိုကြသဖြင့် မောင်မောင်ပွား တည်းခိုသမျှ အိမ်ရှင်တိုင်းက ကောင်းမွန်စွာ ပြုစုကျွေးမွေးကြသည်။ နောက်ဆုံး မောင်းထောင်ရွာ ခုနစ်ဆောင်ပြိုင်အိမ်ကြီး တစ်အိမ်သို့ မောင်မောင်ပွား ဝင်လေရာ အိမ်ရှင်က အကျိုးအကြောင်းမေးလျှင် ယခင်နည်း ပြောပြန်၏။ ထိုအခါ အိမ်ရှင်အဘိုးကြီးက ....

"ဟဲ့ .... ဟဲ့ .... မောင်ရင် .... ဘယ်လိုပြောတာလဲ၊ အခု ဒီရွာဟာ မောင်းထောင်ရွာပဲ၊ မောင်ပြောတဲ့ မောင်းထောင်သူဌေးဦးဆုရ ဆိုတာ တခြားမဟုတ်ဘူး ဦးပဲ" ဟုဆိုလေလျှင် လူညာမောင်မောင်ပွားလည်း သူဌေးကြီးအား ရှိခိုးတောင်းပန်ကာ ထွက်ပြေးလေတော့၏။

ထိုခေတ်က မောင်းထောင်သူဌေး ဦးဆုရသည် ထိုမျှနာမည်ကြီးလေသည်။ ဦးဆုရ သူဌေးဖြစ်လာပုံမှာလည်း အလွန်ထူးဆန်း၏။ သူဌေး ဦးဖိနကဲ့သို့ နတ်မသည်ဟုပင် ဆိုရမည်လားမသိ။

ဦးဆုရကား ရတနာသုံးပါး ဦးထိပ်ထားလျက် တရားသဖြင့် ရောင်းဝယ်အသက်မွေးသူဖြစ်၏။ တစ်ခုသောညနေတွင် လှည်းကုန်သည် တစ်ယောက်သည် လှည်း ၁၅-စီးခန့် ကုန်များအပြည့်နှင့် ရောက်လာ၏။ ဆိုက်ဆိုက်မြိုက်မြိုက် ဦးဆုရ အိမ်ဝင်းကြီးထဲသို့ဝင်၍ လှည်းများချွတ်ကာ ....

"ဦး .... ကျွန်တော့်ရဲ့လက်ဖက်ခြင်းများ ဦးအိမ်မှာ ခဏထားပါရစေ" ဟု ခွင့်တောင်း၏။ ထိုကုန်သည်ကို ဦးဆုရ မမြင်ဖူးသော်လည်း မိတ်ဆွေရင်းပမာ မိုးလုံလေလုံရာ၌ သိမ်းဆည်းပေးထားလိုက်သည်။ ကုန်သည်က ....

http://www.dhammadownload.com



"ကျေးဇူးကြီးလှပါတယ် ခင်ဗျား၊ ကျွန်တော် ကိစ္စရှိ၍ ခရီးဆက်ပါရစေ ....၊ ၁၅–ရက်လောက် ကြာပါလိမ့်မယ်။ အကယ်၍ ၁၅–ရက်နှင့်မှ ကျွန်တော်ပြန်မရောက်လျှင်လည်း ဒီလက်ဖက်ခြင်းတွေ ဦးသဘောအတိုင်း သုံးစွဲရစ်ပါတော့" ဟု ပြောပြောဆိုဆို နှုတ်ဆက်ထွက်သွား၏။

ထိုကုန်သည်ကား ၁၅–ရက်ကြာလည်း ပေါ်မလာ။ တစ်လကြာသော်လည်း မလာမရောက်။ ဦးဆုရကား ကောင်းစွာ စောင့်ရှောက်ထားရုံမှအပ တစ်လကြာသော်လည်း ခြင်းများကိုမကြည့်မိ။ နှစ်လလောက်ကြာမှ ပျက်စီးမည်စိုး၍ ကြည့်လိုက်ရာ လက်ဖက်ခြင်းများအားလုံး ရွှေခြင်းများ ဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုအခါမှစ၍ ရပ်ရွာသာသနာရေး မျက်နှာဖုံး တစ်နိုင်ငံလုံး ကျော်ကြားသော သူဌေးကြီး ဖြစ်လာလေသည်။

သို့ရာတွင် သူဌေးကြီးဦးဆုရသည် ကုသိုလ်ကောင်းမှုများစွာ လုပ်ခဲ့သော်လည်း ကုသိုလ်လုပ်တိုင်းပင် ဆုတ်ဆိုင်းဆိုင်း တွန့်တိုမှုဖြစ်လေ့ရှိ၏။ ချမ်းသာကြွယ်ဝသလောက်လည်း လှူပုံမရ။ နှုတ်ခမ်းလည်း အနည်းငယ် တိုပြတ်နေသဖြင့် ယခုတိုင် မောင်းထောင်၌ လှူအများ၏နှုတ်ဖျားတွင် ....

"ပစ္စည်းရှိလို့ မလှူလို၊ ဆုရ နှုတ်ခမ်းတို" ဟု ဥဒါန်းတွင်လျက်ရှိ၏။ ထိုအချက်ကား ဦးဆုရ၏သမိုင်းတွင် ပယ်ဖျက်၍မရ၊ အမည်းစက်တစ်ခုအဖြစ် ထင်ကျန်လျက် ရှိနေတော့သည်။ (ဆရာတော်ဦးသုဒဿန၏ 'မောင်းထောင် ရပ်လုံးဖော် ဋီကာ'မှ)

'ကျားသေလျှင် အရေကျန်ရစ်သည်'၊ 'လူသေလျှင် နာမည်ကျန်ရစ်သည်' ဟူသကဲ့သို့ လူတိုင်းပင် မိမိတို့၏ ကောင်းမှု၊ မကောင်းမှုကို အကြောင်းပြု၍ ကောင်းသတင်း ဆိုးသတင်းတို့သည် သင်ခန်းစာပေးရန် ကျန်ခဲ့ရစ်စမြဲဖြစ်၏။ မိမိဖြစ်စေချင်သလို ဖြစ်ကောင်းမှ ဖြစ်ရစ်မည်။

မင်း၊ သူဌေး၊ ကုန်သည်၊ လယ်လုပ် လူတန်းစား အသီးသီးတို့သည် မိမိတို့၏ လုပ်ဆောင်ချက်နှင့် စပ်လျဉ်း၍ လက်လှမ်းတမီအတွင်း အသက်ဝိညာဉ် အထင်အလင်းရှိစဉ် ကောင်းသတင်းကိုသာလျှင် ဖြစ်စေလိုကြ၏။ အတ္ထုပ္ပတ္တိရေးရာ သမိုင်းရေးရာ၌လည်း အကောင်းတွေချည်းသာ ရေးလိုကြ၏။ ဖော်ပြကြ၏။ အချို့ကား အကောင်းသမိုင်းစဉ်ကို ဖွတ်ရေး၍ဖိ၍ တင်ကြ၏။ သို့ရာတွင် ထိုလူ ထိုလူနှင့် စပ်သူများ ရှိနေစဉ် အနှစ် ၄–၅–ဆယ် အတွင်းသာတည်း။ ထိုသူ အရိုးမဆွေးမီပင် ထိုသူ၏ မူလစေတနာ အရင်းခံအတိုင်း သမိုင်းစာလုံးတို့လည်း ပြောင်းလဲသွားတတ်လေသည်။

http://www.dhammadownload.com



ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးက ဤအကြောင်းနှင့် စပ်၍ ဤသို့ မိန့်ဆို ဟောပြောဖူးပါ၏ –

"ဘုရား ကျောင်းဒကာ အနာထပိဏ်တို့ ဝိသာခါတို့ သူတို့နာမည်တွေဟာ ဘုရားလက်ထက်တုန်းကတည်းက ပြောခဲ့ကြတာ။ ချီးကျူးခဲ့ကြတာ ခုလည်း 'ပြောဆို ချီးမွမ်းကြတုန်းဗျာ။ သူတို့ နာမည်တွေက ကြိုင်လို့ လှိုင်လို့ဗျာ။ နောက်လည်း တအံ့တသြ ပြောဆိုချီးမွမ်းရစ်ကြဦးမှာဗျာ။ ကိုယ်ဟုတ်မှ ဟုတ်တာဗျာ၊ ကိုယ်က မဟုတ်ဘဲနဲ့ အချီးမွမ်းခံချင်လို့ မရပေဘူးဗျာ"

ဤ၌ သူဌေးဦးဆုရ၏ ကုသိုလ်ကောင်းမှုများကို ထောက်ထား၍ 'ပစ္စည်းရှိလို့မလှူလို' ဆိုသော စာချိုးကလေးကို ပယ်ဖျက်၍ ထားခဲ့ချင်ပါ၏။ သို့ရာတွင် သူ့ကောင်းမှုပြုစဉ်က ဟန့်တားလေ့ရှိခဲ့သော သူ၏ဝန်တိုမှု မစ္ဆရိယစေတနာအင်အားသည် ကျွန်ုပ်၏ စိတ်ကူးကိုပင် ဖယ်ရှားခဲ့ကြ၏။

ရှေးက တိုင်းပြည်တစ်ပြည်၌ အုပ်ချုပ်သော အန္ဒဘုရင်ကြီးသည် ဦးချိုနှစ်ခွ ပေါက်နေ၍ မုန်စီရွှေချ ဥဿျှောင်ကြီးကို အမြဲဆောင်းထားရသတတ်။ ခေါင်းယားလို့ ကုတ်စဉ် လူတစ်ယောက်မြင်သွားရာ လူအများကို ပြောချင်လှသော်လည်း မပြောရ။ ပြောလိုစိတ်ကို အောင့်ထားဖန်များသဖြင့် မအီမသာဖြစ်၍၊ နေ့စဉ် သစ်ပင်ကြီးတစ်ပင်သို့ သွား၍ အားရပါးရ "အန္ဒဘုရင်ချိုနှစ်ခွနှင့်" ဟုပြောမှ နေသာထိုင်သာရှိသွား၏။ ဆိုင်းသမား ဗုံသမား တစ်ဦးသည် မင်းပွဲသဘင်တွင် တီးရန် ဗုံမရှိ၍ ထိုသစ်ပင်ကို လှဲပြီး ဗုံလုပ်၏။ မင်းပွဲသဘင်၌ တီးမှုတ်ဖျော်ဖြေလေရာ ဗုံများက "အန္ဒဘုရင် ချိုနှစ်ခွနှင့်" ဟုသာ မြည်ပါသတဲ့။

# ကတိုးကော့နပ် သူဌေး ဦးနာအောက်

"မောင်နာအောက်၊ မင်းပိုက်ဆံဘယ်လောက်ရှိသလဲ"

"တစ်ရာလောက်တော့ ရှိပါတယ် သူဌေးမင်း"

"အခု လက်ထဲမှာ ရှိတာကိုသာ ပြောပါလေ"

သူဌေးမင်းက မောင်နာအောက် သဘောကို သိ၍ မေးခြင်းဖြစ်၏ .... ။ မောင်နာအောက်သတင်းကိုလည်း ကြားသိပြီးဖြစ်၍ ပိုပြီးသေချာအောင် မေးစစ်

http://www.dhammadownload.com



နေခြင်းဖြစ်သည်။

"ကျွန်တော့်လက်ထဲမှာတော့ ၁၅–ကျပ်လောက်ပဲရှိတယ် သူဌေးမင်း၊ ဟို သူငယ်ချင်းတစ်ယောက်ကလည်း သူ့မိန်းမ မီးဖွားလို့ တစ်ယောက်ကလည်း .... "

"တော်တော့ .... တော်တော့ .... မင်းမှာလည်း ယခု အိမ်ထောင်ရှိလာပြီ။ မင်း အလုပ်ကို ကြိုးစားတယ်။ အရာရာ စိတ်ချလောက်အောင် ရိုးသားတယ်။ ငါ့ အလုပ်သမားတွေထဲမှာ မင်းဟာ သစ်လုပ်ငန်းခွင်မှာတင်မဟုတ်ဘဲ အားတဲ့အခါ ငါ့အိမ်လာပြီး ထင်းခွဲရေခပ်လုပ်သလို တခြားသူငယ်ချင်းတွေအိမ်လည်း လိုက်ပြီး လုပ်တဲ့အပြင် မင်းမှာက အိတ်ထဲက ပိုက်ဆံပါဆိုတော့ .... လွန်ပြီ။ အိမ်ကမိန်းမ သူကလည်း ဘာမှမပြောဘူး။ တစ်နေ့ မင်းလည်း သူတို့လိုပဲ ကလေးတွေနဲ့ ဘာနဲ့၊ ဖျားတာနာတာ ရှိမလာပေဘူးလား။ ခုဆို သူ့ခမျာ ကိုယ်ဝန်ကြီးနဲ့။

"ကဲပါလေ .... မင်းဟာမင်း ပိုက်ဆံချေးချင်လည်းချေး။ သွားလုပ်ပေးချင် လည်းပေး .... မင်းသဘော၊ ငါမတားဖြစ်လိုဘူး။ အခု .... မင်းကို ဦးက .... သက် သက် ဆုချမယ် ငွေတစ်ထောင်၊ ဒီငွေကိုတော့ မင်း ဘယ်သူ့မှမချေးရဘူး၊ မင်းကိုယ် ပိုင် သစ်လုပ်ငန်းစမ်းပြီး လုပ်ဖို့ပေးတာ။ ငါ့အလုပ်တွေ နားတုန်း မင်းဟာမင်း သစ်ရှာ၊ ရှုံးလည်း မင်းကံနဲ့မင်း၊ မြတ်လည်း မင်းကံနဲ့မင်း"

မောင်နာအောက်မှာ သူဌေးက မာန်မဲမည်လားဟု မျက်နှာငယ်ဖြင့် နားထောင် နေရာ ဆုငွေတစ်ထောင်ရသဖြင့် အလွန်ဝမ်းသာသွား၏။

မောင်နာအောက်သည် ရက်များမကြာမီပင် သူငယ်ချင်း လုပ်ဖော်ကိုင်ဖက် များကိုပင် ငှားရမ်းကာ သစ်ခုတ်ထွက်လေ၏။ ထိုစဉ်က ကျွန်းပင်ကြီးတစ်ပင်မှ ခုတ်လှဲခ တစ်ကျပ်သာ ပေးရသည်။

သူ ကူညီခဲ့ဖူးသော သူငယ်ချင်းများကလည်း လုပ်ခမယူ၍ သဘောမထား၊ ဝိုင်းဝန်းလုပ်ကိုင်ပေးကြလေသည်။

မောင်နာအောက်သည် သူ့လက်ထဲရှိသမျှ ငွေများကို သူငယ်ချင်းများအား ခွဲဝေမျှတပေးကာ တောင်တစ်ခုပေါ်သို့ သစ်ခုတ်ထွက်လာခဲ့ကြ၏။

အများအားဖြင့် သစ်ခုတ်ကြသည်မှာ ချောင်းမြစ်နီးရာ တောင်ခြေ၌ ခုတ်လေ့ ခုတ်ထရှိကြ၏။ ထို့ကြောင့်လည်း တောင်ပေါ်က ကျွန်းပင်ကြီးများမှာ ယခင် ခုတ်နေကျ သစ်များထက် တစ်ဆ တစ်ဆခွဲ ကြီးမား၏။ ယောကျ်ားကြီး နှစ်ဖက်ကျော်လေသည်။ ကျွန်းပင်ကြီးများမှာ အားရဖွယ် ကောင်းလှသဖြင့် ထိုအပင်မျိုး ကိုမှ မောင်နာအောက် ကြိုက်၏။ လုပ်ခမှာလည်း ခါတိုင်းထက် တစ်ဆ၊ တစ်ဆခွဲ ပေးမှသာ ခုတ်သူက

http://www.dhammadownload.com



ခုတ်နိုင်ပေလိမ့်မည်။

"ဟော့ မောင်နာအောက် တို့ကို ဘာမှ အားနာမနေနဲ့၊ တို့သူဌေး အလုပ်နားတဲ့လ,ကလေး ရသလောက် ခုတ်လိုက်ကြမယ်။ တစ်ဆနှစ်ဆ ပိုပြီးမပေးနိုင်လို့လည်း မင်းဘာမှ စိတ်ညစ်မနေနဲ့၊ မင်းက ဒါမှ ကြိုက်တာဆိုတော့ ဒါခုတ်ရုံပဲ"

ကျေးဇူးသိသော သူငယ်ချင်းများပီပီ ဝိုင်းဝန်း ခုတ်လိုက်ကြရာ အပင်တစ်ထောင်ခန့် ရရှိလေ၏။ ထုံးစံအတိုင်း သစ်တုံးနဖားဖောက်ပြီး တောင်ပေါ်မှ ပြန်ဆင်းလာကြသည်။

ကတိုးရွာတွင်းသို့ ဝင်လာသည်နှင့် အခြားသူငယ်ချင်းများက ခရီးရောက် မဆိုက် မေး၍ အကျိုးအကြောင်း ပြောပြလေလျှင် –

"ဟ .... နာအောက်၊ မင်း ရူးများနေသလား။ မင်းလည်း တစ်သက်လုံး သစ်လုပ်ငန်း လုပ်လာတာ၊ မင်းသစ်တွေ ဘယ်ဆင်နဲ့ တက်ပြီး ဆွဲမှာတုန်း၊ သိကြားမင်းရဲ့ ဧရာဝဏ်နဲ့ဆွဲရင်ဖြင့် ရကောင်းရလိမ့်မယ်။ ခွီး .... သူဌေးကြားရင် မင်းတော့ အဆူခံရဦးတော့မှာပဲ" ဟု ဆိုကြ၏။ မောင်နာအောက် ရင်ထဲဆို့သွား၏။

ဟုတ်ပေသည်။ ဒါကို မောင်နာအောက် လုံးလုံးမစဉ်းစားမိ၊ သူငယ်ချင်းများကလည်း ဒီအကြောင်း မည်သူမျှ သတိမပေးမိကြ။ သို့နှင့် မောင်နာအောက်သည် ရွာရောက်၍ ရက်ပိုင်းမျှနားနေပြီး သူဌေးအိမ်မသွားဝံ့ဘဲ စိတ်ပျက်ပျက်နှင့် သစ်ခုတ်သောတောင်သို့ ပြန်သွား၏။

မောင်နာအောက် ကိုယ့်မျက်စိကိုယ်ပင် မယုံနိုင်အောင် တစ်သက်နှင့်တစ် ကိုယ် ကြုံရလေ၏။

သစ်ခုတ်ပြီး မကြာမီ မိုးကြီးလေကြီးကျ၍ သစ်များအားလုံး တောင်ခြေချောင်းထဲသို့ မျောတဲ့သစ်ကမျော၊ တင်တဲ့သစ်ကတင် ဖြစ်နေကြလေပြီ။

မောင်နာအောက်သည် အတန်ကြာ အံ့သြမိန်းမောကာ မလှုပ်မရှက် ငြိမ်သက်နေရာမှ သတိရ၍ ချက်ချင်းပြန်လာကာ ချောင်းလက်တက်မှ မျောလာ သော သစ်များကို သံလွင်မြစ်ဝမှဆီးကြို၍ လူအားနှင့် နဖားတွဲ ဖောင်ဖွဲ့ကြရလေ သည်။

ထိုအချိန်မှစ၍ မောင်နာအောက်သည် အလုပ်ကြမ်းသမားဘဝမှ လွတ်မြောက်ကာ မကြာမီပင် သစ်လုပ်ငန်းပိုင်ရှင်ကြီးတစ်ဦး ဖြစ်လာခဲ့၏။ နောက် သမာသမတ် လုပ်ကိုင်ဆောင်ရွက်တတ်သဖြင့် ကတိုးရွာသူကြီး ဖြစ်လာသည်။

မောင်နာအောက်မှ ဦးနာအောက် ဖြစ်လာသည့်အချိန်မှစ၍ နံနက် အိပ်ရာထလျှင် ရွာရိုးတစ်ခေါက် အမြဲလျှောက်လေ့ရှိ၏။ အိမ်ပေါက်စေ့ တစေ့တစောင်း

http://www.dhammadownload.com



ကြည့်ကာ လမ်းလျှောက်ရင်း ချက်ပြုတ်ချိန်တန်လျက် မီးခိုးမမြင်သော အိမ်တွေ့လျှင် ထိုအိမ်ရှေ့၌ ရပ်၍ ....

"ဟဲ့ .... မိဘသူတို့၊ မထကြသေးဘူးလား၊ တကတည်း ဝီရိယနည်းလိုက်ကြတာ။ ချက်တာပြုတ်တာ မမြင်ပါလား" ဟု မေးလေ့ရှိ၏။

"နေမကောင်းလို့ ဦးရေ့" ဟု ဖြေလျှင် အကျိုးအကြောင်း မေးကာ ကလေးတစ်ယောက် အလွှတ်ခိုင်း၍ သင့်တော်ရာ ဆေးဝါးကို ပေးလှူလေ့ရှိ၏။

"ဆန်မဖွယ်ရသေးလို့ဦးရေ့" ဟု ဆိုလျှင်လည်း ....

"သွား .... သွား .... ကလေးတစ်ယောက် လွှတ်လိုက်၊ ငါတို့အိမ်သွားယူချေ။ ဆီမရှိလည်း ထည့်စရာယူသွား၊ တကတည်း ဆွမ်းတော်မမီဘဲ နေတော့မယ်" ဟုဆိုကာ ရွာရိုးဆက်၍လျှောက်၏။

သူဌေးကြီးဦးနာအောက်ဟု ထင်ရှားလာသောအခါတွင်ကား ဧရာဝတီ သင်္ဘောကုမ္ပဏီသည် ဧရာဝတီ၊ ချင်းတွင်းမြစ်လိုင်းကိုသာမက သံလွင်မြစ်ကြောင်းကိုပါ နယ်ချဲ့လာသဖြင့် အမြတ်အစွန်းကို ပဓာနမထား၊ စကော့တလန်မှ သင်္ဘောကိုးစင်း မှာကာ အပြိုင်ပြေးဆွဲလေ၏။ ရပ်ရေးရွာရေး ဘာသာရေးကိစ္စများကိုလည်း တစ်ဘက်က ဆောင်ရွက်၏။

ဦးနာအောက်သင်္ဘောများတွင် ရဟန်းသာမဏေများ အခမဲ့စီးခွင့်လှူ၏။ လူအများအတွက်လည်း ဈေးလျှော့ပြေးဆွဲသည်။

ဗြိတိသျှအုပ်ချုပ်သူတို့သည် ကျွန်သက်, သခင်သက်ရှည်စေရန် တိုင်းရင်းသား အထူးသဖြင့် မွန်မြန်မာသူဌေးများ၊ ပညာရှင်များကို အတတ်နိုင်ဆုံး ဖိနှိပ်ဝိုင်းပယ်၍ ထားလေ့ရှိရာ ထိုလုပ်ငန်းမှာကား ဇာတိမာန်ကို ပြခွင့်ရရုံမှအပ အကျိုးအမြတ်မရှိ၊ ရပ်ဆိုင်းခဲ့ရသည်။ ဦးနာအောက် ကွယ်လွန်သောအခါ ဧရာဝတီကုမ္ပဏီကိုပင် ငွေ ၆-သိန်းနှင့် ထိုးအပ်ခဲ့ရလေ၏။

ကတိုးကော့နပ်တွင် ဦးနာအောက် တည်ထောင်ခဲ့သော ကျောင်းကန်ဘုရားများကို ယခုတိုင် ကြည်ညိုနိုင်ပါသေး၏။

ဘုရားဒကာ သူဌေးကြီး ဦးနာအောက် အကြောင်းကို .... စာရေးဆရာဦးသိန်းဖေမြင့်က "ကျွန်ုပ်တို့ မွန်မြန်မာ" စာအုပ်တွင် ရေးသားဖော်ပြထားချက်မှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

ဦးနာအောက်ဟု မြန်မာသံနှင့် ခေါ်ကြသော ဦးနိုင်အော့(ဂ်)သည် နွားကျောင်းသားဘဝမှ စခဲ့ပြီးနောက် သစ်လုပ်ငန်းနှင့် သူဌေးကြီး ဖြစ်သွားသည်။ ကရင်

http://www.dhammadownload.com



မိတ်ဆွေ ရှမ်းမိတ်ဆွေများကို စည်းရုံးပြီး သံလွင်အလယ်ပိုင်း ခက်ခဲလှသော သစ်တောကြီးများမှာ သစ်ထုတ်လုပ်ရေး လုပ်ပြီးနောက် ကျောက်ဆောင် ပေါလှသော သံလွင်မြစ်ကြောင်းတွင် သစ်ဖောင်များကို မျှောချနိုင်သူဖြစ်သည်။ အခြားသစ်ကုန်သည်တွေထက် သစ်အရောင်းအဝယ်လုပ်(လာဘ်)မြင်သူ ဖြစ်သည်။ သူဌေးကြီးဖြစ်လာသည်အထိ မာန်မာနမရှိ။ အဝတ်အစား၊ အနေအထိုင်၊ ပေါင်းသင်းဆက်ဆံပုံ ယခင် ဆင်းရဲစဉ်ကအတိုင်း ဖြစ်သည်ဆို၏။

တစ်ခါသော် အင်္ဂလိပ်အရာရှိကြီး တစ်ယောက်သည် ကတိုးသို့ ရောက်စဉ်နာမည်ကျော်ကြားလှသော သူဌေးကြီး ဦးနာအောက်ကို ကြည့်လိုသဖြင့် သူ့အိမ်သို့ သွားလေသည်။ အိမ်ပေါ်သို့ မတက်သေးဘဲ အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ အင်္ကျီမပါဘဲ နီးဖြာနေသော လူတစ်ယောက်ကို "ဦးနာအောက်ကို တွေ့ချင်ပါတယ်၊ ရှိပါသလား" ဟုမေးလိုက်သည်။ ထိုလူက နီးဖြာရင်းကပင် "ရှိပါတယ်ခင်ဗျာ၊ ထိုင်ပါ၊ ဦးနာအောက်ဆိုတာ ကျွန်တော်ပါပဲ" ဟု ပြောကာ ကွပ်ပျစ်ပေါ်မှာပင် ထိုင်စေသည်ဟူ၏။

အင်္ဂလိပ်အရာရှိသည် အံ့အားသင့်သွားပြီး အနေအထိုင် ရိုးသားမှုအတွက် သူဌေးကြီးကို လှိုက်လှိုက်လှဲလှဲ ချီးကျူးခဲ့သည်ဆို၏။

ဦးနာအောက်သည် သိန်း ၄၀–ကျော် ကြွယ်ဝသော သူဌေးကြီးဖြစ်သည်ဟု သိရ၏။ (ထိုစဉ်က ဆန်တစ်တင်း တစ်ကျပ်ဈေး၊ မင်းစေပြာတာ လခ ၆–ကျပ်နှင့် ရာဇဝတ်နှင့် တရားမ တရားသူကြီးလစာ ၁၂၅–ကျပ် ဖြစ်လေရာ ငွေ သိန်း–၄၀ ကြွယ်ဝမှုကို ခန့်မှန်းကြည့်ရန် ဖြစ်ပါ၏။)

ဦးနာအောက်သည် ကတိုးရွာတွင် ငွေ ၃–သိန်း အကုန်အကျခံ၍ တန်ဆောင်း၊ ကျောင်းနှင့် သိမ်များကို ဆောက်လုပ်လှူဒါန်းထား၏။ (ထိုကျောင်းသည် သံဃာ ၁၀၀–ကျော်ရှိ၍ ထိုခေတ်က နာမည်ကြီး စာသင်တိုက်တစ်ခုဖြစ်ပြီး ဂျာမန်–ဂျပန် စသော နိုင်ငံခြားသား ရဟန်းတော်များပင် လာရောက် စာသင်ကြသည်ဟု မှတ်သားဖူးပါ၏။ စာတည်းသူ။)

ဦးနာအောက်သည် ၁၁၉၄–ခုနှစ်၊ ကဆုန်လတွင် မွေးပြီး ၁၂၇၅–ခုနှစ်၊ နယုန်လ အသက် (၈၁)နှစ်တွင် ကွယ်လွန်ခဲ့သည်။ လွတ်လပ်ရေးခေတ်အထိ ကတိုးရွာတွင် သံလုံးဝမသုံးဘဲ သစ်သားနှင့်ချည်း ဆောက်ထားသော ဦးနာအောက် အိမ်ရှိပါ၏။ ယခု မရှိတော့ပြီ။ အမွေဆက်ခံသူများက ဖျက်ဆီးပြီး သစ်သားတွေ ရောင်းစားလိုက်ကြပြီဆိုပါ၏။ ကော့နှပ်ဘုန်းကြီး ကျောင်းဝင်းအတွင်းတွင်မူ ဦးနာအောက်၏ ရုပ်တု ကျောက်ဖြူသားဖြင့် ထုလုပ်ထားသည်ကို ယနေ့တိုင် တွေ့နိုင်ပါသေး၏။

---

http://www.dhammadownload.com



ကျောက်ဆစ်ရုပ် ထုခအဖြစ် .... ကျောက်ဆစ်ဆရာအား ထိုခေတ်က ငွေတန်ဖိုး ငါးထောင်ကျပ် ဆုချသည်ဟု သိရှိရပါ၏။

●

## ပဲခူးသူဌေး ဦးစိန်ဝင်း

လောက၌ သူဌေးဖြစ်ချင်သူ၊ သူဌေးဖြစ်မှ လှူမည့်သူများပေါ၍ သူဌေးအကြောင်း (သူဌေးဖြစ်နည်း)ကို ဆက်၍ရေးရပါဦးမည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီ ပဲခူးမြို့၌ လူမှုရေး၊ စီးပွားရေး၊ ဘာသာ သာသနာရေးမှန်သမျှတွင် ပဲခူးသူဌေး ဦးစိန်ဝင်း မပါသော ကိစ္စဟူ၍ မရှိသလောက်ဖြစ်၏။

ဦးစိန်ဝင်း သူဌေးဖြစ်လာပုံကို ပြောရလျှင် ဦးစိန်ဝင်းလည်း ရှေး၌ပြခဲ့သော သူဌေးများနည်းတူ ဆင်းရဲသား လယ်ကူလီ လယ်သမားဘဝမှ ချမ်းသာကြွယ်ဝလာသူဖြစ်၏။ သူဌေးက မွေးသော သူဌေးမဟုတ်ပါချေ။ သို့ရာတွင် သူဌေးဖြစ်လာပုံမှာ တန်ခိုးကြီးသော ရဟန္တာ အရှင်မြတ်များကိုလည်း မလှူရ၊ နတ်များ မ,စသည်ဟုဆိုရန်လည်း မရှိ၊ လယ်ထွန်ရင်း ထွန်သွား၌ ရွှေပြားများ ငြိပြီးပါလာရာမှ သူဌေးဖြစ်လာရခြင်းဖြစ်၏။

အနည်းငယ် ဆိုပါဦးအံ့ .... ၊ မောင်စိန်ဝင်းသည်။ ဆင်းရဲသားဘဝ၌ လယ်မြေများစွာပိုင်ဆိုင်သော သူဌေးတစ်ဦးထံ၌ လယ်ကူလီအခစား လုပ်ရ၏။ သူ၏ ရိုးသားမှု၊ ကြိုးစားမှု၊ လုပ်ငန်းခွင်တွင် စည်းကမ်းရှိ၍ ကျေးဇူးသိတတ်မှု၊ ရဟန်းသံဃာ လူကြီးသူမတို့အပေါ် ရိုသေကျိုးနွံမှုနှင့် အရွယ်နှင့်မလိုက်အောင် ဝတ်တက်မြဲမှုတို့ကြောင့် လယ်ပိုင်ရှင်သူဌေးလင်မယားတို့၏ အားထားယုံကြည်ခြင်း ခံရသည်။

မောင်စိန်ဝင်း အိမ်ထောင်ပြုသောအခါ တစ်မိသားစု လုပ်ကိုင်စားသောက်လောက်အောင် လယ်များခွဲဝေ၍ အပိုင်ပေးလိုက်၏။ ထိုလယ်ကို ထွန်ရင်း ထွန်သွား၌ ပြတ်ပါလာသော အရာဝတ္ထုကို သေချာစွာ ရေဆေးကြည့်သောအခါ ရွှေပြားဖြစ်နေသည်ကို သိရလျှင်သိခြင်း မိမိကျေးဇူးရှင် မူလပိုင်ရှင်ထံ သွား၍ပေး၏။

"ဦး .... လိုက်ကြည့်ပါဦး၊ မြေကြီးထဲမှာ တော်တော်များများ ရှိဦးမယ်ထင်ပါတယ်။ ကျွန်တော်တော့ လောဘတပ်မိနေမှာစိုးလို့ အဲဒီနေရာကို စမ်းတောင်မကြည့်ခဲ့သေးဘူး၊ ကျွန်တော် ထွန်ကြီး သည်အတိုင်း ရပ်ထားခဲ့တယ်။ အမြန်လိုက်ခဲ့ပါ"

http://www.dhammadownload.com



"နေပါဦး .... မောင်စိန်ဝင်းရဲ့။ ရော့ .... ရော့ .... မင်းရွှေ, မင်းယူထား၊ ငါနဲ့မဆိုင်ဘူး၊ မင်းထိုက်လို့ မင်းရတာ အဲဒီလယ်ကို ဦးက မင်းကို အပိုင်လွှဲပေးပြီးသား၊ မင်းလယ်၊ မင်းလယ်ထဲကရတဲ့ရွှေပဲ၊ မင်းရွှေပဲ။ အေး .... မင်းလယ်ကိုလည်း ဦး .... မလိုက်ပါရစေနဲ့၊ မင်းလိုပဲ ဟိုရောက်လို့ ရွှေတွေအများကြီးမြင်နေရင်လည်း ဦးလည်း စိတ်ပြောင်းပြီး မတော်လောဘဖြစ်နေဦးမယ်၊ ကဲ .... ကဲ .... သွားတော့"

မောင်စိန်ဝင်းမှာ ဝမ်းလည်းသာ၏။ ပြန်၍လည်းမပြောတတ်၊ အိုးတိုးအမ်းတမ်း အားနာသလိုလို ဖြစ်နေ၏။

"ဒီမှာ .... မောင်စိန်ဝင်း၊ ဦးစိတ်ထဲမှာ မင်း ပြောလိုက်ကတည်းက ရထိုက်လို့ရတယ်ဆိုတာကို ချက်ချင်းသဘောပေါက်သွားတယ်။ ဘာမှ ငါတို့ကို အားတုံ့အားနာဖြစ်မနေနဲ့၊ ဟိုတုန်းက မင်း မကြာခဏပြောဖူးတယ် မဟုတ်လား၊ ကျွန်တော်ဖြင့် လယ်ထွန်ရ စပါးရိတ်ရတာ မောတယ်ပန်းတယ်လို့ မရှိဘူး။ ရွှေရောင်တဝင်းဝင်းနဲ့ ရွှေမော်ခေါစေတီကြီးကို လယ်ကွင်းထဲက လှမ်းပြီးဖူးလိုက်ရရင် အမောကိုပြေ သွားတာပဲ .... ဆို။ ဆင်းရဲသားတွေ အမြဲတမ်း ကုသိုလ်ရအောင် လုပ်သွားကြတဲ့ ရှင်ဘုရင်တွေ သူဌေးတွေကို သိပ်ကျေးဇူးတင်ဖို့ ကောင်းတယ်၊ မင်းပြောနေကျစကား"

"ဟုတ်ပါတယ် .... ဦး၊ ခုလည်း ဒီအတိုင်းပါပဲ"

"အေး .... ရွှေမော်ခေါစေတီကြီးကို မင်းက ဦးတို့ထက် ပိုဖူးရတော့ မင်းမှာ ပိုကုသိုလ်ရပြီး ယခုလိုဖြစ်တာ၊ ဦး .... ဘာမှ သဝန်တိုစရာ မရှိဘူး။ သွား .... သွား ...."

ရွှေတွေ့စဉ်က ပြောကြသော စကားများဖြစ်၏။ ထိုစိတ်ဓာတ်များကိုက နှစ်ဦးနှစ်ဝပင် ရတနာနှင့်ထိုက်တန်သော စိတ်ထားများဖြစ်ကြောင်း ထင်ရှားစေ၏။ အတုယူဖွယ်ပင်။ မောင်စိန်ဝင်း လယ်ထဲပြန်ရောက်၍ ထိုနေရာကို တူးဆွဖော်ကြည့်ရာ ဝမ်းသာလုံးဆို့ပြီး သေလောက်အောင် ကြီးမားသော မင်းသုံးရွှေလှေကြီး ဖြစ်နေသည်ကို တွေ့ရလေ၏။

ဒုတိယကမ္ဘာစစ်မဖြစ်မီကနှင့် စစ်ပြီးနောက်ကာလတွင် သူဌေးဟူသော ဝေါဟာရနှင့်စပ်၍ အဓိပ္ပာယ်ဖွင့်ဆိုပုံ၊ လူတို့နားလည်ပုံ များစွာကွဲလွဲလာခဲ့သည်။ သူဌေးများကိုယ်၌က သူဌေးဖြစ်လာကြပုံ၊ သူဌေးအဖြစ် ရပ်တည်ပုံမတူသောကြောင့် လောမသိ။

'ကြီးစားရှာဖွေ၊ ချွေတာသုံးစွဲခြင်း၊ ဒါနအကျိုးပေး၊ ရေးဘုန်းရေးကံ' ဟူသော အသုံးအနှုန်းများနေရာ၌ 'ခေါင်းပုံဖြတ်၊ အမြတ်ကြီးစား၊ သွေးစုပ် ဘူဇွာ' ဟူသော ဝေါဟာရများ ဝင်လာကြသည်။

http://www.dhammadownload.com



အထူးသဖြင့် ကွန်မြူနစ်ဝါဒကြီးသည် ကမ္ဘာလူများစုအကြိုက် ဣသသာမဆွေရများကို ရိုက်သွင်း၍ပေးလိုက်ရာ ဆင်းရဲသားတို့သည် လက်သီးလက်ရုန်းတန်းကာ အသံကုန် အော်ဟစ်ခဲ့ကြရရှာ၏။ ပွဲပြီးလျှင် အသံပြာလျှာထွက်၍ ဆင်းရဲသား ဆင်းရဲသားပင်တည်း။ ကွန်မြူနစ်ဆရာကြီးတို့သာ သူဌေးကုလားထိုင်၌ အမြိန့်သား ထိုင်ကြလေ၏။

ပဲခူးသူဌေးဦးစိန်ဝင်း၏ ရတနာလက်ကျန်များမှာလည်း ထိုခေတ်ပြောင်းကာလကြီးနှင့်ကြုံလေရာ သူဌေးကုလားထိုင်၌ ကွန်မြူနစ်ခေါင်းဆောင်ကြီးတစ်ဦး ထိုင်သွားခဲ့သည်ဆို၏။ သည့်မျှမက 'မြန်မာပြည်မှာ သူဌေးကြီးနှစ်ဦးရှိသည်'ဟု ဆိုကာ ရွှေတိဂုံစေတီတော်ကြီးကိုပင် မျက်စောင်းထိုးနေခဲ့သူဖြစ်သည်။ သို့ရာတွင် နိုင်ငံတော်ရာဇပလ္လင်ကိုပါ ဆက်၍ထိုင်ချင်နေသဖြင့် ထိုင်ခုံလွတ်ကာ တစ်နေရာပြီး တစ်နေရာ၊ တစ်တောပြီးတစ်တော၊ တောပြောင်းနန်းစိုက်ရင်း တပည့်ကျွန်ယုံတော် တစ်ဦး ဆက်သလိုက်သော ကျည်ဆန်ဖြင့်ပင် အီးအီးပါရင်း နတ်ရွာမစံဘဲ ကံကုန်ခဲ့ရရှာလေပြီ။

ပဲခူးသူဌေးဦးစိန်ဝင်း၏ ရတနာလက်ကျန်များလည်း အခြားထိုက်တန်ရာ တစ်နေရာ၌ သိုက်ပြောင်းရွှေ့ကြရပြန်လေပြီ။

## မြေနှင့်ရွှေငွေတို့က ပြက်ရယ်ပြုခြင်း

"ငါ့လယ်, ငါ့ယာ၊ ငါ့မြေတာဟု၊ ဥစ္စာခင်မင်၊ ဆိုပြန်လျှင်လည်း၊
အရှင်မဲ့ပါ၊ ငါတို့မှာကား၊ ကမ္ဘာမကျေ၊ မခြင်းနေ၏၊ ဖောက်သွေယွင်းယို၊
သင်းတို့ကိုယ်မှ၊ လိုမပိုင်ပဲ၊ဖွတ်သရဲဟု၊ကျိန်ဆဲသော့နှယ်၊မြေကရယ်၏။'

"ငါ့ဝယ် ငါ့ရွှေ၊ ငါ့ကြေးငွေဟု။ စိတ်စေကြည်သာ၊ ဆိုပြန်ပါလည်း၊
ကြမ္မာဆော်တိုက်၊ ကောင်းတော်ခိုက်ကို၊ ဧည့်ဆိုက်မျှသာ၊ တည်းခိုပါရှင့်၊
ငါးဖြာရန်သူ၊ ယူလှည့်တို့ပါ၊ သေမင်းခွာလည်း၊ သင့်ရာအလျောက်၊ တို့ရောက်သည်ပင်။ တို့အရှင်လျှင်၊ ဖြစ်ချင်လွန်းလှ၊ လွန်မင်းစွာ့ဟု၊ ခေါ်သချီချယ်၊ ရွှေငွေရယ်၏။"

(စိန္တကျော်သူ–ဩဝါဒထူးပျို့)

http://www.dhammadownload.com



## ကိုယ့်အားကိုယ်ကိုး ရိုးသားခြင်း

ပြဆိုပြီး ဦးစီ၊ ဦးဖုန်း၊ ဦးဓိန၊ ဦးဆုရ၊ ဦးနာအောက်၊ ဦးစိန်ဝင်းတို့သည် ဆင်းရဲသားမှ နေ့ချင်းညချင်း သူဌေးဖြစ်လာကြပုံချင်း တူကြ၏။ မည်သည့် မျှော်လင့်ချက်၊ မည်သူ့အားကိုးမှုမျှ မရှိပုံချင်းလည်း တူညီကြသည်။

သို့ရာတွင် ဦးစီနှင့် ဦးဖုန်းတို့ကား ရဟန္တာပုဂ္ဂိုလ်ထူးများအား လှူဒါန်းရ၍၊ ဦးဓိနနှင့် ဦးဆုရတို့လည်း နတ်မ,၍ဟု ဆိုသော် ဆိုနိုင်ရာ၏။ သို့သော် ဦးနာအောက်နှင့် ဦးစိန်ဝင်းတို့ကိုမူ ပုဂ္ဂိုလ်ထူးကို ဖူးရလှူရ၍ နတ်မ,၍ဟုဆိုရန် ခက်၏။

"အဘယ်ကြောင့် ပုဂ္ဂိုလ်ထူးကို သူတို့သာ ဖူးခွင့်လှူခွင့်ရသနည်း၊ ထိုသူတို့ကိုမှ ရွေးချယ်၍ အဘယ်ကြောင့် နတ်က မ,ရသနည်း" ဟူသော မေးခွန်းကို ထုတ်စစ်ကြည့်ပါလျှင် ဖြစ်ပုံခြင်းမတူ ကွဲပြားခြားနားကြစေကာမူ အခြေခံမှုတစ်ခုတည်းသာဖြစ်ကြောင်း သဘောပေါက်သင့်၏။

ထိုတစ်ခုတည်းသော အခြေခံကား ကိုယ့်အားကိုယ်ကိုး၍ ရိုးသားစွာ လုပ်ကိုင်ခြင်းပင်တည်း။

ဘယ်သူ့မှ **အားကိုးလို့မရ**၊ ကိုယ့်ကိုယ်သာအားကိုး၍ ကိုယ်လုပ်သမျှ ကိုယ်သာခံရ၊ စံရမည်ဖြစ်သဖြင့် ကောင်းကျိုးရအောင် အတတ်နိုင်ဆုံး အကောင်းတွေ ချည်းရွေး၍လုပ်ရ၏။ (အတ္တဟိ အတ္တနော နာထော၊ ကောဟိနာထော ပရော သိယာ။ ဓမ္မပဒ။)

လုပ်တာကိုင်တာ ပြောဆိုတာ၊ နောက်ဆုံး နှလုံးစိတ်ဝမ်းထဲကိုက ရိုးသားရ၏။ အရိယာပုဂ္ဂိုလ်တို့၏ အလုပ်ဂုဏ်မှာလည်း "ဥဇုပ္ပဋိပန္န=ရိုးသားစွာ ပြောဆိုနေထိုင် လုပ်ကိုင်ကြံစည်ခြင်းပင်" မဟုတ်ပါလော။ ဤ **'ရိုးသားခြင်း'** သည် ကိုယ်ကျင့်တရား(သီလ) အားလုံးပင် ပါဝင်နေသဖြင့် လောက၌ ဤအရည်အချင်းတစ်ခုတည်းနှင့်ပင် အရာရာအထွတ်အထိပ်ရောက်နိုင်၏။ ရိုးသားခြင်းသည် ထိုမျှလောက် တန်ဖိုးကြီး၏။ အရိယာတို့နေနည်းပင်တည်း။ ရိုးသားမှု အထွတ်အထိပ်ရောက်သူကိုပင် 'အရိယာ'ဟုခေါ်ရ၏။

**'ကိုယ့်အားကိုယ်ကိုး'** ဟူသော အဓိပ္ပာယ်ကို တကယ်သက်ဝင်နားလည်နေလျှင်လည်း ထို 'ရိုးသားမှု'ကို တသီးတခြား လုပ်ယူနေရန် မရှိတော့ပြီ။

အရာရာ၌ ရိုးသားလျှင် ကိုယ်သာခံရမည်၊ မရိုးသားလျှင်လည်း ကိုယ်သာခံရမည် မဟုတ်ပါလော၊ ကိုယ်လုပ်တာ ကိုယ်သာ တာဝန်ယူရမြဲ။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုခါနီး အချိန်ပိုင်းအထိ (အတ္တဒီပါ ဘိက္ခဝေ ဝိဟာရထ အတ္တသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ) ကိုယ့်ကိုယ်ကိုယ်(ဝါ)

http://www.dhammadownload.com



ကိုယ့်အရည်အချင်း(ဓမ္မ)ကို ကိုင်းကျွန်းပမာ ပဓာနထောက်တည် မှီခိုရာကြီးအဖြစ် အားကိုးရစ်ကြရန် မိန့်မှာတော်မူသွား၏။

ဤသဘောကို နှစ်နှစ်နှော့နှော့ သဘောကျ၍ ကိုယ်ကျင့်သီလ ကိုယ်ချင်းစာတရား မိဘ သားမယားနှင့် ရတနာသုံးပါး ဝတ်ပြည့်စုံနေသူ၊ ကိုယ့်အားကိုယ် ယုံကြည်အားကိုးနေသူ၊ ရိုးသားနေသူသည် ပုဂ္ဂိုလ်ထူးများကို ရှာဖွေမျှော်လင့်နေရန်၊ ဝိဇ္ဇာထူးများကို ရှာဖွေမျှော်လင့်နေရန်၊ ဝိဇ္ဇာဇော်ဂျီ တပည့်တွေနှင့် တွေ့ဆုံကူညီမှု ရဖို့ ပွဲထိုးစောင့်မျှော်နေရန်၊ စီးပွားရေးလုပ်ငန်းကိုင်ငန်း မကောင်း၍ နတ်ကန္နား ပေးရန် အဘယ်မှာလိုတော့မည်နည်း။

"ကိုယ့်အားကိုယ်ကိုး" "ရိုးသားခြင်း" သဘောကို တစ်ခေါက်ပြန်၍ ဖတ်ပြီးလျှင် သေသေချာချာစဉ်းစားပါ ဗုဒ္ဓဝါဒ၌ အရင်း+အမြတ် အကျဆုံးကမ္မနိယာမ ပဓာန ဖီလော်ဆဖီကြီးပင်တည်း။

အရင်းနည်းနည်းနှင့် အမြတ်များများရလိုမှု၊ တစ်သိန်းမျှော်ကိုး၍ ၂-ကျပ်ဖိုး (ထီထိုး) စွန့်လွှတ်သကဲ့သို့ ထောင်မြင်ရာစွန့်သော အလှူပေးခြင်း၊ လူမှုရေး အကူအညီပေးခြင်း၊ သီလစောင့်ခြင်း စသည်များလည်း အမျှော်ဒါန အမျှော်သီလများ ဖြစ်၍ 'ကိုယ့်အားကိုယ်ကိုး ရိုးသားရခြင်း' ဟူသော ဗုဒ္ဓဝါဒအခြေခံမှုနှင့် မည်မျှဆန့်ကျင်နေကြောင်း အထူးပြောဖွယ်မရှိပါ။


သာသနာရေးကိစ္စ၊ လူမှုရေးကိစ္စအဖြာဖြာနှင့် ဒါနသီလကို မဆိုထားဘိ၊ ဝိပဿနာ တရားအားထုတ်ကြရာ၌ပင် တရားလောဘကြီးကြ၏။ ကလေးအချင်းချင်း မုန့်မျှော်သကဲ့သို့ နိဗ္ဗာန်ကိုပင် မျှော်ကြ၏၊ ပို၍ သိမ်မွေ့သော ဝိပဿနာအလုပ်၌ အလွန်အရေးကြီးသော စခန်းရောက်လေ၊ အမျှော်ဝင်လျှင် ဝင်သည်နှင့် တစ်ပြိုင်နက်၊ ချက်ချင်း အောက်ကျသွားလေဖြစ်သည်မှာ ပို၍ထင်ရှား၏။ အမျှော်လောဘဆန္ဒ၏ အနုတ်လက္ခဏာ အင်အားကိုလည်း သိထားသင့်သည်။

ကိုယ့်လုပ်အားနှင့် တန်သောအကျိုးအား ပြေး၍မလွတ်ပြီ၊ တမင်မျှော်လင့်နေရန် မလိုပြီ။

ထိုသဘောတရားကား အလွန်သိမ်မွေ့လှ၏။ ထို ပင်ကိုယ်စိတ်နေစိတ်ထား (စေတနာ) ရိုးသားမှု၊ မရိုးသားမှုကို ရည်ညွှန်း၍ ဒါနအရာ၌ ပြောထပြောလေ့ရှိသော "ညောင်စေ့လောက်လှူ၍ ညောင်ပင်ကြီးလောက်ရ၊ ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့လောက်ရ" စကားမှာ အလွန်သဘာဝကျလေ၏။ ကိုယ့်အား ကိုယ်ကိုး ရိုးသားခြင်းကို အဓိပ္ပာယ် ထပ်ဆင့်ဖွင့်ဆိုခြင်းပင် ဖြစ်၏။

http://www.dhammadownload.com





## ဆရာတော်ဦးဖုဓ်နှင့် နန်းမတော်မယ်နုကျောင်းအလှူ

တစ်ခါက ဘကြီးတော်မင်း လက်ထက် (၁၁၈၁–၁၁၉၉) စာတတ်အကျော် ညောင်ကန်ဆရာတော်ဦးဖုဓ်၏ အုတ်ကျောင်းအစ်မ မိဖုရားခေါင်ကြီးနန်းမတော် မယ်နုသည် မိမိအလှူဒါနများနှင့်စပ်၍ ဆရာတော်ဦးဖုဓ်အား ဤသို့လျှောက်ဖူး၏။

မယ်နု ။ ။ တပည့်တော်မသည်(အင်းဝမြို့ရှိ) ဤအုတ်ကျောင်းကြီးကို သုံးသိန်းကျော် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းပါသည်။ ဓာတ်ရှာ ဖလံခုံ၌လည်း တစ်သိန်းကျော်မျှ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းပါသည်။

ထိုသို့ လှူရပါသော်လည်း ကောင်းမှုတရားတို့၌ အားရတင်းတိမ်ခြင်းမရှိနိုင်ဖြစ်ပါ၍ အခါခပ်သိမ်း ဆွမ်း, သင်္ကန်း, ထီး, ဖိနပ်, စသော ဝတ္ထုများကိုလည်း လှူဒါန်းလျက် ရှိပါသည်။ ထိုကုသိုလ်ဒါနများ၏ အကျိုးတရားတို့ကို ဟောကြားတော်မူပါဘုရား။

http://www.dhammadownload.com



ဦးဖုမ်  ။ ။(နန်းမတော်မယ်နုအား ရွှေဖလားနှင့် ရေအပြည့် ခပ်ယူစေ၍ တစ်စက်မကျန် သွန်ပစ်စေပြီးနောက်) အင်း ... နင့်အလှူမှာ ယခု သွန်ပစ်လိုက်သောရေနှင့် လှူလို့ကုန်သောပစ္စည်းနှင့် တူ၏။ ဖလား၌ကပ်ကျန်ရစ်ခဲ့သော ရေနှင့် အကျိုးရသည်နှင့် တူ၏ (ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို မျှော်၍ လှူသော ကုသိုလ်သည် ယုတ်ညံ့သည်ဟု ဆိုလို၏။ ထိုသို့ ဟောလိုက်သည်ကို မကျေနပ်၍ စစ်ကိုင်းတောင် ဘီလူးဆရာတော်ကြီးအား သွား၍လျှောက်ပြန်ရာ)

တောင်ဘီလူး  ။ ။ တကတည်းဗျာ ... ငါတို့သာသနာမှာ စာတတ်သူနည်းပါး၍ အားမဲ့နေရာ တောင်ဘက်ကမ်းက ဦးဖုမ်တစ်ပါးဖြင့် ရှိသေးရဲ့ ... လို့ အားကိုးနေပါတယ် ... တယ် မျက်နှာလိုက်သကိုး ဟု မိန့်တော်မူလိုက်လေသည်။

## ဘုရားမ,ခံချင်သူ၊ ဘုရားကို နားပူနာဆာတိုက်

ဒါနစသော သာသနာရေး၊ လူမှုရေးအလုပ်များကို လုပ်ကြရာ၌ (ဝိဇ္ဇာအကူ၊ နတ်အကူမှအစ၊ လက်ဖွဲ့ငွေ၊ ကူငွေအထိ) အပြင်ပမှ အကူအညီ အမ,အစကို မဆိုထားဘိ၊ အမှန်တကယ်ရနိုင်သော အကျိုးများကိုပင် မမျှော်ရ။ အကျိုးရလိုမှုကို ရှေ့တန်းမတင်ရ။ "ဤရတနာသုံးပါးဝတ်ကို ငါ အဘယ့်ကြောင့် လုပ်သင့်သနည်း" ဆိုသည်ကိုသာ အပြန်ပြန်အလှန်လှန် စဉ်းစားသင့်၏။ ကျေနပ်အောင် လေ့လာသင့်၏။ ကိုယ့်ကိုယ်ကိုယ် မေးစစ်သင့်၏။

"လေးသချေ်နှင့် ကမ္ဘာတစ်သိန်း ကိုယ်တော်တိုင် ဘဝများစွာ အနစ်နာခံပြီးမှ ရရှိသိမြင်သောတရား၊ တစ်စွန်းတစ်စသိရုံမျှဖြင့်ပင် ငါ့မှာသက်သာရာ ချမ်းသာခွင့်ရပေ၏။ ထိုတရားတော်များကို မပျောက်မပျက်အောင် အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်၍ သတ္တဝါအများချမ်းသာအောင် ဆောင်ရွက်တော်မူနေကြသော သံဃာတော်များ ..."

"ငါ့မှာ ဆပ်၍မကုန်နိုင်သော ကျေးဇူးတွေများလှပါတကား။ ငါ လှူတာ သူဌေးဖြစ်ချင်လို့လား၊ နတ်ပြည်ရောက်ချင်လို့လား၊ ကျေးဇူးဆပ် ပူဇော်တာလား။ သည်တရားတွေ တည်တံ့ပြန့်ပွားအောင် ထောက်ကူတာလား ...."

သင်ရှာဖွေထားသော ပစ္စည်းကသာ ရိုးသားမှန်ကန်ပါစေ၊ ဓမ္မိယလဒ္ဓဖြစ်ပါစေ၊ ဤလောက၌ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးထက် ထူးသောပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်

http://www.dhammadownload.com



ဟူ၍ အဘယ်မှာ ရှိနိုင်ပါတော့အံ့နည်း။ ထိုပုဏ္ဏိုလ်ထူးပုဂ္ဂိုလ်မြတ်ကြီးကို ကျွန်ုပ်တို့ အမြဲတမ်းရရှိနေပါ၏။

ဤကမ္ဘာမြေထုကြီးကပင် နှစ်ပါးပြိုင်၍ ထမ်းဆောင်ရန် မစွမ်းနိုင်လောက်အောင် ဂုဏ်ကျေးဇူးထုထည်ကြီးမြတ် လေးလံတော်မူလှသော ဤသို့သော အတုမဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးအား ပေးလှူပူဇော်ရသော သင့်ကုသိုလ်ကား သူဌေးဖြစ်လိုလျှင်လည်း မုချဖြစ်လာစေမည်ဟု အကြွင်းမဲ့ ယုံကြည်ပါလေ။ သို့သော် ဘာကြောင့် သင် ဒီအလုပ် လုပ်သည်ဆိုတာကိုတော့ သင်သိဖို့လို၏။ အဘယ်ကြောင့်ဆိုသော် သင့်အသိကသာ သင့်အားမြှင့်တင်ကယ်မ၍ ဘုရားရှင်က ကယ်မ,မည် မဟုတ်သောကြောင့်တည်း။

ဤ၌ အမျိုးသမီးနှစ်ယောက်၏ ဗုဒ္ဓအပေါ် သဘောထားပုံ တကယ့်အဖြစ်အပျက် နှစ်ခုကို ဖော်ပြလို၏။

တစ်ဦးက တစ်ယောက်တည်းသောသား သေလုမျောပါး ဖြစ်နေ၏။ တစ်ဦးမှာ စိတ်မပြည့်သော သားနှင့် မိမိလင်ယောကျ်ား ရာထူးတက်ရန် ပြင်းပြနေသူ ဖြစ်သည်။ ဘုရားကို ပန်း၊ ရေချမ်း၊ ဆွမ်း တစ်ခုပြီးတစ်ခု သွားလှူလိုက်၊ အပူတပြင်း အငန်းမရ ရသမျှ တတွတ်တွတ် ရွတ်လိုက်ဖတ်လိုက်၊ ဘုရားကို နပူနဆာတိုက်ကြသည်။ သာသနာစောင့် နတ်ကြီးများကိုလည်း နားညည်းလောက်အောင် အခေါက်ခေါက် ပင့်ခေါ်တိုင်တောလိုက်ကြသေး၏။ ခဏခဏ ပန်းရေချမ်းကပ်၊ ဆင်းလိုက် တက်လိုက် ရွတ်ဖတ်နေသည့်ကြားကပင် တစ်ဦးမှာ သားကွယ်လွန်၍ တစ်ဦးမှာ လင်အရာရှိကြီး ရာထူးကျ၏။ ဩဇာသီးနှင့် ကြာဆန် ဓာတ်ဆင်သော အလှူကလည်း မကယ်တော့ပေ။

ထိုအခါ ဘုရားရှေ့သွား၍ ဘုရားကိုလက်ညှိုးထိုးပြီးလျှင် နင်နှင့်ငါနှင့် အပြတ်ပြောဆိုမိကြရာလေတော့၏။ ဂိုဏ်းလမ်းစဉ်၌ သက်ဝင်ကြီးပြင်းခဲ့ရသူများပီပီ ဘုရားရှင်က မ,လိမ့်မည်ဟု မျှော်လင့်ထားကြဟန်တူလေသည်။

'တုမှေဟိ ကိစ္စံ' မာတပ္ပံ၊
အက္ခာတာရော တထာဂတာ။ (ဓမ္မပဒ)
ဘုရားရှင်တို့မည်သည် ဟောကြားညွှန်ပြရုံသာ ပြနိုင်ကြကုန်၏။
ကြိုးစားအားထုတ်မှုကာ သင်တို့ကိုယ်တိုင်လုပ်ရပေမည်"

ထိုမျှ ကိုယ်ပိုင်သာသနာအင်အား နည်းသူများကား မ,စတတ်သော နတ်သိကြားများပင် မ,၍ရမည်မဟုတ်။ သွားတဲ့လမ်းရှေ့က ရွှေအိုးကြီးချပေးလျှင် မော့၍ကျော်၍သွားလိမ့်မည်။ တစ်ဖန် သွားလမ်းသစ်ပင်ကိုင်း၌ ချိတ်ဆွဲပေးထားလျှင်လည်း ငုံ့၍သွားလိမ့်မည် "မဖြစ်ချေဘူး လက်ထဲကိုထည့်ပေးမှပဲ"ဟု အောက်မေ့

http://www.dhammadownload.com



ကာ လမ်းသွားခိုက် လိုက်၍ ပေးလျှင်လည်း တစ္ဆေခြောက်သည်၊ ဓားပြတိုက်သည် ထင်ကာထွက်ပြေးလိမ့်မည်။ ရတနာရှိရာကိုမှ ရတနာလာတတ်သည် မဟုတ်ပါလား။

ထိုမှတစ်ပါး ယခုပြုလုပ်သော ကုသိုလ်ကောင်းမှုအတွက် ယခုလက်ငင်း ဒိဋ္ဌ အကျိုးကျေးဇူးကို မျှော်လင့်သည်မှာလည်း အလွန်မှားယွင်းသော မျှော်လင့်ချက် ဖြစ်၏။ (ထိုအကြောင်း 'ဆင်းရဲသားအနာထပိဏ်'၌ ကြည့်ပါ။)

## ဒါနကို ဘယ်လောက်ယုံသလဲ

အထူးသဖြင့် ဘာသာရေးကိစ္စအဖြာဖြာ၌ လုပ်ဆောင်သူ၏ယုံကြည်မှု(သဒ္ဓါ) အတိုင်းအတာနှင့် စေတနာသည် အရင်းခံပစ္စည်းများဖြစ်ကြ၏။ မရှိမဖြစ်သော အရင်းအနှီးများ ဖြစ်ကြ၏။

'ယုံကြည်၍ လုပ်နေပါသည်' ဆိုရစေကာမူ အနုနှင့်အရင့် ဒီဂရီကွာခြားဖြစ်၏။ စေတနာကား ကမ္မသတ္တိ ကမ္မနိယာမ၏ အရာဖြစ်ရာ သာ၍ကျယ်ဝန်း၏။ လေးနက်၏။ တစ်ကျမ်းတစ်ဖွဲ့ရေးမှ အထိုက်အလျောက် ဉာဏ်ကျက်စားနိုင်သည်။ ထို့ကြောင့် ယုံကြည်ခြင်း(သဒ္ဓါ)ကိုသာ ဤ၌ သုံးသပ်ဖော်ပြလို၏။ ယုံကြည်မှုတိုးပွားစေမည့် စာများကိုဖတ်ရ၏။ နာရ၏။ ကျက်ထားရ၏။ အထူးသဖြင့် အထပ်ထပ်ရွတ်ဆိုကြည့် ရ၏။ ပရိတ္တန်းဂါထာအနက်များ၊ ဂုဏ်တော်အနက်များ၊ ဆိုင်ရာလင်္ကာသံပေါက်များ၊ ဥပမာ– အရဟံ ဂုဏ်တော်တစ်ပုဒ်၏ အနက်ကိုကျက်ပြီး အထပ်ထပ်ရွတ်ကြည့်ပါ၊ မကြာမီ နှုတ်မှနားမှ နှလုံးသားသို့ ပြောင်းလဲစီးဝင်သွားကာ ကျေနပ်လာမည်။ စာထဲ မှာမပါသော အရဟံနှင့်စပ်သည့်အဓိပ္ပာယ် သဘောအနက်များပါ ကွင်းကွင်းကွက် ကွက် ပေါ်လာပါလိမ့်မည်။

'အရဟံ' ဟူသော စကားလုံးတစ်ခု၏ အနက်အဓိပ္ပာယ် သဘောသဘာဝကို စဉ်းစားနေခြင်းသည်ပင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း မည်တော့သည်။

"ဒီစာကိုမရွတ်ပါနှင့်၊ စဉ်းစားမနေတော့နှင့်" ဟု တားသော်လည်း သဘော အမှန်၊ ချမ်းသာအမှန်ကို ကိုယ်တိုင်သိသွားပြီဖြစ်သဖြင့် မရွတ်ဘဲ၊ မစဉ်းစားဘဲ မနေ နိုင်ပြီ။ ရွတ်တိုင်း စဉ်းစားတိုင်း ခမ်းသာအတိပြီးသည်ကို ကိုယ်သာသိလေသည်။ အမျိုးမျိုးသော ကောင်းကျိုးရပုံ၊ ဘေးရန်ကင်းပုံ စသည်တို့မှာ 'ယုံပါသည်' ဆိုသူ များပင် မယုံနိုင်အောင် ဖြစ်ရလေတော့၏။

အထူးသဖြင့် ဤကဲ့သို့ သဒ္ဓါကိုထူထောင်နေသောအခါ သဒ္ဓါနည်းသူများကို ကြပ်ကြပ်ရှောင်ကွင်းရမည်။

http://www.dhammadownload.com



မည်သည့် ဘာသာရေးကိစ္စမဟူ သဒ္ဓါမှပညာသို့ မကူးပြောင်းသေးသမျှ လည်း မခိုင်မြဲ၊ အင်အားလည်း နည်း၏။ အကျိုးသက်ရောက်မှုလည်း မထက်သန် ချေ။

သီလ၊ သမာဓိ၊ ပညာ သာသနာသုံးရပ်၏ အခြေအမြစ်ဖြစ်သော ဒါန လုပ်ငန်းမှာပင် သဒ္ဓါလောက်နှင့် မလုံလောက်။ ခရီးမရောက်။ ပညာ(ကိုယ်ပိုင်အသိ ကိုယ်တွေ့အသိ) သို့ရောက်မှ 'ဒါန'၏ အဓိပ္ပာယ်ကို နားလည်နိုင်၏။ ဒါနအလုပ်တွင် သိကြား၊ မာရ်နတ်တို့ ခြိမ်းခြောက် တားမြစ်၊ သတ်ညှစ်မည် လုပ်သော်လည်း နောက် မဆုတ်သော စိတ်မှာ သဒ္ဓါမှပညာသို့ သက်ဝင်ပြီးသော ဒါနရှင်တို့၏ အင်အားသတ္တိ ဖြစ်သည်။ (ခဒိရင်္ဂါရဇာတ်၊ ယုန်မင်းဇာတ်။)

## သူဌေးမဟုတ်သော ဒါနသူရဲကောင်းသုံးယောက်

ကျွန်ုပ် အလွန်အားကျ၍ ကြည်ညိုသော အလှူရှင် သုံးယောက်ရှိသည်။ အတုယူစရာ ကောင်းသည်။

### ဆီဝေသော ဒါနရှင်

၁။ သာစည်မှ ဟံစားမြို့သို့ မီးရထားခုတ်ရာတွင် တံဇားမြို့အရှေ့တောင်ဘက် သုံးမိုင်အရပ်တွင် သာဂရခေါ် ရွာကြီးတစ်ရွာရှိသည်။ ရှေးမြန်မာမင်းများလက်ထက် က မြို့စားရွာစားများနေသော မြို့တစ်မြို့ဖြစ်၍ အုတ်ရိုးတံတိုင်းနှင့် ကျုံးများပင်ရှိ သည်။ ယင်းရွာကြီးတွင် အရောင်းအဝယ်လုပ်၍ စိုက်ပျိုးခြင်းကိုပါ လုပ်ကိုင်နေသော ဦးကျော်ဖံ+ဒေါ်ဦးဆိုသော ဇနီးမောင်နှံရှိသည်။ (ဒေါ်ဦးမှာ ဖ–ဆ–ပ–လခေတ်က ဝန်ကြီးဖြစ်ခဲ့သော ဗိုလ်မှူးအောင်၏ အစ်မအရင်းဖြစ်သည်။) ထိုဦးကျော်ဖံ+ဒေါ်ဦး တို့သည် အလွန်ပင် ဘုရားတရားကြည်ညို၍ သဒ္ဓါတရားကောင်းသည်။ သူတစ်ပါး ကဲ့သို့ ဘုရားတွေ ကျောင်းတွေ မဆောက်လုပ် မလှူဒါန်းနိုင်သော်လည်း သူတို့အတတ် နိုင်ဆုံး ဒါနပြုသည်။

ရွာအတွင်းရှိ မည်သူမဆို မီးဖိုဆောင်တွင် သုံးရန်ဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ပဲ စသည် အလိုရှိတိုင်း အခက်အခဲရှိတိုင်း သူတို့အိမ်သို့ သွား၍ ယူနိုင်သည်။ တစ်ရွာ လုံးကို ကြေညာ၍ ပေးကမ်းသည်။ ထို့ကြောင့် ဆန်ပြတ်သူတိုင်း ဒုက္ခရောက်သူတိုင်း မိဘမကျန်းမာသောအခါ စားရေးခက်သော သားသမီးများမှစ၍ သူတို့ စေတနာကို

http://www.dhammadownload.com



ယုံကြည်သည့်အတိုင်း ဆန်လိုလျှင်ဆန်၊ ဆီလိုလျှင်ဆီ စသည်ဖြင့် သူတို့ထံမှလာ၍ ယူသည်။ သူတို့သည် အလွန့်ဝမ်းသာစွာဖြင့် ဒါနပြုနေသည်။ မည်သည့်ဆုကိုတောင်းသည်မသိ၊ စေတနာကောင်းသည်ကိုသာ ကျွန်ုပ် သိခဲ့သည်။ ဤကဲ့သို့ နှစ်ပေါင်းများစွာ ၁၅-နှစ်ကျော်သောအခါ တစ်နေ့သော နေ့လယ်တွင် သူတို့အိမ်ရှေ့တွင်ထား၍ အများအတွက် လှူရန်ထားသော ဆီအိုးကြီးမှာ ပွက်၍လာပြီးလျှင် ဆီတွေဖိတ်လျှံကျလာသည်။

## ပေါင်သားကြော်

ရှေးကလည်း ဤကဲ့သို့ ထုံးတမ်းတစ်ခုရှိခဲ့သည် မဟာဝင်ဝတ္ထုကိုကြည့်ပါ။

ဖြဟ္မဏာတိဿဆိုသော ခိုးသူကြီးသည် တဖြည်းဖြည်းလူစု၍ သူခိုးဘဝမှ ဓားပြ၊ ဓားပြဘဝမှ သူပုန်ဖြစ်၍ နောက်လိုက်အင်အား များလာသောအခါ ရှင်ဘုရင်ကို တိုက်ခိုက်၍ ကိုယ်တိုင် ရှင်ဘုရင်လုပ်သည်။ သူရှင်ဘုရင်ဖြစ်၍ လူအများ တရားမစောင့်သောအခါ .... မိုးလေဝသ ခေါင်းပါးပြီးလျှင် လူတွေငတ်မွတ်ခြင်း ဖြစ်လာခဲ့သည်။ ဆန်ရေစပါး ရှားပါးသည်။ မိုးလေဝသခေါင်းပါး၍ ဆန်ရေစပါး ရှားပါးသောကြောင့် ကံအားလျော်စွာ ရဟန္တာနှစ်သောင်း ပရိနိဗ္ဗာန် ပြုတော်မူခဲ့သည်။ များစွာကုန်သော ရဟန်းတို့သည် သီဟိုဠ်ကျွန်းမှ အိန္ဒိယပြည်သို့ ကူးပြောင်းသွားကြသည်။ တောထဲတောင်ထဲတွင် ဟင်းရွက်ပြုတ်ကိုစား၍ တချို့တလေသော သံဃာတော်များသာကျန်ခဲ့သည်။ ထိုမင်းသည် ကိုးနှစ်တိတိ တိုင်းပြည်အုပ်ချုပ်ရာ တိုင်းပြည်တွင် အလွန်ငတ်မွတ်ခေါင်းပါး၍ လူတွေသေကြသည်။ ထို့နောက် လူများက မခံနိုင်တော့၍ ထိုဘုရင်ကို ပြန်လည်တိုက်ခိုက်ပြီးလျှင် သတ်ပစ်ကြသည်။ သို့ရာတွင် မိုးလေဝသလည်း မကောင်းသေး ဆန်ရေစပါးလည်း ချက်ချင်းပေါ်မလာသေးချေ။

ထိုအခါ မြို့စွန်အဖျားတွင် နေသော ဆင်းရဲသော လင်မယားနှစ်ယောက်ရှိသည်။ တစ်နေ့သောအခါ ရဟန်းတော်တစ်ပါး သူတို့၏အိမ်ရှေ့ကို ဆွမ်းခံကြွတော်မူသည်။ ထိုလင်မယားမှာလည်း စားစရာမရှိသောကြောင့် အာဟာရပြတ်၍ ထမင်းငတ်နေသည်မှာ (၉)ရက်လောက်ရှိပြီး၊ လှူစရာဟူ၍ စားကောင်းသောပစ္စည်း အိမ်ထဲတွင် လုံးဝမရှိချေ။

ထိုအခါ မိန်းမဖြစ်သူက ဤသို့တွေးတောသည်။ "ငါတို့သည် စားစရာ မရှိသည်မှာ (၉)ရက်ရှိပြီ၊ နောက် လေးငါးရက်နေလျှင် သေရတော့မည်၊ သေရမည့်အတူတူ၊ ဤရဟန်းတော် သာသနာပြုနိုင်စေရန်၊ အသက်ရှည်စေရန် ငါ၏ပေါင်သား

http://www.dhammadownload.com



ကို ဓားနှင့်လှီး၍ ကြော်ပြီးလျှင် အမဲကြော်လုပ်၍ လှူလိုက်မည်" ဟု ဆင်ခြင်ပြီးလျှင် မီးဖိုချောင်မှ ဓားကိုယူ၍ နောက်ဖေးဘက်ရှိ ခြံထဲသို့ထွက်သွားသည်။ ပေါင်သား လှီးရန်ဖြစ်သည်။ ယောကျ်ားဖြစ်သူကလည်း သူ့မိန်းမကဲ့သို့ပင် "ငါလည်းသေတော့ မည်။ ထူးသည်မဟုတ်၊ ရဟန်းတော်အား သာသနာဆက်၍ပြုနိုင်စေရန်၊ အသက် ရှည်စေရန်၊ ငါ၏ပေါင်သားကို ဓားနှင့်လှီးဖြတ်၍ အမဲကြော်လုပ်ပြီးလှူမည်" ဟု အိမ်၏ အခြားဘက်ရှိ ခြံထဲသို့ ဓားတစ်ချောင်းနှင့် ထွက်သွားသည်။

သူတို့၏သဒ္ဓါတရား ထူးခြားစွာပြင်းထန်လှသောကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာတင်းသည်။ အလွန်နူးညံ့သော ပဏ္ဍုကမ္ဗလာမှာ ကျောက်ကဲ့သို့ မာ၍ နေသည်။ ထို့ကြောင့် သိကြားမင်းသည် လူ့ပြည်သို့ ကြည့်လိုက်ရာ ဤလင်မယားကို သွား၍တွေ့သည်။

ချက်ချင်းပင် သိကြားမင်းသည် သူတို့၏အိမ်ရှေ့၌ ပေါ်လာသည်။ အဘိုးကြီး ယောင်ဆောင်၍လာသည်။ ထို့နောက် အိမ်ရှေ့မှနေ၍ "သားတို့၊ သမီးတို့" ဟုလှမ်း၍ ခေါ်သည်။ ထိုအခါ သိကြားမင်းအသံကြား၍ လင်မယားနှစ်ယောက်သည် ဓားကို ချပြီးလျှင် အိမ်ရှေ့သို့ပြေးထွက်လာကြသည်။ ထိုအခါ လူသူတော်ယောင်ဆောင် ထားသော သိကြားမင်းသည် သူ၏လက်ထဲတွင် တစ်ပြည်ချက်နိုင်သော ထမင်းအိုး တစ်လုံးပါလာ၍ "သားတို့သမီးတို့၊ ဤထမင်းအိုးကိုယူ၍ သံဃာတော်ကိုလည်း လောင်းပါ၊ သင်တို့လည်း စားကြပါ၊ အိမ်နီးနားချင်းများကိုလည်း ဝေငှပါ" ဟုပြော၍ ထွက်သွားသည်။ ထို့ကြောင့် အိမ်ရှင်လင်မယားသည် ဆွမ်းကိုခူး၍ ဆွမ်းခံသံဃာ တော်၏ သပိတ်ထဲသို့ထည့်ရာ ထမင်းသည် ပြန်၍ပြည့်သွားသည်။ ထို့ကြောင့် သပိတ်ပြည့်အောင် အားရပါးရ လှူဒါန်းသည်။ သူတို့လည်း စားသောက်သည်။ အိမ်နီး ချင်းများကိုလည်း ပေးသည်။ ထမင်းအိုးမှာ သိကြားမင်း၏အဓိဋ္ဌာန်ကြောင့် သုံးလခန့် ပြန်၍ပြည့်လာသည်။

ထိုအခါ လူအများသည် 'ငါးပါးသီလအကျိုးကြောင့်' ဟု ငါးပါးသီလကို စောင့်ထိန်းကြသည်။ ဒါနသီလပြုကြသည်။ ထို့ကြောင့် သီးနှံများ ရှေးကထက် ဖြစ်ထွန်းပြီး မိုးလေဝသ ကောင်းလာသောကြောင့် လူတွေလည်း ကျန်းမာပျော်ရွှင် ကြသည်။ အိန္ဒိယပြည်သို့ ထွက်သွားသော ရဟန်းများလည်း ပြန်လာကြသည်။ ထို့နောက် သီဟိုဠ်ကျွန်းတွင် စတုတ္ထသံဂါယနာတင်ခဲ့သည်။

ဤမှာ လက်တွေ့သင်ခန်းစာဖြစ်သည်။ ပစ္စည်းရှာရာတွင် 'ငါစားဖို့ရှာမည်' ဆိုသည်ထက် 'လှူမည် တန်းမည်၊ ငါ့သားလေး စာတတ်ဖို့' စသည်ဖြင့် သူတစ်ပါး

http://www.dhammadownload.com



အပေါ် မေတ္တာစေတနာထား၍ရှာက ပို၍အောင်မြင်တတ်သည်။ သဒ္ဓါတရား ကောင်းလေလေ၊ ကြီးပွားလေလေ ဖြစ်လိမ့်မည်။ ဒီဘဝတွင် မဟုတ်ပါ၊ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ချမ်းသာလိမ့်မည်။

## ထမင်းတစ်ထပ် အငတ်ခံ၍လှူ

၂။ အခြားတစ်ဦးမှာ ဟင်္သာတမြို့ ဘောဂလမ်း၊ စိန်ဗဟိုရ် စဉ့်အိုးခြံလုပ်ငန်း ပိုင်ရှင် ဒေါ်အေးကြည် ဖြစ်သည်။ လွန်ခဲ့သော ၁၉၇၆–ခုနှစ်လောက်က မိုးလေဝသ ဖောက်ပြန်၍ ဆန်အလွန် ရှားသွားသည်။ လူတွေတော်တော် ဒုက္ခရောက်ကြသည်။

ထိုအခါ ဒေါ်အေးကြည်သည် သူစားမည့်ညစာကို လုံးဝမစားတော့ဘဲ ညစာအတွက် ဆန်များကိုစုထား၍ သီလရှင်ကျောင်းများသို့ ပေးလှူသည်။ ယနေ့အထိ ဖြစ်သည်။ ညစာမစားတော့ဘဲ ယနေ့အထိ လှူနေသည်။ ကျောင်းလည်းဆောက် သည်။ ရဟန်းအစ်မလည်း ဖြစ်သည်။

သို့ရာတွင် ကျောင်းဆောက်ခြင်း၊ ရဟန်းအစ်မပြုခြင်းထက် မိမိကိုယ်ကို အငတ်ခံပြီး သဒ္ဓါတရား အားကြီးစွာဖြင့် မိမိစားမည့်ဆန်ကို လှူဒါန်းသည်မှာ သာမန် သဒ္ဓါမျိုးမဟုတ်၊ အလွန်အားကြီးသော သဒ္ဓါမျိုးဖြစ်သည်။ အံ့ဩလောက်သော၊ ထူးခြားသော စေတနာရှင်ဖြစ်သည်။ အလွန်ကြည်ညိုစရာကောင်းလေသည်။

## နေ့စဉ် ဆွမ်းကြီးလောင်းရန်

၃။ ကချင်ပြည်နယ်၊ ဟိုပင်မြို့ရှိ ဆေးအမျိုးမျိုးရောင်းသော 'မြသီတာဆေးတိုက် ပိုင်ရှင်' ဦးကံဆက်နှင့် ဇနီးဒေါ်စောခင်တို့ဖြစ်သည်။ မန္တလေးမြို့သို့ ပြောင်းလာသည်မှာ (၁၀)နှစ်ကျော်ပြီ၊ စစ်ကြီးပြီးသောအခါ သူတို့သည် မိဘများလက်ထက်က ဆေးကျမ်းများကိုကြည့်ပြီးလျှင် ဆီး၊ ဝမ်း၊ လေဆေး မချစ်ဥနှင့်ဖော်သော မချစ် ဆေးခေါ် မသေဆေး၊ ပန်းနာပျောက်ဆေး၊ တောင်ဆိတ်ဆီမှစ၍ ဆေးအမျိုးမျိုး ရောင်းခဲ့သည်။ အလွန် စီးပွားဖြစ်ခဲ့သည်။ ဆေးများလည်း ပြောသည့်အတိုင်း ရောဂါများကို ပျောက်စေ သောကြောင့် ရောင်းမလောက်အောင် ဖြစ်သည်။ ပုလင်း မလောက်သောကြောင့် ကြော်ငြာကိုပင် များများမထည့်ချေ။ သူတို့ရသော ငွေများကို ဘုရားတည်သည်။ ကျောင်းဆောက်သည်။ ယခုဆိုလျှင် လေးငါးသိန်းဖိုးရှိသည်။ ဤကဲ့သို့ လှူဒါန်း နိုင်သော်လည်း ကားဝယ်၍မစီးချေ။ ရိုးရိုးအေးအေးပင် နေသည်။ အလွန်သဒ္ဓါတရား ပြင်းထန်သည်။

---

http://www.dhammadownload.com



အထက်ပါ ဆန်ရှားသော နှစ်တုန်းက ... လေးမြို့တွင် သံဃာတော်များ များပြားသောကြောင့် သံဃာတော်များတွင် ဆွမ်းမပြည့်စုံဖြစ်သည်။ ထိုအခါ အချို့ သံဃာတော်များသည် သူတို့၏တိုက်ထဲသို့ဝင်၍ "ဒကာကြီး၊ ဒကာမကြီးတို့ ဆွမ်းကလေးရလျှင် တော်ပါပြီ" ဟု ဆွမ်းခံကြွကြသည်။ ဤကဲ့သို့ အလှူခံလာသောအခါ ဗုဒ္ဓဘာသာဖြစ်သည့်အတိုင်း တတ်နိုင်သမျှ လှူခဲ့ရာက တစ်နေ့ထက်တစ်နေ့ သံဃာတော်တွေ များလာသဖြင့် သံဃာ ၄၇၀-အထိ ဆန်များကို မရ,ရအောင်ဝယ်၍ ဆွမ်းလည်းလောင်းသည်။ ဟင်းလည်းလှူသည်။ နံနက် ၂-နာရီကစ၍ တစ်အိမ်လုံး ထ၍ ချက်ကြပြုတ်ကြရသည်။

နောက်ဆုံး လုံးဝ ဆန်များဝယ်ယူ၍ မရသောအခါမှသာ မလှူဘဲနေရတော့သည်။ မလှူရသဖြင့် သူတို့ အလွန်စိတ်မကောင်း ဖြစ်ကြသည်။ ဤကဲ့သို့ သဒ္ဓါတရားမျိုးလည်း အလွန်ရှားသည်။

ဤကဲ့သို့ မိမိ ကိုယ်ရေးကိုယ်တာအတွက် ဦးစားမပေးဘဲ သာသနာတော်ကို ဦးစားပေး၍ သဒ္ဓါတရားထက်သန်သော ဤပုဂ္ဂိုလ်သုံးဦးတို့မှာ ကျွန်ုပ် လွန်စွာအားရ၍ ကြည်ညိုလှသည်။ နမူနာယူထိုက်ပါသည်။ (ဆရာစန္ဒြ၏ 'ဘဝခရီးနှင့် အတွေ့အကြုံများ' စာအုပ် ၃၉၇-၄၀၁-မှ။ ယခုအခါ ၁၀-သိန်းကျော် ဒါနပြုပြီးပြီ၊ ကံအားလျော်စွာ မိမွေဖမွေများ မမျှော်လင့်ဘဲ ရလာရန်ရှိနေရာ အထက်အညာ တစ်ခွင်ရှိ ဘုရားအိုကျောင်းပျက်များကို တည်တောဆရာတော်နှင့်တိုင်ပင်၍ ဆက်လက်ပြင်ဆင်ရန် တာစူနေကြောင်း ကြားသိ ကြည်ညိုရပါသည်။)

http://www.dhammadownload.com

# အောင်ရဲ့သား
# အနာထပိဏ်




ဒါနအပေါ် ယုံကြည်ချက်၊ ထိုယုံကြည်ချက်အားလျော်စွာ ဖြစ်ပေါ်လာသော ဒါနစေတနာ ကမ္မသတ္တိနှင့်စပ်၍ အနာထပိဏ်သူဌေးကြီး အကြောင်းမှာ အလွန်မှတ်သားဖွယ်ကောင်း၏။

သူဌေးကြီးသည် ၅၄–ကုဋေကုန် ဇေတဝန်ကျောင်းတော်ကြီး ဆောက်လုပ်ပြီးနောက် ဘုရားအမှူးရှိသော သံဃာများအား ပင်တိုင်ဆွမ်းလှူ၏။ တစ်နေ့ ၃–ကြိမ် အနည်းဆုံး သွားရောက်ဖူးမြော်၏။ ဘယ်တော့မှ လက်ချည်းမသွား။

ပထမအကြိမ်

http://www.dhammadownload.com



ထိုသို့ ဒါနစေတနာအင်အားများ ကြီးထွားနေခိုက် နေ့ချင်းညချင်း ဆင်းရဲသွား၏။ ဘဏ္ဍာကျီကြများ အခေါင်းချည်း ဟောင်းလောင်းဖြစ်သွား၏။ လုပ်ဖော်ကိုင်ဖက်ကိုင်ဘက် ကုန်သည်ကြီးများကလည်း ချေးယူထားသော ၁၈ ကုဋေကို ပြန်မပေးကြ၊ အစီရဝတီမြစ်ကမ်း၌ ကြေးအိုးကြီးများနှင့် ထည့်ပိတ်၍ တံဆိပ်ခတ်မြှုပ်နှံထားသော ၁၈–ကုဋေလည်း ကမ်းပြို၍ ပင်လယ်ထဲမျောပါကုန်၏။ နေ့စဉ် သံဃာ ၅၀၀ အား ဆွမ်းကပ်ဝတ်ကားမပျက်၊ သို့သော် ဆန်ကွဲပုန်းရည်တစ်ခွက် မျှသာ ကပ်လှူနိုင်တော့၍ စိတ်မကောင်း၊ ထိုအခါ ဘုရားရှင်က ....

"ဒကာကြီး .... ဆန်ပုန်းရည်ဟင်းပင် ဖြစ်စေကာမူ ဘုရားအမှူးရှိသော အလှူခံပုဂ္ဂိုလ်မြတ်တို့အား လှူရသောဒါနဖြစ်၍ ယုတ်ညံ့သောဒါန မဆိုရ။ မွန်မြတ်သော အလှူပင်ဖြစ်သည်" ဟု နှစ်သိမ့်တော်မူရ၏။

မိမိသည် ဝေလာမသူဌေးကြီးဖြစ်စဉ်ကဇမ္ဗူဒိပ်တစ်ကျွန်းလုံး၇–နှစ် ၇–လ တိုင်တိုင် ထမင်းရေချောင်းစီး အလှူကြီးပေးခဲ့ရာ သရဏဂုံတည်သူ၊ ငါးပါးသီလမျှ တည်သူ အလှူခံတစ်ဦးကိုမျှမရခဲ့။ မြတ်သော အလှူခံပုဂ္ဂိုလ်ရခဲကြောင်း၊ ဝေလာမ သုတ် (အံ၊ ၃၊ ၁၉၅) ကိုလည်း ဟောကြား အားပေးတော်မူသည်။

ထိုအချိန်မျိုးကိုမှ အခွင့်ကောင်းယူကာ အနှောင့်အယှက်တစ်ခု ဝင်လာ၏။ ဘုံ ၇–ဆင့်၊ တံခါးမုခ် ၇–ခုရှိသော သူဌေးကြီးအိမ်တွင် တံခါးမုခ်တစ်ခု၌နေသော မိစ္ဆာဒိဋ္ဌိနတ်သည် ဘုရားအမှူးရှိသော သံဃာတော်များ အမြဲတစေ ဝင်ထွက်တော်မူနေကြသဖြင့် ကလေးများကိုချီပိုးကား ဗိမာန်မှ ခဏခဏဆင်းပေးနေခဲ့ရ၏။ သူဌေးကြီး အရှိန်အဝါကျဆင်းခိုက် သူ့အကြံကိုပြောလျှင် လက်ခံမည်အထင်ဖြင့် သူဌေးကြီး၏ အလုပ်သမားအကြီးအကဲတစ်ဦးနှင့် သားအကြီးအား ဦးစွာပြောကြည့်၏။ လက်မခံကြ၊ မာန်မဲလွှတ်၏။ သို့နှင့် ကိုယ်ရောင်ကိုယ်ဝါများ လင်းထိန်တောက်ပစွာဖြင့် သူဌေးကြီး အိပ်ခန်းသို့သွား၍ ပြောလေ၏။

"သူဌေးကြီး သင်ဟာ အိုစာမင်းစာလည်း ထည့်မတွေး၊ သားသမီးနောင်ရေးလည်းမပူ၊ ရှိသမျှဥစ္စာ ဂေါတမသာသနာမှာပဲ အကုန်လှူပစ်တယ်။ အခု ဂေါတမ ရဟန်းကြီးကြောင့် မွဲပြီမဟုတ်လား။ ဒါတောင် အလှူမရပ်သေးဘူး။ အရောင်းအဝယ်လည်းမလုပ်၊ ကျောင်းချည်းပဲသွား၊ တော်ကြာ စားစရာမရှိ ဖြစ်တော့မယ်။ သူဌေးကြီး .... သူတို့ကို အိမ်အဝင်မခံဘဲ ရပ်ဆိုင်းထားတဲ့ အရောင်းအဝယ်အလုပ်ကိုလည်း လုပ်မြဲဆက်လုပ်ပါ။ ချမ်းသာမြဲ ချမ်းသာလာပါလိမ့်မယ်"

"ဟဲ့ .... နတ်ယုတ်၊ သင့်လိုနတ်ယုတ် တစ်ရာတစ်ထောင် တစ်သိန်းတစ်သန်း လာပြောလည်း ငါမတုန်လှုပ်ဘူး။ ငါ့ယုံကြည်ချက် သဒ္ဓါတရားဟာ မြင့်မိုရ်တောင်လို

http://www.dhammadownload.com



နိုင်မှာတယ်။ သင်ဟာ မတော်မတရား သာသနာစော်ကားတဲ့ ဓမ္မအန္တရာယ် နတ်ယုတ်ပဲ။ ကျက်သရေယုတ်တယ်၊ ခုချက်ချင်း ဆင်းသွား၊ ငါ့အိမ်မှာ မနေနှင့် .... ”

တံခါးမှုခ်စောင့်နတ်လည်း လွှန်ကာမှ နောက်တစ်ဖြစ်ကာ ကလေးငယ်များကို ချီပိုးဆွဲငင်လျက် သူဌေးကြီးအိမ်မှ ထွက်ခွာသွားပေရလေ၏။ နေစရာမရှိ။

သူဌေးကြီးအား တောင်းပန်ပေးရန် မြို့စောင့်နတ်မင်းကြီးထံသွား၍ အသနားခံလျှင် အကျိုးအကြောင်း မေးမြန်းသန်ရှိသွားသောအခါ နတ်မင်းကြီးက ....

“သင် .... တယ်မိုက်ပါကလား၊ သာသနာစော်ကားတဲ့အကောင်၊ ဒီအတိုင်းဆိုရင် သူဌေးကြီးထံ ငါလည်းလိုက်ပြီး တောင်းပန်မပေးဝံ့ဘူး” ဟု ဆိုသဖြင့် စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်ထံ အသနားခံပြန်၏။ သူတို့လည်း လိုက်၍ပြောမပေးဝံ့ကြ။ သိကြားမင်းထံ ဆက်သွား၍ သားသမီးများနှင့်အတူ နေစရာ ခိုကိုးစရာမရှိ။ ဆင်းရဲလှသဖြင့် နေရာအသနားခံရာ အကြောင်းစုံသိလျှင် သိကြားမင်းကလည်း မာန်မဲငေါက်ငန်းပြန်၏။ သိကြားမင်းသည် ခဏမျှစဉ်းစားပြီးနောက် မိစ္ဆာဒိဋ္ဌိနတ်အား ဒဏ်ပေးလိုက်၏။

၁။ ဆုံးရှုံးသွားသောချေးငွေ ၁၈–ကုဋေကို နတ်လုလင်များ အကူအညီယူ၍ စာရင်းအင်းပြုစုပြီး နတ်တန်ခိုးဖြင့် ငွေချေးယူထားသူများထံ အိမ်တိုင်ယာရောက်သွား၍ အသီးသီး ပြန်လည်ဆပ်ခိုင်းရန်။

၂။ ပင်လယ်ထဲမျောပါသွားသော ၁၈–ကုဋေရှိ ငွေအိုးများကို နတ်တန်ခိုးဖြင့် သူဌေးကြီး ဘဏ္ဍာကျီကြထဲ ပြန်ထည့်ပေးရန်။

၃။ ထို့ပြင် (မည်သည့်နေရာ၌ရှိသော)ပိုင်ရှင်မဲ့ ၁၈–ကုဋေကိုလည်း ယူဆောင်၍ ဘဏ္ဍာကျီထဲ သွားထည့်ပေးရန်။

မိစ္ဆာဒိဋ္ဌိနတ်လည်း သိကြားမင်းညွှန်ပြသည့်အတိုင်း ဒဏ်ထမ်းလေရာ သူဌေးကြီးမှာ ၅၄–ကုဋေ ချက်ချင်းပြန်ရလာ၏။ ထိုနတ်သားသည် သူဌေးကြီးအား မြတ်စွာဘုရားရှေ့မှာပင် ဝန်ချတောင်းပန်ရာ ဘုရားရှင်က နှစ်ဦးစလုံးကို ရည်ရွယ်ဟောသော နှစ်ဂါထာမှာ မှတ်သားဖွယ် အလွန်ကောင်း၏။ ယခုလူတို့ မေးတတ်မေးလေ့ရှိသော မေးခွန်း၏အဖြေပင် ဖြစ်လေ၏။

အချုပ်ကား ....

“လူမိုက်သည် သူလုပ်နေသော ယခုအကုသိုလ် အကျိုးမပေးသေးခင် ရှေးကုသိုလ်ကံအရ ကြီးပွားချမ်းသာနေ၏။ ထိုအကုသိုလ်အကျိုးပေးသောအခါ လွန်စွာဆင်းရဲ၏။

---

ပထမအကြိမ်

http://www.dhammadownload.com



“သူတော်ကောင်းသည်လည်း ယခုပြုသော ကုသိုလ်ကံ အကျိုးမပေးသေးမီ ရှေးအကုသိုလ်ကြောင့် ဆင်းရဲနေရ၏။ ထိုကုသိုလ်အကျိုးပေးသောအခါ များစွာချမ်းသာရသည်။

(ဓမ္မပဒ အနာထပိဏ်ဝတ္ထုနှင့် ခဒိရင်္ဂါရဇာတ်။)

ကုဋေများစွာချမ်းသာရာမှ အထွတ်အထိပ်ကုသိုလ်ကြီး လုပ်နေသည့်ကြား ကပင် ကုန်းကောက်စရာမရှိအောင် ဆင်းရဲသွား၏။ ကံတို့ကား ဆန်းကြယ်လှပေသည်။

သိလက္ခန်အဋ္ဌကထာ၊ ကူဋဒန္တသုတ်အဖွင့် (၂၇၀)၌ အနာထပိဏ်သူဌေးကြီး အိမ်၌ နေ့စဉ်သံဃာ ၅၀၀–တို့အား စာရေးတံဆွမ်းနိဗဒ္ဓလှူကြောင်းပါရှိ၏။ သူဌေးကြီးကွယ်လွန်သည့်နောက် သူဌေးကြီးအမျိုးအနွယ်၌ အမျိုးသမီးလေးတစ်ဦးသာ မျိုးဆက်ကျန်ရှိတော့ရာ ထိုအမျိုးသမီးကလေးမှာ အလွန်ဆင်းရဲနေရှာ၏။ တရပ်တကျေးသို့သွားရောက်၍ စပါးကောက်သင်းကောက်၍ စားသောက်နေထိုင်ရရှာ၏။ သို့ရာတွင် သားမြေးမြစ်တို့သည် မိဘဘိုးဘွားတို့၏ အရိုးအစဉ်ကို မပျက်စေရ “စောင့်လေမျိုးနွယ်” ဟူသည့်အတိုင်း ထိုဆင်းရဲသူမ၏အိမ်၌ နေ့စဉ်ဆွမ်းအလှူခံရန် စာရေးတံမဲတစ်ခု (တစ်ပါးစာ)ကိုမူ တာဝန်ယူလျက် ရှိခဲ့ပေသည်။ ထိုအကြောင်းကို (မထေရ်တစ်ပါး အမိန့်ရှိ၍) မင်းကြီးကြားသိရလေရာ ထိုသူဆင်းရဲမအား မိဖုရားတင်မြှောက်ခြင်း ခံယူရလေတော့သည်။

## ယုံကြည်မှု၏ နောက်မှာ

ဆင်းရဲသား ဆင်းရဲတာထက် သူဌေးကြီး ဆင်းရဲရတဲ့ ဆင်းရဲက ပိုပြီးဆင်းရဲ၏။ အနာထပိဏ် သူဌေးကြီးသည် မည်မျှဆင်းရဲသွားသော်လည်း တာဝန်ကို မဖျက်၊ ယုံကြည်ချက် မစွန့်၊ လောက၌ မည်သည့်ကိစ္စမဆို ဤစိတ်ထားသည် လူသာမန်တို့အတွက် အခက်ခဲဆုံးဖြစ်၏။ အသိဉာဏ်ရှိသူအတွက်ကား မိမိစိတ်ကလေးကို ယောနိသောမနသိကာရနှင့် ကမ္မနိယာမအပေါ် လွှဲပြောင်းတင်ပေးလိုက်ရုံနှင့် ထိုအခက်အခဲအကျပ်အတည်းများ လျော့ပါး၍ သွားတတ်ပါ၏။

ထိုခံနိုင်ရည်စိတ်ထားသည် မည်မျှပင် ခက်ခဲသည်ဟုဆိုစေ၊ ငွေသောင်းကိုးထောင်ရအောင် ရှာဖွေလုပ်ကိုင်ရသလောက် မခက်ခဲပါ။ အခက်ခဲချင်းတူစေကာမူ မြင့်မြတ်ပုံချင်း အင်အားပါပုံချင်း မတူပါ။ ထို့ကြောင့်လည်း အနာထပိဏ်သူဌေးကြီးသည် ကြိုးစားပမ်းစား တစ်သက်လုံးကြိုး၍ ရှာဖွေလုပ်ကိုင်သော်လည်း ရရှိစုဆောင်း

http://www.dhammadownload.com



မိရန် မလွယ်ကူသော ၅၄–ကုဋေအသပြာငွေထုပ်ကြီးကို ထိုမြင့်မြတ်ပြတ်သားသော ခံနိုင်ရည်စိတ်ကလေးတစ်ချက်က ချက်ချင်းယူဆောင်ပေးလိုက်၏။

ခံနိုင်ရည်စိတ်ဓာတ်၏ အင်အားသတ္တိ၊ ပြတ်သားမှု၏ အာနိသင်တို့ကား ပြော မယုံနိုင်လောက်အောင် ကြီးမားဆန်းကြယ်လှပါပေသည်။

ငါတို့ဂေါတမ ဗုဒ္ဓအလောင်း ဝေဿန္တရာမင်းကြီး သားသမီး အလှူပြုစဉ် အလှူခံပုဏ္ဏားက ရိုက်နှက်ညှင်းဆဲ၍ သားတော် သမီးတော်များ ဆင်းရဲစွာ ငိုယိုပုန်း လျှိုးသည်ကို မြင်ရသောအခါ သံလျက်ကို ထ၍ဆွဲယူမိ၏။ အတန်ငယ်စဉ်းစားပြီး ငိုယိုလျက် စွန့်လှူလိုက်ရသည်။

မင်္ဂလဘုရားလောင်းကား အလှူခံဘီလူးက သူ့ရင်သွေးကို သူ့ရှေ့မှာပင် ဝါးစားစဉ် ပါးစောင်တစ်ဘက်တစ်ချက်မှ သွေးများ တောက်တောက်ကျသည်ကို ကြည့်၍ "ငါ့ဒါန အောင်ပြီ" ဟု ပီတိဖြစ်လေ၏။ ဘုရားဖြစ်တော်မူသောအခါ ရောင်ခြည်တော်မှာ လောကဓာတ်တစ်ခုလုံး နေ့ညမပြတ် လင်းထိန်၍၊ နေ,လများ ပျောက်ကွယ်နေ၏။ ငါတို့ဂေါတမဗုဒ္ဓကား တစ်လံလောက်မျှသာ ထွန်းပသည်ကို တွေ့ရသည်။

ထို့ကြောင့် ကျွန်ုပ်တို့ အကြွင်းမဲ့ယုံကြည်ထိုက်၏။ "ငါသည် စွမ်းအားရှိသမျှ သတ္တဝါအများ ကောင်းစား ချမ်းသာရေးအတွက်၊ သာသနာတော်အတွက်လုပ်မည်" ဟုသာ ဆုံးဖြတ်ပါ၊ သင့်စိတ်ကို စင်ကြယ်သည်ထက် စင်ကြယ်အောင် အကြိမ်ကြိမ် တိုက်ချွတ်ပါ။ ဆုံးဖြတ်ထားသော နေရာ၌ အခိုင်အမာရပ်တည်ပါ။ မရွေ့ပါစေနှင့်။

သင်အလိုရှိသော ရတနာတို့သည် တစ်နေရာရာ၌ အမှန်တကယ် ရှိနေကြ၏။ သင်ရည်ရွယ်မှန်းထားတာထက် အဆပေါင်းများစွာ သာလွန်အောင် ရှိနေကြ၏။ ထိုရတနာများက ထိုက်ထိုက်တန်တန် အသုံးပြုမည့်သူကို မျှော်နေကြသည်။

သင့်စိတ်စင်ကြယ်၍ အခိုင်အမာ ရပ်တည်နိုင်သောနေ့တွင် ထိုရတနာများ သင်လိုသလောက် သင့်လက်ထဲရောက်လာမည်မှာ မလွဲပါချေ။ ခြသေ့ဆီ လိုချင်လျှင် ရွှေခွက်ကို အလျှင်ရှာထားရ၏။ ခံစရာရွှေခွက် ရှိထားသော်လည်း သင့်ခွက်က ငယ်နေလျှင် သင် နည်းနည်းသာရမည်။ ဟုတ်မည့်သူသည် စိတ်ကူးတာကအစ ဘယ်တော့မှ သေးသေးကလေးကို စိတ်မကူး။

ထိုကမ္ဘာသတ္တိ စိတ်ဓာတ်အင်အားကို ခြွင်းချက်မရှိ ကျွန်ုပ်တို့ ယုံကြည်ထိုက်၏။

ဒုဋ္ဌဂါမဏိ မင်းကြီးကို ကြည့်ပါ။ နှစ်နှစ်တိုင်တိုင် ပြည်တွင်းစစ် ဖြစ်ခဲ့၍ တိုင်းပြည် ဆင်းရဲနေချိန်မှာပင် ၉–ထပ်, လှူနေလို့ရသည့် ကြေးပြားမိုးပြသာဒ် ကျောင်းတော်ကြီး ဆောက်လှူရာ ငွေတော်ချည်းသက်သက် ကုဋေ ၃၀–ကုန်ကျ၏။

http://www.dhammadownload.com



ထိုမျှနှင့်လည်းအားမရ။ သံတောင် ၁၂၀–ရှိ ဧရာမ မဟာစေတီကြီးကို တည်လိုသည့် စိတ်က မျိုသိပ်၍မရ၊ ရှိတဲ့ငွေ၊ ဖြစ်တဲ့နည်းနှင့် ပန္နက်ချ၏။ တစ်ကမ္ဘာလုံးရှိ အရိယာသူတော်ကောင်းကြီးများ ဝိုင်းကူ၍ ကြွလာချီးမြှောက်ကြသည်။ နတ်များကလည်း ရတနာများကို လှည်းအစီးပေါင်းများစွာဖြင့် အကြိမ်ကြိမ်တိုက် လာပို့ဆက်ကြသည်။ နားကင်းကြီးနှင့် လာမ,သည်ကား မဟုတ်။

ဤနည်းဖြင့် နန်းစံ ၂၄–နှစ်အတွင်း သာသနာအတွက် ကုဋေတစ်ထောင်နှင့် ၄၉–ကုဋေ စွန့်လှူနိုင်ခဲ့လေသည်။

မင်းတုန်းမင်းကြီးသည်ပင် ဓမ္မစကြာ၊ သတိပဋ္ဌာန်ရွတ်အံရင်း 'သာပြော သာစံ' လုပ်ကာ 'ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး'ဟု ခေါ်ဆိုကြသော ပဉ္စမသံဂါယနာကျောက်စာများနှင့်တကွ ၂၂–ကုဋေကျော်(ကိုယ်ပိုင်) ငွေတော်များကို လှူသွားနိုင်၏။

ခမည်းတော်ထက် စာပေကျွမ်းဂန် များစွာတတ်သော သားတော်သီပေါမင်းကား သာသနာတော် ချီးမြှောက်ဖို့ကိုထား၍ တိုင်းပြည်အုပ်ချုပ်ရေး အတွက်မျှလောက်ကိုပင် ဘဏ္ဍာရေး ကြပ်တည်းမှုနှင့် ရင်ဆိုင်ခဲ့ရရှာ၏။ နောက်ဆုံး ပါတော်မူရသည်။ ဤတိုင်းပြည် ဤလူမျိုးနှင့် ဤသာသနာလည်း သူ့စက်ကွင်းမိကာ ပါတော်မူရသည်မှာ နစ်နာလှပေသည်။

ပိဋကသုံးပုံရဖို့မခက်၊ ပိဋကသုံးပုံထဲက တစ်ကြောင်းတစ်ပါဒအတိုင်း လိုက်နာနေထိုင်ဖို့က ခက်၏။ ကမ္မသတ္တိနှင့် စိတ်ဓာတ်အင်အား ချို့ငဲ့သူတို့ကား ကြောက်ဖွယ်ကောင်းလေစွ။

အသိဉာဏ်နည်းသူတို့၏ ဒါနကား ရည်ရွယ်ချက်စိတ်ကူး၊အသိဉာဏ်ပြတ်သားမှုများ ပင်ကိုယ်နှိုက်က ကျဉ်းမြောင်း သေးသိမ်သည့်အတွက် ဒါနလည်း မကြီး၊ အကျိုးပေးလည်း မဖွံ့ထွား။

လှူမိုက်အလှူ၊ ပေးပါမူလည်း၊ ရွယ်ချူဖိုလ်မဂ်၊ မပန်နက်တည့်။

(ပါရမီခန်းပျို့။)

## ကုသိုလ်အရေး ဗေဒင်မေး ရက်ရွေးမနေနှင့်

ပို၍ဆိုးသည်ကား အချို့သူဌေးများ၊ ချမ်းသာကြွယ်ဝသူများသည် ထီးကျိုးပျက်ကျနေသော စေတီအား ထီးတင်လှူလို၏။ ဗေဒင်ဆရာက 'ထီးလှူလျှင် စီးပွားပျက်ကိန်းမြင်သည်' ဟု ဟောထား၍ မလှူဝံ့။

မန္တလေးမှ သူဌေးတစ်ဦးမှာ ပီအေနတ်ဗေဒင်ဆရာမကြီး အကြံပြုသည့်အတိုင်းသာ အဆောက်အအုံများ လှူဒါန်းရ၏။ သူ့ကောင်းမှုများကို ကြည့်လိုက်လျှင်

http://www.dhammadownload.com



ဂိုဏ်းဘုန်းကြီးကျောင်းများမှာချည်း တွေ့ရသည်။ ဝမ်းနည်းဖွယ် ကောင်းလေစွ။ မန္တလေးမှ အခြားသူဌေးတစ်ဦးကား မိဘလက်ငုတ် စစ်ကိုင်းဘက်မှ တိုက်ကျောင်းကြီးကို ပြုပြင်ရန် စိမ်နေစဉ် "ဘုရားအိုကျောင်းအို ပြုပြင်လျှင် ခြေနှစ်ချောင်း ထွက်ကိန်းမြင်သည်" ဆို၍ မပြင်ဖြစ်။

ပုဂံရာဇဝင်၌ နရသီဟပတေ့ခေါ် တရုတ်ပြေးမင်းလည်း "ဘုရားလည်းပြီး၊ ပြည်ကြီးလည်းပျက်" တဘောင်ပေါ်၍ ဆက်ပြီးမတည်ရဲ၊ ၆–နှစ်ကြာ၏။ နောက် ပံသုကူမထေရ်က ဟောပြမှ သမိုင်းတွင် အုတ်ပုံကြီးက စကားပြောရစ်မည်စိုး၍ ထပ်မံတည်လေ၏။

## သီဟိုဠ်ကျွန်း ဝသဘမင်း၏ဇာတာ

သီဟိုဠ်ကျွန်း၌ ဝသဘမင်းသည် ဗေဒင်ဆရာတို့က ၁၂–နှစ်သာ နန်းစံရမည် ဟော၍ လူများမသိအောင် ဗေဒင်ဆရာများအား ဆုငွေတစ်ထောင်စီ နှုတ်ပိတ်ခ ပေးလိုက်၏။ မထေရ်များကို အသက်ရှည်ကြောင်းတရား လျှောက်ထားရာ မထေရ်တို့က အသက်ရှည်စေရန် –

၁။ ရေစစ်အလှူ၊

၂။ အဆောက်အအုံအလှူ၊

၃။ ဂိလာနအလှူ။

၄။ အဆောက်အအုံအဟောင်း ပြုပြင်ခြင်း၊

၅။ ငါးပါးသီလမြဲ၍၊

၆။ သီတင်းဥပုသ်စောင့်သုံးရန်

ညွှန်ပြတော်မူကြရာ ၄၄–နှစ်ပင် နန်းစံရဖူးလေသည်။

က "ရေစစ် ဆေး,ကျောင်း၊ အဟောင်းပြုပြင်၊ ပဉ္စင်အဋ္ဌ၊ ဤငါးဝကား၊ လောကလူပေါင်း၊ သက်ရှည်ကြောင်းတည်း"

(မဟာဝံသ၊ မဃဒေဝ)

စင်စစ် ဥပါသကာဟူသည် ကောတူဟလခေါ်သော ဒိဋ္ဌ၊ သုတ၊ မုတ မင်္ဂလာများကို မယုံကြည်ရချေ၊ ကောတူဟလ မင်္ဂလာဟူသည် မြန်မာတို့အသိအားဖြင့် အတိတ်နိမိတ် ကိန်းခန်းတဘောင် ဘဝေါနက္ခတ် ဗေဒင်ယတြာလက္ခဏာ အိပ်မက် တိတ္ထိ ရက်ရာဇာ ပြဿဒါး စသည်တို့ပင်တည်း။

ယင်း လောကီမင်္ဂလာတို့က ယုံကြည် လိုက်နာသော ဥပါသကာကို "ဥပါသကာ အညံ့စား ဒွန်းစဏ္ဍားဥပါသကာ" ခေါ်၏။ (ပဉ္စက အင်္ဂုတ္တရ စဏ္ဍာလသုတ်)။

http://www.dhammadownload.com



"ပညာရှိမြတ်၊ ဗောဓိသတ်တို့၊ နက္ခတ်ယှဉ်ရာ၊ အခါဖင့်နှေး၊ နေ့မရွေးဘူး၊ အရေးလက်ရောက်၊ မျက်မှောက်ကျိုးထင်၊ ရခြင်းပင်သာ၊ ဤလျှင်သင့်မြတ်၊ ကောင်းနက္ခတည်း"

(နက္ခတ္တဇာတ်၊ မဃဒေဝ)

"လောကီဟောကိန်းများမှာ အသိဉာဏ်ရှိသူများပင် လက်ခံနိုင်လောက် အောင် အချို့မှန်နေပါလျက် အဘယ်ကြောင့် မယုံကြည်ရဟု တားမြစ်တော်မူပါ သနည်း"–မေး။

အတိုဆုံးအချုပ် ဖြေပါမည်။ လေးလေးနက်နက် စဉ်းစားပါ။ ယခု ဟောနေ သူများကို မဆိုထားဘိ၊ ထိုပညာရပ်များကို ရှေးဦးတီထွင်ထားသူများ ကိုယ်တိုင်ပင် အသိစင်ကြယ်သူများ မဟုတ်၊ လောကီအတတ်သည် လောကုတ္တရာနှင့်မတည့်၊ ရံခါ လှည့်စား၍ ဂျောက်ချတတ်သည်။ လောင်းကစားဝိဇ္ဇာသည် ထိုးသားအား နှစ်လှည့် သုံးလှည့် အနိုင်ပေးလိုက်၏။ 'ပုံအော' သောအလှည့်တွင်မှ သူက အကုန်စားလိုက် သည်။ (ယောဂီတို့ ကြပ်ကြပ်သတိပြု)။ သုံးဦး သုံးနေရာစလုံးက ဟောချက်ညီနေ လျှင် ပို၍ သတိထား။ တစ်နေရာစီက ဆရာသုံးဦးဖြစ်နေသော်လည်း ချည်ထားသော ကြိုးကို မမြင်နိုင်။ ကြိုးတစ်ချောင်းတည်း ဖြစ်နေတတ်သည်။

'သွေးထွက်အောင် မှန်လိုက်တာ' ဆိုရလောက်သော ဆရာမျိုးကို တွေ့လျှင် အထူးပို၍ ကြပ်ကြပ်ကြီးသတိပြု။

ပွဲတော်များ၌ ဗေဒင်ဟောသည့် အရုပ်ကြီးကို သင် တွေ့ဖူးသလော၊ မလွဲ တမ်း မှန်အောင် ဟောပေးနိုင်၏။ ဟောပေးနိုင်ပါသကော။ သူ့မှာ ချည်ထားသော ဝါယာကြိုးတစ်ချောင်းမှတစ်ဆင့် မျက်မြင်လူတစ်ယောက်က နောက်ကွယ်မှနေ၍ အတပ်ဟောပေးနေခြင်း ဖြစ်သည်။ စက်ရုပ်ကြီးကား မသိရှာပါ၊ သို့ရာတွင် ကြိုးကိုင် ထားသော ထိုအမှောင်ထဲကလူလည်း မျက်မြင်မှတစ်ပါး။ လူတစ်ဦး၏ ရှေ့နောက် ကြမ္မာကံကို အဘယ်မှာ သိနိုင်ပါအံ့နည်း။

ဗေဒင်နှင့်စပ်၍ ကျွန်ုပ်၌ ခံယူချက်တစ်ခုရှိသည်။ 'တစ်သိန်းရမည်' ဟု ဟော အံ့။ သူမြင်သလောက်သာ ဟောသည်။ ငါ့ကုသိုလ်ကံအားကို အပြည့်အစုံ မသိ၍သာ ဟု ယူဆ၏။ 'ဘေးကြီးတွေ့မည်' ဟု ဆိုအံ့၊ မဖြစ်စေရ။ ထိုဘေးကို ပယ်ဖျောက် နိုင်သောအင်အား ငါ့မှာရှိသည်ကို မမြင်၍သာဟု ထင်မှတ်ထား၏။

http://www.dhammadownload.com



# စံကင်းဆရာတော်နှင့် ဗေဒင်

ဤ၌ ရွှေကျင်သာသနာပိုင် သက်တော်ရှည် စံကင်းဆရာတော်ဘုရားကြီးအား ဟောသော ဗေဒင်ဟောကိန်းများနှင့် ဆရာတော်ဘုရားကြီး၏ ဗေဒင်အပေါ် သဘောထားပုံကို မှတ်သားသင့်၏။

နိုင်ငံကျော် ပုဂ္ဂိုလ်ထူးကြီးများထံ ဗေဒင်ဆရာ၊ လက္ခဏာဆရာများကလည်း အထူးချဉ်းကပ် လေ့လာကြမြဲဖြစ်သည်။ အစွမ်းကုန်လည်း ကြိုးစားတွက်ချက်ကြမြဲ ဖြစ်၏။ အထူးသဖြင့် သက်တော်ရှည် စံကင်းဆရာတော်အားလည်း ဗေဒင်ကျော်တို့သည် 'ဆရာတော် အသက်မည်မျှ ရှည်မည်'ကို တွက်စစ်ကြည့်ကြသည်။ ယင်းအသတ်ဖြတ် ဝေဒပညာရပ်ကို 'အာယုဒသာ' ဟုခေါ်၏။

ဆရာတော်ကြီး၏ ဇာတာကို အာယုဒသာ ဖြတ်ကြရာ ....

၁။ ညောင်ကန်နည်းအရ ၉၇–နှစ်၊ ၅–လ ၂၅–ရက်၊ ၉–နာရီ။

၂။ ဝေးချိုနည်းအရ ၉၇–နှစ်၊ ၇–လ၊ ၁၃–ရက်၊ ၈–နာရီ။

၃။ အပရေ ဝါဒအရ ၁၀၅–နှစ်၊ ၅–လ၊ ၂၅–ရက်၊ ၉–နာရီ–ဟု

တွက်နည်းသုံးနည်းဖြင့် ကြိုတင်၍ ဟောကိန်းထုတ်ထားကြ၏။ တစ်ခုခု တော့ မှန်ကောင်းရာသည်။ သို့ရာတွင် ဆရာတော်ကြီး အသက်တစ်ရာသို့ပင် ရောက်သော အခါ ပ–ဒု နည်း နှစ်နည်းလုံး မှားယွင်းခဲ့သည်။

ထိုအခါ ကြိုးစားပမ်းစား တွက်ချက်ထားသော မန္တလေးအရှေ့ပြင်မှ ဗေဒင် အကျော် တိုက်အုပ်ဆရာတော်ကြီးတစ်ပါးက ...

"အင်း .... နှစ်နည်းတော့ မှားသွားပြီဟေ့၊ နောက်တစ်နည်း အပရေဝါဒ (အချို့ဆရာတို့အယူ) အဆိုကိုပဲ စောင့်ကြည့်ရတော့မယ်။ ဆရာတော်ကြီးကို အာယုဒသာဖြတ်ဖို့ မလွယ်ဘူး" ဟုပင် အားလျော့စိတ်ပျက်သံ ထွက်လာ၏။ ထိုအကြောင်းကို စံကင်းဆရာတော်ကြီးအား လျှောက်ထားကြရာ –

"သူတို့က ငယ်ငယ်တုန်းက ဇာတာကိုကြည့်ပြီး ဟောကြတာကိုး။ တို့က ငယ်ငယ်တုန်းကလိုမှ မဟုတ်ဘဲနဲ့။ အခုလုပ်နေတဲ့ အလုပ်ကိုကြည့်ပြီး ဟောမှ မှန်တော့မပေါ့" ဟု မိန့်တော်မူသည်။

ဆရာတော်ဘုရားကြီးကား သက်တော် ၁၀၂–နှစ်တွင် ပြန်လွန်တော်မူ လေရာ ဟောကိန်းသုံးနည်းစလုံး တစ်ခုမျှ မမှန်ရုံသာမက၊ နီးစပ်မှုပင် မရှိခဲ့ချေ။ ဆရာတော်ဘုရားကြီးကပင် ဗေဒင်ကို ပမာဏမပြုရစ်ကြစေရန် ကိုယ်တော်တိုင် တမင်ကြားချ၍ အာယုဖြတ်သွားတော် မူလေသလောမသိ။

(စံကင်းဆရာတော် ဂုဏ်ပုဒ္ဓတ္တိကထာ–၄၆၄ ၌ ရှုပါ။)

http://www.dhammadownload.com



# မင်းတို့ထွက် ရက်ရာဇာ

အောက်ပါ ကိုယ်တွေ့ဖြစ်ရပ်ကိုမူ အနည်းငယ်ပြည့်စုံအောင် တင်ပြမှဖြစ်မည်ထင်၏။

လွန်ခဲ့သော ၅–နှစ်ခန့်က ဖြစ်ပါသည်။ စစ်ကိုင်းတောင်ရိုး စာချအကျော် သဒ္ဒနောဒယ ဆရာတော်သည် ဗဟုသုတဖြစ်ဟု အောက်မေ့လျက် အဆင့်အတန်းမြင့်လှသော နက္ခတ်ဗေဒင်ကျမ်းခန်းများကို လေ့လာတွက်ချက်နေခဲ့၏။ ထိုအခိုက်မိမိနှင့်လည်းစပ်သော ဒကာများ၏အလှူအတွက် မိတ္ထီလာမှ ဗေဒင်အကျော် ဆရာတော်ကြီးတစ်ပါး တစ်ညတာ လာရောက်တည်းခို၏။ ဗေဒင်ကျမ်းကြီးများကို မြင်သွားသောအခါ မိတ္ထီလာဆရာတော်ကြီးက တအံ့တသြ ဝမ်းပန်းတနည်း တောင်းပန်ရှာ၏။

"နက္ခတ်ဗေဒင်များ မလိုက်စားချင်ပါနှင့် ကိုယ်တော်၊ ကိုယ်တော်တို့ အင်မတန်ကံကောင်းလို့ ကောင်းကျိုးမင်္ဂလာ သိဒ္ဓိအဖြာဖြာပြီးတဲ့ ပိဋကနှင့်စပြီး ပိဋကနဲ့ပဲနေကြတာဝမ်းသာလွန်းလို့၊ တပည့်တော်မှာ ကိုယ်တော်တို့အသိပဲ "ဗေဒင် တတ်တယ်" ဆိုတဲ့နာမည်ကြီး ဖျောက်မရလို့ ဒုက္ခရောက်နေတဲ့အထဲ ပိဋကနှင့်စ၊ ပိဋကနှင့်နေ၊ ပိဋကနှင့်ပဲသေကြပါကိုယ်တော်"

တစ်ချိန်က ထိုဆရာတော်ကြီးကိုယ်တိုင် အထွတ်အထိပ် လေ့လာစူးစမ်း၍ အသိအမြင် ပြောင်းလဲသွားပုံကိုလည်း ဆက်၍ပြောပြ၏။

တိုင်းပြည် လွတ်လပ်ရေး ရပြီးစအချိန်က တိုင်းပြည်အကြီးအကဲတစ်ဦး၏ လှုပ်ရှားသွားလာ လုပ်ကိုင်သမျှ ပြည်တွင်းပြည်ပ အရေးအခင်းများအားလုံးကို လိုက်လံမှတ်သားလျက် ဗေဒင်နက္ခတ်အမြင်ဖြင့် စိစစ်ကြည့်ရာ လုပ်ဆောင်သမျှ အချိန်တိုင်း လိုလိုပင် ဗေဒင်နက္ခတ်အမြင်အရ တိုက်တိုက်ဆိုင်ဆိုင် အကောင်းဆုံး အချိန်ချည်း ဖြစ်နေကြောင်း ကြုံတွေ့ရဖူးသည်ဟု ဆိုပါသည်။

အချို့ကိစ္စမှာ အခါပေးသူရှိစေဦး၊ အခါပေးရက်ရွေးနေဖို့ပင် အခြေအနေမပေးတဲ့ကိစ္စကများကြောင်း၊ ထိုခေါင်းဆောင်ကြီး လုပ်သမျှမှာ အခါပေးရက်ရွေးတာထက်ပင် နက္ခတ်ကောင်းမိ၍ တိကျ ကောင်းမွန်ကြောင်းကိုလည်း မိန့်တော်မူ၏။

"မင်းတို့ထွက် ရက်ရာဇာ–ရှေးဆရာတို့ မှတ်ချက်ဟာ အမှန်ဆုံးပဲ ကိုယ် တော်၊ အရှင်ဘုရားတို့လို ကောင်းတာလုပ်နေတဲ့ ပုဂ္ဂိုလ်တွေအတွက် ဘာမှ မလိုပါ ဘူး" ဟူ၏။

ရှေးယခင်ကပင် မြန်မာပြည် ဘုန်းတော်ကြီးများလောက၌ ဗေဒင်သည် တော်တော်ထိုးနှက်ခဲ့၏။ ဗေဒင်တတ်တာကိုပင် တဂုဏ်တင်ကြ၏။ ထေရုပ္ပတ္တိ

http://www.dhammadownload.com



ရေးလျှင် ဓာတာခွင်မပါလို့မပြီး။ ပိဋကနှင့်ဗေဒင်၊ ရေမှုတ်တစ်ဘက် မီးစ တစ်ဘက် ကမ္ဘသကတာ ဉာဏ်နှင့်ဝီရိယ စွမ်းအားကို မည်မျှ ဟန့်တားဖျက်ဆီး ကြောင်း သတိမူကြရာ၏။ ဖွားဘက်တော်များအားလုံး ဘုရားမဖြစ်ကြချေ။

## သိကြားဗေဒင်သော်မှ

ဤဒြ ဗေဒင်နတ်ဟောနှင့်စပ်၍ ဘုရားဟော ဖြစ်ရပ်တစ်ခုကို နောက်ဆုံး ဖော်ပြလိုပါ၏။

ရှေးအခါက ကလိင်္ဂမင်းနှင့် အဿကမင်းတို့ စစ်ဖြစ်ကြရာ စစ်ပွဲအနီးရှိ ဘုရားလောင်းရသေ့ကြီးထံ ကလိင်္ဂမင်းက အရှုံးအနိုင်သွားမေး၏။ ရသေ့ကြီးက မိမိမှာ မသိကြောင်း၊ မိမိထံ ခစားဆည်းကပ်လာသော သိကြားမင်းကို မေးပြီးမှ ပြောမည်ဟု ဆိုကာ နောက်တစ်ရက်တွင် ကလိင်္ဂမင်း နိုင်မည်ဟု ဟောလိုက်၏။

ကလိင်္ဂမင်းမှာ နိုင်မည်ဆိုသည်နှင့် ဝမ်းသာအားရဖြစ်ကာ ကျေနပ်နေ၏။ ကြံစည်အားထုတ်မှုကို လျှော့ချလိုက်သည်။ ထိုဟောကိန်းကို အဿကမင်းဘက် ကလည်း ကြားသိရသဖြင့် အနိုင်မခံ အရှုံးမပေး၊ ဇွဲလုံ့လကြီးကြီးနှင့် ဖိဖိစီးစီးတိုက် ခိုက်၏။ ဟောကိန်းအားကိုးနေသော ကလိင်္ဂမင်းမှာ စစ်ရှုံး၍ ရသေ့ကြီးအား ဆဲရေးရင်း ထွက်ပြေးလေ၏။

နောက်တစ်ရက် ခစားလာသော သိကြားမင်းအား ရသေ့ကြီးက "လိမ်ရမည် လား" ဟု ပြစ်တင်ပြောဆိုလေရာ သိကြားမင်းက ....

"ဒေဝါ န ဣဿန္တိ ပုရိသပရက္ကမဿ=ယောကျ်ားတို့လုံ့လ နတ်သိကြား ဗြဟ္မာတွေကပင် အထင်သေးလို့ မရဘူးဆိုတာ ကြားဖူးတယ် မဟုတ်ပါလား ဘုရား" ဟုသာ လျှောက်ထားချေပနိုင်တော့သည်။ (စတုက္ကနိပါတ်၊ စူဠကာလိင်္ဂဇာတ်။)

ဗုဒ္ဓဝါဒ၏ ပဓာနအခြေခံ ကမ္မဿကထာ ပထဝီကြောကြီးကိုပင် နတ်ပစ်၍ ယောကျ်ားတို့၏ ဇွဲလုံ့လကိုပင် ဆုတ်နစ်စေနိုင်သော အဟောအပြောတို့ကား လောကုတ္တရာမှာသာမက လောကရေးရာမှာပင် အဘယ်မျှ နစ်နာဆုံးရှုံးစေနိုင်သည် ကို ရှုလော့။

နတ်တို့ဘုရင် သိကြားဗေဒင်ထက် အဘယ်ဗေဒင်သည် သာလွန်မှန်ကန်နိုင်ပါ သေးအံ့နည်း။

ဤစာရေးသူက သက်သက်ရှုတ်ချနေခြင်း မဟုတ်ပါ။ ထိုပညာရပ်သည် သာသနာတော်အား အနုနည်းဖြင့် ပြဆိုခဲ့သည့်အတိုင်း ရံခါဒုက္ခပေးသည်ကို တွေ့ရ သောကြောင့် ဤသို့ပြောရခြင်း ဖြစ်ပါသည်။ အမြင်နက္ခတ်နှင့် လက္ခဏာဗေဒင်များကို

http://www.dhammadownload.com



များစွာလေ့လာသင်ကြားဖူးပါသည်။ စာရေးသူ ၉-နှစ်သားကပင် သံဒိဋ္ဌမကြည့်ဘဲ ဇာတာများ ဖွဲ့နိုင်ခဲ့ပါ၏။

## ရှင်မဟာရဋ္ဌသာရနှင့် ဗေဒင်

ဝဏ္ဏဂန္ဓ၊ ရသမကင်း၊ ကြာပင်ရင်း၌၊ စင်လျှင်းဝပ်လျား၊ နေလှည့်ငြားလည်း၊ နံ့ရှားတကြိုင်၊ ဓးလှိုင်ချိုမြက်၊ ပန်းအရက်ကို၊ နှစ်သက်ဝမ်းမြောက်၊ ငါဖို့ရောက်ဟု၊ မသောက်တတ်အား၊ ငမိုက်ဖားသို့၊ မပြားဝမ်းတွင်း၊ ကြမ္မာနှင်း၍၊ သားချင်းဖြစ်ပြီး၊ ငါနှင့်နီးလျက်၊ မော်မီးမော်မန်း၊ နှလုံးဆန်းဖြင့်၊ သူကန်းအလား၊ အမြင်မှား၍၊ တရားလေးဖင် နားမဝင်တည့်၊ တဖျင်ကြဲတွေး၊ ပညာဆွေးသည်၊ မောင်ထွေးကဏ္ဍိ၌၊ ညီ အရိဋ္ဌ ...၊

ကုဒိဋ္ဌိမျိုး၊ ပုဏ္ဏားဆိုးတို့၊ ကြိုးကြိုးပမ်းပမ်း၊ သင်သောကျမ်း၌၊ ငြိမ်းချမ်းမဂ်ဖိုလ်၊ ရောက်စိမ့်ဆိုလည်း၊ အလိုမရှိ၊ ဖြစ်ဘိရကား၊ တရားခေမာ နိဗ္ဗာန်ရှာသည့်၊ ပညာရှိများ၊ ယုံမှားပေကာ၊ လူမိစ္ဆာမှု၊ အောင်ရာလည်းဖြစ်၊ သဘောစစ်ဖြင့်၊ မပစ်လျှင်းပဲ၊ ဆောင်သုံးစွဲ၏။

စဲစဲရိပ်ထင်၊ တံလှပ်မြင်သော်၊ ဉာဏ်လျှပ်စတော၊ အကယ်ရေဟု၊ မှတ်လေတောသား၊ စဉ်တလျားတည့်၊ ရိရှားပမ်းဟိုက်၊ သောက်အံ့လိုက်သို့၊ အမြိုက်သာရ၊ စူးစမ်းကြ၍၊ အတ္တ(အကျိုး)မမြင်။ ထိုဗေဒင်ကို၊ ဆင်ခြင်မဲ့မြို့၊ သူမိုက်တို့သာ၊ ယုံကြည်ရှာလိမ့်၊ အတ္ထာ နတ္ထ (ကျိုးရှိ+မဲ့)၊ နားပါးဝသည့်၊ တွက်ဆစိပ်ပြား၊ သူမြွတ်အားကား၊ စီးပွားဟုတ်ယောင်၊ လှည့်ပတ်ဆောင်လည်း၊ လည်အောင် မတတ်နိုင်စွမ်းတည်း။

(ရှင်မဟာရဋ္ဌသာရ၊ ဘူရိဒတ်ဇာတ်ပေါင်းပျို့ ပုဒ်ရေ-၅၉။ ၉-ခန်းပျို့ ပုဒ်ရေ-၃၃-ကိုလည်းရှု။)

http://www.dhammadownload.com



# စွန့်လွှတ်ခြင်း၏ တုံ့ပြန်အား

မြန်မာလူမျိုးများ၏ အစဉ်အလာ ထုံးစံများ၊ ယဉ်ကျေးမှုများကို အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးဝတ္ထုများ သရုပ်ဖော်ရေးသားလာခဲ့သည်မှာ နှစ်ပေါင်း(၃၀) နီးပါး ရှိခဲ့ပါပြီ။ ထိုဝတ္ထု ဆောင်းပါးများကို လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေရာ မင်္ဂလာဒုံလေဆိပ်၊ အင်းလျားကန်ဟိုတယ် အစရှိသော နေရာများမှတွေ့၍ ဝယ်သွားကြသော ကမ္ဘာလှည့်ခရီးသည်များ၊ အချို့ကလည်း စာအုပ်တွင်ပါသော လိပ်စာနှင့် ကျွန်မထံ စာရေးကြသည်။ မြန်မာပြည်တွင် နေထိုင်ကြ၍ သံတမန်အလုပ်၊ စီးပွားရေးအလုပ် လုပ်နေကြသော အနောက်နိုင်ငံသားများကလည်း လာရောက်မိတ်ဆွေဖွဲ့ကြသည်။ သူတို့ အသိုင်းအဝိုင်းစုဝေးရာသို့ ဖိတ်ခေါ်၍ မြန်မာပြည်အကြောင်း ဟောပြောခိုင်းသည်။ မကြာမကြာ လက်ဖက်ရည်ဝိုင်းများတွင် ဆွေးနွေးကြသည်။

ကျွန်မလည်း တတ်သလောက် မှတ်သလောက် ပြောပြရသည်။ သူတို့၏မေးခွန်း တွေက ကျွန်မ၏စိတ်ကို နှိုးဆွပေးသည်။ အမြင်သစ်များရသည်။

တစ်ခါက ရွှေတိဂုံဘုရားကြီး ထီးတော်နှင့် ငှက်မြတ်နားတော်ကို မြေလျှောခ,သဖြင့် ပြန်လည်ပြုပြင်သောအခါ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများက ရှိစုမဲ့စု ရွှေကျောက်မျက်ရတနာ လက်ဝတ်လက်စားများ လှူဒါန်းကြသည်။

တစ်နေ့သော် အမေရိကန်စင်တာခေါ် အမေရိကန် အမျိုးသား အမျိုးသမီးများနှင့် အနောက်နိုင်ငံသားများ စုဝေးကြရာနေရာ၌ ရွှေတိဂုံထီးတော်ကြီးနှင့် ငှက်မြတ်နားတော်ကြီးကို အနီးကပ်ရိုက်ယူထားသော ဆေးရောင်စုံ ဆလိုက်များကို မီးထိုးပြသကြသည်။ ကျွန်မကို ဆလိုက်များပေါ်၌ မြင်ရသော ပစ္စည်းများအကြောင်း ပြောရန် အထူးဧည့်သည်အဖြစ် ဖိတ်ကြားသည်။

ဆလိုက်များပြသ၍ ဟောပြောပြီးသောအခါ ပရိသတ်ထဲက သိလိုသောအချက်များကို မေးကြပါသည်။ ကျွန်မက ပြန်ဖြေရသည်။

မေးခွန်း။ ။ ဒီလိုအဖိုးတန်တဲ့ ရတနာတွေကို လှူတာ ဘာအကျိုးရမှာမို့ လှူကြတာလဲ။

ဖြေ ။ ။ အဲဒီမေးခွန်းကို ဖြေရမယ်ဆိုလျှင် ဗုဒ္ဓဘာသာ အတွေးအခေါ်အရ လှူဒါန်းစွန့်ကြဲကြတဲ့အမှု ဒါနအမှုဆိုတာ ဘာလဲဆိုတာကို ရှင်းပြဖို့ လိုပါတယ်။ ဗုဒ္ဓဘာသာ အဆုံးအမရဲ့ အခြေခံက 'စွန့်လွှတ်ခြင်း' ဖြစ်ပါတယ်၊ နောက်ဆုံးပန်းတိုင် မဂ်ဖိုလ်နိဗ္ဗာန်ဆိုတာ ဘဝကိုရော ရုပ်နာမ်ခန္ဓာကိုရော အပြီးအပိုင် စွန့်ရမှာပါ။ ဒါပေမဲ့ ကျွန်မတို့တစ်တွေဟာ အဲဒီပန်းတိုင်ကို မရောက်နိုင်သေးဘူးလေ၊ ရောက်နိုင်ဖို့ ကိုယ့်ကိုယ်ကိုယ် လေ့ကျင့်ပေးရတယ်။ 'စွန့်လွှတ်ခြင်း' ဆိုတဲ့ အမှုကိစ္စကို ကြိုးစားပြီး

http://www.dhammadownload.com



လုပ်ရတယ်။ တတ်နိုင်တဲ့ပိုက်ဆံ တစ်ပြားနှစ်ပြား၊ ဆန်လေးတစ်ဖွန်းက စပြီး 'စွန့်လွှတ်'ရတယ်၊ တဖြည်းဖြည်း ဒါထက် အဖိုးတန်တာတွေကို စွန့်လွှတ်နိုင်လာတာပေါ့၊ နောက်ဆုံးကျတော့ ဘဝနဲ့ ရုပ်နာမ်ခန္ဓာကို စွန့်နိုင်သည်အထိပေါ့ရှင်။

ဒီတော့ အဲဒီလို စွန့်လွှတ်နိုင်တယ်ဆိုတဲ့ စိတ်အင်အား ဘယ်လောက်ကြီးမားတယ်ဆိုတာ ရှင်တို့ တွေးဆကြည့်နိုင်ပါတယ်။ ဒီစိတ်အင်အားတွေဟာ အဟောသိကံဖြစ်နိုင်ပါ့မလား။ ပြုလုပ်တဲ့ အမှုကိစ္စတိုင်းမှာပဲ သူ့ရဲ့အင်အားကို တန်ပြန်တဲ့အရှိန်အဝါ ရှိတယ်ဆိုတာ ရှင်တို့ လက်ခံတယ်မဟုတ်လား။ ဒီတော့ အခုလို ရက်ရက်ရောရော စွန့်ကြဲတဲ့ စိတ်စေတ်အင်အားဟာ ကောင်းကျိုးတုံ့ပြန်မှုမရှိဘဲ ဘယ်နေပါ့မလဲ။ ဘယ်လိုအကျိုးတွေ ရချင်ပါတယ်လို့လည်း ဆုတောင်းနေဖို့ မလိုပါဘူး။ သူ့သဘောသူဆောင်ပြီး တန်ပြန်မှု အကျိုးက ပေးရမှာပါ။ ဒီတော့ စွန့်လွှတ်မှုကို ဆောင်ရွက်နိုင်တဲ့ 'ရက်ရောမှု' ဆိုတဲ့ အမှုကိစ္စဟာ အစစပြည့်စုံချမ်းသာတဲ့အကျိုး ပြန်လာမှာပဲလို့ ဗုဒ္ဓဘာသာများက ယုံကြည်ပါတယ်။

သူတို့၏မေးခွန်းများကို ပြန်ဖြေသောအခါ ဗုဒ္ဓဘာသာ အတွေးအခေါ်များနှင့် စပ်ဆိုင်သော 'ကုသိုလ်' 'စေတနာ' အစရှိသော စကားလုံးများကို ကျွန်မ တမင်ရှောင်လိုက်ပါသည်။ သူတို့နားလည်၍ သုံးစွဲသော ဝေါဟာရများကို ရှာ၍ သုံးလိုက်ပါသည်။

ထိုသို့ မေးမြန်းဆွေးနွေးပြီးကြသောအခါ လက်ဖက်ရည်သောက် မုန့်စားကြပါသည်။ ထိုသို့ စားသောက်ကြရာတွင် တစ်နေရာတည်းမှာ ထိုင်၍မနေကြဘဲ စားပွဲကြီးပေါ်မှာ တင်ထားသော စားသောက်စရာများကို ကိုယ်စီ ပန်းကန်ထဲထည့်ပြီး မိုးတိုးမတ်တတ် 'ဘူဖေး' သဘော စားကြသည်။ သို့မှသာ လူပရိသတ်ကို စေ့စေ့အောင် နှုတ်ဆက်နိုင်၊ စကားပြောနိုင်သည်။ ကျွန်မဆီကို တစ်ယောက်ချင်း၊ နှစ်ယောက်သုံးယောက်တွဲ လာ၍နှုတ်ဆက်ကြသည်။ ထပ်၍ မေးမြန်းဆွေးနွေး ကြပြန်ပါသည်။ သူတို့ထဲတွင် အမေရိကန် အမျိုးသမီးကြီးတစ်ယောက်က စကားတံ့ရှည်ရှည် ပလ္လင်ခံပြီး ဤသို့ ပြောပါသည်။

"ကျွန်မ တစ်ခု မေးချင်တာ ရှိတယ်၊ လူဘုံအလယ်မှာ မေးဖို့မသင့်ဘူးထင်လို့ အခု မေးတာပါ၊ ဒီမေးခွန်းမေးလို့ ရှင်တို့လူမျိုး၊ ရှင်တို့ကိုးကွယ်တဲ့ ဘာသာအပေါ်မှာ ရိုင်းရိုင်းစိုင်းစိုင်း ပြောသလိုဖြစ်တယ်လို့ ယူဆလျှင်လည်း ကျွန်မ တောင်းပန်ပါတယ်၊ ဒီမေးခွန်းကိုလည်း ပြန်ရုပ်သိမ်းပါ့မယ်"

သူက ခဏမျှ ကျွန်မမျက်နှာကို အကဲခတ်ကြည့်နေသည်။ ကျွန်မက "မေးပါ ... မေးပါ ရပါတယ်၊ ကျွန်မ မသိလို့ မဖြေတတ်လည်း မသိဘူးပြောရမှာ ကျွန်မ

http://www.dhammadownload.com



မခဲယဉ်းပါဘူး” ဟု ပြန်ပြောလိုက်ပါသည်။ ထိုအခါမှ သူက ပြန်ဆက်၍ပြောပါသည်။

“ဒီလိုပါ၊ ကျွန်မ ရှင်တို့တိုင်းပြည်ကို ရောက်ကတည်းက၊ ရှင်တို့မြန်မာလူမျိုးတွေကို ချစ်ခင်ပါတယ်၊ ချစ်ခင်မှာပေါ့၊ ရှင်တို့လူမျိုးတွေက ဖော်ရွေတယ်၊ စိတ်သဘောထား ဖြောင့်တယ်၊ လူတစ်ဘက်သားကို ကူညီတတ်တယ်၊ အခု ဒီဘုရားကြီးရဲ့ ထိပ်ဆုံးလူသူမမြင်နိုင်တဲ့နေရာမှာ သိန်းသန်းကုဋေတန်တဲ့ ရတနာတွေ ရိုက်ဆွဲကြတယ်။ ကျွန်မမြင်ရပါတယ်၊ ဒီလိုလှူကြတာ သုံးမကုန်စွဲမကုန်ကြတဲ့ သူဌေးတွေချည်း မဟုတ်ပါဘူး၊ ရုံးစာရေးမကလေးတွေကလည်း သူ့ရွှေကြယ်သီးလေး လှူတာပဲ၊ ဈေးသည်မကလေးလည်း ကလေးလည်ပင်းက ဆွဲကြိုးလေး လှူတာပဲ။ ဒီတော့ ကျွန်မ တွေးမိတယ်၊ ပြောရမှာလည်း ခက်ပါရဲ့၊ စိတ်မဆိုးနဲ့နော်၊ ကျွန်မ မေတ္တာရှိလွန်းလို့ ပြောတာပါ၊ ရှင်တို့လို ဖွံ့ဖြိုးစတိုင်းပြည်မှာ ဆေးရုံတွေ၊ ဆေးတွေ၊ ခေတ်မီဆေးပစ္စည်းတွေ လိုတယ်၊ ကျောင်းဆရာတွေ လိုတယ်၊ ပညာသင် အထောက်အကူပစ္စည်း တွေလိုတယ်၊ အဲသလို ရတနာပစ္စည်းတွေရဲ့ တန်ဖိုးနဲ့ဆိုရင် တိုင်းပြည်မှာ အလွန်ကို လိုနေတဲ့ ပစ္စည်းတွေ မရနိုင်ပေဘူးလားရှင်၊ အဲဒီလို နေရာတွေမှာ သုံးပါတော့လား ရှင်”

ထိုသို့ အမျိုးသမီးကြီးက ပြောလိုက်သောအခါ အခြားသော အနောက်နိုင်ငံသူများက ကျွန်မမျက်နှာကို စိုးရိမ်မကင်းသော အမူအရာနှင့် စိုက်ကြည့်ကြပါသည်။ အချို့ကလည်း မေးခွန်းမေးသော အမျိုးသမီးကြီးကို အပြစ်တင်လိုသော မျက်နှာနှင့်ကြည့်ကြသည်။

မှတ်ချက်။ ထိုအမျိုးသမီးကြီး ရည်ညွှန်းပြောဆိုသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စိန်ဖူးငှက်မြတ်နားနှင့် ဆပ်သွားဖူးကာလပ်တို့၏ ဘဏ္ဍာတော်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

“စိန်ကျောက်ရတနာ အမျိုးမျိုးတို့၏ ရတီချိန်၊ နှစ်ထောင့်နှစ်ရာ့ရှစ်ဆယ်ကိုးရတီနှင့် ဆယ်ဖီဖွာ၊ တဖြာပိုင်းခြား၊ ရွှေသားပိဿာချိန် နှစ်ရာ့ခွက် သုံးဆယ့်ခုနစ်ဆယ့်တကျပ် သုံးမူးတပဲနှစ်ရွေး၊ စစ်ဆေးသီးခြားငွေဒင်္ဂါးချိန် သုံးသောင်းလေးထောင့် ငါးဆယ့်နှစ်ကျပ်ခြောက်ပဲ၊ အံ့ဩစဖွယ်၊ သွယ်သွယ် စုရုံး အားလုံး ငွေသင့်တန်ဖိုး တသန်းတသောင်း ခုနစ်ထောင့်နှစ်ရာ ခုနစ်ဆယ့် ခုနစ်ကျပ် ခုနစ်ပဲ ဖြစ်သတည်း”

အထက်ပါစာရင်းမှာ ၁၉၂၄–ခုနှစ်က အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်းရေးသား ပူဇော်သော “စိန်ဖူးငှက်မြတ်နားတင်မော်ကွန်း”တွင် ဖော်ပြပါရှိသော စာရင်းဖြစ်၏။

ပထမအကြိမ်

http://www.dhammadownload.com



၁၉၁၉–ခု၊ ဩဂုတ်လ ၁၉–ရက် အင်္ဂါနေ့ နံနက် ၁၀–နာရီ မိနစ်၂၀–တွင် ရန်ကုန်မြို့နယ်အတွင်း၌ အပြင်းအထန် မြေငလျင်လှုပ်သည်။ ငလျင်ဒဏ်ကြောင့် ရွှေတိဂုံစေတီတော်ကြီး၏ ပိန္နဲတိုင်သည် အနောက်မြောက်ထောင့်သို့ ယိမ်းယိုင်လေ၏။ ထိုသို့ ယိမ်းယိုင်သည်ကို ခံနိုင်အောင် ပြင်ဆင်ရန်အတွက် စိန်ဖူးနှင့် ငှက်မြတ်နားကို ချယူပြီးလျှင် အဖိုးတန် စိန်ကျောက်ရတနာတို့ ထပ်မံလှူဒါန်းကာ ၁၉၂၁–ခု မတ်လ ၁၆–ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် ၉–နာရီတွင် ထီးတော်သစ် တင်လှူကြလေသည်။ ဤစာရင်းသည် ထိုစဉ်က ဂေါပကလူကြီးများနှင့် ဂုဏ်သရေရှိ လူကြီးလူကောင်းတို့ တွက်ချက်မှတ်သား ပြုစုထားခြင်း ဖြစ်၏။

တန်ဖိုးတစ်သန်းကျော်ဆိုသည်မှာ ထိုခေတ်က ရွှေတစ်ကျပ်သား ၃၅–ကျပ် ဈေးနှုန်းဖြင့် သတ်မှတ်တွက်ချက်ထားခြင်း ဖြစ်သည်။ ယခုကာလတန်ဖိုးအားဖြင့် ဆိုသော် သိန်းပေါင်း တစ်ထောင့်ငါးရာကျော် ဖြစ်ပေမည်။ ဤကား စိန်ဖူးငှက်မြတ်နားတော်၏ တန်ဖိုးမျှသာ ဖြစ်၏။

ငင်းအပြင် ၁၉၀၀–ပြည့်နှစ်မှ စတင်ပြီး ငှက်ပျောဖူးတော်မှ စတင်၍ ရွှေပြားသင်္ကန်းတော်ကပ်လှူခဲ့ရာ ယခုအခါ (၁၉၈၅)တွင် သပိတ်မှောက်တော်အထိ ရောက်ရှိနေပြီ ဖြစ်ပါသည်။ အားလုံးစုစုပေါင်း ရွှေပြားသင်္ကန်းတော် ၁၈၃၅၀ (ရွှေစင်ပိဿာချိန် ၁၁၀၀)ခန့် ကပ်လှူပြီး ဖြစ်ပါသည်။ ဆက်လက်ပြီး ၁၉၈၅–၈၆ ခုနှစ်အတွင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေစင် ရွှေသား ရွှေပြား သင်္ကန်းတော် ရွှေပိဿာချိန် ၈၀–ကျော်၊ တန်ဖိုးငွေ သိန်း ၃၂၀–ကျော် ဆက်ကပ်လှူဒါန်းပူဇော်ရန် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ ဂေါပက ထုတ်ပြန်ချက်အရ၊ စာတည်းသူ။)

ကျွန်မက ထိုအမျိုးသမီးကြီး၏ လက်ကို အားပါးတရ ဆုပ်ကိုင်ပြီးပြောလိုက်ပါသည်။

"ကျေးဇူးတင်လိုက်တာရှင်၊ ဒီမေးခွန်းကို မေးလို့ သိပ်ကျေးဇူးတင်တာပါပဲ၊ အလွန့်ကို မေးသင့်တဲ့ မေးခွန်းဖြစ်ပါတယ်၊ ကျွန်မ ဖြေခွင့်ရတာ အလွန်ဝမ်းမြောက်လှပါတယ်"

"ကျွန်မလည်း ခပ်ငယ်ငယ်တုန်းက အဲဒီလို အတွေးမျိုးတွေ တွေးဖူးလှချည့်ပေါ့ရှင့်၊ အဲဒီတုန်းက ကျွန်မတို့ တိုင်းပြည်ကလည်း ဗြိတိသျှလက်အောက်ခံ ဖြစ်နေတယ်၊ လွတ်လပ်ချင်တယ်၊ အဲဒီတုန်းကများ အခုလို ဘုရားပုထိုးတွေမှာ ရွှေငွေရတနာပစ္စည်းတွေ လှူတာမြင်ရတယ်၊ ဘုရားသမိုင်းစာအုပ်တွေမှာ ဖတ်ကြည့်ရင်လည်း ဓာတ်တော်တိုက်ထဲမှာ ဌာပနာတဲ့ ပစ္စည်းစာရင်းတွေဖတ်ပြီး စိတ်ကူးကြည့်ရုံနဲ့တောင် ရူးချင်သွားတယ်၊ ဒီတော့ ကျွန်မတို့ကလည်း လူငယ်တွေဆိုတော့ ဒီလိုမျိုး ပစ္စည်းတွေကို

http://www.dhammadownload.com



တိုင်းပြည်လွတ်လပ်ရေးအတွက်၊ စည်ပင်ဝပြောရေးအတွက် လုပ်လိုက်ရရင် ဘယ်လောက်ကောင်းမလဲ စသည်ဖြင့်ပေါ့လေ စိတ်ကူးတယ်၊ နှုတ်ကလည်းပဲ ပြောမိတယ်၊ အခုတော့လေ ကျွန်မ အဲသလိုတွေးခဲ့၊ ပြောခဲ့မိတာတွေ ဘယ်လောက်မှားတယ်ဆိုတာ သဘောပေါက်ပါပြီ"

"ရှင် တစ်ခု စဉ်းစားကြည့်ပါ၊ ကျွန်မတို့ မြန်မာ ဗုဒ္ဓဘာသာလူမျိုးတွေဟာ ရှိစုမဲ့စု ရွှေတိုရွှေစလေးတွေ၊ ကလေးလည်ပင်းက ဘယက်ကလေးကအစ ဖြုတ်ပြီး ဘုရားကြီးရဲ့ ထီးတော်မှာ လှူကြတယ်၊ ကျွန်မ ခုတင်ကပဲ ပြောခဲ့တယ်လေ၊ အဲသလို စွန့်လွှတ်တဲ့စိတ်၊ ရက်ရောတဲ့ စိတ်ဓာတ်ရဲ့ အင်အားဟာ ဘယ်လောက်ကြီးမား ပြင်းထန်မလဲဆိုတာ စဉ်းစားကြည့်ရင် သဘောပေါက်ပါလိမ့်မယ်၊ ကဲလေ .... အခု ကမ္ဘာကြီးထဲမှာ ဘာတွေဖြစ်နေသလဲ၊ လူလူချင်း သတ်ဖြတ်ညှဉ်းဆဲ၊ သူတစ်ပါး ဥစ္စာပစ္စည်းကိုလုယက်၊ လိမ်လည်ကောက်ကျစ်မှုတွေကို လုပ်တာ အပြစ်မရှိဘူး၊ လုပ်နိုင်ရင်လုပ်ကြ၊ နောက်ဘဝ၊ ယခင်ဘဝဆိုတာ မရှိဘူးဆိုတဲ့ ဝါဒအတွေးအခေါ်တွေ၊ ပြီးတော့ ကောင်းမှုကိစ္စ လှူဒါန်းတာတွေ၊ အကျင့်သိက္ခာ စောင့်စည်းတာတွေဟာလည်း အလကားပဲ၊ ဘာမှ ကောင်းကျိုးမပေးဘူးဆိုတဲ့ အယူအဆတွေ၊ ဘာသာတရား ဆိုတာ လူဖျင်းလူပျင်း လူညံ့တွေရဲ့ အလုပ်၊ အလကားအလုပ်ပိုပဲဆိုတဲ့ အယူအဆ တွေ။ အဲသလို ဝါဒတွေ လွှမ်းမိုးနေတဲ့ တိုင်းပြည်တွေ အခုရှိနေကြတာ ရှင်တို့ တွေ့တယ် မဟုတ်လား"

ကျွန်မတို့တိုင်းပြည်၊ ကျွန်မတို့ လူမျိုးတွေကို အဲသလို ဝါဒဆိုးတွေ မလွှမ်းမိုးအောင် တားဆီးစရာ ဘာလက်နက်ရှိလို့လဲ၊ လက်နက်နဲ့ တားဆီးလို့ကော ရလို့လား၊ ကျွန်မတို့ လူမျိုးတွေဟာ ခုတင်ကပြောတဲ့ စွန့်လွှတ်ခြင်း ရက်ရောခြင်းဆိုတဲ့ စိတ်ဓာတ်အင်အားသာလျှင် ခံတပ်ကြီးသဖွယ် ကာကွယ်ပေးနိုင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်၊ ကျွန်မတို့လူမျိုးတွေဟာလေ မရှိရင်ဝမ်းစာ ရှိရင်တန်းဆာ၊ ခြစ်ခြုတ်စုထားတဲ့ ရွှေရတနာပစ္စည်းလေးတွေကို ခုလို ရက်ရက်ရောရောလှူနိုင်တဲ့ စိတ်ဓာတ် ရှိနေသရွေ့ ဘယ်တော့မှ ဝါဒဆိုးတွေ မလွှမ်းမိုးနိုင်ဘူး၊ ကျွန်မတို့မှာ အဲဒီစိတ်ဓာတ်သာ အားထားစရာပဲ၊ ဒါ့ပြင် ဘာမှ အားကိုးစရာမရှိပါဘူး၊ အဲသလို ကျွန်မလည်း ယုံကြည်ပါတယ်"

ထိုသို့ ပြန်ဖြေလိုက်သောအခါ အမျိုးသမီးကြီးသည် မျက်ရည်တွေတွေကျပြီး ကျွန်မကို သိမ်းကျုံးဖက်၊ ပါးနှစ်ဘက်ကို ဘယ်ပြန်ညာပြန် နမ်းပါတော့သည်။ သူ့ ပါးစပ်ကလည်း "ကျွန်မ ဒီလို တစ်ခါမှ မတွေးဘူးပါလား၊ အဲသလို မတွေးမိလေခြင်း" ဟု ဗလုံးဗထွေး ပြောရှာပါသည်။ အခြား အမျိုးသမီးများကလည်း ....

http://www.dhammadownload.com



"အင်မတန် သစ်ဆန်းတဲ့ အတွေးအခေါ် တစ်ခုပါလား၊ အဲဒီလိုတစ်ခါမှလည်း မတွေးမိဘူး၊ ကြားလည်း မကြားမိဘူး" စသည်ဖြင့် ဝမ်းပန်းတသာ ပြောကြပါသည်။ ထိုအခါ ကျွန်မက ....

"ဒီစကားနဲ့ ဒီအတွေးအခေါ်ဟာ အသစ်အဆန်း မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀–ကျော်က ဗုဒ္ဓအရှင်မြတ် ဆုံးမသင်ကြားတဲ့ တရားဖြစ်ပါတယ်"ဟု ပြန်ပြောရပါသည်။ ဗုဒ္ဓ၏အဆုံးအမတရား ဖြစ်သောကြောင့်သာလျှင် 'အဇ္ဈတ္တ– အဇ္ဈရိယံ အံ့သြဖွယ် ကောင်းလေစွ၊ ဆန်းကြယ်လေစွ" အစရှိသော အာမေဍိတ် စကားတွေ ထွက်လာခြင်း ဖြစ်ပေသည်ဟု အဖန်ဖန် အောက်မေ့ပြီး ကြည်နူးမိပါသည်။

ကျွန်မ၏ အတွေ့အကြုံများကို ပြန်ကြည့်လျှင် သူတို့မေးကြသော မေးခွန်း များမှာ ဘာမှ မထူးဆန်းလှပဟု ဆိုနိုင်သည်။ ကျွန်မကလည်း ကျမ်းကြီးကျမ်းငယ် ကိုင်၍ ပြောနိုင် ပြောတတ်သူလည်း မဟုတ်ပါချေ။ မိမိကိုယ်တိုင် ယုံကြည်မြတ်နိုးစွာနှင့် ဆည်းကပ်ခဲ့သော ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကြောင့်သာလျှင် လူပုံအလယ်မှာ အရှက်မကွဲဘဲ ရပ်တည်နိုင်ခြင်း ဖြစ်ပါသည်။ ကျွန်မ၏ နှလုံးသားအတွင်း၌ ကိန်းအောင်းနေသော ဗုဒ္ဓ၏ တရားတော်ကို အခြေခံ၍ ပြောသောစကားသည် သူတို့၏ နှလုံးသားအတွင်းသို့ ထိရောက်စွာ စူးဝင်သွားခဲ့သည်ဟု ယုံကြည်ပါသည်။

တစ်ခါတစ်ခါမှာလည်း သူတို့မေးသော မေးခွန်းကို ဘယ်လိုဖြေရမှန်းမသိ၊ ကြောင်စီစီ ဖြစ်တတ်ပါသေးသည်။ သို့သော် ထိုအတွေ့အကြုံများသည် ကျွန်မအဖို့ အမြင်သစ် အကြားသစ် ပညာတော့ ရလိုက်ပါသေးသည်။

တစ်ခါက ဩစတြေးလျနိုင်ငံ တက္ကသိုလ်များမှ ဆရာမကြီးတစ်ခု မြန်မာပြည် သို့ အလည်အပတ် ရောက်လာကြသည်။ သူတို့အတွက် ဧည့်ခံသော လက်ဖက်ရည် ပွဲသို့ ကျွန်မ သွားရောက်ခဲ့ရပါသည်။

သူတို့နှင့် နှုတ်ဆက်စကား မေတ္တာစကားများ ပြောကြရာတွင် ကျွန်မက မေးပါသည်။

"ဒီနေ့ ဘယ်တွေလျှောက်လည်ကြသလဲ၊ စိတ်ဝင်စားစရာတွေ တွေ့ရဲ့လား"

ထိုအခါ အမျိုးသမီးကြီးတစ်ဦးနှင့် စကားလက်ဆုံ ကျသွားပါသည်။

"ဟုတ်ကဲ့ .... ကျွန်မတို့အဖွဲ့ ဒီတစ်ခါပဲ ရောက်ဖူးတာဆိုတော့ တွေ့သမျှ မြင်သမျှတွေဟာ အဆန်းချည်းပေါ့၊ ဒါထက် ဒီနေ့ တနင်္ဂနွေနေ့လည်း မဟုတ်ပါဘူး၊ ရုံးပိတ်ရက်နေ့များလား"

"မဟုတ်ပါဘူး၊ ဘာပြုလို့လဲ"

http://www.dhammadownload.com



"ဟင် .... ဒါဖြင့် ဘယ်လိုလဲ၊ ကျွန်မတို့ ဘုရားတွေ ရောက်တယ်၊ ဘုရားတိုင်းမှာလည်း လူတွေစည်လိုက်တာ၊ အဘိုးအို အဘွားအိုချည်းပဲ မဟုတ်ပါဘူး၊ အရွယ်ကောင်းတွေပါ၊ သူတို့ဟာ ဘုရားပေါ်လာပြီး ဝတ်ပြုတဲ့လူတွေပဲ၊ တချို့ကလည်း ပန်းတကောင်းတွေ ရေလဲ၊ တံမြက်စည်းလှဲ၊ ကိုယ်စီအလုပ်ကို လေးလေးစားစား လုပ်နေကြတယ်၊ နေ့တိုင်း ဒီလိုပဲလား"

"ဟုတ်ကဲ့ ...."

"ဟင် .... ဟုတ်လား၊ ဒီလူတွေ ဒီလိုလာအောင် ဘယ်သူကများ နှိုးဆော်စည်းရုံးပေးနေသလဲ"

သည်တစ်ခါဖြင့် ကျွန်မမှာ နှုတ်ဆိတ်နေရပါတော့သည်။ အဖြေတော့ ပေးလိုက်ပါသည်။ သို့ပေမဲ့ ဉာဏ်မရှိသောအဖြေ၊ တုံးတိသောအဖြေ ဖြစ်ပါသည်။

"ဘယ်သူကမှ မစည်းရုံးပါဘူး၊ သူတို့ဘာသာသူတို့ လာကြတာပဲ"

ထိုအခါ အမျိုးသမီးက "ဟင်.... အံ့သြစရာကြီးပါလား၊ ယုံနိုင်စရာတောင် မရှိပါဘူး၊ ဒီလိုပြောတော့ ရှင် နားလည်နိုင်မှာ မဟုတ်ပါဘူး၊ ကျွန်မက ရပ်ကွက်ဆိုင်ရာ သာသနာပြုအဖွဲ့မှာ စေတနာ့ဝန်ထမ်း လုပ်အားပေးနေတယ်၊ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်းကို လူတွေလာအောင် လိုက်ဆော်သြရတယ်၊ ဘယ်ကျောင်းမှာ ဘယ်သင်းအုပ်ဆရာကြီးက ဘာတရားဟောပါလိမ့်မယ် .... စသည်ဖြင့်ပေါ့၊ စာရွက်စာတမ်းတွေလည်း ဝေရတယ်၊ ဒါတောင်ရှင်၊ ဘုရားကျောင်းတွေမှာ လူသိပ်ပါးတာပဲ၊ ရှင်တို့ဆီမှာ ဘယ်သူမှ မဆော်သြရဘဲ ဒီလို ဘုရားစေတီတွေကို နေ့တိုင်းလာနေကြတာဆိုတော့ တိုင်းပြည်ပြန်ရောက်လို့ ကျွန်မ ပြန်ပြောပြရင် သူတို့ ယုံကြည်မှာတောင် မဟုတ်ဘူး"

ထိုအခါ ကျွန်မမှာလည်း တအံ့တသြပင် နားထောင်ပြီး အထူးတလည် စကားမတုံ့ပြန်တော့ပါ၊ "ဟုတ်ကဲ့ .... ဒါတော့ရှင် တစ်နေရာနှင့်တစ်နေရာ မတူကြဘူးပေါ့၊ ဟောဒီ မြေပဲဆားလှော်လေး မြည်းကြည့်ပါဦး၊ ရှင်တို့ဆီမှာကော မြေပဲစိုက်သလား၊ သြစတြေးလျပြည်ကြီးက သိပ်ကြီးတယ်နော်၊ ရာသီဥတုတွေကလည်း အမျိုးမျိုးဆိုတော့ သီးနှံတွေကလည်း စုံမှာပဲ" ဟု စကားတံပြောင်းပြီး ပြောရပါတော့သည်။

ကျွန်မအဖို့ ဘာမျှမထူးဆန်းသော ဖြစ်ရပ်တစ်ခုကို သူတို့က တအံ့တသြဖြစ်နေကြပြန်သည်။ သူတို့ သို့ကလိုဖြစ်နေသည်ကို တစ်ဖန် ကျွန်မက ပြန်အံ့သြရပါသည်။

http://www.dhammadownload.com



အနောက်တိုင်းသား အနောက်တိုင်းသူများနှင့်တွေ့လျှင် သူတို့မေးလေ့ရှိသော မေးခွန်းမှာ "Are you a good Buddhist? ဗုဒ္ဓဘာသာသူတော်စင်တစ်ဦး ဟုတ်ရဲ့လား" ဟု မေးသည်။ ထိုအခါမျိုးတွင် ကျွန်မက ရယ်သွမ်းသွေးပြီး ....

"I think I am, I try to be one. ကျွန်မကိုယ် ကျွန်မတော့ ဗုဒ္ဓဘာသာ သူတော်စင်လို့တော့ ထင်တာပါပဲ၊ အဲသလိုဖြစ်အောင်တော့ ကြိုးစားနေတာပါပဲ"ဟု ဖြေလိုက်ပါသည်။

ထိုအဖြေကို အသိမိတ်ဆွေတစ်ဦးက ဘဝင်မကျနိုင်သဖြင့် ပြောပါသည်။

"အစ်မကြီးကလည်းဗျာ၊ ဘယ်လိုဖြေလိုက်တာလဲ၊ ကိုယ်တိုင်ဝိပဿနာ တရားတွေ ဘယ်လိုအားထုတ်တာတွေ၊ ဘယ်လိုအလှူဒါနတွေ လုပ်တာတွေကို ပြောပြလိုက်ပါလား။"

ဘယ်လိုပဲဖြစ်စေ၊ ကျွန်မကဖြင့် "ကိုယ့်ကိုယ်ကိုယ်တော့ ထင်တာပဲလေ၊ တကယ်ဖြစ်အောင်တော့ ကြိုးစားရတာပါပဲ" ဟူသော အဖြေမျိုးကိုသာ ပေးပါသည်။ သူတို့တစ်တွေ ကျွန်မနှင့် အကျွမ်းတဝင်ဖြစ်ပြီး ဗုဒ္ဓဘာသာအကြောင်း ဆွေးနွေးကြသည်၊ ခင်မင်ရင်းနှီးကြသည်။ ထိုအခါ သူတို့က "You are a good Buddhist." ဟု ထောမနာပြုကြပါသည်။ ဤကိစ္စမှာ ကိုယ်က မဆုံးဖြတ်ဘဲ သူတစ်ပါးက ဆုံးဖြတ်မှသာ သင့်တော်မည်ဟု ထင်ပါသည်။

တစ်ခါတစ်ရံ သူတို့က ကျွန်မကို 'ခွဲ'ဖို့ ကြိုးစားတတ်ကြပါသေးသည်။ တစ်ခါက လက်ဖက်ရည်သောက်ရင်း စကားဝိုင်းတစ်ခုတွင် အမျိုးသမီးတွေချည်း ဖြစ်၍ အမျိုးသမီးတို့၏ ပြဿနာတစ်ခုကို ဆွေးနွေးကြပါသည်။ ထိုကိစ္စမှာ (စာဖတ်သူ ရဟန်းရှင်လူများကို ဦးဆံဖြင့် ကန်တော့ပါရဲ့၊ နားနှင့်မနာ၊ ဖဝါးနှင့်နာကြပါ)၊ အမျိုးသမီးများသည် သူတို့မှာရရှိလာသော သန္ဓေကို အလိုမရှိပါက ဖျက်ချပိုင်ခွင့် ဥပဒေအကြောင်း ဖြစ်ပါသည်။ ထိုဥပဒေမှာ ယခုအခါ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ရုရှားတို့တွင် အတည်ဖြစ်နေခဲ့ပြီး ဖြစ်ပါသည်။

သားသန္ဓေဖျက်ခြင်းကို တရားဝင်ပြုသင့် မပြုသင့် ဆွေးနွေးကြသည်။ အနောက်တိုင်းသူအချို့က အမျိုးသမီးတစ်ဦး၌ ရရှိသော သန္ဓေကို အလိုမရှိနိုင် အလို မရှိအပ်သော အခြေအနေမျိုးတွေကို တင်ပြပါသည်။ ထိုအခါမျိုးတွင် ဆရာဝန်များက တရားဝင်ဖျက်ချပေးနိုင်သည်။ ထိုကိစ္စ သင့်လျော်လျောက်ပတ်သည် မဟုတ်ပါလောဟု ဆိုကြသည်။

"ဒီလိုဟိုလို ဒီနယ်ဟိုနယ် အခြေအနေမျိုးကြုံလာလျှင် အမျိုးသမီးတစ် ယောက်ဟာ သန္ဓေကို မဖျက်သင့်ပေဘူးလား" ဟု အမျိုးမျိုးပြောကြပါသည်။ သူတို့

http://www.dhammadownload.com



ပြောသော အခြေအနေတွေကိုတော့ဖြင့် ရေးသားမဖော်ပြချင်တော့ပါ၊ တွေးသာ ကြည့်ကြပါဟု ဆိုချင်ပါတော့သည်။

ကျွန်မကို သူတို့က ဘယ်လိုပင်ခွေသော်လည်း ကျွန်မက ထိုကိစ္စသည် (ဘယ်လိုအခြေအနေမျိုးပဲဖြစ်နေနေ) လုံးဝ မလုပ်သင့်ဟူ၍ မရွှေ့မရှားဘဲ ရပ်တည်ထားလိုက်ပါသည်။ ထိုအခါ သူတို့က ကျွန်မကို "ဘာသာရေးအယူသည်းလွန်းသည်၊ ဘယ်ကိစ္စကိုမဆို အခြေအနေအရ ပြဿနာပြေလည်အောင် ရှင်းရမည် မဟုတ်ပါလား"ဟု ဆိုကြသည်။

နောက်ဆုံးတွင် ကျွန်မက ခပ်အေးအေးပင် ပြောလိုက်ပါသည်။ "ရှင်တို့ ဥစ္စာက ပြဿနာတစ်ခုကို လူ့အသက်သတ်ပြီး ဖြေရှင်းချင်နေကြတာကိုး၊ ဒီပြင်နည်းများ မရှာကြတော့ဘူးလား၊ အခုလောကကြီးမှာ ကိစ္စတစ်ခုဖြစ်လာရင် အလွယ်လမ်းလိုက်ပြီး၊ လူသတ်ပြီး ဖြေရှင်းနေကြတာချည်းပဲ မဟုတ်လား၊ ဗုဒ္ဓဘာသာ တစ်ယောက် အနေနဲ့ ဘယ်လိုပြဿနာပဲဖြစ်ဖြစ် လူသတ်ပြီး ဖြေရှင်းတာတော့ လက်မခံ နိုင်ဘူး။"

ထို့နောက် ဆက်၍ သန္ဓေဖျက်ပေးခြင်းကို သူတို့ဆီမှာ တရားဝင်ပြုထားသော်လည်း အများစုဖြစ်သောဆရာဝန်များက ထိုကိစ္စကို လုံးဝရှောင်ကြဉ်သော ဆရာဝန်များရှိကြောင်း သတင်းစာ ဂျာနယ်များ၌ တွေ့ရသည်ကို ကိုးကား၍ ပြောလိုက်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် သန္ဓေဖျက်ချပြီးမှ ပြန်နှမြော၍ စိတ္တဇဝေဒနာ ဖြစ်ကြသော အမျိုးသမီးများအကြောင်းကိုလည်း မဂ္ဂဇင်းများ၌ ဖတ်ရှုရသည်။ ထိုကိစ္စမှာ လုပ်သင့်လုပ်ထိုက်သည်ဟု တစ်ထစ်ချ ယူဆကြသည်မဟုတ်ချေ။ တိုင်းပြည်မှာလည်း အငြင်းပွားနေကြပုံ၊ သဘောမတူသူတွေ ရှိနေပုံတွေကို ပြောပြလိုက်ပါသည်။

ဤသို့ အပြန်အလှန်ပြော ဆွေးနွေးရသည်မှာ ပညာဗဟုသုတလည်းရသည်။ ပျော်စရာ စိတ်ဝင်စားစရာလည်း ကောင်းပါသည်။ "ရှင်တို့ဘာသာအရ လူသတ္တဝါ ဆိုတာ ဘုရားသခင်နဲ့ ပုံတူဖန်ဆင်းထားတာ မဟုတ်လား။ ဘုရားသခင်နဲ့ ပုံတူဖြစ်တဲ့ လူတစ်ယောက်ဖြစ်လာမဲ့ မျိုးစေ့ကို ဖျက်ဆီးလို့ တော်နိုင်ပါ့မလား"ဟု ကျွန်မက မေးလိုက်ပါသည်။

အစဦးက သူတို့က ကျွန်မကို ခွေကြသည်။ ယခု ကျွန်မက ပြန်ပြီး ခွေလိုက်ပါသည်။ နောက်ဆုံးတွင် ကျွန်မနှင့် ခင်မင်ရင်းနှီးဆုံးဖြစ်သော အမျိုးသမီးတစ်ဦးက "ဟောဒီ အမျိုးသမီးကိုလေ ကမ္ဘာ့လူဦးရေပြဿနာနဲ့ ပတ်သက်ပြီး ဆွေးနွေးရမယ့် အဖွဲ့တွေထဲများ သွားမထည့်ကြနဲ့။ သူနဲ့တော့ ဟန်မှာ မဟုတ်ဘူး"ဟု ရယ်သွမ်းသွေး ပြောလိုက်ပါသည်။

http://www.dhammadownload.com



အကြိတ်အနယ် အပြန်အလှန်ပြောကြ၊ ရယ်မောကြနှင့်ပင် တစ်နေ့တာ ပြီးသွားပြန်ပါသည်။

(၁၉၈၄–ခု မတ်လထုတ် ဉာဏ်လင်းဓမ္မစာပဒေသာ၊ စာမျက်နှာ ၇၈–မှ စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်၏ "အနောက်နိုင်ငံသားတို့ စပ်စုကြပုံများ" ဆောင်းပါးကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။)

http://www.dhammadownload.com



http://www.dhammadownload.com

## ပြုသူ စေသူ အလိုတူ

လားကြောင်းပါယ်ရှာ၊ ယူမိစ္ဆာကို၊ ဥဒ္ဒါလကာ၊ သေတကေတု၊ ဓာတ်ကိုရှု၍၊ ပယ်ပြုအပ်စွာ၊ မလစ်ရာဘူ၊ ဩဝါမိန့်ဆို၊ အကုသိုလ်နှင့်၊ ကုသိုလ်ဟုမည်၊ ကံနှစ်တည်ကား၊ လက်သည်းပြုသူ၊ တိုက်တွန်းသူတို့၊ ထိုသူနှစ်မျိုး၊ ပြစ်အကျိုးမျှ၊ အတူရဟု၊ သမ္ဗုဒ္ဓ ဖျား၊ ဘုရားတကာ၊ ဟောကြမှာရှင့်။

(မဃဒေဝ–၂၇၃။)


ဆိုးယုတ်စရိုက်၊ သူမိုက်ကျင့်ရာ၊ ကံဆယ်ဖြာတွင်၊ ပါဏာတိပါတ်၊ သက်သတ်အမှု၊ ကိုယ်လိုပြုနှင့်၊ ပြုဟုသူက၊ တိုက်တွန်းကြ၍၊ ပြုရသောသူ၊ လိုတူသောအား၊ မြစ် နိုင်ငြားလျက်၊ မတားမြစ်သူ၊ သုံးယောက်လူတွင်၊ သတ်သူနိရယ၊ ငရဲကျ၏၊ သူကခေါ်ရာ၊ ပါသူမှာမူ၊ တိရစ္ဆာန၊ ဖြစ်ထမမှား၊ လိုတူအားဖြင့်၊ မတားမြစ်သူ၊ ထိုလူမှာတုံ၊ ပြိတ္တာဘုံ ဟု၊ အာဂုံဖွင့်လှစ်၊ ထူးအပြစ်ကို၊ စင်စစ်မှန်စွာ၊ ကျမ်းရိုးလာ၏။

(မာဃဒေဝ–၁၉၇။)

● ဆောင်ပုဒ်။ ပြုသူ စေသူ၊ အလိုတူ၊ မှတ်ယူကံသုံးဆယ်။

http://www.dhammadownload.com

# သူ့လိုအရာရှိ ●



## စစ်အတွင်း ဥပုသ်သည်

၁၉၄၂–ခု၊ ဖေဖော်ဝါရီလအတွင်းက ဖြစ်ပါသည်။ ဂျပန် ဘုရင့်တပ်မတော်သည် ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးနောက် မြန်မာပြည်အလယ်ပိုင်း မန္တလေးမြို့သို့ ဆက်လက်ချီတက်လာကြသည်။ ဂျပန်လေတပ်မတော်ကလည်း မန္တလေးတစ်မြို့လုံး မွမွကြေအောင် ဗုံးကြဲတိုက်ခိုက်လျက်ရှိသည်။ ရန်ကုန်–မန္တလေး မီးရထားလမ်းလည်း ပျက်ခဲ့လေပြီ။

ထိုအချိန်တွင် ဦးဘခင်သည် မန္တလေးဘူတာကြီးတွင် ငွေစာရင်းကိုင်အရာရှိဖြစ်၏။ မီးရထားဌာနမှ ရရှိသမျှသော ဝင်ငွေအားလုံးကို ကိုင်တွယ်ထိန်းသိမ်းရ၏။ **တစ်နေ့** .... မန္တလေးဘူတာကြီးကို ဗုံးချခြင်း ခံရလေသည်။ လေကြောင်းရန်ရှင်းသည်နှင့် ဦးဘခင်သည် ဘာကိုမျှ ဂရုမစိုက်အား၊ တာဝန်ရှိရာ ဘူတာရုံဆီသို့သာ အသော့နှင်သွားခဲ့၏။ မန္တလေးဘူတာကား ဗုံးဒဏ်ချက်ကြောင့် မရှုမလှပျက်စီးနေလေပြီ။ အပျက်အစီးများကို ရှောင်တိမ်းကျော်လွှားရင်း သူ့ရုံးခန်းသို့ ရောက်ခဲ့၏။

---

ပထမအကြိမ်

http://www.dhammadownload.com



ငွေထည့်သော သံမီးခံသေတ္တာကြီးကား မပျက်မစီး ပကတိအတိုင်းရှိနေသည်။ ဦးဘခင်သည် အသင့်ပါလာသော သော့ဖြင့် မီးခံသေတ္တာကိုဖွင့်ပြီး အထဲမှငွေများကို ထုတ်လိုက်လေသည်။

သူ့ဘဝ တစ်သက်တာတွင် ပိုင်ဆိုင်ရန် အိပ်မက်ပင် မက်ခဲ့မည်မဟုတ်သော ငွေပုံကြီးကား သူ့ရှေ့မှာ ဖွေးဖွေးလှုပ်နေ၏။

သူ .... ဘာလုပ်ရမည်နည်း .... ။

ဦးဘခင် ခဏမျှတွေဝေသွား၏။ ဗြိတိသျှအာဏာပိုင်တို့ကား ဂျပန်စစ်ဦး ရောက်ကတည်းက ပြေးကြလေပြီ၊ မန္တလေးသည် ထိုအချိန်က လူမရှိတော့သော မြို့ပျက်ကြီး။ ဂျပန်တပ်နှင့် အင်္ဂလိပ်တပ် ကြားလပ်ကာ အစိုးရလည်း မရှိတော့သဖြင့် ထိုငွေကို အစိုးရငွေဟု ဆိုနိုင်ပါမည်လား၊ ထိုငွေများကိုလည်း စစ်ပြေးဗြိတိသျှအစိုးရတို့ အမှန်ပိုင်ဆိုင်ခွင့်ကော ရှိပါဦးမည်လား။

ထိုငွေများကို ဦးဘခင် ယူလိုက်မည်ဆိုလျှင်လည်း ဘယ်သူမျှမသိနိုင်။ ဘယ်သူ့ကိုမှလည်း ဝေစုခွဲပေးရန်မလိုပါ၊ ထို့ပြင် ထိုအချိန်က ဦးဘခင် အကြီးအကျယ် ငွေလို၍နေသည်၊ သမီးငယ် အသည်းအသန် မကျန်းမာဖြစ်နေ၍ ဆေးဝါးဓာတ်စာဖိုး ကထွက်၊ အိမ်စရိတ်ကတက်နှင့် သာမန်အခြေအနေမှာထက် ပို၍ကျပ်တည်းနေသည်။

သူ .... ဘာလုပ်ခဲ့သနည်း .... ။

"အစိုးရ ဘယ်ကိုရောက်ရောက် .... ဒီငွေတွေကို ငါ့အထက်အရာရှိလက် ရောက်အောင် လိုက်အပ်မယ်၊ ဒါ ငါ့တာဝန်ပဲ၊ ငါ့တာဝန် ကျေစေရမယ်"

မတရားရယူချင်စိတ် တစ်ချက်မျှပင်မဖြစ်၊ နှောင့်နှေးဖင့်လေးမှုမရှိ ရဲဝံ့ ပြတ်သားမှုအပြည့်ဖြင့် ခိုင်မာသောဆုံးဖြတ်ချက် ချမှတ်လိုက်သည်။

မန္တလေးမှ ဆုတ်ခွာစဉ်က ဗြိတိသျှတို့သည် အရပ်မျက်နှာ အသီးသီးသို့ ဖြန့်ခွဲကာ ဆုတ်ကြသည်။ မီးရထားအရာရှိတို့ကမူ မေမြို့သို့ ပထမအဆင့်ဆုတ်၏။ ထိုမှတစ်ဆင့် တရုတ်အမျိုးသားတပ်မတော်နှင့် ဆက်သွယ်ပြီး လေကြောင်းဖြင့် အိန္ဒိယသို့ပြန်ရန် စီစဉ်ထားကြသည်။ ဦးဘခင် ထိုအဖွဲ့ကို အုပ်မိနိုင်ဖို့ကား မသေချာ၊ သို့သော် တာဝန်ရှိသည့်အတိုင်း ဆောင်ရွက်ခဲ့သည်။ ဂျစ်ကားတစ်စီးငှားပြီး သုံးနာရီ ခရီးဖြစ်သော မေမြို့သို့ ငွေထုပ်ပိုက်ကာ လိုက်ခဲ့လေသည်။

မေမြို့ရောက်သော် ဗြိတိသျှတို့ကို ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရ၏။ ဆိုင်ရာ အရာရှိကို ရှာဖွေပြီး ငွေအားလုံးကို စာရင်းဇယားနှင့်တကွ အတိအကျ လွှဲပြောင်း အပ်နှံလိုက်လေသည်။ ထိုတာဝန်ပြီးဆုံးကာမှ အောင့်ထားသော သက်ပြင်းကို ဟင်းခနဲ ချနိုင်တော့၏။

http://www.dhammadownload.com



ထိုသို့ တာဝန်ကျေပွန်မှုအတွက် ဦးဘခင် တောင်းဆိုသည်မှာ တစ်ခုတော့ ရှိပါသတဲ့။

"ကျွန်တော့်အတွက် ဒီလ လစာနဲ့ ဒီကိုလာတဲ့ ခရီးစရိတ်ကလေးများ ရနိုင်ပါသလား ခင်ဗျာ" တဲ့။

သူကား ... ဦးဘခင် ဖြစ်၏။ အရာရာ၌ စောင့်စည်းတတ်သော (ဝါ) သီလ၌ စင်ကြယ်သော ဆရာကြီး ဦးဘခင် ဖြစ်၏။

## သီလရနံ့ သင်းပျံ့လှိုင်စွာ

အရာရာ၌ စောင့်စည်းမှု (ဝါ) သီလသည် အရာရာ၌ အထွတ်အထိပ်သို့ ရောက်အောင် ပို့ဆောင်ပေးနိုင်စွမ်းသော အင်အားကောင်းကြီးတစ်ခု ဖြစ်ပါ၏။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ ဦးဘခင်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော မြန်မာငွေစာရင်းမင်းကြီး ဖြစ်လာလေသည်။ နိုင်ငံတော်အတွက် အရေးပါသော အခြားရာထူးကြီး သုံးလေးခုကိုလည်း တစ်ချိန်တည်းမှာပင် ပူးတွဲ တာဝန်ထမ်းဆောင်ရလေ၏။

ထိုရာထူးကြီးများတွင် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ ဥက္ကဋ္ဌရာထူးလည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ ထိုအဖွဲ့ဥက္ကဋ္ဌသည် နိုင်ငံတော် အတွက် အဓိကဝင်ငွေရရှိသော ဆန်စပါး စသော သီးနှံများကို ပြည်တွင်းပြည်ပ ရောင်းဝယ်ရေးကိစ္စရပ်များ၌ စီမံခန့်ခွဲရန်၊ အပြည့်အဝ အာဏာပိုင်သူ ဖြစ်ပါသည်။ ထို့ကြောင့် စပါးကုန်သည်, စက်ပိုင်တို့ထံမှ တံစိုးလက်ဆောင်များ မြိုးမြိုးမြက်မြက် ရတတ်လေ့ရှိပါ၏။ သို့သော်လည်း ဘယ်သို့သော တာဝန်ကို ထမ်းဆောင်ရသည် ဖြစ်စေ၊ ဆရာကြီးကား အဂတိ လိုက်စားမှုမရှိ၊ တည်ကြည်ဖြောင့်မတ်စွာ ဆောင်ရွက်မြဲ ဖြစ်၏။ မည်သည့် ကုန်သည်ပွဲစား စက်ပိုင်ကိုမျှ အိမ်တွင်လက်ခံ၍ မတွေ့ဆုံ။ အလုပ်ကိစ္စမှတစ်ပါး ရုံးတွင်လည်း လက်ခံတွေ့ဆုံခြင်းမပြု၊ ခေါင်းဆောင်ကောင်း ပီသစွာ ကိုယ်ကျင့်သီလအရာတွင် စံပြအဖြစ် ကျင့်သုံးနေထိုင်ခဲ့၏။

တစ်ခါက ဆရာကြီး၏ မွေးနေ့တစ်ခုတွင် လက်အောက်အရာရှိတစ်ဦးက ဆရာကြီးအိမ်သို့လာ၍ လုံချည်တစ်ထည် ကန်တော့ဖူး၏။ ဆရာကြီး မရှိခိုက်ဖြစ်၍ အိမ်တွင်ထားခဲ့၏။ နောက်တစ်နေ့တွင် ဆရာကြီးသည် ထိုလုံချည်ကို ရုံးသို့ယူသွား၏။ ရုံးချိန်ပြီးသောအခါ အမှုထမ်းများကို အစည်းအဝေးခေါ်သည်။ အကျိုးအကြောင်း ပြောပြပြီး လုံချည်ကန်တော့သူ အရာရှိကို အများရှေ့မှောက်တွင်ပင် ဆူတော့၏။ ၎င်းလုံချည်ကိုလည်း ဝန်ထမ်းသက်သာချောင်ချိရေး ရန်ပုံငွေသို့ လွှဲပြောင်းပေးလိုက်သည်။

http://www.dhammadownload.com



သူကား .... ဦးဘခင် ဖြစ်၏။

အောက်ပါဖြစ်ရပ် တစ်ခုသည်လည်း ဆရာကြီး၏ သီလ သမာဓိ ဂုဏ်နှင့်စပ် မေ့ဖျောက်မရနိုင်ကောင်းသော အဖြစ်အပျက်တစ်ခုပင် ဖြစ်ပါသည်။

## အမှန်တကယ် ရှိခဲ့ဖူးပါသည်

နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆရာကြီး တာဝန်ထမ်းဆောင်ခဲ့စဉ် ဖြစ်ပါသည်။ ထိုစဉ်က ထိုရာထူးမှာ ကူးသန်းရောင်းဝယ် ရေးဝန်ကြီးကသာ တာဝန်ယူဆောင်ရွက်ရမည့် ပေါ်လစီရာထူးဖြစ်သည်။ ဆရာကြီး၏ သီလကို အတွင်းကျကျ သိရှိလေးစားသူ တာဝန်ရှိခေါင်းဆောင်ကြီးတစ်ဦးက ပေါ်လစီကိုပင် ကျော်လွှားကာ တစ်ချက်လွှတ်တာဝန်ပေးခြင်းဖြစ်၍ ဆရာကြီး မငြင်းသာခဲ့။ တာဝန်ယူထမ်းဆောင်စတွင် ထိုဌာန၏အရသာကို သိထားသူအချို့က ကပျက်ယပျက်၊ ကပ်ဖဲ့တိုက်သူတိုက်၊ တာဝန်ပေးသူ နိုင်ငံ့ခေါင်းဆောင်ကြီးကိုပင် ဆန္ဒပြသည်အထိ တာစူသူစူ၊ သို့သော် ဦးဘခင်ကား မသိကျိုးကျွန်ပြုကာ အမှုထမ်း များအား ရုံးနားချိန်တွင် ကမ္မဋ္ဌာန်းထိုင်စေခြင်းဖြင့် အနိုင်ယူခဲ့ပါသည်။

တစ်နေ့သောအခါ ကုန်သည်တစ်ယောက်သည် နိုင်ငံတော် ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့သို့ ဂုန်နီအိတ် အမြောက်အမြား ရောင်းချရန် တင်ဒါတင်သွင်းခဲ့၏။ အဖွဲ့သို့ လုပ်ထုံးလုပ်နည်းအတိုင်း တင်ဒါပုံစံဖြင့် တင်ပြခြင်းလည်းပြု၏။ ထို့ပြင် သေချာပေါက်ရဘို့ရာအတွက် အဖွဲ့ဥက္ကဋ္ဌကိုလည်း ချဉ်းကပ်ခဲ့၏။ ဥက္ကဋ္ဌဖြစ်သူ ဆရာကြီးအိမ်သို့ လာဘ်ထိုးရန် ငွေထုပ်ပိုက်ကာ ရောက်လာလေတော့သည်။

ဆရာကြီးနှင့် စကားစပြီးပြောဆိုရင်း ထိုကုန်သည်သည် လာဘ်ပေးရန် စကားဆက်သွယ်လေသည်။ ငွေစကားစသည်နှင့် ဆရာကြီး သိသိသာသာမျက်နှာ ပျက်လေပြီ။ စက်ဆုတ်ရွံရှာမှုတို့ အထင်းသားပေါ်လွင်လာ၏။ ရှစ်စပ်က လည်သော ထိုကုန်သည်လည်း ငွေမှာ ဆရာကြီးအတွက်မဟုတ်ကြောင်း ဆရာကြီး၏ကမ္မဋ္ဌာန်း ဌာနသို့ လှူဒါန်းခြင်းသာဖြစ်ကြောင်း စကားတံပြောင်း၍ ဆိုပြန်သည်။ ဆရာကြီးက ယောဂီမဟုတ်သူများထံမှ ပဋိပတ္တိဌာနအတွက် အလှူငွေကို လက်မခံကြောင်း ရှင်းလင်း ပြောပြပြီး ထိုသူကို အိမ်ထဲမှ မောင်းထုတ်လိုက်လေသည်။ အပွဲပွဲနွှဲခဲ့သော ထိုကုန်သည်မှာ "ဘယ်လိုလူကြီးပါလိမ့်၊ လာဘ်ပေးတာများ မောင်းထုတ်တယ်လို့၊ အ,လိုက်ပုံများနယ်" စသည်ဖြင့် တွေးတောအံ့ဩရင်း မျက်စိမျက်နှာပျက်ပျက်ဖြင့် ခြံထဲမှ ထွက်ခွာသွားလေတော့၏။

http://www.dhammadownload.com



စင်စစ် ထိုနေ့မှာပင် ထိုကုန်သည်၏တင်ဒါကို ဘုတ်အဖွဲ့က လက်ခံပြီး ဖြစ်ပါ၏။ သူပေးသွင်းသော ဈေးနှုန်းမှာ အနိမ့်ဆုံးဖြစ်၍ ဘုတ်အဖွဲ့က စည်းမျဉ်းနှင့်အညီ လက်ခံခြင်းဖြစ်သည်။ သို့သော် ထိုဆုံးဖြတ်ချက်ကို ထုတ်ဖော် ကြေညာခြင်း မပြုရသေး။ ထို့ကြောင့် ထိုကုန်သည် ထိုးသောလာဘ်ကို ဆရာကြီးအနေနှင့် ဘာမျှလည်း အထူးတလည် လုပ်ပေးစရာမလို၊ အန္တရာယ်လည်းမရှိ၊ အစိုးရကိုလည်း မထိခိုက်ဘဲ မြိန်မြိန်ကြီးစားနိုင်ကြောင်း ထိုကုန်သည်သာ သိသွားခဲ့လျှင်မူ ....

မည်သို့ဖြစ်စေ ....

သူကား .... ဦးဘခင် ဖြစ်၏။

အများစုဖောက်ပြန်သော်လည်း မိုးခါးရေမသောက်၊ နိုင်ငံ့တာဝန်ကို တာဝန်သိသိ သစ္စာရှိရှိ စံနမူနာပြ၍ ထမ်းဆောင်ခဲ့သော အရာရှိကြီး ဦးဘခင် ဖြစ်၏။ ဆရာကြီး၊ ဆရာကြီးနှင့်ဘဝတူ သီလရှိသူ အမှုထမ်းတို့၏ စွမ်းရည်ကြောင့် နိုင်ငံတော်၏ အသက်သွေးခဲဖြစ်သော ထိုဌာနလည်း ထိုအချိန်မှစ၍ သိသိသာသာ တိုးတက်သောစံချိန်သို့ ရောက်ရှိလာခဲ့ပါတော့သည်။

## ကိုယ်တိုင်တွေ့ကြုံ သီလဂုဏ်

ဆရာကြီးတို့ခေတ်က မြန်မာပြည်တွင် အစိုးရအရာရှိကြီးသာ ဖြစ်ခဲ့ပါလျှင် ကျန်ဘဝတစ်လျှောက်လုံးမှာ သက်တောင့်သက်သာ နေနိုင်ပါ၏။ လစာကောင်းသည် သာမက အားပန်းက တံစိုးလက်ဆောင်များ ရွှင်ရွှင်ကလေးရတတ်သောကြောင့်လည်း ဖြစ်ပါ၏။

ဆရာကြီးသည် အစိုးရဌာနကြီးများ၌ ရာထူးကြီးလေးခုကို တစ်ပြိုင်တည်း တာဝန်ယူ ထမ်းဆောင်ခဲ့ရ၏။ သို့သော်လည်း လစာကိုမူ တစ်နေရာတည်းမှသာ ယူခဲ့၏။ မတရားရသော လာဘ်လာဘမှန်သမျှ လုံးဝရှောင်ခဲ့၏။ ဆရာကြီးအလုပ်မှ အငြိမ်းစားယူသောအခါ အိုစာမင်းစာအတွက် ငွေကလေးနှစ်သောင်းငါးထောင်မျှသာ လက်ထဲမှာရှိလေသည်။ ကိုယ်ပိုင်အိမ်လည်း မရှိသေး၊ အမှုထမ်းကာလတစ်လျှောက်လုံး အစိုးရက ပေးသောအိမ်မှာသာ နေခဲ့၏။

ဆရာကြီး ပင်စင်ယူလိုက်သောအခါတွင် အစိုးရအိမ်၌ ဆက်လက်နေထိုင်ရန် အခွင့်မရှိတော့ပေ။ ထို့ကြောင့် မိသားစုနေထိုင်ရန် အိမ်ဆောက်ဖို့ စီမံရ၏။ စုငွေကလေးဖြင့် အိမ်ဖြစ်အောင် ဆောက်ပေးဖို့ အတွင်းနေ တပည့်ကြီး ကျွန်တော် (ဦးဂိုအင်ကာ)ကို စီမံစေပါသည်။ တကယ်တမ်း အိမ်ဆောက်သောအခါ ဆရာကြီး၏ စုငွေနှင့် မလောက်ချေ၊ အိမ်အပြီးသတ်ဖို့ ငွေတစ်သောင်းခန့် လိုနေ၏။

ထိုငွေကို ဆရာကြီး ဘယ်လိုရှာဖွေမည်နည်း။

http://www.dhammadownload.com



စင်စစ် ငွေတစ်သောင်းဆိုသည်မှာ ကျွန်တော်အဖို့ ဘာမျှဝန်မလေးပါ။ အလွယ်တကူပေးလှူနိုင်ပါ၏။ သို့သော် ကျွန်တော် ကန်တော့သည်ကို ဆရာကြီး လက်မခံခဲ့ပါ။

"တပည့်ယောဂီတစ်ယောက်က လှူဒါန်းတာကို ဆရာကြီး ကိုယ်ရေးကိုယ်တာကိစ္စအတွက် အသုံးမပြုပါရစေနဲ့ ....။ ဓမ္မနဲ့စပ်တဲ့ အခြားသင့်တော်မဲ့ နေရာတွေကိုသာ လှူပါကွာ" တဲ့။

ဆရာကြီး အခက်အခဲတွေ့သည်ကို ဘယ်လိုနည်းဖြင့်မျှ ကျွန်တော် မကြည့်ရက်ပါ။ ထို့ကြောင့် "ချေးတာပါ" ဟု တစ်ဘက်လှည့်ပြီးပေး၏။ "ချေးတယ်ဆိုတော့ ဆရာကြီးမငြင်းသာချေ။ ကျွန်တော်ကတော့ "ချေးတယ်ပြောပေမဲ့ ပြန်ဆပ်တော့ မယူဘဲနေလည်း ပြီးတာပဲ" ဟု စိတ်ထဲတွင် ကြိတ်ပြီးကြံထားမိ၏။

သို့သော် ....

လကုန်၍ ပင်စင်လစာ ထုတ်ချိန်ရောက်တိုင်း ပင်စင်လစာချက်လက်မှတ်ကို တစ်ပြားတစ်ချပ်မကျန် ဆရာကြီးက ကျွန်တော့်ကို ထိုးအပ်တော့၏။ ကျွန်တော် ရင်နာရပါပြီ၊ ငွေတစ်သောင်းဆိုသည်မှာ ကျွန်တော့်အတွက် မဖြစ်စလောက်ငွေပါ၊ သို့သော် ဖခင်သဖွယ် လေးစားချစ်ခင်ရသော ဆရာအိုကြီးက သူ့မိသားစုအတွက် တစ်ခုတည်းသော ဝင်ငွေဖြစ်သော ပင်စင်လစာကလေးကို ထိုးအပ်၍ အကြွေးဆပ်နေလေပြီ၊ ကျွန်တော်အဘယ်မှာ ယူရက်ပါမည်နည်း။ ချစ်ကြောက်ရိုသေရသော ဆရာကြီး၏ စကားကိုလည်း ကျွန်တော် မပယ်ရှားဝံ့ခဲ့ပါ၊ ကျွန်တော် ဘာလုပ်ရမည်နည်း။

ဤသို့ဖြင့် ရင်နင့်ဖွယ်ကောင်းသော နေ့ရက်များကို ကျော်ဖြတ်လာခဲ့ရာ နောက်ဆုံး အကြွေးငါးထောင်သာ ကျန်သည့်အခြေအနေသို့ ရောက်ခဲ့၏။

ထိုအတောအတွင်း ကျွန်တော်၏ အဒေါ်လည်းတော်၍ မွေးစားမိခင်လည်းဖြစ်၊ ဆရာကြီးထံတွင် နည်းခံ၍ နှစ်ရှည်လများ တရားအားထုတ်ဖူးသူလည်းဖြစ်သော အမေကြီး ကွယ်လွန်လေသည်။ ဆရာကြီးထံတွင် ခုနစ်နှစ်ကာလမျှ တရားအားထုတ်ခဲ့ရာမှ ဓမ္မရသကို ခံစားခွင့်ရခဲ့သော အမေကြီးမှာ ဆရာကြီးနှင့်လည်း လွန်စွာ ရင်းနှီးကျွမ်းဝင်သူ ဖြစ်ပါ၏။

မိခင်ကြီး သေအံ့မူးမူးအချိန်တွင် ကျွန်တော်က ....

"အမေ့အတွက် ကျွန်တော် ကုသိုလ်ကောင်းမှုတွေ လုပ်မယ်၊ အမေ လှူချင် တန်းချင်တဲ့ နေရာတွေကိုသာပြောပါ" ဟု မေးမြန်း၏။

http://www.dhammadownload.com



"မင်း .... ကောင်းမယ်ထင်တဲ့ နေရာတွေကိုသာ လှူပါကွယ်" ဟု မိခင်က ဆို၏။ ထို့ကြောင့် သင့်တော်မည့်ဆေးရုံများ၊ အလှူခံ အဖွဲ့အစည်းများကို အမည်တပ်ကာ ကျွန်တော် ရွတ်ပြ၏၊ အမေကား ခေါင်းတညိတ်ညိတ်။

ထို့နောက် အမေ .... လှူချင်တဲ့ တခြားနေရာတွေများ ရှိသေးလား" ဟု အမေ့ဆန္ဒကို ထပ်မံ၍ စုံစမ်းပါ၏။

"အမေ .... ဆရာကြီးကို ငွေငါးထောင်လှူချင်တယ်"

အမေ့စကားကို ကြားရသောအခါ ကျွန်တော် ဝမ်းနည်းဝမ်းသာဖြစ်ရပါသည်။ ဤဆန္ဒသည် "မိခင်အတွက် ကျွန်တော် နောက်ဆုံး ဖြည့်စွမ်းပေးရမည့် ကုသိုလ်ပါကလား" ဟု တွေးတောကာ ဝမ်းနည်းရသလို၊ ဤဆန္ဒကြောင့်ပင် ဖခင်သဖွယ်ဖြစ်သော ဆရာအိုကြီးထံမှ ရင်နှင့်ဖွယ်အကြွေးဆပ်ခံနေရသောဝဋ်က လွတ်ပေတော့မည်ဟု ဝမ်းသာရပြန်ပါ၏။

သေရာညောင်စောင်းတွင် လဲလျောင်းနေစဉ်က အမေ၏ဆန္ဒများကို ဆရာကြီး ကြားရသောအခါ ဝမ်းမြောက်စွာ သာဓု ခေါ်လေ၏။ ကမ္မဋ္ဌာန်းဌာနတစ်ခုလုံးကို လှည့်ပတ်ကာ တွေ့သမျှလူတို့အားလည်း အောက်ပါအတိုင်း ပြောလေတော့၏။

"ကြည့်စမ်းကွာ .... သေပုံနေရာကျလိုက်တာ .... သေခါနီးအထိ သတိမလွတ်ဘူး၊ ဓမ္မကိုလည်း နှလုံးသွင်းရင်းသေသတဲ့။ ဓမ္မအတွက် ငွေတွေလှူသတဲ့၊ ငါ့ကိုခေါင်းတပ်ပြီးလှူတာပါ၊ ဒါပေမဲ့ ဓမ္မကိုဦးတိုက်လှူတာမို့ ငါ့ကိုယ်ရေးကိုယ်တာ မသုံးပါဘူး၊ အလှူရှင်ပိုပြီးလည်း အကျိုးများအောင် ဓမ္မနဲ့စပ်တဲ့ နေရာတွေကိုသာ လှူရမယ်ဟေ့"

ပြောရင်းဆိုရင်းမှာပင် ဟိုဟိုသည်သည်ရှိ ဓမ္မနှင့်ပတ်သက်သောကိစ္စများအတွက် ၎င်းငွေများအားလုံးကို ခွဲဝေလှူဒါန်းတော့သည်။ ကျွန်တော် မျှော်မှန်းတွေးဆချက်တို့ ပျက်စီးရလေပြီ၊ ဘာစကားတစ်ခွန်းမျှ ထပ်မံ၍မဆိုနိုင်၊ ငိုင်၍သာ ကြည့်နေမိပါသည်။

ဤသို့ဖြင့် လကုန်ရက်ရောက်တိုင်း ဆရာကြီး၏ပင်စင်ချက်လက်မှတ်ကို ကျွန်တော် လက်ခံရသည်မှာ နောက်ဆုံးငွေပြေသည်အထိပင်။

သူကား ဦးဘခင် ဖြစ်သည်။

အခွင့်အာဏာတွေ လက်ကိုင်ရခဲ့သော်လည်း အဂတိ လိုက်စားကာ မတရား ချမ်းသာနိုင်သော်လည်း သေသည်အထိ သီလမပျက်၊ ဓမ္မကိုဖက်ကာ အနစ်နာခံခဲ့သည့် ဗိဇသတ္တိ ထူးခြားသော ဆရာကြီးဦးဘခင် ဖြစ်ပါ၏။

---

ပထမအကြိမ်

http://www.dhammadownload.com



## မမေ့တဲ့နိုင်

ဆရာကြီးဦးဘခင်၏ အောက်မေ့ဖွယ် သီလဂုဏ်တို့ကို သိရှိကြည်ညိုခွင့်ရသည်မှာ ဆရာကြီး၏အတွင်းနေတပည့် 'ဒေါက်တာဂိုအင်ကာ'၏ ကျေးဇူးပင်ဖြစ်ပါ၏။

သူကား ဆရာကြီးထံတွင် နည်းခံပြီး နှစ်ရှည်လများ တရားအားထုတ်ခဲ့သူဖြစ်ပါသည်။ ဆရာကြီး၏ ဝါရင့်ကျွမ်းကျင်သော လက်ထောက်ကမ္မဋ္ဌာနာစရိယတစ်ဦးအဖြစ်လည်း နှစ်ရှည်ဆောင်ရွက်ခဲ့သည်။ ဆရာကြီး ကွယ်လွန်ပြီးသည့်နောက် ဆရာကြီး၏ အရိုက်အရာခံ၍ ကမ္မဋ္ဌာအရပ်ရပ်ကို လှည့်ပတ်ကာ တရားပြနေလေပြီ။

ဆရာကြီးကွယ်လွန်သည့်နောက် (၁၂)နှစ်ပြည့်မြောက်သည့်နေ့တွင် အထိမ်းအမှတ်အဖြစ် သူထုတ်ဝေသော အင်္ဂလိပ်ဘာသာ 'ဝိပဿနာဂျာနယ်'ကို အထူးထုတ်အဖြစ် ထုတ်ဝေ၍ ဆရာကြီးအား ပူဇော်ခဲ့၏။ အင်္ဂလိပ်ဘာသာဖြင့် အိန္ဒိယ၌ ၁၉၈၃–ခုနှစ်၊ ဇန်နဝါရီလ ၁၉–ရက်နေ့တွင် ထုတ်ဝေခဲ့သည်။ အထက်ပါဖြစ်ရပ်များမှာ ထိုစာအုပ်ပါ ဒေါက်တာဂိုအင်ကာ၏ "မမေ့စကောင်းသော ဖြစ်ရပ်များ"ဟူသော ဆောင်းပါးမှရရှိသော အချက်အလက်များကို သင့်လျော်အောင် ဘာသာပြန်၍ တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဆရာကြီးဦးဘခင်၏ ကြီးကျယ်မြင့်မြတ်သော ဆုံးဖြတ်လုပ်ဆောင်ချက်တို့ကား ဒေါက်တာဂိုအင်ကာကဲ့သို့သော တပည့်များသာမက သီလဟူသော ဘဝအောင်မြင် ချမ်းသာရေး ကျင့်စဉ်ကို ချစ်ခင်မြတ်နိုးသူတိုင်းက အစဉ်အောက်မေ့ စံပြု၍ နေကြမည်သာ ဖြစ်ပါသတည်း။

(ဒေါက်တာဂိုအင်ကာအကြောင်း မဂ္ဂကထာ၌ ဆက်၍ဖတ်ရှုပါလေဦး)

ဘာသာပြန်ရေးသားသူ–ဂါမဏိ

http://www.dhammadownload.com




# သူလိုဆင်းရဲသူမ

အချိန်ကား နံနက်ခုနစ်နာရီခန့် ရှိချေပြီ။ တဖွဲဖွဲကျနေသော နှင်းမှုန်တို့ကြောင့် နေမင်းကို မမြင်ကြရသေးပေ။ ထိုအချိန်တွင် ထီးချိုင့်မြို့ နံနက်ဈေးသည် ဈေးရောင်း ဈေးဝယ်တို့ဖြင့် စည်ကားစပြုနေချေပြီ။

ဈေးရုံတစ်နေရာတွင် ရှုက်ကြီးတင်င ငိုယိုလျက်ရှိသော အမျိုးသမီးတစ်ဦးကို လူအများ ဝိုင်းအုံကြည့်နေကြသည်။ မိန်းမဝဝကြီးတစ်ယောက်က လူအုပ်ထဲ တိုးဝင်ပြီး ကြည့်လိုက်သည်။

http://www.dhammadownload.com



"အလို .... မိခင်ဌေးပါလား၊ ဟဲ့ .... မိခင်ဌေး ဘာဖြစ်တာတုန်း .... ဟင်"

"ကျွန်မ မပြောလိုက်ချင်ဘူး ကြီးကြီးမြ၊ သေသာသေလိုက်ချင်တယ်၊ အဟင့် ဟင့် .... ဟင့်"

"မသေချင်ပါနဲ့ဦး၊ ဘာဖြစ်တာလဲ ပြောစမ်းပါဦး၊ နင် မြောက်ပြင်မှာ ဈေးရောင်းနေတယ်ဆို၊ ဘယ်တော့တုန်းက ပြန်ရောက်လာတာတုန်း"

"ယခုပဲ ရောက်တာပါ ကြီးကြီးမြရဲ့၊ မြောက်ပြင်ဈေး ရောင်းရင်းက ကုန်ပစ္စည်း ထပ်ဖြည့်ဝယ်ဖို့ ပြန်လာတာ၊ ယခု ဒီရောက်လို့ ကြည့်လိုက်တော့ ကျွန်မ ငွေအိတ် မပါလာတော့ဘူး။ အဟင့် .... ဟင့် .... ဘယ်မှာ ကျရစ်မှန်းလည်း မသိဘူး"

"ဟော .... ငွေက ဘယ်လောက်ပါသလဲဟဲ့"

"ငွေက သုံးထောင်ကျော်လောက်ပါတယ်။ ကျွန်မတော့ ခက်တော့တာပဲ၊ သူများဆီက အရင်းအနှီးယူထားတာ၊ ခုတော့ ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး။ အဟင့် .... အဟင့် .... ဟင့်"

"ဟယ် .... နင့်ဟာ ငိုနေလို့ကော ဘာဖြစ်တတ်မှာတုန်း၊ ဘယ်မှာကျကျန် ရစ်တယ်ထင်သလဲ၊ ပြန်ရှာဦးမှပေါ့"

"ကျွန်မလာတာက လှည်းနဲ့လာတာ ကြီးကြီးမြရဲ့၊ လမ်းမှာပဲ ကျခဲ့သလား၊ ဒီရောက်မှပဲ အလစ်သုတ်ခံရသလား မသိဘူး၊ ကိုကိုအုန်းသိရင်တော့ ကျွန်မကို ရိုက်တော့မှာပဲ"

"မတော်လို့ ကျရစ်တာပဲ ကိုအုန်းက ရိုက်မှာ မဟုတ်ပါဘူး၊ စိတ်အေးအေး ထားပြီး ပြန်ရှာမှပေါ့ .... "

"ပြန်ရှာလို့ ရမယ်မထင်ဘူး ကြီးကြီးမြရယ်၊ ကျွန်မ သေသာ သေလိုက်ချင် ပါတယ်၊ အဟီး .... ဟီး .... ဟီး"

မခင်ဌေးသည် ကျကျန်ရစ်သော ငွေအတွက် တရှိုက်မက်မက် ငိုမဆုံးဖြစ် နေရှာသည်။ မခင်ဌေး ငိုယိုနေသည်ကို မင်းသမီး ငိုချင်းချသည်များ ထင်ကြသလား မသိ၊ ရွှေဈေးလာပရိသတ်များ ကြိတ်ကြိတ်တိုးမျှ ဝိုင်းအုံကြည့်နေကြသည်။ ထိုအခိုက် နွမ်းနယ်သောအဝတ်အစားဖြင့် ဈေးဝယ်အမျိုးသမီးတစ်ဦး ပရိသတ်အတွင်းသို့ တိုးဝင်လာသည်။ ထိုအမျိုးသမီးကား ထီးချိုင့်မြို့ မြောက်ပြင် သခွတ်ချောင်ရွာမှ ဈေးဝယ်လာသူ မတင်မေဆိုသူဖြစ်လေသည်။ မတင်မေသည် တရှိုက်ရှိုက်ငိုနေသော မခင်ဌေးထံ ချဉ်းကပ်လာပြီး "ဘာလို့ ငိုတာလဲရှင်"ဟု မေးလိုက်သည်။

http://www.dhammadownload.com



"လမ်းမှာ ငွေအိတ်ကျရစ်ခဲ့တယ်ရှင်။ ငွေက ကျွန်မ ကိုယ်ပိုင်ငွေ မဟုတ်ဘူး။ သူများဆီက ခဏချေးလာခဲ့တာ။ ခုတော့ ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး၊ ဟီး.... ဟီး"

"ကျရစ်တဲ့ငွေအိတ်က ဘယ်လိုအိတ်လဲ"

"လက်ပွေ့အိတ်ပါရှင်"

"လက်ပွေ့အိတ်ဆိုရင် ဒီအိတ်ကလေးများလား"

မတင်မေသည် ဤသို့ပြောရင်း သူ့ခေါင်းထက် ရွက်လာသော တောင်းတွင်းမှ အိတ်တစ်လုံးကို ထုတ်ပြလေသည်။ အိတ်ကိုမြင်သောအခါ မခင်ဌေး၏ မျက်လုံးများ ဝင်းလက်လာပြီး ....

"ဟုတ် .... ဟုတ်ပါတယ်ရှင် .... ဟုတ်ပါတယ်။ အဲဒါ ကျွန်မ ကျရစ်တဲ့အိတ်ပါပဲ၊ ဘယ်က ကောက်ရခဲ့ပါသလဲရှင်"

"တောင်စွန်းနားက လှည်းလမ်းကြောင်းမှာတွေ့လို့ ကျွန်မ ကောက်ထည့်ခဲ့တာပါ။ ရှင်အိတ်ဆိုရင် ပြန်ယူပါ။ ကျွန်မ ဖွင့်လို့တောင် မကြည့်ခဲ့ပါဘူး"

"အမယ်လေး ကျေးဇူးရှင်မကြီး .... ကျေးဇူးတင်လိုက်တာရှင်။ ဘယ်လို ကျေးဇူးတင်မှန်း မသိတော့ဘူး။ ရှင့်ကို ကျွန်မ ရှိခိုးဆို ရှိခိုးပါရဲ့၊ ရေအဆုံး ကုန်းတစ်ဝက်ဆိုတာလို ရှင့်ကို တစ်ဝက်တော့ ပေးသင့်တာပဲ။ ဒါပေမဲ့ ဒီငွေတွေက ကျွန်မ ပိုင်တာ မဟုတ်လို့"

"အို .... ကိစ္စမရှိပါဘူး။ ရလိုတဲ့ စိတ်လည်း ကျွန်မမှာ မရှိပါဘူး။ ပစ္စည်းရှင်ကို ခုလို ပြန်ပေးရတာပဲ ကျွန်မ ဝမ်းသာလှပါပြီ"

"အမယ်လေး သူတော်ကောင်းမကြီး၊ ရှင့်စေတနာကို ကျွန်မ ရှိခိုးပူဇော်ပါရဲ့"

"အို .... အို .... ကျွန်မကို ရှိမခိုးပါနဲ့၊ ကျွန်မ ရှိခိုးမခံရဲပါဘူးရှင့်"

"ရှင့်ကို ရှိခိုးတာမဟုတ်ပါဘူး၊ ရှင့်စေတနာကို ရှိခိုးတာပါ၊ အားရအောင် ရှိခိုးပါရစေ"

အမျိုးသမီးနှစ်ဦးကိုကြည့်ကာ လူတွေဝိုင်းအုံလာကြသည်။

"ကောက်ရတဲ့ငွေကို ပြန်ပေးတာတဲ့"

"ငွေတွေသာပြန်ပေးတယ်၊ ပြန်ပေးတဲ့ အမျိုးသမီးကလည်း ဆင်းရဲသူဆိုပါလား"

"တကယ်တော်တဲ့ အမျိုးသမီးပါပဲ၊ သိပ်ချီးကျူးသင့်တယ်"

"ချီးကျူးရုံနဲ့ ဘယ်ဖြစ်မလဲ၊ သူ့ရဲ့ရိုးသားတဲ့ဂုဏ်ကို ပူလည်းပူဇော်သင့်တယ်"

http://www.dhammadownload.com



တစ်ခဏအတွင်း၌ပင် ဈေးတွင်းရှိလူထု၏ စိတ်ဓာတ်များ တက်ကြွ၍လာကြသည်။ ထို့ကြောင့် မတင်မေထံ လူထုကြီး ဝိုင်းအုံလာကြပြီး ၁–ကျပ်တန်၊ ၅–ကျပ်တန်၊ ၁၀–ကျပ်တန် ငွေစက္ကူများ ပစ်ချပေးကမ်းကြလေသည်။ တစ်ခဏချင်းပင် မတင်မေ၏ရှေ့တွင် ငွေစက္ကူပုံကြီး ဖြစ်လာသည်။ မတင်မေသည် ထိုငွေစက္ကူပုံကြီးကိုကြည့်ရင်း ရှိုက်ကာရှိုက်ကာ ငိုချလိုက်တော့သည်။

"ဟဲ့ .... တင်မေ .... ဘာဖြစ်လို့ငိုတာလဲ၊ ဒီငွေတွေကို နင့်ကိုပေးကြတာဟဲ့၊ ယူလိုက်ပါတော့လား"

အမျိုးသမီးကြီးတစ်ဦးက မတင်မေကို ပြောလိုက်သည်။ မတင်မေသည် ရှိုက်ကာရှိုက်ကာငိုရာမှ ....

"ကျွန်မ ဝမ်းသာလွန်းလို့ငိုတာပါရှင်၊ တခြားကြောင့် ငိုတာမဟုတ်ပါဘူး၊ ဝမ်းသာတယ်ဆိုလို့ ဒီငွေတွေရလို့ ကျွန်မ ဝမ်းသာတာ မဟုတ်ပါဘူး။ ကျွန်မရဲ့စိတ်ကို ကျွန်မ ကျေးဇူးတင်လွန်းလို့ ဝမ်းသာတာပါ"

"ဟဲ့ .... နင့်စကားက ရှုပ်လိုက်တာ၊ နင်ကဘာယ်လိုကြောင့် နင့်စိတ်ကို ကျေးဇူးတင်နေရတာလဲ"

"ငွေအိတ်ကိုကောက်ရတော့ ဝမ်းသာသွားပါတယ်။ ဝမ်းသာတာက ငါငွေအိတ်ရပြီဆိုတဲ့ အသိကြောင့်ပေါ့ရှင်။ အဲဒီနောက်တော့ ငါဝမ်းသာပေမဲ့ ငွေအိတ်ရှင်ကတော့ ဝမ်းနည်းရှာတော့မှာပဲ။ ဒီတော့ ငါဟာ ငွေအိတ်ကို ဖွင့်ကြည့်ဖို့မတော်ဘူး။ ဖွင့်ကြည့်လို့ ငွေတွေမြင်ရင် ငါ့စိတ်ဟာ ဖောက်ပြန်လိမ့်မယ်၊ ငါ့ရဲ့စိတ် မဖောက်ပြန်စေရဘူး၊ ငွေအိတ်ရှင်ကို ငါပြန်ပေးမယ်။ ဝမ်းနည်းနေတဲ့ ငွေအိတ်ရှင်ကို တွေ့အောင်ရှာပြီး ဝမ်းသာသွားစေရမယ်လို့ ကျွန်မ စိတ်ပိုင်းဖြတ်လိုက်တယ်။ ကျွန်မ စိတ်ပိုင်းဖြတ်တဲ့အတိုင်း ယခုငွေအိတ်ကို ပြန်ပေးလိုက်ပါတယ်။ ကျွန်မရဲ့ သန့်ရှင်းတဲ့ စေတနာကြောင့် ငိုနေတဲ့ငွေအိတ်ရှင်ဟာ ပြုံးရယ်လာပါတယ်၊ မျက်စိအောက်မှာ ယခုငွေစက္ကူတွေလည်း ရောက်လာပါတယ်။

"စောစောကသာ ကျွန်မ စိတ်ဖောက်ပြန်ရင် ငါဟာ သူ့ပစ္စည်းကို အချောင်ယူချင်တဲ့ အယုတ်တမာမ,ရယ်လို့ ကျွန်မကိုကျွန်မ စွပ်စွဲမိလျက်ဖြစ်နေမှာ မလွဲပါဘူး။ ခုတော့ စိတ်ဓာတ်သန့်သန့်ရှင်းရှင်း ထားမိတဲ့အတွက် ငါဟာ အောင်နိုင်ခဲ့တဲ့ လောဘကိုအောင်နိုင်သူဖြစ်ပြီလို့ မိမိကိုယ်တိုင်မိမိ ကျေနပ်မိတဲ့အပြင် အများရဲ့ချီးမွမ်းမှုကိုလည်းခံယူရတဲ့အတွက် အလွန်ဝမ်းသာသွားပါတယ်။ ဒါကြောင့် မအောင့်နိုင်ဘဲ ငိုမိသွားတာပါ။ ကျွန်မဟာ အင်မတန်ဆင်းရဲပါတယ်။ မိဘနှစ်ပါးနဲ့ ကျွန်မရဲ့ဝမ်းရေးအတွက် အပြင်းအထန် ရုန်းကန်နေရသူပါ။ ဒါပေမဲ့ အများက ချီးမြှောက်တဲ့ ဒီငွေတွေကို

http://www.dhammadownload.com



မသုံးစားရက်ပါဘူး၊ သံဃာတော်တွေ အသုံးအဆောင်အတွက် ကျွန်မ လှူဒါန်းပါတယ်” ဟု ပြောဆိုကာ အများက ချီးမြှောက်ပေးကမ်းကြသော ကျပ်ငွေ ၅၀၀–ကျော်ကို လှူဒါန်းပူဇော်ခဲ့လေသည်။

ဤအဖြစ်အပျက်သည် လွန်ခဲ့သော ၁၀–နှစ်ကျော်က ဖြစ်ခဲ့သော တကယ့်အဖြစ်အပျက် ဖြစ်ပါသည်။

ကောက်ရသောငွေကျပ် ၃၀၀၀–ကျော်နှင့် အများက ချီးမြှောက်ကြသော ငွေ ၅၀၀–ကျော်တို့ကို မမက်မော မတွန့်တိုဘဲ စွန့်လွှတ်လှူဒါန်းခဲ့သော သစ္စာတ်ချောင်ရှာသူ မတင်မေကား မကြာမီကပင်လျှင် မီးယပ်ရောဂါဖြင့် ကွယ်လွန်ခဲ့လေပြီ။

(၁၉၈၃–ခု၊ မတ်လထုတ် သင့်ဘဝမဂ္ဂဇင်းမှ ထီးချိုင့်နတ်စိုး၏ ဆောင်းပါးကို ကူးယူဖော်ပြပါသည်။)

## ဒုစရိုက်နှောင်တ

ယနေ့ နက်ဖန် ကြိုးပေးခြင်း မခံရသေးသော်လည်း “သေစားသေစေ” ဟူ၍ ကြိုးမိန့်ပေးခြင်းခံရပြီးသူ၏ ကိုယ်စားတွေးကြည့်လျှင် ဘယ်လိုနေမည်ထင်သနည်း။

တစ်နှစ်တစ်ခါ ကျမြဲထုံးစံအတိုင်း သင်္ကြန်ကျလာပေဦးတော့မည်။ သင်္ကြန်ပွဲကား ပျော်ပွဲရွှင်ပွဲအသွင်ကို ပေါ်ပေါ်လွင်လွင် သရုပ်ဖော်သော ရေသဘင်ပွဲတော်ကြီး ဖြစ်သောကြောင့် အစွမ်းကုန် ပျော်ကြ၊ ရွှင်ကြကုန်လတ္တံ့။ အော်ကြ၊ ဟစ်ကြ ကုန်လတ္တံ့။

အကယ်၍ ငါ့အသက် တစ်နှစ်ကြီးလာပြီဟူ၍ သတိပြုမိလျှင် အသက် ၁၆–နှစ်ပတ်ဝန်းကျင်ရှိ ပျိုရွယ်သူ ကျား၊မများအနေဖြင့် ဝမ်းသာကောင်းဝမ်းသာကြ ပေမည်။ ထိုအရွယ်တုန်းက ကျွန်ုပ်ကိုယ်တိုင် ဝမ်းမြောက်ခဲ့ဖူးပါသည်။

အဘယ်ကြောင့်ဆိုသော် ပညာရေးအားဖြင့်လည်းကောင်း၊ အလုပ်အကိုင်စီးပွားရေးအားဖြင့်လည်းကောင်း ရှေ့သို့တစ်ဆင့် မြင့်မားတိုးတက်မှုကို ရှေးရှုမိသည်ကတစ်ကြောင်း။ အရွယ်အားဖြင့် အပျိုဘော် လူပျိုဘော်ဝင်စ ချစ်ရေးကြိုက်ရေး လူနှင့်မကင်းတရားများကို တွေးမိသည်ကတစ်ကြောင်း၊ ဤသို့သော အကြောင်းကြောင်းတို့ကြောင့် ဘဝ၏သာယာမှုများကို မြော်ခေါ်၍ တော်တော်ကြီး ပျော်ကြပေလိမ့်မည်။

အသက်ငါးဆယ်မှ ခြောက်ဆယ်ကျော်၊ ခုနစ်ဆယ်တွင်း ခြေတစ်ဘက်နင်းလာကြသူ လူအိုများ၏ အနေဖြင့်ကား “ငါသေဘက်သို့ တစ်ရက်ထက် တစ်ရက်နီးလာပါကလား” ဟူ၍ ရွှင်နိုင်၊ ပျော်နိုင်ကြရာမည်မဟုတ်။

http://www.dhammadownload.com



အဘယ့်ကြောင့်ဆိုသော် "သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော" ဘုရားဟော ဒေသနာတော်အတိုင်း

"သဗ္ဗေ၊ ခပ်သိမ်းကုန်သောသူတို့သည်။ ဒဏ္ဍဿ၊ ထောင်ဒဏ် ငွေဒဏ်စသော ဒဏ်အမျိုးမျိုးမှ။ တသန္တိ၊ လန့်ထိတ်ကြကုန်မြဲတည်း။ သဗ္ဗေ၊ သူခပ်သိမ်းတို့သည်။ မစ္စုနော၊ သေရမည့်ဘေးမှ။ ဘာယန္တိ၊ ဖိမ့် ဖိမ့်တုန်အောင် ကြောက်ရွံ့ကြကုန်သတည်း။

ထို့ကြောင့် "မရဏံ မေ ဓုဝံ = မချွတ်ဧကန် ငါ သေရမည့် သူပါတကား" ဟူ၍ သေခြင်းတရားကို တွေးနေမိလျှင်ကား အဘယ်မှာလျှင် ပျော်ရွှင်နိုင်ပါမည် နည်း။

ကျွန်ုပ်သည် အသက် ၆၀–အထိ ဘာသိဘာသာဖြင့် ဘဝကို သယ်ဆောင်လာခဲ့သည်။ သေမည့်အရေးကို စိတ်ကူးထဲမှုပင် ထည့်၍မတွေးခဲ့။ မစဉ်းစားခဲ့။ အသက် ၆၀–က သိသိစွန်းလာသည့် အချိန်ကစ၍ "ငါလည်း သေရမယ့်အကောင် ပါလား" ဟူသော အတွေးသည် မည်သူကမျှ သွေးထိုးလှုံ့ဆော်ခြင်း မပြုလေဘဲ ဘဝပေးတေးတစ်ပုဒ် အသွင်ဖြင့် ဦးနှောက်ထဲဝယ် အမြဲထင်ဟပ်လာသည်။

ထိုအခါ လန့်လာ၏။ မိမိ ဖြတ်သန်းခဲ့သော နှစ်ပေါင်း ၆၀–ဘဝကို ပြန်၍ မည်သူကမျှ တိုက်တွန်းခြင်းမပြုရဘဲ အလိုအလျောက် သုံးသပ်လာမိသည်။

"ငါမကောင်းတာ ဘာတွေလုပ်ခဲ့မိသလဲ၊ ကောင်းတာ ဘာတွေလုပ်ခဲ့မိသလဲ၊ မိမိအတွက်၊ မိဘအတွက်၊ ဆရာသမားများအတွက်၊ ဆွေမျိုး မိတ်သင်္ဂဟများအတွက်၊ တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိရာရှိကြောင်းများကို အရာနှင့်ထင်ထင် လုပ်ခဲ့မိပါရဲ့လား၊ လူပင်သေသွားသော်ငြားလည်း နာမည်ရှင်သန်၍ ကျန်ခဲ့အောင် ဘာတွေများ မင်းလုပ်ခဲ့တာရှိသလဲ" ကိုယ့်ကိုယ်ကိုယ်ပြန်၍ မေးကြည့်သောအခါ ပို၍ လန့်လာသည်။ ကြက်သီးထလာသည်။

အလွန်ရအပ်ခဲလှစွာသော လူ့အဖြစ်၊ အဖိုးတန်လူ့ဘဝကို လှလှပပရထားသူ ဖြစ်ပါလျက်၊ ကံငါးပါးကို လုံခြုံအောင် စောင့်စည်းနိုင်ရုံလောက်မျှဖြင့် မကျေနပ်ထိုက်။ သမိုင်းတစ်လျှောက်တွင် နာမည်ရှင်၍ ကျန်ရစ်ခဲ့အောင် အရာနှင့်ကြောင်းကြောင်း၊ ကောင်းတာကလေး တစ်ခုခုကို လုပ်ထားခဲ့ချင်သည်။

သို့သော် ကျွန်ုပ်ဘဝကား ထိုမျှအထိ မစွမ်းသန်လှသဖြင့် အားမလို အားမရ ဖြစ်ရသည့်ပြင်၊ ကျွန်ုပ်၏တစ်သက်တွင် ဖျက်၍မရသော အမည်းစက်နှစ်ခုကြောင့် "နင်တော်တော်မိုက်တဲ့အကောင်" ဟူ၍ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်၍မဆုံးဖြစ်နေသည်။

---

http://www.dhammadownload.com



ထိုအမည်းစက်နှစ်ခုကား – ဖျက်၍မရရှိသာမက၊ ကြာလေ ကြာလေ ထင်ထင်လာလေ။ ကျွန်ုပ်သေလျှင် ထိုအမည်းစက်များက ကျွန်ုပ်အား ဆွဲခေါ်ချေတော့အံ့။ သေခါနီးဇောသည် ထိုအမည်းစက်နှစ်စက်ကို ကျော်လွှားနိုင်အံ့မထင်။

ကျွန်ုပ်၏ဘဝ အမည်းစက်နှစ်ခုအနက်၊ တစ်ခုသော အမည်းစက်ကား အသက်ဆယ်နှစ် ကျောင်းသားအရွယ်၌ စွန်းထင်ခဲ့သည်။

ကျွန်ုပ်သည် မွေးချင်းပေါက်ဖော် ကိုးယောက်အနက် အကြီးဆုံးဖြစ်ပါသည်။ ကျွန်ုပ် ဆယ်နှစ်သားအရွယ်၌ ကျွန်ုပ်၏ဖခင်မှာ အသက်သုံးဆယ်ခန့်ရှိလေပြီ။ အဖေနှင့်အမေသည် ကျွန်ုပ်အား သားဦးဖြစ်၍ ရှူးအောင်ချစ်ကြသည်။ ချစ်စနိုးပီပီ အလွန်လည်း အလိုလိုက်ကြသည်။

သေသည်အထိ ကျွန်ုပ် မှတ်မိနေမည်။ တစ်ခါသ၌ ရာသီမှာ မိန်ရာသီ တပေါင်းလ၊ အချိန်ကား နံနက်အချိန်။

ထိုအချိန်တွင် ကျွန်ုပ်၏အဖေသည် အိမ်ရှေ့က ဖူးစင်အောက်၌ တဒေါက်ဒေါက်နှင့် နွားစာပြောင်းရိုးများ စဉ်းလျက်ရှိနေစဉ် ကျွန်ုပ် ဘာလုပ်ခဲ့သည်ထင် သနည်း။

ပုဆိုးကွင်းသိုင်း၊ ဆွမ်းဝတ်ခြင်းထမ်းကာ ကျောင်းမှအိမ်သို့ ထမင်းစားပြန်လာသည်။ ကျွန်ုပ်၏ ဘိုးဘွားများလက်ထက်က ဆောက်လုပ်ထားသောနှစ်ဆောင်ပြိုင်အိမ်ကြီးအောက်၌ 'ကြက်မိသအုပ်' တစ်စု အစာရှာနေကြသည်ကို မြင်လျှင် ကြက်ထောင်ချင်လာသည်။ အဖေဆိုမှာစိုးသောကြောင့် လှမ်းကြည့်လိုက်သောအခါ အဖေသည် ဓားချက်မှန်မှန်နှင့် ပြောင်းရိုးစဉ်းနေသည်ကိုမြင်လျှင် ဆွမ်းဝတ်ခြင်းကို ပျာကရာအိမ်ပေါ်တက်၍ ချိတ်ထားခဲ့ပြီး ကြက်မိသအုပ်ကို 'ကပ်ပိထောင်'ခဲ့ပါသည်။

ကပ်ပိထောင်ခြင်း သရုပ်ကိုကား–ရုပ်ရှင်ရိုက်ပြမှပင် အမြင်ရှင်းချေမည်။ အချုပ်ကိုဆိုသော် ထိုကပ်ပိထောင်ခြင်းအလုပ်မှာ ကြွက်ထောင်ပုန်း ဆန်ဆန်လည်း မဟုတ်ပါ။ မြေတွင်တစ်ပေသာသာလောက် ငုတ်တစ်ခုရိုက်၊ တိုင်ငုတ်ဖျားတွင် ကြိုးစ, ကလေးတစ်ချောင်းချည်၊ ယင်းကြိုးအဖျားဖြင့် တုတ်ချောင်းကလေးတစ်ခုကို ချည်ထားဦး၊ ၎င်းနောက် ပျဉ်ပြားနှစ်ချပ်ကို အထက်အောက် တစ်ချပ်စီထား၊ အောက်ပျဉ်ပြားပေါ်မှာ ကျက်စားများကြဲဖြန့်ထား၊ အပေါ်ကပျဉ်ပြားပေါ်တွင် ကျောက်ပြားကြီးတစ်ခုတင်၊ ကြက်ကလေးများ ပျဉ်ပြားပေါ်တက်စားကြသော် ကိုယ်အလေးချိန်ကြောင့် ခလုတ်ဒေါက်ပြုတ်သွား၊ အပေါ်ကကျောက်ပြားကြီးက ကြက်ကလေးများကို ဖိပြီးသားဖြစ်၍ မိလေသတည်း။

ဤအကုသိုလ်အလုပ်ကို ကြိုးကြိုးကုတ်ကုတ် ကျွန်ုပ် အားထုတ်နေသည်ကို ပြောင်းရိုးခုတ်နေရင်း အဖေကမြင်၍ လှမ်းပြီးသတိပေးသည်။

http://www.dhammadownload.com



"လူကလေး .... မလုပ်နဲ့၊ ငရဲကြီးတတ်တယ်" တဲ့။

အဖေ၏ ဩဝါဒစကားကြောင့် ကျွန်ုပ်လက်များ ရုတ်တရက်တန့်သွားသည်။ သို့သော် မိုက်တုန်း .... မဲတုန်း မိုက်မဆုံးအရွယ် ဖြစ်သောကြောင့် အဖေမို့သာ ခံလိုက်ရသည်။ စိတ်ထဲကမူ နည်းနည်းကလေးမျှ မကျေနပ်။

"ဟော .... အဖေသွားပြီ" ကျွန်ုပ် မချင့်မရဲဖြစ်နေဆဲမှာပင် ကံဆိုးချင်တော့ အဖေသည် ပြောင်းရိုးများကုန်သွားသဖြင့် ဓားကိုချပြီး ပြောင်းရိုးယူရန် ထသွားပါလေ၏။

ထိုအခါ အဖေ့ကိုကြည့်နေရာမှ ကြက်မိသအုပ်ဆီသို့ လှမ်းကာကြည့်လိုက်ရာ ထိုကြက်မိသအုပ်ကား အိမ်အောက်ကပင် မထွက်လေသေး။

ထို့ကြောင့် ကျွန်ုပ်သည် အဖေမလာခင် ဗျာကရာကပ်ပိထောင်သည်။ ဒေါက်ကို အလောတော် ပြုတ်အောင် လုပ်ကြည့်သည်။ သေချာလောက်သောအခါ အောက်က ပျဉ်ပြားပေါ်တွင် ကြက်စာများတင်ပြီး ကြက်မိသအုပ်ကို ဘေးကနေ၍ ထောင်ချောက်ဆီ ရောက်အောင် ချောက်ပေးသည်။

အစူးစိုက်ဆုံး ကိုယ်ရောစိတ်ပါ တက်တက်ကြွကြွ အပြည့်အဝအရှိဆုံး မျက်လုံးဖြင့် ကြက်မိသအုပ်ကို သုံးသပ်နေသည်။ ထောင်ချောက်ဆီသို့ ကြက်မိသအုပ် လည်း မရောက်သေး။ အဖေလည်း ပြန်မလာသေး။

ခဏကြာသော် ထိုကြက်မိသအုပ်သည် ထောင်ချောက်ဆီသို့ ရောက်လာပြီး ဆော့သော ကြက်ပေါက်စကလေးတစ်ကောင်က အစာတင်ထားသောပျဉ်ပြားပေါ်သို့ တက်တော့အံ့ဆဲဆဲတွင် အဖေက ပြန်ရောက်လာသည်။ ပြောင်းရိုးထုံးကို ဖွန်းခနဲ ပစ်ချလိုက်သည်။ ထိုခဏ ကြက်ပေါက်စကလေးက ပျဉ်ပြားပေါ်အရောက် ဝုန်းခနဲ ဒေါက်ပြုတ်ကျလေသောကြောင့် ကြက်ကလေးခမျာ ကျောက်တုံးကြီးအောက်တွင် ငါးခြောက်ပြား ပြားရှာပါလေတော့၏။

ဒေါက်ခနဲအသံကြောင့် အဖေက လှမ်းကြည့်သည်။ ထိုအခါ ကျွန်ုပ်မှာ ကျောက်ပြားအောက်ပိနေသော ကြက်ကလေးကို ဆွဲယူနေဆဲဖြစ်ရာ အဖေမှာ တော်တော် စိတ်ဆိုးနေပုံရသည်။ နီးရာချဉ်ပေါင်ရိုးကလေး ဆွဲပြီး "ဟေ့ကောင်" ဟု လှမ်းအော် ရင်းက ကျွန်ုပ်အား "လာခဲ့" ဟု လက်ယပ်၍ ခေါ်နေပါသည်။

ကျွန်ုပ်သည် အဖေ့ဆီသို့ အဘယ်မှာ သွားဝံ့ချေတော့မည်နည်း။ ကြောက် ကြောက်နှင့် ကြက်သေကလေးထားခဲ့ပြီး ထွက်ပြေးလေ၊ အဖေ့မှာ ပို၍ဒေါသထွက် လာလေဖြစ်ပြီး ကျွန်ုပ်နောက်သို့ တုတ်ကိုင်၍လိုက်ပါလေတော့သည်။ ကျွန်ုပ် အိမ်ကို ပတ်ချာလှည့်၍ ပြေးနေသေး၏။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



သို့သော် .... မိပါလေပြီ။ ကျွန်ုပ်ကို အဖေမီလာပါလေပြီ။ ယူလာသော ချဉ်ပေါင်ရိုးနှင့် ကျွန်ုပ်၏ကျောကို နှစ်ချက်မျှ ခပ်ဆဆရိုက်ပါချေ၏။

ကျွန်ုပ်ကိုရိုက်သော ချဉ်ပေါင်ရိုးမှာ သက်ငယ်ချောင်း သာသာမျှသာရှိသဖြင့် ရိုက်ချက်မှာ မနာသော်လည်း ရိုက်ဖို့ကိုဝေးစွ၊ တစ်ခါဖူးမျှ နာနာကျည်းကျည်း မအော်မငေါက်ခဲ့ဖူးသော အဖေက မရိုက်စဖူး ရိုက်ပုံထူးသောကြောင့် လူးလိမ့်ပြီး တက်မတတ် ကျွန်ုပ် ငိုခဲ့သည်။ သည်တော့လည်း အဖေမှာ များစွာစိတ်မကောင်း ဖြစ်သွားပုံ ရနေပါသည်။

ဤသည့်အဖြစ်အပျက် အမည်းစက်ကား ကျွန်ုပ်တစ်သက် ပျောက်တော့မည် မဟုတ်ပါ။ ကျွန်ုပ်သေလျှင် အလျှင်ဆုံး ဤအမည်းစက်က နှုတ်ဆက်လာပေတော့မည်။ အဖေ၏ ဆုံးမဩဝါဒကို မနာခံမိသောအပြစ်၊ (ဝါ) မိဘကို အာဏာဖီဆန်ခဲ့မိသော ထိုအပြစ်နှင့် ယင်းနားမထောင်မှုကို အကြောင်းပြု၍ ဖြစ်ပွားလာသော ကြက်ပေါက်စကလေးကို စတေးခဲ့မှု အမည်းစက်ကား အရိပ်ပမာ ကျွန်ုပ်သွားရာ နောက်သို့ တကောက်ကောက် လိုက်နေချေပြီတကား။

နောက်အမည်းစက်တစ်ခုကား ညောင်ဦးမြို့တွင် ပညာသင်နေချိန် အသက် ၁၆–နှစ်သားအရွယ်က ဖြစ်ပါသည်။ ကျောင်းတွင် ကြောင်မကြီးတစ်ကောင်ရှိ၏။ ဝွမ်းပုံဟု အမည်ပေးထား၏။

ထိုဝွမ်းပုံသည် ဘယ်ချောင်တွင် ဘယ်အကောင်နှင့် အိမ်ထောင်ကျလိုက်သည်မသိ၊ တစ်ရံရောအခါတွင် သားရတနာနှစ်ပါး ထွန်းကားလာပါသည်။ သူ့သားနှစ်ကောင်ကို မျိုမလောက်ပင် ကျွန်ုပ်တို့က ဝိုင်းချစ်ကြသည်။ ချစ်၍ကစားကြသည်။ သို့သော် ထိုကစားခြင်းကား အကြင်နာတရား ကင်းမဲ့သော ကစားနည်းဖြစ်သဖြင့် ချစ်ရာမရောက်ဘဲ ကြောင်ကလေးနှစ်ကောင်ကို ညှဉ်းဆဲရာရောက်လေသည့်အတွက် နှောင်သောအခါတွင် ယင်းအတွက် ဆွေးတသက်သက် ဖြစ်ရသည်။

ကစားနည်းကား ကြောင်ကလေးများအပေါ်၌ အဘယ်မျှ ကိုယ်ချင်းစာ တရားထားပါသနည်းဆိုလျှင် ဖယောင်းတိုင်ကို မီးထွန်းသည်။ ကြောင်ကလေး နှစ်ကောင်ကို ဖမ်း၍ ခေါင်းပေါ်၌ ဖယောင်းစက်ချသည်။ ဤနည်းကို အသုံးပြုခြင်းမှာ ဖက်ဆစ်ဂျပန်များထက်ပင် ကျွန်ုပ်က အပုံကြီး စောလေသည်။

ဤသို့ ခေါင်းပေါ်မှာ ဖယောင်းစက်များ ချလိုက်သောအခါ ပူလွန်းလှ၍ ထင်ရဲ့၊ ကြောင်ကလေးနှစ်ကောင်သည် ကျွမ်းပြန်မတတ် တဆတ်ဆတ်နှင့် မခံမရပ်နိုင် ဖြစ်ဖြစ်သွားလေသည်။ ဤသည်ကိုကြည့်ကာ စေတနာအပြည့်နှင့် ရွှန်းပီတိဖြစ်ခဲ့မိပေသည်။

http://www.dhammadownload.com



ထိုစဉ်က ဘာသိဘာသာ နေလာခဲ့သော်လည်း အသက်ကလေး အတော် အတန် ထောက်လာသောအခါ ထိုသည့်မိုက်ကန်းချက်မှာ အမည်းစက်ထင်လာတော့ သည်။ ကျွန်ုပ်သေခါနီးတွင် ထိုကြောင်ကလေးနှစ်ကောင်က တညှောင်ညှောင်နှင့် ဆီးကြိုနေကြလေမည်လား။

ထိုအာရုံများကို ပျောက်အောင် ဖျောက်၍မရသည့်ပြင်၊ ကြောင်ကို အလွန် ချစ်ကြရှာသော တူမလေးနှစ်ယောက်(မခင်ဝင်းကြည်နှင့် မလှရွှေ)ကြောင့် ပို၍ပင် မပျောက်နိုင်ဘဲ အသစ်အသစ်သာ ဖြစ်ဖြစ်လာသည်။

သူတို့မှာ အဝါဆိုသော ကြောင်တစ်ကောင်ရှိသည်။ အဝါကို ခင်ဝင်းကြည်က ပိုချစ်သည်။ အစာကို ဂရုတစိုက်ကျွေးသည်။ သူတို့ဆီရောက်တိုင်း အဝါကိုတွေ့ရ လေလေ အတိတ်က ကြောင်ကလေးနှစ်ကောင်က အဝါ၏အနားတွင် တညှောင် ညှောင်နှင့် အော်နေသယောင်ယောင် ထင်လာလေလေ ဖြစ်နေသည်။ သေရာပါမည့် အမည်းစက်ပေတကား။

'မီးများလျှင် မီးနိုင်၊ ရေများလျှင် ရေနိုင်' ဆိုသကဲ့သို့ ထိုအကုသိုလ်အမည်း စက် မျိုးပြုတ်အောင် အစားထိုး ဖြေဖျောက်စရာ ကုသိုလ်များ အထိုက်အလျောက် ရှိတန်သလောက်တော့ ရှိခဲ့ပါသည်။ ကျွန်ုပ် အသက် ၂၀ အရွယ်လောက်မှစ၍ ရာပေါင်းများစွာသော စာသင်သားတို့အား ခြောက်နှစ်တိုင်တိုင် တစ်နေ့လေးကြိမ် ပညာ အလှူကြီး ပေးလှူခဲ့ဖူးပါသည်။

သို့ရာတွင် စေတနာမသန့်၍ မဟုတ်သော်လည်း စာပေပို့ချရာ၌ ကရုဏာ ဒေါသအလျောက် အော်မိ၊ ငေါက်မိသည်များကြောင့် စေတနာ ပျံ့လွင့်၍၊ ကုသိုလ် မသန့်၍လေလား မပြောတတ်ပါ။ ထိုကုသိုလ်အဟုန်များက ကြောင်ကလေး နှစ်ကောင် နှင့် ကြက်ပေါက်စကလေး တစ်ကောင်၏အာရုံကို ပျောက်အောင် မဖျောက်နိုင်ကြ ပါကုန်။

ထို့ကြောင့် ယခုလို တစ်နှစ်သစ်ဆန်း၍ သက္ကရာဇ်ဂဏန်း တိုးတိုးလာသော အခါများတွင် ကြောင်နှင့်ကြက် အမည်းစက်နှစ်စက်က ပို၍ပင် ထင်ထင်လာပါသည်။ ထိုအခါ 'မိုက်နောင်တ' ဆိုသည်မှာ ငါ့အတွက် ဖြစ်နေပါပြီကော ဟူ၍ နောင်တရ၍ မဆုံး၊ ယူကြုံးမရ ဖြစ်နေရပါသည်။

ကျွန်ုပ်သည် သေရမည်ကို မကြောက်။ ကြောက်သည်ဆို၍ မသေဘဲနေရ မည်လည်းမဟုတ်။ သေမင်းကို ကြောက်နေသဖြင့် အကျိုးမထူး။ သေမင်းကို အပြုံး နှင့် ရင်ဆိုင်နိုင်ရေးအတွက် ကုသိုလ်ကိုသာ နာနာဆည်းပူးပေးဖို့ လိုအပ်ပါသည်။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



ထို့ကြောင့် ကျွန်ုပ်သည် သေရမည်ကိုမကြောက်ပါ။ ကျွန်ုပ်ကြောက်သည်ကား၊ ကျွန်ုပ်လန့်နေသည်ကား ကျွန်ုပ်သေခါနီး ကာလတွင် အမည်းစက်ကြက်ပေါက် စကလေးနှင့် ကြောင်ကလေးနှစ်ကောင်တို့၏ တကျိကျိ တညောင်ညောင် အသံများက ကျွန်ုပ်ကို ဆိုးကြိုနေမည်သာ ကြောက်ပါသတည်း။

(၁၉၇၂-ခုနှစ် ရှမဝမဂ္ဂဇင်း၊ နှစ်သစ်ကူးအထူးထုတ် စုတ်ပြဲနေ၍ အတွဲအမှတ် မသိရ။ ဆရာကြီး ဒဂုံစန်းငွေရေး 'ခါသကြန်တိုင်လေတိုင်း' ဆောင်းပါးကို ကူးယူဖော်ပြပါသည်။)

ဆရာကြီးသည် ပညာဗဟုသုတ ကြီးမားသော ပညာရှင်ကြီးဖြစ်၍ မိမိ အပြစ်ကို ဝန်ခံကာ နောင်လာနောက်သား သူငယ်များအား မိမိကဲ့သို့ အပြစ်မကင်းသော အမှုမျိုး မလုပ်မိကြစေရန် သင်ခန်းစာပေး ရေးသားခြင်းဖြစ်သည်။

ပညာ,သတိရှိသော ပုဂ္ဂိုလ်ကြီးဖြစ်၍သာ ဤမျှ သေးငယ်သော အပြစ်ကို ပင်လျှင် ရောမ ဒုစရိုက်မှုကြီးအလား စဉ်းစားဆင်ခြင်မိသည်ကိုလည်း သတိပြုကြရာ၏။ စင်စစ် မကောင်းမှု အကုသိုလ် ဆိုသည်မှာလည်း သေးငယ်သည်၊ နည်းပါးသည်၊ အပြစ်မဖြစ်လောက်ဟု အထင်မသေးရကြောင်း ဘုရားဟောတော်မူသည်ကို ဆင်ခြင်မိခြင်းပင် ဖြစ်၏။ ဆရာကြီးကား ဆင်ခြင်ရုံမျှမက ထိုအပြစ်ကိုဖြေဖျောက်ရန် ကုသိုလ်နလုံးသွင်းခြင်းများဖြင့်လည်း ကြိုးစားဖြေဖျောက်၏။

ထိုသို့ ပညာ, သတိရှိသူ ဆရာကြီးလိုပုဂ္ဂိုလ်အတွက် ထိုအပြစ်မျိုးကို ဖျက်ချိုး လွှမ်းမိုးနိုင်သော ကုသိုလ်အင်အားများကို အစားထိုး ထူထောင်နိုင်ပြီဟုလည်း ယုံကြည်ထိုက်၏။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓတရားတော်၌ အဆိုးတွေကို ချေဖျက်၍ အကောင်းတွေ တိုးတက်ရန် ကျင့်စဉ် နည်းလမ်းများပေးထားပြီး၊ သိနေပြီး၊ ကျင့်နေပြီး ဖြစ်သောကြောင့်တည်း။ လူတိုင်းဆိုးခဲ့သူတွေသာ များကုန်၏။ ဗုဒ္ဓသာ မပေါ်ပေါက်ခဲ့ပါလျှင် လူဆိုးတွေ ဆိုးသည်ထက် ဆိုးကာ ငရဲချိုးကပ်ရန်သာ ရှိတော့သည်။

ပညာ,သတိမရှိသူ လူများစုကား ဤကိစ္စမျိုး၌ "ငရဲကြီးသည်၊ အပြစ်ရှိသည်" ဟုပင် မထင်မှတ်၊ နောင်တဟူ၍လည်း မဖြစ်၊ နောင်တမျှ မဖြစ်ရကား ကုစားရန် မှာ သာ၍ဝေးတော့သည်။

သို့သော် ကာယကံရှင်က မေ့နေသော်လည်း၊ တမင်ကို မေ့ဖျောက်ထားသော်လည်း အကုသိုလ်ကမနေ၊ ဝင်္ဋလိုက်မည် ငရဲချမည်က နောက်မှ၊ မိမိလုပ်ခဲ့သော ကံက (စိတ်ပါလက်ပါလွန်ကျူးလျှင် စိတ်ပါလက်ပါပင်) သေခါနီးလျှင် ထို မကောင်းမှုစာရင်းကြီး ဒုစရိုက်အမှုတွဲကြီးကို ကာယကံရှင်အား အထင်အရှားတင်ပြလာမည်မှာ မလွဲချေ။ ယမမင်းထံ လွှဲပြောင်းပို့ရန် ထိုစွဲချက်တင်စာရင်းအမှုတွဲကို အဘိဓမ္မာက 'ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်' ဟုခေါ်လေသည်။ မိမိလုပ်ခဲ့သမျှ သေခါ

http://www.dhammadownload.com




နီးမှာ ဘိုင်စကုပ်ပြသလို မြင်ကြရမြဲပင်တည်း။

**နှောင်တဆယ်ပါး။** ငယ်ခါကလျှင်၊ မသင်ပညာ၊ ဥစ္စာမစု၊ သူ့ကိုချစ်ဖျက်၊ သူ့သက်သတ်စား၊ သူ့မယားဖြဲ၊ ပြစ်မှားတုံဘိ၊ ပစ္စည်းရှိလျက်၊ စိုးစိမလှူ၊ မွေးမြူမိဘ၊ မပြုရနှင့်၊ ဆုံးမ မနာ၊ ပညာရှိထံ၊ နည်းခံမမှတ်၊ အမြတ် မကျင့်၊ ဤဆယ်ဆင့်ကား၊ ကြီးရင့်ဇရာ၊ အိုသောခါလျှင်၊ ပူဆာနှောင်တ၊ ရတတ်စွာတည်း။

(ဇနသန္ဓမင်း တိုင်းပြုပြည်ပြု ဥပဒေ ဆယ်ပါး၊ ဇနသန္ဓဇာတ် မဃဒေဝ ပိုဒ်ရေ ၃၂၀။)

http://www.dhammadownload.com

# ကိုယ့်ကာယကံ ကိုယ့်ထံပြန်




စာရေးသူသည် အသက်ရှည်ခြင်း၊ အသက်တိုခြင်း၊ အကြောင်းအရာများကို ထေရ်ကြီး ဝါကြီး ဆရာတော်များအား မေးလျှောက်သောအခါ "သူတစ်ပါး အသက်ကို သတ်ဖြတ်သောသူ၊ သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းသောသူသည် အသက်တို၏။ အကုသိုလ်ဟူသည် ကြောက်ဖွယ်ကောင်းသည်။ ဘယ်သူမပြု မိမိမှုဆိုသလို ကောင်းသောအမှုကိုပြုလျှင် ကောင်းတာခံစားရ၍ မကောင်းသော အမှုကိုပြုလျှင် မကောင်းတာခံစားရသည်" ဟု မိန့်ဆိုကြသည်ကို ကြားရတိုင်း ဤဖြစ်ရပ်ကလေးကို ပြေး၍ အမှတ်ရမိပါသည်။

ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။ ကျွန်တော် မကြည့်ဝံ့တော့၊ မကြည့်ရက်တော့ပေ။ သို့သော် မကြည့်ဝံ့ မကြည့်ရက်သည်ကိုမှ ကြည့်မြင်နေမိလျက်သား။ ကျွန်တော့်ရင် နှလုံးသွေး ရပ်သွားဘိအလား ရင်ထဲမှာဖိုနေပါသည်။ ခေါင်းထဲမှာ နောက်ကျိကျိ။

ကျွန်တော် ကြည့်မြင်နေရသည်မှာ လူတစ်ယောက်ကို အရှင်လတ်လတ် ရင်ကိုခွဲနေခြင်းလည်း မဟုတ်ပါ။ ရင်ဝကို လှံဖျားမြမြနှင့် ထိုးဆွနေခြင်းလည်း မဟုတ်။

---

ပထမအကြိမ်

http://www.dhammadownload.com



ဓားသွားထက်ထက်နှင့် လည်ပြတ်အောင် ခုတ်သတ်နေခြင်းမျိုးလည်း မဟုတ်ပါ။

ကျွန်တော်မမြင်ရက်၊ မကြည့်ရက်ဖြစ်နေသည့်အရာမှာ စာကလေးတစ် ကောင်ကို တွယ်အပ်တစ်ချောင်းနှင့် မျက်လုံးနှစ်ဘက်ကို ထိုးဖောက်နေသော မြင်ကွင်းကြောင့် ပါတည်း။

စာကလေးမှာ နာရှာလွန်း၍ ဆတ်ဆတ်လူးနေပါသည်။ မျက်လုံးကလေး နှစ်ဘက်မှ သွေးစသွေးန အရည်ကြည်များ ထွက်လာပါသည်။ ထိုးဖောက်သူကတော့ သဘောကျလျက် အားရပါးရ ရယ်မောနေပါသည်။

ကျွန်တော်က သည်လို မလုပ်ရန်တားသည်။ မရ။ ကျွန်တော့်သူငယ်ချင်းသည် ဤမျှ အသိဉာဏ်မိုက်မဲ၍ ရက်စက်ကြမ်းကြုတ် လိမ့်မည်ဟုလည်းမထင်။ သူသည် စာကလေးကို လေးခွနှင့်ပစ်သည်။ ချက်ကောင်းကိုမမှန်။ သို့သော် စာကလေးမှာ မူးသွား၍ သူဖမ်းမိသွားသည်။ သူသည် သူ့အင်္ကျီတွင် အသင့်ပါလာသော တွယ်ချိပ်နှင့် ဖောက်တော့မှ ကျွန်တော် အလန့်တကြား တားသည့်ကြားမှ သွေးအေးအေးနှင့် ဖောက်ပစ်ပါတော့သည်။

နေရာကား မကွေးမြို့ အရှေ့ဘက် ပြည်တော်သာ တိုက်တန်းလျားများ၏ အရှေ့ဘက် ယာကွင်းထဲမှာ ဖြစ်၏။ ယင်းယာမှာ ဆက်ရက်၊ ချိုး၊ ငှက် ပေါ၏။ နွေရာသီ ကျောင်းပိတ်ရက်၊ သူက ဖွတ်အတင်း အဖော်ခေါ်၍ လေးခွကိုယ်စီနှင့် လိုက်သွားခြင်းဖြစ်၏။

သူသည် စာကလေး၏ မျက်စိနှစ်လုံး ဖောက်ပြီးသည်နှင့် လက်ကလွှတ် လိုက်ပါသည်။ စာကလေးသည် နာကျင်မှု ကြောက်လန့်မှုဖြင့် တစ်ဟုန်ထိုးပျံ၏။ ဝေးဝေး မပျံနိုင်ရှာပါပေ။ ဟိုသစ်ပင်တိုး၊ သည်သစ်ပင်တိုက်နှင့် သူ့အိမ်ဖို့ ဒုက္ခပင်လယ် ဝေနေရှာပါသည်။

"ကြည့်စမ်းဟေ့ .... ဝင်းမြင့် .... စာကလေး၊ ဟား .... ဟား .... တိုးပြန်ပြီ။ ဟာ .... တိုက်ပြန်ပြီ။ ဟ .... ဟား .... ဟား .... ဟား"

ကျွန်တော့်သူငယ်ချင်းသည် အပျော်ကြီးပျော်နေပါသည်။ ကျွန်တော် မပျော် နိုင်ပါ။ မကြည့်ရက် မမြင်ရက်။ မျက်စိမျက်နှာပျက်လျက် စိတ်မကောင်းစွာဖြင့် အိမ်သို့ ကျွန်တော်တစ်ယောက်တည်း ပြန်လာခဲ့ပါသည်။

ကျွန်တော့်သူငယ်ချင်းသည်သာ တဝါးဝါးတဟားဟား သဘောကျစွာဖြင့် စာမျက်ကန်းကလေးတစ်ကောင်နှင့် ပျော်၍ကျန်ရစ်ခဲ့ပါသည်။

သူသည် အသက် ၁၃–နှစ် ရှိပါပြီ၊ သူ့နာမည်က 'မိုက်ကျော်' နာမည်နှင့် လိုက်အောင်မိုက်သည့် မိုက်ကျော်ပါတည်း။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



ကျွန်တော်သည် အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ပညာကို ဆုံးခန်းတိုင်အောင် မသင်ရဘဲ တစ်ဝက်တစ်ပျက်နှင့် ထွက်ခဲ့ရပါသည်။ တစ်ဝမ်းတစ်ခါးအတွက် စာအုပ်ဆိုင်ထောင်သည်။

ကျွန်တော် ကျောင်းကထွက်ခဲ့သည့်နည်းတူ ကျွန်တော့်သူငယ်ချင်း မိုက်ကျော်သည်လည်း ကျောင်းက ထွက်ရသည်။

သူသည် ငယ်ငယ်က အကျင့်ဆိုးတွေ မဖျောက်။ ပွေသည်။ ရှုပ်သည်။ ကျောင်းသူကလေးတစ်ဦးကို ကားတင်သည်။ သည်လိုနှင့် ကျောင်းသူကလေး 'မိစံ'နှင့် မိုက်ကျော်တို့ ညားခဲ့ကြသည်။

မိုက်ကျော်၏အသက် ၂၄-နှစ် ရှိပါပြီ။

အလုပ်ကတော့ မိဘက ပန်းထိမ်လုပ်ငန်းဖြစ်၍ တစ်ဦးတည်းသောသား ဖြစ်သူ မိုက်ကျော်သည် သူပဲဦးစီးဦးကိုင် လုပ်သည်။ လုပ်သည်ဆိုရာ၌ သူကိုယ်တိုင် ဖြစ်ဖြစ်မြောက်မြောက် တတ်သူမဟုတ်။ တပည့်လက်သားခြောက်ဦးလောက်နှင့် သူက ငွေသိမ်းပြေစာဖွင့် လက်ခံရုံသာဖြစ်သည်။

ငွေကြေးချမ်းသာ၍ အထည်အမျိုးမျိုး ဝယ်လိုက်၊ ရောင်းလိုက် လုပ်နိုင်သဖြင့် သူ့ပန်းထိမ်ဖိုသည် အမြဲလူစည်ကားသည်။

ကျွန်တော်ရောက်သည့်အခါတိုင်း အေးအေးလူလူ စကားမပြောဖြစ်၊ အရောင်းအဝယ်ကိစ္စများကြားထဲမှ တစ်ခွန်းစနှစ်ခွန်းစ ပြောရင်း ပြန်ခဲ့ရသည်။

သီးနှံပေါ်သောအခါ မိုက်ကျော်၏ ပန်းထိမ်ဖိုတွင် ပို၍လူစည်သည်။ အဲဒီအခါရွှေဈေးကလည်းတက်သည်။ တောကဦးကြီးတွေ ငွေခန်းစပြုသော် ရွှေဈေးလည်း တအိအိကျ၏။ ငွေလို၍ ဝယ်ထားသည့် ရွှေကလေး ပြန်ရောင်းရသည်။ ပေါင်သူက ပေါင်သည်။ မိုက်ကျော်တို့ ပန်းထိမ်ဖိုမှာပင် ရောင်းကြပေါင်ကြသည်။ တစ်ခါ တောင်သူဦးကြီးများ သီးနှံပေါ်၍ ငွေရွှင်ပြန်တော့ မိုက်ကျော်တို့ ပန်းထိမ်ဖိုပင် ဝယ်ကြ၊ ရွေးကြရပြန်သည်။ တောင်သူဦးကြီးများ ရွေးလိုက် ပေါင်လိုက်၊ ပေါင်လိုက် ရွေးလိုက်စသည်ဖြင့် ဝိုင်းကြီးပတ်ပတ် ဒူဝေဝေ ဖြစ်လေ .... မိုက်ကျော်တို့ ဝင်ငွေ တိုးလေဖြစ်နေလေသည်။

ထို့ကြောင့် မိုက်ကျော်သည် အစီခံဒူးယားစီးကရက်ကို လက်ကမချ။ အရက်ကလေးတမြမြ။ ညနေတိုင်း မော်တော်ကားကလေး တဝီဝီနှင့်။

တစ်နေ့ မိုက်ကျော်တစ်ယောက် ငရဲမီးလောင်၍ ဆေးရုံရောက်သည်။ ဖြစ်ဖြစ်ခြင်း ကျွန်တော် လိုက်သွားသည်။

http://www.dhammadownload.com



ဆေးရုံရောက်တော့ မိုက်ကျော်၏အဖေနှင့်အမေကိုတွေ့ရ၏။ မိုက်ကျော်၏ ဇနီး မိစံကိုလည်း တွေ့ရ၏။ သူတို့ မျက်စိမျက်နှာ ပျက်နေကြသည်။

"ဘာဖြစ်တာလဲ မိစံ"

"သူ .... သူ .... သူ့မျက်နှာ ငရဲမီးလောင်လို့"

"ဟင် .... ဖြစ်မှဖြစ်ရလေ၊ ကိုယ်လည်း ခု ကြားကြားချင်း လာခဲ့တာပဲ"

ကျွန်တော်လည်း မိုက်ကျော်ဖြစ်ရပုံကို ထိတ်ထိတ်ပျာပျာ ဖြစ်သွားမိပါသည်။

ပန်းထိမ်လုပ်ငန်း ဆိုသည်မှာလည်း ငရဲမီးနှင့်မကင်း။ ငရဲမီးဆိုတာကလည်း ပြင်းထန်ပါဘိခြင်း။ မထိလိုက်နှင့် ထိလိုက်တာနှင့် တစ်ပြိုင်နက် အဝတ်ထိအဝတ်၊ အသားထိက အသားနီလန်သွားမည် ဖြစ်သည်။

မိစံသည် ကိုယ်လေးလက်ဝန်ကြီးနှင့်ဖြစ်၏။ မွေးကာနီး ဖွားကာနီး ဘုရားသိကြားမ,လို့ မိုက်ကျော် ဘာမှမဖြစ်ပါစေနှင့်ဟု ကျွန်တော် ဆုတောင်းမိသည်။

ကျွန်တော့်ရင်ထဲလည်း လှုပ်ရှားနေပါသည်။

မိုက်ကျော်၏မိဘနှစ်ပါးကတော့ ဆိုဖွယ်မရှိပြီ။ မိုက်ကျော်၏အမေသည် ပရိတ်တော်ကိုပင် မှန်အောင် မရွတ်ဆိုနိုင်ရှာတော့ပေ။

ဆရာဝန်တစ်ယောက် အရေးပေါ်လူနာခန်းထဲမှ ထွက်လာသည်။ သို့ မျက်နှာသည် ဆရာဝန်ပီပီ တည်တည်ငြိမ်ငြိမ်ပင်။ ကရုဏာလွှမ်းသည်မျက်နှာဖြင့် မိုက်ကျော်၏ ဖခင်ကို တိုးတိုးညင်ညင်ကလေး ဤသို့ပြော၏။

"လက်ဝဲဘက်ပါးကို အပူတော်တော် လောင်သွားပါတယ်။ တခြားဘာမှ မထိခိုက်၊ မဖြစ်လောက်ပါဘူး။ ဒါပေမဲ့ .... ဒါပေမဲ့ မျက်စိတော့ ကွယ်လိမ့်မယ် ထင်ပါတယ်"

မိုက်ကျော်၏အဖေသည် ငိုင်ကျသွား၏။ မိုက်ကျော်အမေက ရှိုက်ကြီးတငင် ငို၏။ မိစံလည်း ငိုသည်။ ကျွန်တော်လည်း "တောက် .... ဖြစ်ရလေ မိုက်ကျော်ရယ်" ဟု ညည်းမိရင်း တက်ပြင်းပြင်းတစ်ချက် ခေါက်မိပါသတည်း။

မိုက်ကျော်၏ မျက်စိနှစ်ဘက်စလုံး ကွယ်ရှာသည်။ မိုက်ကျော်အဖေက အမျိုးမျိုးကုသေး၏။ မရ။ ငွေလည်းသောက်သောက်လဲ ကုန်သည်။ မထူးခြား။ သည်လိုနှင့် တစ်နှစ်နီးပါးကြာလာ၏။ မိုက်ကျော်တို့ ရန်ကုန်ဆေးရုံကြီး သွားရောက်ကုသနေတုန်း မိစံ ကလေးမျက်နှာမြင်သည်။ သားဦးလေး။ သူ့ကို ပြည်ကျော်ဟု မှည့်သည်ဆို၏။

မိုက်ကျော်အနေနှင့်ကတော့ မျက်စိအလင်းပြန်ရရန် ဘယ်နည်းနှင့်မျှ မဖြစ်ပါပေ။ သူတို့ငွေကြေးတတ်နိုင်၍ လုပ်နေကြခြင်းသာဖြစ်သည်။ နောက်ဆုံးတော့

http://www.dhammadownload.com



လက်လျှော့၍ မကွေးပြန်ရောက်လာ၏။

တစ်နေ့ မိုက်ကျော်အိမ် ကျွန်တော် ရောက်သွားသည်။ မိုက်ကျော်၏မျက်နှာ တစ်ခုလုံး ခရုသင်းစွဲနေသည့်အလား ရှုံချိတ်နေသည်။ မျက်မှန်အမည်းကြီးကို တပ်ထား၏။ သူသည် ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။

"သူငယ်ချင်းမိုက်ကျော် .... နေကောင်းရဲ့လားဟေ့"

"ဘယ်သူလဲ"

"ငါပါကွ .... မိုက်ကျော်ရ"

"ကိုဝင်းမြင့်လေ ကိုကျော်ရဲ့"

မိစံ ကလေးနို့တိုက်ရင်းက ပြော၏။

"သြော် .... သူငယ်ချင်း၊ ထိုင်ကွာ .... ထိုင်၊ ကိုယ်တော့ ဘ၀ဆုံးပြီ"

မိုက်ကျော်၏အသံက တိမ်ဝင်သွားသည်။ ကျွန်တော့်ရင်ထဲလည်း နင့်ခနဲ ခံစားလိုက်ရပါသည်။

"အားမလျှော့ပါနဲ့ကွာ၊ ဘ၀ဆိုတာ ဒီလိုပဲပေါ့"

"အင်း .... "

"ဒါနဲ့ သူငယ်ချင်း၊ မင်းစဖြစ်တုန်းက ဘယ်လိုဖြစ်တာလဲ မိုက်ကျော်"

"ဖြစ်ရတာက ဒီလိုကွ၊ အဲဒီနေ့က ရွှေထည်တစ်ခုကို မသင်္ကာတာနဲ့ ရွှေစစ်မစစ် စမ်းသပ်ဖို့ မှတ်ကျောက်တင်ပြီး ငရဲမီးစားမယ်လုပ်တုန်း ငရဲမီးပုလင်းကိုလည်း စားပွဲပေါ်မှာတင်ထားတာ၊ ကိုယ့်အိမ်မှာမွေးထားတဲ့ ကြောင်က ဖြုန်းခနဲ ခုန်ချတော့ တာပဲ။ ငရဲမီးခွက်ရော ပုလင်းရော ဖိတ်စင်ကွဲကျကုန်ပြီး ကိုယ့်မျက်နှာနဲ့ လက်မောင်း ငရဲမီးလောင်တော့တာပဲ

"တောက် .... အသည်းအနာဆုံးက ကိုယ့်ရင်သွေးကလေး .... သားကလေး မမြင်ရတဲ့ ဘ၀ကွာ။ မိစံရေ .... သားကလေးကို ကိုယ့်လက်ထဲပေးပါဦးကွာ။ သူငယ်ချင်း ကိုယ့်သားကလေး ချောရဲ့လားကွ။ ဟင် .... ကြည့်စမ်းပါဦး။ ကိုယ့်လည်း ပြောပါဦး"

မိုက်ကျော်သည် သူ့သားကလေး နီတာထွေးကို ဟိုစမ်းသည်စမ်း စမ်းသည်။ ကလေးက ဝတုတ်တုတ်ကလေး ဖြစ်သည်။

"သူငယ်ချင်းမိုက်ကျော် .... မင်းသား ချောပါတယ်ကွ၊ မင်းနဲ့လည်းတူတယ်"

ကျွန်တော်က သည်လို ပြန်ပြောလိုက်တော့ မိုက်ကျော်မျက်နှာ ဝင်းထိန်သွားသည်။ သူ့သွားကြီးများပေါ်အောင်ပြုံးကာ လက်ထဲမှ သူ့သားကလေးကို နမ်း

http://www.dhammadownload.com



ရှုတ်နေ၏။

"ကဲ သူငယ်ချင်း အားမငယ်ပါနဲ့ကွာ၊ စိတ်ကောင်းကောင်းထား၊ ကိုယ်ပြန်ဦးမယ်၊ နောက်လည်း မကြာမကြာ ကိုယ်လာခဲ့ပါ့မယ်"

"အေးကွာ .... ပြန်တော့၊ ကဲဟေ့ သားသားက ဦးဦးကို တာ့တာလုပ်လိုက်ဦးလေ"

အခါလည်မျှသာရှိသော ကလေးငယ်ကို မိုက်ကျော်က လက်နှင့်စမ်းရင်း "တာ့တာ" လုပ်ခိုင်းနေပြန်သည်။ ကလေးငယ်က ဘာမျှမသိ။ ကြာတော့ စိတ်ညစ်ပြီး အော်ငိုသည်။ သည်တော့မှ အနားက မိစံက ကလေးကိုယူ၍ ချော့မြူနို့တိုက်လိုက်ရသည်။

မိုက်ကျော်တို့ကို နှုတ်ဆက်ပြီး ကျွန်တော် အိမ်ပြန်လာတော့ လမ်းမီးများပင် လင်းနေလေပြီ။

စိတ်ထဲမှာတော့ မျက်မှန်မည်းကြီးကိုတပ်ကာ မိုက်မှောင်ကျနေသော သူငယ်ချင်း မိုက်ကျော်မျက်နှာကို မြင်ယောင်ထင်ယောင်နေမိပါသည်။

"ကာလဝိပါတ် နောက်ပိုးတက်ဆိုတာ ဒါပဲဖြစ်မှာပဲ၊ အင်း .... "

သည်လို ကျွန်တော်က ရေရွတ်မိသည်။ ငယ်ငယ်တုန်းက စာကလေး တစ်ကောင်ကို မျက်လုံးဖောက်ကာ အားရပါးရကစားခဲ့သော မိုက်ကျော်၏မျက်နှာကိုလည်း မြင်ယောင်မိလာသည်။

ကျွန်တော့်တာဝင် လှိုက်လှိုက်ဆူနေသည်။ မိုက်ကျော်နှင့် တွေ့စဉ်က မပြောရက်၊ ပြောမထွက်ခဲ့သော စကားကိုလည်း တစ်ယောက်တည်း ညည်းမိပါသည်။

"သူငယ်ချင်းမိုက်ကျော် မင်းပြုခဲ့တဲ့ ကောင်းမှု၊ ခု မင်းကို တူသောအကျိုး ပေးတာ။ အကုသိုလ်ဆိုတာ ကြောက်စရာကောင်းတယ် သူငယ်ချင်း၊ ဝဋ်မှာအမြဲ၊ ငရဲမှာအပ .... တဲ့။ ဒီဘဝ ဒီမျှနဲ့ပဲ မင်းတစ်ယောက် ခံရပါစေလို့ ကိုယ် ဆုတောင်းပါတယ် သူငယ်ချင်းရယ် .... " ဟူ၍။

(မကွေးဝင်းမြင့် ၏"အသက်ကလေးရယ်တဲ့ရှည်စေလို" ဆောင်းပါးကို ကူးယူဖော်ပြပါသည်။)

http://www.dhammadownload.com



## ကံကြီးထိုက်ခြင်း

လွန်ခဲ့သော (၁၀)နှစ်ခန့်က ဖြစ်သည်။ မြင်းခြံထောင်သို့ အကျဉ်းသား ထောင်ကျလူသစ် အေးသောင်ဆိုသူ ရောက်ရှိလာသည်။ ထိုအခါ အကျဉ်းထောင်၏ ဥပဒေအရ လူသစ်များအား ထောင်မှတ်ပုံတင်လေသည်။

"မင်းနာမည် ဘယ်လို ခေါ်သလဲ"

"အေးသောင်လို့ ခေါ်ပါတယ်"

"မင်း ဘာပြစ်မှုလဲ"

"လူသတ်မှုပါ"

"ဘယ်သူ့သတ်လို့လဲ"

"ကျုပ်အဖေကိုပါ"

"ဟာ .... နေပါဦးကွ၊ အဖေဆိုတာက အရင်းလား၊ ပထွေးလား၊ မွေးစား လား"

"ပထွေးမဟုတ်ပါဘူး၊ အဖေအရင်းပါ"

"မသိပါဘူးကွာ .... ဖအေဆိုတော့ ပထွေးတို့ မွေးစားဖအေတို့ ထင်လို့ပါ၊ နေစမ်းပါဦးကွ .... ဒီလောက်အထိ ဖြစ်ရအောင် မင်းအဖေက သောက်စားရမ်းကားပြီး မင်းကို နှိပ်စက်လို့လား"

"မဟုတ်ပါဘူးဗျာ .... ကျုပ်အဖေဟာ အရက်ဆို မွေးကတည်းက တစ်ခါမှ မသောက်ဖူးပါဘူး၊ ဖဲတို့ မိန်းမတို့ဆိုတာ ဝေလာဝေးပါ၊ ဒါ့ကြောင့် ရပ်ရွာထဲက လူတွေက ချစ်ခင်လေးစားကြပါတယ်၊ ရပ်ရွာမှာ ကိစ္စတစ်ခုခုဖြစ်လို့ အဖေ ဆုံးဖြတ် လိုက်ရင် ပြီးသွားတာပါပဲ"

'မိဘဆိုတာ ဘုရားနဲ့တစ်ဂိုဏ်းတည်း ပြထားတာပဲ၊ သားသမီးတွေကိုလည်း ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့ကြတယ်၊ နေပူမိုးရွာ မသွားရအောင် ဖျားနာမှာစိုးလို့ တားမြစ်ခဲ့ကြတယ်၊ ကိုယ့်မှာရှိတဲ့ အင်အားနဲ့အညီ အဝတ်အစားမှ အစ ပညာလည်း သင်ပေးကြတယ်၊ မင်းဟာ ပဉ္စနန္တရိကံထိုက်မှာ မကြောက်ဘူးလား"

အကျဉ်းသား အေးသောင်သည် ထိုစကားကို ကြားသောအခါ ဘာမျှ မပြော တော့ဘဲ ငိုင်၍သာနေတော့သည်။

အေးသောင်သည် မြိုင်နယ်မှ ဖြစ်သည်။ မွေးချင်းခြောက်ယောက် ရှိသည့် အနက် တတိယမြောက်သား ဖြစ်သည်။ ၎င်းအထက်တွင် အစ်ကိုတစ်ယောက်နှင့် အစ်မတစ်ယောက်ရှိသည်။ ကျန်မွေးချင်းများမှာ ၎င်းအောက် အငယ်များသာ ဖြစ် လေသည်။

http://www.dhammadownload.com



အေးသောင်၏အဖေသည် ရပ်ရွာတွင် သီလ သမာဓိ ရှိသူဖြစ်သည်။ သီလ သမာဓိရှိခြင်းကြောင့် ရပ်ရွာမှ လေးစားချစ်ခင်ခြင်း၊ ကြည်ညိုခြင်း ခံရသူဖြစ်သည်။ အေးသောင်သည် အိမ်ထောင်ကျပြီး ဖြစ်သော်လည်း အိမ်ခွဲမနေဘဲ မိဘများနှင့် အတူ နေထိုင်ခဲ့သည်။

တစ်နေ့တွင် အေးသောင်သည် အပေါင်းအသင်းများနှင့် အရက်သောက်သည်။ လူမှန်းမသိအောင် မူးလာသောအခါ အိမ်သို့ ပြန်ခဲ့သည်။ အိမ်သို့ရောက်လျှင် ဆူဆူပူပူ လုပ်သည်။ ဤတွင် အဖေဖြစ်သူက မဆူရန် ဆုံးမစကား ပြောကြားပြီး အေးသောင် နေရာသို့သွားရာ အနီးရောက်လျှင် အေးသောင်သည် ဓားဖြင့် ရမ်းလိုက်သည်။ အေးသောင်၏အဖေသည် ဓားထိကာ နေရာတွင်ပင် လဲကျသွားသည်။ ထိုအခါ အဖေ လဲကျသွားသည်ကို တွေ့ရသော အေးသောင်မှာ အမူးပြေကာ ယူကြုံးမရ ဖြစ်မိတော့ သည်။ အေးသောင်၏ အစ်ကိုသည် စိတ်ဆိုးကာ ညီအား ရိုက်တော့သည်။

အေးသောင်သည် အဖေ သတ်မှုအတွက် ရေစကြိုမြို့တရားရုံးတွင် အမှုဆိုင် ရသည်။ တရားရုံးမှ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်(၁၀)နှစ် ချမှတ်ကာ မြင်းခြံ ထောင်သို့ ပို့လိုက်လေသည်။

သေရည်သေရက် သောက်စားခြင်းသည် အကျိုးကိုလည်း မသိတတ် .... ။ အကြောင်းကိုလည်း မသိတတ်။ အကျဉ်းသား အေးသောင်သည် မြင်းခြံထောင်သို့ ရောက်ခဲ့သည်မှာ လပိုင်းအချိန်သို့ပင် ရောက်ခဲ့ပြီဖြစ်သည်။ ထိုနေ့က တနင်္ဂနွေနေ့ ဖြစ်သည်။ တနင်္ဂနွေနေ့တိုင်း အကျဉ်းသားအားလုံး အလုပ်နားကြရသည်။ အလုပ် အားရက်တွင် ထောင်မှ ထမင်းချက်သော မိုးဗြဲဒယ်ကြီးဖြင့်ပင် ရေနွေးကျို၍ လက် ဖက်ခြောက်များခပ်ကာ တိုက်ကြရသည်။ တစ်ပတ်လျှင်တစ်ကြိမ် ရေနွေးကြမ်းတိုက် ခြင်းပင် ဖြစ်သည်။

မြင်းခြံထောင်၏ ထမင်းချက်ဖိုကြီးထဲတွင် ရေနွေးအိုး မိုးဗြဲဒယ်ကြီးသည် ပွက်ပွက်ဆူလျက် ရှိနေပေပြီ။ လက်ဖက်ခြောက်ခပ်ပြီးနောက် အကျဉ်းသားများအား ဝေငှရန်သာ ရှိတော့သည်။ ထိုအချိန်တွင် အကျဉ်းသား အေးသောင်သည် ခုံဖိနပ်ကို စီးကာ ပွက်ပွက်ဆူနေသော မိုးဗြဲဒယ်ကြီးအနီးသို့ ရောက်ရှိလာသည်။ ခုံဖိနပ်ဖြင့် ဒယ်အိုးကြီးကို ရှောင်လိုက်ရာမှ မည်သို့မည်ပုံ ဖြစ်သွားသည်ကို မသိရ။ အကျဉ်းသား သည် ရေနွေးဒယ်အိုးကြီးအတွင်းသို့ ထိုးကျသွားတော့သည်။

"ဟာ .... လုပ်ကြပါဦး၊ အကျဉ်းသားတစ်ယောက် ရေနွေးအိုးထဲကျလို့"

အနီးရှိ အခြားအကျဉ်းသားများသည် ရေနွေးအိုးကြီးထဲ ကျနေသော အကျဉ်း သားအား ဝိုင်းဝန်းဆွဲတင်ကြသည်။ အကျဉ်းသား အေးသောင်တစ်ယောက် ရေနွေး

http://www.dhammadownload.com



အိုးထဲကျသည့်သတင်းသည် ထောင်တစ်ခုလုံး ပျံ့နှံ့သွားတော့သည်။

အကျဉ်းသားအား မြင်းခြံထောင်အတွင်းရှိ ဆေးရုံသို့ပို့ကာ ဆေးများကုသပေးသည်။ ထို့နောက် မြင်းခြံပြည်သူ့ဆေးရုံသို့ တင်ပို့လေသည်။

"ကျုပ်တော့ နေရတော့မှာ မဟုတ်ပါဘူးဗျာ၊ ဆေးကုနေလို့လည်း အပိုပါပဲ"

အေးသောင်သည် ပြင်းပြသော ဝေဒနာကို ခံစားရင်း လူ့ဘဝတွင် နေရတော့မည်မဟုတ်ကြောင်း၊ အဖေ သတ်မိသည့်အတွက် ကံကြီးထိုက်ခြင်းဖြစ်ကြောင်းများကို ညည်းညူ၍ ပြောဆိုနေတော့သည်။ နောက်ဆုံးတွင် ပြင်းပြသော ဝေဒနာကို ခံစားရင်း သေဆုံးသွားတော့သည်။

(၁၉၇၉၊ ဖေဖော်ဝါရီလ၊ ပြစ်မှုမဂ္ဂဇင်း၊ စာမျက်နှာ ၂၉ မှ မျိုးထွန်းအောင်၏ 'ကံထိုက်ခြင်း' ဖြစ်ရပ်မှန်ဝတ္ထုကို ကူးယူဖော်ပြသည်။)

http://www.dhammadownload.com

# တန်ပြန်သက်ရောက်မှု



ကျွန်တော့်အနေဖြင့် မေတ္တာကို အေးမြခြင်းဟု သဘောပေါက်မိပါသည်။ ငယ်ရွယ်နုနယ်စဉ် ကလေးဘဝက မေတ္တာ၏ ကြီးမားသော အာနိသင်ကို မစဉ်းစားမိ၊ မသိရှိခဲ့မိပါ။ အသက်အရွယ် ကြီးရင့်လာမှ 'မေတ္တာ' သဘောကို စောကြောမိလာပြီး အထူးအလေးအနက် တန်ဖိုးထားခဲ့မိပါသည်။ စစ်မှန်သော မေတ္တာတွင် ဖော်မပြနိုင်သည့် အစွမ်းသတ္တိများ ကိန်းအောင်းတည်ရှိနေသည်မှာ အမှန်ပင် ဖြစ်ပါသည်။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



မေတ္တာတွင် ရောင်ပြန်ဟပ်တတ်ပါသည်။ အားမြဲသော နူးညံ့သော မေတ္တာထားသူအပေါ် ပတ်ဝန်းကျင်ကလည်း တူညီသောမေတ္တာ ပြန်ထားလာပါသည်။ အများသူငါ သတ္တဝါအပေါ် မေတ္တာမထားတတ်သူတွင်လည်း တူညီသော တုံ့ပြန်မှု ပြန်လာတတ်သည်ကို တွေ့ရှိနိုင်ပါသည်။ ကျွန်တော်၏ ဘဝတစ်လျှောက်တွင် တွေ့ရှိခဲ့ရသည့် များစွာသော ကိုယ်တွေ့အဖြစ်အပျက်များမှ မေတ္တာနှင့်ပတ်သက်၍ အောက်ပါ ကိုယ်တွေ့ အဖြစ်အပျက်လေးကို စာဖတ်သူတို့အား တင်ပြပါရစေ။

ကျွန်တော် ဒုတိယတန်းကျောင်းသား ကိုးနှစ်သားအရွယ်တွင် ဖြစ်ပါသည်။ တစ်နေ့ မနက်စာကို ငါးသလောက်ပေါင်းဖြင့် စားရမည် သိရသောကြောင့် ကျွန်တော့်အဖို့ ထမင်းစားဝိုင်း ဝင်စဉ်ကတည်းက ရွှင်မြူးနေပါသည်။ ထိုနေ့ချက်သည့် ငါးသလောက်ပေါင်းမှာ အရိုးများပါ နူးအောင်ချက်ထားသည့်ဟင်း ဖြစ်သည်။ သို့သော် ကျွန်တော့်ထမင်းပန်းကန်ရှိ ငါးသလောက်တုံးတစ်တုံးကို လက်ဖြင့် ဖဲ့ယူ၍ ကလေးပီပီ အားပါးတရ စားလိုက်သောအခါ အရိုးမှာ အတွင်းအာခေါင်တွင် စူး၍နေပါသည်။

ကျွန်တော့်မှာ များစွာအခံရခက်၍ ကလေးပီပီ ငိုပါတော့သည်။ အော်ငို၍ ရတော့မရပါ၊ အော်ငိုသောအခါ စူးနေသည့်အရိုးမှာ ပို၍နာပါသည်။ ကျွန်တော်၏ အဖြစ်အပျက်ကြောင့် ထမင်းဝိုင်းလည်း ပျက်သွားပါသည်။ ကျွန်တော်၏အမေသည် အရိုးအားလုံးနူးအောင် မချက်ကောင်းလားဆိုပြီး ကျွန်တော့်အစ်မကို ရိုက်ပါတော့သည်။ ကျွန်တော့်ကိုလည်း ဆေးခန်းသို့ ခေါ်သွားရန် ပြင်ပါသည်။ အိမ်ရှေ့ခြံမှာနေသော သားဖွားဆရာမက အမေနှင့် ခင်မင်ရင်းနှီးသောကြောင့် ကျွန်တော့်ရောဂါကို လာကြည့်ပါသည်။ ပြီးတော့ ကျွန်တော့်အမေအား "ကလေးကို ဆေးခန်းခေါ်မသွားပါနဲ့၊ အပိုပါပဲ၊ ဆရာဝန်က ငါးရိုးစူးတာကို ထွင်တတ်မှာမဟုတ်ဘူး" ဟုပြောပါသည်။ ထိုအခါ အမေသည် ခေတ္တမျှ တွေဝေသွားပြီး ကျွန်တော့်ကို ထမင်းစားခန်းမှ ဘုရားခန်းသို့ လက်ဆွဲခေါ်သွားပါသည်။

သောက်ရေအိုးစင်မှ ရေတစ်ခွက်ယူပြီး ဘုရားစင်ရှေ့တွင် နှုတ်မှ တလှုပ်လှုပ်ရွတ်ဆိုပြီး ထိုရေကို ကျွန်တော့်အား တိုက်ပါသည်။ ရေသောက်ပြီးသည်နှင့် ငါးရိုးစူးသည့်ရောဂါမှာ ယူပစ်သလို ပျောက်သွားပါသည်။ နောက်မှ သိရသည်မှာ မေမေ ရွတ်သည့်ဂါထာကား ....

"ကျွန်မသားကလေး ငါးရိုးစူးသည့်ရောဂါကို ကျွန်မ မကြည့်ရက်ပါ .... ကျွန်မ သားကလေး ခံစားရသလို ကျွန်မ ခံစားရပါသည်၊ ဤမှန်ကန်သော မေတ္တာသစ္စာတို့ကြောင့် ကျွန်မသားကလေး၏ရောဂါ ပျောက်ကင်းပါစေသတည်း"

---

ပထမအကြိမ်

http://www.dhammadownload.com



မိဘ၏ အေးမြသည့် မေတ္တာသည် သားသမီးအပေါ်၌ မည်မျှအစွမ်းထက် ထိရောက်ကြောင်း စာဖတ်သူတို့ကို တင်ပြရခြင်း ဖြစ်ပါသည်။

နောက် .... အတွေ့အကြုံတစ်ခုမှာကား မေတ္တာတရား ခေါင်းပါးသူကို တိရစ္ဆာန်ငယ်ကလေးဖြစ်သည့် ကြွက်တို့က ပညာပေးတုံ့ပြန်ခြင်းကို တင်ပြပါရစေ။ ကျွန်တော်သည် မြန်မာ့တပ်မတော်၌ အရာရှိငယ်ဘဝဖြင့် တပ်ခွဲမှူးတာဝန်ကို ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ ရှေ့တန်းရုမ်းပြည်၊ ကျိုင်းတုံဒေသစခန်းတစ်ခုတွင် ကျွန်တော် ဦးစီးသည့် တပ်ခွဲတစ်ခွဲသည် နေရာယူ စခန်းချနေကြပါသည်။

ကျွန်တော်၏ တပ်ခွဲ၌ အသတ်အဖြတ် အထိုးအကြိတ်တို့တွင် သာမန်ရဲဘော်တွေထက် ထူးကဲစွာ ဝါသနာပါသည့် ရဲဘော်မောင်သိန်းဆိုသူ စစ်သည်တစ်ယောက် ရှိပါသည်။ တစ်ရက်တွင် မောင်သိန်းသည် အတန်ငယ်ကြီးသည့် ကြွက်တစ်ကောင်ကို အရှင်လက်ရ ဖမ်းမိခဲ့ပါသည်။

ထိုကြွက်ကို ကျည်ဆန်ပုံးတစ်ခုကို ဖွင့်၍ထည့်ပြီး အဖုံးကို ဝါးဖြင့် ရက်ထားသည့် သံစကာပုံစံ ဝါးထရံဖြင့် အုပ်ထားပါသည်။ ကြွက်မှာ သံပုံး (ကျည်ဆန်ပုံး) ထဲတွင် ပြေးလွှားနေသည်ကို အပေါ်၌ အုပ်ထားသည့် ဝါးထရံကွက်မှ အတိုင်းသား တွေ့နေရပါသည်။ ထိုအခါ မောင်သိန်းသည် ဝါးခြမ်းငယ်လေးများကို တစ်ချောင်းစီ တစ်ချောင်းစီထိပ်တွင် မီးရှို့၍ထိုး၏၊ ဝါးခြမ်းငယ်ဖြင့် လုပ်ထားသည့်မီးစမှာ လေးငါးချောင်းဖြစ်၍ ကြွက်မှာ ထိုမီးစအားလုံးကို လွတ်အောင်မရှောင်နိုင်ပါ။ တချို့မီးစမှာ ကြွက်၏အမြီးကို ထိုးမိ၍ ညှော်နံ့ပင် ထွက်နေပါသည်။

မောင်သိန်းမှာတော့ သူ၏လုပ်ရပ်ကို ကျေနပ်ပီတိဖြစ်၍ ပတ်ဝန်းကျင်ကို ဂရုမစိုက်တော့ပါ။ တပ်ခွဲမှူးဖြစ်သော ကျွန်တော် သူ့အနားတွင် လာရပ်နေသည်ကို လည်း သတိမထားမိတော့ဘဲ သူ့လုပ်ငန်းမှာ စိတ်ပါဝင်စားစွာ ဆက်၍လုပ်နေပါသည်။

"ဟေ့ကောင် .... မောင်သိန်း"

"ဗျာ .... ဗိုလ်ကြီး"

"မင်း အဲဒီကြွက်ကို သတ်မှာဖြင့်သတ်၊ လွှတ်မှာဖြင့်လွှတ် .... ဒီလိုညှဉ်းဆဲတာ မကောင်းဘူး၊ ကြားလား"

"ဟုတ်ကဲ့ ဗိုလ်ကြီး .... "

မောင်သိန်းတစ်ယောက် ကျွန်တော့်ရှေ့ မလှမ်းမကမ်း၌ပင် မီးလောင်ဒဏ်ရာနှင့် ကြွက်ကို ဝါးထရံကွက်ဖွင့်၍ ကျည်ဆန်ပုံးထဲမှ လွှတ်လိုက်ပါသည်။ စခန်းထဲတွင် မောင်သိန်းတို့အပါအဝင် စစ်သည်များသည် ခေါင်ကတုတ်ကျင်းဖြင့် နေကြရပါသည်။

http://www.dhammadownload.com



မောင်သိန်းနေသည့် ကျင်းထဲတွင် ဝါးခုတင်ဖြင့် စစ်သည်လေးယောက်နှင့် အတူနေကြ၊ အိပ်ကြသည်။ ခြေရင်း ဝါးတန်းတစ်ခုတွင် သူတို့၏ ကျောပိုးအိတ်များ၊ တိုလီမိုလီ ပစ္စည်းများ ချိတ်ဆွဲထားကြသည်။

ကြွက်ကိုလွှတ်ပြီး နောက်တစ်ရက်မနက်တွင် ရဲဘော်မောင်သိန်းတစ်ယောက် တဖျစ်တောက်တောက် မကျေမနပ်ဖြစ်နေသည်ကို တွေ့ရသည်။ ကျန်ရဲဘော်များ ကတော့ ပြုံးစိစိဖြစ်နေ၍ ကျွန်တော်လည်း သိချင်၍ မေးကြည့်ရာ မောင်သိန်းမှာ ကျွန်တော့်ကို ဘာမှ ထွေထွေထူးထူးမပြောဘဲ သူတို့နေသည့် ခေါင်ကတုတ်ကျင်းထဲသို့ ခေါ်သွားပါသည်။

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် တော်တော့်ကို အံ့ဩသွားမိသည်။ ခြေရင်းတွင် ချိတ်ထားသည့် ကျောပိုးအိတ်လေးလုံးအနက် အလယ်ရှိ မောင်သိန်း ကျောပိုးအိတ်မှာ သုံး၍မရအောင် ကြွက်ကိုက်ထားသည်ကို တွေ့ရသည်။

ဒါတွင်မကသေးပါ၊ မောင်သိန်း ပိုင်သည့် တောစီးဖိနပ်၊ ခြေညှပ်ဖိနပ်၊ ရေစို သေး၍ လှမ်းထားသည့် ယူနီဖောင်း၊ ခေါင်းရင်းတွင်တင်ထားသည့် ဒိုင်ယာရီစာအုပ်၊ နောက်တန်းမှလာသည့် စာများကိုလည်း ရစရာမရှိအောင် ကိုက်ဖြတ်ထားသည်ကို တွေ့ရပါသည်။

ကြွက်တစ်ကောင်တည်းမဟုတ်၊ အနည်းဆုံး ဆယ်ကောင်ခန့် ရှိမည်ဟု ထင် မိသည်။ ထူးဆန်းသည်ကား ကျန်အတူနေကြသည့် ရဲဘော်သုံးယောက်၏ ပစ္စည်း များကို လုံးဝ မကိုက်ဖြတ်ခြင်းပေတည်း။

ဘာပဲဖြစ်ဖြစ် မောင်သိန်းတစ်ယောက် သတ္တဝါတစ်ကောင်ကို စိတ်ညစ်အောင် လုပ်ခဲ့မိ၍ တစ်ရက်အတွင်း ပြန်ပြီး စိတ်ညစ်စရာ တွေ့နေရသည်မှာ လောကနိယာမ ပင်တည်း။ တစ်ဆက်တည်းမှာပင် ဆယ်တန်းမှာ ရူပဗေဒ သင်စဉ်တုန်းက 'သက် ရောက်မှုတိုင်းတွင် ၎င်းနှင့်ညီမျှသော တန်ပြန်သက်ရောက်မှု တစ်ခုစီရှိသည်' ဟူသော 'သီအိုရီ' လေးတစ်ခု ခေါင်းထဲတွင် ဖြတ်သန်းဝင်ရောက်လာခဲ့ပါသည်။

"မေတ္တာထားသူသည် ကောင်းစွာအိပ်ရသည်။ ကောင်းစွာ နိုးကြားရသည်။ ကောင်းစွာ အိပ်မက် တွေ့ရသည်။ လူ, နတ်, ဗြဟ္မာ, သတ္တဝါတို့၏ ချစ်ခင်နှစ်သက် ခြင်းကို ခံရ၏။"

"မေတ္တာတရားခေါင်းပါးသူကား ဆန့်ကျင်ဘက်ကိုခံစားရမည်သာတည်း။"

(၁၉၈၂ ခု၊ နိုဝင်ဘာလထုတ် ရတနာမွန်မဂ္ဂဇင်းမှ ဗိုလ်ကံထွန်း၏ စာမူကို ကူးယူဖော်ပြပါသည်။)

http://www.dhammadownload.com



## ငွေ ၂၀၀ မြေပါ၍
## ဘုရားဒကာတစ်လှည့် နွားတစ်လှည့်

ဒိုက်ဦးမြို့နယ်၊ ဖားအောင်းစုကျေးရွာမှ အသက်(၈၀)ကျော်ရှိ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးဘသော်က ကျွန်တော်၏နေအိမ်သို့ (၁၂-၅-၁၉၇၈) ရက်နေ့ နံနက်က လာရောက်လည်ပတ်စဉ် ဤကိစ္စနှင့်ပတ်သက်၍ သူဌေးကြီးအမည်၊ နေရပ်လိပ်စာနှင့် ဖြစ်ရပ်အကြောင်းအရာတို့ကို မိမိကိုယ်တိုင် သိသည့်အတိုင်း ခိုင်မာစွာ ထွက်ဆိုသွားပါသည်။

ဤကိစ္စကို ကျွန်တော် ဆက်လက်၍ စုံစမ်းရန် ရည်ရွယ်ပါသည်။ သို့ရာတွင် စစ်မဖြစ်မီကာလ ၁၉၂၀ ခုနှစ်လောက်က ဖြစ်ခဲ့သည့်ကိစ္စဖြစ်၍ ယခုအခါ ကိုယ်တွေ့သက်သေများ လွန်စွာနည်းပါးနေမည် ဖြစ်သဖြင့် လွယ်ကူတော့မည် မဟုတ်ပါ။ သူဌေးကြီး၏ မျိုးရိုးစဉ်ဆက်တို့သည် ယခုတိုင် ဆက်လက်ရှိနေဦးမည်ဖြစ်၍ ယင်းတို့အား အနှောင့်အယှက် မဖြစ်စေရန် ဤစာတမ်းတွင် ထုံးစံအတိုင်း အမည်များ နေရပ်လိပ်စာများကို ပြောင်းလဲထားပါသည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ နှစ်ပေါင်း (၂၀) ကျော်က ပျော်ဘွယ်မြို့နယ်တွင် ဦးတာတေအမည်ရှိသော သူဌေးကြီးတစ်ဦး ရှိပါသည်။ ထိုသူဌေးကြီးသည် ဘုရားတရား အလွန်ကြည်ညိုပြီး အလှူအတန်းများစွာတို့ကို ရက်ရက်ရောရော ပေးကမ်းစွန့်ကြဲလေ့ရှိ၏။ မြို့ပေါ်ရှိ တန်ခိုးကြီးစေတီ၏ ဂေါပကအဖွဲ့တွင်လည်း ဘုရားလူကြီးတစ်ဦး ဖြစ်သည်။ သူ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ တောင်သူလယ်သမားများအား သင့်တင့်မျှတသော အတိုးနှုန်းများဖြင့် ငွေချေးငှား၏။ မိမိတို့ လယ်ယာအများအပြားတို့ကို လူငှားများဖြင့် လုပ်ကိုင်ဆောင်ရွက်သည်။ ဦးတာတေအား ရပ်ရွာတောင်သူလယ်သမား စာရင်းငှားများမကျန် အားလုံးတို့က ချစ်ခင်ရိုသေလေးစားကြ၏။

တစ်နေ့သောအခါ တောင်သူတစ်ဦးဖြစ်သူ မောင်ချစ်တင်သည် ယခင်က သူချေးယူထားသော ငွေနှစ်ရာကို သူဌေးကြီးအား ပြန်ဆပ်သည်။ သူဌေးကြီးလည်း ကျင်းပနေဆဲ ဘုရားပွဲတော်ကိစ္စတွင် နေ့ရောညပါ စီမံခန့်ခွဲ အလုပ်များနေသဖြင့် အော်ဒီမံ (on demand) ငွေချေးစာချုပ်ကို ပြန်မပေးလိုက်နိုင်သေး၍ ....

"မောင်ချစ်တင်ရာ .... မင်း စာချုပ်ကို နောက်မှလာယူပါ၊ ငါ အလုပ်များနေတာ မင်း တွေ့သားပဲ၊ မင်းနဲ့ငါ အချင်းချင်း ဘာမှ မယုံစရာမရှိဘဲ" ဟု ဆို၍ ပြန်လွှတ်လိုက်၏။ မောင်ချစ်တင်သည်လည်း ဦးတာတေအား ယုံကြည်စိတ်ချသော

http://www.dhammadownload.com



ကြောင့်လည်းကောင်း၊ အကြောင်းကိစ္စ မညီညွတ်သောကြောင့်လည်းကောင်း သူဌေး ကြီးနှင့် နောက်ထပ် လာရောက်မတွေ့ဆုံမိတော့ချေ။

ထို့နောက် လပေါင်းများစွာ ကြာမြင့်သောအခါ သူဌေးကြီးက မောင်ချစ်တင် အား ခေါ်ယူ၍ အကြွေးနှစ်ရာ ပြန်ဆပ်ရန် တောင်းဆို၏။ မောင်ချစ်တင်က မိမိ ယင်းအကြွေးကို ပေးဆပ်ပြီး၍ မပေးနိုင်ကြောင်း ငြင်းဆို၏။ အမှန်မှာ သူဌေးကြီးက ဤကိစ္စကို လုံးဝ မေ့လျော့နေဟန်တူသည်။ ဦးတာတေက မိမိထံ အော်ဒီမံစာချုပ် ရှိနေသမျှ ကာလပတ်လုံး အကြွေးမကျေသေး ဟူ၍ဆို၏။ နောက်ဆုံး မောင်ချစ်တင်က စိတ်ဆိုးဆိုးနှင့် ဤသို့ဆိုပြီး နောက်ထပ် ငွေနှစ်ရာပေး၏။

"ကျုပ်ကတော့ ခင်ဗျားငွေနှစ်ရာကို ပေးပြီးတာ အမှန်ပဲ .... ဒါပေမယ့် ခင်ဗျားက မရသေးဘူးလို့ အတင်းငြင်းရင်လည်းရော့ .... ငွေနှစ်ရာ၊ ကျုပ်အကြွေး ကျေပြီးလို့ ခင်ဗျား ကျေနပ်ရောပေါ့၊ တကယ်လို့ ကျုပ်ပြောသလို အရင်က ငွေနှစ်ရာ ဆပ်ပြီး ရင်လည်း ခင်ဗျားတော့ ကျုပ်အိမ်မှာ လူဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ်၊ နွားဖြစ်ဖြစ် ကျွန်လာခံ ရမှာတော့ သေချာတယ်"

နောက်များမကြာမီ သူဌေးကြီးဦးတာတေ သေဆုံးသွား၏။

ညတစ်ညတွင် မောင်ချစ်တင်သည် အိပ်မက်ရ၏။ ထိုအိပ်မက်ထဲတွင် ဦးတာတေက မင်းတို့နဲ့ငါ လာနေမလို့ဟူ၍ ပြောသည်။ တစ်ချိန်တည်းလောက်တွင် မောင်ချစ်တင်၏ နေအိမ်တွင် နွားထီးကလေးတစ်ကောင် မွေး၏။ နွားကလေးသည် ထိန်းမရသိမ်းမရအောင် ဆော့၏။ ဆိုး၏။ နောင်အခါ၌ အိပ်မက်ကို သတိရပြီး မောင်ချစ်တင်က နွားကလေးကို 'မင်း ဘုရားဒကာကြီးလား' လို့ မေး၏။ နွားကလေး က 'ဘောဘော' ဟူ၍ အော်ပြီး ငြိမ်သွား၏။ မောင်ချစ်တင်ကလည်း မိမိ၏ ဒေါသ အလျောက် ပြောမိဆိုမိ ကျိန်ဆဲမိသည်ကို နောင်တရပြီး နွားကလေးအား အထူးဂရု ပြု၏။ အလေးချိန် တစ်ဆယ်သား ငွေလေးရာကျပ်တန် ရွှေခေလောက်ကို တပ်ဆင် ပေး၏။ လုံးဝမခိုင်းဘဲ အစားကောင်းကောင်းကျွေး၏။ (ယခင်ဘဝက ဒါနအကျိုး ကို သတိပြုပါ။)

ဤအကြောင်းကို တစ်ဆင့်စကားဖြင့် ဦးတာတေ၏ သားသမီးများ၏ နားသို့ ရောက်သွားရာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်သဖြင့် နာမည်ပျက်ဥပဒေ ပုဒ်မနှင့် ရုံးတင်၍ တရားစွဲတော့သည်။ လူချမ်းသာနှင့် လူမွဲတို့၏ တရားတိုက်ပွဲ ဖြစ်၍ ရုံးမင်းသည်လည်း သက်သေသက္ခာရ အားလုံးတို့ကို စေ့စေ့ငုငု စုံစုံလင်လင် သေသေ ချာချာ စစ်ဆေး၏။ သို့ရာတွင် နှစ်ဦးနှစ်ဖက်စလုံးတို့က အမျိုးမျိုး ထွက်ဆိုကြသဖြင့် စဉ်းစားဆုံးဖြတ်ရန် အတော်ပင် ခက်ခဲနေတော့သည်။ နောက်ဆုံး အကြံရပြီး

http://www.dhammadownload.com




မဟောသဓသုခမိန်၏ နည်းထုံးကိုယူပြီး ရုံးတော်၏ ရှေ့ဖတ်စာရေးကြီးအား အစိက သက်သေ နွားထီးကလေးအား ဤသို့ ဆင့်ခေါ်စေ၏။ "ဘုရားဒကာကြီး ဦးတာတေ ကြွပါ .... ကြွပါ" နွားထီးကလေးသည် ဤစကားကို ကြားလျှင်ကြားချင်း မိခင်နွားမကြီးဘေးမှ ထွက်ခွာလာပြီး ရုံးမင်းရှေ့မှောက်သို့ ရောက်လာသည်။

(မှုရင်းစာအုပ်၌ နွားဘဝပြောင်းသွားသော သူဌေးကြီးဦးတာတေ)

http://www.dhammadownload.com



# လုပ်အားခအပြည့်မပေး၍ ကျွဲဝင်စားဖြစ်ရသူ ဒေါ်ငွေး



ကျွဲဝင်စားဒေါ်ငွေး

တပ်ကုန်းမြို့နယ်၊ အင်ပင်ရွာတွင် အသက် (၆၀) အရွယ်ရှိ ဒေါ်ငွေးသည် .... ယခင် နှစ်ဘဝ အကြောင်းကို ပြန်ပြောနိုင်၏။ ပထမဘဝတွင် ညောင်ပင်ကြီးရွာ၌ ဦးသက်ထား၏ဇနီး၊ ကလေး(၄)ယောက်၏အမေ ဒေါ်မြ ဖြစ်ခဲ့သည်။ ဒေါ်မြသည် စရင်းငှားများဖြင့် တောင်ယာများကို လုပ်ကိုင်စားသောက်သည်။ ထိုစရင်းငှား လယ်လုပ်သမားများထဲတွင် အသက်(၁၃)နှစ်အရွယ်သာ ရှိသေးသော မိန်းကလေး မသိန်းတင် ပါရှိသည်။

မသိန်းတင်သည် မိမိထက် အသက်ကြီးသော လုပ်သားများနှင့်အတူ မခိုမကပ် ကြိုးစား၍ စံချိန်မီအောင် အလုပ်လုပ်၏။

တစ်နေ့သောအခါ မသိန်းတင်အား ဒေါ်မြက "ညည်းက ငယ်တော့ လူကြီးတွေလောက် အလုပ်မလုပ်နိုင်ဘူး" ဆို၍ လုပ်ခမှ ဆန်တစ်တင်း လျှော့၍ ပေး၏။ မသိန်းတင်ကလည်း အခြားသူများကဲ့သို့ တာဝန်ကျေခဲ့ကြောင်း သူတို့နည်းတူ လုပ်ခ ရသင့်ကြောင်း အရေးဆိုသော်လည်း မရ။ အရှုံးပေးခဲ့ရ၏။ အမေဖြစ်သူက .... "အေးကွယ် .... သူ အခုမပေးလည်း တို့ခြေပါရင် နောက်တော့ တို့ရမှာပေါ့လို့" သမီးကို ဖျောင်းဖျရ၏။

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



ဒေါ်မြ သေပြီး နောက်တစ်နှစ် နှစ်နှစ်ကြာသောအခါ မသိန်းတင်လည်း မောင်ထွန်းလှနှင့် အိမ်ထောင်ကျသည်။ ကွယ်လွန်သူ ဒေါ်မြက မသိန်းတင်အား "မင်းတို့နှင့် ငါ လာနေမည်" ဟူ၍ အိပ်မက်ပေးသော်လည်း မသိန်းတင်က ဂရုမစိုက်၊ ပြန်မပြော၍ ခြံတွင်းရှိ ကျွဲမကြီးတစ်ကောင်၏ ဝမ်းတွင်းသို့ ဝင်စားရကြောင်း၊ ကျွဲမ ကလေး၏ အမည်မှာ 'ယိုင်းမ' ဖြစ်ကြောင်း၊ ဒေါ်ဌေးက ဤဘဝတွင် ပြန်ပြော၏။ ကျွဲယိုင်းမသည် ကျွဲကလေး (၄)ကောင် မွေးပြီးမှ သေဆုံးသွားသည် ဆို၏။

နောက်မကြာမီတစ်ညတွင် အိပ်မက်ထဲ၌ 'ယိုင်းမ'က မသိန်းတင်အား မိမိ အသားကို ယူပါဟူ၍ ပေး၏။ ထိုအချိန်လောက်ကစ၍ မဌေးကို ကိုယ်ဝန်ရှိလာသည်။ အသက်(၁၂)နှစ်ခန့်ရှိသောအခါ မဌေးသည် တစ်ညနေ ကျွဲများထိန်းကျောင်းနေစဉ် ရုတ်တရက် ထိုင်၍ငိုလေတော့သည်။ အမေဖြစ်သူ ဒေါ်သိန်းတင်က .... "မြွေကိုက် သလား၊ ဆူးစူးသလား" ဟူ၍ စိုးရိမ်ကြီးစွာ မေးသည့်အခါ မဌေးက "ကျွန်မ ကျွဲ ခလောက်သံကြားရတော့ ကျွန်မသားဖြစ်ခဲ့တဲ့ ကလေးတွေ သတိရလာလို့ပါ" ဟူ၍ ပြန်ဖြေသည်။ ယခုဘဝတွင် မဌေးနှင့် ဒေါ်သိန်းတင်တို့သည် သားအမိဖြစ်သော်လည်း ခင်ခင်မင်မင် မရှိ၊ ခပ်တန်းတန်းနေတတ်ကြသည်ဟူ၍ ဆို၏။ ဒေါ်ဌေးက မိမိ၏ ဦးခေါင်းတွင်ရှိသော ကျွဲချိုပေါက်သည့်နေရာများ၌ ဖုဖောင်းနေကြောင်းကို ကျွန်တော့် အား ပြ၍ တွေ့ခဲ့ရ၏။

(အမေရိကန် ဗာဂျီးနီးယားတက္ကသိုလ် ပရစိတ္တဗေဒဌာန ညွှန်ကြားရေးမှူးဒေါက်တာ စတီးဗင်ဆင်နှင့် ပူးတွဲ၍ မြန်မာနိုင်ငံလူဝင်စားပြဿနာကို သိပ္ပံနည်းကျ လေ့လာဖော်ထုတ် သူ ဦးဝင်းမောင်၏ ဘဝအိုးအိမ်အကြိမ်ကြိမ်မှ ကူးယူဖော်ပြပါသည်။)

## ဈေးချိုနားက ပြိတ္တာများ

မန္တလေး ဈေးချိုအနောက်ဘက်၌ ဒကာမတစ်ယောက် သေပြီးနောက် ဆယ်လကျော်မှ ထိုအမျိုးအိမ်၌ မိန်းမပြန်၍ ဖြစ်လာ၏။ စကားပြောတတ်သောအခါ "ဒီအဝတ်လည်း ငါ့ဟာ၊ ဟိုအဝတ်လည်း ငါ့ဟာ၊ ဒီပစ္စည်းလည်း ငါ့ဟာ" ဟု ရှေး ဘဝတုန်းက သူ့ဥစ္စာများကို ပြောသဖြင့် ....

"ညည်း .... ဒီအိမ် မဝင်စားခင်က ဘယ်မှာ ဘာဖြစ်နေသလဲ" ဟု မေးကြ သောအခါ

"ဒီလမ်းထဲမှာပဲ ဖြစ်နေတယ်" ဟု ပြော၏။

"ညည်း လူတွေကို မကြောက်ဘူးလား" ဟု မေးသောအခါ

http://www.dhammadownload.com



"လူကြီးတွေကို မကြောက်ပါဘူး .... ကလေးတွေကတော့ ဟိုဟိုဒီဒီ တုတ်နဲ့ခဲနဲ့ ပစ်တဲ့အခါ ထိမှန်တတ်လို့ ကလေးတွေကိုတော့ ကြောက်တယ်" ဟု ပြော၏။

"ညည်း မပျင်းဘူးလား .... "

"မပျင်းပါဘူး .... ဒီလမ်းထဲမှာ အဖော်ပြိတ္တာတွေ အများကြီးပဲ"

"ညည်းတို့ ဘာစားနေကြတုန်း .... "

"လူတွေပစ်တဲ့ ထမင်းလုံး ဟင်းဖတ်နဲ့ သလိပ်ချွဲတွေကို စားနေကြတယ်၊ အမေ ဆွမ်းတော်တင်ပြီး အမျှဝေတဲ့အခါ သာဓုမခေါ်ပါဘူး၊ ဆွမ်းတော်စွန့်တော့ လုပြီး စားကြတာပဲ .... ပျော်လိုက်တာ" ဟု ပြောသတဲ့။

[ဆရာတော်အရှင်ဇနကာဘိဝံသရေး "အနာဂတ်သာသနာရေး"စာအုပ် ၂၇၄မှ အခြေပြုပြဋ္ဌာန်းတရားတော် ၂၂၇ ၌ ဦးဖူးစိန် ဒေါ်တင်တို့၏ မိတ်ဆွေဒကာမတစ်ဦးဟု ပါရှိ၏။]

"မန္တလေးမြို့မှာ ပေပင်ဆရာတော်ကြီးဆိုတာ ရှိတယ်၊ တရားလည်း ဟောတော်မူတယ်၊ တစ်ခါတော့ သုသာန်သွား တရားထိုင်တယ်၊ သူထိုင်တဲ့ နေရာနားက တွင်းကလေးတစ်တွင်းကနေပြီးတော့ အကောင်နှစ်ကောင် ထွက်လာသတဲ့၊ တွင်းကလေးက ပုရွက်ဆိတ် တွင်းကလေးလောက်ပဲ ရှိတယ်၊ ထွက်လာတဲ့အကောင်က ခပ်ကြီးကြီး၊ တစ်ကောင်က တောင်ဘက်၊ တစ်ကောင်က မြောက်ဘက် အစာရှာထွက်၊ အချိန်ကျ ပြန်လာ၊ ဒီတွင်းကလေးထဲ ဝင်သွားတာပဲ၊ 'ကြပ်တွင်း' ခေါ်တာပေါ့၊ ပြိတ္တာကလေးတွေ ဘယ်လောက်ဆန်းကြယ်လိုက်သတုန်း၊ ဘဝသံသရာဟာ အလွန်ကြောက်စရာကောင်းတယ် ....

ဒုစရိုက်ကံ ပစ်ချမှုကြောင့်လည်း ဖြစ်ကြရတယ်။ စွဲလမ်းမှုကြောင့်လည်း ဖြစ်ကြရတယ်" (ပဋ္ဌာန်းတရားတော်။)

## နေ့စံ ညခံ မိဿကကံ

သတ္တဝါတို့သည် တိုတောင်းလှသော သက်တမ်းကာလ ကလေးအတွင်း ဘာမဟုတ်သည့် ကိစ္စကလေးများအတွက် ဒေါသအမျက်ထွက်ခြင်း၊ အလိုရမ္မက်ကြီးခြင်း၊ မနာလိုဝန်တိုခြင်း၊ လူကြီးမိဘ ဆရာသမားတို့အား မလေးမစား မရိုမသေပြုခြင်း၊ ရတနာသုံးပါးအား ပြစ်မှားခြင်းများကို ပြုလုပ်မိတတ်ကြ၏။

မဖြစ်လောက်သော ပြောဆိုလုပ်ကိုင်မှုဟု ထင်တတ်ကြစေကာမူ သာသနာနှင့်စပ်သောကိစ္စ ဖြစ်ပါမူ မဟာအဝီစိငရဲသို့ပင် ရောက်စေနိုင်၏။ ကမ္ဘာနှင့်ချီ၍ ရှည်ကြာငတ်မွတ်သော ပြိတ္တာအမျိုးမျိုး၊ ကြီးနိုင်ငယ်ညှဉ်း လွတ်ကင်းခွင့်မရနိုင်သော

http://www.dhammadownload.com



တိရစ္ဆာန်သံသရာ တစ်ချက်တိမ်းသွားတာနှင့် ပြန်၍တက်ရန် မလွယ်တော့သော အပါယ်လေးပါး ဘေးကြီးကား ကျွန်ုပ်တို့အနီးမှာပင် အသင့်ရှိနေချေပြီ။

အကုသိုလ်ဒုစရိုက်ကြောင့် အပါယ်လေးပါးသို့ လားရောက်ရလျှင်သော်လည်းကောင်း၊ ကုသိုလ် သုစရိုက်ကြောင့် အသက်ရှည်သော နတ်ပြဟ္မာဖြစ်ရလျှင်သော်လည်းကောင်း၊ ထိုဘုံဘဝတို့မှတစ်ဆင့် လူ့ဘုံသို့ တစ်ကျော့ပြန်လာရသော် ဤလူ့ပြည်၌ ဤသာသနာတော်ကြီးကို ပြန်၍ မတွေ့နိုင်တော့ပြီ။ ငရဲသက်တမ်း နတ်သက်တမ်းတို့ကား ကမ္ဘာနှင့်ချီ၍ပင် ရှည်လျားလှပေ၏။

'လူ့ဘဝကို ရရှိခြင်း၊ သာသနာတော်နှင့် တွေ့ကြုံရခြင်းကား ဒုလ္လဘတရားကြီးပင်တည်း' ဆိုသည်ကို လွန်ခါမှ နောင်တမဖြစ်ကြရာ။ လူ့ဘဝကို ရခြင်းသည် သတ္တဝါအရည်အသွေးတက်စေရန် လေ့ကျင့်ခန်း ဝင်ရခြင်းပင်တည်း။ ကွင်းဆင်း စမ်းသပ်ရခြင်းပင်တည်း။ အရင်းမပြုတ်စေသင့်၊ သီလ သမာဓိ ပညာ ကိုယ်ပိုင်သာသနာ အင်အားတို့ကို ရမယ်ရှာ အချိန်မဆိုင်းဘဲ အခွင့်သင့်တိုင်း ထူထောင်သင့်ကြ၏။

ပြီးခဲ့သော သံသရာဘဝများကိုထား၍ ယခုဘဝမှာပင် အကောင်းကနည်း၍ အဆိုးကသာ များနေကြ၏။ အကောင်းသည် ကောင်းကျိုးပေး၍ အဆိုးသည် ဆိုးကျိုးကို ဖြစ်စေသည်မှာ ကမ္မနိယာမပင်တည်း။ အကောင်းအဆိုး နှစ်မျိုးရောသောကံကို 'မိဿကကံ–ရောထွေးကံ' ဟု ခေါ်ရလေရာ အကျိုးပေးသော အခါတွင် လည်း အဆိုးနှင့်အကောင်း သောင်းပြောင်းရောထွေး၍ ပေးမြဲဖြစ်၏။

သံသရာက လုပ်ခဲ့မိသော ကံဆိုးများ ပြစ်ဒဏ်လျော့စေ၊ ပေါ့စေ၊ ပျောက်စေရန်၌ ကိုယ်ပိုင်သာသနာသာလျှင် အားကိုးဖွယ်ရှိ၏။ သီလက တားဆီး၍ပေးထားနိုင်၏။ မေတ္တာဘာဝနာ စသည်က ဆိုင်းငံ့၍ ထားနိုင်၏။ ဝိပဿနာကသာ ကံဆိုးကံကောင်းများကို လျော်ပစ်နိုင်၏။ အမြစ်ပြတ်ရှင်းပစ်နိုင်၏။

ဝိပဿနာသာလျှင် သာသနာနှင့် တွေ့ကြုံရသည်မည်၏။ ရှုမှတ်မှုများများဖြစ်အောင် ကိုယ့်ကိုယ်ကိုယ် အပါယ်ဘေးကြီးကို ပြ၍ တိုက်တွန်းကြရာ၏။ ငါးပါးသီလမျှ မလုံခြုံသောသူအတွက် ယခုဘဝမှာလည်း မချမ်းသာ၊ သံသရာကိုထား၍ နောက်ဘဝအတွက်ပင် အပါယ်ကျဖို့ သေချာလှ၏။

ငရဲ၊ တိရစ္ဆာန်ဘဝသို့ရောက်လျှင် ကျန်ရစ်သူတို့က ကုသိုလ်ဒါနပြု၍ အမျှဝေကူညီပေးခွင့် မရှိတော့ပြီ။ ပြိတ္တာဘဝသို့ရောက်သော်လည်း မိမိ လူ့ဘဝက ကုသိုလ်မှုနည်းခဲ့လျှင် လူ့ဘဝက ကိုယ်ပိုင်သာသနာ ချို့ငဲ့ခဲ့လျှင် ကုသိုလ်ဒါနပြု၍ အမျှဝေရန် ကျန်ရစ်သူတို့ကပင် သတိမရ၊ မေ့၍ပင် နေတတ်ကြသည်ဟု ကျမ်းဂန်၌ ဆို၏။ မိမိကံမှတစ်ပါး ဘယ်သူ့ကိုမှ အားကိုးလို့မရ။

---

ပထမအကြိမ်

http://www.dhammadownload.com

ရက်၊ လ၊ နှစ်ပိုင်းမျှဖြင့် အမှုဝေ သာဓုခေါ်၍ ကျွတ်လွတ်သွားကြသော ပြိတ္တာများအကြောင်းကို ဖတ်ရှုကြားသိရ၍ ပြိတ္တာဘဝကို ပေါ့ပေါ့ဆဆ မအောက်မေ့ကြရာ၊ ကမ္ဘာနှင့်ချီ၍ ရှည်ကြာသော ပြိတ္တာတွေကသာ များကြသည်။

လူတို့သည် 'ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ' ဆိုသကဲ့သို့ များသောအားဖြင့် အကောင်းအဆိုး နှစ်မျိုးရောလျက် လုပ်မိကြရာ အကျိုးပေးသောအခါမှာလည်း ရောထွေး၍ ရရှိတတ်၏။ ယင်းမိဿကကံကြောင့် နေ့အခါ နတ်ကဲ့သို့ စံရ၍၊ ညအခါ ငရဲကဲ့သို့ ခံရသော အပါယ်ဘုံသားများလည်း ကျွန်ုပ်တို့အနားမှာပင် များလှချေ၏။

အရှင်ဇနကာဘိဝံသ ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းတရားတော် (၂၄၆) မှ တံငါ သုံးယောက်အကြောင်းသည်လည်း သံဝေဂဖြစ်ဖွယ်ကောင်းလှဘိသည်။

## မော်လမြိုင်က တံငါသုံးယောက်




တစ်ခါတုန်းကပေါ့လေ .... မော်လမြိုင်မြို့အနီး မြစ်ထဲမှာ တံငါသုံးယောက် အတူတူ လုပ်နေကြတယ်။ နှစ်ယောက်က ဗုဒ္ဓဘာသာ မဟုတ်ဘူး။ တစ်နေ့တော့ ကမ်းစပ်မှာ ရွှေဆင်းတုတော်ကလေး တွေ့ကြရော။ ဆင်းတုတော်ကလေး တွေ့တယ် ဆိုရင်ပဲ "တို့ ဒီဆင်းတုတော်ကလေး လာ .... ဝေကြစို့" ဆိုပြီးတော့၊ ဟာ .... မလုပ်ပါနဲ့ဆိုရင်းပဲ တစ်ခါတည်း သုံးပိုင်းသုံးခြမ်း ခြမ်းလိုက်တယ်။"

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



နှစ်ယောက်ကတော့ ဗုဒ္ဓဘာသာ မဟုတ်လို့ သူတို့ဟာသူတို့ ယူသွားရော၊ တစ်ယောက်က ဗုဒ္ဓဘာသာဖြစ်တော့ ဆင်းတုတော်အခြမ်းလေးကို ဘယ်နှယ်မှ မသုံးရက်ဘူး။ ဒါနဲ့ ကြံရာမရ သဲပုံစေတီကလေးလုပ်ပြီး သဲပုံစေတီထဲမှာ ဌာပနာ ထည့် ရှိခိုးပြီး အိမ်ပြန်သွားတယ်။

"ဒီလိုနဲ့ သုံးယောက်သား အတူတူလုပ်ကိုင်စားသောက်ကြရင်း တစ်နေ့တော့ မြစ်ထဲမှာ လေမုန်တိုင်းမိလို့ သုံးယောက်သား ရေထဲမျောပါသွားတယ်။ လှေကလေး လည်း နောက်ဆုံး ပျက်ဟန်တူပါရဲ့။ ဟိုလူနှစ်ယောက်တော့ ဘယ်ရောက်သွားတယ် မသိဘူး။ ဗုဒ္ဓဘာသာလူကတော့ ကမ်းနားတစ်ခု ရောက်သွားတယ်။ တောကြီးထဲမှာ ဘာမှ လူစလူခြေ မတွေ့ရဘူး။"

"အဲဒီရောက်သွားတော့ ဆာလွန်းလို့ အစာများ ရလိုရငြား လှည့်လည်သွား တယ်ဆိုရင်ဆိုပဲ ဒီဘဝက သူ့မယားနဲ့ သွားတွေ့တယ်။ သူ့အရင် သေသွားတဲ့မယား။ ဒါနဲ့ .... ဟာ ဘယ်ကလာတုန်း၊ မင်း ဒီမှာ ရောက်နေသလား၊ ဟုတ်တယ်၊ ဘယ်က လာတယ်။ လာ လာ .... ဆိုပြီးတော့ သူ့မယားဟောင်းက သူ့နေရာ ခေါ်သွားတယ်။ ထမင်းတွေဟင်းတွေကျွေးလို့ ကောင်းကောင်းမွန်မွန် စားရသတဲ့။"

"ညနေ မိုးကြီးချုပ်လို့ မှောင်ရီတော့ 'လာကြဟေ့' လို့ အော်ပြီး တစ်ရွာလုံး တောင်တစ်ခုပေါ် တက်သွားလိုက်ကြတာ ရွာထဲမှာ သူတစ်ယောက်တည်း ကျန်နေ ရစ်တယ်။ ကြောက်လိုက်တာ .... ဘယ်သူမှလည်း အဖော်မရှိ၊ ဘယ်မှလည်း မသွား ဝံ့။"

"မနက်ကျတော့လည်း 'လာကြဟေ့' ဆိုပြီး ဆူဆူညံညံနဲ့ တောင်ပေါ်က ပြန်ဆင်းလာကြပြန်ရော။ ဒါနဲ့ သူ့မယားကို ဖွင့်ပြီး မေးကြည့်တယ်။"

"မင်းတို့က ဘာတွေတုန်း၊ ဘယ်လိုဖြစ်ကြတာလဲ"

"ကျုပ်တို့က ဒီလိုပဲ .... နေ့လယ်တော့ ချမ်းချမ်းသာသာ နေရတယ်၊ ညကျ တော့ တောင်ပေါ်က ခွေးကြီးတွေဆီ သွားပြီး ခွေးစားခံကြရတာ"

"နေ့တိုင်း ဒီလိုပဲလား .... "

"ဟုတ်တယ် .... "

"အာ .... ငါ ကြောက်တယ်ကွာ၊ မနေဝံ့ဘူး"

"ကြောက်ရင်လည်း ရှင် ပြန်သွားလေ၊ ကျုပ်တို့တော့ ဒီလိုပဲ ဖြစ်နေရတယ်၊ ကိုရယ် .... ဟိုကျရင် ကုသိုလ်လုပ်ပြီး ကျုပ်ကို အမျှဝေပါနော်" လို့ သွားခါနီး မှာလိုက်ရှာသတဲ့။

http://www.dhammadownload.com



## အမရပူရ ရေချမ်းအစ်မကြီး

တစ်ခု ပြောရဦးမယ်။ ဘုန်းကြီးပြောနေကျ၊ ဒီတောင်မြို့မှာ ဒကာမကြီး တစ်ယောက်၊ ကျောင်းအစ်မကြီး ဟို တောင်သမန်ဘက်က ကျောင်းတိုက်ကြီးရဲ့ ကျောင်းအစ်မကြီး။

နွေအခါကျလို့ရှိရင် အားလုံး ရေဆင်းရဲကြလွန်းလို့ သူက ရေချမ်းအိုးစင်ကြီးတွေ တည်၊ ရေတွေလောင်းလို့၊ သူနဲ့ဝေးတဲ့ နေရာတွေမှာ သူများတွေ အလောင်းခိုင်းလို့ ပေါ့လေ၊ ဒီလိုနဲ့ 'ရေချမ်းအစ်မကြီး' ဆိုတဲ့ နာမည်က ပိုပြီး သိကြတယ်။

ဒကာမကြီး အသက်အရွယ်ကြီးတော့ ကွယ်လွန်သွား၊ ကွယ်လွန်သွားတော့ သင်္ချိုင်းမှာ လှူကြ တန်းကြ။ နောက် ရက်လည်ဆွမ်းဆိုပြီး ထုံးစံအတိုင်း အိမ်မှာလုပ်တော့ ကျောင်းအစ်မကြီးရဲ့ ဆရာတော် (တောင်သမန်ဆရာတော်)ကို ပင့်ပြီး တရားနာ၊ ရေစက်ချ။ သားသမီးတွေက အမျှဝေ။

ဆရာတော် ပြန်ကြွသွားလို့ ဒီ ဦးပိန်တံတားထိပ်က နည်းနည်းကလေး လွန်ရင်ပဲ တံတားထိပ်လောက်ကနေပြီး ....

"ဆရာတော်ဘုရား .... ဆရာတော်ဘုရား .... "

လို့ နောက်က ခေါ်သံကြားလို့ လှည့်ကြည့်တာ၊ လူမတွေ့တော့။

"ဟဲ့ .... ကပ္ပိယ၊ ဒီအသံဟာ တို့ကျောင်းအစ်မကြီးရဲ့ အသံပါလား"

"ဟုတ်ပါတယ် ဘုရား .... " နည်းနည်း ဆရာတော် စိတ်မကောင်း ဖြစ်သွားမှာပေါ့လေ။

"ကျောင်းအစ်မကြီး .... ဘာဖြစ်နေတုန်း"

ဒီတော့ ကျောင်းအစ်မကြီးက ....

"တပည့်တော်မ လျှောက်ရမှာ ရှက်တော့ ရှက်ပါတယ် ဘုရား .... တပည့်တော်မ ပြိတ္တာ ဖြစ်နေရပါတယ်၊ ဘာပြုလို့လဲဆိုတော့ တပည့်တော်မ သေခါနီးတုန်းက သားတွေသမီးတွေ ငိုကြလို့ သူတို့ကို စွဲလမ်းပြီး သေသွားခဲ့တာနဲ့ ပြိတ္တာ ဖြစ်နေပါတယ်၊ သင်္ချိုင်းမှာ လှူကြတန်းကြတုန်းကတော့ တပည့်တော်မ ဘာမှ မသိလိုက်ရဘူး၊ 'ဟို အရှေ့ဘက်က ရေတံခွန်တောင်မှာ ပျော်စရာကောင်းတယ်' ဆိုပြီး အဖော်တွေက ဆွဲခေါ်ပြေးကြလို့ ဘာမှ မသိလိုက်ရဘူး၊ ဒီနေ့တော့ ဆရာတော် ဟောတဲ့ တရားလည်း နာရပါတယ်၊ အမျှဝေတာလည်း ရပါတယ်၊ တပည့်တော်မ ဒီဘဝက ကျွတ်တော့မှာပါလို့ ပြောပြီး အသံလည်း ပျောက်သွားတယ်။" (ပဋ္ဌာန်းတရားတော် ၂၂၄)။

http://www.dhammadownload.com



## မျက်နှာကြီး ပြိတ္တာ သာ၍ကျွတ်ခဲ

စစ်ကိုင်း၊ ရွှေဟင်္သာ အဘိဓဇဆရာတော်ဘုရားကြီး၏ ငယ်ဆရာ မန္တလေး ငါးဆူဆရာတော်ကြီး၏ မိန့်ဆိုချက် ဖြစ်သည်။ ထိုဆရာတော်ကြီးကား ရှေးဖြစ်ဟောင်းများကို အလွန်အမှတ်အသားကောင်း၍ ပြန်ပြောင်းမိန့်ဆိုလေ့ရှိသည်။ မဟာစည်ဆရာတော်လည်း ဤဝတ္ထုကိုပင် ဆွမ်းသွတ်ပွဲတစ်ခု၌ ဟောဖူး၏။ ထိုဝတ္ထု၌ မျက်နှာကြီး ပြိတ္တာဖြစ်၍ ကျွတ်သွားလျှင် အဖော်များမှာ နောင် စားရသောက်ရတော့မည် မဟုတ်၍ အမျှဝေခါနီးလျှင် သာဓုမခေါ်နိုင်အောင် အဝေးသို့ ဆွဲခေါ်ပြေးကြသည် ဟုလည်း မှတ်သားရဖူးပါသည်။ ရေချမ်းအစ်မကြီးမှာ အလွန် ကုသိုလ်ဒါနကံ အားကြီးခဲ့သောကြောင့်သာ လျင်မြန်စွာ ကျွတ်လွတ်ခွင့်ရခဲ့လေသည်။

ထိုကိစ္စမျိုးတွင် သီလစင်ကြယ်သော ဆရာတော်မျိုးကို အထူးရွေးချယ်၍ ပင့်လှူပြီး အမျှပေးဝေသင့်ကြောင်း ဆရာတော်ကြီးများက ဆုံးမတော်မူလေ့ရှိကြပါသည်။ အထူးသတိပြုကြကုန်။ ဆရာတော်များကလည်း ထိုကိစ္စမျိုး ကြွရာတွင် မကြွမီ သီလဆေးကြောပြီးမှ ချီးမြှောက်တော်မူသင့်ကြပါသည်။

## သရဲမီးလော ငရဲမီးလော

ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဟု အပါယ်လေးဘုံရှိရာ တိရစ္ဆာန်အမျိုးမျိုးရှိသကဲ့သို့ ပြိတ္တာလည်း အမျိုးမျိုးရှိသည်။ ကာလကဉ္စိကခေါ်သော အသူရကာယ် ပြိတ္တာကြီးများမှာ ခန္ဓာကိုယ် သုံးဂါဝုတ်ရှိ၍ ပါးစပ်မှာ အပ်နဖားပေါက်မျှသာ ရှိ၏။ (၇ တောင်–၁ တာ၊ ၂၀ တာ–၁ ဥသဘ၊ ဥသဘ ၈၀–၁ ဂါဝုတ်) ဘုရားနှစ်ဆူ၊ ၃ ဆူကြာသော်လည်း အာခေါင်စွတ်စိုရုံမျှ ရေမသောက်ရ၊ ရေဆာလှ၍ မြစ်ထဲဆင်း လျှင် မြစ်ရေပင် သောင်ပြင်ဖြစ်၍ ပင်လယ်ထဲဆင်းလျှင် ပင်လယ်ပြင်က ကျောက်ပြင် ဖြစ်၏။

အသူရာမှာလည်း နတ်အသူရာ၊ ပြိတ္တာအသူရာ၊ လောကန္တရိက်ငရဲသား အသူရာဟု ရှိလေရာ ပြိတ္တာအသူရာတို့မှာ ပင်လယ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့ အနီး၌ နေကြရသည်ဆို၏။ ငရဲဘုံကား ဤမြေကြီး၏အောက် ယူဇနာတစ်သောင်း ငါးထောင်အရပ်၌ ရှိ၏။ သို့ရာတွင် ငရဲမီး လောင်မြိုက်ခြင်းခံရသကဲ့သို့ ခံရသော ပြိတ္တာမျိုးတို့လည်း ရှိကြ၏။ မိမိတို့ ကံအားလျော်စွာ အမျိုးမျိုး နှိပ်စက်ခြင်းခံရသော ပြိတ္တာမျိုးတို့လည်း လူတို့အနားမှာပင် ရှိနေကြကုန်၏။ ငရဲသားအသူရာများဟုပင် ဆိုရမည်ထင်၏။

http://www.dhammadownload.com



စာရေးသူတို့ ကျောင်းသား ကိုရင်ငယ်ဘဝက ညအခါ မန်ကျည်းပင်ကြီးများ အောက်ရှိ ကွပ်ပျစ်ပေါ်၌လည်းကောင်း၊ လသာသာ လမ်းလျှောက်၍လည်းကောင်း ရပြီးစာများကို အလွတ်ရွတ်အံ ပြန်ဆိုနေကြစဉ် ကျောင်းဝင်းအပြင် မန်ကျည်းတန်းမှ လည်းကောင်း၊ ယာခင်းများထဲမှလည်းကောင်း မီးလုံးနီနီကြီးများ တလိမ့်လိမ့် ဝဲလည် ခတ်နေခြင်း၊ ပြေးသွားခြင်းများကို ကြိမ်ဖန်များစွာ မြင်ရဖူး၏။ ကလေးတို့ ဘာဝ လန့်အော်ပြီး ထွက်ပြေးကြရသည်မှာ အကြိမ်မနည်းပေ။ လူကြီးများထံမှ 'မီးသရဲ၊ စုံးတောက်စားသည်' ဟုသာ အလွယ်တကူ နားလည်ထားကြသည်။ သရဲခြောက်သည် ဟုလည်း ထင်မှတ်ခဲ့ကြသည်။

လွန်ခဲ့သော သုံးနှစ်လောက်ကမှစ၍ ထိုမီးလုံးကြီးများအကြောင်း တစ်မျိုး နားလည်မှု တိုးခဲ့ရသည်။ လွန်ခဲ့သော သုံးနှစ်လောက်က နိုင်ငံတော်အစိုးရက ကုန်သည် ပွဲစားများအား မတရားကုန်သိုလှောင် ချုပ်ကိုင်မှုဖြင့် 'ဖူဇကာစစ်ဆင်ရေး' ဟု အမည်တပ်ကာ အရေးယူခဲ့၏။ မောင်းထောင်ရွာ အရှေ့တောင်ဘက်ရှိ ဆည်ကုန်းရွာမှ ကျွန်ုပ်၏ ဦးလေးတော်စပ်သူ ဦးစံဘဆိုသူလည်း ဘုတလင်မြို့မှ ခေါ်ယူစစ်ဆေး ခံရသူများတွင် ပါဝင်ခဲ့ပါသည်။ အပြစ်မရှိကြောင်း ထင်ရှား၍ ပြန်လွှတ်လိုက် သောအခါ ညအချိန်မဲ့ဖြစ်၍ မပြန်ရခက်၊ ပြန်ရခက်ဖြစ်နေရာ ကျန်ရစ်သူများ စိတ်ပူ နေမည်စိုးသဖြင့် ညကြီးမင်းကြီး တစ်ယောက်တည်း ရွာသို့ပြန်ရသည်။ ဘုတလင်မှ မြောက်ဆည်ဝရွာအထိ ကားလမ်းအတိုင်း ငါးမိုင်ကျော်ကျော်ဝေး၏။ ထိုဒေသကား မိုးအခါ ချောင်းရေကြီးသောအရပ် ဖြစ်သည်။

ဦးလေး ဦးစံဘလည်း ဘာကိုမျှ မကြောက်နိုင်တော့ဘဲ ပြန်လာလေရာ ကား လမ်းဘေး၌ မီးလုံးကြီးများ ပြေးသွားနေသည်ကို တွေ့ရသောအခါ သရဲခြောက်သည် ထင်ကာ လန့်ဖျပ်သွား၏။ သေသေချာချာ ကြည့်သောအခါ ခြောက်လှန့်ခြင်းမဟုတ်။ ထိုသတ္တဝါများ တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက်ကာ မခံမရပ်နိုင်သဖြင့် အရပ် အနားမရှိ ပြေးလွှားနေရခြင်းဖြစ်ကြောင်း ကောင်းစွာ သတိပြုမိလေတော့သည်။

ကျွန်ုပ်တို့ ငယ်ငယ်က နားလည်လက်ခံထားသော မီးသရဲကား မီးသရဲ မဟုတ်၊ ကျွန်ုပ်တို့ အနားမှာရှိသော 'မီးငရဲ' ဖြစ်ချေမည်။ အကုသိုလ်ဒုစရိုက်တို့၏ အကျိုးကား အမျိုးမျိုးအသွယ်သွယ် ကြောက်မက်ဖွယ်ကောင်းလေစွာ။

http://www.dhammadownload.com



## အင်ဒိုနီးရှားသာသနာ သမိုင်းတစ်ကျော့

အထက်ပါအကြောင်းနှင့်စပ်၍ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ "အင်ဒိုနီးရှားသာသနာပြုမှတ်တမ်း' တွင် ဆက်စပ်သိမှတ်ဖွယ် ကိုယ်တွေ့မှတ်တမ်းတစ်ခု ဖတ်ရှုရသည်။

ယင်းမှတ်တမ်းကို မဖော်ပြမီ မဟာစည်ဆရာတော်ဘုရားကြီး အဘယ်ကြောင့် အင်ဒိုနီးရှားနိုင်ငံသို့ ကြွရကြောင်း အနည်းငယ်ဖော်ပြသင့်၏။ ထိုမှတ်တမ်း စာအုပ်လည်း ယခုအခါ လုံးဝ ဝယ်ယူ၍မရနိုင်တော့သဖြင့် စာဖတ်သူများ ကွင်းဆက်မိမိ သိရှိကြည်ညိုနိုင်စေရန် ဖြစ်ပါသည်။ တစ်ဆက်တည်း အင်ဒိုနီးရှား သာသနာ သမိုင်းကိုလည်း သိစေချင်၏။

အင်ဒိုနီးရှားနိုင်ငံသည် ကျွန်းပေါင်း သုံးထောင်ကျော် လူဦးရေ သန်းတစ်ရာ ကျော်ရှိ မူဆလင်နိုင်ငံကြီး ဖြစ်၏။ မဟာယာန ဗုဒ္ဓဘာသာဝင်ဦးရေမှာ ၁၀ ရာခိုင် နှုန်းခန့်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကျွန်းကြီးဖြစ်သော ဂျာဝါးကျွန်းတွင် ကမ္ဘာကျော် ဗောရောဗုဒုစေတီကြီး (အမြင့် ၁၃၈၊ လျားနံ ဖိနပ် ၃၉၄ ပေစီ) တစ်ဆူရှိ၏။ ၈ ရာစု နှစ်က တည်ခဲ့သည်ဟု ဆိုသည်။ ၇–၈–၉ ရာစုနှစ်များက ဗုဒ္ဓဘာသာ နိုင်ငံဖြစ်ခဲ့ကြောင်း သမိုင်းမှတ်တိုင်ကြီးပင်တည်း။ ထိုမှ နောက် ၁၃ ရာစုအတွင်း ဟိန္ဒူများလည်း ကြီးစိုး လာကာ၊ ထိုမှနောက် ယခုအချိန်အထိ မူဆလင်နိုင်ငံ ဖြစ်လာ၏။

ဒေသခံ ဘာသာဝင်တို့၏ ကိုယ်ပိုင်သာသနာ အင်အားအလိုက် ရာစုနှစ် အနည်းငယ်အတွင်းမှာပင် အဖြူမှ အမည်း လုံးဝကွဲပြားသော အခြေအနေများ ဖြစ်ပေါ် လာတတ်သည်မှာ သင်ခန်းစာယူဖွယ်ပင်။

အင်ဒိုနီးရှားတွင် လွန်ခဲ့သော အနှစ် ၇၀၀ ခန့် (ခရစ် ၁၃ ရာစု) အထိ ထေရဝါဒသာသနာ ထွန်းကားလျက်ရှိကြောင်း အထောက်အထားတစ်ခု ကျွန်ုပ်တို့မှာ ရှိခဲ့၏။ ယင်းကား နရပတိစည်သူမင်း (၅၃၆–၅၇၃) လက်ထက် သီဟိုဠ်မှ အရှင်ဆပဒ နှင့်အတူ ပါလာသော သီဟိုဠ် ရဟန်းတော် အရှင်ရာဟုလာသည် ပုဂံမှ မလ္လာယုကြွကာ ရှင်ဘုရင်အား ခုဒ္ဒသိက္ခာ (ဝိနည်း) သင်ပေးရကြောင်း မှတ်တမ်း ရှိပေသည်။ ထိုကျွန်းစု၌ ဗုဒ္ဓဘာသာ 'သီရိဝိဇယနိုင်ငံတော်ကြီး' အဖြစ် ထိုအချိန်က တည်ရှိနေကြောင်း ထင်ရှား လေသည်။

နှစ်ပေါင်း ၇၀၀ ကျော် သာသနာဆက်ပြတ်ခဲ့သော အင်ဒိုနီးရှားနိုင်ငံ၌ သာသနာ ၁၅၀၀ ကာလတွင် သမိုင်းတစ်ကျော့ ပြန်လည်လာသည်ကို တွေ့ကြရ၏။

http://www.dhammadownload.com



ဆဋ္ဌသံဂါယနာတင်ခါနီး ၁၃၁၅ ခုနှစ်၊ တပေါင်းလကွယ်နေ့ (၅–၄–၅၄)က အင်ဒိုနီးရှား ဂျာဝါးကျွန်းမှ အသက် ၃၀ ရှိ 'မစ္စတာ ဘွန်အန်'သည် ရန်ကုန်သာသနာ့ ရိပ်သာ၌ တရားအားထုတ်၍ ကျေနပ်လှသည်နှင့် ဇိနရက္ခိတအမည်ဖြင့် ရဟန်းပြုခဲ့ သည်။ ဆဋ္ဌသံဂါယနာ ပထမသန္နိပါတ၌ပင် ကိုယ်တိုင် သံဂါယနာတင် ဝင်ရောက်ကာ သဝဏ်လွှာသွင်းခဲ့ပေသေး၏။

အရှင်ဇိနရက္ခိတသည် ဂျာဝါး၌ ခက်ခဲစွာ အခြေပြန်ချရလေရာ ၅ နှစ်အတွင်း လူပေါင်း ၆၀၀ ကျော် ဗုဒ္ဓဘာသာဝင် ဖြစ်လာကြ၏။ ရှစ်ပါးသီလ အမြဲစောင့်ထိန်း၍ တရားအားထုတ်သူများပင် များပြားလာခဲ့၏။ ၁၈ နှစ်အတွင်း တရားဌာနပေါင်း ၇၀ ကျော်၊ အင်ဒိုနီးရှားသား ရဟန်းတော်ပေါင်း ၂၀ အထိ တိုးတက်လာခဲ့လေသည်။ ၁၃၃၃ ခုနှစ်ကပင် အရှင်ဇိနရက္ခိတ၏ တူတစ်ယောက် ရန်ကုန် မဟာစည်သာသနာ့ ရိပ်သာ၌ ရဟန်းခံသွားခဲ့၏။

ဂျာဝါးကျွန်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်များက ရဟန်းခံ ရှင်ပြု သိမ်သမုတ်ခြင်း များ ပြုလုပ်ရန် ထေရဝါဒ ၅ နိုင်ငံမှ သံဃာတော် ၁၄ ပါးကို ပင့်ဆောင်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးတစ်ပါးသာ ကြွရောက်ခဲ့၏။

၁၃၂၁ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် (၁၄–၅–၅၉) ကြွ၍ နယုန်လပြည့် ကျော် ၁၀ ရက် (၃၀–၆–၅၉) နေ့ ပြန်ကြွတော်မူလာ၏။

ဆရာတော်ဘုရားကြီးသည် အင်ဒိုနီးရှားနိုင်ငံ၌ သာသနာရေးကိစ္စ ဆောင်ရွက် ချက်များနှင့် ဒေသန္တရ ဗဟုသုတများကို စာတစ်အုပ် ရေးသားတော်မူခဲ့၏။ ထိုစာအုပ် တစ်နေရာ၌ မဝုရာကျွန်းသို့ ကြွရောက်သောအခါ တွေ့ကြုံခဲ့ရသော 'မီးတွင်းကလေး' အကြောင်းသည် စိတ်ဝင်စားဖွယ်ကောင်း၏။

ထိုမီးတွင်းကလေး ရှိရာဌာနသို့ သွားပုံ၊ တွေ့မြင်သောအခါ ဆရာတော်၏ စိတ်၌ ထင်မြင်ပုံများကို အောက်ပါအတိုင်း ဆက်လက်ဖတ်ရှုရန် ဖြစ်ပါသည်။

## မဝုရာကျွန်းသို့ ကြွခြင်း

(၇–၆–၅၉) နယုန်လဆန်း ၂ ရက်နေ့ နံနက် ၈ နာရီမှာ မဝုရာကျွန်းသို့ သွားရန် တည်းအိမ်မှ ကားသုံးစီးဖြင့် ထွက်ခဲ့ကြသည်။ ၈ နာရီ ၄၅ မိနစ်မှာ ပုံချိတ် မော်တော် သင်္ဘောကလေး ထွက်သည်။ ၅ မိနစ်လောက်အကြာတွင် စက်ရပ်သွား သည်။ စက်ကို စက်မောင်းသမားက ပြင်သည်။ မိနစ် ၂၀ လောက် ကြာသော်လည်း စက်မှာ မကောင်းသေး။ အခြား မော်တော်များကလည်း အကူအညီမပေးကြ၊ ထိုစက်

http://www.dhammadownload.com



ပျက်သောနေရာမှာ ပေ ၁၅၀ လောက် ကျယ်သော တူးမြောင်းအတွင်းမှာ ဖြစ်သည်။ "ပင်လယ်ထဲမရောက်ခင် ပျက်လို့တော်ပေသေးသည်" ဟု အောက်မေ့ကြသည်။ "ဒီမော်တော်နှင့်တော့ ပင်လယ်ရေလက်ကြားကိုဖြတ်ပြီး မစုရာဘက်သို့ သွားဖို့မသင့်တော့ဘူး။ တည်းအိမ်ကိုပဲ ပြန်သွားကြဖို့ သင့်သည်"ဟု အရှင်နာရဒက ပြောဆိုသည်။ ထို့နောက် ထိုးဝါးနှင့်ထိုး၍ တဖြည်းဖြည်းချင်း မူလဆိပ်ကမ်းသို့ ပြန်သွားသည်။ နာရီဝက်လောက်ကြာမှ ရောက်သည်။ ထိုအရပ်၌ သွားလာနေသော မော်တော်များမှာ ကုမ္ပဏီတစ်ဦးတည်းပိုင်ချည်း ဖြစ်သည်ဟု ဆိုသည်။ သို့ဖြစ်ပါလျက် အခြားမော်တော်များက အကူအညီမပေးကြသည်မှာ အံ့သြစရာ ကောင်းလှသည်။ ထိုမော်တော်သမားများမှာ တော်တော် ကြမ်းတမ်းသည်ဟုလည်း ပြောကြ၏။

မူလဆိပ်ကမ်းသို့ ပြန်ရောက်သောအခါ အခြား မော်တော်တစ်စင်းသို့ ပြောင်းရွှေ့၍ စီးကြရသည်။ ၉ နာရီ မိနစ် ၄၀ မှာ ထိုမော်တော်ထွက်သည်။ ပင်လယ်ထဲရောက်သောအခါ လှိုင်းများ တော်တော်ကြမ်းသည်ကို တွေ့ရသည်။ ထိုနေရာမျိုးမှာ စက်ပျက်မည်ဆိုလျှင် နစ်မြုပ်ဖို့ရန်မှာ သေချာပါ၏။ ထို့ကြောင့် ထိုပင်လယ်ထဲမရောက်ခင်က ပထမ မော်တော်စက်ပျက်ခဲ့သည်မှာ သာသနာပြု ဆရာတော်များ ကံကောင်းလို့ဟု အောက်မေ့ကြရပေတော့မည်။ ၁၀ နာရီ မိနစ် ၂၀ မှာ မစုရာဘက်သို့ ချောမောစွာ ရောက်သည်။ အသင့်ကြိုနေသော ကားများဖြင့် ထွက်လာကြပြီးလျှင် ၁၁ နာရီမှာ ဘံကာလန်မြို့က တရုတ်အိမ်၌ ဝင်၍ ဆွမ်းဘုန်းပေးကြရသည်။ ၁၂ နာရီမှာ တစ်ဖန် ထွက်လာကြရာ ၂ နာရီမှာ မီးတွင်းဌာနသို့ ရောက်သည်။ (ထိုဌာန၏ အမည်ကို မေးမရ၍ မဖော်ပြနိုင်ပါ။)

## မီးတွင်းကလေး

ကားမှဆင်း၍ လက်ဝဲဘက်မြောက်အရပ်သို့ သွားရသည်။ လမ်းမှာ လယ်ခြားလှည်းလမ်းဖြစ်သည်။ အချို့နေရာ၌ ရွှံ့ဗွက်များရှိ၍ ဖိနပ်ချွတ်သွားရသည်။ လမ်းထဲ၌ မြက်ပင်ဆူးပင်များရှိ၍ ဆူးမစူးအောင်လည်း ဂရုစိုက်ရသည်။ ချော်မလဲအောင်လည်း သတိပြုရသည်။ ဘန်ဂျာတောကျောင်းက လမ်းကလေးကို ပြန်၍ သတိရမိသည်။ ညွှန်ပြမည့် သူငယ်ကလေးတွေကလည်း သူတို့ အလိုလိုပင် လိုက်ပါလာကြသည်။ သူတို့က ဧည့်သည်များကို ပြနေကြ ဖြစ်ဟန်တူသည်။ ငါးဖာလုံလောက် သွားမိသောအခါ သူငယ်များက ဒါပါပဲဟု လက်ညှိုးညွှန်၍ ပြကြသည်။

၃ ပေ ပတ်လည်လောက်ရှိသော မြေကွက်ကလေးထဲမှ မီးတောက်နေသည်ကို တွေ့ရသည်။ မိုးရွာထားသဖြင့် ဘေးပတ်လည်မှာ ရေကွက်ကလေးများလည်း

http://www.dhammadownload.com



ရှိနေသည်။ မီးတောက်နေရာ မြေကြီးထဲမှလည်း ရေပွက်ကလေးများ တက်တက်လာသည်။ မီးလျှံမှာ တစ်ထွာသာသာလောက် မြင့်တက်သည်။ ညဥ့်အခါမှာဆိုလျှင် ၃ ပေ လောက် တက်နေသည်ကို မြင်ရသည်ဟု ပြောကြ၏။ ဘေးက ရေကွက်ကလေးထဲမှ ရေနှင့်ပက်ထည့်လိုက်သော်လည်း မီးတောက်မှာ အငြိမ်းမရှိ၊ ကလေးတစ်ယောက်က ပလောပီနံကိုင်းစိုတစ်ခုကို ချိုး၍ ထည့်လိုက်ရာ မကြာမီပင် လောင်ကျွမ်းသွားသည်။ ယမ်းနံ့ ကန့်နံ့ ရေနံနံ့လည်းမရ၊ ပင်လယ်ကမ်းခြေနှင့်လည်း မဝေးလှ၊ ၂ မိုင်လောက်သာ ဝေးသည်။ တောင်လည်းမဟုတ်၊ ပင်လယ်ရေပြင်မှ ပေ ၂၀ ထက် မြင့်မည်မထင်၊ ကုန်းစောင်းမြေပြင်မှာပင် ဖြစ်သည်။ အနီးပတ်ဝန်းကျင်၌ မြက်သစ်ပင်များလည်း ပေါက်လျက်ရှိသည်။ ဂျပန်ပြည်က 'အဲဆို' ခေါ်သည့် မီးတောင်မျိုးလည်း မဟုတ်၊ မြေပြင်တွင် တစ်နေရာတစ်ကွက်ကလေးမှ ငြိမ်ငြိမ်သက်သက်ကလေး မီးတောက်လောင်နေသည်မှာ အံ့စရာပင်၊ ထိုမီးသည် ရေနံ ဓာတ်စသည့် လောင်စရာရှိ၍သာ လောင်နေသည်မှာ ယုံမှားဖွယ်မရှိပေ၊ သို့သော်လည်း ၎င်းမီးတွင်းကို မြင်ရသောအခါ မွှေပဟာစည်ဆရာတော်မှာ ရှေးနှစ်ပေါင်း ၂၀ ကျော်က ကြားဖူးရသော အောက်ပါဝတ္ထုကို ပြန်လည်သတိရမိသည်။

## အသူရာငရဲပြန်ဝတ္ထု

ရှေးမြန်မာမင်းများလက်ထက်က မြန်မာစစ်သည်တစ်ယောက် စစ်တိုက်သွားရာမှ တပ်ပျက်၍ ပြန်လာသောအခါ ပင်လယ်ကမ်းခြေ၌ တစ်ခုသောရွာသို့ ရောက်သွားလေသည်။ ထိုရွာ၌ သူ၏ မယားဟောင်းနှင့်တူသော မိန်းမတစ်ယောက်ကို တွေ့ရ၍ ၎င်းနှင့်ပင် သင့်မျှလျက် နေထိုင်သည်။ ညနေတိုင်း မှောင်ချိန်သို့ရောက်လျှင် 'ပွဲကြည့်ထွက်ကြဟေ့' ဟု ကြွေးကြော်သောအသံကို ကြားရပြီးနောက် ထိုရွာကလူများမှာ ရွာအပြင်သို့ ပွဲကြည့်ရန် ထွက်သွားကြသည်။ ထိုစစ်သားကို သူ၏မိန်းမက 'ပွဲကြည့်လိုက်မလား' ဟု မေးသောအခါ 'လိုက်မည်' ဟုပြောလျှင် ထိုစစ်သားမှာ ချက်ချင်းပင် အိပ်မောကျသွားသည်။ 'မလိုက်ဘူး' ဟု ပြောလျှင်တော့ ဘာမျှ မဖြစ်ဘဲ ပကတိအတိုင်းပင် ရှိသည်။ နေ့ရက်ပေါင်း များလာသောအခါ ထိုစစ်သားမှာ 'ပွဲကလည်း ကြည့်ကြလုပါတကား' ဟု မယုံသင်္ကာဖြစ်လာသည်။ ထို့ကြောင့် နောက်တစ်နေ့မှာ 'ပွဲကြည့်လိုက်မည်လား' ဟု မေးသောအခါ ထိုစစ်သားက 'မလိုက်ပါဘူး' ဟု လိမ်လည်ပြောပြီးလျှင် ပွဲကြည့်သွားကြသော သူများကို နောက်မှ တိတ်တဆိတ်လိုက်ပြီး ကြည့်ရှုစုံစမ်းသည်။ ထိုအခါ ပွဲကြည့်သွားကြသူများမှာ မီးပုံကြီးထဲသို့ ခုန်ခုန်ချပြီး ဒုက္ခခံနေရသည်ကို တွေ့မြင်ရသည်။ ထိုနေရာကို မှတ်သား၍

http://www.dhammadownload.com



ပြန်လာခဲ့သည်။ နောက်တစ်နေ့ နေ့လယ်မှာ ထိုနေရာသို့ သွားကြည့်သောအခါ မီးတောက်ကိုတော့ မတွေ့ရ၊ တွင်းထဲမှ မီးခိုးထွက်နေသည်ကိုသာ တွေ့ရသည်။ ထိုအခါ "ငါဟာ အသူရကာယ်ငရဲဘုံကို ရောက်နေပြီ" ဟု ယူဆပြီးလျှင် ထိုစစ်သားမှာ ထိုရွာမှ ထွက်ပြေးလာခဲ့သည်။

အထက်ပါ ဝတ္ထုကို မော်လမြိုင်မြို့ တောင်ဝိုင်းကြီး ပုဗ္ဗာရုံဆရာတော်ကြီးထံမှ ကြားရသည်။ ၎င်းဆရာတော်ကြီးမှာ ဒုတိယကမ္ဘာစစ်အတွင်းက ပျံလွန်တော်မူသွားလေပြီ။

[ကျေးရှူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ 'အင်ဒိုနီးရှားသာသနာပြုမှတ်တမ်း' (၁၉၅၉၊ ဣစ္ဆာသယ ပိဋကတ်ပုံနှိပ်တိုက်) စာမျက်နှာ–၈၇ မှ]

## နတ်ပြည်နှင့် ငရဲက ပြန်လာသူများ

လွန်ခဲ့သော (၁၃၁၉ ခု)၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်နေ့ ညဥ့်ဦးက ကျွန်တော် နေထိုင်သော စမ်းချောင်းရပ်၊ သီရိလမ်းထဲတွင် အသုဘတစ်ခုရှိ၍ "ရပ်ကွက်တူနေ သူသေ ငါပို့" ဆိုသော စကားအရ လောကဝတ္တရားအလျောက် အသုဘအိမ်သို့ သွားရောက်သတင်းမေးပါသည်။

## နတ်မင်းက ခေါ်နေပြီ

အသုဘမှာ ရသေ့ဝတ်ဖြင့် တရားအားထုတ်နေသည့် ဒေါ်ရီဆိုသူ ဖြစ်လျက် သူ၏သားဖြစ်သူ ကိုကျော်လှက ....

"အမေဟာ လွန်ခဲ့တဲ့ ငါးရက်လောက်မှာ မေ့ပြီး မျောသွားရာက အတော်ကြာလို့ ပြန်ပြီးသတိရလာတော့ 'ငါ နတ်ပြည်ကိုရောက်ခဲ့ပြီ၊ နတ်မင်းကြီးက ငါ့အတွက် ဘုံဆောက်နေတာ မပြီးသေးပါ၊ ငါးရက်လောက်ကြာလျှင် ပြီးစီးမယ်လို့ ပြောလိုက်တယ်၊ ယခု အခေါ်ခိုင်းတာက ငါ့ကို မဟုတ်၊ စကားဝါပင်လမ်းက မရီကို အခေါ်ခိုင်းတာ၊ မှားပြီးခေါ်သွားကြတယ်၊ ပြန်ပို့ကြလို့ ငါ ပြန်လာရတယ်၊ ငါးရက်ကြာတော့ ငါ သွားရမယ်လို့ ပြောတယ်၊ တကယ်ပင် ငါးရက်အကြာမှာ အမေဟာ အနိစ္စရောက်သွားပါတယ်" ဟု ဝမ်းနည်းသံနှင့် ပြောပြ၏။

http://www.dhammadownload.com



## အသူရကာယ်ဆိုတာ

နားထောင်၍ နေသူများထဲတွင် တိုက်ကောင်းကောင်း၊ မော်တော်ကားကောင်းကောင်းတို့နှင့် ကျောက်အလုပ် သက်န်းအလုပ်ဘက်၌ ကြီးပွားတိုးတက်နေသူ စောအောင်ဘရားသားပိုင်ရှင် အသက်ငါးဆယ်ကျော်အရွယ်ရှိ ဦးအောင်လည်း ပါရှိရာ ဦးအောင်က ....

မင်းတို့ မယုံမရှိကြနဲ့၊ ငါက ကိုယ်တွေ့၊ ငါလည်း ဒီလိုဖြစ်ခဲ့ဖူးတယ် .... မင်းတို့ကို ပြောရဦးမယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကြာက ငါဟာ အသည်းအသန် လူမှန်းမသိ သတိမရအောင် မမာခဲ့တယ်၊ မမာခိုက် တစ်ခါတော့ မေ့မျောသွားလိုက်တာ ငါ့စိတ်အထင်တော့ အသူရကာယ်ဘုံလို့ ထင်တဲ့နေရာကို ရောက်သွားတယ်။

အဲဒီနေရာမှာ တွေ့ရတဲ့ လူတွေဟာ တစ်မျိုးချည်းပဲ၊ လူတွေက ရုပ်တော့ မဆိုးကြဘူး၊ သူတို့ရဲ့မျက်နှာတွေဟာ မသာမယာ မကြည်မလင် မရွှင်မပျနဲ့၊ ရှုံ့စောင်းပြီး အလွန်စိတ်မချမ်းသာတဲ့ ဝေဒနာကို ခံစားနေရတဲ့ မျက်နှာမျိုးတွေပဲ။ အဲဒီမှာ ရေကန်ကြီးတစ်ခုလည်း ရှိတယ်။ ငါလည်း ကြောက်လွန်းလန့်လွန်းလို့ ရေကန်ထဲကို လိုမ့်လိုမ့်ချတာ အနားမှာရှိတဲ့ အစောင့်တွေက ငါ့ကို ရေကန်ထဲ မကျအောင် ဝိုင်းဆွဲထားကြတယ်။

ငါ သတိရလာတဲ့အခါကျတော့ ငါဟာ မမာနေရင်း ခုတင်ပေါ်က လိမ့်လိမ့်ချလို့ ဝိုင်းဆွဲထားရကြောင်း ပြောကြတယ်။ ငရဲမင်းရှိတယ်ဆိုတာလည်း အဟုတ်ပဲ။ ငရဲမင်းကြီးက သူ့ရဲ့ ငယ်သားများကို မင်းကို လူမှားပြီး ခေါ်လာကြတယ်။ ငါ အခေါ်ခိုင်းတာက သူ့ကိုမဟုတ်ဘူး။ သူက အလွန်လူတဲ့ လူတစ်ယောက်ဖြစ်တယ်။ သူ့ကို တို့မခေါ်ရဘူး .... ၊ သူ့ကို ပြန်ပို့ပြီး အင်းစိန်တန်းက မြင်းလှည်းမောင်းတဲ့ မောင်အောင်ကို ခေါ်ခဲ့ကြလို့ ခိုင်းတယ်။

## မြင်းလှည်းသမား ခေါ်သွားပြီ

"ငါ ကျန်းမာလို့ အင်းစိန်တန်းကို သွားမေးတော့ မြင်းလှည်းမောင်းတဲ့ မောင်အောင် သေကြောင်း သိရတယ်၊ ငါလည်း မြင်းလှည်းမောင်းတဲ့ မောင်အောင်ကတော့ ငါ ရောက်ခဲ့တဲ့ အသူရကာယ်ဘုံကို ရောက်သွားပြီဆိုပြီး စိတ်မကောင်းဖြစ်မိ သနားမိတယ်။

"ငါလည်း ကျန်းမာလာတဲ့နေ့ကစပြီး မကောင်းမှု အကုသိုလ် ဒုစရိုက်တရားတွေကို တစ်ခါတည်း ကြောက်သွားလို့၊ မလုပ်ဝံ့ဘူး၊ မလုပ်ရဲဘူး၊ လုပ်လိုတဲ့ စိတ်ဟာ လုံးဝ မရှိတော့ဘဲ ဖြစ်သွားတယ်။ ကုသိုလ်ကောင်းမှု သုစရိုက်တရားတို့ကိုသာ

http://www.dhammadownload.com



တတ်နိုင်သမျှ အားထုတ်ဆောင်ရွက်လာခဲ့တာဟာ ယခုတိုင်အောင်ပဲ။ နောင်လည်း မသေမချင်း အားထုတ်သွားမှာပဲ။

"မင်းတို့လည်း မကောင်းမှုအကုသိုလ်ဒုစရိုက်တရားတွေကို ကြိုးစားပြီး ရှောင်ကြဉ်ကြ။ ကောင်းမှုကုသိုလ် သုစရိုက်တရားကို ကြိုးစားပြီး အားထုတ်ပွားများကြ။ မင်းတို့ စေတနာကောင်းထားပြီး လုပ်ကိုင်ကြလျှင် တစ်နေ့ ကြီးပွားချမ်းသာကြမှာပဲ။ စေတနာဟာ အကျိုးပေးပါတယ်။ ငါဟာ အတော်ကြာအောင် မမာနေလို့ ရောဂါဝေဒနာ သက်သာပျောက်ကင်းလာတော့ ရင်းစရာနှီးစရာ မရှိတော့လို့ အတော်ကို စိတ်မကောင်းဖြစ်ပြီး စိတ်အားငယ်မိတယ်။ ဒါပေမဲ့ ယခုအခါမှာ မင်းတို့ သိတဲ့မြင်တဲ့အတိုင်း စေတနာအရင်းခံနဲ့ တိုးတက်ကြီးပွားလာခဲ့တယ်" ဟု ဆုံးမစကားများကိုပါ ပြောကြားပါသည်။

## အယူပြောင်းအောင် ဆွဲအားကောင်းသော သီလ

ဦးအောင် ပြောဆိုပြီးသောအခါ အဒေါ်ကြီးတစ်ယောက်က ....

"ဟိုနားက တိုင်းမင်းကြီးအိမ်မှာ တိုင်းမင်းကြီးက ဗုဒ္ဓဘာသာ ကိုးကွယ်သူမဟုတ်၊ မင်းကတော်က ပုဒ္ဓဘာသာ ဖြစ်တယ်။ မင်းကတော်က ဥပုသ်စောင့်၊ သံဃာတော်များ ဆွမ်းကျွေး၊ အလှူအတန်းပြုလုပ်၊ သက်သတ်လွတ်စား၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်။ မင်းကြီး၏ ဝေယျာဝစ္စကိုလည်း မင်းကတော်က ကျေကျေပွန်ပွန်ဆောင်ရွက်။ သားသမီးများကလည်း မိဘစကား နားထောင် ပျော်ပါး မော်ကြွားထောင်လွှားမှုမရှိ အေးအေးချမ်းချမ်း နေလေ့ရှိကြသည်။

"တစ်နေ့တော့ မင်းကတော်နဲ့တကွ သားသမီးများအားလုံး ဥပုသ်စောင့်၊ သက်သတ်လွတ်စားကြတယ်။ မင်းကြီးအတွက် ဝတ္တရားမပျက်ရလေအောင် ကြိုတင်ပြီး မင်းကတော်က ဘဲတစ်ကောင် ဝယ်ပေါင်းထားတယ်။ ဒီလိုနဲ့ပဲ မင်းကြီး ထမင်းစားရအောင် ခူးကြခပ်ကြတဲ့အခါ မင်းကြီးအတွက် ပေါင်းထားတဲ့ ဘဲကောင်ဟာ အကောင်လိုက် ပျောက်နေတယ်။

"ကြောင်ချီသွားသလား၊ လူခိုးသွားသလားနဲ့၊ နောက်တစ်ခါ ဆိတ်သားဝယ်နှပ်၊ ကော်ပြီး လုံခြုံစွာ သိမ်းတယ်။ စားချိန်ကျလို့ ကြည့်တော့ တစ်ခါ ပျောက်နေပြန်တယ်။ ဒီလိုပဲ ဆက်ပြီး လေးခါ ငါးခါလောက် ထားလိုက် ပျောက်လိုက် ဖြစ်နေတော့ တိုင်းမင်းကြီးက စဉ်းစားလာတော့တယ်။"

http://www.dhammadownload.com



"တစ်အိမ်သားလုံး သက်သတ်လွတ် စားနေကြပါလျက် ငါ တစ်ယောက်တည်း အသက်သတ်စားနေတာဟာ မလျော်လို့ မစားသင့်လို့၊ မစားထိုက်လို့ မစားအပ်လို့ ဒီလိုပျောက်ပြီးနေတာပဲ။ တော်ပြီ ငါလည်း မင်းတို့ သက်သတ်လွတ်စားလျှင် သက်သတ်လွတ်ကိုပဲ စားတော့မယ်။ ငါ့အတွက် တာဝန်မခံကြနဲ့လို့ ပြောပြီး မင်းကြီးလည်း သက်သတ်လွတ်ပဲ စားတော့မယ်။"

"ဖိုးသူတော် ဖြစ်မှန်းမသိအောင် ပိတ်ဖြူကလေးစည်း၊ ပုတီးကလေးကိုင် ဆိုတဲ့ပုံလို တိုင်းမင်းကြီးဟာလည်း သက်သတ်လွတ်စားရာကနေပြီး ဗုဒ္ဓဘာသာ ဖြစ်မှန်းမသိ ဖြစ်နေပါပြီ။ မင်းကတော်က စေတနာ အလွန်ထက်သန်ကောင်းမွန်တာကို၊ ဦးအောင် ပြောသလို စေတနာဟာ အကျိုးပေးတယ်ဆိုတဲ့အတိုင်း မင်းကတော်ရဲ့ စေတနာဟာ ဒိဋ္ဌဓမ္မဝေဒနီယကံ ယခုဘဝ လက်ငင်းပြတာပဲ ထင်ပါရဲ့တော်" ဟု စိတ်ပါလက်ပါ ထောက်ခံပြောဆိုပါသည်။

(၁၉၅၇ ခု၊ ဒီဇင်ဘာလထုတ် သင့်ဘဝမဂ္ဂဇင်းမှ သီရိမောင်၏စာမူကို ကူးယူဖော်ပြပါသည်။)

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com

## ကမ်းမမြင် လမ်းမမြင် ပုထုဇဉ်ဒုက္ခ

အကယ်၍သာ သောတာပတ္တိမဂ်ကို မရသေးရင် နောက် အခါကာလမှာ ဘဝပေါင်းမည်မျှ ဖြစ်ရလိမ့်မယ်လို့ အကန့်အသတ် မရှိဘူး။

တစ်ဘဝမှ သေရင် နောက်တစ်ဘဝဖြစ်၊ တစ်ဘဝမှသေရင် နောက်တစ်ဘဝဖြစ်နဲ့ အဆုံးအကန့်အသတ်မရှိ ဖြစ်ဖြစ်သွားမယ်။ အဲဒီ ဆင်းရဲတွေကို သမုဒ္ဒရာ, ပင်လယ်ထဲက ရေတွေနဲ့ ဥပမာပြုပြီး ပြထား တယ်။


အမှန်ကတော့ သမုဒ္ဒရာရေတွေက အပိုင်းအခြား အကန့် အသတ် ရှိပါသေးတယ်။

ဘဝတစ်ခုကို သမုဒ္ဒရာရေတစ်စက် ထားပြီး တွက်ဦးလေ သမုဒ္ဒရာရေက ကုန်သွားပေမဲ့ ပုထုဇဉ် ဘဝတွေကတော့ မကုန်နိုင်ဘူး။ အဲဒီလောက် များပြားတဲ့ဘဝဆင်းရဲတွေကို သောတာပတ္တိမဂ်က ကုန် ခန်းသွားစေနိုင်ပါတယ်တဲ့။

မဟာစည်ဆရာတော်ဘုရားကြီး
(၁၃၃၇ ခုနှစ်)

http://www.dhammadownload.com

# ပြဲတွာဦးဘိုးဟန်နှင့် နန္ဒဝန်ဆရာတော်



ပြဲတွာ ဦးဘိုးဟန်အကြောင်း မဖတ်ရှုမီ ဦးဘိုးဟန်အား သီလ၊ သမာဓိ၊ ပညာဖြင့် ကယ်မတော်မူခဲ့သော ပြည်မြို့ နန္ဒဝန်ဆရာတော်၏ အကြောင်းကို ဦးစွာ ကြည်ညိုမှတ်သားသင့်၏။

ဆရာတော်သည် ပြည်မြို့၊ ရွှေဆံတော်စေတီကြီး၏ တောင်ဘက် နှစ်မိုင်ခန့် အကွာ သန္ဓေပင်ရပ် သန္ဓေပင်ရိပ်သာ၌ သီတင်းသုံးလျက် ဝိပဿနာ တရားပြသတော်မူခဲ့၏။ ဘွဲ့တော်မှာ ဦးဝိသုဒ္ဓါစာရ ဖြစ်သည်။ ဆရာတော်သည် နိုင်ငံအဝန်း ကျော်ကြားတော် မမူခဲ့သော်လည်း သက်ဆိုင်ရာ ဒကာ ဒကာမတို့၏ လောက၌ နှစ်ပေါင်းများစွာ အရိယာ အရှင်မြတ်ကြီးအဖြစ် သိမှတ်ကိုးကွယ်ခဲ့ကြသည်။

http://www.dhammadownload.com





ပြည်မြို့နန္ဒဝန်ဆရာတော်

ဆရာတော်၏ အကြောင်းကို ဟင်္သာတခရိုင်၊ လေးမျက်နှာမြို့ လေးထပ်ကျောင်းဆရာတော် ဦးကုဋ္ဌရက ၁၃၁၄ ခုနှစ်၊ ကဆုန်လဆုတ် ၁၀ ရက်နေ့တွင် ရေးသားတော်မူခဲ့၍ ပြည်မြို့ ပြည်သူ့မေတ္တာပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။ ၁၆ ချိုး၊ စာမျက်နှာ ၂၀၀ ကျော် 'လူစွမ်းကောင်း'ဟု အမည်တပ်ထား၏။ သက်ဆိုင်ရာပရိသတ်အတွက်သာ ရည်မှန်းဟန်ရှိ၏။ လူသိများသော ကျမ်းကား မဟုတ်ပေ။

သို့ရာတွင် ဆရာတော်၏ အကြောင်းသည် ကြည်ညိုဖွယ် ကောင်းသကဲ့သို့ ပြိတ္တာဦးဘိုးဟန်၏ အကြောင်းမှာလည်း ဝမ်းနည်းဝမ်းသာ သံဝေဂယူစရာကောင်းလှပေသည်။

ဆရာတော်၏ ဇာတိမည်ရည် စသည်ကား ဤသို့ ဖြစ်ပါ၏။

ဆရာတော်လောင်းလျာ မောင်သင်သည် ဓနုဖြူမြို့တောင်ဘက် နှစ်ဖာလုံခန့်အကွာ သာယာကုန်းခေါ် နန်းတော်ကုန်းအရပ်၊ ဦးဘိုးကြူ–ဒေါ်ရွှေအိတို့၏ ဒုတိယသားရတနာ ဖြစ်သည်။ ၁၂၆၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့ ဖွားမြင်တော်မူခဲ့၏။ ၅ နှစ်သား ရှင်ပြု၊ ၉ နှစ်သား ရှင်လူထွက်၊ ၁၅ နှစ်တွင် ဖခင်ကြီးဆုံးသည်။

အသက် ၂၀ တွင် မပိုး ဆိုသူနှင့် မိဘတို့ ပေးစား၍ သားသမီးနှစ်ယောက်ရ၏။ အိမ်ထောင်ကျစကပင် ရဟန်းပြုလိုသော စိတ်ကို မျိုသိပ်မရသဖြင့် ဇနီးမိဘရပ်ထံပြန်ခိုက်၊ စာဖြင့်အကြောင်းကြား၍ ၁၂၉၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်နေ့တွင် ရဟန်းပြုလိုက်သည်။

ဦးဝိသုဒ္ဓါစာရသည် ဇနီးအန္တရာယ်ကြောင့် ရပ်ရွာမှ ဖယ်ခွာ၍ စလေမြို့နှင့် နှစ်မိုင်အကွာ ဥမင်ဂူဆရာတော်ကြီးထံတွင် ခိုလှုံ၏။ ဇနီး လိုက်လာပြန်၍ အနီးရှိ

http://www.dhammadownload.com



ဒကာ ဒကာမတို့က ဝိုင်း၍ ချော့မော့မေတ္တာရပ် လွှတ်လိုက်ကြရသည်။

ဦးဝိသုဒ္ဓါစာရလည်း ပုဂံ၊ ညောင်ဦး၊ မန္တလေး၊ စစ်ကိုင်းမြို့များသို့ ခရီးရှည်ထွက်ကာ ဘုရားဖူးပြီးနောက် ခြေရာဖျောက်လျက် ပြည်မြို့သို့ ရောက်ကာ ဆေးရိုးချောင်တောင်၊ ဖွတ်လည်တောင်တို့၌ ၁၂၉၅ ခုနှစ်မှစ၍ ရက္ခမူစုတင်၊ ပိဏ္ဍပါတ်စုတင်များကို ဆောင်ကာ ဧကစာကျင့်သုံးတော်မူ၏။ ဒကာ ဒကာမများက သစ်ရွက်မိုးကျောင်း ဆောက်လှူကြသည်။ ပစ္စည်းအသုံးအဆောင်ကောင်းများ မထား၊ ကျောနာသက်သာစေရန် ကော်ဇောလှူလိုသူအား ဂုနီအိတ်လေးလုံးလှူစေ၍ ၇ နှစ်ခန့် သုံးစွဲတော်မူသည်။

နောက် သန္ဓေပင်ရွာ၌ ကျောင်းအရံမြေများပါ လှူကြသဖြင့် နန္ဒဝန်ကျောင်းသစ်တည်ကာ အတည်တကျ သီတင်းသုံးတော်မူခဲ့၏။ ဂျပန်ခေတ်တွင် မြို့ပျက်၍ ဒကာ ဒကာမများ တောအရပ်အသီးသီးသို့ ပြောင်းရွှေ့သွားကြသော်လည်း ဆရာတော်မှာ ရသမျှနှင့် မျှတရောင့်ရဲကာ ဖြစ်သလို ဧကစာကျင့်သုံးတော်မူ၏။

ပြိတ္တာဦးဘိုးဟန်၏ ဖြစ်ရပ်မှာလည်း ထိုသို့ ဧကစာ၊ ဝိပဿနာစုရဖြင့် မျှတ၍ နေစဉ် ဂျပန်ခေတ် ၁၃၀၅ ခု၊ သီတင်းကျွတ်လ အတွင်းက တွေ့ကြုံရသော အဖြစ်အပျက်တစ်ခု ဖြစ်သည်။

ထေရုပ္ပတ္တိစာအုပ်ငယ်တွင် ဆရာတော် ငယ်စဉ်မှစ၍ (၇)ကြိမ်တိုင်တိုင် ရက်ပေါင်းများစွာ သေခါနီး ဝေဒနာကြောင့် သတိမေ့မြောခဲ့ပုံ၊ ငယ်ခါမှစ၍ ဗီဇသတ္တိထူးခြားပုံ၊ ခေါင်းပါးစွာ တစ်ကိုယ်တော် လှည့်လည်တရားကျင့်ပုံ စသော ကြည်ညိုဖွယ်ရာများကိုလည်း ဖတ်ရှုကြည်ညိုရပါသည်။

သီလ၊ သမာဓိ၊ ပညာရှိသော ရဟန်းတော်တစ်ပါး၏ ကျေးဇူးဂုဏ်သည် ပင်လျှင် ဆပ်၍ မကုန်နိုင်ပါချေ။ သုဂတိဘုံသား နတ်လူများသာမက ဒုဂ္ဂတိ အပါယ်ဘုံသားတို့လည်း များစွာ အားထားမှီခိုရာ ဖြစ်ပါတော့သည်။ မြတ်စွာဘုရားရှင်၏ သာသနာတော်သာ မရှိလျှင် သို့မဟုတ် ထိုသို့သော သီလဝန္တပုဂ္ဂိုလ်မျိုးကိုသာ မရရှိလျှင် သတ္တဝါတို့၏ ဆင်းရဲသံသရာသည် အဘယ်မျှ ကြာရှည်မည်ကို ခန့်မှန်းကြရာ၏။ ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးပြိတ္တာတို့သည် (၉၁) ကမ္ဘာပင် ကြာခဲ့သည် မဟုတ်ပါလော။

## ပြိတ္တာဦးဘိုးဟန်နှင့် နန္ဒဝန်ဆရာတော်

"အရှင်ဘုရား၊ ယနေ့ တပည့်တော်အား ချီးမြှောက် မ,စသောအားဖြင့် ဆိုင်းငံ့တော်မူပါ။ တပည့်တော်မှာ လူ့ဘဝက နားလေးခဲ့ပါသည်။ အသံကျယ်ကျယ် အမိန့်

http://www.dhammadownload.com



ရှိတော်မူပါ။ ယခုလက်ရှိ ပြိတ္တာဘဝမှ မြင့်မြတ်သော သုဂတိဘဝ အဆင့်အတန်းသို့ မျှော်မှန်းတောင့်တပါသောကြောင့် အရှင်ဘုရားအား ယခု သမီးအကြီး ချက်ပြုတ် ကြော်လှော်ထားသော ဆွမ်းဟင်းလျာများကို အလှူခံတော်မူ၍ ဤအိမ်မှာပင် ဘုဉ်းပေး တော်မူပါ၊ တပည့်တော်ဟာ အခြားသူ မဟုတ်ပါ။ မူရာပင်ရပ်မှ မောင်ဘိုးဟန် ဖြစ်ပါသည်။ သို့ဖြစ်၍ ဆွမ်းလှူရင်း တပည့်တော်၏ ဖြစ်ပျက်ခဲ့ပုံ အကြောင်းစုံကို လျှောက်ထားပါရစေ ဘုရား၊ သည်းခံဆိုင်းငံ့တော်မူပါ"

အထက်ပါ စကားတို့ကို လျှောက်ထားခြင်းအကြောင်းရင်းမှာ ဤသို့တည်း။ ပြည်မြို့ မူရာပင်ရပ်၊ နတ္တလင်းလမ်းနေ ဦးဘိုးဟန်၊ ဒေါ်ယက်ဖောက်တို့၌ သားသမီး သုံးယောက် ထွန်းကားခဲ့ရာ အငယ်ဆုံးသမီးကလေး ဆယ်လအရွယ်၊ ၁၂၆၉ ခုနှစ် ရောက်သောအခါ ဦးဘိုးဟန်သည် ရောဂါဝေဒနာ ဖိစီးနှိပ်စက်သောကြောင့် စုတိ ချုပ်ကြွေ သေလွန်ခဲ့လေသည်။

ဦးဘိုးဟန် ကွယ်လွန်ပြီးနောက် ၁၃၀၅ ခုနှစ် ရောက်သောအခါ ဂျပန်တို့ သည် မြန်မာ့မြေကို ခြေတင်ကာ လိပ်, ကန်တို့နှင့် စစ်ပွဲခင်းခိုက် ဖြစ်သဖြင့် ပြည်မြို့ မှာ ဗုံးအမျိုးမျိုးတို့၏ အန္တရာယ်ကို အလူးအလဲ ခံရသောကြောင့် မြို့သူ၊ မြို့သားတို့ ဘေးကင်းရာသို့ ရှောင်တိမ်းပြောင်းရွှေ့နေထိုင်ကြရာ ဦးဘိုးဟန်၏ သမီးအကြီးသည် အသက် ၂၀ အရွယ်ရှိ သားငယ်နှင့်အတူ မြို့၏တောင်ဘက် အစွန်းရှိ (ပေါက်ပင် စခန်း) မည်သော ရွာကလေးသို့ ပြောင်းရွှေ့နေထိုင်ကြလေ၏။

ၚင်းပေါက်ပင်စခန်းရွာကလေးသို့ ရောက်သောအခါ သားငယ်မှာ တော် သလင်းလဆန်း ၁၂ ရက်လောက်ကစ၍ အမူးရောဂါ စွဲကပ်ပြီး အိပ်ရာပေါ်မှာသာ အိပ်စက်နေလျက် ထမင်းစားချိန်ရောက်လျှင် တစ်လုပ်နှစ်လုပ်မျှသာ စားပြီး ပြန်၍ သာ အိပ်နေလေ့ရှိ၏။ ရောဂါမှာ မတိုးမလျော့ပင်။

ထိုအချိန်အခါ နန္ဒဝန်ဆရာတော်သည် နေမြဲကျောင်းမှ မပြောင်းမရွှေ့ဘဲ မြို့ကြီး ပျက်စီးသော်လည်း ဆွမ်းခံရန်အတွက် အသင့်ဖြစ်ပေါ်လာသော ကျောင်း၏ အနီးရှိ တဲအိမ်များနှင့် ပေါက်ပင်စခန်းကို ဆွမ်းခံရွာပြုနေခိုက် ဖြစ်သဖြင့် ဦးဘိုးဟန်၏ သမီး အကြီးအိမ်သို့ နေ့စဉ် ဆွမ်းခံရောက်သော်လည်း ရောဂါရှင်သူငယ်ကို အမှတ်မထား၊ သတိမမူမိပေ။

ရောဂါရှင်သူငယ် ရောဂါနှိပ်စက်နေခဲ့သည်မှာ ရက်ပေါင်း ၂၄ ရက်မြောက် သီတင်းကျွတ်လဆန်း ၅ ရက်နေ့ နံနက် (၉)နာရီအချိန်သည်ကား ရောဂါဖြစ်ခြင်း၏ အကြောင်းရင်းနှင့် နောင်ဥဒါန်း တွင်ရစ်ရန် စကားအထူးကြားရသော နေ့ထူးအချိန်ထူး ဖြစ်ပေ၏။ အထက်ပါအချိန်သို့ ရောက်သောအခါ နန္ဒဝန်ဆရာတော်သည် ပြုမြဲသော

http://www.dhammadownload.com



ဝတ်အတိုင်းဆွမ်းခံကြွလာရာ ထိုအိမ်ရှေ့သို့ရောက်လျှင် ရက်ပေါင်း ၂၀ ကျော်မျှ မစားတစ်ချက် စားတစ်ချက်နှင့် အမူးရောဂါ စွဲကပ်နေသောသူငယ်သည် လူကောင်း ပကတိကဲ့သို့ ထလာပြီး နန္ဒဝန်ဆရာတော်အား လျှောက်ထားသည်မှာ ....

"အရှင်ဘုရား၊ တပည့်တော်အား ချီးမြှောက် မ,စသောအားဖြင့် သည်းခံ ဆိုင်းငံ့တော်မူပါ" စသည်ဖြင့် အစဥ် ပြဆိုခဲ့သော စကားများကို လျှောက်ထားလျက် ကိုယ်တိုင်ဆွမ်းများ ခပ်ရှူးနေသဖြင့် အမိဖြစ်သူမှာ အံ့အားသင့်ကာ သားဖြစ်သူ ရောဂါ မရှိ၊ ပကတိ လူကောင်းကဲ့သို့ ပြောဆိုနေထိုင်သည်ကို လည်းကောင်း၊ ၃၅ နှစ်ကျော်က ကွယ်လွန်သွားသည့် ဖခင်သည် သားဖြစ်သူ သူ၏မြေး၌ ပူးကပ် ပြောဆိုနေပုံမှာ လူကိုယ်တိုင် တွေ့ရသလို ဖြစ်နေသည်ကိုလည်းကောင်း၊ တွေးတော စဉ်းစားရင်း ဝမ်းသာဝမ်းနည်း ဖြစ်နေသော်လည်း ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ သဘော ထားပြီး ရွှင်ပျသော မျက်နှာထားနှင့် နန္ဒဝန်ဆရာတော်အား .... လျှောက်ထားသည်မှာ "အဘဦးဘိုးဟန် လျှောက်ထားသည့်အတိုင်း အိမ်မှာပင် ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု ထပ်မံလျှောက်ထားသောကြောင့် ၁၃၀၅ ခု၊ သီတင်းကျွတ်လဆန်း ၅ ရက်နေ့၊ နေ့ဆွမ်းကို ထိုအိမ်မှာပင် ဘုဉ်းပေးတော်မူရလေ၏။

ယင်းသို့ ဘုဉ်းပေးပြီးနောက် ဤသို့ ယုတ်ညံ့သော ပြိတ္တာဘဝမှ လွတ်မြောက် နိုင်ခြင်း၊ သုဂတိဘုံ အမျိုးမျိုး၌ ခံစားခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း စသော သံသရာ ရန်စွယ် အန္တရာယ်ဟူသမျှတို့၏ အစပျောက်ချုပ်ငြိမ်းရာ နိဗ္ဗာန်တိုင်အောင် ရောက်စေ နိုင်သော ကောင်းမှုစေတနာကို နိဗ္ဗာန်တစ်ခုတည်းကိုသာ အာရုံပြုရန် တိုက်တွန်း နှိုးဆော်ပြီးလျှင် ထိုပြိတ္တာဦးဘိုးဟန်နှင့် သားသမီးများကို ငါးပါးသီလ ခံယူစေ၍ မေတ္တာသုတ်ပရိတ်တော်ကို နာယူစေပြီး ရေစက်သွန်းချ အမျှပေးဝေရန် ဆုံးမတော် မူသည်။ ထိုဆုံးမသည့် အစီအစဉ်အတိုင်း မြေးဖြစ်သူ၌ ပူးကပ်နေသော ဦးဘိုးဟန်သည် သူကိုယ်တိုင် သာဟတ္ထိကအဖြစ် ဆောင်ရွက်ပြီးလျှင် အမျှသုံးကြိမ်ဝေကာ သာဓု သုံး'ကြိမ်ခေါ်ပြီးနောက် ဆရာတော်အား လျှောက်ထားသည်မှာ ....

"အရှင်ဘုရား ချီးမြှောက်တော်မူသဖြင့် တပည့်တော်သည် ရှေးကလိုမဟုတ် တော့ဘဲ မြင့်မြတ်သောဘဝတို့၏ ကိုယ်ခန္ဓာကိုရပြီး ချမ်းသာစွာနေရပါပြီ။ ဘောဇဉ် အာဟာတို့လည်း ပြည့်စုံပါပြီ။ သူတစ်ပါးတို့အားလည်း ချီးမြှောက်နိုင်ပါပြီ ဘုရား။ သို့ပါသော်လည်း တပည့်တော်နှင့် အတူပါလာသော ပြိတ္တာကြီး၊ ပြိတ္တာငယ် အသွယ် သွယ် အဝဝ၊ မောင်ဒုက္ခ မယ်ဒုက္ခတို့မှာ ၎င်းတို့ ခံစားဆဲ ဘဝမှလည်း မလွတ်နိုင်၊ အရှင်ဘုရား၏ တရားတော်ကို နာရန်လည်း အနီးသို့မကပ်ဝံ့၊ ခြံစည်းရိုးအပြင်ဘက်မှ ငတ်မွတ်ဆာလောင်ခြင်း ဝေဒနာ နှိပ်စက်သည်နှင့် တအော်အော် ဖြစ်နေကြပါသည်

http://www.dhammadownload.com



ဘုရား။ ဆရာတော်က ထိုပုဂ္ဂိုလ်များကို ချီးမြှောက်တော်မူပါဘုရား" ဟု တောင်းပန်ပြန်၏။ ထိုအခါ ဆရာတော်က ....

"ငင်းဒုက္ခသည်များကို ဘယ်ကဲ့သို့ ချီးမြှောက်ရမည်နည်း" ဟု အမိန့်ရှိသောအခါ ....

"အရှင်ဘုရား လက်ဖြင့်ကိုင်၍ ဆွမ်းတော်ပွဲကို စွန့်ပါဘုရား" ဟု တောင်းပန်ပြန်လေသည်။ ထိုဆွမ်းတော်ကို ပေးစွန့်ပြီး ....

"သင်၏ အဖော်ဟောင်းဖြစ်ကြသော ပြိတ္တာတို့အား ငါတို့ မမြင်နိုင်၊ သင်ကိုယ်တိုင် သူတို့ရှိရာသို့သွား၍ ကျွေးမွေးပါလေ" ဟု မိန့်တော်မူလေလျှင် ဦးဘိုးဟာန်ပူးကပ်နေသော သူငယ်သည် ဆွမ်းတော်ပွဲကို ယူပြီးလျှင် စည်းရိုးနားသို့သွားကာ ဆွမ်းများကို စွန့်ကြဲပြီး ....

"သူငယ်ချင်းတို့ရေ .... စားကြသောက်ကြဟေ့၊ မင်းတို့နှင့် ငါ ဘဝချင်းမတူ အမူချင်း ခြားနားခဲ့ပြီကွာ၊ ငါ လှူဒါန်းသော ကောင်းမှုကိုသာ သာဓုခေါ်ကြပေတော့" ဟု နှုတ်ဆက်စကား ပြောကြားပြီး ပြန်လာကာ ဆွမ်းတော်ပန်းကန်ပြားကို ဆေးကြော၍ အိမ်ထဲပြန်အိပ်လေ၏။

ထိုအခါ ဆရာတော်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးမြောက်သဖြင့် ကျောင်းသို့ပြန်ကြွမည်ပြုသောအခါ အိမ်သူအိမ်သားတို့ ဦးချကန်တော့ကြလျှင် အိပ်ရာ၌အိပ်နေသော ဦးဘိုးဟာန် ပူးကပ်နေသော သူငယ်သည် ရုတ်တရက် ထလာပြီး

"ဆရာတော်ဘုရား၏ ကျေးဇူးကြီးမားပါပေသည်။ ဆရာတော်ကို မှီ၍ တပည့်တော်သည် မြင့်မြတ်သော ကိုယ်ခန္ဓာကို ရပါသော်လည်း လူ့ဘုံနှင့် နီးကပ်နေသော ခန္ဓာကိုယ်ရနေပါသောကြောင့် တင်းတိမ်ရောင့်ရဲခြင်း မရှိပါ။ သို့ဖြစ်ပါ၍ တာဝတိံသာ နတ်တို့ရွာကို ရောက်လိုရလိုသောဆန္ဒ ပြင်းပြလှပါသဖြင့် ဆရာတော်အလိုရှိသော သံဃာတော်ဆယ်ပါးကို ပင့်ဖိတ်၍ ဤအိမ်သို့ပင် သီတင်းကျွတ်လဆန်း ၁၃ ရက်နေ့ ဆွမ်းဘုဉ်းပေးမှီ ကြွရောက်တော်မူပါဘုရား' ဟု လျှောက်ထားပြီး သားသမီးတို့ကိုလည်း "ငါနှင့် လူ့ဘဝက ဆွေမျိုးဉာတကာ မိတ်သဟာဖြစ်ကြသော (ဘယ်သူဘယ်ဝါ) တို့ကို ဖိတ်ကြားပါ" ဟု အမည်ကို ဖော်ပြ၍ ထပ်မံပြောပြန်လေ၏ ။

ယင်းသို့ လျှောက်ထားသောအခါ စစ်ဘေးစစ်ဒဏ်ကြောင့် ပစ္စည်းဥစ္စာလျော့ပါးနေသော သားသမီးတို့ကို နေ့စဉ် တွေ့မြင်ကြားသိရသည့် ဆရာတော်က ဤသို့ပြန်၍အမိန့်ရှိလေသည်။

http://www.dhammadownload.com



"ဒါယကာကြီး .... ယခုနေအခါ သားသမီးများမှာ လက္ခဏာ ရှားပါးချိန်ဖြစ်နေသည်နှင့် သံဃာတော် ဆယ်ပါး ဆွမ်းကျွေးရန်တာဝန်ကို ထမ်းဆောင်ရန်အတွက် မလွယ်ကူလှဘူး .... ဒကာကြီး" ဟု အမိန့်ရှိလေလျှင် ဦးဘိုးဟန် ပူးကပ်နေသော သူငယ်က ထပ်မံလျှောက်ထားသည်မှာ ....

"သံဃာပင့်ရန် ဆရာတော်က တာဝန်ယူတော်မူပါ၊ ချက်ပြုတ်ကြော်လှော်ရန်အတွက် သားသမီးတို့ တာဝန်ရှိပါစေ၊ ငွေကြေးရဖို့အတွက် တပည့်တော်က တာဝန်ယူပါ့မယ်" ဟု ရဲရဲဝံ့ဝံ့ လျှောက်ထားလေရာ ....

ဒီလိုဆိုက .... ယခု သီတင်းကျွတ်လဆန်း (၁၀)ရက်နေ့လောက် ငွေရရှိမှ (၁၁)ရက်၊ (၁၂)ရက်နေ့များတွင် ချက်ပြုတ်ကြော်လှော်ပြီး ဒကာကြီး အလိုဆန္ဒရှိသော (၁၃)ရက်နေ့၌ ကိစ္စပြီးမြောက်နိုင်လိမ့်မည်" ဟု ဆရာတော်က အမိန့်ရှိသောအခါ....

"တပည့်တော်မှာ အသက်ကြီးမား၊ နားကလည်း လေး၊ သတိမေ့တတ်ပါတယ်၊ သို့ဖြစ်၍ လဆန်း ၈၊ ၉၊ ၁၀ ရက်နေ့များတွင် ဆွမ်းခံကြွလာရင်း ဒကာကြီး ဤနေ့ (၈)ရက်နေ့ ရှိပြီ၊ (၉)ရက်နေ့ရှိပြီ၊ (၁၀)ရက်ရှိပြီ၊ သင်၏ ပြုဖွယ်ကိစ္စ ပြည့်စုံပြီလောဟူ၍ သတိပေးစကား မိန့်ကြားတော်မူပါ" ဟု တောင်းပန်စကား လျှောက်ထားသဖြင့် သတ္တဝါတစ်ဦး၏ ကောင်းစားရေးကို မျှော်တွေးတော ဝန်ခံခဲ့ပြီးနောက် လဆန်း(၅)ရက်နေ့မှစ၍ ဆွမ်းခံသွားရင်း ....

"ဒကာကြီး .... ယနေ့ကား ဤနေ့ဤရက်ရှိပြီ ဆောင်ရွက်ရန်ကိစ္စ ပြီးပြီလော" ဟု ဆရာတော်က မေးလေလျှင် ....

"ကိစ္စမရှိပါ၊ ရပါလိမ့်မည် ဘုရား" ဟူသော စကားကိုသာလျှင် လျှောက်ထားလာခဲ့ရာ လဆန်း (၁၀) ရက်နေ့၌ မေးမြန်းသောအခါ အိပ်ရာမှ ထ,လာကာ

"တပည့်တော်၏တာဝန် ပြီးပါပြီ ဘုရား၊ သံဃာပင့်ရန် ဆရာတော်၏ တာဝန်သာ လိုနေပါသည် ဘုရား" ဟု လျှောက်ထားလေ၏။

ထိုအချိန်၌ သားသမီးများ မရှိကြသဖြင့် မေးမြန်းခြင်း မပြုရဘဲ ကျောင်းသို့ ပြန်လာခဲ့၍ .... နောက်တစ်နေ့ ကြွအသွား သားသမီးများကို တွေ့ရသောကြောင့် ငွေရမရ စုံစမ်းကြည့်ရာ ဂျပန်ငွေ (၅၀၀) တန် ပစ္စည်းကို ရောင်းရာ ဝယ်သူက ငွေ (၅၀၀) ကျပ် ရော့ဟု ဆိုပြီး အထုပ်ထားခဲ့သည်နှင့် ဖြေကြည့်ရာ ငွေ (၅၀၀) ကျပ် အပြင် (၇၅၀) ကျပ် အပိုကိုပါ တွေ့ရှိရပုံကို လျှောက်ထားပြီး ....

"တပည့်တော်များလည်း အဘ ဦးဘိုးဟန်၏ ဆွေမျိုးညာတကာ မိတ်သဟာများကို ဖိတ်ကြားပါတော့မည်" ဟု လျှောက်မှ ဆရာတော်လည်း သံဃာပင့်ရန် အားထုတ်ဝံ့ပေတော့သည်။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



သီတင်းကျွတ်လဆန်း (၅) ရက်နေ့မှစ၍ ဦးဘိုးဟန်အကြောင်း ကြားသိရသော အနီးအနားရပ်ရွာရှိ လူအပေါင်းတို့သည် ကြည့်ရှုနားထောင်ရန် အားခဲနေကြရာ လဆန်း (၁၃)ရက်နေ့ ရောက်သောအခါ ကြည့်ရှုနားထောင်သူ လူပရိသတ်နှင့် ဦးဘိုးဟန်၏ ဆွေမျိုးသားချင်း၊ အပေါင်းအသင်းမိတ်ဆွေသင်္ဂဟတို့ စုံညီလာကြသဖြင့် စည်ကားသော ဆွမ်းကျွေးအလှူပွဲကြီးတစ်ခု ဖြစ်နေလေ၏။

ထိုအချိန်တွင် .... ပူးကပ်နေသော သူငယ်သည် ကောင်းမွန်စွာထိုင်ပြီး ကြွရောက်လာသည့် သံဃာတော်များအား ဖူးမြော်ဦးချလျက် ....

"ဟောဒါက တပည့်တော်၏ သမီးအကြီး၊ ဒါက သားအလတ်၊ ဟိုဟာက သမီးအထွေး၊ တပည့်တော် ပူးကပ်နေတာက မြေး ဖြစ်ပါသည်" စသည်ဖြင့် လျှောက်ထားခြင်း၊ ကြွရောက်လာသော ဆွေမျိုး၊ မိတ်ဆွေများ၏ အမည်များကို ခေါ်ငင်ကာ "သည်ကြွပါ .... သည်ထိုင်ပါ" စသည်ဖြင့် နှုတ်ဆက်ခရီးဦးကြို စကားပြောကြား၍

"ငါ၏သမီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့ကို သည်နေ့ သည်ရက်၌ တွေ့မြင်ရခြင်း၊ စကားပြောရခြင်း စသော အမှုကိစ္စတို့သည် သင်တို့နှင့် ကျုံးနိုပ်နှုတ်ဆက်ပွဲ အနေအားဖြင့် တွေ့ကြုံဆုံစည်းရခြင်း ဖြစ်ပေတယ်၊ သို့ဖြစ်သောကြောင့် အားရအောင် ကြည့်ကြ၊ ပြောဆိုကြ၊ ရယ်မောကြပေတော့၊ ယနေ့ အလှူဒါနများကို ရေစက်သွန်းချ အမျှပေးဝေ၊ သာဓု အတူခေါ်ကြပြီးသည်နှင့် သင်တို့နှင့် ကျွန်ုပ် ယခုလို အတူတွဲပြီး အလှူပွဲကြီး နောက်ထပ်ပြုရတော့မည် ဆုံရတော့မည် မဟုတ်ဘူးနော်၊ ယခုပြုရသော ကုသိုလ်၏ အကျိုးဟုန်ကြောင့် တာဝတိံသာနတ်ဘုံသို့ သွားရလိမ့်မည်။ ငါ့သား ငါ့သမီးနှင့် ဆွေမျိုး မိတ်ဆွေအပေါင်းတို့" ဟု ပြောကြားလေ၏။ ထိုအခါ နန္ဒဝန်ဆရာတော်က ....

"ဒါယကာကြီး တာဝတိံသာဘုံသို့ သွားမည်ဆိုတာကိုတော့ အလွန်ဝမ်းမြောက်လှပါတယ်၊ သို့ပေမဲ့ ဒါယကာကြီး ပူးကပ်နေသော မြေးငယ် ပက်လက်အိပ်နေရသည်မှာ ဝေဒနာဖြစ်သည့်ရက်စ၍ ရေတွက်ကြည့်လျှင် (၂၉)ရက်နီးပါး ရှိနေပြီ" ဟု အမိန့်ရှိလေလျှင် ....

"သည်အတွက်ကြောင့်တော့ စိုးရိမ်ကြောင့်ကြ ပူပင်တော်မမူပါနှင့် ဘုရား၊ တပည့်တော် နတ်ပြည်သို့ သွားသည်နှင့်တစ်ပြိုင်နက် ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ရောဂါကင်းစင် ပကတိအသွင်အတိုင်းဖြစ်ပြီး စားသောက်နေထိုင် အလုပ်အကိုင် ပြုလုပ်နိုင်ပါလိမ့်မည်ဘုရား" ဟု လျှောက်ထားလေ၏။

သို့နှင့် ဆွမ်းစားချိန် ရောက်လာသဖြင့် ဆွမ်းပွဲများကို ကိုယ်တိုင်ကပ်ပြီး သံဃာတော်များ ဆွမ်းဘုဉ်းပေးသည်ကို ကြည်ညိုရင်း မိတ်ဆွေသင်္ဂဟဆွေမျိုးများနှင့်

http://www.dhammadownload.com



အားရဝမ်းသာစွာ စကားပြောနေလေသည်။

ယင်းသို့ သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးသောအခါ သီလဆောက်တည်ခြင်း၊ ဟောညွှန်ပြသော တရားတော်ကို နာယူခြင်း၊ ရေစက်သွန်းချပြီးနောက် သားသမီး၊ ဆွေမျိုးညာတကာ မိတ်သဟာတို့နှင့်ရောက်လာကြသော ပရိသတ်အပေါင်းတို့ဘက်သို့ လှည့်ကာ ....

"အို .... ပရိသတ်အပေါင်းတို့၊ ကျွန်ုပ် မောင်ဘိုးဟန်သည် ရှေး လူဖြစ်စဉ်အခါက ဇနီးမယားနှင့် သားသမီးတို့အတွက် မည်ကဲ့သို့ အလုပ်ဖြင့် အသက်မွေးမြူခဲ့သည်ကို သင်တို့အသိပင်၊ ယင်းသို့ **စီးပွားရှာစဉ်က ဒုစရိုက်မှုများ မကင်းခဲ့**သဖြင့် ယုတ်နိမ့်အောက်ကျ ဆင်းရဲလှသော အပါယ်ဘုံသို့ (၃၅)နှစ်တိုင်တိုင် ကျရောက်ခဲ့သည်ကို သင်တို့ ကျွန်ုပ် ပြောပြသောကြောင့် ကြားရပေပြီ"

"လောဘဇော တိုက်တွန်းပြီး သံယောဇဉ်အတွက် ကောင်းသည်၊ မကောင်းသည်၊ တရားသည်၊ မတရားသည်ကို မစဉ်းစားနိုင်ဘဲ ပစ္စည်းရှာလို့ရလာလျှင် သားမယားများနှင့် အတူတကွ ရှင်ပျော်စွာ စားသောက်ကြသော်လည်း နစ်မွန်းစရာရှိပါက ဇနီးမယားနှင့် သားသမီးတို့က ဆီးတားကာ မကူညီနိုင်ဘဲ ကိုယ့်ဝစ်ယောက်တည်း ဒုက္ခခံရသည်ကို တွေးကြည့်ကာ အသည်းနာစရာ၊ သံဝေဂ ရစရာ အလွန်ကောင်းလှပါတယ်၊ သို့အတွက် ယနေ့မှစ၍ ကျွန်ုပ်ကို စံပြအနေထားကာ မကောင်းမှုဒုစရိုက်များကိုလုပ်ကာ တစ်သက်လျာ ဝမ်းခါးဝရုံ လှရုံအတွက်နှင့်တော့ စီးပွားမရှာကြပါနှင့် အလွန်ကြောက်စရာကောင်းပါသည်"

"ကျွန်ုပ်သည် ကံအထူးထောက်မ၍ ကျွတ်ခွင့် လွတ်ခွင့် ကြုံကြိုက်သည်နှင့် ယခုလို ဖြစ်ရပါသည်၊ ကျွန်ုပ်နှင့် အသင်းအပင်း ဖြစ်ကြသည့် ပြိတ္တာအပေါင်းတို့မှာ အစားဆင်းရဲ အနေဆင်းရဲ ကျွတ်ဖို့အခွင့်အလမ်းလည်း မမြင်သဖြင့် ဒုက္ခဝေဒနာ ခံစားနေရသည့်ဖြစ်အင်ကို ယခု ပြောရင်း ကြက်သီးထမိပါသည်။ အို .... ပရိသတ်အပေါင်းတို့" ဟု ပြောဆို၏။ ပြီးလျှင်

"ဆရာတော် ဘုရားများကလည်း ရောက်လေရာရာ မြို့ရွာဒေသတို့၌ တပည့်တော်၏ ဖြစ်ပျက်ခဲ့ပုံအကြောင်းစုံများကို သာဓကထားပြီး ဒါယကာ ဒါယိကာမများကို ဒုစရိုက်မပွားကြဘဲ သုစရိုက်ပွားများကြရန် တိုက်တွန်းနှိုးဆော်တော်မူပါ" ဟု လျှောက်ထားပြီးနောက် သံဃာတော်များကို ဦးသုံးကြိမ် ကန်တော့ပြီး ....

"သားသမီးများနှင့် ဆွေမျိုးမိတ်သဟာ အပေါင်းတို့ရေ၊ ငါတော့ တာဝတိံသာနတ်တို့ရွာသို့ သွားတော့မယ်နော်" ဟု နောက်ဆုံး နှုတ်ဆက်စကားပြောဆို၍ အမျှသုံးကြိမ်ဝေကာ သာဓုသုံးကြိမ် ကျယ်စွာခေါ်ဆိုပြီးနောက် တိတ်ဆိတ်သွားလေ၏။

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



ထိုအခါ သားသမီးများနှင့် ပရိသတ်အပေါင်းတို့မှာ မျက်ရည်စီးဖြာ မကြည်သောမျက်နှာနှင့် အံ့သြချီးမွမ်း အဖြစ်ဆန်းအကြောင်းကို ပြန်ပြောင်းပြောဆိုကာ ကျန်ရစ်ခဲ့ကြသော နေ့ကြီးပင် ဖြစ်ပေသတည်း။

[မှတ်ချက်။ ဤအကြောင်းအရာ၌ သားသမီးတို့၏ အမည်များကို ၁၃၁၄ ခုနှစ်အထိ အသက်ရှိဆဲ ဖြစ်သောကြောင့် ပုံညွှာစွာ မဖော်ပြဘဲ ထိမ်ဝှက်ထားခဲ့ရပေကြောင်း၊ မူလကျမ်းပြုသူမှတ်ချက်။ နန္ဒဝန်ဆရာတော်မှာ ၁၃၂၃ခု၊ တပို့တွဲလဆန်း ၁၄ ရက်တွင် ပျံလွန်တော်မူ၍ ရုပ်ကလာပ် ယခုတိုင်ရှိကြောင်း သိရပါသည်။ ကျမ်းပြုဆရာတော်ထံ ဆက်လက်စုံစမ်းဆဲ ရှိပါသည်။]

http://www.dhammadownload.com



သတိုးသီရိသုဓမ္မ အဂ္ဂမဟာသရေစည်သူ

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီးနှင့်

ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ (ဟောင်း)

**နိုင်ငံတော်တရားဝန်ကြီးချုပ် (ဟောင်း)**

**ဒေါက်တာ ဦးသိမ်းမောင်**

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



## တိုင်းပြုပြည်ပြု သာသနာပြု

# ၂၀ ရာစု ဓမ္မိက ဥပါသကာကြီး

## ဘဝသရုပ် အနှစ်ချုပ်

## (၁)

ဗုဒ္ဓခေတ်တွင်ကား ရှိခဲ့ဖူးပါ၏။ ဓမ္မိကဥပါသကာ၊ စိတ္တသူ**ကြွယ်ဥပါသကာ**။ စိတ္တသူကြွယ်ကား ဘောဂဗလသက်သက်သာမဟုတ် ဓမ္မဗလရှိသူ**လည်း ဖြစ်**သည်။ အမေးဘက်က နေရလျှင်လည်း ချက်ကျလက်ကျ မေးတတ်၏။ အဖြေဘက်က နေရလျှင်လည်း ပိုင်ပိုင်နိုင်နိုင် ဖြေကြားနိုင်၏။ ဗုဒ္ဓသာသနာတော်အား ပစ္စယ ဓမ္မ နှစ်ဌာနဖြင့် ဥပါသကာဝန်ကို ဘက်စုံထမ်းဆောင်နိုင်ခဲ့သူပေတည်း။

မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင်ကား ရှားပါးလှသည်။ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီးလက်ထက် ပဒုံမင်းသားဆရာ ဦးထွန်းညို ဟူ၍ ရှိခဲ့ဖူး၏။ သူကား ဘိုးတော်လက်ထက် တွင်းသင်းတိုက်ဝန် မဟာစည်သူဟု ထင်ရှားသည်။ လောက ဓမ္မ ရာဇရေးတွင် တည်ကြည်ဖြောင့်မှန်၍ ရဟန်းရှင်လူအများက ခန့်ညား လေးစားရသည်ဟု သမိုင်းစဉ် ရှိသည်။ မပြီးပြေသော ပြဿနာရှိနေလျှင် နောက်ဆုံး ဦးထွန်းညိုထံ ရောက်လာမြဲဖြစ်၏။

"တွင်းသင်းဝန် ဦးထွန်းညိုကား တော်တည့်မှန်ကန်လှသသူ၊ တစ်နေ့ကို အမှုမဲ့ စကား တစ်ခွန်းနှစ်ခွန်းမျှ မပြောဆိုသသူ၊ လူသမ္မာကြီးဟူ၍ အလွန်ထင်ရှားသသူ" ဟု သမိုင်းတင်ခဲ့ကြ၏။ တွင်းသင်းမင်းကြီးကား ဇာတိမောင်းထောင်ရွာဦး၌ ဘလ္လာတိယပျို့ကို ရေး၍ ရသောဆုငွေဖြင့် အများအကျိုးငှာ ဖ ကေခန့်ရှိ ဘလ္လာတိယ မည်သော ကန်တော်ကြီးကို တူးလှူခဲ့သည်။ အမရပူရ နေပြည်တော်၌လည်း လေးထပ် ကျောင်းကြီးနှင့်တကွ တွင်းသင်းကျောင်းတိုက်ကြီးကိုလည်း ဆောက်လှူခဲ့သည်။ အထူးသဖြင့် ဘိုးတော်နန်းတက်စတွင် မင်းပေါင်း ၉ ဆက်၊ နှစ်ပေါင်း ၈၆ နှစ်ကြာမျှ မပြီးမပြတ်ခဲ့သော အတင်အရုံ သာသနာရေး အဓိကရဏ်းကြီးမှာ နှစ်ဘက်သံဃာ များနှင့် ဦးထွန်းညို **တွေ့**ဆုံပြောဆို၍ အခိုက်အတန့်အားဖြင့် ငြိမ်းစဲခဲ့ဖူးလေသည်။

လောက **ဓမ္မ ရာဇ** အရေးသုံးပါး ကျွမ်းကျင်၍ ပစ္စယ ဓမ္မနှစ်ဌာနဖြင့် တိုင်းပြု ပြည်ပြု သာသနာပြုနိုင်သူ ဥပါသကာမျိုးကား အရေးကြီးသော တစ်ခေတ်တွင်မှ တစ်ယောက်သာ ပေါ်ထွန်းတတ်လေသည်။ မြန်မာနိုင်ငံ၌ ၂၀ ရာစု ဗြိတိသျှခေတ်နှင့် လွတ်လပ်ရေးကာလ၊ ၂၅၀၀ သာသနာခေတ်တွင်လည်း ထိုသို့သော ဓမ္မိက ဥပါသကာ

http://www.dhammadownload.com



မျိုး ပေါ်ပေါက်ခဲ့ပါ၏။ ထိုပုဂ္ဂိုလ်ကြီးကား သတိုးသီရိသုဓမ္မ အဂ္ဂမဟာ သရေစည်သူ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးနှင့် နိုင်ငံတော် ဗုဒ္ဓ သာသနာအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် တရားဝန်ကြီးချုပ်ဟောင်း ဒေါက်တာဦးသိမ်းမောင်ပင် ဖြစ်ပါသည်။

## ဦးသိမ်းမောင် မြင်သော ဘဝဟူသည်

ဦးသိမ်းမောင်၏အကြောင်း ဦးသိမ်းမောင်၏ လုပ်ဆောင်ချက်များမှာ ကျယ်ဝန်းလေးနက်လှသဖြင့် ဘယ်အရာကစ၍ ရေးပြရမည်ကိုပင် မလွယ်ကူအောင် ရှိတော့သည်။ ယေဘုယျအားဖြင့် နောက်ပိုင်းအခြေအနေကိုသာ ကြည့်၍ ဘာသာရေး ခေါင်းဆောင်ကြီးဟုသာ သာမန်အားဖြင့် မြင်နေကြ၏။ စင်စစ် မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲတွင် ဥပဒေဘောင်အတွင်းမှ ပထမဆုံး တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည့်အပြင် ရှေ့ဦး လွတ်လပ်ရေးတိုက်ပွဲတွင် 'ဗိသုကာကြီးတစ်ဦး'ပင် ဖြစ်သည်။

လူတို့သည် တိုတောင်းလှသော၊ အန္တရာယ်များလှသော ဘဝတစ်သက်တာ၌ မိမိတို့ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာ၊ အာဏာလုပ်ပိုင်ခွင့်၊ ပညာနှင့် ခွန်အားများကို ထိုက်တန်အောင် သုံးစွဲတတ်သူ၊ အသုံးချတတ်သူက နည်း၏။ တိုင်းပြုပြည်ပြု သာသနာပြုလုပ်ငန်း အမြင့်အမြတ်ကြီးများကိုထား၍ ကိုယ်ကျိုးအတွက်ပင်လျှင် အလွဲ သုံးစားလုပ်၍ အလဟဿဖြစ်ရသူက များလေသည်။ ကိုယ်လည်း မစားရ၊ အများ လည်း အကျိုးမရှိ။

ဦးသိမ်းမောင်နှင့် နိုင်ငံရေးလုပ်ဘက်၊ နိုင်ငံရေးဗိသုကာကြီး တစ်ဦးလည်း အတော်အတန် ကြွယ်ဝချမ်းသာစေကာမူ သားထောက် မြေးခံမရှိ၊ တူမတစ်ယောက်ကို မွေးစား၍ ရတနာများအပ်နှံ အမွေပေးထားလေရာ အိုနာဖြင့် ဆေးရုံတက်ခိုက်၊ တူမလည်း ဆေးရုံတက်နေရခိုက် မီးခံသေတ္တာကို အောက်မှ ဖျက်ဖောက်ခိုးယူ သွားခြင်းခံရရှာ၏။ ထိုအမှုတန်းလန်း၊ ထိုသောကတန်းလန်းနှင့် ကွယ်လွန်ခဲ့ရ ရှာလေသည်။ ထိုဘဝတူများ၏ ဖြစ်ရပ်သည်လည်း ဦးသိမ်းမောင်အား နတ်တို့ ပြလာသော "ပစ္စည်းသင်္ခါရ" နိမိတ်သဖွယ် ဖြစ်တော့သည်။

သူနှင့်အတူ ဘာသာသာသနာပြုဘက်ကြီး တစ်ဦးဖြစ်သူ ဆာဦးသွင်ကလည်း တစ်ဘက်က ရှိသမျှလှူရေး တွန်းအားပေးနေသကဲ့သို့ ရှိခဲ့ပြန်သည်။

ဦးသိမ်းမောင်ကား ဘဝအမြင် ပြတ်သားလှပေ၏။ မိမိပိုင်ပစ္စည်း၊ လုပ်ပိုင်ခွင့် အာဏာ၊ ပညာနှင့်ခွန်အား၊ ရှိသမျှအားများကို သွန်၍ လုပ်ပြသွား၏။ လူများစုကား 'လျော့ပါးသွားလေမလား၊ အိုစာမင်းစာ ချန်ဦးမှ' စသည်ဖြင့် တွန့်ဆုတ်နေတတ်ကြရာ စီးပွားအာဏာ ပညာခွန်အား လျော့မသွားသည့်အပြင် ပို၍ပင် တိုး၍ တိုး၍လာသည်

http://www.dhammadownload.com



ကိုလည်း ဘဝနှင့်ရင်း၍ စွန့်စားကာ စံပြသွားခဲ့ပေပြီ။ ထို့ကြောင့် ဦးသိမ်းမောင်အား ကျွန်ုပ်တို့ ဆိုဝံ့ပါကုန်၏။ "တိုင်းပြုပြည်ပြု သာသနာပြု ၂၀–ရာစု ဓမ္မိကဥပါသကာကြီး" ဟူ၍။

စာရေးသူသည် ဦးသိမ်းမောင်နှင့် သံဂါယနာ တစ်ခေတ်လုံး ကြိမ်ဖန်များစွာ ဆုံစည်းခဲ့ရပါ၏။ လူသေလူဖြစ်ဝါဒကို ပထမဆုံး စာတစ်အုပ်ရေးသားချေပ၍ စာရေးသူအား ဝိုင်အမ်ဘီအေ အသင်းတိုက်၌ သီးခြားဆွမ်းပင့်ကပ်ဖူးသည်။ သို့သော် တရင်းတနှီးမရှိခဲ့။ ဤအတ္ထုပ္ပတ္တိရေးသောအခါ ၁၉၅၅–ခုနှစ်က ဒေါက်တာမောင်မောင်ရေးခဲ့သော သက်ရှိရာဇဝင်၊ ၁၉၇၀–ခုနှစ်က ဝဏ္ဏကျော်ထင် ဦးဘသန်းရေးသား၍ ဦးသိမ်းမောင်ကိုယ်တိုင် စီစစ်အတည်ပြုပေးခဲ့သော အတ္ထုပ္ပတ္တိနှင့် မောင်ရဲလွင်ရေးသင့်ဘဝမဂ္ဂဇင်း ဆောင်းပါးများကိုသာ အားထား၍ ရေးသားရပါသည်။ အတ္ထုပ္ပတ္တိဟူသည် နိုင်ငံတော်၏ သမိုင်းတစ်ကဏ္ဍဖြစ်၍ ထိုပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ရပါသည်။ သို့ရာတွင် ထိုစာများသည် အခိုင်အခန့်ဖြစ်ရပ်များကိုသာ သမိုင်းမှတ်တိုင်အဖြစ် ရေးသားထားရာ ထိုစာအုပ်များ၌ ကျွန်ုပ်တို့ သိမီကြည်ညိုနေသော အချက်များကိုကား မတွေ့ရပါ။ ထိုအချက်များမှာလည်း စာမဖွဲ့လောက်သော အသေးအဖွဲများဖြစ်၍ မပါသော်လည်း အပြစ်မဆိုသာပါ။

တစ်နည်းဆိုရသော် ကျွန်ုပ်တို့သိသော ဦးသိမ်းမောင်မှာ အများစုနှင့် တူချင်မှ တူပါမည်။ တကယ်တော့ ကျွန်ုပ်တို့ သိသည်မှာ အသေးအဖွဲမျှသာ ဖြစ်နေပါ၏။ ထိုအသေးအဖွဲကလေးများဖြင့်ပင် ဦးသိမ်းမောင်ကို ကျွန်ုပ်တို့ သိပါသည်။ ကြည်ညို၍မဆုံးရတော့ပါ။ ၂၀ ရာစု ဓမ္မိကဥပါသကာကြီးပါတည်း။ ကျွန်ုပ်တို့ တိုင်းပြည်တွင်၊ ကျွန်ုပ်တို့သာသနာတွင် ထိုပုဂ္ဂိုလ်ကြီးမျိုး ဘယ်နံ့ရောကာလတွင်မှ မြင်တွေ့ကြရပါမည်နည်း။

## သူ့ဘဝ စာမျက်နှာထဲက အသေးအဖွဲများ

## (၂)

၂၅၀၀ သံဂါယနာခေတ်က ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရက ဗုဒ္ဓသာသနာအဖွဲ့ကို ၂၆–၈–၁၉၅၀ နေ့က ဖွဲ့စည်းခဲ့၍ ၁၇–၅–၁၉၆၂ နှစ်က ဖျက်သိမ်းခဲ့ပါသည်။ ဆာဦးသွင်က ပထမဥက္ကဋ္ဌ၊ ဦးသိမ်းမောင်က ဒုတိယဥက္ကဋ္ဌ၊ နောင် ဆာဦးသွင် အသက်ကြီးလာ၍ အရွေးမခံသဖြင့် ဦးသိမ်းမောင်သာလျှင် ဆက်ကာ ဆက်ကာ ဥက္ကဋ္ဌဖြစ်လာ၏။ အကျိုးဆောင် စာချီ (၁)ကား တရားဝန်ကြီး ဦးချန်ထွန်း ဖြစ်၏။

http://www.dhammadownload.com



ဆဋ္ဌသံဂါယနာကား အခြား သံဂါယနာများနှင့်မတူ ပြည်သူ့သံဂါယနာ ရှေးထုံး သံဂါယနာဖြစ်၏။ တစ်နိုင်ငံတည်းက ပြုလုပ်သော သံဂါယနာလည်းမဟုတ်ရကား ကမ္ဘာ့သံဂါယနာဟုသာ ဆိုရမည်ဖြစ်၏။ ထို့ကြောင့် ထိုလုပ်ငန်းကြီးအတွက် အစိုးရ ကရော ပြည်သူလူထုကပါ ငွေကို ကုဋေချီ၍ စွန့်လှူသုံးစွဲခဲ့ကြရသည်။ အခြား ထေရ ဝါဒနိုင်ငံများကလည်း စွမ်းအားရှိသမျှ ပါဝင်လှူဒါန်းခဲ့ကြသည်။ ၂၅၀၀ သံဃာတော် များအတွက် ကော်ဇောကြီး, သေး၊ သင်ဖျာ ၂ နှစ်ဘက်ချော တို့ ရှည်၊ ပန်းကန်ခွက်ခွန်း ခက်ရင်း အသုံးအဆောင် ဘာမျှ လိုလေသေးမရှိ။

## သူလိုချင်သော ဗုဒ္ဓစာပေနှင့် ဘာသာပြန်များ

ထိုကုဋေချီသုံးရသော သံဂါယနာပွဲကြီးကို ဦးစီးကျင်းပရသည်မှာ ဗုဒ္ဓသာ သနာအဖွဲ့ဖြစ်၍ ထိုအဖွဲ့ကို ဦးစီးသူမှာ ဦးသိမ်းမောင်ပင် ဖြစ်သည်။ ဦးသိမ်းမောင်အား အားလုံးက ဥက္ကဋ္ဌကြီးဟုသာ ခေါ်ခဲ့ကြ၏။ ဥက္ကဋ္ဌကြီးအနားသို့ သွားရမည်ကို လူတိုင်း ရွံ့ကြသည်။ စာရေးစာချီများကို မဆိုထားဘိ၊ အုပ်ချုပ်ရေးအရာရှိများပင် အကြောင်း ရှိ၍ သွားရလျှင်သော်မှ ဆရာတော်ကြီးရှေ့မှာ ကိုရင်ကျောင်းသားပမာ ဖြစ်နေကြသည်။ အလွန်စည်းကမ်းကြီး၍ အရာရာ၌ သေချာတိကျသောကြောင့်ဟု ဆိုကြ၏။ မမြင် ရသော သီလ သမာဓိ ပညာ အရှိန်အစော်များပင်တည်း။

အထူးသဖြင့် ဗုဒ္ဓစာပေ ထုတ်ဝေဖြန့်ချိရေးနှင့်စပ်၍ အမြော်အမြင် ကြီးသည်။ ကျမ်းစာများ ၁၀ နှစ်စာ ရိုက်ထား၏။ စက္ကူ, မှင် စသော ပုံနှိပ်ကိရိယာများ ၁၀ နှစ် စာ အဆင်သင့်ရှိထား၏။ ထေရဝါဒနှင့် မကိုက်ညီသော ကျမ်းစာမျိုးကို မဆိုထားဘိ၊ ပိဋကနှင့် တိုက်ရိုက်မပတ်သက်သော ကျမ်းစာမျိုးကိုပင် ရိုက်လေ့မရှိ။ ထို့ကြောင့် ပါဠိအဋ္ဌကထာ ဋီကာနှင့်ပိဋက မြန်မာပြန်ကျမ်းစာများ အဆက်မပြတ် ဝယ်ယူရရှိ နိုင်ခဲ့သော အချိန်အခါဖြစ်သည်။

"သံဂါယနာတင်တဲ့ကိစ္စမှာ ဆရာတော် သံဃာတော်များ စုပေါင်းရွတ်ဆို တာလည်း ရွတ်ဆိုတာပေါ့၊ ဒီ ဘုရားဟော ပိဋကကျမ်းစာတွေ ကမ္ဘာ့စာကြည့်တိုက် တိုင်းမှာ ရောက်ရှိသွားရင် သံဂါယနာလုပ်ငန်း အောင်မြင်တာပါပဲ" ဟု ဦးသိမ်းမောင် ပြောလေ့ရှိ၏။

သူကိုယ်တိုင်ပင် ပါဠိအဋ္ဌကထာ ဋီကာကျမ်းများကို ကြည့်ရှုနိုင်သဖြင့် ဘယ်ကျမ်းစာ ပို၍ အရေးကြီးသည်ကိုလည်း သိထား၏။ ဦးသိမ်းမောင် ကိုင်သော ပါဠိကျမ်းစာများမှာ အတေးအမှတ်နှင့်ချည်း ဖြစ်သည်။ ဘုန်းကြီးလူထွက် ပါဠိ ဆရာကြီးများပင် သူ သိလိုသော အချက်ကို ပေါ့ပေါ့ဆဆ ပြော၍မရ။

http://www.dhammadownload.com



ပါဠိဝေါဟာရ တစ်ခုအတွက် ပါဠိ–အင်္ဂလိပ်အဘိဓာန်၌ ရှာဖွေကြည့်ရှုပြီး ပြောဆိုရေးသားခြင်းကို အထူးမနှစ်သက်ဆုံး ဖြစ်၏။

"အို .... ပါဠိတော်နှင့်မသိရင် အဋ္ဌကထာကြည့်၊ အဋ္ဌကထာနှင့် မသိရင် ဋီကာကြည့်၊ နိဿယကြည့်ပေါ့၊ ဒီမှာ အပြည့်အစုံ ရှိနေပြီကပဲ၊ ကျုပ်တို့ဆရာတော်တွေထက် ဘယ်သူ ပိုတတ်လိမ့်မတုန်း" ဟု ပြောတတ်၏။

ပေမှ ကျမ်းစာအုပ်အဖြစ် မရောက်လာသေးသော သံယုတ္တ၊ ပဏ္ဏာသဋီကာများနှင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် နိဿယစသော ကျမ်းအိပ်များကိုလည်း ဦးသိမ်းမောင်ပင် ဖော်ထုတ်ခဲ့၏။ ပဋိသမ္ဘိဒါမဂ်မှာ ကမ္မဋ္ဌာန်းပေါင်းချုပ်ကြီးဖြစ်ရာ သူကိုယ်တိုင်ပင် အထပ်ထပ် လေ့လာနေခဲ့သည်။ ၂၅–၁၂–၁၉၅၈ နေ့ ပါဠိတက္ကသိုလ် ဘွဲ့နှင်းသဘင်ပွဲကြီး၌ စာချတန်း သုံးကျမ်းစာအဖြစ် ထည့်သွင်းရန် ဒုတိယဝန်ကြီးချုပ်နှင့် သာသနာရေးဝန်ကြီးအဖြစ်ဖြင့် လျှောက်ထား၍ ပြဋ္ဌာန်းခဲ့သည်။ ပါဠိတော်များ ရှင်သန်ပြန့်ပွားရေးတွင် အထူးကြောင့်ကြစိုက်၏။

ဗုဒ္ဓသာသနာအဖွဲ့မှ သာသနာ့ရောင်ခြည်နှင့် ဓမ္မရောင်ခြည် မြန်မာအင်္ဂလိပ်စာစောင်များ ထုတ်ဝေခဲ့ရာ အယ်ဒီတာတစ်ဦးစီ ခန့်ထား၏။ သို့သော် တကယ့်အယ်ဒီတာချုပ်ကား ဦးသိမ်းမောင်ပင်ဖြစ်သည်။ မြန်မာအယ်ဒီတာသည် အင်္ဂလိပ်ဟိန္ဒီစာပေများမှ အဆိုအမိန့်သစ်များဖြင့် စာဖတ်ပရိသတ်အား ဆွဲဆောင်လိုဟန်ရှိ၏။ ရံခါ ထိုစာမျိုး စာမူစည်းဝေးပွဲ၌ တင်ပြတတ်ရာ ဦးသိမ်းမောင်က "ဒါ .... ထားပါဦးလေ" ဟုသာ ဆိုတတ်သည်။ ထိုစကားမှာ အပြင်းထန်ဆုံး ပယ်ချခြင်းပင် ဖြစ်၏။ ထို့ထက် ကဲလာလျှင် ....

"ကို .... ရယ်၊ ဟိုစာတွေက ကျုပ်တို့ ထမင်းစားဖို့ သင်ခဲ့ရတာ၊ အဲဒီစာအုပ်တွေထဲမှာ ကျုပ်တို့လိုချင်တဲ့ ချမ်းသာမပါ,ပါဘူး" ဟုပင် နောက်ဆုံးစကားမျိုး ပြောတတ်သည်။ အဖွဲ့ဖျက်သိမ်း၍ ဦးသိမ်းမောင် မရှိသည့်နောက် (ဌာနဆိုင်ရာ စာစောင်များ မပိတ်မီ) ၄–၅ ကြိမ် ရောင်ခြည်စာအုပ်များ ထွက်လာရာ အစဉ်အလာ အဝါ ဖုံးရိုးရိုးမှ အနက်အပြာဒီဇိုင်းများဖြင့် ခေတ်မီလာ၏။ အထဲ၌ပါသော ဆောင်းပါးများမှာလည်း တိဗက်ဗုဒ္ဓဘာသာက ဘယ်သို့၊ တရုတ်ပြည်မှာ ဘယ်လို၊ ရာဟုလာသံ ကိစ္စည်းကမည်သို့ဆိုသည်။ သချာအဘိဓမ္မာခေါ် ဖီလော်စဖီက ဘယ်ပုံ .... စသည် ဖြင့် ခေတ်ရေ့ကပြေးလေတော့သည်။ ယခင်က ထေရဝါဒသက်သက် ပါဠိ၊ အဋ္ဌကထာ မြန်မာပြန်များကိုချည်း ဦးစားပေးဖော်ပြခဲ့ရာ ဦးသိမ်းမောင် မရှိတော့သောအခါတွင်မှ တိုးတက်သစ်လွင်သော ဗုဒ္ဓဝါဒ သဘောတရားအမြင်များကို အတိုးချ၍ တဝကြီး ဖတ်ရှုခွင့်

http://www.dhammadownload.com



ရကြလေတော့သည်။

ဦးသိမ်းမောင်သည် ပါဠိတော်ကို အင်္ဂလိပ်လို ဘာသာပြန်၍လည်း ကမ္ဘာကို ဖြန့်ချိရန် ကြိုးစားခဲ့သည်။ လက်ရှိ အင်္ဂလိပ်ပြန်များကိုမူ အားရခြင်း မရှိ။ ထို့ကြောင့် ဓမ္မရောင်ခြည်၌ အပတ်စဉ် ပါဠိအင်္ဂလိပ် အစမ်းဘာသာပြန်များကို ဖော်ပြလာခဲ့သည်။

တစ်နေ့တွင် အကျိုးဆောင် စာချီဦးချန်ထွန်းအိမ်၌ စာရေးသူ အပါအဝင် သံဃာယနာအကျိုးဆောင် ဆရာတော်ဦးဝိသုဒ္ဓနှင့်အတူ ဘုန်းကြီးငါးပါး ဆွမ်းစားသွားကြရ၏။ ဂျာမန်ရဟန်းတော် ၃ ပါးလည်း ရောက်လာ၏။ ဆွမ်းစားပြီးကြသော်လည်း ဦးသိမ်းမောင် ရောက်မလာသေး၍ ပွဲမပြီး၊ ဆိုင်းငံ့နေကြရသည်။ ကိစ္စကား ဂျာမန်ရဟန်းတော်များက စေတနာ့ဝန်ထမ်း မဇ္ဈိမနိကာယ်ကို အင်္ဂလိပ်လို ပြန်ပေးမည့်ကိစ္စဖြစ်၏။ အကျိုးဆောင်ပုဂ္ဂိုလ်ကြီးနှစ်ဦးက ယာယီအားဖြင့် ပြောဆိုသဘောတူထားပြီး ဖြစ်ဟန်ရှိသည်။ ဦးသိမ်းမောင် ရောက်လာသောအခါ ထိုကိစ္စကို ထောက်ခံတင်ပြကြရာ ဦးသိမ်းမောင်က အတန်ကြာ ပြုံးပြီး စဉ်းစားနေ၏။

စဉ်းစားနေခြင်းကား အဖြူအမည်း အဖြေပေးရန် ဟုတ်ဟန်မရှိ။ ဗုဒ္ဓစာပေနှင့် စပ်၍ ဦးသိမ်းမောင်၌ အမြဲတမ်း အဖြေထွက်ပြီး ဖြစ်ပေမည်။ အဘက်ဘက်၌ ခံသာ၍ ရုတ်တရက် လက်ခံနိုင်သော အကြောင်းပြနှင့် စကားအသုံးအနှုန်းကို စဉ်းစားနေခြင်း ဖြစ်ခဲ့ပေလိမ့်မည်။ အတန်ကြာလျှင် 'ပါဠိကို ဘယ်မှာ ဘယ်လိုသင်ယူခဲ့သလဲ၊ လက်ရှိ မဇ္ဈိမနိကာယ် အင်္ဂလိပ်ပြန်၌ အားနည်းချက် ဘာတွေ တွေ့ရသလဲ' စသော မေးခွန်းများကို ဂျာမန်ရဟန်းတော်များအား မေးလျှောက်၏။ မဇ္ဈိမနိကာယ်၏ သိမ်မွေ့ခက်ခဲပုံများကိုလည်း လျှောက်၏။ နောက်ဆုံး 'ကျေးဇူးတင်ပါတယ်၊ ဒါ .... ထားပါဦးလေ' နှင့် အင်္ဂလိပ်ဘာသာပြန်ရေး ဆွေးနွေးပွဲကြီး ပြီးသွား၏။

ထိုစဉ်က စာရေးသူမှာ အသက် ၂၀ ကျော်မျှသာ ရှိသေး၏။ ဦးသိမ်းမောင်၏ အေးစက်စက် ပြောပုံဆိုပုံများကို အားမရ၊ မကျေနပ်ခဲ့။ ယခု ၅၀ ကျော်လာသော အခါတွင်မှ ထိုစဉ်က မိမိစိတ်ထဲမှာ မကျေနပ်ခဲ့မိသည်ကိုပင် မကျေနပ်တော့ချေ။ 'ခွကျသူ၊ တစ်ယူသန်' ဟု သုံးနှုန်းလေ့ရှိသော စကားများကိုလည်း ယခုမှ သဘောပေါက်တော့သည်။

## ဘုရားကျောပေးမှာစိုး

တစ်နေ့သောအခါ ဦးသိမ်းမောင်သည် ရုံးဘက်မှကားဖြင့် လိုဏ်ဂူတော်ကြီးဘက်သို့ လာရာ လိုဏ်ဂူတော်ကြီး အရှေ့တောင်ဘက်ရှိ သစ်ပင်ကြီးအောက်၌ အခိုင်

http://www.dhammadownload.com



အမာ ဝင်းခတ်၍ ဘောင်ရေပန်းအိုးများပင် တင်ထားသည်ကို တွေ့ရသဖြင့် ရုတ်တရက် ကားပေါ်မှ ဆင်းလာ၏။ လိုဏ်ဂူတော်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်အား ခေါ်၍ မေးသည်။

"ဒီသစ်ပင်မှာ ရက္ခစိုးနတ်မင်းကြီးရှိလို့ ဝင်းခတ်ထားရမယ်လို့ မနေ့ညနေက ဝန်ကြီးချုပ်က ခိုင်းသွားလို့ပါ" ဟု ဆို၏။ စင်စစ် ဦးထွန်းကျော်က ဝန်ကြီးချုပ် လမ်းလျှောက်လာစဉ် နတ်ကြီးရှိကြောင်း ပိုပိုသာသာ ပြောဆို၍ ဝန်ကြီးချုပ်က လူအများ သစ်ပင်အောက်၌ အညစ်အကြေးမစွန့်စေလိုသဖြင့် ရုတ်တရက် ပြောဆိုသွားခြင်းသာ ဖြစ်သည်။

"ထားပါလေ .... ဘယ်သူက ခိုင်းခိုင်း၊ သစ်ပင်ရှိ နတ်ရှိတာပေါ့၊ ဒီနားမှာ ပူဇော်ပ,သစရာ လိုဏ်ဂူတော်ကြီး၊ ကမ္ဘာအေးစေတီကြီး ရှိနေပြီပဲဟာ .... တော်ကြာ .... ဘုရားကျောပေးပြီး နတ်ကန္နား ပေးကုန်လိမ့်မယ်" ဟု ဆိုကာ ချက်ချင်း ဖျက်ပစ် ခိုင်းလေသည်။

## ပြည်သူ့ငွေနှင့် အလှူခံပုံး

အခြားအသေးအဖွဲ့များလည်း ရှိပါသေးသည်။

ကုဋေချီသုံးစွဲနေရသော ရုံးအဖွဲ့ကြီးတစ်ဖွဲ့၌ ဥက္ကဋ္ဌ ခန့်အပ်ထားခြင်း ခံရသည်မှာ နည်းသောအခွင့်အရေးကြီး မဟုတ်ပါချေ။ သို့သော် တာဝန်သိသူအတွက်ကား ကြီးလေးသော တာဝန်ကြီးတစ်ခုပါပေ။

ဦးသိမ်းမောင်သည် တစ်နေ့တွင် ရုံးသို့ရောက်လျှင်ရောက်ခြင်း စာတစ်စောင်ကို ကောက်၍ရေးကာ ရုံးလုလင်အား ငွေစာရင်းကိုင်ချုပ်ထံ သွားရောက်အပို့ခိုင်း၏။

စာရင်းကိုင်ချုပ်မှာ ဦးသိမ်းမောင်၏ စာကိုကြည့်ကာ လွန်စွာ အံ့အားသင့်နေသည်။ ထိုအမှုတွဲကား တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံဘူးသော အမှုတွဲ ဖြစ်နေသောကြောင့်တည်း။ သို့နှင့် နီးစပ်ရာ စာရင်းကိုင်အရာရှိများကို ဖတ်ရှုစေ၏။ အားလုံး အံ့အားသင့်ကာ နှုတ်ဆွံ့နေကြ၏။ သို့သော် မည်သူမျှ သွား၍ စောဒက မတက်ရဲ။ နောက်ဆုံး ထူးဆန်းသော အမှုတွဲတစ်ခု အမြန်ပြီးစီးအောင် ဆောင်ရွက်၍ ငွေစာရင်း အရာရှိတစ်ဦးကိုယ်တိုင်ပင် ဘေလ်စာရင်းတစ်ခုကို ကိုင်ဆောင်ကာ ဦးသိမ်းမောင်ထံ သွား၍ပြရသည်။

ဦးသိမ်းမောင်သည် 'အေး .... အေး' ဟု ဆိုလျက် တိုက်ပုံအကျီအိတ်ထဲသို့ နှိုက်ကာ ငွေများကိုယူ၍ စားပွဲပေါ်၌ချပြီး ရေတွက်နေ၏။

http://www.dhammadownload.com



အကြောင်းကား .... ပြီးခဲ့သော ရက်သတ္တတစ်ပတ်က သူ၏ဒရိုင်ဘာ နေမကောင်း၍ ရုံးကားနှင့် ဒရိုင်ဘာကို စာဖြင့် တောင်းခံစီးခဲ့၏။ သူ့ဒရိုင်ဘာ နေကောင်းသဖြင့် ထိုနေ့ကမှ ကိုယ့်ကားနှင့်ကိုယ် ရုံးတက်နိုင်ခြင်းဖြစ်ရာ ....

၁။ ၇ ရက်တွင် ဒရိုင်ဘာ မောင်း၁၊

၂။ ၇ ရက်အတွက် အသွားအပြန် ဓာတ်ဆီဖိုးများကို ငွေစာရင်းဌာနသို့ ပေးသွင်းခြင်း ဖြစ်လေသည်။

ဦးသိမ်းမောင်ကား ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးပေတည်း။ သူ အုပ်ချုပ်ရ၊ တာဝန်ယူရသည်မှာ ဘာသာသာသနာရေးကိစ္စဖြစ်၍လည်း ပို၍ တာဝန်ကြီးနေပုံရ၏။ ထိုငွေကို မပေးချေရသေးသမျှ ဘုရားအလှူခံပုံးထဲမှငွေကို နှိုက်ယူသုံးရသကဲ့ သို့ "ဒီငွေ မပေးချေရသေးဘဲနှင့် သေများသွားရင်" အထိ စဉ်းစားခံယူထားသူ ဖြစ်ပေသည်။

"ငါ ဒီလုပ်ငန်းကြီးကို လုပ်နေတာ လခလည်းမယူ၊ ခရီးစရိတ်လည်း မထုတ်၊ ဒီကား စီးတာလောက်တော့ အရေးမကြီးပါဘူး" ဟု သဘောမထား၊ စီးသော်လည်း စီးထိုက်သည်ပင် ဖြစ်၏။ တစ်စုံတစ်ရာ ယုံကြည်၍ အပ်နှံခြင်း ခံရသူသည် ယုံကြည်သူအရေးအတွက်၊ အပ်နှံသည့်တာဝန်များအလိုက် ထိုက်သက်ရာစိတ်ထားလည်း မြင့်မားရသည်မှာ ဓမ္မတာပင်တည်း။ ဤအဆင့်မျိုးသို့ရောက်ရန်မှာ လွန်စွာခဲယဉ်း၏။ ဤအဆင့်မျိုးသို့ ရောက်နေသူသည် ရွှေငွေ ကျောက်သံပတ္တမြားတို့ကို မီးရထားတွဲကြီးနှင့်အပြည့် ရနိုင်သော်လည်း ရှောင်ကြဉ်ရ၏။ ထိုရတနာတို့သည် ယုံကြည်ခံရခြင်းလောက် တန်ဖိုးမရှိချေ။ ယူတိုင်းလည်း ရသည် မဆိုရ၊ ရတိုင်းလည်း မချမ်းသာ။

## ခဲတံကလေးတစ်ချောင်း၏ သင်ခန်းစာ

တစ်နေ့တွင်ကား ဦးသိမ်းမောင်သည် စည်းဝေခန်းမ၌ ဒေသကိုယ်စားလှယ်များနှင့် အစည်းအဝေးထိုင်ရ၏။ ဗုဒ္ဓသာသနာအဖွဲ့၏ ထုံးစံပင် ဖြစ်သည်။ သာသနာရေး ကိစ္စအရပ်ရပ်အတွက် တိုင်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် လွှတ်တော်ကဲ့သို့ ဆွေးနွေးအကြံပြုချက်များ ရယူပြီးမှ ဆောင်ရွက်ရမြဲ ဖြစ်သည်။ စည်းဝေးပွဲပြီးသည်နှင့် စည်းဝေးခန်းမမှ ဦးသိမ်းမောင် စကားတပြောပြောနှင့် ထွက်လာ၏။ အိမ်သို့ပြန်ရန် ၎င်း၏ကားအနီးသို့ ရောက်လျှင် ကားတံခါးကို ကိုင်ပြီး တက်မည်အပြု တစ်စုံတစ်ခုကို သတိရလာ၏။ ဒေသကိုယ်စားလှယ်အချို့နှင့် ရုံးဝန်ထမ်းအချို့ ကား မထွက်မချင်း ဂါရဝပြုလျက် နှုတ်ဆက်ကြည့်ရှုနေကြခိုက် ဦးသိမ်းမောင်က လူငယ်တစ်ဦးအား လက်ယပ်ခေါ်လိုက်ပြီး "ရော့ .... ရော့ .... မင်းတို့ပစ္စည်းကလေးတစ်ခု ပါလာတယ်"

http://www.dhammadownload.com



ဟု ဆိုကာ စကားတပြောပြောနှင့် လက်ထဲမှာကိုင်လာသော ခဲတံကလေးတစ်ချောင်းကို ပေးလိုက်သည်။

အစည်းအဝေးတိုင်းမှာပင် စည်းဝေးတက်သူတိုင်း၏ ရှေ့၌ ချွန်ပြီး ခဲတံတစ်ချောင်းနှင့် ၅–၃ လက်မခန့်ရှိ ၁၀ ရွက်ခန့် စာရွက်ငယ်များကို ချုပ်စက်နှင့်တွဲချုပ်၍ တစ်အုပ်စီ ချထားရမြဲ ဖြစ်၏။ စည်းဝေးခိုက် တေးမှတ်ရန် ဖြစ်သည်။

ဦးသိမ်းမောင်သည် စကားတပြောပြောနှင့် ထွက်လာရာ အမှတ်တမဲ့ လက်ထဲ၌ ပါလာသော ခဲတံတစ်ချောင်း အိမ်ပါလာမည်ကို စိုးရိမ်နေ၏။ စည်းဝေးတက်သူ အချို့ ထိုခဲတံ, စာရွက်ငယ်အုပ်ကလေးများကို စည်းဝေးပွဲပြီးလျှင် အိတ်ထဲမှာ ထည့်ယူသွားတတ်ကြ၏။ ရုံးအမှုထမ်းများမှာ နောက်တစ်ကြိမ် စည်းဝေးပြန်လျှင် ခဲတံနှင့် စာအုပ်ငယ်များကို အဆင်သင့် လုပ်ပေးထားကြရမြဲ ဖြစ်သည်။

နှုတ်ဆက်ဂါရဝပြုနေသူများမှာ ဦးသိမ်းမောင် ခေါ်ပြီးပေးခဲ့သော ခဲတံတစ်ချောင်းကို အကြောင်းပြု၍ တန်ဖိုးမဖြတ်နိုင်သော ဗဟုသုတ အဆုံးအမ သင်ခန်းစာ တစ်ခုကို အသီးသီး ရရှိလိုက်ကြရ၏။

သူတော်ကောင်းတို့၌ "အကျိုးမပေးလောက်ပါဘူး၊ မဖြစ်လောက်ပါဘူး၊ အသေးအဖွဲကလေးပဲ" ဟူ၍ ကုသိုလ်, အကုသိုလ်အရာ၌ မည်သည့်အခါမှ သဘောမထား။ သေးငယ်သော ကုသိုလ်, အကုသိုလ် ဟူ၍ မရှိပေ။

## အစာမိမှာ စိုးရိမ်သူ

တစ်ချိန်က တရားရေး ကိစ္စတစ်ခုအတွက် ဦးသိမ်းမောင် မန္တလေးသို့ ၃–၄ ရက်ကြာမျှ သွားရောက်ရာ အစိုးရဧည့်ရိပ်သာ၌ တည်းခို၏။ ရာသီဥတုမျှတသော နံနက်ပိုင်းတွင် အစောင့်မျှသာ ချန်ထား၍ ကျန်အဖွဲ့ဝင်များ ဘုရားဖူး စသည် သွားလိုရာ သွားရန် ခွင့်ပြုထား၏။ ကိုယ်တိုင်လည်း ၁၁ နာရီလောက်အထိ ဘုရားဖူးခြင်း၊ ဆရာတော်များထံ သွားရောက်ဖူးမြော်ဆွေးနွေးခြင်း ပြုလုပ်လေ့ရှိ၏။

၁၁ နာရီထိုးပြီး ကားပြန်ရောက်လျှင် အစောင့်အမှုထမ်းများမှာ အူယားဖားယား ပြေးလာကာ မည်သူမည်ဝါက အစားအသောက်များကို ချိုင့်ကြီးချိုင့်ငယ်များဖြင့် လာရောက်ပို့ထားကြောင်း အစီရင်ခံရင်း ထမင်းပွဲပြင်ရန် ပန်ကြား၏။ "အေး အေး .... မင်းတို့စားပြီး ချိုင့်ပြန်ပေးလိုက်ကြ၊ နောက် မပို့နှင့်လို့ ပြောထား" ဟု ပြောလိုက်ရာ အမှုထမ်းငယ်များမှာ မနိုင်မကန် တဝတပြ စားသောက်ကြရလေ၏။ နောက်မပို့ရန် မှာထား၍သာ ပြောရသော်လည်း မပြောလိုကြ၊ ထမင်းပို့သူများကလည်း မနာယူ၊

http://www.dhammadownload.com



ပို့မြဲပို့ကြ၏။ လူငယ်များကား ပွဲတော်ကြီးနှင့် တိုးနေကြလေ၏။

ဦးသိမ်းမောင်ကား နေ့စဉ်ပင် ဘုရားကျောင်းကန်များမှ အပြန်တွင် သင့်တော်ရာ စားသောက်ခန်းတစ်ခုခု၌ စားသောက်ပြီးမှ ပြန်လာမြဲ ဖြစ်သည်။ မိမိအတွက် အခြားသူများအား တာဝန်မတက်စေလိုခြင်းလည်း ရှိပေမည်။ အဓိက အကြောင်းကား ရာထူးဌာနန္တရ၊ အမှုကိစ္စနှင့်စပ်၍ လာဘ်လာဘ အငြိအစွန်း မထင်စေလိုသောကြောင့် ဖြစ်၏။ တစ်နည်းအားဖြင့် 'အစာမိမခံလို' ခြင်းပင်တည်း။ အစာရှိရာ ငန်းငန်းတက်လိုက်၍ ဟပ်နေကြသော လောကတွင် ထိုသူမျိုးလည်း သမိုင်းတွင် အမှန်တကယ် ရှိခဲ့ဖူးပါ၏။

ဤကား ကျွန်ုပ်တို့သိသော ဦးသိမ်းမောင် ဘဝစာမျက်နှာထဲက တစ်စွန်းတစ အသေးအဖွဲများဖြစ်၏။ စာမဖွဲ့လောက်သော အကြောင်းအရာများဟု ထင်လိုက ထင်နိုင်၏။ စာမဖွဲ့လောက်ဟု ထင်ရသော အသေးအဖွဲကလေးများထဲမှ တစ်ခုတည်းသော အသေးအဖွဲကလေးဖြင့်ပင် ဦးသိမ်းမောင်၏ နှလုံးသားသရုပ်သည် ပေါ်လွင်လှပါ၏။ ထိုအသေးအဖွဲတစ်ခုတည်းဖြင့်ပင်လျှင် တစ်မျိုးသားလုံး အထွတ်အထိပ် သို့ ရောက်စေနိုင်သဖြင့် ထာဝစဉ် ကြည်ညို၍ မဆုံးရပါချေ။

ထိုပုဂ္ဂိုလ်ကြီး သို့မဟုတ် ထိုပုဂ္ဂိုလ်မျိုး ဤလောကသို့ တစ်ခါတစ်ခေါက် လာရောက်စေချင်ပါ၏။ တစ်ခါတစ်ခေတ် ဖြစ်ထွန်းစေချင်ပါ၏။

## ဗြိတိသျှကို တော်လှန်သော ဖိနပ်

## (၃)

ဦးသိမ်းမောင်၏ဘဝတွင် အထူးခြားဆုံးမှတ်တိုင်ကား ဖိနပ်ကိစ္စ ဖြစ်၏။ ထိုကိစ္စ ထိုပြဿနာသည် ဦးသိမ်းမောင်၏ ဘာသာရေးဗီဇကို နှိုးဆွရုံမျှမက နိုင်ငံရေး ခေါင်းဆောင်အဖြစ်နှင့် ရွှေတိဂုံဘဏ္ဍာတော်ထိန်းမှစ၍ ဘာသာရေး အသင်းအဖွဲ့များတွင်လည်း ခေါင်းဆောင်အဖြစ်သို့ ပို့တင်ခဲ့သည်။ သည့်မျှမက မြန်မာနိုင်ငံ၊ နိုင်ငံရေး နိုးကြွမှုနှင့်အတူ ဗြိတိသျှတို့ မြန်မာနိုင်ငံမှ လက်လွှတ်ထွက်ခွာ သွားရာ၌လည်း ယင်းဖိနပ်ပြဿနာသည် အခြေခံအကြောင်းရင်းတစ်ခုပင် ဖြစ်ခဲ့သည်ဟု ဆိုနိုင်လေသည်။

ဆိုပါအံ့။ ဗြိတိသျှတို့ မြန်မာနိုင်ငံအလုံး သိမ်းပိုက်ပြီးစ ၅ နှစ်အကြာ ၁၂၅၁ ခု၊ ဝါခေါင်လဆန်း ၂ ရက်၊ ကြာသပတေးနေ့ (၁၇–၈–၁၈၉၀) တွင် ပြည်ခရိုင် ပေါင်းတည်မြို့၊ ကျောင်းကုန်းရွာ တိုက်သူကြီး ဦးဘိုးစံ–ဒေါ်သောင်တို့မှ သားဦး

http://www.dhammadownload.com



မောင်သိမ်းမောင် ဖွားမြင်ခဲ့သည်။ ညီနှစ်ယောက်မှာ မောင်ကျော်မြင့်၊ မောင်ကျော်ကဲ တို့ဖြစ်၏။

## အားကျဖွယ်ကောင်းသော ပညာသင်ကာလ

မြိတ်သျှတို့ သိမ်းပိုက်စ တိုင်းပြည်၌ ခိုးသားဓားပြ အလွန်ထူပြော၏။ ပုန်ကန်မှုများလည်း အရှိန်မလျော့သေး။ ထိုအချိန် ကျောင်းကုန်းရွာ ဓားပြတိုက်ခံရသည်။ မောင်သိမ်းမောင်၏ မိဘများ ပေါင်းတည်မြို့သို့ ပြောင်းရွှေ့ကြရ၏။ မောင်သိမ်းမောင် အရွယ်ရောက်၍ အင်္ဂလိပ်ကျောင်း၌ ပညာသင်စေရာ ၁၂၆၆ (၁၉၀၄) ခုနှစ်၊ အသက် ၁၄ နှစ်တွင် သတ္တမတန်းနှင့် စကောလားရှစ် စာမေးပွဲ အောင်မြင်ခဲ့သည်။ တန်းမြင့်ကျောင်းတက်ရန် ရန်ကုန်သို့ သွားရောက်ပညာသင်ရ၏။ ရန်ကုန်ရောက်ပြီး ၁ နှစ်ကျော်ကြာ အင်္ဂလိပ်လို စာစီစာကုံးပြိုင်ပွဲဝင်ရာ ပထမဆု ၇၅ ကျပ် ရရှိခဲ့သည်။ အကြောင်းအရာက တိရစ္ဆာန်များကို ညှာတာသနားသင့်ကြောင်း။ ကျင်းပသော အသင်းမှာ အက်စ်၊ ပီ၊ စီ၊ အေ (တိရစ္ဆာန်များအပေါ် ရက်စက်မှု တားဆီးပိတ်ပင်ရေး) အသင်းဖြစ်သည်။

၁၉၀၆ ခုနှစ်တွင် တက္ကသိုလ်ဝင် စာမေးပွဲတွင်လည်း တစ်နိုင်ငံလုံးတွင် ပထမစွဲကာ အက်ပီအေတန်း၊ ဝိဇ္ဇာတန်း (ပါဠိဂုဏ်ထူး) များတိုင်အောင် အတန်းတိုင်း ပညာသင်ဆုရကာ ဆက်တိုက်အောင်ပွဲဆင်နိုင်ခဲ့သည်။ တက္ကသိုလ်၌ ပညာသင်ယူရင်း တစ်ဘက်က တက္ကသိုလ်ဗုဒ္ဓဘာသာအသင်း၏ အကျိုးဆောင်တာဝန်ကိုလည်း ယူခဲ့၏။ ဥက္ကဋ္ဌအား ဦးခင် (နောင် ပြည်ထဲရေးဝန်ကြီး ဆာမောင်ခင်) ဖြစ်၏။ ဘီအေ မအောင်မီပင် (၁၉၀၈ မတ်လ) ပြည်မြို့ ဝန်ထောက်မင်း သမီးအကြီး မစောတင်နှင့် လက်ထပ်ခဲ့ရ၏။ ဘီအေဘွဲ့ကို ပါဠိဘာသာ ဂုဏ်ထူးဖြင့် ပထမရပြန်ရာ အမ်အေ တန်းအတွက် ပညာသင်ဆုကို ကာလကတ္တားတက္ကသိုလ်က ပေးခဲ့၏။ သို့ရာတွင် ထို အခွင့်အရေးကို လက်လွှတ်ကာ ၁၉၁၀ ခု၊ အသက် ၂၀ အရွယ်တွင် ဥပဒေပညာ သင်ယူရန် အင်္ဂလန်သို့ သွားရောက်သည်။

ထူးခြားသည်မှာ လန်ဒန်မြို့ လင်းကွန်း အင်းနစ်ဝတ်လုံတော်ရ ရိပ်သာနှင့် ကိန်းဘရစ်ချ်တက္ကသိုလ်၊ ဒေါင်းနင်းကျောင်းတို့၌ ပညာသင်ခွင့် ရလေရာ ထုံးစံအရ ဘီအေအယ်လ်၊ အယ်လ်အယ်လ်ဘီဘွဲ့အတွက် ၃ နှစ်၊ ဝတ်လုံတော်ရအတွက် ၃ နှစ်ဟု ပေါင်း ၆ နှစ်ဟု သတ်မှတ်ထားရာ မောင်သိမ်းမောင်ကား ၂ နှစ်နှင့် ၄ လမျှဖြင့် အောင်မြင်နိုင်ခဲ့၏။ သာမန်အောင်ရုံမျှမက ပထမဂုဏ်ထူးရသဖြင့် ရွှေဒင်္ဂါး ပြား ၅၀ ဆုကိုပါ ရရှိခဲ့လေသည်။

http://www.dhammadownload.com



၁၉၁၃ ခု၊ ၂၃ နှစ်တွင် မြန်မာနိုင်ငံသို့ ပြန်လာပြီး ၁၉၁၅ ခုနှစ်တွင် ကိန်းဘာရစ်ချ်တက္ကသိုလ်မှ အမ်အေဘွဲ့ကို ဆွတ်ခူးနိုင်ပြန်၏။ ထိုနှစ်မှာပင် ၃ နှစ်တစ်ကြိမ် ပညာထူးချွန်ဆုပေးလေ့ရှိသော မြန်မာနိုင်ငံ ပညာရေးဆင်ဒီကိတ်၏ 'ဘီဂန်ဒတ်' ရွှေတံဆိပ်ဆုကြီးကိုပါ ရရှိခဲ့လေသည်။

ဤကား ဦးသိမ်းမောင်၏ ငယ်စဉ်ဘဝ ပညာသင်ကာလက ကြိုးစားခဲ့ပုံဖြစ်၏။

မောင်သိမ်းမောင်သည် မိဘများက ပေးစား၍ လက်ထပ်ခဲ့ရသော်လည်း သူ့စိတ်ကား ပညာရေး၌သာ ရှိနေခဲ့သည်။ မောင်သိမ်းမောင်ကား သူတကာထက်ပို၍ ဉာဏ်ကောင်းလှသောကြောင့် မဟုတ်ချေ။ ပညာသင်ရမည့်အရွယ်တွင် ပညာ၌ဖွဲ့ရှိရှိ စောက်ချ၍ အားကျမခံ ထက်သန်စွာစိုက်သော လုံ့လကြောင့်သာ အတန်းတိုင်း ထူးချွန်ခဲ့ခြင်းဖြစ်သည်။ ကြီးသောအခါ ထိုပညာဖြင့် တိုင်းပြုပြည်ပြု သာသနာပြုလုပ်ငန်းကို သူမတူ ထမ်းဆောင်နိုင်ကြောင်း တွေ့ရှိကြရ၏။

ယနေ့ခေတ် လူငယ်တို့ ပညာသင်ကာလတွင် မောင်သိမ်းမောင်ကဲ့သို့ စံနမူနာပြနိုင်သော မြန်မာ့သားကောင်းများ ထွက်ပေါ်လာစေရန် ရည်ရွယ်၍ သူ၏ပညာသင်ကာလကို စေ့ငအောင် ဖော်ပြလိုက်ရပေ၏။

## ရွှေ့နေလိုက်ရင်း ရွှေဆံတော် ဘဏ္ဍာထိန်း

မောင်သိမ်းမောင်သည် ပညာရေးလောကမှ စီးပွားရေးလောကသို့ ကူးပြောင်းစတွေ့ရှိးတွေ့စဉ် အခက်အခဲများထက်ပို၍ တွေ့ရ၏။ အင်္ဂလန်က ရောက်၍ စီးပွားရေးလောက ခြေချစဉ် အရင်းအနှီးငွေများလိုလာ၏။ မိဘနှင့် ယောက္ခမများကို မတောင်းရဲ၊ အင်္ဂလန်၌ ကျောင်းနေစဉ် မနာလိုသော သူငယ်ချင်းတစ်ယောက်၏ ပစ်စာကြောင့် မိဘနှင့် ယောက္ခမများက သူ့အား အကဲခတ်နေကြ၏။ ခပ်တန်းတန်း နေကြသည်။ ပစ်စာကား မိဘရပ်ထံ ပြန်စရိတ်လှမ်း၍ မှာကြားသည်ကို အင်္ဂလိပ်မတစ်ယောက်နှင့် လက်ထပ်တော့မည့်ဟန် ချောက်တွန်းသောစာ ဖြစ်၏။ ထို့ကြောင့် ၁၉၁၃ ခုနှစ် လွှတ်တော်ရှေ့နေ မှတ်ပုံတင်ဖို့အတွက်ပင် ငွေမရှိ၊ နောက်ဆုံး ချစ်တီးတစ်ယောက်ထံမှ အတိုးကြီးပေးကာ အကြွေးယူခဲ့ရသည်။ ရန်ကုန်၌ ၃ လခန့် ရှိသောအခါ ဆက်လက်နေနိုင်ရန် အလားအလာမရှိသဖြင့် ပြည်မြို့သို့ ပြောင်းရွှေ့ခဲ့ရသည်။

"မောင်သိမ်းမောင်၊ ပြည်မြို့သို့ရောက်လျှင် လူကြီးသူမ၊ မြို့မိမြို့ဘများထံ မောင်သိမ်းမောင်က စ၍သွားလေ၊ မြို့မိမြို့ဘများ ချီးမြှောက်ကြလျှင် မောင်သိမ်း မောင်ကြီးပွားလိမ့်မည်" ဤကား ပြည်သို့ ပြောင်းရွှေ့ခါနီး ဝတ်လုံတော်ရ ဦးမေအောင်၏

http://www.dhammadownload.com



ဆုံးမစကားဖြစ်၏။ ဦးခင်၏ သင်ကြားပြသမှုနှင့် ဦးမေအောင်၏ ဆုံးမစကားများအတွက် တစ်သက်ပန် ကျေးဇူးတင်မဆုံးပါဟု ဦးသိမ်းမောင် စပ်မိတိုင်း ပြောလေ့ရှိ၏။

ဝတ်လုံပေါက်စကလေး မောင်သိမ်းမောင်သည် ခေတ်ပညာတတ် အင်္ဂလန်ပြန်လူငယ်တစ်ဦးပင် ဖြစ်သော်လည်း ပင်နီတိုက်ပုံ တောင်ရှည်ပုဆိုးနှင့် မြန်မာပီပီ ဝတ်စားနေထိုင်၏။ ပြည်မြို့ပေါ်ရှိ ဆရာတော် သံဃာတော်များနှင့် လူကြီးသူမများထံ ကျိုးနွံစွာ ချဉ်းကပ်၍ အဆုံးအမများကို နာခံ၏။ လူပင်ငယ်သော်လည်း မောင်သိမ်းမောင်၏ ဘာသာရေး အသိဉာဏ်နှင့် ချောင်ယဉ်ကျေးဖွယ်ရာရှိ၍ ဘဏ္ဍာတော်ထိန်းအဖြစ် တာဝန်ပေးအပ်ကြလေသည်။

တစ်ဘက်ကလည်း အမှုများကို လိုက်၍ ဝမ်းကျောင်းရ၏။ ထူးခြားသည်မှာ အမှုကို လက်ခံရာ၌ မှန်ကန်ရိုးဖြောင့်သော အမှုသည်ဘက်ကိုသာ ရွေးချယ်လက်ခံ၍ လုပ်ကိုင်ပေးနေခြင်းပင် ဖြစ်သည်။ ငွေရလျှင်ပြီးရော သဘောမထား။ ထို့ကြောင့်လည်း မြို့လူထု၏ လေးစားအားကိုးခြင်း ခံရ၏။

## မြို့လုံးကျွတ် ဖိနပ်အစည်းအဝေးကြီး

မောင်သိမ်းမောင် ရွှေဆံတော်ဘုရား ကုန်းတော်ပေါ်သို့ တက်တိုင်း စောင်းတန်းအဝင်၌ မျက်စိထဲတွင် ခိုးလိုးခုလုဖြစ်နေသော စာတမ်းတစ်ခုကို မကြည့်လိုဘဲ နေ့စဉ်မြင်နေရ၏။

"ဥရောပနှင့် အမေရိကန် လူမျိုးများမှတစ်ပါး မည်သူမျှ ဖိနပ်မစီးရ"

ထိုစာတမ်းကို ထိုခေတ်က ကျောင်းကန်ဘုရားတိုင်းတွင် တွေ့ရမြဲ ဖြစ်၏။ ထိုစာတမ်းနှင့်အတူ ရှိသေစွာ ထိုင်၍ ဝတ်ပြုနေသူများဘေးမှ နိုင်ငံခြားသားတို့ ဘွတ်ဖိနပ်ကြီးတခွပ်ခွပ်နှင့် စေတီကျောင်းကန်များ၌ သွားလာနေကြသည်ကိုလည်း တွေ့မြင်နေကြရသည်။ ထိုစာတမ်းနှင့် ထိုအပြုအမူများကား ဗုဒ္ဓဘာသာဝင်တို့၏ နှလုံးသားကို နာကျင်စေသော်လည်း မည်သို့မျှ မတတ်သာ။ "ရိုင်းစိုင်းသူတို့အား ယဉ်ကျေးမှုပေးရန် ကျူးကျော်ရပါသည်" ဆိုသော လူယဉ်ကျေးတို့၏ မဖွယ်မရာ ပြုမူခြင်းကို ဘုရားသခင်တို့ပင် လျစ်လျူရှုတော်မူနေကျရသော ခေတ်ဖြစ်သည်။

မောင်သိမ်းမောင်ကား ဗုဒ္ဓကို မြတ်နိုးသောလူငယ်ပီပီ နှလုံးသားကို နေ့စဉ်ကျိန်းစပ်စေသော ထိုစာတမ်းကလေးကို ရေရှည် မကြည့်လိုတော့။ လူအများ ပို၍ထင်ရှားမြင်သာအောင် ရဲဝံ့စွာ ပြင်ရေး၍ ထားလိုက်သည်။

"မည်သူမျှ ဖိနပ်မစီးရ"

---

ပထမအကြိမ်

http://www.dhammadownload.com



အမျိုးဘာသာဂုဏ်ကို မြှင့်တင်ပေးလိုက်သော ထိုစာတမ်းကလေးကား မောင်သိမ်းမောင်၏ အမြင်နှင့် ဇာတိမာန်သတ္တိကို ဖော်ပြရုံမျှမက ဗြိတိသျှတို့အား ရိုးရိုးနှင့် ပြတ်သားစွာ လူ့ဝလေ့ယဉ်ကျေးမှု စစ်ကြေညာလိုက်ခြင်းပင် ဖြစ်၏။ ဥပဒေဘောင်အတွင်းမှ တော်လှန်ရေး စ,လိုက်ခြင်းလည်း ဖြစ်တော့သည်။

သို့သော် မကြာပါလေ .... ၊ ထိုဆိုင်းဘုတ် ဖြုတ်စေ အမိန့်ရောက်လာ၏။ အကြောင်းကား အိန္ဒိယ ဘုရင်ခံချုပ် လော့ဒ်ချယ်မ်ဆဖို့ မြန်မာပြည်သို့ မကြာမီ လာမည်။ ပြည်ရွှေဆံတော်ဘုရား ကုန်းတော်ပေါ်သို့ တက်မည်။ မြန်မာဘုရင်ခံ 'ဆာဟာကို့ဘတ္တလာ' ရှေ့တော်ပြေးလာမည်။ ထို့ကြောင့် ထိုဆိုင်းဘုတ် ဖြုတ်စေဟူ၏။ အင်္ဂလိပ်အရေးပိုင်၏ အမိန့်အရ မြန်မာနယ်ပိုင်ဝန်ထောက် ကိုယ်တိုင် ရွှေဆံတော် ဘဏ္ဍာတော်ထိန်းအဖွဲ့သို့ လာရောက်အမိန့်ပေးရာ 'လုံးဝမဖြုတ်နိုင်ပါ' ဟု ငြင်းဆိုလိုက်ကြသည်။ ဝန်ထောက်ကိုယ်တိုင် ဖြုတ်မည်ပြု၍ မောင်သိမ်းမောင်နှင့် ဘဏ္ဍာတော်ထိန်းအဖွဲ့က ဆိုင်းဘုတ်နားသို့ မကပ်နိုင်အောင် အစောင့်ဒရဝမ် ကုလားများအား တင်းတင်းကျပ်ကျပ် နိုင်းစေချထားလိုက်ရာ ဝန်ထောက်လည်း လှည့်ပြန်သွားရလေသည်။

ထိုအခါ မောင်သိမ်းမောင်၏ သတင်းသည် တစ်နိုင်ငံလုံး ကျော်ကြားသွားကာ မောင်သိမ်းမောင်မှ ဦးသိမ်းမောင် ဖြစ်လာရုံမျှမက 'ဖိနပ်သိမ်းမောင်' ဟူသော ဘွဲ့တစ်ခု တိုးလာလေ၏။ 'တိရစ္ဆာန်ဆရာဝန်' ဆိုသကဲ့သို့ ကြားရသည်မှာ သုတိ မသာသော်လည်း မြန်မာနိုင်ငံ ယဉ်ကျေးမှု တော်လှန်ရေးဘွဲ့တံဆိပ်ကြီးတစ်ခုပင် ဖြစ်တော့သည်။ ဖိနပ်ပြဿနာကား မငြိမ်းချေသေး။

## နောက်ဆုတ်ပေးရသော ခြေတစ်လှမ်း

ဦးသိမ်းမောင်သည် အကြောင်းအားလျော်စွာ ၁၂၈၀ (၁၉၁၈) ခုနှစ်တွင် ရန်ကုန်သို့ ပြောင်းရွှေ့ရန် အခြေအနေပေးလာ၏။

ပြည်မြို့မှာနေရင်း ရန်ကုန်တရားလွှတ်တော်မှာလည်း ရှေ့နေလိုက်ခဲ့ရလေရာ တရားဝန်ကြီးချုပ် 'အော်မောန်' က 'မောင်သိမ်းမောင် ရန်ကုန်ပြောင်းပြီး ရှေ့နေလိုက်ဖို့ကောင်းတယ် ပြောလိုက်ပါ' ဟု ပြည်မြို့ ခရိုင်တရားမ တရားသူကြီး ဦးဘိုးစမှ တစ်ဆင့် မှာကြားလိုက်၏။ ဆရာဖြစ်သူ ဆာဦးခင်နှင့် တိုင်ပင်ကြည့်ရာ "ပြောင်းသာ ပြောင်းခဲ့၊ မစားလောက်လျှင် ငါ့တစ်လခ ပေးမည်" ဟုပင် တိုက်တွန်းသဖြင့် ရွှေ့ပြောင်းခဲ့သည်။

http://www.dhammadownload.com



ရန်ကုန် ရောက်ပြန်လျှင်လည်း မိမိ၏ ပင်ကိုယ်ဝါသနာအရ ဘာသာရေး အသင်းအဖွဲ့များနှင့် ဆက်သွယ်လှုပ်ရှားလာလျက် ရှိခဲ့သည်။ ထိုနှစ်မှာပင် ပဲခူးရွှေမော်ဓော စေတီတော်ကြီး မြေငလျင်ဒဏ်ကြောင့် ပြိုပျက်လေရာ ဘုရင်ခံ 'ဆာ–ရယ်ဂျီနယ် ကရက်ဒေါက်' နှင့်အဖွဲ့ တက်ရောက်ကြည့်ရှု၏။ စေတီရင်ပြင်၌ ဖိနပ်စီးသည်ကို မြို့ပေါ်ရှိ ရဟန်းရှင်လူများမှအစ မကျေနပ်ချက်သတင်းများ ပြန့်ကားလာ၏။ ပဲခူးမြို့ ဗုဒ္ဓဂရုဂါရဝအသင်းက ဝိုင်–အမ်–ဘီ–အေ စသော ဘာသာရေးအသင်းကြီးများသို့ အကြောင်းကြား တိုင်တန်းလိုက်ရာ ထိုအချိန်က ဝိုင်–အမ်–ဘီ–အေ အကျိုးဆောင်မှာ ဖိနပ်သိမ်းမောင်ပင် ဖြစ်နေ၏။

ဝိုင်–အမ်–ဘီ–အေ အသင်းကြီးက ဦးဆောင်၍ မေလ ၁၉ ရက်နေ့တွင် ဂျူဗလီဟော၌ မြို့လုံးကျွတ်ဖိနပ်ချွတ်ရေး အစည်းအဝေးပွဲကြီးကို တစ်ခဲနက် ကျင်းပ ကြသည်။ ထိုဆန္ဒပြပွဲကြီး၌ သဘာပတိ ဦးသိမ်းမောင်၏ စကားများမှာ ရဲရင့်ပြတ် သား၍ ရဟန်းရှင်လူ ပရိသတ်ကြီးက အားတက်သရော ဩဘာပေးခဲ့ကြလေသည်။

'မည်သူမျှ ဖိနပ်မစီးရ' ဟူသော ဦးသိမ်းမောင် ဆိုင်းဘုတ်ကို တစ်နိုင်ငံလုံး အတိုင်းအတာအထိ ၂၉–၁၀–၁၉ နေ့က ဗြိတိသျှအစိုးရတို့ အညံ့ခံလိုက်လျှောကာ အမိန့်ထုတ်ပြန်ပေးခဲ့ရလေသည်။ စစ်ဦးကျိုးသွားသော ဤအချက်ကပင် ပါတော်မူ အချိန်က မြန်မာတို့ လက်ရုံးရည်အစား နှလုံးရည် အသုံးမှားခဲ့ကြသော်လည်း ဤတစ်ခေတ်တွင် နှလုံးရည်ဖြင့်သာ အောင်ပွဲခံရမည်ကို ဖော်ပြနေပေသည်။

ဤဖိနပ်ပြဿနာမှာ ဘုရားကျောင်းကန် ပရဝုဏ်အတွင်း၌ ဖိနပ်စီးသင့် မစီးသင့်ဟူသော သာမန်ပြဿနာမျှမဟုတ်၊ မိစ္ဆာဒိဋ္ဌိတို့ လိမ်လည်သွေးခွဲ၍ သိမ်းပိုက် အုပ်စိုးခြင်းကို ဥပဒေဘောင်အတွင်းမှ ထွက်ပေါက်ရရာက တိုးဝင်တော်လှန်လိုက်ခြင်း ပင်ဖြစ်၏။ ဂျူဗလီဖိနပ်အစည်းအဝေးပွဲကြီးသည် မြန်မာနိုင်ငံ နိုင်ငံရေးမုခ်ဦးကို စတင်ဖွင့်လှစ်လိုက်ခြင်းဖြစ်၍ တစ်မျိုးသားလုံးအား "မြန်မာပြည်သူ ရဟန်းရှင်လူတို့၏ ဆန္ဒသည် တစ်နေ့ မုချအောင်ပွဲခံရမည်" ဟူသော အသိကို ပျိုးထောင်ပေး လိုက်ခြင်း လည်း ဖြစ်သည်။ မြန်မာနိုင်ငံအား ဗြိတိသျှတို့ အပြီးအပိုင် လက်လွှတ် ထွက်ခွာသွား ရရာ၌ ပထမဆုံး ဆုတ်ခွာပေးခဲ့ရသော ခြေလှမ်းတစ်လှမ်းပင်တည်း။

http://www.dhammadownload.com



## နိုင်ငံရေးခေါင်းဆောင် ဦးဿိမ်းမောင်

### (၄)

ထိုအချိန်မှစ၍ ဦးဿိမ်းမောင်၏ ခြေလှမ်းများသည် ဘာ သာရေးအသင်းအဖွဲ့များ၌ ခြေစုံချရာမှ နိုင်ငံရေးလောကသို့ ခြေတစ်ဖက် လှမ်းခဲ့ရ၏။ အခြားလူမှုရေး၊ ပညာရေး၊ ကယ်ဆယ်ရေး၊ တရားဥပဒေရေး စသော နယ်ပယ်များဘက်သို့လည်း လှမ်းခဲ့ရပြန်၏။ မည်သို့ဖြစ်စေ၊ မိမိ ခြေကုတ်စခန်းအဖြစ် ရပ်တည်ထားသော ပင်မဘာသာရေးနယ်ပယ်ကိုမူ လက်မလွှတ်ရုံမျှမက ပို၍ပင် ကြံ့ကြံ့ရပ်တည်ထားလေသည်။

ကိုယ်ရောစိတ်ပါ ဘာသာရေး၌ အခိုင်အမာ ရပ်တည်သွားမှ အရေးပေါင်းသောင်းခြောက်ထောင်ကို လွယ်ကူစွာ အောင်မြင်နိုင်သည်ဟူသော ငယ်နိုင်ကို ဦးဿိမ်းမောင် ရရှိထားပြီး ဖြစ်သောကြောင့်တည်း။

'နိုင်ငံရေးသမား ဦးဿိမ်းမောင်' ဆိုရာတွင် ယခုခေတ် လူတို့နား၌ အဓိပ္ပာယ်သက်ရောက်မှု တစ်မျိုးဖြစ်ကောင်းဖြစ်မည်။ နိုင်ငံရေးသမားဟူသော ဝေါဟာရကို အဓိပ္ပာယ်ရှင်းပြရန် လိုပေဦးမည်။

ဒေါက်တာမောင်မောင် (ယခုနိုင်ငံတော်ကောင်စီဝင်) က "ထိုခေတ်က နိုင်ငံရေးမှာ အေးဆေးငြိမ်သက်၏။ ဒေါက်တာဘမော်၊ ဦးပု၊ ဆာပေါ်ထွန်း စသော ပညာတတ် ဝတ်လုံများ၊ အလုပ်အကိုင်ဖြင့် စားသောက်နိုင်သူများ ဝင်ရောက်စခန်းသွားချိန် ဖြစ်၏။" ဟု ဖော်ပြထားလေသည်။ အထူးသဖြင့် ဦးဿိမ်းမောင်အဖို့ကား ရွေးကောက်ပွဲ၌ နိုင်ရန် မိမိပိုက်ဆံ အကုန်ခံခဲ့ရသည် မရှိ။ မဲဆွယ်မဲဝယ်ခြင်း မရှိ၊ စင်စစ် မဲဆန္ဒရှင်များက သာလျှင် ဦးဿိမ်းမောင် ပါဝင်အရွေးခံရန် တိုက်တိုက်တွန်းတွန်း ဆွယ်ခဲ့ကြရလေသည်။

၂၉ နှစ်မျှသာ ရှိသေးသော ဦးဿိမ်းမောင်ကား ၁၉၂၀ ခုနှစ်တွင် ထိပ်သီး ဝံသာနုခေါင်းဆောင်ကြီး ၃ ဦးအနက် တစ်ဦးအပါအဝင် ဖြစ်ခဲ့၏။ အသက်အငယ်ဆုံး ရွှေတိဂုံစေတီ ရာသက်ပန် ဘဏ္ဍာတော်ထိန်းလည်း ဖြစ်၏။

၁၉၁၉ ခုနှစ်က ဖေပုရှိန် (ဦးဘဖေ၊ ဦးပု၊ ဦးထွန်းရှိန်) တို့အဖွဲ့ အုပ်ချုပ်ရေး စည်းမျဉ်းသစ်များ တောင်းဆိုရန် ဘိလပ်သို့သွားကြ၏။ နောက်နှစ်တွင် ဦးထွန်းရှိန် ကွယ်လွန်၍ ထိုနေရာ၌ ဦးဿိမ်းမောင်အား ရွေးချယ်ခဲ့ကြ၏။ ထိုခေါင်းဆောင်ကြီးများ၏ ကြိုးစားမှုကြောင့် ကျေနပ်လောက်သော တိုးတက်မှု မဟုတ်လှသေးစေကာမူ လက်ရှိထက် တစ်ဆင့်မြင့်တက်လာသော ဒိုင်အာကီအုပ်ချုပ်ရေးအဆင့်သို့ တက်

http://www.dhammadownload.com



လာနိုင်ခဲ့သည်။ ထိုစနစ်သစ်ကို စမ်းသပ်အသုံးပြုရင်း ထို့ထက်ကောင်းမွန်သော အခွင့်အရေးများကို ဆက်လက်တောင်းဆိုသွားကြရန် ရည်မှန်းကြလေသည်။ သို့ရာတွင် ဒိုင်အာကီကို လုံးဝမလိုလားသူ လှိုင်ပုကျော်အဖွဲ့ ခွဲထွက်သွားသည်။

ဦးသိမ်းမောင်တို့ ဒိုင်အာကီတွင် ၂၁ ဦးရှိ၍ ၂၁ ဦး ပါတီခေါ်၏။ ဦးသိမ်းမောင်လည်း နိုင်ငံရေးသံသရာတွင် ရေစီးတစ်ခါ ရေသာတစ်လှည့်ကြည့်၍ လှော်ခတ်ခဲ့ရ၏။

၁၉၂၂–၃၁ ခု၊ ရန်ကုန်မြူနီစပါယ်လူကြီး၊ ၁၉၂၂ ခု ၂၅ မြူနီစီပါယ်ပညာရေးအဖွဲ့ဥက္ကဋ္ဌ၊ ၃၁ ခု၊ မြို့တော်ဝန် ရာထူးများကိုလည်း ထမ်းဆောင်ခဲ့ရ၏။ ၁၉၃၃ ခုနှစ်တွင် အိန္ဒိယနှင့်မြန်မာ ခွဲရေးတွဲရေး ပြဿနာပေါ်လာ၏။ ဦးသိမ်းမောင်တို့ အဖွဲ့ ဘိလပ်သို့သွားရောက်အရေးဆိုကြရရာ ခွဲရေးဘက်၌ အခိုင်အမာ ရပ်တည်၍ အချက်အလက်များစွာဖြင့် တင်ပြပြောဆိုသူမှာ ဦးသိမ်းမောင်ပင် ဖြစ်လေသည်။

ထို့နောက် အိန္ဒိယဗဟိုလွှတ်တော်တွင် ဦးဘစီ၊ ဒေါက်တာသိမ်းမောင်တို့နှင့်အတူ မြန်မာအမတ် ၃ ဦး တက်ရောက်ခဲ့ကြရ၏။ ထိုစဉ် ဟိန္ဒူမဟန့်ကြီးတစ်ဦးတည်း ပိုင်ဆိုင်ခြယ်လှယ်လျက်ရှိသော ဗုဒ္ဓပွင့်ရာ မဟာဗောဓိ စေတီတော်ပရဝုဏ်ကို ဗုဒ္ဓဘာသာဝင်များလက်သို့ လွှဲပြောင်းပေးရန် အဆိုပြုကြရာ၊ အိန္ဒိယနှင့် ခွဲရေး ဖြစ်လာ၍ ထိုကိစ္စတန်းလန်းကျန်ခဲ့၏။ ၁၂၉၆ ခု၊ တန်ခူးလ (၁၉၃၅၊ ဧပြီလ) သူရိယ မဂ္ဂဇင်း၌ ထိုမဟာဗောဓိ ဥပဒေကြမ်း ပါရှိခဲ့သည်။ ၁၃၁၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ တနင်္လာနေ့ ဟံသာဝတီ သတင်းစာတွင် ဗုဒ္ဓဂါယာနယ်မြေကို မဟန့်ဟာ ရီဟာဂါနှင့် အခြားပိုင်ရှင်များထံမှ အိန္ဒိယအစိုးရက သိမ်းပိုက်ကြောင်း သတင်းပါလာ၏။

၁၉၃၆ ခုနှစ်တွင် ပုသိမ်တောင်ပိုင်း အမတ်အဖြစ် ဝင်ရောက်အရွေးခံရာမှာ ပညာရေး ဝန်ကြီးချုပ် ဖြစ်လာ၏။ ပဋ္ဌမပြန်စာမေးပွဲ စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းရန် စီမံခဲ့၏။ သို့ရာတွင် လွှတ်တော်၌ မြန်မာအမတ်များ အချင်းချင်းကွဲပြား၊ ကုလား အင်္ဂလိပ်အမတ်တို့မှာ စုစည်းခြယ်လှယ်၍ ခြေထိုးမှု၊ မဲရောင်းမဲဝယ်မှု စသော မသမာမှုများလွှမ်းမိုးလာရာ "နိုင်ငံရေးအလုပ်ဟာ ကုသိုလ်တစ်ပဲ၊ ငရဲတစ်ပိဿာ အလုပ်ပဲ" ဟုဆိုကာ ထိုအချိန်မှစ၍ နိုင်ငံရေးအလုပ်ကို စွန့်ပယ်ခဲ့လေသည်။

နိုင်ငံရေးကို ငြီးငွေ့နေသူမှ ဂျပန်ခေတ်တွင် တရားဌာနဝန်ကြီး၊ အိမ်စောင့်အစိုးရလက်ထက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် သာသနာရေး၊ ကျန်းမာရေးဝန်ကြီး (၁၉၅၈–၅၉) အဖြစ် လေးလခန့် ပါဝင်ဆောင်ရွက်ခဲ့ရပေသေးသည်။

http://www.dhammadownload.com



## မှန်တိုင်းထန်သော သမိုင်းစာမျက်နှာများ

### (၅)

ဦးသိမ်းမောင်သည် ၁၉၃၇ ခုနှစ်တွင် ရုံးတော်ခန့်ထားရေး ကော်မရှင်အဖွဲ့တွင် ရာထူးဝန်အဖြစ် ခန့်ထားခြင်းခံရ၍ မိမိစီစဉ်ခဲ့သော ပဋ္ဌမပြန်စာမေးပွဲ စုံစမ်းရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ရပြန်လေရာ ထိုဆောင်ရွက်ချက်ကား မြန်မာနိုင်ငံ ပါဠိပဋ္ဌမပြန် သမိုင်းတွင် သမိုင်းမှတ်တိုင်တစ်ခု စိုက်နိုင်ခဲ့ပြန်၏။ ယင်းကား ရှေးက ပဋ္ဌမပြန်တွင် ငယ်၊ လတ်၊ ကြီးအဆင့် ၃ ဆင့်သာ ရှိခဲ့ရာ မန္တလေးမြို့၊ မစိုးရိမ်တိုက် ဆရာတော် ဦးသုရိယ၊ ဦးဉာဏ၊ ဦးစန္ဒောဘာသတို့ တိုက်တွန်း၍ စည်းမျဉ်းပါ တင်ပြချက်အရ ဓမ္မာစရိယ စာချတန်း စာမေးပွဲဟူ၍ အဆင့်မြင့် စာမေးပွဲတစ်ခု တိုးတက်လာခြင်းပင် တည်း။

ရာထူးဌာနန္တရနှင့် လူမှုရေး ဆောင်ရွက်ချက်များတွင်လည်း ဦးသိမ်းမောင်၏ သမိုင်းသည် ထွန်းပြောင်လျက်ပင် ရှိနေပြန်၏။

ဦးသိမ်းမောင်သည် ၁၉၃၇ မှ ၄၆ ထိ ရန်ကုန်လူငယ်များ ဂေဟာအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖြစ်လာသောအခါ ဂေဟာရှိ လူငယ်များအား ရှင်ပြုပေးရန် မူချ၍ ရှင်ပြုပေးခဲ့သည်။

၁၉၃၈ ခုနှစ်တွင်ကား မြန်မာလူမျိုးထဲမှ ပထမဆုံး ခန့်အပ်ခြင်း ခံယူရသော လွှတ်တော်ရှေ့နေချုပ်ကြီး ဖြစ်လာ၏။ ထိုနှစ်မှာပင် အစိုးရက ဘုန်းတော်ကြီးကျောင်းတွင် တိုင်းရင်းဘာသာ ပညာသင်ကြားမှု စုံစမ်းရေးအဖွဲ့ ဖွဲ့စည်းရာ ဦးသိမ်းမောင် ပါဝင်ဆောင်ရွက်ခဲ့ရပြန်၏။ (၁၉၄၈ ခုနှစ်တွင်မှ အစီရင်ခံစာ ထွက်ပေါ်နိုင်ခဲ့၏။)

တစ်ဖန် ထိုနှစ်မှာပင် မြန်မာနိုင်ငံ ဘုရင်ခံကို ဥက္ကဋ္ဌထား၍ ဖွဲ့စည်းသော ကုဋ္ဌနူနာနှင့် အဆုတ်ရောဂါပပျောက်ရေး အသင်းတွင်လည်း သဘာပတိအဖြစ် ၁၉၅၉ ခုနှစ်တိုင်အောင် နှစ်ပေါင်း ၂၀ ကျော် ငွေရှစ်သိန်းခွဲ ဆောင်ရွက်ပေးခဲ့သည်။ ထိုအသင်းကပင် ရန်ကုန်ဆေးရုံကြီးနှင့် မျက်နှာချင်းဆိုင် လေးသိန်းကျော်တန် အဆုတ်ရောဂါကု ဆေးရုံကြီးကို ဆောက်လုပ်ပေးနိုင်ခဲ့လေသည်။

ထိုမှတစ်ပါး ဂိလာနရဟန်းတော်များ ဝိနည်းဒေသနာတော်နှင့်အညီ ရက်ရှည် ဆေးဝါးကုသခံနိုင်စေရန် ဗဟန်း ဓိဝိတဒါနသံဃာဆေးရုံ တည်ထောင်ဆောက်လုပ်ရာ၌ အဖွဲ့ဝင်တစ်ဦး ဖြစ်သည့်အပြင် မန္တလေး ဆေးရုံကြီး၌လည်း သီးခြားသံဃာဆေးရုံ အဆောက်အအုံတစ်ခုဖြစ်စေရန် မ,တည်ငွေ တစ်သောင်းကျော် လှူဒါန်း၍ အကောင်

http://www.dhammadownload.com



အစည်ဖော်နိုင်ခဲ့၏။ အမြို့မြို့ သံဃဆေးရုံများ၏ ရှေ့သွားစံပြ ဖြစ်ခဲ့သည်။ သာသနာအတွက် တကယ့်လိုအပ်ချက်ကို မြင်၍ မြင်သည့်အတိုင်း ဆောင်ရွက်နိုင်သူကား ရှားပေစွ။

ဒုတိယကမ္ဘာစစ်မီးကား ရန်ကုန်နှင့် နီးကပ်လာသော အချိန်သို့ရောက်ခဲ့၏။ အုပ်ချုပ်သူများ ဟန်ကိုယ့်ဖို့ လုပ်နေချိန် ဦးသိမ်းမောင်ကား တစ်စုံတစ်ခုကို ရဲရင့်ပြတ်သားစွာ ဆုံးဖြတ်လျက် မန္တလေး၊ စစ်ကိုင်းဘက်သို့ ထွက်ခွာခဲ့၏။ မိသားစုနှင့် ရုံးအမှုထမ်း အချို့ပါ ခေါ်ဆောင်ခဲ့သည်။ မြို့သူမြို့သားများလည်း အနယ်နယ်သို့ ပုန်းရှောင်နေကြလေပြီ။

ကျီးလန့်စာစား နေကြရသော ထိုအချိန်မျိုးမှာပင်လျှင် ဦးသိမ်းမောင်၏ ရာထူးကို မျှော်လင့်နေသူများ ရှိနေပေသေး၏။ ဦးသိမ်းမောင်အား တာဝန်ရှောင်သူအဖြစ် စွဲချက်တင်ကာ ဘုရင်ခံအား ချောက်တွန်းသူများ ရှိခဲ့ချေသေးသည်။ ရာဇဝိန္ဒြေဆယ်နေသော ဘုရင်ခံလည်း ရက်ပိုင်းအတွင်း အိန္ဒိယသို့ ဆုတ်ခွာရန် မန္တလေးသို့ ရောက်လာ၏။ ဆာပေါ်ထွန်းလည်း ဘုရင်ခံနှင့်ပါလာရာ ဦးသိမ်းမောင်နှင့် မန္တလေးမှာ ဆုံစည်း၍ အိန္ဒိယသို့ လေယာဉ်ပျံနှင့် လိုက်ခဲ့ရန် ခေါ်ကြသည်။ ဗြိတိသျှကို ဤမျှအထိ ကျိုးနွံရန်မလိုဟု ယူဆထားသော ဦးသိမ်းမောင်အဖို့ လွယ်လွယ်ပင် ငြင်းပယ်နိုင်ခဲ့၏။ ဤအချိန်အခါမျိုးတွင် သူ့အတွက် အမြတ်ထွက်အောင်လုပ်မည်ဟုလည်း ဆုံးဖြတ်ချက်တစ်ခု ရှိထားခဲ့ရာ သူ မြတ်နိုးသည်ကား စစ်ကိုင်းတောင်ရိုးပင် ဖြစ်သည်။

ဦးသိမ်းမောင်၏ စစ်ပြေးဒုက္ခသည်ဘဝကား ဒါန၊ သီလ၊ ဘာဝနာကို စိတ်တိုင်းကျ လုပ်လို့ရသော ဘဝဖြစ်ခဲ့၏။ စစ်ကိုင်းတောင်ရိုးရှိ မထေရ်ကြီးများအား ဆွမ်းကွမ်းလည်း ကိုယ်တိုင်နေ့စဉ်လှူရ၏။ စာပေကျမ်းဂန် ဆွေးနွေးမေးလျှောက်ခွင့်ရ၏။ တရားဘာဝနာဖြင့် မွေ့လျော်ရ၏။ အရှုံးထဲကအမြတ်ထွက်အောင် ဆုံးဖြတ်ချက်မှန်ခဲ့၏။ သို့ရာတွင် နေ့စဉ်ပင် စစ်၏ အနိဋ္ဌာရုံသတင်းများက မကြားဝံ့အဆုံးရှိတော့သည်။ အထူးသဖြင့် အနုပညာလက်ရာမြောက်၍ သားစဉ်မြေးဆက် ဂုဏ်ယူလောက်သော နန်းတော်ကြီးနှင့်တကွ ဘုရားတန်ဆောင်း ကျောင်းကန်စာပေများပျက်စီးဆုံးရှုံးရသည့်သတင်းများက တစ်နေ့ပြီးတစ်နေ့ ရင်နာစွာ ကြားနေရ၏။ တရားဥပဒေဘောင်အတွင်းမှ တစတစ တိုက်ပွဲအရှိန် တိုးမြှင့်သွားလျှင် အမျိုးသားလွတ်လပ်ရေးကား တစ်နေ့တွင် ပြေးမလွတ်ဟု ယူဆထားသူ ဦးသိမ်းမောင်လို ပုဂ္ဂိုလ်အတွက် မြန်မာနိုင်ငံ၏ ကံကြမ္မာကို ရှေ့ဆက်မတွေးဝံ့အောင် ရှိတော့သည်။ အချိန်အခါကို သိမြင်သူပီပီ တရားနှင့်သာ မွေ့လျော်ရပေတော့၏။ သို့သော် မကြာ

http://www.dhammadownload.com



ပါချေ။ ၆ လခန့် ရှိလျှင် ပေါင်းတည်သို့ ပြောင်းရွှေ့စစ်ခိုခဲ့သည်။ ထိုအချိန်ကား လွတ်လပ်ရေးလိုချင်လှသော မြန်မာတို့အတွက် ဂျပန်တို့က လွတ်လပ်ရေးပေးရန် စီစဉ်နေချိန်ဖြစ်၏။ လွတ်လပ်ရေးပြင်ဆင်မှုကော်မတီ၊ အုပ်ချုပ်မှုအခြေခံဥပဒေရေးဆွဲရေးအတွက် ပေါင်းတည်မှ ရန်ကုန်သို့ လာရပြန်၏။ ဂျပန်တို့ပေးသော လွတ်လပ်ရေး အဓိပ္ပာယ် မရှိနိုင်သည်ကို ကြိုတင်သိထားသော ဦးသိမ်းမောင်က လွတ်လပ်စွာ ဆွေးနွေးခွင့် ရှိမရှိ မေးမြန်းပြီးနောက် ....

"သမ္မတနိုင်ငံ ထူထောင်မလား၊ ရှင်ဘုရင် တင်မြှောက်မလား၊ သမ္မတ ဖြစ်လျှင် ဘယ်လိုသမ္မတလဲ၊ ရှင်ဘုရင်ဆိုရင်လည်း ဘယ်လိုရှင်ဘုရင်လဲ" စသည်ဖြင့် တစ်ဆစ်ချင်း မေးမြန်းလေရာ ဂျပန်ဗိုလ်ချုပ်များ ချွေးပြန်ကြလေ၏။ ဦးသိမ်းမောင်ကား ထိုကော်မတီတွင် ဆင်ခြေဆင်လက် အတက်ဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ၁၄ ရက်ပင် ကြာသော်လည်း နိပ္ပွန်မာစတာတို့ တစ်စုံတစ်ရာမျှ ဆုံးဖြတ်ချက်မပေးနိုင်။ နောက်ဆုံး မြန်မာ တစ်မျိုးသားလုံး သူ့လက်ခုပ်ထဲကရေဖြစ်နေ၍ ဂျပန်တို့ပေးသော လွတ်လပ်ရေး ယူကြရကာ ဦးသိမ်းမောင် တရားဌာန ဝန်ကြီးရာထူးကိုပါ လက်ခံရလေတော့၏။

"အရှုံးထဲက အမြတ်" ဟူ၍ပင် ပြောရဦးတော့မည်။ တရားဌာနဝန်ကြီးဘဝ နှစ်ရက်တစ်မွန်းတည့်ပင် ဖြစ်စေကာမူ အမျိုးသားတို့အကျိုးကို ဥပဒေဖြင့် ဆောင်ရွက်နိုင်ခဲ့၏။ ဥပမာ – သာယာဝတီခရိုင်မှ လူပေါင်း ၁၁၄ ယောက်တို့အား ဓားပြမှု ဆိုကာ ထောင်ချခြင်း၊ ကသာမြို့ အချုပ်တွင်းမှ လူ ၂၆ ယောက်အား ဂျပန်တို့၏ သတ်ဖြတ်ခြင်း၊ နောက်ဆုံး အဓိပတိ ဒေါက်တာဘမော်ကိုပင် ဂျပန်တို့က သတ်ရန် ကြိုးစားခြင်းများအတွက် ဂျပန်စစ်ဘက်ဆိုင်ရာ အာဏာပိုင်တို့နှင့် အပြင်းအထန် အရေးဆိုနိုင်ခဲ့လေသည်။

အပြောင်းအလဲကား မြန်ဆန်လှပေ၏။ ဂျပန်ကို ပင့်ခေါ်၍ မဟာန်သောအခါ အိန္ဒိယသို့ လူလွတ်၍ အရှင်သခင်ဟောင်းကို လက်ပြောင်းကြိုဆိုရပြန်၏။ ဂျပန်အဝင် က ကျန်နေသေးသော အဆောက်အအုံတချို့ အင်္ဂလိပ်ပြန်အဝင်၌ ပြာကျရပြန်၏။ မြန်မာ့မြေပေါ်ရှိ လင်းတများအတွက် အလွန်ရခဲ ကြုံခဲသော ရတနာ့ပုံဆိုက်ပွဲကြီး ဖြစ်ခဲ့သည်။ ဂျပန်များ ရန်ကုန်မှ ဆုတ်ခွာမည်ရှိစဉ် ဂျပန်ဗိုလ်မှူး 'ဟီရာအိုကာ' က အကာအကွယ်ပေးလိုဟန်ဖြင့် မြန်မာအစိုးရအဖွဲ့ဝင် ဝန်ကြီးများအား အကူလိုက်ပါရန် ခေါ်၏။ နောက်ဆုံး ကက်ဘိနက်အစည်းအဝေးတွင် ဓားစာခံအဖြစ် အခေါ်ခံရသည်ကို မြင်နေသော ဦးသိမ်းမောင်က ပွင့်ပွင့်လင်းလင်းပင် ဝေဖန်ပြောဆို၏။ ဝန်ကြီးအားလုံး ကိုယ်လွတ်ရန်းသွားလျှင် မြို့ပျက်ပြည်ပျက်မည်၊ ရာဇဝင်ရိုင်းမည်။ မြို့စောင့်ကျန်ရှိရစ်

http://www.dhammadownload.com



သင့်သည် စသည်ဖြင့် ပြောဆို၍ ဦးသိမ်းမောင်နှင့် ဝန်ကြီးအချို့ နေခဲ့၏။ ဒေါက်တာဘမော်နှင့် ဝန်ကြီးအချို့ကိုသာ လိုက်ပါသွားကြသည်။

မြန်မာနိုင်ငံ ဒုတိယကမ္ဘာစစ်ကဏ္ဍသည် မရှည်လျားလှသော်လည်း ဟီရိုရှီးမား အဏုမြူဗုံး ချခံရသည်ထက် နစ်နာခဲ့၏။ မည်သည့်တော်လှန်ရေးမျှ မလုပ်၊ အိမ်တစ်ဆောင်မျှ မီးလောင်မခံရသော အိန္ဒိယပြည်ကြီးထက် တစ်နှစ်စော၍ လွတ်လပ်ရေးလည်း ရခဲ့ကြပါ၏။ သမိုင်းဝင် အဆောက်အအုံနှင့် ပစ္စည်းများ အစားထိုး၍ မရနိုင်တော့စေကာမူ .... ယခင် ကျွန်ဘဝ၌ အတူနေခဲ့ရသော အိန္ဒိယကဲ့သို့ကား လေယာဉ်၊ အဏုမြူများ မထုထောင်နိုင်ကြသေးစေကာမူ အိုးအိမ်တိုက်တာနှင့် တံတား ကျိုး လမ်းပျက်များကို မကြာမတင် ပြန်လည်ထူထောင်နိုင်ခဲ့ကြပါ၏။

သို့သော် ဒုတိယကမ္ဘာစစ်၏ အမွေဆိုးတစ်ခုဖြစ်သော စည်းလုံးချစ်ခင်မှုနှင့် ကိုယ်ကျင့်တရားရေးရာကား ဆောက်လိုက်ပြိုလိုက် ပြန်လည်တည်ဆောက်၍ပင် မရနိုင်အောင် ဖြစ်ခဲ့ကြရ၏။ ထိုပြည်သူ့စာရိတ္တပိုင်းအတွက် ဦးသိမ်းမောင် ဘာတွေ လုပ်ခဲ့သည်ကို ဆက်လက်လေ့လာမှတ်သားအပ်ကုန်၏။

## လွတ်လပ်ရေး အသီးအပွင့် ခူးပေးသူ

ဦးသိမ်းမောင်ကား ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အသက်အရွယ်လည်း ၅၀ ကျော်ခဲ့ပြီဖြစ်၍ အသိဉာဏ်အမြော်အမြင်တို့လည်း ပို၍ ရင့်ကျက်လာ၏။ ဘဝပေး အမျိုးဘာသာ သာသနာစိတ်ဓာတ်လည်း ပို၍ တည့်မတ်လာ၏။ အရာရာ၌ သူ၏ ရှုမြင်သုံးသပ်ချက်များကား အများနှင့်မတူတတ်၊ လက်တွေ့ခံစားခဲ့ရသော စစ်ဆား ဒုက္ခက ဘာသာရေးဘက်၌ အလေးတင်ပေးလိုက်သည်။ ဝိပဿနာတရားကိုလည်း တစတစ ထူထောင်လာခဲ့ရာ သူ့အမြင်တို့သည် ပို၍ ကြည်လင်လာ၏။ လူထဲ၌ နေရစေကာမူ လူအများစု အသိနှင့် ကွာဟမှန်းမသိ ကွာဟလာလေတော့၏။

စစ်ကြီး ပြီးသောအခါ ယခင် ထမ်းဆောင်မြဲ ဘာသာရေး၊ လူမှုရေး တာဝန် များက ပခုံးပေါ် ရောက်မြဲရောက်လာ၏။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း၊ ကလေးများဂေဟာဥက္ကဋ္ဌ၊ ကုဋ္ဌနူနာနှင့် အဆုတ်ရောဂါ ပပျောက်ရေးအဖွဲ့ သဘာပတိ၊ ဝိုင်–အမ်–ဘီ–အေ၊ ဗုဒ္ဓဘာသာအဖွဲ့ချုပ် စသော ထိုထို ဘာသာရေးအသင်း အဖွဲ့ကိစ္စများ။

ထိုမှတစ်ပါး အထူးအားဖြင့် ဖ–ဆ–ပ–လ အဖွဲ့ကြီး၏ တောင်းပန်ချက်အရ လွတ်လပ်ရေး ပြင်ဆင်မှုအခြေခံ ဥပဒေရေးဆွဲရေးတွင် ဦးစားပေး ပါဝင်ဆောင်ရွက်

http://www.dhammadownload.com



ရပြန်၏။ ထိုကိစ္စတွင် ဖ–ဆ–ပ–လ အဖွဲ့ဝင်များနှင့် ပြည်နယ်များ ခွဲထွက်ခွင့် အခန်း၌ ကြီးစွာ သဘောကွဲလွဲခဲ့ရပြန်၏။ သို့သော် ဦးသိမ်းမောင်ကပင် အလျှော့ပေးလိုက်ရသည်။ တစ်ဖန် အင်္ဂလိပ်ခေတ်က ဟိုက်ကုတ် တရားဝန်ကြီးချုပ်ဖြစ်သူ 'ဆာရိုင်းရပ်တလက်' က ခန့်အပ်သော 'ဗုဒ္ဓဘာသာဥပဒေဖြတ်ထုံး စီရင်ပြုစုရေးကော်မီတီ'တွင် ဆောင်ရွက်ရရာ၌ကား ဦးသိမ်းမောင်၏ အမျိုးသားရေး အမြော်အမြင်နှင့် ဥပဒေပညာသည် သားစဉ်မြေးဆက်အတွက် များစွာ အကျိုးသက်ရောက်စေခဲ့၏။

အထူးသဖြင့် ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများ ထိမ်းမြားလက်ထပ်ခြင်းကိစ္စဖြစ်သည်။ ထိုကိစ္စကား မြန်မာလူမျိုးတို့၏ အသက်သွေးကြောဖြစ်၏။ ဝတ်လုံတော်ရ ဦးမေအောင် (နောင် ပြည်ထဲရေးဝန်ကြီး၊ ၁၈၈၀–၁၉၂၄) စသော မြန်မာ ဥပဒေပညာရှင်များ အင်္ဂလိပ်ခေတ်ကပင် အထူးအလေးပေး၍ ဆောင်ရွက်ခဲ့ကြရသည်။

အကြောင်းကား မည်သည့် နိုင်ငံခြားသား လူမျိုးခြားမဆို၊ သူတို့၌ အသီးအသီးသီးခြား လူမျိုးရေးဥပဒေများ ရှိနေကြ၏။ လူမှုရေးကို ဓောင်းပေးသော ဘာသာရေးဥပဒေများလည်း ရှိနေကြ၏။ အိမ်ထောင်ပြုလွယ်ကူလွန်းသော မြန်မာအမျိုးသမီးတို့မှာ သေကွဲရှင်ကွဲ ကွဲကြသောအခါမှ နှာခေါင်းကျည်ပွေ့ တွေ့ကြလေတော့သည်။ တရားဥပဒေအရ အပျော်မယားနှင့် တိတ်တိတ်ပုန်း သားသမီးဖြစ်၍ မည်သည့်ရပိုင်ခွင့် အမွေဆက်ခံခွင့်မျှ မရရှိကြတော့ချေ။ လင့်အယူသို့ ကူးပြောင်း၍ လက်ထပ်ကြသော်လည်း မိမိသာလျှင် အမျိုးဘာသာပျောက်ရုံမျှမက ရင်သွေးများကိုပင် နစ်ရာရောက်စေကြ၏။

ဝတ်လုံတော်ရ ဦးမေအောင်၏ ဗုဒ္ဓဘာသာ ဥပဒေဖြတ်ထုံးများတွင် ထိုအချက်ကို များစွာဆွေးနွေးခဲ့၏။ ဦးသိမ်းမောင်လည်း ထိုအချက်ကို မျက်တောင်မခတ်သုံးသပ်ခဲ့သည်။ ထို့ကြောင့် ၁၉၃၉ ခုနှစ်တွင် **"ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ"** ကို အကောင်အထည် ဖော်ခဲ့ကြသည်။ သို့ရာတွင် ကမ္ဘာစစ်ကြီးဖြစ်၍ ထိုဥပဒေ အကျိုးခံစားခွင့် မရှိခဲ့။ ဦးသိမ်းမောင် ဗုဒ္ဓဘာသာ ဥပဒေဖြတ်ထုံး စီရင်ပြုစုရေးကော်မီတီ၌ ပါဝင်ဆောင်ရွက်၍ လွှတ်တော်တရားဝန်ကြီး (၁၉၄၅)၊ နောက် နိုင်ငံတော် တရားဝန်ကြီးချုပ် ဖြစ်လာခိုက် ၁၉၅၄ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ လွှတ်တော်တွင် (၁၉၃၉ ခုနှစ် ဥပဒေကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ကာ) ထိုဥပဒေကို အတည်ပြုခဲ့ကြလေသည်။

ထိုဥပဒေကား အိမ်ထောင်ပြု လွယ်ကူလွန်းကြသော မြန်မာအမျိုးသမီးများအတွက်သာမက မြန်မာတစ်မျိုးသားလုံးအတွက် **"အသန္တိဋ္ဌိတောဝါ–အယူယွင်း**

http://www.dhammadownload.com



**ဖောက် လူမျိုးပါပျောက်မည့် ဘေးကြီး"** မှ တားဆီးပေးခဲ့သော လွတ်လပ်ရေး အသီး အပွင့်ကြီးတစ်ခု ဖြစ်ပေတော့သည်။ ဦးသိမ်းမောင် စသော မျိုးချစ်ဥပဒေပညာ ရှင်တို့၏ အမြင်ကို ထာဝစဉ် ဦးခိုက်အပ်ပေစွာ့။

## မျှ တန်းက ဘာသာရေးခေါင်းဆောင်ကြီး

## (၆)

ဦးသိမ်းမောင်သည် အသက် ၂၉ နှစ် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း၊ ၃၀ နှစ် အင်္ဂလန်သွား နိုင်ငံကိုယ်စားလှယ်ဖြစ်သည့် အချိန်မှစ၍ အမျိုးဘာသာ သာသနာရေးကို ရှေ့တန်းကချည်း ရာသက်ပန် လုပ်ဆောင်သွားနိုင်သည်မှာ အလွန် ထူးခြားလှပေ၏။ ဘာသာရေး အသင်းအဖွဲ့တိုင်းလိုလို၏ အကျိုးဆောင်၊ ဥက္ကဋ္ဌ၊ နာယက ကုလားထိုင်များသည် ဦးသိမ်းမောင် လှည့်ပြောင်းထိုင်သွားခဲ့သော ကုလား ထိုင်များချည်း ဖြစ်ခဲ့သည်။

သူ၏ ဘာသာရေး လုပ်ဆောင်ချက်များကား များပြားလှ၏ .... ။ များပြား သလောက် ထိရောက်အောင်မြင်ခဲ့သည်ချည်း ဖြစ်၏။ သူ့လုပ်ဆောင်ချက်များကို အသေးစိတ် ဖော်ပြရန်မှာ မလွယ်ပါချေ။ သက်ဆိုင်ရာဌာနမှ မှတ်တမ်းများလည်း ရှိနေပြီဖြစ်၍ ဤ၌ မာတိကာ သဘောမျှလောက်ကိုသာ ညွှန်ပြရပေတော့မည်။

(၁) ရွှေတိဂုံစေတီတော်ကြီးကို အင်္ဂလိပ်တို့က ခံတပ်ပြုလုပ်၍ အနောက် မုခ်ကိုပိတ်ကာ စစ်တန်းလျား၊ ခဲယမ်းမီးကျောက် လက်နက်တိုက် ပြုလုပ်ထားမှုမှစ၍ ဘုရားဝတ္တကမြေပေါ်ရှိ စစ်သင်္ချိုင်းများ ရွှေ့ ပြောင်းရေး အလယ်၊ ဝတ္တကမြေများ (သံပုံချိုင့်၊ ရေတာရှည်လမ်း အထိ အရှေ့ဘက်၊ တောင်ဘက် ဘုရားလမ်းဝဲယာ) ဘုရားကြီး ဂရန် ဖြစ်မြောက်ရေးအဆုံး အားလုံး ဆောင်ရွက်ခဲ့၏။

(၂) အိန္ဒိယ မဟာဗောဓိနယ်မြေနှင့် အိန္ဒိယရှိ ဒေါ ဒွေး ဓမ္မသာလာ စသော မြန်မာပိုင် အဆောက်အအုံများ၊ ဗုဒ္ဓဘာသာဝင်များနှင့် မြန်မာတို့ လက်ဝယ်ရောက်ရှိရေး ဆောင်ရွက်ခဲ့၏။ ယိုးဒယားရှိ မြန်မာ ကျောင်းပေါင်း ၆၀ ကျော်ကိုလည်း မတိမ်ကောမပပျောက်အောင် ဆောင်ရွက်ပေးခဲ့၏။

(၃) စစ်ပြီးခေတ် အင်္ဂလိပ်ဗုံးဒဏ်ကြောင့် ပြိုပျက်ခဲ့ရသော မိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီကို ၁၉၄၆ ခု၊ ဆာဦးသွင်နှင့် တိုင်ပင်၍

http://www.dhammadownload.com



ဂေါပကဖွဲ့ကာ ပြန်လည်တည်ဆောက်လျက် ၁၆ နှစ်တိုင် ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ (ဘုရားဝတ္တက မြေဂရန်ရရှိရေး၊ စစ်သချိုင်းနှင့် အထိမ်းအမှတ် ကျောက်တိုင်များ ရွှေ့ပြောင်းရေးကိုလည်း ရွှေတိဂုံကိစ္စနှင့် တစ်ဆက်တည်း ယင်းဂေါပကအား ကူညီဆောင်ရွက်ခဲ့၏။)

(၄) ဆာဦးသွင် စသော အဖွဲ့ဝင်များနှင့်အတူ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး တည်ထောင်၍ တောင်တန်းသာသနာပြု၊ နိုင်ငံခြား သာသနာပြုလုပ်ငန်းများ၊ ဓမ္မာရုံဆောက်လုပ်ခြင်း (၁၉၄၅–၆၈ သေသည်အထိ)

(၅) ရန်ကုန်တက္ကသိုလ် ဗုဒ္ဓဘာသာအသင်း ဓမ္မာရုံ ဖြစ်မြောက်ရေး၊ တက္ကသိုလ် ဗုဒ္ဓဘာသာ ကျမ်းစာအသင်း၊ ပါဠိအသင်း ၁၇ နှစ်၊ ဥက္ကဋ္ဌ–နာယက။ (၁၉၄၅–၅၇)

(၆) တရားရုံးများ၌ မြန်မာလို ဝတ်ဆင်မှု၊ အမှုအခင်းများနှင့် စပ်၍ မြန်မာစာ မြန်မာစကားဖြင့် ဆောင်ရွက်ခြင်း၊ တရားရုံးများဆိုင်ရာ ဗုဒ္ဓဘာသာအသင်းများ တည်ထောင်၍ ခမ်းနားကြီးကျယ်စွာ ဘုရားခန်းများ ထားရှိရခြင်း၊ ဝါဆိုကထိန်သင်္ကန်းလှူပွဲ၊ ပဋ္ဌာန်းမပြန် ဆွမ်းကျွေးပွဲ စသော ဘာသာရေးလုပ်ငန်းများ နှစ်စဉ်ပြုလုပ်ရခြင်း၊ ၁၉၅၂ ခုနှစ် နိုင်ငံတော်တရားဝန်ကြီးချုပ် ဖြစ်သည့်အချိန်မှစ၍ ၅၇ ခု အငြိမ်းစားယူသည်အထိ တရားရေးဆိုင်ရာ အကြီးအကဲများအားလုံး ဝတ်လုံကိုယ်စီဖြင့် ရွှေတိဂုံတောင်ဘက်စောင်းတန်းမှ တက်ကာ စေတိယင်္ဂဏ အသင်းတိုက်၌ ဆရာတော်ကြီးများထံ သီလခံယူကြရ၏။ တရားမဏ္ဍိုင် မယိုင်လဲရအောင် အဂတိ မလိုက်စားဘဲ စွမ်းအားရှိသမျှ ဆောင်ရွက်ရန် အဓိဋ္ဌာန်ရွက်ဆိုပွဲ နှစ်စဉ်ကျင်းပခြင်းတို့ ဖြစ်ကုန်၏။

## မြန်မာ့ရိုးရာသာသနာ ပညာရေးကဏ္ဍ

(၇) ဦးသိမ်းမောင်၏ ဘဝသမိုင်းတွင် သားစဉ်မြေးဆက်တို့အတွက် ထိုထက်ထိရောက်သော ဘာသာရေး လုပ်ဆောင်ချက်များ ရှိပေသေးသည်။

ဘုန်းတော်ကြီးကျောင်းများ တိုင်းရင်းဘာသာ သင်ကြားရေးနှင့် ပါဠိပထမပြန် ရှင်သန်ကြီးပွားရေး လုပ်ဆောင်ချက်များ ဖြစ်သည်။

http://www.dhammadownload.com



တိုင်းရင်းဘာသာ သင်ကြားရေးကိစ္စကို ၁၉၃၉ ခုနှစ် လွှတ်တော်ရှေ့နေချုပ်ကြီးဘဝကပင် ပါဝင်ဆောင်ရွက်ရလေရာ အစီရင်ခံစာကို ၁၉၄၈ ခုနှစ် အစိုးရပုံနှိပ်တိုက်မှ ရိုက်နှိပ်ပြီးရှိ၏။

ပါဠိပထမပြန်နှင့် စပ်၍ ဒုတိယကမ္ဘာစစ်ကြီး ပြီးသည်နှင့် စာမေးပွဲများ ပြန်လည်ကျင်းပပေးရန် အစိုးရအား တိုက်တွန်း၍ အစိုးရကလည်း သူ့ကိုပင် ပါဠိပညာရေးအဖွဲ့ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။ ငယ်–လတ်–ကြီး–ကျော် များအား စကောလားရှစ်ဆုများ ပေးရန်လည်း သူပင် နှိုးဆော်၍ (သူဌေးဦးအုန်းခင်၊ ချပ်သင်း ဦးဘတင်၊ သူဌေးဦးညွန့်) နှစ်စဉ် အလှူရှင်များ ပေါ်ထွက်ခဲ့ကြသည်။ သူ့ကိုယ်တိုင်လည်း ငွေပင်စိုက်၍ နှစ်စဉ် သုံးဆု လှူခဲ့၏။ (ယခုတိုင် တည်မြဲနေ၏။ ရှေ့၌ ပြမည်။ စာချတန်းစာမေးပွဲ တစ်ဆင့်တိုးကျင်းပခြင်းနှင့် ပြဋ္ဌာန်းကျမ်းစာများပါ အကြံပြုဆောင် ရွက်ခဲ့ကြောင်း ပြခဲ့ပြီ။)

(၈) ဘုန်းကြီးကျောင်း ပညာရေးနှင့် ဘုန်းကြီးပရိယတ္တိ သာသနာစာပေရေးရာမျှသာ မကသေး၊ လူဝတ်ကြောင်တို့အတွက်လည်း မူလတန်းမှ တက္ကသိုလ်အထိ ဘာသာစာပေ၊ ပါဠိစာပေများ သင်ကြားလေ့လာနိုင်ရန် စစ်မဖြစ်မီကပင် အားသွန်ဆောင်ရွက်ခဲ့၏။ စစ်မဖြစ်မီ ဗြိတိသျှခေတ်က လူစာသင်ကျောင်းများတွင် မူလတန်းမှ ၉ တန်းအထိ ပြဋ္ဌာန်းထားသော ဗုဒ္ဓဘာသာသင်ခန်းစာများကို ကြည့်လျှင် လွန်စွာ အံ့အားသင့်ဖွယ်ကောင်း၏။ ထိုအဆင့်များမှာပင် ပဋိစ္စသမုပ္ပါဒ်မူရင်း ပါဠိတော်ကြီးများကို ပေးထား၏။ "သွားလျှင် သွားသည်ဟု သိရ၏" စသော သတိပဋ္ဌာန်ကိုလည်း မူရင်းကျကျ သင်ခန်းစာ ပေးထားရာ အင်္ဂလိပ်အစိုးရတို့ ထုတ်ဝေသင်ကြားခဲ့သော ဘာသာရေး သင်ခန်းစာမှာ မှတ်တမ်းတင်လောက်ပါပေသည်။

ကမ္ဘာစစ်ကြီး ပြီးဆုံး၍ ပြာပုံနှင့်အတူ ကျန်ခဲ့သော စာရိတ္တ ပျက်ယွင်းမှုကြီးကို တားဆီးရန် ဦးသိမ်းမောင်သည် နိုင်ငံတော်သမ္မတက ဖွဲ့စည်းသော (၆–၁၂–၁၉၅၀) ဗုဒ္ဓဘာသာ သင်ခန်းစာစီစဉ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့၏။ ဝိုင်–အမ်–ဘီ–အေ၊ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ တက္ကသိုလ်ကောင်စီ စသော တိုင်းပြည်ရှိ ဘာသာရေး ဦးဆောင် ဥပါသကာများ အကူအညီ၊ ဆရာတော်များ အကူအညီဖြင့် သူငယ်တန်းမှအစ

http://www.dhammadownload.com



တက္ကသိုလ်ကျောင်းတော်သားကြီးများအထိ ဘာသာရေးသင်ခန်းစာများကို အတန်းတိုင်းအတွက် (၁၉၆၃ ခုနှစ်အထိ) သန်းနှင့်ချီ၍ ပုံနှိပ်စေခဲ့လေသည်။

ဘာသာရေး သင်ခန်းစာများ အတန်းလိုက် ထုတ်ဝေ၍ သင်တန်းများ၊ စာမေးပွဲများ အနယ်နယ်အရပ်ရပ် ဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့၏။ မည်မျှတာဝန် ကြီးလေး၍ မည်မျှ တိုင်းပြည်အား အကျိုးပြုနိုင်ခဲ့သည်ကို ခန့်မှန်းကြည့်ပါကုန်။ အဝင်အထွက် စစ်တလင်း အဖြစ်ခံခဲ့ရသော မြန်မာပြည်အတွက် တစ်ခုတည်းသော ထွက်ပေါက်မှာ အမျိုးဘာသာ သာသနာယဉ်ကျေးမှု ပြုစုပျိုးထောင်ပေးခြင်းသာလျှင် ဖြစ်သည်ကို အကြွင်းမဲ့ ယုံကြည်ထားသူပီပီ စကောလားရှစ် ဆုငွေများကိုပင် မိမိအိတ်ထဲမှလည်း ထုတ်၊ သူများအားလည်း နှိုးဆော်ကာ တစ်နိုင်ငံလုံး၌ အတန်းတိုင်း ပ-ဒု-တ ရရှိသူများအား ထောက်ပံ့ခဲ့လေသည်။ (ဤကိစ္စတွင်လည်း ဆာ ဦးသွင်က ပထမ၊ ဦးသိမ်းမောင် ဒုတိယ၊ ချုပ်သင်း ဦးဘတင်က တတိယဆုများ အတွက် ငွေပင် ငွေရင်း စိုက်ထုတ်ခဲ့ကြ၏။) အင်္ဂလိပ်အစိုးရလက်ထက်ကပင် ဆောင်ရွက်ခဲ့သော ဤလုပ်ငန်းလည်း လွန်ခဲ့သော ၁၇ နှစ်ကစ၍ ပြတ်လပ်သွားခဲ့ရာ ထိုစာမေးပွဲအတွက် ငွေပင် စိုက်လှူထားသော ငွေ ၁၅၀၀၀ိ/- မှ အတိုးငွေဖြင့်ပင် ဗုဒ္ဓဘာသာအဖွဲ့ချုပ်က သံယုတ်ပါဠိတော် မြန်မာပြန်စာမေးပွဲတစ်ခု အစားထိုး၍ ဆုများ ချီးမြှင့်လျက်ရှိ၏။

သတ္တဝါအများ ကောင်းစားချမ်းသာရေးအတွက် လမ်းညွှန်နည်းဥပဒေသကို ထိုးဖောက်သိမြင်နိုင်စွမ်းသူကား ရှားပါးလှပေ၏။ ထို့ထက်မြင်သည့်အတိုင်း ကိုယ်အား ဉာဏ်အား ဓနအားဖြင့် အားကုန်စိုက်ထုတ်၍ အများအကျိုး လုပ်နိုင်သူကား သာ၍ပင် ရှားပါးလှချေ၏။ ဦးသိမ်းမောင်ကား ထိုသို့သော တိုင်းပြည်ခေါင်းဆောင် အာဇာနည် ဥပါသကာကြီးပါပေတည်း။

## မြန်မာကို ကမ္ဘာက မော်ကြည့်စရာ

(၉) ဦးသိမ်းမောင်၏ဘဝသည် အားချိန်နားချိန် မရှိ၊ ထိုအလုပ်များကို ကိုယ်ပိုင်စီးပွားရေးကဲ့သို့ သဘောထားပြီး လုပ်နေခဲ့၏။ ထို့မှဖြင့်လည်း ဦးသိမ်းမောင် အားမရသေး။ ဝိုင်-အမ်-ဘီ-အေ ဝိုင်းတော်သားများနှင့်အတူ ဘုရားဟော ပါဠိတော်များ မူကောင်း မူသန့် ဖြစ်လာစေရန် ကြိုးပမ်းပြန်၏။ ပဉ္စမသံဂါယနာတင် ကျောက်စာတော် မူများကိုပင် မန္တလေးမှ ပရိယတ္တိ ဦးဆောင် ဆရာတော်များအား ပစ္စည်းလေးပါး ပံ့ပိုး၍ ကြိုးကြိုးစားစား ကူးယူညှိနှိုင်းခြင်း အလုပ်ကို လုပ်ကိုင်ကြ၏။ ထိုအချိန်က 'ငွေတစ်မတ်နှင့် ငါးကြင်းခေါင်း ကိုင်သည်" ဆိုသကဲ့သို့

http://www.dhammadownload.com



မိမိတို့ ဝိုင်–အမ်–ဘီ–အေ အင်အားနှင့် မတန် ရာပဟု ပြောခဲ့လျှင်လည်း
ခံရဖွယ်ရှိသော သာသနာရေး စီမံကိန်းကြီး တစ်ခု ချမှတ်ကြပြန်၏။
ဆဋ္ဌသံဂါယနာ တင်ကြမည် တဲ့။

ဘုန်းကံရှိသူတို့၏ စိတ်ကူးသည် မတန်မရာဟူ၍ မရှိ။ ထိုသူမျိုးတို့၏ လုပ်ဆောင်ချက်သည်လည်း မအောင်မြင်သည် မရှိ။ ဝိုင်–အမ်–ဘီ–အေ အသင်းတိုက်၌ သံဂါယနာအမေးအဖြေကိုပင် တီးလုံးတိုက်နေကြလေပြီ။ ထိုသတင်းကို ၁၃၀၉ ခုနှစ်က တည်ထောင်သော ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီးက ကြားသိ၍ ထိုမှတစ်ဆင့် ဆဋ္ဌသံဂါယနာ စီမံကိန်းကြီးကို အစိုးရက လွှဲပြောင်းယူဆောင်အကောင်အထည်ဖော်ခဲ့၏။ ထိုအဖွဲ့ကြီးကပင် ဗုဒ္ဓသာသနာ အဖွဲ့ကြီးကို ၂၆–၈–၁၉၅၀ နေ့တွင် အက်ဥပဒေဖြင့် ဖွဲ့စည်းစေခဲ့ရာ ဆာဦးသွင်က ဥက္ကဋ္ဌ၊ ဦးသိမ်းမောင်က ဒုတိယဥက္ကဋ္ဌ (နောင် ပ–ဥက္ကဋ္ဌ) ဖြစ်လာ၏။

ရုံးဆင်းလျှင် တိုက်ပုံအင်္ကျီပင် ချွတ်ခွင့်မရအောင် အလုပ်များခဲ့သော ဦးသိမ်းမောင်အတွက် ဆောင်ရွက်ရမည့် သာသနာရေးကိစ္စတို့ကား ကမ္ဘာအတိုင်းအတာအထိ ပြန့်ကျယ်သွားလေပြီ။

ကမ္ဘာအေးစေတီ၊ လိုဏ်ဂူတော်ပန္နက်ချခြင်းမှအစ သံဂါယနာတင်ပွဲကြီး ပြီးစီးအောင်မြင်၍ တစ်ကမ္ဘာလုံးက ချီးကျူးမော်ကြည့်ရသော အခြေအနေထိအောင် ကိုယ်အား ဉာဏ်အားများကို ရှေ့တန်းက မြှုပ်နှံသွားသူများတွင် ဦးသိမ်းမောင် အပါအဝင် ဖြစ်၏။ ဆဋ္ဌသံဂါယနာ စီမံကိန်းကြီးနှင့် စပ်လျဉ်းသမျှ ကမ္ဘာ့သာသနာအရေးအခင်းတိုင်းမှာလိုလိုပင် ပဓာန ပင်တိုင်လှုပ်ရှားခဲ့သူဟုပင် ဆိုသင့်၏။

ထိုလုပ်ငန်းကြီးကို ဖော်ပြရန်မှာ ရှည်လျား ကျယ်ပြောလှပေစွ။ ယိုးဒယား၊ အိန္ဒိယ၊ ပီကင်း စသော နိုင်ငံများသို့ သာသနာရေး မိတ်ဆက် ၂၅၀၀ အောင်ပွဲ စသော သာသန ဓမ္မဒူတ ခရီးထွက်၍ သံဂါယနာတင်ပြီးသည်မှနောက် နိုင်ငံတော် သာသနာစီမံကိန်းကြီးအထိ တရစပ် မနားမနေ လုပ်ဆောင်နိုင်ခဲ့သူပါပေ။

ထိုလုပ်ငန်းအရပ်ရပ်တို့တွင် ပိဋကစာပေများ သန့်စင်ရေး၊ အင်္ဂလိပ်မြန်မာ ဘာသာပြန်ရေး၊ ပါဠိအဘိဓာန် ပြုစုရေး စသော ပညာပိုင်းဆိုင်ရာ လုပ်ငန်းများသည် ကမ္ဘာ့အတိုင်းအတာအထိ ခရီးပါ၍ ဦးသိမ်းမောင် ကိုယ်တိုင်လည်း အင်အားအများဆုံး မြှုပ်နှံသွားခဲ့ရ၏။ အထူးသဖြင့် ယနေ့တိုင် အသက်ရှင်သန်လျက်ရှိသော အဘိဓမ္မာ စာမေးပွဲ (၁၉၅၂) ဂုဏ်ထူးဆောင် အဘိဓမ္မာ (ဋီကာကျော်) စာမေးပွဲ (၁၉၅၅) နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ (၁၉၅၇) တို့မှာကား နောင်လာနောက်သား အမျိုးကောင်း သားသမီးများအတွက် အမွေကောင်းကြီးများအဖြစ် တည်ရှိနေပေပြီ။

http://www.dhammadownload.com



ပဋိပတ္တိသာသနာ ပြန်လည်ထွန်းသစ်လာသော ဤခေတ်ကာင် ဘုန်းတော်ကြီးများပင် ကြည့်ဖြစ်ခဲ့သော ဝိသုဒ္ဓိမဂ်ကျမ်းကြီးနှင့် ပါဠိတော် မြန်မာပြန်ကျမ်းကြီးများကို လူထုလက်ထဲသို့ အရောက်ပို့နိုင်ခဲ့သည်မှာ ဆဋ္ဌသံဂါယနာ၏ အသီးအပွင့်တစ်ခုအဖြစ် ပစ္စည်းလေးပါး ဒကာ ဒကာမတို့ ဓမ္မရသကို အချိန်ပိုကိုဖြင့် ခံစားခွင့်ရရှိခြင်းပင် ဖြစ်ပေတော့သည်။ မူလတန်းမှ တက္ကသိုလ်အထိ ဗြိဟိသျှခေတ်မှစ၍ သင်ကြားပေးခဲ့သော ဘာသာရေး သင်ခန်းစာများ ၁၇ နှစ်တာ ပြတ်လပ်ခဲ့သော်လည်း မကြာမီပင် မူလစံချိန်သို့ ရောက်ဖွယ်ရှိနေပေပြီ။

အဘယ့်ကြောင့်ဆိုသော် တိုးတက်လိုသော ကမ္ဘာ့နိုင်ငံတိုင်းပင် ခေတ်နောက်ကျမကျန်ရစ်စေရန် (ကျန်ရစ်လျှင်လည်း ဘယ်တော့မှ လိုက်၍ မမီနိုင်တော့သည့်အတွက်) ရုပ်ပိုင်းဆိုင်ရာ နည်းပညာများကို အလုအယက် သူ့ထက်ငါ လေ့လာဆည်းပူးနေကြသကဲ့သို့ တကယ့် သဘောတရားရေးပိုင်းတွင်လည်း ကမ္ဘာ့ဌာန်းထိုင်ကြသည်အထိ အလစ်မပေးကြပေ။ သို့ရာတွင် ရုပ်ပိုင်းဆိုင်ရာ နည်းပညာများ မည်မျှပင် တိုးတက်လာနေသော်လည်း နောက်ဆုံး အဆုံးအဖြတ် ပေးမည့်အရာကား တကယ့်သဘောတရားရေးသာလျှင် ဖြစ်ပေသည်။ ဦးသိမ်းမောင်သည် .... ထိုအချက်ကို ကောင်းစွာ မြင်ခဲ့၏။ ယခုအခါ အင်္ဂလန်လို နိုင်ငံ၌ပင်လျှင် အစိုးရကိုယ်တိုင်က မူလ တန်းကျောင်းများမှအစ (ယုတ်စွအဆုံး တနင်္ဂနွေကျောင်းများမှအစ) အလယ်တန်း အထက်တန်း ကျောင်းများအထိ ကိုယ်ကျင့်တရား ကောင်းမွန်လာစေရန် ဗုဒ္ဓတရားတော်များကို သင်ကြားပေးလျက် ရှိနေပေပြီ။ တက္ကသိုလ် ကောလိပ်များ၌ကား ဆိုဖွယ်မရှိ၊ ဗုဒ္ဓဓမ္မ လေ့လာဆည်းပူးသော အဖွဲ့အစည်းများ တက္ကသိုလ်တိုင်းမှာပင် ရှိနေကြလေပြီ။ အရာရာ၌ တိကျပြတ်သား၍ စွန့်စွန့်စားစား လုပ်လေ့ရှိသော တရုတ်နိုင်ငံခေါင်းဆောင်တို့ပင်လျှင် ရုပ်ပိုင်းဆိုင်ရာ နည်းပညာများကို အပြင်ထွက်၍ မရအရအပတ်တကုတ် လေ့လာနေသည့်ကြားက ဤမှာဘက်ခေတ်၌ ပထမဆုံးသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့တစ်ခုကို လွှန်ခဲ့သော ၂ နှစ်ကပင် ဥရောပ၊ အမေရိကသို့ ပို့လွှတ်ခဲ့ကြလေသည်။

မျက်မှောက်ခေတ် ကမ္ဘာ့အခြေအနေ အရပ်ရပ်ကို ကြည့်လေ ဦးသိမ်းမောင်တို့ ခင်းပေးခဲ့သောလမ်းကို ပို၍ သဘောပေါက်ဖွယ်ကောင်းလေ ဖြစ်ပေတော့သည်။

http://www.dhammadownload.com



## လှူသေသော်လည်း အလှူမသေစေရ ဦးသိမ်းမောင်၏ ထာဝရကုသိုလ်များ

### (၇)

ဦးသိမ်းမောင်သည် အမျိုးဘာသာ သာသနာအတွက် ဖော်ပြပါ လုပ်ငန်းကြီးများကို ဆောင်ရွက်ရာ၌ လုပ်ဖော်ကိုင်ဖက် ဘာသာရေး အသင်းအဖွဲ့ ခေါင်းဆောင်များ၏ အကြံဉာဏ်ကိုလည်း ယူခဲ့၏။ ငွေကိုခင်း၍ သွားရမည့် လမ်းများအတွက် ဆာဦးသွင် စသော သူဌေးများ၏ အကူအပံ့ကိုလည်း ရအောင် နှိုးဆော်လေ့ရှိ၏။ စွမ်းအားရှိသမျှ မိမိအိတ်ထဲမှလည်း ထုတ်၍ လှူဒါန်းလေ့ရှိ၏။ ဦးသိမ်းမောင် ဒေါ်စောတင်တို့၏ အမျိုးဘာသာအတွက် အလှူငွေမှာ လက်ဖျားခါလောက်အောင် မများလှသော်လည်း နည်းကား မနည်းပါချေ။

ဥပဒေပညာရှင်ပီပီ၊ မျိုးချစ်ခေါင်းဆောင်ကြီးပီပီ၊ သူ့အလှူများနှင့် စပ်၍ အလွန်မှတ်သားဖွယ်ကောင်းသော နည်းစနစ်များကို တွေ့မြင်နိုင်၏။ တိုင်းပြည်လူမျိုးနှင့် သာသနာအတွက် အမှန်တကယ် လိုအပ်ချက် ဖြစ်ရမည်ကို စေ့ငု၏။ ဗုံးဗောလအောလုပ်လေ့မရှိ။ ကုန်ကျသလောက် ထိရောက်စေရမည်။ အသံချဲ့စက် တကြော်ကြော်နှင့် ပွဲပြီးမီးသေသော ပကာသနအလှူမျိုးကို မကြိုက်။ အကျိုးကြီးသော အလှူ၌ပင် သူ့အလှူသည် ယာယီမဖြစ်စေရ၊ သားစဉ်မြေးဆက် ထာဝရ တည်နေရစ်စေရန် လိုလား၏။ ထို့ကြောင့် တတ်နိုင်သမျှ ချွေးနဲ့စာထဲမှ စွန့်လှူနိုင်သမျှ ကို ဒီဗင်းချားစာအုပ်ဝယ်၍ ဘဏ်၌ ငွေစုထားသည်။ နှစ်စဉ် အတိုးငွေမျှဖြင့်ပင် ထာဝရ ဒါနကြီးများ ရှင်သန်လျက် ကျန်ရစ်ကုန်၏။ အလွန်တုယူ အားကျထိုက်ပါပေစွ။

လေ့လာသိရှိရသမျှ ထာဝရ ကုသိုလ်များစာရင်းကို အကျဉ်းအားဖြင့်သာ ဖော်ပြနိုင်ပါ၏။

(၁) ဗဟန်း ဇီဝိတဒါန သံဃာ့ဆေးရုံ တည်ထောင်သူအဖြစ် ပါဝင်လျက် အင်္ဂလိပ်ငွေ ၁၀၀၀ လှူခဲ့၏။

(၂) မန္တလေး ဆေးရုံကြီး သံဃဆေးရုံ ဖြစ်မြောက်အောင် စီမံလျက် ပထမဆုံး အလှူရှင်အဖြစ် စစ်မဖြစ်မီက ၁၁၃၁၀ လှူ။

(၃) ၅၂ လမ်း၊ မိခင်နှင့်ကလေးများဆေးရုံ ၁၂၅ဝိ။

(၄) လွှတ်တော်ရုံးအပေါ်ဆုံးထပ်၌ ဘုရားခန်းပြုလုပ်၍ မ,တည်ငွေ ၁၅၀ဝိ။

(၅) ပထမပြန်စာမေးပွဲ ထာဝရငွေပင်အဖြစ် ရရှိသော ပင်စင်ငွေမှ ၁၉၅၇၊

http://www.dhammadownload.com



စက်တင်ဘာလ ၁၅ ရက်နေ့ ၃၅၀၀၀ိ ထာဝရ ပဒေသာပင် စိုက်လှူ၊ ငယ်၊ လတ်၊ ကြီး အထူးအောင်ပုဂ္ဂိုလ် ၆ ပါးအား နှစ်စဉ် အလှူငွေ ၄၀၀၀ နီးပါးဖြစ်၏။ ၁၉၇၀ ပြည့်နှစ် စာရင်းအရ တစ်နှစ် လှူငွေ ၃၉၆၀ ဖြစ်၏။ ထာဝရငွေပဒေသာပင်၌လည်း တိုးဖြည့် စိုက်လှူနိုင်ပြန်ရာ ယခုအခါ ဘဏ်၌ ၅ သောင်းကျော် ၆ သောင်းခန့် ရှိမည်ဟု ခန့်မှန်းရပေသည်။

(၆) ၂၆–၈–၁၉၆၀ တွင် အစိုးရ စာသင်ကျောင်းများတွင် ကျင်းပခဲ့သော ဗုဒ္ဓဘာသာ သင်ခန်းစာအတွက် ၁၅၀၀၀ိ ဆုငွေပဒေသာပင် စိုက်လှူခဲ့၏။

(၇) ၂၄–၂–၆၁ နေ့ ရွှေတိဂုံစေတီ တောင်ဘက်ဓာတ်လှေကား တံတားခုနစ်ခန်းအတွက် ၂၈၇၀ိ။ ၂၀–၉–၆၄ နေ့ အနောက်ဘက် ဓာတ်လှေကား တံတားတစ်ခန်းအတွက် ၅၃၀ိ။

(၈) ၁၉၆၁–၆၂၊ ဘုရားလမ်းရှိ ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဓမ္မာရုံ ၇၀၀ိ လီ၍ ပေးသွင်းလှူ။

(၉) ၁၉–၁၂–၆၅ ပြည်ရွှေဆံတော် ဓာတ်လှေကား တံတားတစ်ခန်း ၅၀၀ိ။ ၂၄–၄–၆၇ အရှေ့ဘက်မုခ်နှင့် သံတံတား ၃၅၂ိ။ ဆံတော် ကြို (အလံပြ) ဘုရားဓာတ်မီးအလှူ။ ၅၀ိ။

(၁၀) ရန်ကုန်ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်ရှိ သံဃာတော်ငါးရာကျော်တို့အတွက် ၂၃–၇–၅၂ နေ့ ၁၅၀၀၀ိ တန် သံဃာ့ဆေးရုံဆောက်လှူ။ ထိုဆေးရုံ နတ်လမ်း ဆေးဘိုး စသည်အတွက် ၂၀၁၇ ကျပ် ထပ်လှူ။ ထိုတိုက်ပစ္စည်းလေးပါး ထောက်ပံ့ရေးအဖွဲ့ကို မိမိကိုယ်တိုင် ၆–၅–၆၄ နေ့က ဖွဲ့စည်း၍ ၁၂၀၀ိ ပဒေသာပင် စိုက်လှူ။

(၁၁) ဗုဒ္ဓဘာသာ ကလျာဏယုဝခေါ် ဝိုင်အမ်ဘီအေအသင်း မင်္ဂလာစာမေးပွဲ ဆုအတွက် ၆၂ ခုနှစ် ၂၁၀ိ ပဒေသာပင်။ ပဲခူး မဟာစေတီ ၆၂၅ ကျပ်။

(၁၂) ဗုဒ္ဓဘာသာအဖွဲ့ချုပ် သံယုတ်စာမေးပွဲများအတွက် ၆၇–၆၉ နှစ် ၄၂၀၀ နှင့် အမှတ်(၆) ပဒေသာပင်မှ နှစ်စဉ် အတိုးငွေများ။

(၁၃) ပေါင်းတည်မြို့ သံဃာ့ဆေးရုံဆောက်လှူ၊ ၅–၄–၇၀ ခု ၅၈၂၄ိ။ ငှင်းမြို့ လူအိုရုံအတွက် ၁၂၀ိ။

---

http://www.dhammadownload.com



(၁၄) ၁၉၂၀ ကျောင်းသားသပိတ်ခေတ် ရန်ကုန်မြို့မကျောင်း ဆောက်ရာ တစ်ခန်းအတွက် ၂၅၀ဝိ။ ဓမ္မာရုံ ၁၀၀၀ိ။ ရန်ကုန်တက္ကသိုလ် ဓမ္မာရုံ (၁၂၉၅) ၁၀၀၀ိ၊ ပြည်နှင့် ငသိုင်းချောင်း အမျိုးသားကျောင်း နှစ်ကျောင်း ၁၀၀၀ိ။ (မန္တလေး သံဃာ့ဆေးရုံ ၁၀၀၀၀ိ အပါအဝင် စစ်မဖြစ်မီ အလှူများ)

ဤကား အစိုးရအမှုထမ်းတစ်ဦးဖြစ်သော ဦးသိမ်းမောင်၏ ချွေးနဲ့စာ အလှူများ ဖြစ်၏။ တွေ့ရှိရသမျှ စုစုပေါင်း ၂၁၆၉၇ဝိ ဖြစ်သည်။

## ကာယ ဉာဏ အလှူ

ထိုမှတစ်ပါး မိမိ၏ သီလ, သမာဓိ, ပညာ, ခန္ဓာကိုယ်ကို အရင်းအနှီးပြု၍ ဆာဦးသွင်နှင့်အတူ ၈–၁၁–၁၉၄၃ နေ့က အင်္ဂလိပ်ဗုံးဒဏ်ကြောင့် ပြိုပျက်ခဲ့ရသော ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီကို ၁၉ သိန်းခန့် ကုန် ပြန်လည်တည် ဆောက်၍ ဂေါပကသစ်ဖွဲ့ကာ ၃ သိန်းခန့် လက်ကျန်အပ်နှံနိုင်ခဲ့၏။

ကုဋ္ဌရောဂါနှင့် အဆုတ်ရောဂါ ပပျောက်ရေးအဖွဲ့၌ အနှစ် ၂၀ ကျော် (၁၉၃၈–၁၉၅၉) သဘာပတိအဖြစ် ဆောင်ရွက်ကာ ငွေ ၈၅၀၀၀၀ ကျော် ရှာပေးနိုင်ခဲ့၍ ၄ သိန်းကျော်တန် အဆုတ်ရောဂါကု အဆောက်အအုံကြီး ဆောက်ပေးနိုင် ခဲ့၏။

သီရိပျံချီ ဦးသန်းစိန်၊ သတိုးမဟာ သရေစည်သူ ဦးကြင်တို့နှင့်အတူ (၂၁–၅–၆၈/ ၂၈–၇–၆၈) ရခိုင်လေဘေး ဒုက္ခသည်များ ထောက်ပံ့ရေးအတွက် ၁၆ သိန်းကျော်၊ ဆန်အတင်းရေ ၇ ထောင်ကျော်နှင့် အထည်အလိပ် စသော ပစ္စည်းမျိုးစုံ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပေးလှူနိုင်ခဲ့သည်။

ထိုမှတစ်ပါး ကုဋေပေါင်းများစွာ ထိုက်တန်ကုန်ကျသော ရွှေတိဂုံစေတီတော် ဘဏ္ဍာများကိစ္စနှင့် ဆဋ္ဌသံဂါယနာ ကိစ္စကြီးများတွင် အစိုးရဘဏ္ဍာ၊ ပြည်သူ့ဘဏ္ဍာ၊ သာသနာ့ဘဏ္ဍာများကို အလေအလွင့် အပျောက်အရှ အပွန်းအငြိမရှိရအောင် စောက်ချလုပ်ဆောင်သွားနိုင်ခြင်းမျိုးကား တန်ဖိုးမဖြတ်နိုင်အောင် မြင့်မြတ်သော ရာသက်ပန် ပညာအလှူ၊ ခန္ဓာကိုယ်အလှူကြီးပင် ဖြစ်ပေတော့သည်။

ဦးသိမ်းမောင်ကား အမှုထမ်းတစ်ဦးပင် ဖြစ်လေရာ သူကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ရသော ဗုဒ္ဓဘာသာအဖွဲ့ချုပ် ဓမ္မာရုံ ဆောက်ကြရာ၌ ငွေ ၇၀၀၀ အာမခံထားရာ ၂ နှစ်တိုင်တိုင် လီ၍လီ၍ ထည့်လှူခဲ့ရရှာသည်ကို တွေ့ရ၏။ သူ့အိတ်ထဲက ချွေးနဲ့စာအလှူမှာ တစ်သက်လုံးမှ ၂ သိန်းကျော်မျှသာ လှူသွားနိုင် ရှာပါသည်။ သို့သော် သူ့ ၂ သိန်းကျော်မှာ အမြော်အမြင် စည်းစနစ် ကောင်းလှသဖြင့်

http://www.dhammadownload.com



သိန်း ၂၀၊ သိန်း ၂၀၀ မကအောင် အသက်ရှည်နေပါမည်။ "ဝိစေ ယျဒါနံ ဒါတဗ္ဗံ– ရွေးချယ်လှူရမည်" ဟူသော ဒေသနာတော်အရ လှူရာဌာန၊ အလှူခံ ရွေးချယ်ပုံမှာလည်း အတုယူဖွယ် ကောင်းလောက်အောင် "တကယ်လိုအပ်ချက်" မိလှပါပေသည်။

သူ လှူသော ငွေကြေးထက် သူ့ပညာ သူ့ခန္ဓာကိုယ်အား အမျိုးဘာသာ သာသနာအတွက် ရာသက်ပန် စွန့်လှူသွားနိုင်သည်မှာ တစ်ခါတစ်ခေတ်တွင်မှ ပေါ်ပေါက်လာတတ်သော ပုဂ္ဂိုလ်ထူးမျိုးသာလျှင် ဖြစ်ပေတော့သည်။ ထို့ကြောင့်လည်း နိုင်ငံတော်ကပေးသော လွတ်လပ်ရေး ဘွဲ့ထူးများနှင့် ၁၉၅၈ ခု၊ ရန်ကုန်တက္ကသိုလ်မှ ဒေါက်တာဘွဲ့များသာမက ယိုးဒယား၊ တရုတ်၊ ယူဂိုဆလားဗီးယားနိုင်ငံတို့ကပင် ဘွဲ့ထူးဂုဏ်ထူးများဖြင့် ချီးကျူးဂုဏ်ပြုခဲ့ရလေသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးသိမ်းမောင်အား အသက် စေ့သော်လည်း ဆက်လက်ပြီး ထမ်းဆောင်နိုင်ရန် အက်ဥပဒေကိုပင် ပြင်ဆင်ပေးခဲ့ ရ၏။ ၆၇ နှစ် (၁၇–၇–၅၇) တွင် ပင်စင်ယူရာ တရားဌာနဝန်ကြီးက ဆက်လက်လုပ်ရန် တောင်းပန်ပြန်ရာ ဦးသိမ်းမောင်က ....

"အဂ္ဂမဟာပဏ္ဍိတ ပထမ မိုးညှင်းဆရာတော်ဘုရား တရားပွဲတစ်ခုမှာ ဟောခဲ့ ဖူးသလို ခါးတောင်းကျိုက်မဖြုတ်ဘဲ ခေါင်းထဲဝင်မည့်သူ မဖြစ်ပါရစေနှင့်" ဟု တောင်းပန်ခဲ့ရလေသည်။

အသက် ၆၇ နှစ်တွင် အစိုးရအလုပ်မှ ခါးတောင်းကျိုက်ဖြုတ်ခဲ့သော်လည်း အများစု ဘာသာရေးအလုပ်တွင်ကား လုပ်၍ကောင်းတုန်း ရှိနေပေသေးသည်။ ဘာသာရေး အခမ်းအနားတိုင်းတွင် ပင်နီရင်ဖုံး၊ တိုက်ပုံ၊ ရွှေဖလားရောင် ဘန် ကောက်တောင်ရှည်ပုဆိုးနှင့် ဦးသိမ်းမောင်အား အမြဲပင် တွေ့နေကြရ၏။

တစ်နေ့တွင် ရဟန်းရှင်လူ ခေါင်းဆောင်များ စုံညီလှသော ဘာသာရေး အခမ်းအနားတစ်ခုကို ဘုရားကြီးကျောင်းတိုက်၌ ကျင်းပပြုလုပ်၏။ ကားဒရိုင်ဘာသည် သားထောက်သမီးခံ မရှိသော အဘိုးကြီးတစ်ဦးအား ကားအဆင်းမှ စ၍ တွဲယူလာကာ တိုက်ကျောင်းကြီး အပေါ်ထပ် အခမ်းအနားအထိ အထောက်ထောက် တွဲယူနားနေကာ ပို့ရှာ၏။ အဘိုးကြီးကား မျက်စိခွဲထားသူဖြစ်၍ မျက်မှန်ထူထူကြီး ဖြင့် ပရိသတ်ထဲသို့ ကတုန်ကယင် ဝင်လာ၏။ တွဲခေါ်လာသူက နေရာ၌ ညင်သာ စွာ တွဲယူချထားလေရာ ဆရာတော်များအား ကန်တော့ရန် ကျုံ့ကျုံ့ထိုင်ဖို့ပင် ခက်နေရှာ၏။ သူ့ခြေထောက် များကို ကြည့်သောအခါ ခြေဖမိုးနှစ်ဖက်စလုံး ရောင်ရမ်းနေလေပြီ။ သာမန် ပရိသတ် များက 'အိုကြီးအိုမ လူတောထဲလာချင်ရန်ကော' ဟူ သော အကြည့်မျိုးဖြင့် ကြည့်နေ ကြ၏။

http://www.dhammadownload.com



သူကား ဦးသိမ်းမောင် ပါတည်း။

ထိုအောင်ပွဲများကား သူ့ချွေးနှင့် သွေးနှင့် စိုက်ပျိုးခဲ့ရသော အသီးအပွင့်များ မဟုတ်ပါလော။ တတ်နိုင်ပါမူ ကူညီမည့်သူ ရှိပါမူ သေရာညောင်စောင်း၌ လျောင်းနေရချိန်မှာပင် ထိုအခမ်းအနားမျိုးကို တက်ချင်ရှာပေမည်။ တိုင်းပြုပြည်ပြု သာသနာပြု ၂၀ ရာစု ဓမ္မိက ဥပါသကာကြီးကား သက်တော် (၈၅) (၁၁-၃-၇၅) က သူ၏ နေထိုင်ရာ ကန်တော်ကြီးအရှေ့ဘက် ကနေဒီလမ်း၊ တိုက်နံပါတ် (၂၈) ၌ စံလွန်ခဲ့ရလေပြီ။

"မြန်မာပီပီ ဝတ်စားနေထိုင်၍ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့အတွေးအခေါ်ဖြင့်သာ ဘဝကို ရပ်တည်လျက် အမျိုးဘာသာ သာသနာရေး အလုပ်များကိုပင် ရာသက်ပန် ကိုယ်ရေးကိုယ်တာအလုပ်ဟု ယူဆလုပ်ကိုင်ခြင်းဖြင့် ထိပ်ဆုံးနေရာများသို့ လွယ်ကူစွာ ရောက်ရှိနိုင်သည်" ဟူသော သင်ခန်းစာကား ကျွန်ုပ်တို့အတွက် ရာသက်ပန် နှစ်မြုပ် လုပ်ပေးသွားသော လုပ်ငန်းများထက်ပင် အကျိုးများလျက် ရှိနေရစ်ပါသတည်း။

●

## ပေသာလုပ်


ကုသိုလ်အလုပ်ဆိုတာ ... ဘယ်သူမဆို လုပ်ရမှာ ပျင်း ကြတယ်။ မလုပ်ချင်ပေမဲ့ ပေပြီးလုပ်ရတယ်။

အကုသိုလ်ကျတော့ ... ဘယ်သူမဆို မတိုက်တွန်း ရဘူး၊ လုပ်ချင်နေကြတယ်။

အကုသိုလ် အလုပ်ဆိုတာ လုပ်ချင်ပေမဲ့ ပေပြီး မလုပ် ဘဲ ရှောင်နေရမယ်။

မစိုးရိမ်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com



http://www.dhammadownload.com

ဓမ္မာစရိယဦးဌွေးလှိုင်

# ဖြစ်ခဲ့သောလူ လူနှင့်တူမှ ချမ်းသာရ

အကြင်ယောကျ်ား၊ အားကြီးသသူ၊ တစ်ဦးလူသည်၊ ခေါင်းဖြူခေါင်းမွဲ၊ သဲသဲဝှန်ဖြိုး၊ လှိုင်းတံပိုးဖြင့်၊ ရိုက်ကြိုးထန်စွာ၊ မဟာသမုဒ္ဒ၊ ဝေမဇ္ဈေ၌၊ ကေဆိဂ္ဂဋ္ဌ၊ တစ်ပေါက်မျှရှိ၊ ကြီးဘိဖြိုးဖြိုး၊ လှည်းထမ်းပိုးကို၊ အားကြိုးမာန်ပါ၊ ပစ်သော့ခါဝယ်၊ ထင်ရာရိုးဝါး၊ အသွားတိမ်းပင်း၊ ချွတ်ယွင်းသွေဖည်၊ လိပ်ကန်းအသည်လျှင်၊ ရက် ရှည်များစွာ၊ တရာ တရာ၊ နှစ်လွန်ကြာမှ၊ တစ်ခါတစ်ခါ၊ ပေါ်၍ လာသော်၊ ကောဆိဒ္ဒ၊ ထိုယုဂဝယ်၊ အန္ဓအကွဲ၊ မျက်စိမလှ၊ ကစ္ဆပ၏၊ ဂီဝလည်မှာ၊ စွပ်မိရာ၏။

လူ့ရွာတစ်ဆစ်၊ လူ့အဖြစ်ကား၊ စင်စစ်ထို့ထက်၊ ဆတက်ထောင်ရာ၊ မကစွာအောင် ဖြစ်လာခဲလှ၊ ဒုလ္လဘတည့်၊ အရှုတော်မြွန်၊ လူဖြစ်မှန်သော်၊ လက်မွန်ဦးစွာ၊ ကင်းအနာနှင့်၊ ရောဂါမစမ်း၊ မြတ်သောလပ်ကိုး၊ ထိုအပ်သည်သာ၊ ထို့နောက်မှာလျှင်၊ ငါးဖြာ ပဋ္ဌသိ၊ ထိန်းစောင့်ညီလျက်၊ ထိုပြီ နောက်တိ၊ ပညာရှိထံ၊ နည်းခံဆုံးမ၊ နောက်မှတစ်ပါး၊ မြင်ကြားရာဖွေ၊ နောက်ပေသူစရိုက်၊ ကိုယ်နှိုက်မကွာ၊ တည်စေရာ၏၊ တစ်ဖြာထိုမှ၊ စနေရှာခြင်း၊ မပျင်းလုံ့လ၊ ဝိရိယကို၊ ဖြစ်ထဖြစ်ရာ၊ ဤခြောက်ဖြာကား၊ လူ့ရွာ၌မှီ၊ လူဟူပြီတို့၊ လောကီလောကုတ်၊ မယုတ်အကျိုး၊ မညှိုးစင်စစ်၊ မွှားကြောင်းဖြစ်၏၊ ချစ်သားဒါလီ၊ လမ်းရိုးမှီသည်၊ ကျမ်းညီ ဖြောင့်တန်းစေပြီး၍။

(မဃဒေဝ-၃၂၅)

အချုပ်ပို-၃

http://www.dhammadownload.com



## ဓာတ်တော်နှင့်စပ်သော
# ကြည်ညိုဖွယ်ဖြစ်ရပ်ဆန်းများ

ကျေးဇူးရှင် တိပိဋကဓရ အဘိဓဇ ဆရာတော်ဘုရားကြီး၏ ဘုန်းသမ္ဘာတော်ကြောင့် နတ်သိကြားတို့ နှိုးဆော်၍ ၂၅၀၀ သာသနာ တစ်ခေတ်တွင် ပဓာန အချက်အချာ သာသနာ့ပြဋ္ဌာန်ကြီးတစ်ခုအဖြစ်ပေါ်ထွန်းလာခဲ့သော မင်းကွန်းတောင်ရိုးမိုးမိတ်ကုန်းမြေ .... ။

ဘိုးတော်မင်းတရားကြီး၏လွှတ်တက် သားတော်ကြီး မိုးမိတ်မင်းသား မင်းရဲရွှေတောင် (မိုးမိတ်စေတီတော်ကြီး ဒါယကာ)၊ ကြင်လျာတော် သီရိသုမင်္ဂလာနန္ဒာဒေဝီဘွဲ့ခံ မင်းကင်းမင်းသမီး (စက်တော်ရာစေတီတော် ဒါယိကာမ) မောင်နှံတို့က နိဗ္ဗာန်ဆိပ်ကူး ထန်းမြင့်ရှာဦး တောင်ကုန်းမြေအရပ်၌ စေတီပုထိုး အမျိုးမျိုးသော သာသနိက အဆောက်အအုံတို့ကို မူလပကတူး ရေးဦးတည်ဖန်ခဲ့ကြသည်။

နှစ်ပေါင်း ၂၀၀ ခန့် ကြာညောင်းခဲ့ပြီဖြစ်ရာ အဆောက်အအုံများ ပြိုပျက်၍ အုတ်ပုံမျှ ရှိနေသည့်ကြား ၁၃၁၈ ခုနှစ်၊ စစ်ကိုင်း ငလျင်ကြီးကြောင့် ပို၍ ပျက်စီးကာ သစ်ပင်ချုံကြီးများ ဖုံးလွှမ်းနေတော့သည်။



မိုးမိတ်ကုန်းမြေစက်တော်ရာစေတီ

http://www.dhammadownload.com



## မိုးမိတ်ကုန်းမြေ မြွေကြီးနှစ်ကောင်

ဆရာတော်သည် မိမိ၏ငယ်ဆရာ ဓမ္မနာဒ ဆရာတော်ဘုရားကြီး၏ အရိုးဓာတ်တော်အပေါ်၌ (ဘုရားရှင်အား လွန်မင်းစွာ ကြည်ညိုသော ကျေးဇူးဂုဏ်ကိုမြော်၍) စက်တော်ရာ အုပ်မွမ်း ပူဇော်လိုသော ဆန္ဒကြောင့် ရှေးလက်ရာ စက်တော်ရာများကို မယ်တော်ကြီး ဒေါ်ဓမ္မစာရီနှင့်အတူ ရှာဖွေလေ့လာတော်မူခဲ့သည်။ ယင်း ဆန္ဒတော်က မိုးမိတ်ကုန်းမြေသို့ ပင့်ခေါ်လိုက်ခြင်း ဖြစ်သည်။

ဦးစွာ စက်တော်ရာဖူးလို့ ရရုံ ချုံနွယ်များကို ဖယ်ရှားစေကြရ၏။ ပြိုကျနေသော အုတ်များကို တွန်းဖယ်စေကြရ၏။ အမရပူရခေတ် ပန်းတမော့လက်ရာ ခြေတော်ရာ စေတီကို ဖူးတွေ့ကြရသောအခါ သာသနာ့ထိပ်ခေါင်တင် သားတော် မယ်တော်တို့နှစ်ဦးမှာ ဖူး၍မဝ ရှိကြလေ၏။ မကြာခဏ သွားရောက်ကြည်ညိုနေခဲ့ကြသည်။

ထိုအချိန်ကား ဆရာတော် ကျန်းမာရေး အချို့ငဲ့ဆုံး အချိန်ဖြစ်၍ အစိုးရကပင် အထူးကုဆရာဝန်ကြီး ဦးသာလှအား မန္တလေးမှ မင်းကွန်းသို့ တစ်ပတ်တစ်ခေါက် သွားရောက်ကုသစေခဲ့ရသည်၊ 'ကျန်းမာရေးအတွက်' ဟု မူလက အကြောင်းပြခဲ့သော်လည်း တကယ်တော့ ပိဋကတ် သူရဲကောင်းကြီးအတွက် အနာဂတ်သာသနာရေး ထောက်ကူပေးရန် ကံကြမ္မာက ရွေးချယ်စေလွှတ်လိုက်ခြင်းပင်။

ဆရာဝန်ကြီးက မင်းကွန်းသွားသောအခါ ဂီလာနဆရာတော်ကို အိပ်ရာထဲမှာ မတွေ့ရ။ သို့နှင့် မိုးမိတ်ကုန်းမြေသို့ လိုက်သွားရ၏။ ဆရာတော်ကြီးကား စက်တော်ရာ ရှေးမူစနစ် နမူနာယူရန်မျှသာ ဖြစ်၏။ ဆရာဝန်ကြီးကား ဆရာတော့် ကျန်းမာရေး အတွက်။

သစ်ပင်ချုံပုတ်နှင့် အုတ်ပုံ အပြိုအပျက်များကြားတွင် ဆရာဒကာ နှစ်ဦးသား ဆုံစည်းရခြင်း၏ မူလအကြောင်းရင်းမှာ ဤမျှသာ ဖြစ်၏။ ကံတရားတို့ကား ဆန်းကြယ်စွာ့။ ကျန်းမာရေး ချူချာလှသော ဆရာတော်မှာ စေတီကျောင်းဟောင်း ထပ်လောင်းပြုပြင် အသက်ရှည်ကြောင်း အလုပ်ကြီးကိုပင် လုပ်မိလျက်သား ဖြစ်ရ၏။ ထိုမျှမက ၂၅၀၀ သာသနာ့မှတ်တိုင်ကြီးတစ်ခု ယင်း မိုးမိတ်ကုန်းမြေ၌ လွှင့်ထူ တည်စိုက်ရန် ကြမ္မာဆော်တိုက်ခြင်း ဖြစ်သည်ကိုမူ မအောက်မေ့မိခဲ့ကြချေ။

ထူးခြားသည်ကား စေတနာ လုပ်အားပေးသူများက ချုံနွယ်များကို ရှင်းလင်း၍ ဆရာဒကာ နမ္မဒါ နဂါးမင်းနှစ်ကောင် ပတ်ခွေ၍ ထုဆစ်ထားသော စက်တော်ရာကို ဒေးစိုက်ဖူးမြော်ကြရင်း စကားစမြည် ပြောဆိုနေကြစဉ် ထို မိုးမိတ်မြေငူ သာသနာ့အလံ

http://www.dhammadownload.com



ထူမည့် ဘူမိနက်သံအရပ်ကို တရံမလပ် လှည့်ပတ်ကင်းစောင့်နေခဲ့ ကြရဟန်တူသော မြွေကြီးနှစ်ကောင်သည် ဆရာတော်များ အနီးသို့ပင် ရောက်လာကြလေ၏။ ခဏကြာလျှင် –

"တပည့်တော်များ တာဝန်ကျေပါပြီ ဘုရား။ သက်ရှည်ကျန်းမာ၍ သာသနာ ဆက်လက်ပြုတော်မူနိုင်ကြပါစေ" ဟု ဆိုသောအလား ဦးခေါင်းညွှတ်ကာ လှည့်ပြန်သွားကြလေ၏။ သီဟိုဠ်ကျွန်း ဘုရားလေးဆူတို့၏ ဓာတ်မွေသရီ ကိန်းစံခဲ့ရာ ထူပါရုံစေတီအရပ်ကို ဒုစရိုက်သမားများ မကပ်ရောက်နိုင်စေရန် နတ်များ စောင့်ကြပ်ခဲ့သည်ကို သတိရဖွယ်ရှိပေ၏။

မန္တလေးမြို့တည်၊ ပဥ္စမသံဂါယနာတင်၊ မန္တလေးတောင်တွင် သာသနာရောင်ထွန်းပြောင်ရန် အခြေပျိုးစဉ်ကလည်း ထိုမြွေကြီးနှစ်ကောင် အဖြစ်မျိုး ကြုံခဲ့ရဟန်တူ၏။

"စခန်းမဝေးပေါင်၊ မန္တလေးတောင်၊ မြွေကြီးနှစ်ကောင် ကြည့်ချေရအောင်" ဟုပင် တဘောင်သီချင်းတွင်ကာ တောင်ပေါ်မြောက်ဘက်စောင်းတန်းထိပ်၌ ယခုတိုင် မြွေကြီးနှစ်ကောင်ပုံများကို တွေ့နိုင်ပေသည်။

ဆရာဝန်ကြီး ဦးသာလှသည် ချက်ချင်းပင် ထိုမိုးမိတ်စေတီကုန်းမြေကို ပြုပြင်ရန် လျှောက်ထားကာ အများပြည်သူတို့၏ စေတနာကို စုပေါင်း၍ ဦးစွာ သံတောင် ၇၃ တောင်ရှိ မိုးမိတ်စေတီကြီးကို ၁၃၂၂ ခုနှစ်တွင် ပြုပြင်ပြီးစီးခဲ့သည်။ ရွှေဘိုတင်မောင် ရုပ်သေးဇာတ်က မြွေကြီးနှစ်ကောင် အထိမ်းအမှတ်ဖြင့် ဘူရိဒတ်ဇာတ် ကပြ၍ ထီးတင်ပွဲမှာ ပူဇော်ခဲ့သည်။

နှစ်စဉ် တော်သလင်းလဆန်း (၁၁)ရက်နေ့မှစ၍ လပြည့်နေ့ထိ (၅) ရက်တိတိ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပကြသည်။

ယခုအခါ မိုးမိတ်ကုန်းမြေ၌ သိန်းပေါင်းများစွာ သာသနာ့အဆောက်အအုံများနှင့် ပိဋကသုံးပုံ ရှုတ်အာဂုံထိန်းသိမ်းရာ တိပိဋက နိကာယကျောင်းတိုက်ကြီး ပိဋကသုံးပုံ အာဂုံဆောင် သမိုင်းပြတိုက်ကြီးအဖြစ် ၂၅၀၀ သာသနာတစ်ခေတ်ကို ထွန်းပြနေလေပြီ။

ထိုမိုးမိတ်ကုန်းမြေ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ် တွေ့ကြုံရသော အံ့ဩဖွယ် ကြည်နူးဖွယ် ဆန်းကျယ်သော အဖြစ်သနစ်များအကြောင်း "ပထမသုံးနှစ်ခရီး" စာအုပ်ကြီး၌ တိပိဋကရေ ရဲဘက်တော် သာသနာပြု အထူးကုဆရာဝန်ကြီး ဦးသာလှ၏ အောက်ပါရေးသားချက်များကိုလည်း ဆက်လက်ဖတ်ရှုကြည်ညိုပါဦး။

http://www.dhammadownload.com



## စက်တော်ရာ ဂန္ဓကုဋီတိုက်ကို ပြင်ဆင်ခြင်း

"ဖော်ပြပါ အဆောက်အအုံများ ဆောက်လုပ်လျှဒါန်းနေကြဆဲ အချိန်မှာပင် မိုးမိတ်စေတီတော်ကြီးနှင့် ပါဒနက်သန် စက်တော်ရာ စေတီတော်တို့မှ ရောင်ခြည်တော်များ ကွန့်မြူးကူးလူးကြသည်ကို ဖူးမြင်ကြရပါသည်။

စက်တော်ရာစေတီ၏ ဂန္ဓကုဋီတိုက်တော်မှာ မူလက ဘုံခုနစ်ဆင့် အုတ်ပြာသာဒ်ဖြစ်သော်လည်း ဘုံနှစ်ဆင့်မျှသာကျန်အောင် ပြိုပျက်နေသည်ကို မူလပုံတော်အတိုင်း ဆောက်လုပ်ကြရန် ဆုံးဖြတ်ကြပြီးလျှင် ထိုအတွက် မန္တလေးမြို့မှ မြန်မာပိသုကာဆရာကြီး ဝဏ္ဏကျော်ထင် ဦးဆိုင်နှင့် သား ဦးမြသိန်းတို့ကို ဖိတ်ခေါ်ပြသပြီး မူရင်းပုံမပျက်စေဘဲ ပိုမိုတိုးချဲ့၍ ဆောက်လုပ်ကြရန် နည်းနိဿယများကို တောင်းခံပြီး အလင်္ကာကျော်စွာ ပန်းချီဆရာကြီး ဦးစောမောင်အား ပုံတူရေးဆွဲပေးရန် မေတ္တာရပ်ခံခဲ့ပါသည်။ ဆရာကြီး ဦးစောမောင်ကလည်း ချက်ချင်း မဆိုင်းမတွ ဒါနပြု၍ ရေးဆွဲပေးပို့ပြီး သမိုင်းကို ရှာဖွေရန်အတွက် ရွှေပြည်ဆရာကြီး ဦးဘတင် အား အကူအညီတောင်းခံခဲ့ရာ မိုးမိတ်မင်းသားကြီးနှင့်ကြင်လျာတော်အထိ ရရှိပြီးနောက် လွန်ခဲ့သောနှစ်ကမှ တိပိဋက နိကာယ သာသနာပြုအဖွဲ့ကြီး၏ နာယက မဟာသရေစည်သူ (လက်ဝဲမင်းညို) ဦးချမ်းသာ၏ဇနီး ဒေါ်တင်တင်မေထံမှ ပိုမိုပြည့်စုံစွာ ရရှိ၍ ပူးတွဲတင်ပြထားပါသည်။

မိုးမိတ်စေတီတော်ကြီးအား ပြန်လည်ပြင်ဆင်စဉ်က သစ်မြစ်သစ်ငုတ်များမှာ လှည်းအစီး နှစ်ဆယ်ခန့် ရရှိပြီး၊ ဥာပနာပစ္စည်းများမှာလည်း များစွာ ရရှိခဲ့ပါသည်။ ပယင်းဆင်းတုတော်ပင် ပါရှိခဲ့လေရာ စက်တော်ရာ ဂန္ဓကုဋီအုတ် ပြာသာဒ်တော်ကြီးအား ဖြိုဖျက်ခဲ့လျှင် ပိုမို၍ ဥာပနာ ပစ္စည်းများကို တွေ့ရှိရလိမ့်မည်ဟု ထင်မှတ်ခဲ့ကြသော်လည်း အနည်းငယ်သော ဗုဒ္ဓရုပ်ပွား ကျောက်ဆင်းတုတော်များမှအပ ဘာမျှ မတွေ့ရှိရပါ။

အသစ်တိုးချဲ့ဆောက်လုပ်မည်ဖြစ်၍ အောက်ခြေအုတ်မြစ်အထိ ဆက်လက်တူးဖော်သောအခါတွင် တနင်္ဂနွေထောင့်တွင် ရွှေကြုတ်ဖြင့်ထည့်၍ထားသော ဗုဒ္ဓ၏ ရွှေအဆင်းဓာတ်တော် ၁၄ ဆူတို့ကို တွေ့ရှိရပါသည်။ ၎င်းဓာတ်တော်များမှာ မုန်ညင်းစေ့ခန့် ပမာဏရှိပြီး ရွှေသားကို အလုံးကလေးများ ပြုလုပ်ထားသကဲ့သို့ ဖူးမြင်ရ၍ ရွှေတုံးကလေးများ ဖြစ်မည်ဟုပင် အချို့က ယူဆကြသဖြင့် ဆရာတော်ဘုရားက ....

http://www.dhammadownload.com



"ပိဋကတော်ကျမ်းအလာ ဗုဒ္ဓ၏ ရွှေရောင်အဆင်းရှိသော ဓာတ်တော်များပင် ဖြစ်မည်ဟု အမိန့်ရှိပါသည်။ ဤဓာတ်တော် ၁၄ ဆူတို့ကို ပဓာနပြု၍ ဤစက်တော်ရာကြီးကို တည်ထားကိုးကွယ်ခဲ့ဟန်တူသည်" ဟုလည်း ဆရာတော်ဘုရားက ထပ်မံအမိန့်ရှိပြန်သဖြင့် ၎င်းဓာတ်တော်များကို ပြန်လည်တည်ဆောက်မည့် စက်တော်ရာစေတီ 'ယာဉ်တော်ပုံ အုတ်ပြာသာဒ်' အတွင်း၌ပင် ဌာပနာရန် ဆုံးဖြတ်ကြပြီး ဆရာတော်ဘုရားကိုယ်တော်တိုင် ဌာပနာပွဲ မကျင်းပမီ သိမ်းဆည်းထားရန် စီစဉ်ကြပါသည်။

ထိုဆုံးဖြတ်ချက်အရ ထိုဓာတ်တော် ၁၄ ဆူတို့ကို ဆရာတော်၏ ဓမ္မနာဒကျောင်း၌ပင် လုံခြုံစွာ သိမ်းဆည်းထားခဲ့ပါသည်။ မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ဝင်လူကြီးများနှင့် အလှူရှင်များသည် မင်းကွန်းဘက်သို့ ရောက်ရှိကြသည့်အခါတိုင်း ဆရာတော်ထံမှ ဓာတ်တော်ကြုတ်ကို ပင့်ဆောင်၍ ဖွင့်လှစ်ပြီး ရှိခိုးပူဇော်ကြပါသည်။

## ဓာတ်တော်များ၏ ထူးခြားချက်

ထိုစဉ်အခါက ....

(က) ဆရာတော်ကိုယ်တိုင်ပင် ဓာတ်တော်များကို တစ်ညလုံး ရေမွှေးဘူးထဲ စိမ်၍ နံနက်ခါ အဝတ်ကြမ်းဖြင့် ပွတ်သပ်ကြည့်ရာ တိုး၍တိုး၍သာလျှင် အရောင်လက်၍လက်၍ လာပါတော့သည်။ (ရွှေချထားခြင်းဖြစ်လျှင် ရွှေကွာအောင် ရေမွှေးစိမ်ခြင်း ဖြစ်ပါသည်။)

(ခ) အမှတ်မထင် ရဟန်းငယ်တစ်ဦးကလည်း တိတ်တဆိတ် ဓာတ်တော်ကိုယူပြီး ပေပေါ်တင်၍ တူဖြင့် ထုနက်ကြည့်ရာ အသမ္ဘိန္န=မပြိုမပျက် မကွဲအက်သည်ကို ထူးခြားစွာ တွေ့ရှိကြရလေသည်။

(ဂ) ရန်ကုန်မြို့မှ ရောက်လာသော ပုဂ္ဂိုလ်ကြီးတစ်ဦး (သတင်းစာဆရာကြီးတစ်ဦး)က ဤသတင်းကို ကြားသိရ၍ ဆရာတော်ထံမှ ဓာတ်တော်များကို ဖူးမြော်ခွင့်တောင်းခံကာ မိမိလက်ဖဝါးပေါ်၌ တင်၍ ဖူးပြီးလျှင် ကြည်ညိုသဒ္ဓါဖြစ်ရှိလှသဖြင့် ဓာတ်တော်နှစ်ဆူတို့ကို တိတ်တဆိတ် ပင့်ယူခဲ့ပြီးနောက် ဆရာတော်အား ကန်တော့ပြီး ပြန်လာခဲ့ရာ ၎င်းဓာတ်တော်နှစ်ဆူ ခရီးလမ်းတွင်ပင် ပျောက်ဆုံးသွားပါသည်။

ထိုပုဂ္ဂိုလ်ကြီးက မန္တလေးဘက် ရောက်သောအခါ ထိုအကြောင်း ကျွန်တော့်အား ပြောပြရာ စိတ်မကောင်းဖြစ်ရပါသည်။ နောက်တစ်နေ့ ကျွန်တော် မင်းကွန်း

http://www.dhammadownload.com



သို့သွားရောက်ကာ ဖူးမြော်နေကျအတိုင်း ဓာတ်တော်ကြုတ်ကို ဆရာတော့်ထံမှ ပင့်ပြီး ဖူးမြော်ရေတွက်ကြည့်သောအခါ တစ်ဆယ့်လေးဆူတိတိပင် ရှိနေပြန်သည်ကို ထူးခြားစွာ ဖူးတွေ့ရ၍ အံ့သြဝမ်းမြောက် ကြည်ညိုကြရပါသည်။

ဤကဲ့သို့သော သတင်းများ ပျံ့နှံ့သွားပါလျှင် ဓာတ်တော်ရယူလိုသူများ ပေါများလာမည်ဖြစ်သဖြင့် ထိုသတင်းကို မပြန့်ပွားအောင် ထိန်းချုပ်၍ ယာဉ်တော်ပုံ စက်တော်ရာ အုတ်ပြာသာဒ်ကြီး အမြန်စီးပြီးအောင်သာ ဂေါပကအဖွဲ့ဝင်လူကြီးများ အထူးကြိုးစားကြရပါသည်။

[မှတ်ချက်။ ။ မြတ်စွာဘုရားသာသနာတော် တည်ရှိနေသမျှ ကာလပတ်လုံး သရီရဓာတ်တော်တို့လည်း မည်သည့်အကြောင်းကြောင့်မျှ ပျက်စီးဆုံးပါးခြင်း မရှိနိုင်သည့်အပြင် ယုံကြည်လေးမြတ်၊ သဒ္ဓါဓာတ်၊ ဘုန်းကံကြီးမားသူတို့၏ အထံ၌ ကြွရောက်ကိန်းစံကာ အပူဇော်ခံလျက်ရှိနေကြမည်ကို မမိုက်မသုန် ယုံကြည်အပ် လှပေသည်။ မြတ်စွာဘုရားရှင်၏ တန်ခိုးတေဇော် အာနုဘော်ကား ကြီးမြတ်တော် မူလှပါပေစွ။ မြန်မာတို့၏ ဘုန်းကံလည်း ကြီးမားလှပါပေစွ။]

ထိုစဉ်အခါက မဟာဗန္ဓုလ ကျောင်းဒကာကြီး ဦးဆိုင်က အလွန်တရာ အနုပညာ ပြောင်မြောက်လှစွာသော ထိုပါဒနက်သန် စက်တော်ရာကြီးကို ဆရာတော် ဘုရား၏ ဓမ္မနာဒ ကျောင်းတိုက်သို့ ပြောင်းရွှေ့ပြီး တည်ထားကိုးကွယ်သင့်ကြောင်း၊ ထိုသို့ ပြောင်းရွှေ့တည်ထား ကိုးကွယ်မည်ဆိုပါလျှင် မိမိက လုံးဝဥသုံ့တာဝန်ယူ ဒကာခံပြီး ကြီးကျယ်ခမ်းနားစွာ ထားရှိပူဇော်မည် ဖြစ်ပါကြောင်း လျှောက်ထားခဲ့ သည့်အပြင် ထိုစဉ်က သာသနာရေးဝန်ကြီး ဦးဘစောကလည်း မိမိဇာတိ ကျောက် ဖြူမြို့သို့ ပင့်၍ ပူဇော်ထားလိုကြောင်း လျှောက်ထားရာ ဆရာတော်ဘုရားက သခင် ကိုယ်တော်မှိုင်း ရေးသားပြုစုသော 'ဒေါင်းဋီကာ" စာအုပ်ကို ဖွင့်ပြပြီးနောက် ထိုစာအုပ်ပါ မင်းဘူးမြို့ အထက်စက်တော်ရာကို ပြောင်းရွှေ့ခဲ့သော ဆရာတော်တစ်ပါး မျက်စိကွယ် ခဲ့ဖူးကြောင်း မှတ်တမ်းကို ထောက်ပြခဲ့ပါသည်။

ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီး အမိန့်ရှိသော ဒေါင်းဋီကာပါ အကြောင်းကို ရွှေစက်တော်သမိုင်း၌ အောက်ပါအတိုင်း ဖတ်ရှုရပါသည်။

## စက်တော်ရာ ရွှေ့ပြောင်း၍ မျက်စိကွယ်ရသူ

(ရှင်သုဓမ္မစာရီ အထက်စက်တော်ရာကို ရွှေ့ပြောင်းခြင်းအကြောင်း)

အဝမြို့၊ မာန်အောင်ရတနာမင်းလက်ထက်၊ သက္ကရာဇ် ၁၀၅၈ ခု၊ သာသနာ

http://www.dhammadownload.com



တော် ၂၂၄၀ ပြည့်နှစ်တွင် လယ်ကိုင်းမြို့ဒေသမှ ရှင်သုဓမ္မစာရီပုဂ္ဂိုလ်သည် ဒုတိယစက်တော်ရာ (အထက်ခြေတော်ရာ) ကို ကျောက်စွန်းတောင်မြိတ်ကျသည်နှင့် နောင်ရေဆိုးမိုးပြင်းတို့ အန္တရာယ်ပြုရာသည် တစ်ရပ်၊ ဆည်းကပ်ဖူးမြော်လာသူ ရှင်လူရဟန်းတို့ နေရာထိုင်ခင်း ကျဉ်းကျပ်လှသဖြင့် ကျပေါက် သေပျောက် ပျက်စီးရာသည် တစ်ရပ်၊ ဤအကြောင်းနှစ်ရပ်ကြောင့် ခြေတော်ရာကို ကျယ်ဝန်းညီညွတ်ရာတောင်အလယ်သို့ ရွှေ့မည်ဟု ကျောက်ကို ဆစ်ဖြတ်ပြီးလျှင် ခြောက်ပေါက်စက် ဆင်၍ လူ ၄၀၀ ခန့်နှင့် အပြင်းဆွဲငင်ရာ ခြေတော်ရာသည် တစ်ထွာနှင့် ရှစ်သစ်ခန့် ပဲ့ပြတ်၍ တောင်လယ်သို့ ပါလာလျှင် ရှင်သုဓမ္မစာရီသည် စက္ခုနှစ်ဖက် ကွယ်လေ၏။

ထိုအခါ မဏိပဗ္ဗတ သေလာဒေဝမည်သော တောင်စောင့်နတ်လာ၍ "စက္ခုတစ်ဖန် မြင်ပြန်လိုလျှင် ချထားတော်ရင်း ကွဲပြတ်သည့် ခြေတော်ရာအစိတ်ကို မြဲမြံစွာစပ်၍ထားပြီးမှ ချထားတော်မူရင်းနေရာတွင် အပေါ်က အလျားရှစ်တောင်၊ အနံလေးတောင် ခြောက်သစ်သော စေတီကို ဖုံးအုပ်၍ တည်၊ သန့်စင်ကောင်းမြတ်သော ကျောက်ကို ခြေတော်ရာအသစ်ထု၍ တောင်လယ်တွင် အထက်ကထားလျှင် မျက်စိတစ်ဖန် မြင်ပြန်လတ့်" ဟု ပြောကြား၏။

ရှင်သုဓမ္မစာရီလည်း လယ်ကိုင်းမြို့ဒေသရှိ နှစ်မရင်း မယ်ဝထံ အကြောင်းကြားပြီးလျှင် နတ်ဆိုတိုင်း စေတီတော်ဘုရား တည်ထားပူဇော်၏။

ဤစေတီတော်ကို ယခု ပထမစေတီ ဟူ၍ ခေါ်ကြ၏။ ထိုသို့ ရွှေစေတီတည်ပြီးလျှင် ရေစက်သွန်းချ အမျှဝေသောခဏ၌ ရှေးကအသွင် မျက်စိတော်ကြည်လင်၍ မြင်တော်မူ၏။

(ရာဇဝင်၌ မာန်အောင်ရတနာမင်း နန်းတက် ၂၀၆၀၊ နန်းစံ ၁၃ နှစ်၊ သက္ကရာဇ်ကား ကွဲလွဲနေ၏။)

## ဓာတ်တော်တန်ခိုး
## မူဆလင်ဒကာကြီး သဒ္ဓါတိုး

မိုးမိတ်ကုန်းမြေမှ ဓာတ်တော်နှစ်ဆူ တိတ်တဆိတ် မသိအောင် ယူဆောင်ပူဇော်သူနှင့်စပ်၍ ကျွန်ုပ်တို့ကိုယ်တွေ့ အလားတူ ဖြစ်ရပ်တစ်ခု ရှိခဲ့ဖူး၏။

ဆရာတော်ဗုဓ် ဓာတိ ညောင်ကန်ရွာ၌ ဆရာတော်ဗုဓ် သီတင်းသုံးခဲ့ဖူးသောကျောင်းတိုက်ကြီးအတွင်းမှ ဆရာတော် ဦးတေဇ ပျံလွန်တော်မူရာ သက်ဆိုင်ရာတပည့်များ ဆရာတော်ပိုင် အမွေကို ခွဲဝေယူကြ၏။ ကျွန်ုပ်တို့၏ အစ်ကိုတော်သူ

http://www.dhammadownload.com



အသောက်အစားမကောင်းသော ဦးထွန်းမိုးမှာ နောက်ကျနေသဖြင့် ရရာပူဇော်မည် စိတ်ကူး၍ ဆရာတော်ပူဇော်သော ဓာတ်တော်ပုလင်းကို ဘုန်းကြီးများ မသိအောင် ခါးပိုက်ထဲထည့်ပြီး အိမ်သို့ ပြန်လာခဲ့သည်။

ညောင်ကန်အနီး မြောက်တော အရှေ့ဖျားရွာရှိ မိမိအိမ်သို့အဝင် မိမိဇနီးအား ဝမ်းသာအားရ ပြလိုဇောနှင့် "ငါတော့ ဘာမှမရဘူးဟေ့၊ ဆရာတော် ကိုးကွယ်တဲ့ ဓာတ်တော်ပဲ ယူခဲ့ရတယ်" ဟု ပြောပြောဆိုဆို ခါးပိုက်ကို ဖြေလိုက်ရာ ပုလင်းထဲမှာ ဓာတ်တော် တစ်ဆူမျှ မရှိတော့ချေ။ လွန်စွာ အံ့အားသင့်၍ နေလေ၏။ ကျောင်းသို့ ပြန်၍လည်း စုံစမ်းရကောင်းမှန်း သတိမပြုမိခဲ့။ (ဒေါဏပုဏ္ဏားကြီး ဓာတ်တော်ဝေခန်း ကိုလည်း သတိပြု။)

နောက်တစ်ဦးကား သီပေါမင်းလက်ထက် အင်းဝမြို့ဓာတိ မူဆလင်လူမျိုး ကျောင်းဒကာ ဦးထွန်း ဖြစ်သည်။ ထိုခေတ်က ရေတွင်းဒကာကြီးဟု အသိများ၏။

မူဆလင်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းခါစ အိမ်ရှိဘုရားခန်းမှာ ဓာတ်တော်များကို ကိုးကွယ်ထား၏။ သတိရ၍ကြည့်သောအခါ ဓာတ်တော်ဆယ်ဆူပုလင်း ထဲ၌ ပူဇော်ထားရာ တစ်ဆူနှစ်ဆူမျှသာ ကျန်တော့သည်ကို တွေ့ရသဖြင့် စိတ်မကောင်း ဖြစ်နေ၏။ အိမ်ရှိလူများလည်း မကိုင်ကြောင်း သိရသောအခါ မန္တလေး အနောက်ပြင် တောင်တော်တိုက်၊ တောင်တော်သာသနာပိုင်ကြီးတပည့် ဦးပညာ ဆရာတော်အား လျှောက်ရာ ....

"ဒကာကြီး .... ဓာတ်တော်များဟာ လေးလေးစားစား မပူဇော်လျှင် ပူဇော်တဲ့ နေရာ ကြွသွားတတ်တယ်" ဟု အမိန့်ရှိလိုက်၏။ ဦးထွန်းလည်း ထိုအချိန်မှစ၍ ဆွမ်း, ပန်း, ရေချမ်း, ဆီမီးနှင့်တကွ ဝတ်တက် ဝတ်ကပ်ခြင်း အထူးပြုလုပ်လေရာ တစ်ပတ်အတွင်းမှာ မူလကအတိုင်း ဓာတ်တော်များ ရှိလာသည်ကို ဖူးတွေ့ရသည်။ နောက်ဓာတ်တော်များ မူလရှိတာထက်ပင် တိုး၍နေသည်ကို တွေ့ရပြန်ရာ ဓာတ် တော်များကို ပင့်ဆောင်၍ ဆရာတော်အား ဝမ်းသာအားရ သွား၍ပြသ၏။

ထိုအချိန်မှစ၍ ဦးထွန်း၏ ဗုဒ္ဓဘာသာအပေါ် ယုံကြည်ချက်မှာ ပို၍ ခိုင်မာ သွားလေတော့၏။ တောင်တော်သာသနာပိုင်တိုက်ကြီးအတွင်း အလယ်၌ရှိသော ရွှေကျောင်းတိုက်မကြီးမှာ ယင်းဦးထွန်း၏ ကောင်းမှုဖြစ်ရာ ထိုခေတ်ငွေ ရှစ်သောင်း ကုန်ကျသည်ဟု ဆိုသည်။

ထိုခေတ်က ကျောင်း, ဘုရားစေတီ ပြုလုပ်ကြရာ၌ အဆောက်အအုံ မြင်ရုံမျှဖြင့် ရှင်ဘုရင်ကောင်းမှု၊ ဝန်ကြီးကောင်းမှု၊ သူဌေးကောင်းမှုဟု သိနိုင်လေသည်။ အဆင့်

http://www.dhammadownload.com



အတန်းအလိုက် ခွဲခြားဆောက်လုပ်ရသောကြောင့် ဖြစ်လေသည်။

သီပေါမင်းသည် ရေတွင်းဒကာကြီး ဦးထွန်းအား မူဆလင်ဘာသာမှ ဗုဒ္ဓဘာသာသို့ သက်ဝင်လာသူဖြစ်၍ မူးမတ်များ ဆောက်လုပ်သော အခွင့်အရေးမျိုးပေးကာ အလယ်တိုက်မကြီးကို လေးထောင့်ပန်းဆွဲ စရုံတာများ လုည့်၍ အထူးဆောက်လုပ်ခွင့် ပြုခဲ့လေသည်။

ဆရာတော် ဦးပညာဟူသည် ရာဇဓူရဘွဲ့နှစ်ထပ်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့ရ ပေါင်းတောင်ဂူဆရာတော် ဖြစ်ပါသည်။

**(ဤအကြောင်းကို ပေါင်းတောင်ဂူ ဆရာတော်ကြီး၏ မြေးတော် မော်လမြိုင်၊ တောင် လေးလုံး အဘိဓမ္မဆရာတော်ဘုရားကြီး အမိန့်ရှိချက်အတိုင်း မော်ပြပါသည်။)**

## ဟန်လင်းပြည်မှ အိပ်မက်ရတနာတော်များ

အဖိုးတန် လောကီစိန်ရွှေရတနာ ကျောက်သံပတ္တမြားတို့သည် အကြောင်းအားလျော်စွာ ပျောက်ကွယ် ပျက်သုဉ်းကြသော်လည်း အသမ္ဘိန္နဓာတ် လောကုတ္တရာ ရတနာမြတ်တို့ကား မည်သည့်အရပ်၌ နှစ်ပေါင်းထောင်ချီ၍ ကိန်းဝပ်နေကြစေကာမူ ပျောက်ပျက်ခြင်းမရှိကြောင်း သိသာလှပေသည်။ ဤအချက်ကပင်လျှင် လေးနက်သော အဓိပ္ပာယ်ကို ဆောင်လေ၏။

ယခု နှစ်ပရိစ္ဆေဒ မခန့်မှန်းနိုင်သော၊ အနည်းဆုံး ဟန်လင်းပြည်ကြီး ကောင်းစားစဉ်ကဟု ယူဆနိုင်သော ရှေးဦး ဓာတ်တော်တိုက်ကြီးတစ်ခု မင်းတုန်းမင်းလက်ထက် အိပ်မက်အရ ပေါ်ထွက်လာပုံကို ပြဆိုပါမည်။

အိပ်မက်မြင်မက်သည့် ပုဂ္ဂိုလ်မှာ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ သစ်ဆိမ့်ကြီးရွာ ဓေတဝန်ဆရာတော် ဦးဝိသုဒ္ဓါစာရပင် ဖြစ်ပါသည်။

"ဆရာတော်ဘုရား၊ သစ်ဆိမ့်ရွာ အနောက်ဘက် တစ်မိုင်ခန့်ဝေးသောနေရာတွင် တောကြီးတစ်ခု ရှိပါသည်။ မြေပြင်ညီညာစွာ ရှိသောနေရာ ရောက်လျှင် ၎င်းမြေပြင်အောက်မှာ ရှေးက သံပျင်မင်းသံမီး နေထိုင်စာချဖူးသော 'စာလှည့်တင်' ခေါ် သဘာဝ သယံဇာတ ဂူကြီးလေးလုံး ရှိပါသည်။ ထိုဂူများကို ရှာလျှင် မုချတွေ့ပါလိမ့်မည်။

ထိုဂူအနီး အရှေ့တောင် ယွန်းယွန်းမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး မကြာမီကာလတွင် ရှင်ပုည၊ အရှင်သုန္ဒရ အမည်ရှိသော ရဟန္တာနှစ်ပါးတို့သည် မြတ်စွာဘုရားရှင်၏ အရိုးအသွေး အသားတော်တို့မှ

http://www.dhammadownload.com



ဖြစ်သော ဓာတ်တော်များကို ဌာပနာ၍ 'ထူပါရုံ' စေတီ တည်ထားခဲ့ကြပါသည်။

ထိုရဟန္တာနှစ်ပါးသည် စေတီတည်အပြီး တကောင်းပြည်သို့ ပြန်လည်ကြွသွား၍ ပရိနိဗ္ဗာန် ပြုကြပါသည်။ ထိုစေတီမှာ နှစ်ပေါင်းများစွာ ကြာလေပြီဖြစ်၍ ယခု မြေပြင်အတိ ဖြစ်နေပါပြီ၊ တွေ့အောင်ရှာပါ ဘုရား။ ထိုစေတီ၏ အလယ်တည့်တည့်အောက်မှာ ဓာတ်တော်များ ရှိပါသည်။"

အိပ်မက်ကား ဆန်းလှချေ၏။ ဆရာတော်သည် နောက်တစ်ရက် နံနက်မှာပင် ဦးပဥ္စင်း ကိုရင် ကျောင်းသားများခေါ်၍ ထိုနေရာကိုရှာရန် တောထဲသို့ ကြွ၏။ လှည့်ပတ်ရှာသော်လည်း မတွေ့ရသဖြင့် စိတ်ပျက်ပြီး ပြန်လာခဲ့သည်။ နောက်လည်း အကြိမ်ပေါင်းများစွာ မက်၏။ မက်တိုင်း ရှာရာ မတွေ့တဲ့နိုင်ဘဲ ရှိ၏။

နောက်တစ်နှစ် တန်ဆောင်မုန်းလထဲတွင် တစ်ကြိမ်မက်ပြန်၏။ အိပ်မက်စကားများကို ပြန်လည်စဉ်းစားကြည့်ရာ လွန်စွာ စိတ်ဝင်စားသဖြင့် သွား၍ မရှာဘဲလည်း မနေနိုင်။ ရှာတိုင်းလည်း မတွေ့ရသဖြင့် အားမလိုအားမရ ဖြစ်ကာ ဦးပဥ္စင်း ကိုရင် ကျောင်းသားများကို တုံးခေါက်ခေါ်ကာ ....

"မောင်ပဥ္စင်းတို့ .... အိပ်မက်က လာပြန်ပြီ။ ဒီလောက်တောင် မက်လှ၊ သွားကြဦးစို့။ ဒီတစ်ခါမှ မတွေ့ရင်တော့ တော်ပြီ။ ဒါ နောက်ဆုံးပဲ။ ကဲ .... မင်းတို့လည်း စိတ်မပျက်နှင့်" ဟု မိန့်တော်မူလျက် ယခင် တောထဲသို့ ထွက်ခဲ့သည်။

နေ့ဆွမ်းစားပြီးသည်မှစ၍ ရှာဖွေကြရာ ညနေ ၅ နာရီကျော်သော်လည်း မတွေ့ရ၊ နေပင် ဝင်လုဆဲဆဲ ဖြစ်နေ၏။

"ကဲ .... မောင်ပဥ္စင်းတို့ ကျေနပ်လောက်ပါပြီ။ တို့ တာဝန်ကုန်ပါပြီ။ ပြန်ကြစို့" ဟု ဆိုကာ ကျောင်းသို့ ပြန်အလာ လေပြင်းမုန်တိုင်းနှင့်အတူ ရုတ်တရက် မိုးကြီးသည်းထန်စွာ ရွာသွန်းချသဖြင့် အနီးရှိ သခွတ်ပင်ကြီးတစ်ပင်အောက်၌ မိုးဝင်ခိုနေ၏။ ဆရာတော်မှာ ကောင်းကင်ကို မော့ကြည့်၍ မိုးလေအခြေအနေကို အကဲခတ်နေခိုက် ကျောင်းသားတစ်ဦးက ....

"ဘုန်းကြီးဘုရား .... ဟိုမှာ မြေကြီးထဲက မီးခိုးတွေ မီးခိုးတွေ" ဟု အလန့်တကြား အော်လိုက်၏။ မိုးလည်း မကြာမီ စဲသွား၍ မဝေးလှသော ထိုနေရာကို သေသေချာချာကြည့်လိုက်ရာ စို့သက်တင် အချောင်းကြီး ထွက်နေသည်ဟုသာ ထင်ရ၏။ အနီးသို့သွား၍ ကြည့်သောအခါ ပေသီးလုံးကြီး တစ်လုံးခန့်ရှိသော တွင်းပေါက်တစ်ခုမှ

http://www.dhammadownload.com



မြေခိုးမြေငွေ့များ ထွက်နေသည်ကို တွေ့ရလေသည်။

"ကိုရင် .... ဆူးခြစ်နွယ် သုံးတောင်လောက်သွားပြီး ကပ္ပိစမ်း" ဟု ခိုင်းကာ ဆူးခြစ်နွယ်တုတ်ဖြင့် ထိုးကြည့်ရာ တစ်ဆုံးဝင်သွား၏။ နောက် ဝါးလုံးရှည်ရှည် တစ်လုံး အရှာခိုင်းပြီး ထိုးကြည့်ပြန်သည်။ ထိုဝါးလုံးရှည်လည်း တစ်ဆုံးဝင်သွားပြန်၏။

"အေး .... ဒါ ဂူပဲကွ၊ သူတို့ပြောတဲ့ဂူပဲ" ဟု ဝမ်းသာအားရ မိန့်ဆို၏။ သို့သော် မှောင်စပျိုးလာပြီဖြစ်၍ ကျောင်းသို့ပြန်ခဲ့လေ၏။

ညတွင်းချင်း ရွာထဲမှ ဒကာများကို အကြောင်းကြားစေကာ နောက်တစ်ရက် ထိုနေရာသို့ လူအများနှင့် သွား၍တူးဖော်စေ၏။ ဂူပေါက်ကြီး လေးပေါက်ကို တွေ့ရသည်။

"အေး .... ဂူလေးလုံးဆိုတာ ဒါပဲ။ ဟုတ်ပြီ ဒါ ထားဦး" ဟုဆိုကာ အုတ်အနည်းငယ် အစအနမှုသာရှိသော နေရာတစ်ခုကို အိပ်မက်အရ အတူးခိုင်းပြန်၏။ ထူပါရုံစေတီဆိုသောနေရာ ဖြစ်သည်။ ရွာသားများမှာ တမောတပန်း တူးကြရာ မကြာမီ အလွန်ကြီးမားသော ကျောက်ဖျာကြီးတစ်ချပ် တွေ့ကြရ၏။ ကျောက်ဖျာ ကြီးမှာ အချင်း ၅ ပေ၊ ထု ၅ လက်မခန့်ရှိသည်။ ဆရာတော်မြင်လျှင် အလွန်ဝမ်းသာ အားရဖြစ်ကာ လူအားနှင့် ဝိုင်းချီ ကုတ်ကော်ပြီး မ,စေ၏။

လူအစိတ်သုံးဆယ်အားနှင့် မ,သော်လည်း မရနိုင်ဘဲ ရှိနေကြလေ၏။ ထိုနေ့အတွက် နေလည်း ဝင်သွားသဖြင့် ဒကာရင်း လူရွယ်များကို ....

"ကဲ .... ဒါ ထူပါရုံစေတီ ဓာတ်တော်တိုက်ပဲကွ၊ ကုသိုလ်ရပါတယ်။ မင်းတို့ သုံးယောက် ဒီမှာ အိပ်နေခဲ့။ နက်ဖြန် ငါတို့ စောစောလာခဲ့မယ်" ဟု ဆိုကာ အစောင့်ထားပြီး ကျောင်းသို့ ပြန်ခဲ့သည်။

နောက်တစ်ရက် ကြွသွားသောအခါ ဆရာတော်မြင်လျှင် အစောင့်လူရွယ်များ ပြေးလာကြကာ ညက ကြောက်လန့်ဖွယ် ကောင်းသော လူသံ လှည်းသံ ဆွဲလည်းသံနှင့် အုတ်အုတ်ကျက်ကျက် တစ်တောလုံး ဆူညံသံများ ကြားကြရကြောင်း လျှောက်ကြသည်။ ဆရာတော်က ....

"အေး .... ငါနှင့်ထိုက်တာ ကျန်ရစ်လိမ့်မပေါ့ကွာ" ဟု ပြောပြောဆိုဆို ထိုကျောက်ဖျာကြီးရှိရာ တွင်းထဲသို့ ကြွလေရာ လူအားနှင့် မ,ချီ၍ မရသော ကျောက်ဖျာကြီးမှာ အလိုအလျောက် ပွင့်ဟလျက် ရှိနေသည်ကို ထူးဆန်းစွာ တွေ့ရလေ၏။ အစောင့်လူများမှာ ညက ထိုတွင်းအနားသို့ပင် မသီရဲကြပေ။ (ထိုဒေသ၌အဝန်း ၉ ပေ၊ ထု ၂ ပေခန့်ရှိ ကျောက်ပြားကြီးများ၊ ပေ ၂၀၊ ထု ၅ လက်မရှိ ကျောက်ထီးကြီးများ များစွာရှိသည်။)

http://www.dhammadownload.com



ဓာတ်တော်တိုက်ကို ပိတ်ထားသော ကျောက်ဖျာကြီး အောက်တွင် အလွန်ကြည်ညိုဖွယ်ကောင်းသော ပုလဲအဆင်း၊ မြလေးငုံအဆင်း၊ ခယားစေ့အဆင်း၊ ရွှေအဆင်းရှိသော ဘုရားရှင်၏ သရီရဓာတ်တော်များကို ဖူးတွေ့ကြရလေသည်။

ပဥ္စမ သံဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် အထက်ပါ သတင်းကို ကြားသိရ၊ စစ်ကိုင်း ဝတ်ချက်မင်း ကျောင်းဆရာတော်နှင့် ရင်းနှီးကြောင်း သိရသဖြင့် ယင်းဆရာတော်နှစ်ပါးကို နန်းတော်သို့ပင့်၍ ဓာတ်တော်အချို့ ခွဲဝေပူဇော်ခွင့် ရယူခဲ့သည်။

## မင်းတုန်းမင်းတရားကြီး အမိန့်တော်ပြန်တမ်း

အမိန့်တော်။ သစ်ဆိမ့်ကြီး ဓလေ့တင် တောရကျောင်းတိုက်အတွင်း သီတင်းသုံးနေသည့် ရဟန်းတော်အရှင်ဝိသုဒ္ဓါစာရ အိပ်မက်အရ ပေါ်ထွန်းသည့် ဓာတ်တော်မွေတော်မြတ်တို့သည် ရည်သန်ကြံရွယ်တော်မူရင်း ဗုဒ္ဓါရုံ့ထ သမ္မာဆန္ဒတော်အားလျော်စွာ အတုမရှိသော မဟာကျောက်စေတီတော်ကြီး အားထုတ် တည်လုပ်တော်မူဆဲအခါ ဌာပနာသွင်းတော်မူခြင်းငှာ သာသနာတော်စောင့် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့ ညွှန်ပြသည့် သဗ္ဗညုမြတ်စွာဘုရား သရီရဓာတ်တော် မွေတော်မြတ် အစစ်ဖြစ်သည်။ ဗုဒ္ဓဂါရဝ ပူဇနီယ တရားပွားများ ဖြစ်ထွန်းအောင် ကောင်းမွန်တင့်တယ်စွာ စီစဉ်ခင်းကျင်းပင့်ဆောင်တော်မူမည်။ ပင့်ဆောင်ရန် အခမ်းအနား ခန့်ထား စီရင်ရန်ရှိသည်များကို ပြီးပြေအောင် စီရင်။ စာရင်းကိုလည်း သွင်း။

၁၂၃၉ ခု၊ သီတင်းကျွတ်လဆန်း ၄ ရက်နေ့၊ နားခံတော် နေမျိုးစည်သူကျော်ထင် ပြန်။

မင်းတုန်းမင်းတရားကြီးသည် ယင်းဓာတ်တော်များကို ပင့်ဆောင်စေပြီးလျှင် မန္တလေးမြို့၊ ရန်ကင်းတောင် မဟာကျောက်စေတီတော်ကြီး၌ ဌာပနာလေသည်။

(မန္တလေး သတော်ဒတန်း ဆုရားဒကာဦးလှဖေ – ရေးရှဌာဓနိရှပိရှင်တော်သမိုင်းမှ။)

(ဦးဝိသုဒ္ဓါစာရ ထေရုပ္ပတ္တိနှင့် ဓာတ်တော်တိုက်၊ ဂူများဓာတ်ပုံကို ဓမ္မဒူတ ဒုတိယတွဲမှာ ရှုပါကုန်။)

http://www.dhammadownload.com



## ဦးအောင်ဇေယျရုပ်ပွားနှင့် ဂဠုန်ဦးစော

ဂဠုန်ဦးစော၏ ဇာတ်သိမ်းကား အများသိသည့်အတိုင်းပင် သမိုင်းတွင် အကျည်းတန်ခဲ့၏။ သူသာမဟုတ် တိုင်းပြည်ပါ နစ်နာခဲ့သည်။

သူသည် အရာရာ၌ ထက်မြက်သူ၊ လုံ့လဝီရိယနှင့် သတ္တိရှိသူ ဖြစ်သည့်အပြင် ရည်ရွယ်ချက်လည်း ကြီးမားလှသူ ဖြစ်သည်။ ထိုစိတ်ထားရှိသူများသည် အတ္တသမ္မာပဏိဓိ (မိမိကိုယ်ကို အမှန်ထိန်းချုပ်ရပ်တည်မှု) နှင့် သပ္ပုရိသူပနိဿယ (ပညာရှိသူတော်ကောင်းအမှီ)သာ ရရှိပါလျှင် လျှမ်းလျှမ်းတောက် အထွတ်အထိပ် ရောက်နိုင်ပါ၏။

ဘာသာ သာသနာရေးတွင်လည်း စိတ်ပါဝင်စားသူ၊ ကိုင်းရှိုင်းသူဖြစ်သည်။ ဗြိတိသျှခေတ်တွင် သစ်တောရေးဝန်ကြီးဖြစ်စဉ် သူ့လုပ်ပိုင်ခွင့် နယ်ပယ်တွင် ဗြိတိသျှပေါ်လစီကိုပင် ဆန့်ကျင်ကာ ဘုန်းတော်ကြီးကျောင်းများအတွက် ပထမတန်းစားနိုင်ငံခြားတင် သစ်တန်ပေါင်းများစွာ လှူခဲ့ဖူး၏။ ပခုက္ကူမြို့ အလယ်တိုက်ရှိ အထိကရ အလယ်ကျောင်းကြီးမှာ သူ၏ စွန့်စားလုပ်ဆောင်ချက်တစ်ခုပင် ဖြစ်၏။ ပညာရေးဝန်ကြီး ဖြစ်စဉ်ကလည်း မန္တလေးမြို့ မဟာမုနိ အရှေ့ဘက်စောင်းတန်းထိပ်ရှိ မဟာနန္ဒိသေနာရာမ ကျောင်းတိုက်မြေကိုလည်း သာသနာ့မြေအဖြစ် သူပင် ဆောင်ရွက်ပေးသွားခဲ့သည်ဟု ဆို၏။

ထိုထက် အံ့သြဖွယ်ကောင်းသော ဘာသာရေး စွန့်စားချက် တစ်ခုကား သမိုင်းတွင် ဖျက်၍မရချေ။ မကောင်းတာ မကောင်းခဲ့သော်လည်း ကောင်းတာကား ကောင်းသည့်အလျောက် သမိုင်းတွင် တည်ရှိနေပေလိမ့်မည်။

ရှေးယခင် ဗြိတိသျှခေတ်တွင် ပထမပြန်စာမေးပွဲ၌ ပထမငယ်အောင်လျှင် (၁၄) ကျပ်သာ အစိုးရက လှူမြဲဖြစ်ရာ ဦးစော ပညာရေးဝန်ကြီး ဖြစ်လာသောအခါ ကျပ်ငါးဆယ်အထိ တိုး၍လှူစေခဲ့သည်။ စာဖြေစာအောင်သူများ ပို၍များလာခဲ့၏။

ယခုအခါ

ပထမငယ်အောင်လျှင် ၅၀ ကျပ်၊

ပထမလတ် ၇၅ ကျပ်၊

ပထမကြီး ၁၀၀ ကျပ်၊

စာချတန်း တစ်ကျမ်းလျှင် ၁၀၀ ကျပ်နှုန်းမှာ ဦးစော တိုးမြှင့်လှူဒါန်းခဲ့သော အောင်ဆုနှုန်းများပင် ဖြစ်လျက်ရှိနေချေသေးသည်။

ဂဠုန်ဦးစောကား ဘုရင်စိတ် ပြင်းပြသူ-ဖြစ်သည်။ အလောင်းမင်းတရားဦးအောင်ဇေယျ စသော ကုန်းဘောင်ဆက်မင်းများ အစဉ်အဆက် 'အောင်မြေ' ဟု

http://www.dhammadownload.com



သတ်မှတ်ထားသောနေရာတစ်ခု ရွှေဘိုမြို့အဝင် တောင်ဘက်၌ ရှိသည်။ ထိုအောင်မြေ၌ ဦးစော အောင်မြေနင်းခဲ့၏။ အောင်မြေနေရာကိုလည်း အဆောက်အအုံတစ်ခု ဆောက်ကာ သမိုင်းဝင်ဌာနတစ်ခုအဖြစ် ထင်ရှားစေခဲ့သည်ဟု မှတ်သားရသည်။ (ယခု ဝေဘူဆရာတော်ကြီး၏ အောင်မြေရိပ်သာအတွင်း၌ ရှိ၏။)

ထိုမှျမက မြန်မာ့တန်ဆောင် အလောင်းမင်းတရားကြီး၏ သချိုင်းတော် သည် မူလက လေးတိုင်စင် ပြာသာဒ်ကလေးမျှသာ ရှိနေရာ ဦးစော နန်းရင်းဝန်ဘဝ ၁၅–၁၂–၁၉၄၀ ပြည့်နှစ်၊ တနင်္ဂနွေနေ့နံနက်တွင် အလောင်းမင်းတရားကြီး၏ (ယခု မြင်တွေ့ကြရသော) အုတ်နန်းပြာသာဒ်တော်ကို တည်ဆောက်ရန် ပန္နက်ချပေးခဲ့ လေသည်။ ၄၂ ခုနှစ်ပြီးရာ ကျပ်သုံးသောင်း ကုန်လေသည်။

ကျွန်ုပ်တို့ မှတ်သားမိသမျှ အထက်ပါ သစ်တန်များစွာလျှော့ခြင်း၊ ပထမပြန် ငွေများ တိုးမြှင့်လျှော့ခြင်း စသည်တို့မှာ ဦးစော၏ သတ္တိရှိရှိ ကောင်းသောလုပ်ဆောင် ချက်များ ဖြစ်သည်။

## ရွှေတိဂုံမှ ဂဠုန်ဦးစောဘုရား

ထိုမှ နောက်၌ကား ဂဠုန်ဦးစော၏ လုပ်ဆောင်ချက်များမှာ သတ္တိရှိရှိ မှားယွင်းခဲ့လေပြီ။ သူ့ဘဝတွင် တစ်ခုပြီးတစ်ခု ဒုက္ခတွေနှင့်သာ ရင်ဆိုင်ရတော့၏။ အင်္ဂလိပ်အကျဉ်းသား ဖြစ်ရ၏။ လမ်းသွားရင်း ကားပေါ်မှာပင် သေနတ်ပစ်ခံရ၍ မျက်စိတစ်ဖက် ပျက်ခဲ့၏။ နောက်ဆုံး မဟာအမှားကြီး ဖြစ်သော နိုင်ငံတော်လုပ်ကြံ မှုကြောင့် ကြိုးမိန့်ပေးခြင်း ခံရသည်အထိ ရောက်လေတော့သည်။

ဂဠုန်ဦးစောသည် အင်းစိန်ထောင်အတွင်း ကြိုးမိန့်ချပြီးနောက် တစ်ခုပြီး တစ်ခု ဆက်တိုက်ရင်ဆိုင်ခဲ့ရသော ဒုက္ခများအတွက် သူ့ဘဝကိုသူ ပြန်စဉ်းစားကြည့် သည်။ တရားခံ ရှာကြည့်သည်။ ဝေဖန်သုံးသပ်ကြည့်သည်။ သူ့အမှား သူ လေ့လာ သည်။ အခြားအကြောင်းများ ရှိချင်ရှိမည် ဖြစ်သော်လည်း သူ့စိတ်ထဲတွင် အဓိက အကြောင်းတစ်ခုကို သွားတွေ့၏။ ဘုရားရုပ်ပွား ကိုးကွယ်ပုံ မှားယွင်းခဲ့ခြင်းပင်တည်း။

နိုင်ငံတော်လုပ်ကြံမှုနှင့် ဘုရားကိုးကွယ်မှု အမှားနှစ်ခုသည် သူ့အတွက် ပြင်၍ မရတော့သော အမှားများ ဖြစ်၏။ သို့သော် နောက်လူတို့အဖို့ လောကီ လောကုတ္တရာ နှစ်ဌာနအတွက် သခန်းစာကောင်းတစ်ခုအဖြစ် ကျန်ခဲ့သည်။

သူ အင်းစိန်ထောင်ကြီးအတွင်း၌ နေရစဉ် သူ့ကို စောင့်ကြပ်ရသော ပုဂ္ဂိုလ် တစ်ဦးအား သူကိုယ်တိုင် အောက်ပါအတိုင်း သူ့အမှားသူ ဝန်ခံပြောဆိုသွားခဲ့ဖူး၏။

http://www.dhammadownload.com



"ကျုပ်ဟာ နန်းရင်းဝန်ကြီးဘဝနှင့် ရွှေဘိုနယ်ကို ရောက်ခဲ့တယ်၊ အဲဒီအချိန်က ရွှေဘိုနယ်မှာ အတော်ထင်ရှားကျော်ကြားနေတဲ့ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ ကိုးကွယ်တဲ့ သက်န်းနက်ဘုရား .... မတ်ရပ်ဆင်းတုတော်ဟာ အတော်တန်ခိုးကြီးတယ်၊ ဆုတောင်းပြည့်တယ်၊ လိုတ,ရတယ်၊ ရန်အပေါင်းကို အောင်နိုင်တယ် ဆိုတဲ့ သတင်းကြောင့် အဲဒီဘုရားကို မရ,ရတဲ့နည်းနှင့် ကျုပ် ယူခဲ့မိတယ်။

"ဒါပေမဲ့ ကိုးကွယ်လိုလို့ ကြည်ညိုသဒ္ဓါနှင့် ပင့်ခဲ့တာမဟုတ်ဘူး၊ ကျုပ်အကျိုးအတွက် ကြည့်ပြီးယူခဲ့တာပဲ၊ ဒီတော့ ဆင်းတုတော်ကို သာမန်မျှသာ ကိုးကွယ်မှုအဆင့်တွင် မဟုတ်ဘဲ ကျုပ်ရဲ့ 'အဆောင်' သဘောမျိုး ထားခဲ့မိတယ်။ အဲဒါ ကျုပ်ရဲ့ မဟာအမှားကြီးပဲ။

"နောက်မှ သိရတာက ဒီဆင်းတုတော်ကြီးဟာ တန်ခိုးကြီးသလောက် အလွန် 'ခိုက်' တယ်ဆိုတာ သိရတော့ နောက်ကျသွားပြီ။ အဲဒီအချိန်က ကျုပ်ဟာ အင်္ဂလိပ်အကျဉ်းသမား ဖြစ်လိုဖြစ်ရ၊ သေနတ်ပစ်ခံလိုခံရနှင့် နောက်ဆုံး အခုအခြေအထိ ဖြစ်ခဲ့တာပါပဲ။

"နောက် .... ကျုပ် ဒီထဲရောက်မှ အဲဒီဆင်းတုတော်ကြီးကို ရွှေတိဂုံစေတီတော် စနေထောင့်မှာ ကျောင်းဆောင်တစ်ခုနှင့် လှူဒါန်းလိုက်ရတယ်"

[၁၅–၇–၁၉၇၁ နေ့ထုတ် အိုးဝေဂျာနယ်မှ။ ယခု ထိုရုပ်ပွား ထိုနေရာ၌ မတွေ့ရ။]

## ရတနာ၃နှင့် မထိုက်တန်လျှင်

ယခုအခါ သက်ဆိုင်ရာ နယ်ပယ်ဒေသ၌ အများပြည်သူ ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်း ကိုးကွယ်လာကြသော ရုပ်ပွားများကို (အချို့ အရိုန်အဝါကို အသုံးပြုကာ) 'ဆင်းရုပ်ခံတဲ့ဘုရားက ဘယ်လိုတန်ခိုးကြီးတာ' စသည်ဖြင့် မှားယွင်းစွာ ယူဆလျက် ပုဂ္ဂလိက သိမ်းယူပူဇော်ကြသူများ စဉ်းစားကြရန် ဖြစ်သည်။

လွန်ခဲ့သော ၁၀ နှစ်ခန့်ကစ၍ တောအရပ်တို့၌ ရာထူးအာဏာ စီးပွားမြင့်မား တိုးတက်လိုသူတို့က တစ်မျိုး၊ နိုင်ငံခြား ခိုးထုတ်လိုသူတို့က တစ်နည်း၊ သာသနိက ပစ္စည်းများနှင့် စပ်၍ အလွန် ငဲ့ကြီးသူများ ရှိနေခဲ့ကြ၏။ နိုင်ငံရပ်ခြား တိုင်းပြည်

http://www.dhammadownload.com



များတွင် ယင်းရုပ်ပွားတော်များကို ပြပွဲလုပ်၍ စီးပွားရေးရှာသူကရှာ၊ ဟိုတယ်လေ့ကားခြေရင်းမှာ 'ခေ့ဌ်ကြိုအနုပညာရုပ်လုံး' အဖြစ် ထားသူကထား၊ 'ရုပ်ပွားတော်များကပင် ကမ္ဘာသို့ သာသနာပြုကြွကြလေပြီ' ဟု ယူဆဖွယ်ရှိသော်လည်း ရင်လေးဖွယ်ဖြစ်တော့သည်။

ရတနာသည် ရတနာနှင့် ထိုက်တန်သောနေရာ၊ ထိုက်တန်သူမှသာ အကျိုးဖြစ်ထွန်း၍ ရတနာနှင့် မထိုက်တန်လျှင် ထိုရတနာကပင် လူကို ဒုက္ခရောက်စေတတ်သည်မှာ ထင်ရှားလှပေ၏။ ရွှေဝတ်ဆင်ထားသော ကလေးငယ်များအား ထိုရွှေကပင်သတ်သွားတတ်လေသည်။ သိန်းဆုပေါက်သော ရေထမ်းသမားအား ငွေအသပြာတစ်သိန်းကပင် သတ်သွားတတ်၏။

လောကုတ္တရာရတနာ၊ သာသနိက ပစ္စည်းတို့၌ကား ထိုထိုလောကီရတနာတို့ထက်ပင် အဆပေါင်းများစွာ မနှိုင်းယှဉ်သာအောင် မြင့်မြတ်သော၊ လူသာမန်တို့မသိနိုင်သော၊ ငုတ်ကွယ်နေသော အင်အားသတ္တိများ အပြည့်အနှက် ရှိနေကြပေသည်။ 'ဓာတ် သရဏာတော ဘယ်' ကိုးကွယ်ရာမှ ဘေးဖြစ်သည်မှာ သိနိုင်ခက်သဖြင့် ကြောက်မက်ဖွယ် အကောင်းဆုံးပင်တည်း။

## အိန္ဒိယပြန်ဆင်းတုတော်

၁၉၅၀ ခုနှစ်ခန့်၌ ကျွန်တော် အိန္ဒိယပြည် ကာကီမြို့ စိန့်အင်ဂျင်နီယာကျောင်းတက်အပြီး မြန်မာပြည်သို့ မပြန်မီတစ်နေ့တွင် ထောင်ထောင်မောင်းမောင်းနှင့် အင်္ဂလိပ်-မြန်မာ ကပြားကြီးတစ်ဦးက ကားနှင့်လာခေါ်၍ ကျွန်တော် လိုက်သွားခဲ့ပါသည်။ ကားသည် စိန့်အင်ဂျင်နီယာမြို့ရှိ စစ်အရာရှိများရိပ်သာရှိရာအရပ်သို့ သွားပြီး အိန္ဒိယအင်ဂျင်နီယာ ဗိုလ်ကြီးတစ်ဦး၏ အိမ်ထောင်သည် တစ်ထပ်တိုက် တစ်ခုရှေ့တွင် ရပ်လိုက်သည်နှင့် ကပြားကြီး၏နောက်မှ ကျွန်တော် ဆင်းလိုက်သွားပါသည်။

လှေကားထစ် လေးငါးထစ်တက်ပြီး ဖိနပ်ချွတ်သို့ ရောက်သောအခါ .... ကျွန်တော်တို့ တစ်သက်လုံး ဖူးမြော်ကန်တော့ခဲ့၍ မှတ်မိနေသော မြန်မာ့ကျောက်ဆင်းတုတော် တံတောင်သာသာ တစ်ဆူမှာ ဖိနပ်များနှင့် ရောထွေးပြီး စစ်ဦးထုပ်တစ်ခုကို တစောင်း ဆောင်းတော်မူ၍ တုတ်ကောက်တစ်ချောင်းကိုလည်း ပခုံး၌ထမ်းထားတော်မူသည်ကို အမှတ်တမဲ့ တွေ့လိုက်ရသည်။

http://www.dhammadownload.com



"အထဲကို ဝင်ပါ မိုလ်ကြီး" ဟု ထပ်မံ ဖိတ်၍ ညှော်ခန်းမှ ဖြတ်ကျော်ပြီး အိပ်ခန်းတွင်း ရောက်သောအခါ ပိန်ချည့်နေ၍ နာလန်ထစ ကုလားစစ်ဗိုလ်တစ်ဦး အိပ်ရာထဲ၌ လဲလျောင်းနေသည်ကို တွေ့ရပါသည်။

"ဒါ အိန္ဒိယ စစ်အင်ဂျင်နီယာဗိုလ်ကြီး' ဟု မိတ်ဆက်ပေးပါသည်။ သို့သော် ကျွန်တော် နာမည် မမှတ်မိပါ။ တစ်ဖန် ကုလားဗိုလ်ကြီးဘက်သို့ လှည့်ပြီး ....

"ဒါ မြန်မာပြည် အင်ဂျင်နီယာတပ်က သင်တန်းလာတက်တဲ့ ဗိုလ်ကြီး တင်မောင်ပဲ" ဟု မိတ်ဆက်ပေးသောအခါ ကျွန်တော်တို့ လက်ဆွဲနှုတ်ဆက်ကြသည်။ ထို့နောက် ကုလားစစ်ဗိုလ်က ....

"ခင်ဗျားကို ဒီလိုဖိတ်ခေါ်ရတဲ့ အကြောင်းကတော့ ဟောဒီမိတ်ဆွေကြီးက ပြောပါလိမ့်မယ်" ဟု ဆိုကာ ခေါင်းအုံးပေါ် အင်အားချည့်နဲ့စွာ ပြန်လှဲချလိုက်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း အင်္ဂလိပ်မဟာမိတ်တပ်များသည် မြောက်ဘက်မှ ဝင်၍ မန္တလေးမြို့ကို တိုက်ခိုက်ရာ ဦးစွာ မန္တလေးတောင်ကို သိမ်းကြသည်။ ထို့နောက်မှ မြို့ကို သိမ်းကြသည်။ မန္တလေးတောင်သိမ်း တပ်များထဲမှ အင်္ဂလိပ်ဗိုလ် တစ်ဦးသည် အမှတ်တရ ကျောက်ဆင်းတုတော်တစ်ဆူကို မ,သွားခဲ့ကြောင်း၊ ယင်း ဆင်းတုတော်ကို အိန္ဒိယပြည်အထိ ယူသွားနိုင်ခဲ့ကြောင်း၊ စစ်ပြီး၍ တပ်များဖျက်သိမ်းသောအခါ လူတစ်ကိုယ် ပေါင် ၆၀ သာ လေယာဉ်ဖြင့် တင်ခွင့်ပြုသဖြင့် ဆင်းတုတော်မှာ အိန္ဒိယ စစ်ဗိုလ်တစ်ဦးလက်သို့ ရောက်ခဲ့ကြောင်း၊ ယင်းဆင်းတုတော်မှာ အိန္ဒိယစစ်ဗိုလ်များ လက်သို့ရောက်ပြီး နောက်စစ်ဗိုလ်တိုင်းမှာ တစ်ခုမဟုတ်တစ်ခု ဒုက္ခရောက်သည်ကို တွေ့ရကြောင်း၊ သေသူ၊ နာသူ၊ လင်မယားကွဲ၊ ရာထူးကျ၊ ကလေးသေ၊ မီးလောင်နှင့် ဒုက္ခအမျိုးမျိုး တွေ့ကြရာ နောက်ဆုံး ယခု ကုလားစစ်ဗိုလ်လက်သို့ ရောက်ကြောင်း၊ ရောက်သည့်နေ့မှစ၍ တစ်ခုမဟုတ်တစ်ခု 'ခိုက်' နေကြောင်း။

"ဒီစစ်ဗိုလ်က ကျွန်တော်နှင့် မိတ်ဆွေဗျ။ ဒီဆင်းတုတော်ာတန်ခိုးရှိလို့ ခိုက်တာပဲလို့ ကျွန်တော်က သူ့ကို ပြောရတယ်၊ အနေကဓာတင်ထားတာတို့ ဘာတို့ သူတို့ နားလည်တာမှ မဟုတ်ဘဲ။ ပြီးတော့ သူများ အထွတ်အမြတ် ကိုးကွယ်တဲ့ ဆင်းတုတော်ကို သူတို့ ဘယ်လိုထားသလဲဆိုတာ ဗိုလ်ကြီး အဝင်မှာ မြင်သားပဲ။ ဒါကြောင့် ကျွန်တော်က ပြန်ပို့ခိုင်းတော့ ပို့မယ်ကတိပြုလို့ ဗိုလ်ကြီးကို လာခေါ်တာပါ၊ အဲဒါ တစ်ဆိတ် ဗိုလ်ကြီး မြန်မာပြည်ကို ပြန်ပင့်နိုင်ရင် ပင့်သွားပေးပါလို့ တောင်းပန် ချင်ပါတယ်"

http://www.dhammadownload.com



ဟု ကပြားကြီး၏ စကားဆုံးလျှင် ကုလားစစ်ဗိုလ်က အားယူပြီး အင်္ဂလိပ်ဘာသာဖြင့် ....

"ဟုတ်ပါတယ်၊ အစကတော့ မယုံပါဘူး၊ ဒီဆင်းတုတော်ရောက်ပြီး တစ်ခု မဟုတ်တစ်ခု ဖြစ်တယ်လို့ ပြောတာသိရက်နဲ့ ကျွန်တော် ယူထားတာပါ၊ ရောက်တဲ့နေ့ကစပြီး တစ်ခုမဟုတ်တစ်ခုပဲဗျာ။ ခု .... ကျွန်တော် သေမလောက်ဖြစ်လိုက်တာ သာကြည့်တော့၊ ဟောဒီမိတ်ဆွေရဲ့ တိုက်တွန်းချက်အရ ဆင်းတုတော်ရဲ့ နေရာမှန် ပြန်သာပို့ပေးစေချင်ပါတယ် ခင်ဗျာ" ဟု ပြောပါသည်။

အရှေ့တိုင်းမှ အထွတ်အမြတ် ကိုးကွယ်ကြသော ရုပ်တုများ၊ နတ်ရုပ်များ လှူဒါန်းပြီးသော ကျောက်မျက်ရတနာများတို့ကို အနောက်တိုင်းမှ တစ်စုံတစ်ရာသော နည်းဖြင့် ရယူပိုင်ဆိုင်ထားပါက ခိုက်တတ်ကြောင်း၊ ကျွန်တော် စာပေများတွင် ဖတ်ဖူးသော်လည်း ကိုယ်တွေ့မကြုံဘူးပါ။ ယခု ကိုယ်တွေ့မျက်မြင် မြင်တွေ့နေရပါပြီ။

ထို့ကြောင့် ကျွန်တော် ယင်းဆင်းတုတော်ကို ပင့်လာခဲ့ပြီး ကိုယ့်အခန်းရောက်သောအခါတွင်မှ ရေသပ္ပာယ်၍ ခေါင်းအုံးစွပ်နှင့်ထုပ်ကာ မြန်မာပြည်သို့ ပြန်လည်ပင့်ဆောင်လာခဲ့ရပါသည်။ ယခုမူ ယင်းတန်ခိုးကြီး ဆင်းတုတော်သည် မန္တလေးတောင်၏ တစ်နေရာတွင် ဆိတ်ငြိမ်စွာ စံတော်မူလျက် ရှိပါသည်။ တစ်နေ့သောအခါတွင် အများပြည်သူ ဖူးမြော်နိုင်ရန် ကမ္ဘည်းကျောက်စာ ရေးသားမှတ်တမ်းတင်ရန် ဆန္ဒရှိပါကြောင်း တင်ပြရပါသတည်း။

[၁၉၇၉ ခု၊ ဧပြီလထုတ် သင့်ဘဝမဂ္ဂဇင်း၊ စာမျက်နှာ ၆ ပါ သိပ္ပံမှူးတင်၏ "အိန္ဒိယပြန်ဆင်းတုတော်" မှတ်တမ်းဆောင်းပါးမှ ကောက်နုတ်ဖော်ပြပါသည်။]

## ဦးစံရွှေ့ ဘုရားစင်

စေတီရုပ်ပွား ဗုဒ္ဓသာသနိက ပစ္စည်းများနှင့်စပ်၍ လောကဝေါဟာရအားဖြင့် 'ခိုက်'သည်ဟု ဆိုခြင်းမှာ အလွန်ထင်ရှားသော အချက်ကြီးဖြစ်၏။ သို့ပါလျက် လူတို့သည် ဓမ္မစေတီထိုက်သော တရားစာအုပ်၊ တရားတိပ်ခွေများ၊ ပြက္ခဒိန်ပါ ပုံတော်များ၊ အရိယာ သူတော်ကောင်းကြီးများ၏ ပုံတော်များကို လေးစားရကောင်းမှန်း မသိရှာကြချေ။

'ခိုက်'သည် ဆိုရာ၌ အထူးမှတ်သားရန်မှာ ရုပ်တုတော် ပုံတော် စသော သာသနိက ပစ္စည်းများက ခိုက်သည် (ဝါ) ဒုက္ခရောက်စေသည်ကား မဟုတ်။ ရှိသေ

http://www.dhammadownload.com



ရမည့်အရာ၌ မရှိသေးသော ဗုဒ္ဓအဂါရဝ၊ ဓမ္မအဂါရဝ၊ သံဃာဂါရဝ မိမိတို့၏ အကုသိုလ်ကပင် မိမိတို့အား ခိုက်နေသည်ကို မစဉ်းစားမိကြချေ။ ယင်းအဂါရဝ တရားကို သာသနာကွယ်ပ,အောင် လုပ်သော အကျင့်ဆိုးကြီးဟုလည်း ဟောတော်မူခဲ့၏။

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးကား မိမိပုံတော်များကို ဓာတ်ပုံရိုက်၍ ပူဇော်လိုလှသော သူများအား အကြိမ်ကြိမ် ဟန့်တားတော်မူခဲ့ဖူး၏။ မတတ်သာ လှ၍သာ ခွင့်ပြုတော်မူခဲ့ရသည်။

"ရှိတာထက် မရှိတာက ပိုကောင်းသဗျာ" ဟုလည်း မိန့်တော်မူလေ့ရှိပါသည်။

"တိမ်ယောင်နှင့်နက်၊ လွယ်ယောင်နှင့်ခက်" သော သဘောများဖြစ်ရာ အလွန် သိမ်မွေ့လှပေသည်။ ဒုက္ခဖြစ်မှသာ မျက်လုံးမျက်ဆန်ပြူး ဖြစ်ကြရာ အရာရာတွင် ဘာကလေးတစ်ခုမှ အလေးအနက်မထား၊ ပေါ့လျော့ကြ၏။ ကြွားလိုဝါလို ကြီးပွားလို စိတ်က ဖုံးလွှမ်းနေကြသည်။

သာသနိက ပစ္စည်းများအပေါ် အဂါရဝလုပ်သူများအား လက်ငင်းဒိဋ္ဌ သိသိ သာသာကြီး ခိုက်နေသည်ကိုကြည့်၍လည်း ဂါရဝရှိသူများအတွက် လက်ငင်းဒိဋ္ဌ သိသိသာသာကြီး ကောင်းကျိုးဆုလာဘ်များ ဆိုက်နေသည်၊ ဆိုက်နိုင်သည်ကိုလည်း ဉာဏ်မသက်ဝင်ကြချေ။ သဘောတရားကား ရှင်း၏။ ဉာဏ်မျက်စိ မလင်းကြ။

ဤ၌ မင်္ဂလာဒုံလေကြောင်း ရေဒီယိုအော်ပရေတာ ရွှေတောင်ဦးဘချစ် ပြောပြသော ကိုယ်တွေ့ဖြစ်ရပ်တစ်ခုလည်း အလွန် မှတ်သားဖွယ်ကောင်း၏။ အဖြစ် အပျက်ကား တော်လှန်ရေးအစိုးရမတက်မီ ၁၉၅၉ ခု၊ ၆၀ ခုနှစ် ဝန်းကျင်က ဖြစ် သည်။

မကွေးလေယာဉ်ကွင်း၌ ရခိုင်အမျိုးသားကွင်းမှူးကလေး ဦးစံရွှေဆိုသူ ရှိခဲ့ သည်။ သူကား ဗိုလ်ဆန်၍ အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီးသူ ဖြစ်၏။ တစ်နေ့သောအခါ ဘီအိုစီကုမ္ပဏီ၌ အမှုထမ်းနေကြသော အင်္ဂလိပ်အရာရှိများအား သူ့အိမ်၌ ညည့်ခံကျွေးမွေးရန် ဖိတ်မန်ထား၏။

ညည့်သည်မလာမီ သူ့တပည့်များအား ဘုရားရုပ်ပွားနှင့် ဘုရားခန်းမှ ပစ္စည်း များအားလုံးကို မမြင်ကွယ်ရာတစ်နေရာ၌ ဖယ်ရှားသိမ်းဆည်းထားရန် ခိုင်းသည်။ ညည့်သည်များအား ဗိုလ်ဆန်ဆန် ညည့်ခံကျွေးမွေးပြီး နောက်တစ်ရက်မှစ၍ ဦးစံရွှေ အလုပ်မဆင်းနိုင်၊ ခွင့်ယူရ၏။

http://www.dhammadownload.com



အကျိုးအကြောင်း မေးသောအခါ ရတ်တရက် နေမကောင်း၍ အိပ်ရာထဲ၌ လဲနေ၏။ အရုပ်ကြိုးပြတ်ဖြစ်ကာ ချက်ချင်းပင် လူနှစ်ယောက်တွဲ၍ ထိုင်ရထရ၏။ ကိုယ့်ထမင်း ကိုယ်မစားနိုင်၊ ခွံ့ပေးရသည်။ ဆရာဝန်ခေါ်၍ ဆေးထိုး၏။ ဓာတ်မှန် ရိုက်၏။ ရောဂါအမည်မတပ်နိုင်။ တစ်လကျော်ကျော် အလူးအလဲ ခံရသည်။ ထို အခါမှ ဦးစံရွှေ တစ်စုံတစ်ခု သတိရကာ ....

"မင်းတို့ တလောက ဘုရားခန်းက ပစ္စည်းတွေ ဘယ်မှာထားကြသလဲ" ဟု မေးမိသည်။ မိရိုးဖလာအရ အိမ်တစ်အိမ်၏ အဆောင်အယောင်တစ်ခု အဖြစ်မျှသာ ဘုရားခန်းထားရှိကြောင်း ထင်ရှား၏။ နေ့စဉ် ဆွမ်း, ပန်း, ရေချမ်းကပ်ခြင်း ဝတ်ပြုခြင်း မရှိသည်မှာ ပေါ်လွင်တော့၏။

"ဘုရားရုပ်ပွားရော၊ ဘုရားခန်းက ဟာတွေအားလုံး အဲဒီခုတင်အောက်မှာပဲ ထိုးထားလိုက်တယ်" ဟု ဆိုကာ ဦးစံရွှေ အိပ်သော ခုတင်ကို လက်ညှိုးထိုးပြကြ၏။ ထိုအခါမှ မျက်လုံးမျက်ဆန်ပြူးကာ နေရာတကျ တရိုတသေ ပြန်လည်ပူဇော်ထား ကြသည်။ ဦးစံရွှေ သုံးရက်အတွင်းမှာပင် ပကတိ ကျန်းမာလာ၏။

"ခင်ဗျားတို့အိမ်မှာ ဘုရားခန်းကြီး ဟီးနေအောင် တဆောင်တယောင် လုပ်ထားပြီး ဆွမ်း, ပန်းမတင်၊ ဝတ်မပြု "ဖော်ရှိုး .... ပကာသန" မလုပ်ကြနဲ့ဗျာ၊ ခင်ဗျားတို့ တစ်နေ့ ရေဘယ်နှစ်ခါ သောက်သလဲ၊ ဘုရားသောက်တော်ရေ ဘယ်နှစ်ကြိမ် ကပ်သလဲ၊ ခင်ဗျားတို့ဘုရား မျက်နှာမှ သစ်ရရဲ့လား။ ဘုရားရိုက်တာ ပိုနာတယ် နော် .... မယုံမရှိနဲ့" စသည်ဖြင့် ရင်းနှီးသူများ အိမ်ရောက်တိုင်း အရင်ဆုံး ဘုရား ဝတ်ပြုပြီးနောက် ဦးစံရွှေပြောနေကျစကားဖြစ်သည်။လုပ်မဲ့လုပ်တော့လည်းလိုက်မမီ။

ဘုရားစင်အနီး ရှုပ်ရှုပ်ယှက်ယှက်များကိုမြင်လျှင် သာ၍ပင် မညာမတာ ပြောဆိုလေ့ရှိလာ၏။ ခင်ဗျားတို့အိမ်မှာပင့်ပြီး ဘုန်းကြီးဆွမ်းကျွေးတဲ့အခါ ဘုန်းကြီး ဆွမ်းပွဲ ဟိုဘက်ဒီဘက်မှာ နတ်ကတော်တွေက တစ်ဝိုင်း၊ ဘိုးတော်တွေက တစ်ဝိုင်း ပြင်ကျွေးရင် ဘယ်လိုနေမလဲ။ ကြည့်မကောင်းပါဘူးဗျာ၊ ကိုယ် လောဘကြီးတာ လူသိလုပါတယ်"

ယခု ဦးစံရွှေ ကွယ်လွန်ရှာလေပြီ။

http://www.dhammadownload.com



# ကမ္ဘာလှည့်၍ ဖြုပ်ဖြေနေသော ပုဂံဘုရားကစိန်ကြီး



ကျိန်စာမိနေသော 'ဟုပ်' စိန်ကြီး (အပေါ်ဆွဲကြိုး)ကို လည်၌ဆွဲထားသော ကွယ်လွန်သူ မစ္စက်မက်ကလင်း

ဝါရှင်တန်မြို့မှ ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦးဖြစ်သူ 'မစ္စစ်အီဗယ်လင်ဝပ် မက်ကလင်း' ဆိုသူမှာ စိန်ဆွဲကြိုးကြီး နှစ်ကုံးရှိသည်။ ၄၄-ရတီခွဲ ရှိသောစိန်ကို ဆွဲကြိုးပြု၍ လည်ပင်း၌ဆွဲထားသည်။ ဤစိန်၏ အမည်မှာ 'ဟုပ်'ဟုခေါ်သည်။ အခြားစိန် တစ်လုံးမှာ ၁၀၀-ရတီရှိသည်။

ဤ ၄၄ ရတီရှိသောဟုပ်-စိန်ကြီးမှာ 'ကျိန်စာသင့်သော စိန်ကြီး' ဟု လူအများ ပြောစမှတ် ပြုကြသည်။ ယင်းစိန်ကြီးကို ပြင်သစ်ခရီးသည် တစ်ဦးက မြန်မာနိုင်ငံ ပုဂံမြို့ ဘုရားစေတီတစ်ဆူအတွင်းမှ ခိုးယူသွားခဲ့ခြင်းဖြစ်သည်ဟုလည်းသိရသည်။

ပြင်သစ်နိုင်ငံတွင် လူဝီ ၁၄ ဘုရင် နန်းစံစဉ်က ပြင်သစ်ခရီးသည် တစ်ဦး ဖြစ်သော 'တာဗာနီယာ' ဆိုသူသည် မြန်မာနိုင်ငံ ပုဂံမြို့သို့ ရောက်လာသည်။ သူသည် ပုဂံမြို့ ဘုရားတစ်ဆူ အတွင်းမှ (ရာမသီတာ ရုပ်တုတွင် တပ်ဆင်ထားသော) စိန်ကြီးတစ်လုံးကို အစောင့်အရှောက်များ အကြားမှ ညဥ့်အချိန်၌ ခိုးယူ ထွက်ပြေးသွားခဲ့သည်ဟု ဆိုသည်။

http://www.dhammadownload.com



အဆိုပါစိန်ကြီးကို ခိုးယူသွားသူ 'တာဗာနီယာ'ထံမှ လက်အဆင့်ဆင့် ပြောင်းခဲ့ပြီး နောက်ဆုံးတွင် သုံးစိတ်ကွဲအောင် ခွဲစိတ်လိုက်လေသည်။

ဤစိန်ကြီးကို ပြင်သစ်တော်လှန်ရေးကြီး နောက်ပိုင်းတွင် 'မစ္စတာ သောမတ်စ်ဟုပ်' ဆိုသူက ရရှိခဲ့သည်။ သူသည် ယင်းစိန်ကြီးကို သုံးစိတ် စိတ်၍ ၄၄–ရတီ ခွဲရှိသော အကြီးဆုံးအပိုင်းကို မိမိလက်တွင်ထားပြီး စိန်အမည်ကိုလည်း 'ဟုပ်'ဟု အမည်ပေးခဲ့လေသည်။

ယင်းစိန်ကြီးကို 'ကျိန်စာသင့်သော စိန်ကြီး'ဟု ခေါ်ဆိုကြရခြင်း၏ အကြောင်းရင်းမှာ စိန်ကို လက်ခံရရှိသူသည် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်များ ဘေးအန္တရာယ်များ တစ်မျိုးမျိုးနှင့် ကြုံတွေ့ရတတ်၍ဖြစ်သည်။

ဥပမာဆိုလျှင် 'မစ္စတာ သောမတ်စ်ဟုပ်'၏လက်သို့မရောက်မီက စိန်ကြီးကို အင်္ဂလန်နိုင်ငံမှ စိန်ကုန်သည် 'ဖောလ်'ဆိုသူက ဝယ်ယူခဲ့သည်။ ဖောလ်၏သားဖြစ်သူသည် စိန်ကြီးကို ဖခင်ထံမှ တိတ်တဆိတ် ခိုးယူသွားခဲ့သည်။ ခိုးယူပြီး မကြာမီပင် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားလေသည်။ သတ်မသေမီ 'ဖရန်စ်ဘော်လီယူ' ဆိုသူထံတွင် ငွေကြေးအနည်းငယ်ဖြင့် စိန်ကြီးကို ရောင်းချသွားခဲ့သည်။


ဖရန်စစ်သည် အဆိုပါစိန်ကြီးကို ရတနာကုန်သည် 'ဒင်နီယယ်၊ အယ်လီဆင်' တို့အား ရောင်းချခဲ့သည်။ သို့သော် သူ့ထံသို့ ဒင်နီယယ် သွားရောက်သောအခါ ဖရန်စစ်သည် အိပ်ရာထဲတွင် သေဆုံးနေသည်ကို တွေ့ရသည်။

အယ်လီဆင်သည် ၁၈၃၀–ခုနှစ်အထိ စိန်ကြီးကို ထိန်းသိမ်းထားပြီးနောက် မစ္စတာသောမတ်စ်ဟုပ်ကို စတာလင်ပေါင် တစ်သောင်းရှစ်ထောင်ဖြင့် ရောင်းလိုက်၏။ သောမတ်စ်ကွယ်လွန်လျှင် သားဖြစ်သည့် 'လော့ဒ်ဖရန်စစ်ဟုပ်'က အမွေရခဲ့သည်။ သို့သော် ဖရန်စစ်ဟုပ်သည် မကြာမီပင် စည်းစိမ်အိမ်မြေ ပျက်စီးဆုံးပါးရသော စိတ်မချမ်းမြေ့ဖွယ်များနှင့် ကြုံတွေ့ရ၏။

၁၉၀၈ ခုနှစ်သို့ရောက်သောအခါတွင် ရုရှားဘုရင်မျိုးနွယ် မင်းသားကြီး 'ကနီတော့စကီး'က ဝယ်ယူခဲ့ပြီး သူချစ်ကြိုက်နေသော ကချေသည်မ 'လော်ဒီ' ကို လက်ဆောင်ပေးခဲ့သည်။ လော်ဒီမှာ ပြင်သစ်ပြည်၌ နာမည်ကျော် အနုပညာသည် တစ်ဦးဖြစ်၏။ သို့သော် လော်ဒီမှာ အဆိုပါစိန်ကြီးကို လက်ခံရရှိပြီး မကြာမီ ဇာတ်ခုံပေါ်၌ပင် ခြောက်လုံးပြူးသေနတ်ဖြင့် သတ်ဖြတ်လုပ်ကြံခြင်း ခံရရှာသည်။

http://www.dhammadownload.com





အမေရိကန်ဒေါ်လာသုံးသိန်း ငါးသောင်းတန် လယ်လီဇောက်တေလာ၏စိန်လက်စွပ်

စိန်ကြီး၏ကျိန်စာမှာ ဤမျှဖြင့် ရပ်မသွားသေးပေ၊ လော်ဒီ သေဆုံးပြီး နှစ်ရက်အကြာတွင် စိန်ကြီးကို လက်ဆောင်ပေးခဲ့သူ ရုရှမင်းသားကြီး ကနီတော့စကီးမှာလည်း ပဲရစ်လမ်းတစ်ခုပေါ်၌ အမည်မသိ လူတချို့၏ လုပ်ကြံခံရ၍ ကွယ်လွန်သွားလေသည်။

အဆိုပါ စိန်ကြီးကို ရုရှမင်းသားကြီးထံ ရောင်းချခဲ့သော စိန်ကုန်သည် 'ကိုလော့' ဆိုသူမှာလည်း မင်းသားကြီးထံမှ တန်ဖိုးအပြည့်အဝ မရလိုက်သည့်အပြင် ကိုလော့လည်း ကိုယ့်ကိုယ်ကိုယ် သတ်သေသွားခဲ့လေသည်။

တဖန် စိန်ကြီးမှာ ဂရိရတနာကုန်သည်တစ်ဦးက တူရကီပြည်ဘုရင် 'နူလတန်' အတ်ဗဒူ ဟာမစ်' အား ရောင်းချခဲ့သည်။ ထိုရောင်းသည့်ညမှာပင် ရတနာကုန်သည် ဇနီးမောင်နှံနှစ်ဦးလုံး မြင်းရထားမှောက်ပြီး သေဆုံးခဲ့၏။ စိန်ကို လက်ဝယ်ထားရှိသူ ဘုရင်နူလတန်မှာလည်း သွက်သွက်ခါရူးသွားခဲ့၏။ နူလတန်၏သား 'နီမေဆစ်'က စိန်နှင့်တူရကီနန်းကို ဆက်ခံစိုးစံလေရာ မကြာမီ နန်းတွင်းပုန်ကန်မှုကြီးဖြစ်၍ နီမေဆစ် အသတ်ခံခဲ့ရပြန်သည်။

ဟုပ်စိန်ကြီးသတင်းမှာ ခေတ္တမျှ တိမ်မြုပ်သွားပြီး ၁၉၁၁-ခုနှစ်တွင်မှ အမေရိကန်ပြည်သို့ ရောက်ရှိနေကြောင်း သိရ၏။ စိန်ကုန်သည်တစ်ဦးထံမှ မစ္စစ်မက်ကလင်း ဆိုသူက ဝယ်ယူခဲ့သည်ဟု သိရ၏။


မစ္စစ်မက်ကလင်းမှာ ဂုဏ်သရေရှိ အမျိုးသမီးကြီးတစ်ဦးဖြစ်ရာ ဝါရှင်တန်မြို့ရှိ ရုရှသံအမတ်ကြီး ဂုဏ်ပြုပွဲတွင် ဟုပ်စိန်ကြီးကို ပထမဆုံးအကြိမ် ဝတ်ဆင်ခဲ့သည်ဟု ဆို၏။ သူမသည် ယင်းစိန်ကြီးကို စတာလင်ပေါင် ငါးသောင်းနှစ်ထောင်ဖြင့် ဝယ်ယူခဲ့ကြသည်။ ကြမ္မာဆိုးကား ရပ်တည်မနေချေ။ ၁၉၁၉-ခုနှစ်မေလတွင် မစ္စစ်မက်ကလင်း၏သားငယ်ကလေး 'ဗင်ဆန်မက်ကလင်း'သည် မော်တော်ကားတစ်စင်း

http://www.dhammadownload.com



မောင်းလာသည့်ရှေ့သို့ ပြေးထွက်ရာမှ ပွဲချင်းပြီး သေဆုံးသွားခဲ့ရရှာသည်။

ယခုအခါ ကွယ်လွန်သူ မစ္စစ်မက်ကလင်းထံမှတစ်ဆင့် မည်သူ့ထံရောက်သွားသည်ဟု မသိရပေ။



ကမ္ဘာကျော်ရုပ်ရှင်မင်းသမီး အယ်လိဇဘက်တေလာ၏
ဒေါ်လာ တစ်သန်းတန်စိန်ကြီး

(အိုးဝေဂျာနယ် ၁၊ ၃၊ ၁၉၇၀ မှ ၁၉၇၃ ခုနှစ် စာပေဗိမာန်ထုတ် တင်စိန်ငယ် ရေး၊ စိန်သမိုင်းလာ 'ဘလူးဒိုင်းမွန်း စိန်ပြာကြီး'နှင့် ဆင်တူယိုးမှားရှိ၏။ ဖြစ်ရပ်တစ်ခုတည်းပင် ဖြစ်မည်။ စိန်သမိုင်းက 'အိန္ဒိယရာမ သီတာနတ်ကွန်းမှ'ဟု ဆိုသည်။ စင်စစ်မှာ မြန်မာပြည်ကိုလည်း အိန္ဒိယမှ ပြည်နယ်တစ်ခုဟု လည်းကောင်း၊ ပုဂံ အာနန္ဒာဘုရား ရုပ်ပွားသို့လည်း ဘာသာရေး ဗဟုသုတမရှိသော အနောက်တိုင်းသား ကုန်သည်တစ်ဦးအမြင်၌ နတ်ကွန်းရုပ်တုဟုလည်းကောင်း ထင်မှား၍ ပြောဆိုခြင်းသာဖြစ်ရာ၏။ ဘုရားပစ္စည်းဖြစ်၍သာလျှင် ထိုမျှလောက် အဆက်ဆက် ဒုက္ခရောက်စေသည်ကိုလည်း အထူးစဉ်းစားသင့်သည်။ "အိန္ဒိယ၊ ရာမ သီတာနတ်ကွန်းမှ"

http://www.dhammadownload.com



ဆိုသော စကားမှာမူလကပင် အမှတ်မှား အရေးမှားဖြစ်သည်ဟု ယူသင့်သည်။)

ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ ဓမ္မမိတ်ဆွေကြီး 'ဓမ္မဃောသက ဦးမောင်မောင်'ကလည်း မြင်းခြံမြို့ ဇောတိကပုံနှိပ်တိုက်ပိုင်ရှင် ဦးပန်းထံမှ ဓမ္မဒါန ဖြန့်ဝေလှူဒါန်းသော ယင်းစိန်ကြီး အကြောင်းပါ စာအုပ်ငယ်တစ်ခုကို ရည်ညွှန်းလျက် ၁၉၈၄–ခု၊ မေလထုတ် ဉာဏ်လင်းဓမ္မစာပဒေသာစာစောင်၌ ဆောင်းပါးတစ်ပုဒ် ရေးထား၏။ အမည်က "ဘုရားကျောင်းကန်များမှ ကျိန်စာများ။"

ယင်းဆောင်းပါး၌ အထက်ဖော်ပြပါ စိန်ကြီးနှင့်စပ်၍ ဦးမောင်မောင်က အောက်ပါအတိုင်း ရေးသားဖော်ပြထားပြန်လေသည်။

"ပြင်သစ်မှ ကျောက်ကုန်သည်မစ္စတာဂျီးဆက် တာဗာနီယာ ဆိုသူသည် မြန်မာဘုရင်လက်ထက် ၁၆၈၈–ခုနှစ်ခန့်၌ ပုဂံမြို့သို့ရောက်ရှိလာပြီးနောက် ပုဂံ အာနန္ဒာဘုရား မုခ်ဝရှိ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူ၏ သင်းကျစ်တော်တွင် တပ်ဆင်ထားသော စိန်ကြီး တစ်လုံးကို တိတ်တဆိတ် ဖြုတ်၍ ခိုးယူ ထွက်ပြေး သွားခဲ့သည်။

ထိုစိန်ကြီးမှာ ရတီ တစ်ရာကျော်ခန့် ရှိပြီး ခိုပြာရောင်ထွက်နေသည်။ ကမ္ဘာပေါ်တွင် အတုမရှိသော စိန်ကြီးဖြစ်သည်။ ထိုစိန်ကြီးကို ပိုင်ဆိုင်ခဲ့သူများ၊ ဆင်မြန်းခဲ့သူများ အနက် အနည်းဆုံး လူနှစ်ဆယ်ခန့် အသေဆိုးနှင့် သေဆုံးခဲ့ကြရသည်။



ပုဂံဘုရားအတွင်းမှ စိန်ကြီးကို ခိုးယူသွားခဲ့သော
ပြင်သစ်ခရီးသည် တာဗာနီယာ

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com




စိန်ကြီးကို ဗုဒ္ဓရုပ်ပွားတော်၏ နဖူးသင်းကျစ်တော်မှ ဖြုတ်၍ခိုးယူလာသည့် တာဗာနီယာသည် ရုတ်တရက် ရှုံးသွပ်သွားသည်။ အိန္ဒိယသို့ တစ်ခေါက်ပြန်အလာ လမ်းခရီးတွင် ကျားအကိုက်ခံရ၍ သေဆုံးသည်။

ထိုစိန်ပြာကြီးကို ခွဲစိတ်ရန် အပ်နှံထားခြင်းခံရသော အန်တဝပ်မြို့ ပန်းထိမ်ဆရာကြီးသည်လည်း တပည့်တစ်ဦး၏ အသတ်ခံရသည်။ စိန်ကို လုယက်ထွက်ပြေးသော ပန်းထိမ်ဆရာကြီး၏တပည့်ကိုလည်း လူဆိုးများက ဝိုင်းဝန်းရိုက်နှက်၍ သတ်ပစ်ကြသည်။ ထိုစိန်ကို ပိုင်ဆိုင်ဖူးသူ၊ ဝတ်ဆင်ဖူးသူများ ဖြစ်ကြသော ပြင်သစ်ပြည် ၁၄–ဆက်မြောက်လူဝီဘုရင်နှင့် မိဖုရားတို့သည် ပြင်သစ်တော်လှန်ရေးကာလအတွင်း ခေါင်းဖြတ်စက်ဖြင့် ကွပ်မျက်ခြင်းခံခဲ့ကြရသည်။ ပြင်သစ်မင်းသမီးတစ်ဦးနှင့် အမတ်ကြီးတစ်ဦးတို့လည်း အသေဆိုးနှင့် သေခဲ့ကြရသည်။

၁၈၃၀–ပြည့်နှစ်တွင် ထိုစိန်ကြီးကို အင်္ဂလန်နိုင်ငံ ကြွယ်ဝချမ်းသာသည့် မှူးမတ်မျိုးရိုးဖြစ်သော ဟင်နရီဟုပ်မိသားစု လက်တွင်းသို့ရောက်သွားပြန်သည်။ ထိုအချိန်မှစ၍ 'ဟုပ်စိန်ကြီး'ဟု ထင်ရှားကျော်ကြားသည်။ ဟုပ်မိသားစုတို့မှာလည်း ထိုစိန်ကြီး လက်ခံရရှိသည့်အချိန်မှစ၍ ဒုက္ခအမျိုးမျိုး၊ အန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်ခဲ့ကြရသည်။

အင်္ဂလန်မှ ပြင်သစ်၊ ဂရိ၊ တူရကီ စသည်ဖြင့် နိုင်ငံအသီးသီး၊ ပုဂ္ဂိုလ်အသီးသီးထံသို့ လက်ပြောင်းရောက်ရှိသွားပြီးနောက်၊ နောက်ဆုံးတွင် အမေရိကာ နယူးယောက်မြို့ ကျောက်ကုန်သည်ကြီး ဟင်နရီဝစ္စတန်လက်သို့ ရောက်ရှိသွားသည်။ ၁၉၅၈–ခုနှစ်တွင် ထိုစိန်ကြီးကို ဝါရှင်တန်မြို့ 'စမစ်ဆိုနီယန်'ကျောက်မျက်ရတနာပြတိုက်သို့ ပိုင်ရှင်က လှူလိုက်ကြောင်း ရေးသားဖော်ပြထားလေသည်။

အထက်ဖော်ပြပါ စိန်ပြာကြီးကြောင့် အန္တရာယ်သင့်ပုံ၊ ခိုက်တတ်ပုံတို့ကို ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ၊ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ရတနာသုံးပါးနှင့် စပ်လျဉ်းသော ပစ္စည်းများကို မသင့်သောနည်းဖြင့် ရယူသုံးစွဲလျှင် အပြစ်ဖြစ်သည်၊ မကောင်းကျိုးပေးသည်ကိုကား ယုံမှားသံသယ ဖြစ်ဖွယ်မလိုပေ။ တစ်နည်းနည်းဖြင့် ဆင်းရဲဒုက္ခရောက်တတ်သည်ကို သင်ခန်းစာယူနိုင်ကြပါစေ။




လွန်ခဲ့သော အနှစ် ၂၀ (၁၉၆၄ ခု၊ ဒီဇင်ဘာလ)က ရှုမဝ မဂ္ဂဇင်းပါ 'တက္ကသိုလ်မောင်ငြိမ်းချမ်း'ရေးသားသည့် 'သင်္ဘောသားနှင့် ဗုဒ္ဓဘုရား'ဆောင်းပါးမှာ အံ့သြဖွယ်ကောင်းလှ၏။ ဗုဒ္ဓဘာသာဝင်တို့အတွက် မမေ့ပျောက်စကောင်းသော ဖြစ်ရပ်တစ်ခုပင်တည်း။

---

http://www.dhammadownload.com



ထို့ကြောင့်လည်း ထီးချိုင့်မြို့ သက်တော် (၇၀)ကျော် တည်တော ဆရာတော်ဘုရားကြီးကပင်လျှင် (၁၂-၇-၈၄)နေ့ထုတ် သာသနာ့ရောင်ခြည်စာစောင်၌ ပြန်လည်ဖော်ပြပေးသည်ကို ဖတ်ရှုကြရ၏။ မူလရေးသူ မောင်ငြိမ်းချမ်းနှင့် ဆရာတော်ကိုပါ ကျေးဇူးတင်၍ မဆုံးပါ။ အဆင့်ဆင့် ကုသိုလ်တိုးကြရပါသည်။

ဤစာဖတ်သူများလည်း ကျွန်ုပ်ကဲ့သို့ပင် ကျေးဇူးတင် ဝမ်းမြောက်ကြမည်၊ ဗုဒ္ဓအပေါ် ယုံကြည်သက်ဝင်မှု ပို၍လေးနက်ကြမည်ကို ယုံကြည်ပါသဖြင့် ဤ၌ပြန်လည် အကျဉ်းချုပ်၍ ဖော်ပြပါမည်။

ရန်ကုန်ဆိပ်ကမ်း၌ ဆိုက်ကပ်ကြသော နိုင်ငံခြားသင်္ဘောများတွင် ရှုရှုသင်္ဘောကလွဲလျှင် လူမျိုးစုံ ဘာသာစုံပါကြ၏။ သို့သော်လည်း သင်္ဘောများ၏ထိပ်တွင်ကားရုပ်တု စသည် မည်သည့်ဘာသာရေး အထိမ်းအမှတ်ကိုမျှ မပြုလုပ်ကြ။ သက်ဆိုင်ရာသင်္ဘောကုမ္ပဏီ၏ အမှတ်အသားအလံနှင့် သက်ဆိုင်ရာ နိုင်ငံတော် အလံကိုသာ လွှင့်ထူသွားကြမြဲ ဖြစ်သည်။

သင်္ဘောတစ်စီးကား ထူးဆန်း၏။ ရွှေရောင်တဝင်းဝင်းနှင့် (၁၈)လက်မခန့်ရှိ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကို ကုမ္ပဏီအလံတိုင်၏ထိပ်ဖျားတွင် ကျကျနန မူလီနှင့်စုတ်ထားသည်။ သင်္ဘောအမည်က "အိစိတင်းဆားဂါး"၊ ပိုင်ရှင်က အင်ဒိုချိုင်းနားသင်္ဘောကုမ္ပဏီ။ ထိုသင်္ဘောကို မြန်မာ့ဆိပ်ကမ်း၌ မကြာခဏ တွေ့မြင်ရတတ်သည်။

ထိုမြင်ကွင်းကို ကြိမ်ဖန်များစွာ တွေ့နေရသော မောင်ငြိမ်းချမ်းသည် သိရှိလိုစိတ် ပြင်းပြလာ၏။ သင်္ဘောပေါ်တက်၍ မျက်နှာဖြူ အရာရှိကလေးကို ဦးစွာမေးကြည့်သည်။

"ဗုဒ္ဓကို သင်္ဘောသားတွေ ကိုးကွယ်ပါသလား"

အရာရှိကလေးက ခေါင်းယမ်းပြသည်။

"ဒါဖြင့် အလှ ထားတာပါလား"

"ဒီလိုလည်းမဟုတ်ပါဘူး .... ဒီရုပ်တုထားရှိတာ ကံကောင်းတယ်ဆိုပြီး ထားကြတာပါပဲ"

ထိုအဖြေမှဖြင့် မကျေနပ်လှသဖြင့် သင်္ဘောအရာရှိချုပ်ထံ ဆက်၍သွား သည်။ အရာရှိချုပ်အဖြေက ....

"ဟုတ်ပါတယ်။ ဒီရုပ်တုမထားခင်ကဆိုရင် သင်္ဘောသားတချို့ ပင်လယ်ထဲကျပြီး သေလို့သေ၊ ကုန်ပစ္စည်းတွေ ပျောက်လို့ပျောက်၊ မကြာခဏပဲ သင်္ဘောသားအချင်းချင်း ရန်ဖြစ်လို့ဖြစ်ကြနဲ့ အတော်ကို အဆင်မပြေမှုတွေဖြစ်တယ်။ ဒီရုပ်တုထားတဲ့အချိန်ကစပြီး အခု သိပ်အဆင်ပြေနေတယ်.... အားလုံး အေးအေးချမ်းချမ်းပဲ။"

http://www.dhammadownload.com



ထိုအဖြေကို ကြားရသောအခါ အလွန်မင်္ဂလာပီတိ ဖြစ်ရသည်။ ဗုဒ္ဓဘာသာဝင် မဟုတ်သူများပင်လျှင် ဗုဒ္ဓ၏ကျေးဇူးဂုဏ်ကို သိနေကြပြီ။ ဖော်ရွေချေင်စွာ ရှင်းပြသော အရာရှိများကိုလည်း ကျေးဇူးတင်ရသည်ပင်။

သို့ရာတွင် ထိုအဖြေကား မလုံလောက်သေး။ ဗုဒ္ဓရုပ်ပွားတော်ကိုမှထားရှိရန် 'အဘယ်သို့သောအခြေအနေ၊ အဘယ်ကြောင့်'ဆိုသည်မှာ ရှိရဦးမည်။ ဆက်လက်စုံစမ်းစပ်စုသောအခါ သင်္ဘောအုပ်ချုပ်သူနှင့် သင်္ဘောသားများ အားလုံးလိုလို လူသစ်လူဟောင်း အကြိမ်ကြိမ် ပြောင်းခဲ့၏။ မူလဇာစ်မြစ်ကို မသိနိုင်ကြတော့ပြီ။

ယခုမှ သင်္ဘောမာလိန်မှူး အင်္ဂလိပ်လူမျိုးတစ်ဦးနှင့် ကျန်သင်္ဘောသားများ အားလုံး တရုတ်လူမျိုးများဖြစ်ကြ၏။ သင်္ဘောသားများထံမှလည်း အဖြေရလိုရငြား သင်္ဘောပေါ်လျှောက်ရင်း လိုက်လံကြည့်ရှုရာ အရွယ်ခပ်ကြီးကြီး တရုတ်အမျိုးသားကြီး တစ်ဦးကို တွေ့ရသည်။ သူကား ထိုသင်္ဘော၌ လက်သမားဆရာ အင်ဂျင်နီယာကြီးပင်ဖြစ်သည်။ ထိုဆရာကြီးအား မေးရလျှင် သိကောင်းအံ့ထင်၏။

"ဒီမှာဦးလေး .... ကျွန်တော် တစ်ခုမေးပါရစေ"ဟု စကားပျိုးကာ မဝံ့မရဲ မေးစမ်းကြည့်သည်။ ကံကောင်းချင်တော့ ထိုအမျိုးသားကြီးမှာ ဤသင်္ဘော၌ လုပ်သက်အရှည်ဆုံးဖြစ်နေသည်ကို တွေ့ရ၏။ ဗုဒ္ဓရုပ်ပွားတော် အဘယ်ကြောင့် ယခုကဲ့သို့ ထားရှိရကြောင်း မူလသမိုင်းကို ကောင်းစွာပြောဆိုနိုင်သူ ဖြစ်လေတော့သည်။

တရုတ်လက်သမားဆရာကြီးက ကျေးဇူးတင်ဖွယ်ရာ စိတ်ရှည်လက်ရှည် ရှင်းပြသည်ကား ဤသို့တည်း။

"ကျွန်တော်တို့သင်္ဘောဟာ ကမ္ဘာ့အရှေ့ဖျားနိုင်ငံတွေက ကုန်တွေ တင်ဆောင်ပြီး မြန်မာပြည်ကို ပထမဆုံးအကြိမ် ထွက်လာတုန်းကပေါ့ဗျာ။ မာလိန်မှူးက အင်္ဂလိပ်လူမျိုးပါပဲ။ တက်မကိုင် အရာခံမှူး (ကွာတာမာစတာ)ကတော့ ကျွန်တော်တို့လို တရုတ်လူမျိုးပဲ။ ခရီးသည်ဆိုလို့ တစ်ယောက်မှ မပါ,ပါဘူး။

မြန်မာပြည်ကို ဦးတည်ခုတ်မောင်းလာရင်းက အစတော့ ရာသီဥတုက အလွန်ကောင်းမွန်ငြိမ်သက်နေတာပဲ။ ရုတ်တရက် နီရဲပြီး မိုးသားတိမ်လိပ်တွေတက်လာတယ်၊ လေကလည်း ထန်လာတယ်။ ချက်ချင်းပဲ မုန်တိုင်းကြီးဖြစ်လာပြီး တိုက်လိုက်တာ သင်္ဘောကြီးကို တစ်ဘက်စောင်းပြီး လွင့်သွားတယ်။ လှိုင်းလုံးကြီးများကလည်း သင်္ဘောကို ဖုံးလွှမ်းနစ်မြုပ်ပစ်တော့မလို လိမ့်လိမ့်ပြီး ပြေးလာတယ်။ သင်္ဘောကုန်းပတ်ပေါ် ရေတွေလွှမ်းတက်လာတယ်။ လေကလည်း ဆောင့်တွန်းပြီး တိုက်လိုက်တာ သင်္ဘောပစ္စည်းတချို့ဟာ ကျိုးပဲ့ပြီး လွင့်စဉ်ကုန်တော့တာပဲ။ အသက်ကယ်လှေတို့ ဘာတို့လည်း အသုံးပြုဖို့ အခြေအနေ မရှိတော့ဘူး။

http://www.dhammadownload.com



ကျွန်တော်ကစပြီး သင်္ဘောသားတွေအားလုံးဟာ ဘုရားသခင် တလို့တ၊ အမေအမေ အော်သူအော်၊ လှိုင်းပုတ်သံ လေပြင်းမုန်တိုင်းသံနှင့် ငိုသံအော်သံတွေဟာ ဆူညံသွားတာပဲ။ လူလုံးသူလုံးလည်း မကွဲတော့ဘူး။ ပင်လယ်တပြင်လုံး သင်္ဘော တစ်ခုလုံး မဲမှောင်ပြီး ပင်လယ်ထဲမြုပ်သွားပြီလို့ ထင်လိုက်ရတယ်။

အသက်ကယ်ရန် အရပ်ရပ်သို့ အဆက်မပြတ် ကြေးနန်း ဆက်သူကဆက်၊ မာလိန်မှူးကလည်း တက်မကိုပြေးပြီး ဝိုင်းကိုင်လိုက်ကိုင်၊ ဒါပေမဲ့ ထိန်းလို့မရတော့ဘူး။ လူတွေအားလုံးရဲ့မျက်နှာမှာ သွေးမရှိတော့ဘူး။ သင်္ဘောကြီးလှိုင်းထဲ ထိုးစိုက်ဆင်း သွားလိုက်၊ လှိုင်းလုံးကြီးနှင့်အတူ မြောက်တက်လာလိုက် ဦးစိုက်ဖင်ထောင်ပြို့ကွဲ နစ်မြုပ်သွားဖို့အချိန် နီးသထက်နီးလာတယ်။ အထက်ဆုံးမာလိန်မှူး ပဲ့ခန်းထိအောင် ရေလုံးကြီးများက ရိုက်ခတ်နေတော့ အားလုံး စုံးစုံးနစ်ပြီး သေကြရဖို့ပဲ ရှိတော့တယ်။

မုန်တိုင်းကလည်း ပိုပြီးထန်၊ လှိုင်းလုံးကြီးတွေက ပိုပြီးကြီးလာ၊ လှိုင်းလုံးကြီး များကို သင်္ဘောဦးနဲ့တိုက်ပြီးခွဲလိုက်၊ သင်္ဘောကြီး မြုပ်သွားလိုက်၊ လှိုင်းပေါ်တက် လိုက်နဲ့ တစ်သက်နဲ့တစ်ကိုယ် မကြုံဘူး မကြားဘူးတဲ့ သေဘေးကြီးနဲ့တိုးကြရတာပါပဲ။

အဲသလို ပြောင်းဆန်နေတုန်း ထူးခြားတာကတော့ ရှေ့က လိမ့်လိမ့်ပြီး တက်လာတဲ့ လှိုင်းလုံးကြီးတွေဟာ ဖြူဖြူဖွေးဖွေးလှိုင်းလုံးကြီးတွေ မဟုတ်တော့ဘဲ ချက်ချင်းရွှေရောင်လို ဝင်းဝါနေတဲ့ လှိုင်းလုံးကြီးတွေဖြစ်နေတာကို တွေ့ကြရတယ်။ အဲဒီလှိုင်းလုံးကြီးတွေကို သင်္ဘောဦးနဲ့ ထိုးခွဲလိုက်တော့မှ ပိုပြီး အံ့သြစရာကောင်းတာ တွေ့ရပြန်တယ်။ သင်္ဘောသားအားလုံးလိုလို အံ့အားသင့်ပြီး ကြည့်နေကြတုန်း ရွှေရောင် လှိုင်းလုံးကြီးပေါ်မှာ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူဟာ ထင်ထင်ရှားရှားကြီး ပေါ်နေတယ်။

လှိုင်းလုံးကြီးကို သင်္ဘောဦးနဲ့တိုက်ခွဲလို့ ရေလှိုင်းတွေသာ ကွဲပြိုကျဆင်းသွား တယ်။ ဗုဒ္ဓရုပ်ပွားတော်ကတော့ သည်အတိုင်း သည်အတိုင်းပဲ။ မပျောက်ဘဲ လှိုင်းပေါ်မှာ တင်ပျဉ်ခွေထိုင်လျက်ပဲ ပေါ်မြဲပေါ်နေတယ်။ ဒါနဲ့ အင်္ဂလိပ်မာလိန်မှူးဟာ သူ့မျက်နှာကရေတွေကို လက်နဲ့သပ်ချ၊ မျက်စိက ရေတွေပွတ်ပြီး အကြိမ်ကြိမ်စူးစိုက် ကြည့်နေတယ်၊ ဘာဆိုတာ သူ မသိဘူးပေါ့၊ ဒါနဲ့ သူက သူ့ဘေးက အရာခံမှူး တရုတ်ကို 'ဘာလဲ သေသေချာချာကြည့်စမ်း'ဆိုတဲ့သဘောနဲ့ လက်တို့ပြီး လက်ညှိုး ထိုးပြနေတယ်။ ဒီတော့ အရာခံမှူးက 'အား ဗုဒ္ဓ ဗုဒ္ဓ'လို့အော်ပြီးပြောလိုက်တယ်။

သေတွင်းနှုတ်ခမ်းရောက်နေကြတဲ့ သင်္ဘောသားတွေအားလုံး အင်္ဂလိပ် မာလိန်မှူးကအစ ရှိခိုးဦးညွှတ်ပြီး ....

http://www.dhammadownload.com



"ဗုဒ္ဓ ကယ်တော်မူပါ .... ဗုဒ္ဓကယ်တော်မူပါ"လို့ အားကိုးတကြီး ဟစ်အော်လိုက်ကြတာ ဘာပြောကောင်းမလဲ သင်္ဘောသံ လှိုင်းသံတွေကိုတောင် လွှမ်းသွားတယ်။

တစ်သက်နှင့်တစ်ကိုယ် ပိုပြီး အံ့ဩစရာကောင်းတာက အဲသလို "ဗုဒ္ဓကယ်တော်မူပါ"လို့ ဟစ်အော်ရှိခိုးကြတဲ့အသံမှ မတိတ်သေးဘူး၊ ပြင်းပြင်းထန်ထန် ဖြောင်းဆန်အောင် တိုက်ခတ်နေတဲ့ မုန်တိုင်းကြီးရော၊ လှိုင်းလုံးကြီးတွေပါ တစ်ခါတည်း ဘယ်လိုကဘယ်လို ငြိမ်ကျသွားတယ် မသိဘူး။ မာလိန်မှူးကအစ သင်္ဘောသားတွေလည်း ခြေကုန်လက်ပမ်းကျပြီး ကြောင်စီစီနှင့် အံ့အားသင့်ပြီးနေကြတယ်၊ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ဘူး။

"ဗုဒ္ဓတန်ခိုးတော် တယ်ကြီးပါလား။ ဗုဒ္ဓကယ်ပေလို့"သာလို့ သက်ပြင်းချပြီး ဝမ်းသာမဆုံး ဖြစ်ခဲ့ကြရတယ်။

ဒါနဲ့ ဗုဒ္ဓဂုဏ်ကျေးဇူးတွေ ချီးကျူး ကျေးဇူးတင်ရင်း မြန်မာပြည်ဘက်ကို သင်္ဘောလမ်းပြောင်း ဦးတည်ပြီးခုတ်မောင်းခဲ့ကြတာ စက်ာပူရောက်တော့ မြို့ထဲလျှောက်ပြီး တို့ကိုကယ်ခဲ့တဲ့ ဗုဒ္ဓမျိုးရအောင်ရှာမယ်ဆိုပြီး ဆင်းရှာကြတာ၊ ကံအားလျော်စွာ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူရခဲ့တယ်။ အဲသလိုနဲ့ ဒီ"အိစတင်းဆားဂါး"သင်္ဘောရဲ့ အလယ်တိုင်ထိပ်မှာ စက်ာပူရောက်ကတည်းက ဗုဒ္ဓရုပ်ပွားကို တင်ခဲ့ကြတာ ခုထိပဲ။

သင်္ဘောသားတွေ ဘာသာအမျိုးမျိုး လူမျိုးအသီးသီး တသုတ်ပြီးတသုတ်ပြောင်းသွားပေမယ့် ဗုဒ္ဓဘာသာကို မကိုးကွယ်တဲ့လူလည်း ဗုဒ္ဓကိုတော့ အလေးအမြတ်ထားကြရတယ်။ ကုမ္ပဏီကလည်း လက်ခံဂုဏ်ပြုထားရတယ်။ ဗုဒ္ဓကျေးဇူးက ကိုယ်တွေ့ကြုံမှ မယုံနိုင်အောင် ကြီးမားတာ ဦးလေးတို့ ကိုယ်တွေ့ပဲ"

တက္ကသိုလ်မောင်ငြိမ်းချမ်း၏ ဆောင်းပါးအချုပ်မှာ အထက်ပါအတိုင်းဖြစ်ပါသည်။

ရှေးက 'မြင်းအုန်းခွံ၊ ကျွန်ကုလား'ဟူသကဲ့သို့ အခကြေးငွေနည်းနည်း၊ ကတိသစ္စာရှိရှိ၊ တာဝန်သိသိ၊ ချွေတာစုဆောင်းပြီး သက်စွန့်ကြိုးပမ်းသွားလာ၍ စီးပွားရှာကြရသော ယနေ့ကမ္ဘာကြိုက် မြန်မာသင်္ဘောသားများ အထူးသတိပြုသင့်ကုန်၏။ ဤဇာတ်လမ်းဆောင်းပါးသည် (ယနေ့ ရေပန်းစားနေသော) သင်္ဘောသားမိဘ၊ သင်္ဘောသားဇနီး၊ သင်္ဘောသားယောက္ခမတို့အတွက် သက်စွန့်ဆံဖျား သွားလာရရှာသော မိမိတို့လင်သားများအား သွားခါနီး ....

"ဒီတစ်ခေါက် ကားယူခဲ့ပါ။ တယ်လီဗေးရှင်း အကြီးစားမှ"စသောစကားများ အစား မှာကြားရန် လက်ဆောင်ကောင်းတစ်ခုဖြစ်ပါစေသတည်း။

---

http://www.dhammadownload.com



ဘယ်သူမပြု မိမိမှု

ကိုယ့်ကာယကံ ကိုယ့်ထံပြန်။
ကိုယ့်ဝစီကံ ကိုယ့်ထံပြန်။
ကိုယ့်မနောကံ ကိုယ့်ထံပြန်။
ပွဲတင်သံမလွဲ တစ်ထပ်ထဲ။

(ပေါရာဏစကားပုံ)

ရှုမှတ်သာနေ

ပေါ်တိုင်းမပြတ်၊ ရှုမှတ်နေလျှင်
ရုပ်, နာမ် နှစ်မျိုး၊ ကြောင်းကျိုးသိမြင်
မမြဲဆင်းရဲ၊ ဉာဏ်ထဲပေါ်လွင်
အနတ္တ၊ သိရ န ဗ္ဗာန်ဝင်။

မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး
ဖြေကြားသော
# ရုပ်ပွားဆင်းတု ပုစ္ဆာအဖြေ ကျမ်းသစ်
လျှောက်လွှာ

ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးထံ ....

တပည့်တော် မြစ်သားမြို့၊ အမိန့်တော်အရရှေ့နေ ဒါယကာ မောင်စံဖေ ရိုသေစွာ လျှောက်ထားပါသည်ဘုရား။

တပည့်တော်တို့အရပ်တွင် ငှက်တွင်းဂိုဏ်းသားများသည် အောက်ပါမေးခွန်းများကို မေးမြန်းလျက်ရှိပါသည်ဘုရား။

၁။ သစ်သားရုပ်တုကိုးကွယ်ရာတွင် အနေကဇာတင်ခြင်းနှင့် မတင်ခြင်း ဘာခြားပါသလဲ။

၂။ အနေကဇာတင်သောဆင်းတုကို ကိုးကွယ်ရှိခိုး၍ ကုသိုလ်ရ,မရ။

၃။ လူသားသတ္တဝါနှင့် အသက်မရှိသော သစ်သား၊ မည်သည်ကို ကိုးကွယ် ရှိခိုးထိုက်ပါသနည်း။

၄။ သို့ဖြစ်လျှင် လူသားကိုယ်တိုင်ကို အနေကဇာတင်၍ ရှိခိုးပူဇော်က သာ၍ မမြတ်ပေဘူးလား။

၅။ ထိုလူသား ဘုရားအဖြစ် အနေကဇာတင် မတင်ဘဲ ဘုရားဟူ၍ ဝန်ခံကာမျှ ဘုရားမှတ်၍ ရှိခိုးခြင်းသည် မှန်သောဘုရားကို ရှိခိုးရာရောက်ပါမည်လား။

၎င်းပုစ္ဆာများကို ဖြေကြားတော်မူပါမည့်အကြောင်းကို ရိုသေစွာ လျှောက်ထားပါသည် ဘုရား။

(ပုံ) မောင်စံဖေ
အမိန့်တော်ရရှေ့နေ၊ မြစ်သားမြို့။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ရုပ်ပွားဆင်းတုကိုးကွယ်မှုနှင့်စပ်လျဉ်း၍ မြစ်သားမြို့၊ အမိန့်တော်ရရှေ့နေ ဒါယကာ မောင်စံဖေ့မေးခွန်း၌ လိုရင်းအချက်ကို ရှေးဦးစွာ ပြဆိုပေအံ့။

ငါတို့ဗုဒ္ဓဘာသာတို့မှာ အယူမဖောက်ပြန်ချေက ဘုရားမမှားနိုင်၊ တရားမမှားနိုင်၊ သံဃာမမှားနိုင်၊ အဘယ်ကြောင့် မမှားနိုင်သနည်းဆိုသော် ဘုရားစစ် ဘုရားမှန်ကို မိရိုးဖလာအားဖြင့် အထင်အရှားသိရှိနေကြ၏။ သံဃာစစ်သံဃာမှန်ကို လည်း အထင်အရှား သိရှိနေကြ၏။

ဘုရားစစ်ဘုရားမှန်ဆိုသည်ကား ကပ္ပိလဝတ်ပြည်၌ မယ်တော်မာယာနှင့် သုဒ္ဓေါဒနမင်းကြီး၏သား သိဒ္ဓတ္ထမင်းသည် တောထွက်တော်မူပြီးလျှင် ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်ငါးပါးကိုအောင်တော်မူ၍ အရှင်ဂေါတမဘုရားဟု လောကသုံးပါး၌ ထင်ရှားပွင့်တော်မူ၏။ အရှင်ဂေါတမဘုရားသည်လျှင် ဘုရားမှန်ဖြစ်နေ၏။ နမော တဿဆို၍ ရှိခိုးခြင်းသည်လည်း ဤအရှင်ဂေါတမကိုသာ ရှိခိုးခြင်းဖြစ်၏။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိဆို၍ ရှိခိုးခြင်းသည်လည်း ဤအရှင်ဂေါတမကိုသာ ရှိခိုးခြင်းဖြစ်၏။ အရဟံ အစရှိသော ဂုဏ်တော်ကိုးပါးသည်လည်း ဤအရှင်ဂေါတမ၌ရှိသော ဂုဏ်တော်ကိုးပါး ဖြစ်၏။ ဘုရားစစ် ဘုရားမှန်ကို သိရင်းဖြစ်ကြ၏။

တရားစစ် တရားမှန်ဆိုသည်ကား မဂ်လေးပါး၊ ဖိုလ်လေးပါး နိဗ္ဗာန်တရား၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော ပရိယတ္တိတရားများသည် တရားစစ်တရားမှန်ဖြစ်၏ဟု အထင်အရှားသိရှိ၍နေကြ၏။ ဓမ္မံ သရဏံ ဂစ္ဆာမိဆို၍ ရှိခိုးခြင်းသည်လည်း ဤဆယ်ပါးသော တရားတော်မြတ်ကိုသာ ရှိခိုးခြင်းဖြစ်၏။ သွာက္ခာတတာ အစရှိသော ဂုဏ်တော်(၆)ပါးသည်လည်း ဤဆယ်ပါးသော တရားတော်၌ရှိသော ဂုဏ်တော်များ ဖြစ်၏ဟု တရားစစ်တရားမှန်ကို သိရင်းဖြစ်ကြ၏။

သံဃာစစ် သံဃာမှန်ဆိုသည်ကား ထိုဘုရားစစ်ဘုရားမှန်၏ တပည့်သားတော် ဖြစ်ကြသည့် မဂ်ပုဂ္ဂိုလ် ဖိုပုဂ္ဂိုလ် ကလျာဏပုထုဇဉ်ပုဂ္ဂိုလ်အပေါင်းသည် သံဃာစစ် သံဃာမှန်ဖြစ်၏ဟု အထင်အရှားသိရှိ၍နေကြ၏။ သံဃံသရဏံဂစ္ဆာမိဆို၍ ရှိခိုး ခြင်းသည်လည်း ဤသံဃာစစ် သံဃာမှန်ကိုသာ ရှိခိုးခြင်းဖြစ်၏။ သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်ကိုးပါးသည် ဤသံဃာစစ် သံဃာမှန်၌သာရှိသော ဂုဏ်တော် ကိုးပါးသည်လည်း ဤသံဃာစစ် သံဃာမှန်၌သာရှိသော ဂုဏ်တော်များဖြစ်၏ဟု သိရင်းဖြစ်ကြ၏။

http://www.dhammadownload.com



ထို့ကြောင့် ရုပ်ပွားဆင်းတုစေတီပုထိုးများကို ရှိခိုးကြရာ၌ မိမိတို့သိရှင်း ဖြစ်သော ဘုရားစစ်ဘုရားမှန် တရားစစ်တရားမှန် သံဃာစစ် သံဃာမှန်တို့ကို စိတ်၌ ဦးတည်ထား၍ ရှိခိုးကြသောအရာ ဖြစ်လေသောကြောင့် ငါတို့ဗုဒ္ဓဘာသာများမှာ အယူမဖောက်ပြန်ချေက ဘုရားမမှားနိုင် တရားမမှားနိုင် သံဃာမမှားနိုင်ဟု ဆိုပေသတည်း။

ဤအရာ၌ ဆိုရန်ရှိ၏။ အဘယ်သို့ ဆိုရန်ရှိသနည်း ဟူမူကား ထိုကဲ့သို့ ဘုရားစစ်ဘုရားမှန် တရားစစ်တရားမှန် သံဃာစစ် သံဃာမှန်ကို အထင်အရှား သိရှိ၍ နေခဲ့သော် သိရှိသည့်အတိုင်း ဘုရားစစ် ဘုရားမှန်ကို အာရုံပြု၍ ရှိခိုးကြလျှင် ပြီးစီးတော့သည်မဟုတ်လော။ အဘယ်ကြောင့် ရုပ်ပွားဆင်းတု စေတီပုထိုးတို့ကိုပြုလုပ်၍ ရှိခိုးကိုးကွယ်ကြရကုန်သနည်းဟု မေးရန်ရှိ၏။

**အဖြေကား** လောက၌ ဂုဏ်သတင်း ကြီးမြတ်လှသော ပုဂ္ဂိုလ်၏ ဂုဏ်သတင်းများကို ကြားသိရသည်ရှိသော် ထိုပုဂ္ဂိုလ်ကို တွေ့လိုမြင်လိုသောစိတ်သည် အားကြီးစွာ ဖြစ်ပေါ်မြဲ ဓမ္မတာပေတည်း။ အနီးအဝေး၌ ထိုပုဂ္ဂိုလ် ထင်ရှားရှိခဲ့သော် အလွန်ဝေးကွာသော အရပ်၌ပင်ရှိသော်လည်း သွားရောက်၍ ဖူးမြော်ကြကုန်၏။ ထိုပုဂ္ဂိုလ်မရှိခဲ့သော် ထိုပုဂ္ဂိုလ်၏ ရုပ်ပုံသဏ္ဌာန်များကို ဝယ်ယူ၍ ဖူးမြော်ကြကုန်၏။

အချို့သောသူတို့ကား ဘုရားဆိုလျှင် ဂုဏ်တော်ကိုးပါးရှိမှ ဘုရားအမှန်ဖြစ်သည်။ ဂုဏ်တော်ကိုးပါးမရှိလျှင် ဘုရားမဟုတ်၊ ဘုရားမဟုတ်သည်ကို ဘုရားလုပ်၍ ကိုးကွယ်လျှင် အကျိုးမရှိ၊ ထိုရုပ်ပုံ ရုပ်တုဟုဆိုအပ်သော ဝတ္ထုမြေကြီး သစ်သား ကျောက်သတ္တုတို့၌ ဘုရားဂုဏ်တော်ဟူ၍ မြူမျှမရှိ။ ထို့ကြောင့် ထိုရုပ်ပုံ ထိုရုပ်တုတို့ကို ကိုးကွယ်ခြင်းသည် အကျိုးမရှိ၊ ထိုရုပ်ပွားတို့ကို လှူဒါန်းပူဇော်ခြင်းသည် အကျိုးမရှိဟု ဆိုကြကုန်၏။

ထိုရုပ်ပုံ ရုပ်တု ရုပ်ပွားသည်ပင်လျှင် ဘုရားအစစ်ဖြစ်၏။ ထိုသစ်အုတ် ကျောက်သတ္တုများသည်ပင်လျှင် ဘုရားအစစ်ဖြစ်၏ဟု မှတ်ယူကိုးကွယ်သောသူမှာ ကိုးကွယ်ထိုက်၏။ စေတီပုထိုး ရုပ်ပုံရုပ်တုဆင်းတုများကို ကိုးကွယ်ပူဇော်လှူဒါန်းကြကုန်သောသူအပေါင်းတို့သည်ကား သိဒ္ဓတ္ထမင်းမှဖြစ်သော အရှင်ဂေါတမမည်သော ဘုရားအစစ်ကို သိပြီးဖြစ်ကြကုန်၏။ ဣတိပိသောဘဂဝါအစရှိသော ဂုဏ်တော်ကိုးပါးသည် ထိုဘုရားစစ်၌သာရှိသည်ဟု သိကြကုန်၏။ အယုတ်ဆုံးအားဖြင့် ထိုဘုရားအစစ်သည် လူ့လောက နတ်လောက ဗြဟ္မာလောကတွင် အတုမရှိ အထွတ် အမြတ်ဆုံးဖြစ်သည်ဟု ယုံကြည်ကြ၏။ ထိုဘုရားအစစ်၏ ရုပ်သွင်သဏ္ဌာန်တော်ကိုပင် ဖူးမြင်ချင်

http://www.dhammadownload.com



ကြ၏။ သို့သော် ပရိနိဗ္ဗာန်စံလွန်ပြီးဖြစ်၍ ဖူးမြင်ခွင့်မရကြကုန်။ သို့အတွက် ထိုဘုရားအစစ်နှင့်ပုံသဏ္ဌာန်အားဖြင့် တူညီသော ရုပ်တုဆင်းတုတော်တို့ကို ကြည်ညိုစွာ ဖူးမြော်ရသောအခါ ထိုသူတို့၏ စိတ်မနောတို့သည် ဘုရားအစစ်သို့ ဆိုက်ရောက်သွားကြသည်သာဖြစ်ကုန်၏။ ရှိခိုးပူဇော်စဉ် နှုတ်မှရွတ်ကြသော ဣတိပိ သောဘဂဝါအစရှိသော ဂုဏ်တော်များသည် ဘုရားအစစ်၌ရှိသော ဂုဏ်တော်များပေတည်းဟု အမှန်သိ၍ အာရုံပြု ရွတ်ကြခြင်းဖြစ်၏။

ဤလောက၌လည်း မည်သည့်ပုဂ္ဂိုလ်ကြီးသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသည်တို့ အလွန်ကြီးမြတ်သည်ဟု ကြားသိကြလျှင် အလွန်ကြည်ညိုသောစိတ် ဖြစ်ပွားကြ၏။ ထိုပုဂ္ဂိုလ်ကြီးကို ဖူးမြင်လိုသော စိတ်သည် အလွန်ထက်သန်လျက် ရှိကြ၏။ ထိုအရပ်သို့ ကိုယ်တိုင်သွားရောက်ဖူးမြော်ကြ၏။ မသွားရောက်နိုင်သူများကလည်း ၎င်း၏ပုံတော်ကိုပင် မြင့်မြတ်ရာနေရာတို့၌ထား၍ ကြည်ညိုကြကုန်၏။

အတုမရှိသော ဘုန်းတန်ခိုးတော်နှင့် ပြည့်စုံသော ဂေါတမမြတ်စွာဘုရား၏ ပုံတော်ဆိုလျှင် ထိုထက် ကြည်ညိုသောစိတ် လွန်ကဲပြီး အမြင့်မြတ်ဆုံးနေရာ၌ ထား၍ ကိုးကွယ်ကြမည်အမှန်ဖြစ်၏။

ထို့ကြောင့် ရုပ်ပုံတော် ဆင်းတုတော် ရုပ်ပွားတော်များကို ကိုးကွယ်ပူဇော်လှူဒါန်းကြခြင်းသည် အလွန်ကြီးမြတ်သော ကုသိုလ်ဌာနကြီးတစ်ပါးဖြစ်ပေသတည်း။

ငါတို့ ဂေါတမမြတ်စွာဘုရားသည်မူကား လောက၌အတုမရှိ ဂုဏ်သတင်းကြီးမြတ်လှပေ၏။ ထို့ကြောင့် ယခုအခါ ဗုဒ္ဓဘာသာဝင်တို့မှာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးကို တွေ့မြင်ဖူးမြော်လိုသောစိတ် အလွန်အားကြီးကြ၏။ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးမှ လူဖြစ်နောက်ကျ၍ မဖူးမြင်ရသည့်အတွက် အလွန်ဝမ်းနည်းဖွယ်ကောင်း၏။ ဘုရားရှင်ကို မတွေ့ရသော်လည်း ရုပ်ဆင်းသဏ္ဌာန်တော်များကို မိမိတို့မျက်စိဖြင့် ဒိဋ္ဌမြင်လိုကြသော ဆန္ဒသည် အလွန်အားကြီးကြ၏။

ဘုရားရှင်၏ မူလသဏ္ဌာန်တော်နှင့် တူညီအောင် တင့်တယ်စွာ ထုလုပ်ရေးဆွဲအပ်သော ရုပ်ပွားတော်ပုံတော်များကို တွေ့မြင်ကြရသော် အလွန်နှစ်သက် ကြည်ညိုကြကုန်၏။ ရုပ်ပွားတော် ရုပ်ပုံတော်တို့ကို အခါ ငါမြင်ရသည်ရှိသော် ဘုရားစစ်ဘုရားမှန်၌ ကြည်ညိုရင်းဖြစ်သော ကုသိုလ်စိတ်တို့သည် အသစ်အသစ် ပွင့်လင်းကြကုန်၏။ ထို့ကြောင့် ဗုဒ္ဓဘာသာတို့၌ ရုပ်ပွားဆင်းတု စေတီပုထိုးပြုလုပ် ကိုးကွယ်ကြခြင်းသည် အလွန်ကောင်းမြတ်သော အလေ့အထကောင်းကြီးတစ်ခု ဖြစ်ပေသတည်း။

---

http://www.dhammadownload.com



## စေတီတော်များနှင့် ဘုရားရှင်တုပုံကိုပြခြင်း

ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီဟု စေတီတော်လေးပါး အပြားရှိသည်ဟု ညီတော်အာနန္ဒာအား မြတ်စွာဘုရားသခင် ဟောကြားတော်မူခဲ့သည်။

၁။ ဘုရားရှင်ကိုယ်တော်မှ ဖြစ်ပေါ်ပွားများသော ဆံတော် ဓာတ်တော် အပေါင်းသည် ဓာတုစေတီတော်မည်၏။

၂။ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တည်းဟူသော ဗုဒ္ဓ မုခ ပါဠိတော် (သုတ် ဝိနည်း အဘိဓမ္မာမှစ၍ ဘုရားဟော တရားတော်) တို့ကို ရေးသားရိုက်နှိပ် ထွင်းထုထားအပ်သော ပေစာစက္ကူ ဂျပ် ကျောက်စာ သတ္တုပြား အစရှိသည်တို့သည် ဓမ္မစေတီတော်မည်ကုန်၏။

၃။ ဘုရားရှင်၏ အသုံးအဆောင်တော်မှန်သမျှသည် ပရိဘောဂစေတီတော် မည်၏။

၄။ ဓာတု ဓမ္မ ပရိဘောဂတို့ကို ရည်မှန်း၍ တည်ထားသော ရုပ်ပွားဆင်းတု စေတီတော်များသည် ဥဒ္ဒိဿစေတီတော်မည်၏။

ထိုစေတီ ရုပ်ပွားဆင်းတုတော်များကို ဆွမ်း၊ ရေချမ်း၊ ပန်း၊ ပေါက်ပေါက်၊ ဆီမီး၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား စသည်တို့ကို လှူဒါန်းပူဇော်ကြရာ၌ မိမိတို့ သိရှိရင်းဖြစ်သော ဘုရားစစ် ဘုရားမှန်ကို ကေန်နှစ်ခြိုက် စိတ်၌ဦးတည်ထား၍ လှူဒါန်းပူဇော်ကြသောအရာဖြစ်သောကြောင့် ထိုဒါနပူဇာစိတ်စေတနာတို့သည် ဘုရားစစ် ဘုရားမှန်၌သာ ကေန်ဆိုက်တည်ကြကုန်၏။ ဘုရားစစ် ဘုရားမှန်ကို လှူဒါန်းပူဇော်သည်မည်ကုန်၏။

ထို့ကြောင့် ဝိမာနဝတ္ထုပါဠိတော်၌ ....

ကိဍ္ဍန္တေ နိဗ္ဗုတေစာပိ၊ သမေ စိတ္တေ သမံ ဖလံ။

စေတောပဏိဓိ ဟေတုဟိ၊ သတ္တာဂစ္ဆန္တိသုဂတိံ ဟုဟောတော်မူ၏။

**အနက်ကား** တိဋ္ဌန္တေ၊ သက်တော်ထင်ရှား တည်ရှိသော အခါ၌သော်လည်းကောင်း။ နိဗ္ဗုတေစာပိ၊ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော အခါ၌သော်လည်းကောင်း။ စိတ္တေ၊ ကြည်ညိုသော စိတ်သည်။ သမေ၊ တူမျှသည်ရှိသော်။ ဖလံ၊ အကျိုးသည်။ သမံ၊ တူမျှ၏။

ဟိ သစ္စံ၊ မှန်၏။ စေတောပဏိဓိဟေတု၊ စိတ်ထားကောင်းခြင်းကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ သုဂတိံ၊ ကောင်းသော အလားအလာရှိသော နတ်ရွာ နိဗ္ဗာန်သို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



အဓိပ္ပာယ်ကား သက်တော်ထင်ရှား ရှိစဉ်အခါ၌ မြတ်စွာဘုရားအထံတော်သို့သွား၍ ရှိခိုးဝပ်တွားပူဇော်ခြင်းကိုပြုသော်လည်း စိတ်ထားမကောင်းလျှင် အကျိုးမကြီး၊ စိတ်ထားကောင်းမှ အကျိုးကြီးသည်။ ပရိနိဗ္ဗာန်စံပြီးသည်မှနောက်၌ ရုပ်ပွားဆင်းတု စေတီပုထိုးရှိရာသို့သွား၍ ရှိခိုးဝပ်တွား ပူဇော်လှူဒါန်းခြင်းကို ပြုရာ၌လည်း စိတ်ထားမကောင်းလျှင် အကျိုးမကြီး၊ စိတ်ထားကောင်းမှ အကျိုးကြီးသည်။ အဘယ်ကြောင့်ဆိုသော် အကျိုးပေးမှုမည်သည် စိတ်စေတနာ၏ ကိစ္စသာဖြစ်၏။ အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့၏ကိစ္စမဟုတ်။ စိတ်စေတနာသည်သာလျှင် နတ်ရွာနိဗ္ဗာန်သို့ ဆောင်နိုင်၏၊ အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့သည် နတ်ရွာနိဗ္ဗာန်သို့ မဆောင်နိုင်။ သို့သော် အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်များသည် အပိုသက်သက် ဖြစ်တော့မည်လောဟု မေးရန်ရှိ၏။ အဖြေကား = အပိုသက်သက်မဖြစ်။ အလှူဝတ္ထုအလှူခံပုဂ္ဂိုလ် ကောင်းလျှင် ကောင်းလိုက် စိတ်စေတနာကို ချီးမြှောက်နိုင်၏။ စိတ်စေတနာ ကောင်းလျှင်ကောင်းလိုက် အကျိုးကြီးမြတ်နိုင်၏။ ဥပမာကား စပါးမျိုးစေ့တို့ကိုပျိုးရာ၌ လယ်ယာမြေကောင်းနှင့်မိုးတို့သည် မျိုးစေ့ကို ချီးမြှောက်နိုင်သကဲ့သို့တည်း။ အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေကောင်းနှင့်တူ၏။ အလှူဝတ္ထုသည် မိုးကောင်း ရေကောင်းနှင့်တူ၏။ စိတ်စေတနာသည် မျိုးစေ့နှင့်တူ၏။

ရုပ်ပွားဆင်းတုတို့ကို ပူဇော်လှူဒါန်းကြရာ၌ ရုပ်ပွားဆင်းတုများသည် အလှူခံပုဂ္ဂိုလ်မဟုတ်၊ ဘုရားစစ်ဘုရားမှန်သည်သာလျှင် အလှူခံပုဂ္ဂိုလ်ဖြစ်၏။ ထိုသို့ဖြစ်မူ အလှူခံပုဂ္ဂိုလ်သည် ယခုမရှိတော့ပါပြီတကားဟု ဆိုရန်ရှိ၏။ လှူဒါန်းသူ၏ စိတ်အာရုံထဲ၌ရှိလျှင် ရှိတော့သည်သာဟုဖြေ။ တရားတော်ကို လှူဒါန်းပူဇော်ရာ၌လည်း ထို့အတူပင်တည်း။

(ရုပ်ပွားဆင်းတုတို့ကိုကိုးကွယ်ရာ၌ လိုရင်းအချက်ပြီး၏။)

**မောင်စံဖေ မေးခွန်းငါးချက်တွင် –**

၁။ သစ်သားရုပ်တု ဆင်းတုကိုးကွယ်ရာတွင် အနေကဇာတင်ခြင်းနှင့် မတင်ခြင်း မည်သို့ခြားသနည်းဟူသော ပုစ္ဆာအဖြေကား–

မြတ်စွာဘုရားသည် ရှေးဦးစွာ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသောအခါ လွန်စွာဝမ်းမြောက်တော်မူသဖြင့် အနေကဇာတင် ဂါထာများကို ကျူးရင့်တော်မူ၏။

ရုပ်ပွားဆင်းတုပြုလုပ်မှုမှာ ရုပ်ပုံသွင်ပြင် သဏ္ဍာန်ပြည့်စုံလျှင် ရုပ်ပွားတော် အစစ်ဖြစ်၏။ သို့သော် ရုပ်တုဆင်းတု ဆိုသည်နှင့်အညီ ဘုရားအစစ်၌ ဖြစ်ခဲ့သော အရေးအခွင့်စုကို အတုလိုက်၍ ပြုနိုင်သမျှ ကောင်းမြတ်သည်သာ ဖြစ်သောကြောင့်

http://www.dhammadownload.com



ရုပ်ပွားဆင်းတုကို အနေကဇာတင်ကြခြင်း ဖြစ်လေသည်။ သို့အတွက် ကုသိုလ်အပို အထူးရကြပြန်လေသည်။

၂။ အနေကဇာမတင်သော ဆင်းတုကို ကိုးကွယ်၍ ကုသိုလ်ရ,မရဟူသော ပုစ္ဆာမှာ အထက်အဖြေနှင့်ပင် ပြေလည်ပြီးဖြစ်သည်။

၃။ လူသားသတ္တဝါနှင့် အသက်မရှိသော သစ်သား မည်သည်ကို ကိုးကွယ်ထိုက်ပါသနည်း၊ မည်သည်က မြတ်ပါသနည်း။

၄။ သို့ဖြစ်လျှင် လူသားကိုယ်တိုင်ကို အနေကဇာတင်၍ ရှိခိုးပူဇော်က သာ၍ မမြတ်ပေဘူးလား။

၅။ ထိုလူသား ဘုရားအဖြစ် အနေကဇာမတင်ဘဲ ဘုရားဟူ၍ ဝန်ခံကာမျှ ဘုရားမှတ်၍ ရှိခိုးခြင်းသည် မှန်သောဘုရားကို ရှိခိုးရာရောက်ပါမည်လားဟူသော အမေးပုစ္ဆာ (၃)ချက်သည် (အရေးမပါအရာမရောက် ကတောက်ကတက်ပုစ္ဆာများ)ဖြစ်၍ ဖြေဖွယ်မရှိပြီ၊ အရေးမပါအရာမရောက် ဆိုသည်ကား အသက်မရှိသောသစ်သားကို အစွဲပြုရသော အရာမျိုးမဟုတ်၊ အသွင်သဏ္ဌာန်များသာ လိုရင်းဖြစ်၏။ အသက်မရှိသော သစ်သားကိုအစွဲပြု၍ မေးခွန်းထုတ်ခြင်းသည် အရေးမပါ အရာမရောက်ဖြစ်လေ၏။ ထို့အတူ အခြားဆင်းတုများ၌လည်း အသွင်သဏ္ဌာန်သာ လိုရင်းဖြစ်၏ဟု မှတ်ယူရာ ဝတ္ထုသာဓကများကား–

ဓမ္မာသောကမင်းကြီးသည် ကာလနဂါးမင်းကြီးအား မြတ်စွာဘုရား၏ အသွင်တော်ကို ဖန်ဆင်းပြစေရာ မြတ်စွာဘုရားအသွင်တော်ကို လက္ခဏာကြီးငယ် ရောင်ခြည်တော် (၆)သွယ်နှင့်တကွ ပြသဖြင့် မင်းကြီးသည် (၇)ရက်ပတ်လုံး မအိပ်ဘဲ ဖူးမြော်ပူဇော်သည်ဟု ကျမ်းဂန်များတွင်လာ၏။

သီဟိုဠ် ဖုဿဒေဝ မထေရ်ကြီးသည် မာရ်နတ်ကြီးနှင့် တွေ့ကြရာတွင် မြတ်စွာဘုရားအသွင်တော်ကို ဖန်ဆင်းပြစေ၍ လက္ခဏာတော်အစုံနှင့်တကွ မြင်ရလျှင် မာရ်နတ်မှန်းသိလျက်နှင့်ပင် မနေနိုင်ဘဲ ရှိခိုးလေ၏။ မာရ်နတ်သည် မထေရ်၏ ရှိခိုးခြင်းကိုမခံနိုင်၍ ချက်ချင်းကွယ်ရလေသည်ဟု ကျမ်းဂန်၌လာ၏။

ဤဝတ္ထုတို့၌ ကာလနဂါးကြီးသည် တိရစ္ဆာန်မျိုးဖြစ်၏။ မာရ်နတ်သားသည် ဘုရား၏ ရန်သူတော်ဖြစ်၏။ သို့ဖြစ်ပါလျက် အသွင်တော်ကို မြင်ရသည့်အတွက် ဓမ္မာသောကမင်းကြီး၊ ဖုဿဒေဝမထေရ်ကြီးတို့သည် ရှိခိုးပူဇော်ခြင်း ပြုကြလေသည်။ အသွင်သဏ္ဌာန်သည် ဤမျှလောက် သဒ္ဓါတရားကို ဖြစ်ပွားစေနိုင်၏။

http://www.dhammadownload.com



ဤဝတ္ထုများကိုထောက်သဖြင့် သစ်သား၊ ကျောက်၊ ကြေး၊ ရွှေ ဝတ္ထုများသည် ပဓာနမဟုတ်၊ အသွင်သဏ္ဍာန်တော်သည်သာ ပဓာနဖြစ်ကြောင်း ထင်ရှားလေသည်။

ဘုရား၏အသွင်သဏ္ဍာန်တော်ဟု သိလျက်နှင့် ပြစ်မှားကျူးလွန်မှု ပြုမိလျှင်လည်း အလွန်အပြစ်ကြီး၏။ သက်တော်ထင်ရှားရှိသော မြတ်စွာဘုရားကို ပြစ်မှားသည်နှင့် အလားတူ၏။

ဤရုပ်ပွားဆင်းတု ကိုးကွယ်မှုဖြေရှင်းချက်သည် ဆရာတော် ယခုရေးသားစီရင် ပြီးစီးလျက်ရှိနေသော ဝိဝါဒဝိသောဓနီ ကျမ်းသစ်တွင်လည်း ပါရှိလေသည်။

(ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးသည် အများသိရှိမှတ်သားစေခြင်း အကျိုးငှာ အမိန့်တော်ရ ရွှေနေမောင်စံဖေ၏ လျှောက်ထားချက်၊ ၄က်တွင်းဂိုဏ်းပုစ္ဆာ (၅)ရပ်ကို ဖြေရှင်းချက်ဖြစ်သော 'ရုပ်ပွားဆင်းတု ပုစ္ဆာအဖြေ'ကျမ်းသစ်ကို မူရင်းအတိုင်း ဖော်ပြအပ်ပါသည်။)


http://www.dhammadownload.com



## စစ်ကိုင်း လင်းယဉ်ရွာ

# စံကင်းရွှေချက်သို မေတ္တာကျောက်တိုင်

သက်တော်ရှည် အဘိဓေ စံကင်းဆရာတော်ဘုရားကြီးသည် ၁၃၂၀ပြည့်နှစ်က ဓာတ်ရွာ ရွှေချက်သိုရာဌာန၌ ရပ်ရွာ နယ်သူ နယ်သား သားစဉ်မြေးဆက် တရားအမွေ ပေးသောအားဖြင့် လေးမျက်နှာ ဩဝါဒကျောက်စာများရေးထိုး၍ ဘုရားရှင် ဓာတ်တော်များ ဌာပနာကာ ဓမ္မကျောက်တိုင် မေတ္တာကျောက်တိုင်ကြီးတစ်ဆူ အဝေးက မြင်သာအောင် စိုက်ထူပေးထားတော်မူခဲ့၏။ အမြော်အမြင်ကြီးမား၊ မေတ္တာကရုဏာ လည်း ကြီးမားတော် မူလှပါဘိခြင်း။



စံကင်းရွှေချက်သို မေတ္တာကျောက်တိုင်

"ထိုမေတ္တာကျောက်တိုင်၌ အန္တရာယ်ကင်း ဂါထာကို ကျောက်ပြားတွင် ရေးထု ကပ်ထား၏။ ထိုဂါထာတို့ကို ကျက်မှတ်ရွတ်ဆိုသူတိုင်း ဘေးဒဏ် ရန်မာန်အန္တရာယ် ကင်းရှင်းနိုင်သည်။

"စိတ်ဓာတ်အခန့်မသင့်၍ ဒေါသဖြစ်လျှင် စိတ်ဆိုးလျှင် မေတ္တာကျောက်တိုင်ကြီးကို မျှော်၍ ကြည့်နိုင်ကြစေသော်" ဟုလည်း ရပ်ရွာ နယ်သူ နယ်သား ဒကာ၊ ဒကာမများအား သတိပေးစာလည်း ရေးပေးတော်မူလေ့ရှိသည်။ ပိဋကကျမ်းစာကို သင်ယူခွင့် မရရှာကြသော လူတို့အတွက် မည်မျှအရေးကြီးသော ကျက်မှတ်ဖွယ်များ ဖြစ်သည်ကို အထူးသတိချပ်ကြရာ၏။

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



**ကျော်က်စာ**ဖြစ်၍လည်း ပိဋကသုံးပုံ၏ အနှစ်ချုပ် လိုရင်း ကျက်မှတ်စရာများသာလျှင်ဖြစ်သည်။ ကြီးပွားချင်သူ ကြီးပွားမည်။ ဘေးကင်းချင်သူ ဖြစ်လျှင်လည်း ဘေးကင်းမည်။ လိုရာ သိဒ္ဓိအကုန်ပြီးသည့် ဘုရား နှုတ်ကပါဠ်တော်များဟု ယုံယုံကြည်ကြည် ကျက်မှတ်ရွတ်ဖတ်ကြရန်သာ လိုပေသည်။

လင်းယဉ် ရွာသူရွာသားတို့အတွက် ဆရာတော်ဘုရားကြီး၏ ဤအထူးဓမ္မလက်ဆောင် ဓမ္မအမွေသည် ယခုအခါ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအတွက် ဖြစ်လာခဲ့ပေပြီ။ တံကောင်းသူတို့ ယူဆောင်စားသုံးကြကုန်လော့။

ဓမ္မကျောက်စာတိုင်ကြီး စိုက်ထူပေးတော်မူခဲ့သော ဆရာတော်ဘုရားကြီးကိုယ်တိုင်ပင်လျှင် သက်တော်ရှည်ခြင်း၊ ဘုန်းတန်းခိုးတေဇာ သီလ၊ သမာဓိ၊ ပညာ၊ ချမ်းသာမှု အထွတ်အထိပ်ဖြစ်တော်မူခဲ့ခြင်းများကို ထောက်ရှု၍လည်း အရာရာ၌ အထွတ်အထိပ်သို့ရောက်အောင် ပို့ဆောင်သော ကြီးပွားချမ်းသာရေးမြစ်ချင်းပြီး ငယ်နိုင်နည်းလမ်းကောင်းများဟုလည်း မမှိတ်မသုန် ယုံကြည်အပ်လှပေတော့ သည်။

သူပြော လူပြော ဘုရားဟောလည်းမဟုတ်၊ ဘယ်ဂါထာကို '၃၇–အုပ် ဥုံခံရွတ်'ဟုဆိုသော မဆုံးနိုင်သည့်အဆန်းများကို သတိပြုကြကုန်။

## ဂရုဓမ္မ နိစ္စသီလ ဩဝါဒကထာ
## (အရှေ့ဘက်ကျောက်စာ)

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ယထာဘတံနိက္ခိတ္တော၊ ဧဝံ နိရယေ။ ကတမေဟိ ပဉ္စဟိ။ ပါဏာတိပါတီဟောတိ၊ အဒိန္နာဒါယီ ဟောတိ၊ ကာမေသု မိစ္ဆာစာရီ ဟောတိ၊ မုသာဝါဒီတောတိ၊ သုရာမေရယ မဇ္ဇပါယီ ဟောတိ၊ ဣမေဟိ ခေါဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ယထာ ဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ။

ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ယထာ ဘတံ နိက္ခိတ္တော၊ ဧဝံသဂ္ဂေ။ ကတမေဟိ ပဉ္စဟိ။ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသု မိစ္ဆာစာရာ ပဋိဝိရတော ဟောတိ၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ပဋိဝိရတော ဟော တိ။ ဣမေဟိ ခေါဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဥပါသကော ယထာ ဘတံ နိက္ခိတ္တော ဧဝံသဂ္ဂေ။

http://www.dhammadownload.com





## သက်တော်ရှည်
## အဘိဓေ စံကင်းဆရာတော်ဘုရားကြီး

ဟူ၍ မြတ်စွာဘုရားသည် ပဥ္စင်္ဂုတ္တရပါဠိတော် နိရယသုတ်၌ ဟောကြားတော်မူသည်နှင့်အညီ ၁။ သူ့အသက်သတ်ခြင်း၊ ၂။ သူ့ဥစ္စာကိုခိုးခြင်း၊ ၃။ ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာကျင့်ခြင်း၊ ၄။ မုသားပြောခြင်း၊ ၅။ သေရည်သေရက်သောက်ခြင်း။ ဤငါးပါးသော မကောင်းမှုတို့နှင့် ပြည့်စုံသောသူကို မိမိပြုလုပ်သော မကောင်းမှုကံကပင်လျှင် ငရဲစသော ဒုဂ္ဂတိအပါယ်ဘုံသို့ ဆောင်ပို့ပစ်ချလေ၏။

ထိုမကောင်းမှုကံတို့မှ ရှောင်ကြဉ်၍ ငါးပါးသီလနှင့်ပြည့်စုံသူကိုလည်း မိမိပြုလုပ်သော ကောင်းမှုကုသိုလ်ကံကပင်လျှင် နတ်ပြည် စသော သုဂတိဘုံသို့ ဆောင်ပို့လေ၏။

ထို့ကြောင့် အပါယ်ဘုံတို့၌ တွေ့ကြုံရမည့် ဘေးအမျိုးမျိုးကို ဉာဏ်ဖြင့် သိမြင်ပြီးလျှင် အပါယ်ကျရောက်မည့် မကောင်းမှုတို့မှ ရှောင်ကြဉ်၍ သုဂတိဘုံသို့ရောက်ကြောင်း ကောင်းမြတ်သော ဂရုဓမ္မ နိစ္စသီလကို လုံခြုံအောင် စောင့်ထိန်းကြရသည်။

**(ပုံ) စံကင်းဆရာတော်**

http://www.dhammadownload.com



## ဘာဝနာ ရတ ဩဝါဒကထာ
## (တောင်ဘက်ကျောက်စာ)

(က) ယေ စ ဗုဒ္ဓါ အတီတာ စ၊ ယေ စ ဗုဒ္ဓါ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ၊ အဟံ ဝန္ဒာမိ သဗ္ဗဒါ။

(ခ) နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ။
နမော တေ တိဏ္ဏသံသာရ၊ နမော တေ အမတံဒဒ။

## သဗ္ဗမင်္ဂလာ ဂါထာ

(ဂ) ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

## အန္တရာယ်ကင်း ပါဠိ

(ဃ) အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

ဤဗုဒ္ဓါနုဿတိ ဘာဝနာမှစ၍ မေတ္တာဘာဝနာတို့ကို ပွားများခြင်း၊ အနိစ္စ ဒုက္ခ အနတ္တ အနုပဿီယောဂီအဖြစ် ခံယူစေလိုခြင်းကို ဉာတိမိတ္တ တပည့်သာဝက တို့အား ပြောကြားတိုက်တွန်းအပ်ပါသည်။

(ပုံ) စံကင်းဆရာတော်

## သာရဏီယ ဩဝါဒကထာ
## (မြောက်ဘက်ကျောက်စာ)

၁။ ကံဆိုတာအလုပ်၊ အလုပ်ကောင်းမှ ကံကောင်းသည်။

၂။ စိတ်ကောင်းမှ လောဘမကြီး၊ ဒေါသမကြီး၊ မောဟမကြီး၊ မာနမကြီးမှ အလုပ်ကောင်းသည်။

၃။ စိတ်ဆိုးတုန်း စကားမပြောနှင့်။ မဆင်မခြင် အလျင်စလို မလုပ်နှင့်။

၄။ မနိုင်သောအလုပ်၊ အကျိုးမရှိသောအလုပ်ကို မလုပ်နှင့်။

ပထမအကြိမ်

http://www.dhammadownload.com



၅။ နိုင်သောအလုပ်၊ အကျိုးရှိသော အလုပ်ကိုသာ လုပ်။

၆။ အနည်းစွန့်၍ အများရဖို့မြင်လျှင် အနည်းကို အမြန်စွန့်။

၇။ ပိုက်ဆံတစ်ပြားကို နှမြောသည့်အတွက် တစ်ထောင်တန် မပျက်စေနှင့်။

၈။ ပေးကမ်းမှ အနာခံပေါင်းမှ မိတ်ကောင်းရသည်။

၉။ မှန်သောစကားကိုဆိုမှ ကျော်စောသည်။

၁၀။ မပျင်းမှ အဆင်းလှသည်။ အလုပ်လုပ်မှ ဥစ္စာရသည်။

၁၁။ ကျန်းမာမှ အလုပ်လုပ်နိုင်သည်။ မတည့်သည်ကိုရှောင်မှ ကျန်းမာသည်။

၁၂။ မမိုက်မှ အသက်ရှည်သည်။ မှတ်သားမှ အကြားအမြင်များသည်။

၁၃။ အကြားအမြင်များမှ ကြံမှ ဉာဏ်ရှိသည်။

၁၄။ ဉာဏ်ရှိမှ ဉာဏ်နှင့်လုပ်မှ ကြီးပွားသည်။

၁၅။ လူမိုက်ကိုရှောင်၊ လူလိမ္မာကိုပေါင်း၊ မကောင်းမှုကို မပြုနှင့်။ ကြီးပွားသည်။

၁၆။ ကောင်းမှုကို နေ့တိုင်းပြု၊ လိုရာဆုတောင်း၊ နတ်အပေါင်းအမျှဝေ။

၁၇။ လိပ်ပြာ မရှိ၊ ကိုယ်နှင့်စိတ်သာရှိသည်ဟု နှလုံးသွင်း။

၁၈။ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ'ကို အမြဲရွတ်။

၁၉။ တစ်နေ့နေ့တွင် သေရမည်အမှန်ဟု သတိပြု။

၂၀။ မသေမီအချိန်တွင် ကုသိုလ် အကုသိုလ် ကံနှစ်ပါးသော ငါ့ဥစ္စာဟု အမြဲဆင်ခြင်။

၂၁။ ကံနှစ်ပါးတွင် ကုသိုလ်ကံသည်သာ နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးဆောင်သည်။ ကြပ်ကြပ်အောက်မေ့။

**(ပုံ)စံကင်းဆရာတော်**

[မှတ်ချက်။ အနောက်ဘက်မျက်နှာ ကျောက်စာကား ထေရပတ္တိ အကျဉ်းချုပ်ဖြစ်သည်။]

အထက်ပါ က–ခ–ဂ ပါဠိဂါထာများ၏အဓိပ္ပာယ်မှာ –

http://www.dhammadownload.com



(က) ဂါထာက "ပွင့်ပြီး ပွင့်လတ္တံ့ ပွင့်ဆဲ ဘုရားရှင်အားလုံးတို့အား တပည့်တော် အမြဲရှိခိုးပါ၏"ဟု ဆိုလိုသည်။

(ခ) ဂါထာက "အာဓာနည်းယောက်ျားဖြစ်သော မြတ်စွာဘုရား၊ အရှင်ဘုရားအား ရှိခိုးပါ၏။ ယောက်ျားမြတ်ဖြစ်သော .... ရှိခိုးပါ၏။ သံသရာမှ လွတ်မြောက်တော်မူပြီးဖြစ်သော .... ရှိခိုးပါ၏။ အမြိုက်နိဗ္ဗာန်ကို ပေးတော် မူတတ်သော မြတ်စွာဘုရား၊ အရှင်ဘုရားအား ရှိခိုးပါ၏"ဟု ဆိုလိုသည်။

(ဂ) ဂါထာကား "နေမင်းသည် နေ့အခါ၌သာ ထွန်းလင်း၏။ လမင်းသည် ညဥ့်အခါ၌သာ တောက်ပ၏။ ပြည့်ရှင်မင်းသည် မင်းမြောက်တန်းဆာ ပတ်ဆင်မှသာ တင့်တယ်လှပ၏။ ရဟန်းသည် ဈာန်ဝင်စားမှသာ တင့်တယ်ထွန်းပ၏။ ထို့ထက် မြတ်စွာဘုရားရှင်သည်သာလျှင် နေ့ရောညဥ့်ပါ အခါခပ်သိမ်း တန်ခိုးတော် ငါးပါးဖြင့် ဝင့်ကြွားတင့်မြူး အထူးတောက်ပတော်မူပါပေ၏"ဟု ဆိုလိုသည်။

## တစ်ထောင်တန်ဂါထာ

ဤ(ဂ)ဂါထာကား .... ပိဋကသုံးပုံတွင် အလွန်ထူးခြား၍ လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာ အဖြာဖြာပေးစွမ်းနိုင်သော သဗ္ဗမင်္ဂလာ ဇယမင်္ဂလာ ဂါထာကြီးအဖြစ် အလွန်ထင်ရှားသည်။ ထို့ကြောင့်လည်း မာန်လည် ဆရာတော်ဘုရားကြီးက မင်းကွန်းဆရာတော်အား အောက်ပါအတိုင်း မေးဖူးသည်–

"သဗ္ဗယ်မင်္ဂလာလို့၊ မည်သညာ သရေတင့်၊ ကျမ်းဖွင့်ထင်စွာ။ ငါးနိကာယ် ပင်လယ်ထဲမှာလ၊ လွန်ကဲတဲ့ သည်ဂါထာ၊ ဉာဏ်မဟာ ကိုင်ဖွမ်း။ နက်ကျယ်စွာ၊ သမုဒ်ရေ အဏ္ဏဝါ၌၊ အာနန္ဒာ မွေလို့နှောက်သည့်နှယ်၊ ဘုန်းထက် အောက်စမ်း။"

ထိုဂါထာ ဖြစ်ပေါ်လာပုံ အချုပ်ကား မြတ်စွာဘုရားရှင် ဇေတဝန်ကျောင်းတော်၌နေစဉ် ရဟန်းများအား တရားဟောနေခိုက် ပရိသတ်အစွန်၌ ရှင်ကာဠုဒါယီက ဈာန်ဝင်စားနေ၏။ နေ,ကဝင်၍ လ,ကထွက်ဆဲ၊ ကောသလမင်းကြီးလည်း မင်းမြောက်တန်ဆာဒွါဒရာတို့ကိုဝတ်ဆင်၍ မင်း၏အသရေအပြည့်နှင့် လာရောက် ကန်တော့၏။

အရှင်အာနန္ဒာသည် ထိုနေလည်းဝင်စ၊ လလည်းထွန်းလင်း၊ မင်း၏ ကျက်သရေ၊ ဈာန်ဝင်စားနေသော အရှင်ကာဠုဒါယီ။ ထိုရှုခင်းအားလုံးကို တစ်ခုပြီး တစ်ခု စေ့ငုရှုမြင်ပြီးနောက် ဘုရားရှင်၏မျက်နှာတော်ကို ဖူးမြင်လိုက်ရာ ဘုရားရှင် အသရေတော်ကို ဘယ်အရာကမျှ မတုပ, မမီနိုင်ကြောင်း လျှောက်ထား၍

http://www.dhammadownload.com



မြတ်စွာဘုရား ဟောတော်မူခြင်းဖြစ်သည်။

ထို့ကြောင့် မင်းကွန်း (ဥဒုမ္ဗရချောင်) ဆရာတော်က ....

"သဗ္ဗမင်္ဂလာလို့၊ မည်သညာသရေတင့်၊ ကျမ်းဖွင့်ထင်စွာ။ ငါးနိကာယ် ပင်လယ်ဝတွင်ပ၊ နိဒါန သံယုတ်မှာ၊ ဒိဝါစချီးကျူး။ နက်ကျယ်စွာ၊ ငါး နိကာယ် အဏ္ဏဝါ၌၊ အာနန္ဒာသာလွန်ကျူးအောင်၊ ဘုန်းညာဏ်ကွန့်မြူး"ဟု ဖြေတော်မူလေသည်။

ရှေးအခါက သီဟိုဠ်ကျွန်း ဘာတိကမင်းလက်ထက် မင်းပွဲသဘင်တစ်ခု၌ ပိဋကသုံးပုံ ကျွမ်းကျင်သော အမတ်တစ်ဦးအား "ရတနာသုံးပါးမလွတ်တဲ့ ဇယမင်္ဂလာ ဂါထာတစ်ပုဒ်ရွတ်ဆိုရန်" မင်းက အမိန့်ရှိရာ၊ အမတ်မှာ အတန်ကြာစဉ်းစားနေရ၏။ ဘုရားဟော ဂါထာတိုင်းပင် ရတနာသုံးပါး မလွတ်တတ်၊ ဇယမင်္ဂလာဂါထာချည်း ဖြစ်နေ၍ ရွတ်တရက်မဖြေနိုင်။ အတန်ကြာမှ ဤ 'ဒိဝါတပတိ အာဒိစ္စော' ဂါထာကို ရွတ်ဆိုပြရာ ငွေတော်တစ်ထောင် ဆုချလေ၏။ (သံ-ဋ္ဌ၊ ၂၊ ၂၂၆။ ဓမ္မ-ဋ္ဌ၊ ၂၊ ၃၉၆။)

အလိုလို သိဒ္ဓိပြီးနေသော ဂါထာတော်များကို 'ဘယ်နှစ်ခေါက်ရွတ်လျှင် ဘာဖြစ်သည်'စသည်ဖြင့် နမ်းဖြူးတတ်ကြရာ အခေါက်ရေ ပမာဏမပြုကုန်လင့်။ ထိုဂါထာပါ ဂုဏ်တော်တို့ကို ထိမိုက်နှစ်ခြိုက်စွာ အာရုံပြုနိုင်ခြင်းသည်သာ လိုရင်းဟု မှတ်။ (၃၇)အုပ်၊ (၁၀၈)ခေါက်ပင် ပြည့်သော်လည်း အာရုံမကျရောက်လျှင် အကျိုး မများ။

http://www.dhammadownload.com






# ဘီလူးကြီးကို
# အနိုင်ရလိုက်သောဆရာတော်

“တောင်ပြင်က ဗန်းမော်ကျောင်း ဘုန်းကြီးပါ အရှင်ဘုရား”
“ဘာကိစ္စ ကြွလာသတုန်း”
“သက်ကြီးဝါကြီး မထေရ်ကြီးများကို ဖူးမြော်ချင်လို့ပါ ဘုရား”
“အေး .... သာဓု၊ သာဓု”

ပထမအကြိမ်

http://www.dhammadownload.com



မန္တလေးမြို့အနောက်ပြင် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ရွှေကျင်သာသနာပိုင် သက်တော်ရာကျော် သက်တော်ရှည် အဘိဓဇ စံကင်းဆရာတော်ဘုရားကြီးကား ဂိုဏ်းဂဏမရွေး ရဟန်းရှင်လူတိုင်း လေးစားကြည်ညိုကြသည်။

သက်တော်ရှည် ဆရာတော်ကြီး တစ်ပါးဖြစ်၍ ဟိုမှသည်မှ မကြာခဏ လာရောက်ဖူးမြော်ကြသည်။ မန္တလေးသို့ရောက်သော နိုင်ငံခြားဧည့်သည်တော်ကြီးများ၊ နိုင်ငံ့ဝန်ဆောင် နိုင်ငံရေးခေါင်းဆောင်များ အားလုံးလိုလို မဖူးမြော်ဖူးသူ မရှိချေ။

ဤသို့သော ဆရာတော်ကြီးများထံ ချဉ်းကပ်ဖူးမြော်ရလျှင် ဖူးမြော်ရုံမျှဖြင့် ကောင်းကျိုးချမ်းသာ ကုသိုလ်မင်္ဂလာများ ပွားစီးကြရ၏။ ထိုမျှမက စံကင်းဆရာတော်ကြီးကား သီလ၊ သမာဓိ၊ ပညာကြီးမားတော်မူသည့်အပြင် သူ့ခေတ် သူ့အခါနှင့် သူ့အာဏာစက် ပျံ့နှံ့ရာနယ်ပယ်၌ ခေတ်နှင့်အညီ (ကာလညျူ) အမျိုးဘာသာ သာသနာကိစ္စတို့ကို ရှေးတန်းကချည်း ဆောင်ရွက်တော်မူခဲ့သောကြောင့်လည်း ဆရာတော် ဩဝါဒစကားများသည် ခေတ်လူသားတို့ နှလုံးသားနှင့်လည်း ခွင်ကျလျက်ရှိ၏။

အမှတ်သတိ အလွန်ကောင်း၏။ ရှည်လျားစွာ လျှောက်ခဲ့ရသော သက်တုံ တက်ထုံ လောကရိပ်မြိုအတွက် ခြိုင်မိသော ကိုယ်တွေ့ဘဝနေနည်း စနစ်များကိုလည်း ပေးသနားတော်မူလေ့ရှိ၏။ ဆရာတော်နှင့်တွေ့လျှင် သောကမီး လောင်လာသူများပင် တစ်ခဏချင်း ငြိမ်းသွားတတ်လေသည်။

မန္တလေးတောင်ပြင် ဗန်းမော်ကျောင်းတိုက် ဗန်းမော်ဆရာတော်ကလေး ဦးကုမာရာဘိဝံသ (သီရောမဏိ၊ ဝင္ခံသကာ၊ ဘီအေ)သည်လည်း ထိုအခွင့်ကောင်းမျိုးကို လက်လွှတ်မခံတတ်သော ဆရာတော်တစ်ပါးဖြစ်၏။ ယခုအခါ အခါအားလျော်စွာ နိုင်ငံတော်ဝိနည်းဓိုရ်၊ ဥက္ကဋ္ဌကြီး ဦးနု၏ ပိဋကအင်္ဂလိပ်ဘာသာပြန် လုပ်ငန်း၌လည်း ဩဝါဒါစရိယ၊ အဘိဓမ္မာပါဠိတော်များကို ကိုယ်တိုင်လည်း ဘာသာပြန်လျက်ရှိသော ဆရာတော်ဖြစ်သည်။ အသက် သိက္ခာ စသည် မေးမြန်းလျှောက်ထားပြီးနောက် –

"ရောက်သခိုက် သာသနာပြုနည်းလမ်းကောင်းများ တစ်သက်ပန် မှတ်သားရအောင် ပေးသနားချီးမြှင့်တော်မူပါဘုရား"

အေး .... သာဓု၊ သာဓု၊ ဘုန်းကြီးက ဒီလို ပုဂ္ဂိုလ်မျိုး ရှာနေတာ၊ ပေးရတာပ .... ။ ဘုန်းကြီးလုပ်ရတယ်ဆိုတာ အခက်သား မလွယ်ဘူး၊ သတ္တဝါတွေဆိုတာ သေးရန်အန္တရာယ်တွေ ဒုက္ခတွေကြားမှာ နေကြရရှာတော့ အရေးဟဲ့ဆို ဘုန်းကြီးတွေ

http://www.dhammadownload.com



ကိုပဲ အားကိုးကြတာကလား၊ ဒီတော့ ဘုန်းကြီးဆိုတာ ဝိနည်းတော် ဒေသနာတော် အတွင်းမှာ ဘာ့မဆို တတ်အောင် လုပ်ထားရတယ်။

"မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ မဟာဘိသက္က အတုမရှိတဲ့ သမားတော်ကြီး၊ ခုကာလ သွေးတိုးရောဂါ ဘာညာ အသာထား၊ အလွန်အမြစ်ခိုင်တဲ့ ကိလေသာအနာကြီးတွေကိုတောင် အမြစ်ပြတ် ကုသပေးနိုင်တာ။

"ဘုန်းကြီးတို့ ခနေဖြူတစ်ဘက်ကမ်းပတ်ဝန်းကျင်အိမ်ခြေ (၁၂၀၀)ခန့်ရှိတဲ့ စံကင်းရွာကြီးမှာ နေခဲ့ရတုန်းက ကြုံဖူးတယ်။ စစ်မဖြစ်သေးဘူး။ ၁၂၈၀ ပြည့်နှစ်တုန်းက ခနေဖြူမြို့ပေါ်ကစပြီး ပလိပ်ကပ်ရောဂါတွေဖြစ်လိုက်တာ အများကြီး သေကြရှာတယ်။ နောက် တို့နေတဲ့ စံကင်းရွာကအစ ဆက်ကာဆက်ကာ ဖြစ်လာရော၊ ဒီတော့ ဘုန်းကြီးတို့မလည်း မနေသာဘူး။ ဒါကယ်ဆယ်ဖို့ ကိုယ့်တာဝန်ကြီးပဲ။

"ဒီတော့ ကျောင်းရှိ ဦးပဥ္စင်း ကိုရင် အကုန် တစ်ဆိုင်းနှစ်ဆိုင်း ခွဲသင့်တဲ့အခါ ခွဲပြီး ရွာထဲ ပရိတ်ရွတ်ကြရတယ်။ တစ်ရပ်ကွက်ပြီး တစ်ရပ်ကွက်။ လူတွေကလည်း အားကိုးတကြီး ပင့်ရှာကြတာပေ။ တို့မနားရဘူး။ တစ်နေရာက ရွတ်ပြီးပြန်လာခါ ရှိသေး နောက်တစ်နေရာကပင့်။ တစ်ခါ ပရိတ်ရွတ်ပြီး ပြန်လာလို့ သင်္ကန်းရုံမှ မဖျက်ရသေးဘူး ဟော–အသုဘက လာပင့်။

"လူတွေလည်း တစ်နေ့ထက်တစ်နေ့ သေကြေပျက်စီးရှာကြတယ်၊ အလွန်သနားစရာကောင်းတာ၊ တစ်ရွာလုံးတစ်နယ်လုံး သွေးလန့်နေကြရှာပြီ။ ဘုန်းကြီးတို့လည်း ရွာထဲသွား ပရိတ်ရွတ်လိုက်၊ သချိုင်းကုန်းသွားပြီး သရဏဂုံတင် ရေစက်ချလိုက်နဲ့၊ ကြာတော့ ဦးပဥ္စင်းတွေ ကိုရင်ကြီးတွေလည်း ဖတ်ဖတ်မောကုန်ပြီ။ ဒီတော့ တို့ကို ပြောရဲတဲ့ ဦးပဥ္စင်းများက ပြောကြတယ်။

"ဘုန်းကြီး တပည့်တော်တို့ရွတ်တဲ့ ပရိတ်လည်း မစွမ်းတော့ပါဘူး။ တပည့်တော်တို့တော့ ဘုန်းကြီးကြောက်လို့သာ လိုက်နေရတာ၊ မလိုက်ချင်တော့ဘူးတဲ့။

"နောက်ပြီး ကျောင်းထဲမှာရှိသေးတယ် ကိုရင်ကြီးတစ်ပါး၊ သူက ခပ်ပေပေ၊ ခပ်ရူးရူး၊ တခွတ်ထိုး၊ အဲဒီ ကိုရင်ကြီးဆိုရင် ရွတ်စက သုံးလေးခါလောက်ပဲ သူလိုက်တယ်။

"တို့ရွတ်တဲ့ ပရိတ်က စွမ်းလည်းမစွမ်းဘဲနဲ့ သွားရွတ်လည်း မောရုံပဲ၊ မင်းဘုန်းကြီး ရိုက်ချင်ရိုက်၊ ငါတော့ မလိုက်တော့ဘူး"ဆိုပြီး ကျောင်းထဲက ဇရပ်တစ်ခုမှာ သူတစ်ပါးတည်း ပေကပ်နေခဲ့တယ်။ တို့သိသားပဲ၊ ကျန်တဲ့လူတွေပါ သူ့ဓာတ်ကူးစက်ပြီး စိတ်ပျက်လာမှာစိုးလို့ မသိဟန်ဆောင်ပြီး ဆက်လုပ်နေရတာ။

http://www.dhammadownload.com



"ဟော .... ခုတော့ ဦးပဥ္စင်းကြီးတွေကပါ ပြောလာကြတယ်။ တပည့်တော်တို့ ပရိတ်က မစွမ်းတော့ဘူးတဲ့။ ကြားလား ဗန်းမော်ဘုန်းကြီးလေး။ အင်း ကိုရင်တွေ ဦးပဥ္စင်းကြီးတွေကသာ မနေနိုင်တော့လို့ ပါးစပ်က ထုတ်ပြောရှာကြတာ။ တို့ကိုလည်း ကြောက်ရှာကြလို့။ တို့ကိုယ်တိုင်ကလည်း အဲဒီလိုပဲဖြစ်နေတယ်။ ဘယ့်နှယ်တုန်း ငါတို့ ပရိတ်မစွမ်းတော့ပါလားဆိုပြီး စိတ်တွေ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်လာတယ်။ မရွတ်ချင်တော့ဘူး။ မရွတ်ချင်လို့လည်း မနေရဘူး။ သေလိုက်ရှာကြတာလည်း မြင်မကောင်းတော့ဘူး။

"ဒီတော့ .... ဘုန်းကြီးက စဉ်းစားတယ်၊ တို့လို ဘုန်းကြီးတွေကပါ ဒီလို စိတ်ဝင်စားလာတာ မဖြစ်ကောင်းဘူး။ ဘုရားတောင် သေဝနီးပါး ရောဂါဖြစ်လို့ ဗောဇ္ဈင်တရားနဲ့ ပျောက်တယ်။ ဝေသာလီမှာ ကပ်ကြီးသုံးပါးဆိုက်တုန်းက ရတနသုတ်နဲ့ ပျောက်တယ်။ တို့ ဒီမှာ ဒီလောက်မဆိုးသေးဘူး။ ဒါနဲ့ ဦးပဥ္စင်းတွေလည်း ဒေသနာ အထူးကြားခိုင်း၊ သီလဆေး၊ မေတ္တာပွားခိုင်း။ သူတို့ အားတက်အောင်လည်း ပြောဟော။

"အဲဒီအချိန်မှာ ကံအားလျော်စွာ တို့ငယ်ငယ်က ဆရာသမားများ အမိန့်ရှိတာ ချက်ချင်း ပြေးသတိရလိုက်တယ်။ မေ့နေတာ တို့များ မေ့နေလိုက်တာ၊ သတ္တဝါတွေခံရဖို့ကံကလည်း ရှိနေလို့ပေါ့လေ၊ ဗန်းမော်ဘုန်းကြီးလေး သိပြီးသားပါ။ ဟို မြတ်စွာဘုရားကို ဒေဝဒတ်က သေကြောင်းကြံသတဲ့ ဆိုတဲ့အချိန်က ရဟန်းတွေခမျာ စိတ်မချလို့ စာတွေအော်အံပြီး ရွတ်လိုရွတ်နဲ့ ဘုရားကျောင်းတော် မနီးမဝေးမှာ အထပ်ထပ် လှည့်ပတ်စောင့်ရှောက်ကြတုန်းကလေ မြတ်စွာဘုရားက ရဟန်းတွေကို ပြောတဲ့စာလေးတစ်ပုဒ် .... "

"အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော-လားဘုရား"

"အေး .... ဟုတ်တယ်။ တို့များ မေ့နေလိုက်တာ။ ဟိုစဉ်တုန်းကတော့ မကြာမကြာ ရွတ်မိသား။ ဒါကို ဘုန်းကြီးများ ငယ်ဆရာက ပြောဖူးတယ်။ ဦးပဥ္စင်းတို့ ပရိတ်ရွတ်တဲ့အခါများ ငါ့ပရိတ် မစွမ်းပါလားလို့ ထင်တဲ့အခါ ....

"အဋ္ဌာနမေတံ ဘိက္ခဝေ အနာဝကာသော၊ ယံပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။ အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ"

"ရဟန်းတို့ မြတ်စွာဘုရားရှင်တို့မည်သည် သူတစ်ပါး လုံ့လပယောဂကြောင့် သေရရိုး ထုံးစံမရှိ။ သူတစ်ပါး လုံ့လမပါ အလိုလိုသာလျှင် ပရိနိဗ္ဗာန်ပြုတော်မူကြမြဲ" တဲ့။

http://www.dhammadownload.com



အဲဒီ ပါဠိတော်ကို ပရိတ်ရွတ်တိုင်း အထွတ်တပ်ပြီးရွတ်ကြ။ ဦးပဉ္ဇင်းတို့ ပရိတ်တစ်ခါတည်း စွမ်းလာလိမ့်မယ်တဲ့။ ဆရာဘုန်းကြီးက။

ဆရာတော်ကြီး နားနားပြီး ရှည်လျားစွာ အမိန့်ရှိတော်မူနေရသည်ကို နာကြားရ၍ ဗန်းမော်ဆရာတော်ကလေးမှာ အားနာသလိုရှိသော်လည်း စိတ်ထဲကမူ ကြားနာမှတ်သား၍ အားမရနိုင်။ ပီတိတွေ လှိုင်၍နေတော့သည်။ စာတတ်သူတိုင်း ရွတ်စရာဖတ်စရာ စာတွေအများကြီးရှိနေကြ၏။ ဤကဲ့သို့ လက်တွေ့ကျ၍ သဒ္ဓါတိုးပွားအားထားလောက်သောနည်း (ဝါ) ပွဲတွေ့ကား ရှားပါးလှသည် မဟုတ်ပါလော။

"ဆရာတော်ကြီးဘုရား .... ဘုရားတပည့်တော်တို့ ကျက်မှတ်ထားရတဲ့ စာကလေး ပိုပြီးအနက်အဓိပ္ပာယ်တွေ လေးနက်အားရှိသွားပြီ ဘုရား"ဟုပင် လျှောက်ထားမိလေ၏။ ထိုအခါ ဆရာတော်ကြီးက မမောနိုင် မပန်းနိုင်ပြုံး၍ ....

"အေး .... ပြောဦးမယ် .... အဲသလို ငယ်ဆရာ ပြောတာကိုလည်း သတိရရော၊ ချက်ချင်း ဦးပဉ္ဇင်း ကိုရင်တွေ အကုန်ခေါ်ပြီး ဘောကြီးတစ်ချပ်ထဲရေး၊ ကဲ.... ကူးကြ။ ခုချက်ချင်း ရအောင်ကျက်။ အနက်သဘောပါ တစ်ခါတည်း ပြောပေးသွားတယ်။ အဲ .... ဘောကြီးဘေးမှာ ဝိုင်းထိုင်ရေးလို့ ကျက်လို့မှ ရခါရှိသေး။ ပရိတ်ရွတ်ပင့်မယ့်လူက အသင့်ရောက်လာရော။ သူတို့ကိုလည်း တို့က အားတက်အောင်ဘာဘာညာညာ ဟောပြော ကျက်ခိုင်းထားတာဆိုတော့ သူတို့လည်း ဒီတစ်ခါ ပျော်ပျော်ပဲ ပရိတ်ရွတ်လိုက်လာကြတယ်။ ဟို .... မယုံတဲ့ ကိုရင်လူပေါကြီး တစ်ပါးပဲ ကျောင်းစောင့် ကျန်ခဲ့တယ်။

"ထူးခြားတယ် ဗန်းမော်ဘုန်းကြီးရေ၊ လူတွေကိုယ်တိုင်ကပဲ လျှောက်လာကြတယ်။ ရောဂါဖြစ်စလူတွေဆိုရင် အများကြီး လူကောင်းလိုပဲ နေသာထိုင်သာရှိသွားကြသတဲ့။ ဘုန်းကြီးများရော၊ ဦးပဉ္ဇင်း ကိုရင်တွေရော ဒကာ ဒကာမတွေရော အားတက်လာကြတယ်။ ခက်တာက အဲဒီတော့လည်း ကျောင်းကိုတောင် မပြန်ရဘူး၊ ရွတ်လိုက်ရတဲ့ပရိတ်။ လူတွေတော့ သိသိသာသာကြီး အသေအပျောက်နည်းနည်းလာတယ်။ ထူးထူးခြားခြား ချမ်းသာရာရကြတယ်"

"ဝမ်းတော့ ဝမ်းသာစရာပဲ .... ဒီလို ကပ်ဘေးကြီးတွေကို ကယ်နိုင်တာ ဘုရားဆေးက လွဲလို့ မလွယ်ဘူး .... နောက် ပရိတ်ရွတ်ရတာက အသံကုန်မတတ် အဆမတန် များလာပြန်တော့ တစ်မျိုးဉာဏ်ထုတ်ရပြန်တယ်။ မတတ်နိုင်တော့ဘူး"

"ဦးပဉ္ဇင်းတွေကို သိမ်ထဲအကုန်ခေါ်။ ဒေသနာကြားခိုင်း၊ ဗလာစာအုပ်တွေ အဲဒီပါဠိ ရေးလို့ရရုံ အပိုင်းပိုင်းဖြတ်၊ ဦးပဉ္ဇင်းတွေ လက်ရေးနဲ့ အပူတပြင်း အရေးခိုင်း၊

http://www.dhammadownload.com



ခိုင်းပြီးတော့ လက်ဖွဲ့လို အလိပ်အလိပ်ကလေးတွေလုပ်။ သပိတ်တစ်လုံးထဲထည့်။ ပြီး တစ်ခါ သပိတ်ကို လက်နဲ့ကိုင်ပြီး "အဌာနမေတံဘိက္ခဝေ"အထပ်ထပ် ပြန်ရွတ်၊ မြတ်စွာဘုရားရှင်ရဲ့ မေတ္တာတော် ကရုဏာတော် ဘုန်းတန်ခိုးတေဇော် အာနုဘော်တွေ ဒီစက္ကူလိပ်ကလေးတွေထဲမှာ ကိန်းဝပ်တည်နေအောင် အာရုံပြုကြ၊ ဘုန်းကြီး စိတ်ကူး ရသမျှလုပ်ရ၊ ပြောရတာပလေ"

"အဲ .... လုပ်နေတုန်းပဲ ပရိတ်ရွတ်ပင့်က လာပြန်ရော၊ ဒီတော့ တို့က အေး တို့မြတ်စွာဘုရားရှင်ရဲ့ အင်မတန် တန်ခိုးထက်တဲ့နည်းတွေ ရထားပြီ။ မင်းတို့ ဘာမှ စိုးရိမ်မနေကြတော့နှင့်၊ ဘုရားတရားလည်း အာရုံပြုကြ၊ ဘာညာအားပေးတိုက်တွန်းပြီး မင်းတို့အိမ် လူဘယ်နှစ်ယောက်လဲ၊ ငါးယောက်၊ ငါးယောက်ဆို ရော့ ငါးလိပ်ယူ သွား။ ခေါင်းမှာ၊ လည်ပင်းမှာ၊ လက်မှာ ပြုတ်မကျအောင် ရိရိသေသေ ချည်ထား၊ ပေးလိုက်တယ်"

"ဗန်းမော်ဘုန်းကြီးရေ .... ထူးထူးခြားခြားကို ကောင်းလာကြတယ်။ အဲဒီ အချိန်ကစပြီး ရွာထဲကို တို့က ရေထွက်အောင် စောစောကလို သွားရမယ့်အစား ဒီတချို့ကျတော့ ကျောင်းထဲကို လူမပြတ်တော့ဘူး။ စာရွက်လိပ်တွေ ကုန်သွားလိုက်၊ သိမ်ထဲသွားလုပ်လိုက်။ အတော့်ကို အောင်မြင်တဲ့နည်း ကိုယ်တော်ရေ .... "

"ဒါထက် .... ပြောရဦးမယ်၊ တို့များမှာ သိမ်ထဲဝင်ပြီး အလုပ်များနေတုန်း၊ ဇရပ်ပေါ်မှာ ပရိတ်ရွတ်ချောင်ခိုနေခဲ့တဲ့ ကိုရင်ကြီး ဘယ်လိုဖြစ်မှန်းမသိဘူး၊ ဘုန်းကြီး ကြွပြီး ကြည့်ပါဦးဆိုလို့ ဇရပ်ဆီသွားရပြန်တယ်။ လက်စသတ်တော့ ကိုရင်ကြီး ပလိပ်ရောဂါဖြစ်နေတာကိုး။ ချိုင်းတွေ ဘာတွေမှာ အလုံးအကြိတ်တွေ ခုလာတယ်၊ လူကလည်း မျက်စိမျက်နှာ အပြောအဆိုကအစ တယ်နေရာမကျဘူး၊ မှုမမှန်ဘူး"

"ဒါနဲ့ .... ကဲ .... ကိုရင်တစ်ပါး သိမ်ထဲသွား၊ ဘုရားပေးတဲ့ ဆေးစာလိပ်သွား ယူချေ။ ချက်ချင်း ကိုရင်ကြီးလည်ပင်းမှာ ကြိုးနဲ့ချည်ပေးလိုက်တယ်။ တကတည်း အဲဒီကိုရင်ကြီးက ဘာမပြောညာမပြော ဝုန်းဝုန်းဒိုင်းဒိုင်း ကြမ်းကိုခြေနှင့်ဆောင့်၊ လက်ခုပ်လက်ဝါးတီးပြီး တကတည်း ....

"ဟား .... ဟား .... ဟား .... ဘီလူးကြီးနဲ့ တို့ဘုန်းကြီးနဲ့ နပမ်းချကြတာ တို့ဘုန်းကြီးက နိုင်သဟေ့။ အကောင်ကြီး ပြေးပြီကွ။ ဟား ဟား" လုပ်ပါလေရော ကိုရင်ကလေးတွေမှာ ရယ်ရမလို ကြောက်ရမလို။

"နောက်တော့ သူ ငြိမ်ကျသွားတယ်။ ကိုယ်ရေ အေး ပြီးမကြာဘူး လုံးလုံး နေကောင်းသွားတာပဲ ဒီလိုကပ်ဘေးကြီးတွေဆိုတာ ရိုးရိုးသားသား ဖြစ်တာမျိုး

http://www.dhammadownload.com



မဟုတ်တတ်ဘူး၊ ဝေသာလီမှာ လူတွေကို ဘီလူးသဘက်တွေက သတ်စားတယ် ဆိုတာ ဒါမျိုးပဲ။ အဲဒီလိုအခါမျိုးမှာ လူတွေကို သီလအစောင့်ခိုင်း၊ ဝတ်တက် ဝတ်ကပ် မေတ္တာပို့ အမျှဝေ စသည်ခိုင်း။ ဘုန်းကြီးများကလည်း ဝတ်ကျေ တန်းကျေ မလုပ်ရ ဘူး။ အဲ .... ကြာလည်းကြာသွားပြီ၊ ဘုန်းကြီးကိုယ်တွေ့ သာသနာပြု နည်းကောင်းတစ်ခုပါပဲ"

"အလွန်ဝမ်းမြောက် အားရလှပါသည်ဘုရား။ ဘုရားတပည့်တော်များလည်း ဆရာတော့်သီလ မေတ္တာနည်းများ ပြန့်ပွားအောင်လည်း စပ်ရာကြုံရာ တစ်ဆင့် ဟောပြောပါမယ်။ ကိုယ်တိုင်လည်း ခါတိုင်းထက်တိုးပြီး ရွတ်ဆိုပါ့မယ်ဘုရား။ ဆရာတော်ဘုရား ကျန်းကျန်းမာမာနဲ့ သက်တော်ရာကျော် ရှည်တော်မူပါစေ အမြဲ မေတ္တာပို့ပါသည်ဘုရား"

"အေး .... သာဓု .... သာဓု"

"ဆရာတော်ဘုရားဇာတိ စစ်ကိုင်းလင်းယဉ် ရွှေချက်သိုမှာ စိုက်ထူထားတဲ့ မေတ္တာကျောက်တိုင်ကြီးမှာလည်း ဒီပါဠိကို ဘုရားတပည့်များ တွေ့ရပြီးပါဘုရား။ ကိုယ်ရပြီးသဲ့အစာဆိုတော့ ကျောက်စာမှာ တမင်ရေးထိုးပေးထားပေမယ့် ခုလို ကောင်းမှန်း မသိကြတော့ သိပ်အရေးမကြီးဘူး၊ မထူးပါဘူး ထင်ကြမှာ ဘုရား။ ခုတော့ သိပ်ကိုဝမ်းသာအားရစရာ ကောင်းပါတယ် ဘုရား။ ဘုရားတပည့်တော်များ အပြစ်ကြီးငယ်များ ခွင့်လွှတ်သည်းခံတော်မူပါ အရှင်ဘုရား။"

"အေး .... ကောင်းပြီ။ သာဓု .... သာဓု"

(မန္တလေးတောင်ပြင် ဗန်းမော်ဆရာတော်ဘုရား ပြန်လည်အမိန့်ရှိသည့် အတိုင်း ဆရာတော် အရှင်မြတ်တို့အား အထူးကျေးဇူးတင် ဦးညွှတ်ကာ ဝမ်းမြောက် စွာဖြင့် ရဟန်းရှင်လူများအတွက် ဖော်ပြလိုက်ပါသည်။ တိုင်းပြည်တာဝန်ထမ်းဆောင် လျက်ရှိနေကြသော ရဲဘော်များ အထူးသဖြင့် ကြိုးစားရွတ်ဖတ်ကြပါကုန်။)

http://www.dhammadownload.com



# ကိုယ်တွေ့မိုးကြိုးလွှဲဂါထာ

ကျွန်တော်သည် ၁၃–၄–၈၄ နေ့က သာကေတမြို့ မြင်တော်သာလမ်းထိပ်ရှိ ရန်ကုန်ဘုန်းကြီးကျောင်းခေါ် ရခိုင်ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် နဝင်္ဂကိုးပါး သီလဥပုသ်ကို ဆောက်တည်နေရင်း စာအုပ်အဟောင်းတစ်အုပ်ကို ဖွင့်၍ဖတ်ကြည့်မိပါသည်။

ထိုစာအုပ်၏ စာမျက်နှာတစ်နေရာတွင် ရန်ကုန်မြို့၌ အစိုးရတာဝန်ကို ထမ်းရွက်နေသော အရာရှိကလေးတစ်ဦး၏ မိခင်နှင့်သားဖြစ်သူတို့ တစ်ဦးနှင့်တစ်ဦး ရက်အနည်းငယ်ခြားကာ ကြေကွဲဖွယ်ဝမ်းနည်း၍ မဆုံးနိုင်စရာ အကာလမရဏာခေါ် သေသင့်သော အချိန်မတိုင်ဘဲ သေခြင်းဆိုးနှင့် ဆုံးရှုံးပျက်စီးကြရသည့် တကယ့်အဖြစ်အပျက် တစ်ခုကို ဖတ်ရှုမိပါသည်။

ဘေးဆိုးကပ်ဆိုး အန္တရာယ်ဆိုး အမျိုးမျိုးတို့ ထူပြောလှသော ဤကမ္ဘာမြေပေါ်၌ အမှုမဲ့အမှတ်မဲ့ နေမိနေရာ နေကြသောသူတို့မှာ အသေဆိုးနှင့် အန္တရာယ်ဆိုးနှင့် ကြုံဖို့ရန် လမ်းအပွင့်ကြီး ပွင့်လျက်ရှိနေပါသည်။

စာရေးသူတို့မြို့တွင် ဘိုးဘိုးမာဆိုသူ အဘိုးကြီးတစ်ဦး ရှိခဲ့ဖူးပါသည်။ ဘိုးဘိုးမာသည် လူတိုင်းလူတိုင်း သေခြင်းဆိုး(အကာလမရဏာ)နှင့် မသေကြမပျက်စီး ဒုက္ခ မရောက်ကြရလေအောင်ဆိုပြီး အခွင့်အခါသင့်တိုင်း အမြဲသတိပေး နှိုးဆော်လေ့ရှိပုံမှာ ....

“ငါ့မြေး .... ငါ့သား .... ငါ့သမီးတို့ ဘယ်ကိုပဲသွားသွား၊ ဘယ်ကိုပဲလာလာ၊ ဘယ်နေရာပဲနေနေ၊ အမှုမဲ့အမှတ်မဲ့ နေမိတတ်တယ်၊ မနေမိကြစေနဲ့”

“ဒီအန္တရာယ်ကင်း ဘေးမျိုးလုံ ရန်မျိုးလုံ လာဘ်ရွှင်ဂါထာတော် (၉)ပုဒ်ကို မင်းတို့ ယုံယုံကြည်ကြည်နဲ့ အမြဲမပြတ် ရွတ်ဖတ်ပူဇော်လို့နေကြပါ။ ဘယ်ခရီးကိုပဲ သွားသွား၊ ဘယ်အရပ်မှာပဲနေနေ၊ ဘာအန္တရာယ်မှ မင်းတို့ကို ဒုက္ခမပေးနိုင်တော့ဘူး။ ရောက်တဲ့ပေါက်တဲ့နေရာတွေမှာ လူချစ်လူခင်ပေါမယ်။ လာဘ်လာဘရွှင်မယ်။ သူတစ်ပါးက အကြိမ်ကြိမ်အလီလီ ကိုယ့်ကိုမကောင်းကြံလို့လည်း မအောင်မြင်နိုင်ဘူး။ မကောင်းကြံတဲ့လူတွေပဲ ဘေးအန္တရာယ် ရောက်သွားမယ်၊ မင်းတို့ကို သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက အမြဲပဲစောင့်ရှောက်ကူညီနေကြမယ်”

ထို့ကြောင့် စာရေးသူသည် ဘိုးဘိုးမာ၏ စည်းချဂါထာတော်ကြီးကို မရွတ်ဖတ်၊ မပူဇော်မိသောနေ့ဟူ၍ တစ်နေ့မျှမရှိခဲ့ဘူးပါ။ တစ်ခါတစ်ရံ မော်တော်ကားနှင့် ခရီးရှည်သွားရသောနေ့များမှာ အခေါက်ပေါင်း ရာနှင့်ချီ၍ပင် ရွတ်ဆိုပူဇော်မိခဲ့ပါသည်။

http://www.dhammadownload.com



ဤစည်းချက်ါထာတော်ကြီး၏ တန်ခိုးရှိန်တေဇော် အာနုဘော်တော်ကြောင့် ဘေးဆိုးအန္တရာယ်ဆိုးကြီးများက လွတ်မြောက်ခဲ့သော အကြိမ်ပေါင်း များစွာရှိခဲ့သည့် အနက်မှ စာရေးသူ၏ အထူးခြားဆုံးသော ဖြစ်ရပ်တစ်ခုကို ဖော်ပြပါမည်။

၁၃၄၀-ပြည့်နှစ် နယုန်လဆုတ် (၁၂)ရက်နေ့ နေ့လယ် (၃)နာရီကျော် အချိန်က ပေါင်းလောင်းဒေသ ရွာမရွာ ဦးဖိုး၊ ဒေါ်ရွှေယဉ်တို့အိမ်တွင် မိုးကြိုးပစ်၍ လူလေးဦး ပွဲချင်းပြီး သေဆုံးခဲ့လေသည်။

မိုးကြိုးထိမှန်၍ သေဆုံးကြသူ လေးဦးအနက် မည်းလုံးဆိုသော မိန်းကလေးမှာ ဦးထွန်းအောင်၊ ဒေါ်မယ်ယဉ်တို့၏ သမီးငယ်ဖြစ်၍ ကျန်ကလေးသုံးဦးမှာ ဦးမောင်မောင်၊ ဒေါ်မယ်ရီတို့၏ ရင်သွေးကလေးများ ဖြစ်ကြပါသည်။

အမှန်မှာ ဤကလေး လေးဦးနှင့်အတူ စာရေးသူပါ မိုးကြိုးစက်ကွင်းမိပြီး သေစာရင်းထဲမှာ ပါသွားသင့်ပါလျက်နှင့် မိနစ်နှစ်ဆယ်ခန့်အကွာ နန့်ဖာချောင်းသို့ ရေချိုးရန် ထအသွား တော့လွဲကလေး လွဲသွားခဲ့ရခြင်း ဖြစ်ပါသည်။

စာရေးသူ မိုးကြိုးစက်ကွင်းက လွဲခဲ့ရပုံကလေးကို .... ရှင်းလင်းတင်ပြရပါသော် ....

နေ့လယ် (၃)နာရီထိုးခါနီးအချိန်မှာ အမေဒေါ်ရွှေယဉ်သည် သူ့မြေးကလေး မောင်မျိုးမျိုး ပန်းနာရင်ကျပ်ပေါ်နေ၍ စာရေးသူထံမှာ အက်စမာကွန်ဆေးပြား လာ၍ တောင်းပါသည်။ ကလေးအတွက် ဆေးပြားများပေးလိုက်ရုံနှင့် မကျေနပ်သေးဘဲ ....

"အမေရေ .... ကျွန်တော်ပါ အမေတို့အိမ်ကို လိုက်ခဲ့ဦးမယ်။ မျိုးမျိုးလေး ရင်ကျပ်နေတာကိုလည်း ကျွန်တော်ကြည့်ရင်း အပြန်မှာ နန့်ဖာချောင်းထဲမှာ ရေဆင်းချိုးဦးမယ်"ဟု ပြောပြောဆိုဆိုနှင့် အမေ ဒေါ်ရွှေယဉ်တို့အိမ်ကို စာရေးသူကိုယ်တိုင် လိုက်ပါသွား၍ နားကျပ်ဖြင့် ပန်းနာဝေဒနာရှင် မျိုးမျိုးကလေးကို စမ်းသပ်စစ်ဆေးပြီး ကျွန်တော်ကိုယ်တိုင် ဆေးတိုက်ပေးခဲ့ပါသည်။ ထို့နောက် ကျွန်တော်က နောက်သလိုလို ပြောင်သလိုလိုနှင့် ....

"အမေတို့ အိမ်သားတွေ သတိထားနေကြနော်၊ အလျင်တစ်နှစ်က နန့်ဖာချောင်း တစ်ဘက်ကမ်းက ယမနေပင်ကြီး အစိမ်းလတ်လတ်ကို ဒီလိုမိုးဦးကျအချိန် မိုးကြိုးပစ်ထည့်လိုက်တာဟာ တစ်ပင်လုံးသေသွားတယ်ဆို မဟုတ်လား၊ ပြီးတော့ မနှစ်က တစ်ခါ အမေတို့ အိမ်နောက်ဖေးက အိမ်သာကို ဒီလိုမိုးဦးကျမှာပဲ မိုးကြိုးထပ် ပစ်သေးတယ် မဟုတ်လား။ ဒီနှစ်တော့ အမေ့အိမ်ကိုပဲ အလှည့်ကျမလား၊ သားတို့ရဲ့ ဆေးခန်းကိုပဲ ပစ်မလား မပြောနိုင်ဘူး။ သားတို့ဆေးခန်းက သွပ်မိုးအဆောက်အအုံ ဆိုတော့ မိုးကြိုးပစ်ချဖို့နဲ့ ပိုပြီးနီးစပ်တယ် အမေရဲ့၊ ဒါပေမဲ့ သားကတော့ ကြိုတင်ပြီး မိုးကြိုးလွှဲ

http://www.dhammadownload.com



တပ်ထားတယ်။

"နောက်ပြီး စည်းချဂါထာတို့ သမ္ဗုဒ္ဓေဂါထာတို့ကိုလည်း လွှတ်မထားဘူး။ သားက သတိရှိရှိနဲ့ အမြဲရွတ်နေသေးတာပဲ၊ ဒီဂါထာကြီးတွေက မိုးကြိုးလောင်း မီးဘေးနဲ့ ဘေးအမျိုးမျိုးကို ရှောင်နိုင်လွတ်နိုင်တယ် အမေရဲ့။ အဘဘိုးကော ဒီ'သမ္ဗုဒ္ဓက္ကဒ္ဒိပတ္တာ' ဂါထာကြီးကို မယုံဘူးလား"ဟု ပြောလျှင် အဘဘိုးက ....

"ဆရာကြီး၊ ကျုပ်က ဒီဂါထာကို ငယ်ငယ်ကပဲ ဘုရားဝတ်တက်တိုင်း အမြဲ ရွတ်လာခဲ့တယ်။ ဘယ်က မယုံဘဲနေမလဲ သိပ်ယုံတာပေါ့"ဟု ထောက်ခံပြောဆိုပါ သည်။

အမေ ဒေါ်ရွှေယဉ် အဘဘိုးတို့နှင့် စကားပြောနေရင်းက ....

"အမေရေ .... နန့်ဖာထဲ ရေချိုးပြီးရင် ဆေးခန်းမှာ ဆက်ထိုင်ရဦးမယ်။ သွားဦးမယ် အမေ၊ အဘဘိုးသွားဦးမယ်"ဆိုပြီး နန့်ဖာချောင်းထဲတွင် ရေဆင်းချိုးရန် အမေဒေါ်ရွှေယဉ်အိမ်မှ စာရေးသူ ထွက်လာခဲ့ပါသည်။

နန့်ဖာချောင်းထဲတွင် ရေချိုးနေစဉ် အရှေ့မြောက်ထောင့်မှ အကြီးအကျယ် မည်းမှောင်နေပြီး မိုးက တအားခြိမ်းပြီး မိုးကြိုးသုံးလေးချက်ဆက်ကာ ဆက်ကာ ကျောက်ရှို့ထိတ်လန့်ဖွယ် မြေကြီး တုန်ဟည်းအောင် ပစ်နေပါလေပြီ။

ရေချိုးနေဆဲတွင် 'သမ္ဗုဒ္ဓါ က္ကဒ္ဒိပတ္တာ'အစချီသော စည်းချဂါထာတော်ကြီးကို အခြားဂါထာတော်ကြီးများထက် အားထားပြီး အကယ်၍ မိုးကြိုးပစ်ခဲ့သော် မိမိ၏ အသက်ဘေး လုံခြုံရေးအတွက် အထူးယုံကြည်အားထားစွာ ရွတ်ဆိုပူဇော်နေမိပါသည်။

ကျွန်တော် ရေချိုးပြီး ပြန်အလာတွင် အမေ ဒေါ်ရွှေယဉ် အဘဘိုးတို့ အိမ်ဦး တည့်တည့်ကို မိုးကြိုးအပြင်းအထန် ပစ်ခွင်းခံထားရကြောင်း တွေ့ရှိမြင်သိလိုက်ရပါ တော့သည်။

အဘဘိုး၊ အမေယဉ်တို့အိမ်ကို ကျွန်တော်အလည်အပတ်လာတိုင်း ထိုင်နေ ကျနေရာမှာ အံ့ဩဖွယ် မြင်မကောင်း ရှုမကောင်းအောင် မိုးကြိုးပစ်ထားသည်ကို ကြက်သီးမွေးညင်းများ ထစဖွယ် မြင်နေရပါသည်။ မိုးကြိုးစက်ကွင်းထဲတွင် စောစောက ကျွန်တော်တင်ပြခဲ့သည့် မမည်းလုံး (အဘဘိုး အမေယဉ်တို့၏မြေးကလေး)နှင့် ကိုမောင်မောင် မမယ်ရီတို့၏ရင်သွေးငယ်သုံးဦးပါ အတုံးအရုံး လဲနေကြသည်ကို တစ်သက်တာတွင် မေ့ပျောက်၍ မရနိုင်စရာ မြင်တွေ့လိုက်ရပါသည်။ အမေယဉ်နှင့် အဘဘိုးတို့မှာ စက်ကွင်းမှ လွတ်သွားကြပါသည်။

http://www.dhammadownload.com



မိုးကြိုးစက်ကွင်း မိကြသူအနက် မောင်မြင့်ဆိုသော ကလေးတစ်ဦး၏ အသက်ကို ကုသကယ်ဆယ်၍ ရလိုက်ပါသည်။ မည်းလုံးနှင့် အခြားကလေး သုံးဦးကို ကျွန်တော်၏တပည့် ကျန်းမာရေးဆရာမ မညွန့်ရီ၊ တပည့်ကျောက်ထိုးဆရာကလေး မောင်စောမောင် (ယခု ကြီးကြပ်–ခကျိုင်းတုံ) တပည့်မောင်မြမောင်တို့ အကူအညီဖြင့် နည်းမျိုးစုံသုံးကာ ကုသသော်လည်း အသက်ပြန်မရှူလာကြတော့ပါ။

"ဩော် .... ကလေး လေးဦး ကံဆိုးကြလေခြင်း၊ ဒီမောင်နှမ လေးဦးစလုံး ဒီနေ့မနက် ငါ့ဆေးခန်းကို လာပြီး နို့မှုန့်တောင်းစားသွားကြသေးတယ်။ ယခုတော့ အသက်ဇီဝိန် မဲ့ကုန်ကြပါပကော။ မြင်မြင်သမျှ အနိစ္စပါတကား"ဟူ၍ တွေးရင်းရင်ထုမနာဖြစ်ကာ မျက်ရည်တွေတွေ ကျမိခဲ့ပါသည်။

နန့်ဖာရွာမမှာ ဖြစ်ပျက်ခဲ့ရသည့်တစ်သက်မှာ တစ်ခါသာ ကြုံဖူးခဲ့ရသော ယင်းအဖြစ်ဆိုးကြီးသတင်းသည် ထိုအချိန်က ထုတ်ဝေသော နေ့စဉ်သတင်းစာများတွင် ပါခဲ့ပါသည်။

စည်းချက်ထာတော်ကြီးကို ရွတ်ဖတ်ပူဇော်သူမှန်သမျှ ဘေးရန်အသွယ်သွယ် ဝေးကွာရှောင်ဖယ်လျက် ချမ်းသာသုခအပေါင်းတို့နှင့် ပြည့်ဝတော်မူနိုင်ကြပါစေ ကြောင်း ဆန္ဒမွန်ပြုလျက် .... ။

(၁၉၈၄–ခု၊ ဩဂုတ်လထုတ်၊ သင့်ဘဝမဂ္ဂဇင်းမှ 'ရမ်းဗြဲ–ရွှေမောင်း'၏စာမူကို ကူးယူဖော်ပြပါသည်။)

http://www.dhammadownload.com



## အန္တရာယ်ကင်း စည်းချဂါထာတော်

(၁) သဗ္ဗေဗုဒ္ဓါ ဣန္ဒိပတ္တာ၊ ပစ္စေကာနဉ္စ ယာဣန္ဒိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိ သဗ္ဗသော။

(၂) သဗ္ဗေဗုဒ္ဓါ ခေမပတ္တာ၊ ပစ္စေကာနဉ္စ ယံခေမံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိ သဗ္ဗသော။

(၃) သဗ္ဗေဗုဒ္ဓါ ဗိနပတ္တာ၊ ပစ္စေကာနဉ္စ ယောဗိနော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိ သဗ္ဗသော။

(၄) သဗ္ဗေဗုဒ္ဓါ လာဘာပတ္တာ၊ ပစ္စေကာနဉ္စ ယောလာဘော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိ သဗ္ဗသော။

(၅) သဗ္ဗေဗုဒ္ဓါ တေဇပတ္တာ၊ ပစ္စေကာနဉ္စ ယောတေဇော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိ သဗ္ဗသော။

(၆) သဗ္ဗေဗုဒ္ဓါ ဗလပတ္တာ၊ ပစ္စေကာနဉ္စ ယံဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိ သဗ္ဗသော။

(၇) သဗ္ဗေဗုဒ္ဓါ ယသပတ္တာ၊ ပစ္စေကာနဉ္စ ယော ယသော။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိ သဗ္ဗသော။

(၈) သဗ္ဗေဗုဒ္ဓါ သိရီပတ္တာ၊ ပစ္စေကာနဉ္စ ယာ သိရီ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိ သဗ္ဗသော။

(၉) သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊ ပစ္စေကာနဉ္စ ယာဣဒ္ဓိ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိ သဗ္ဗသော။

(ပထမ ဂါထာအတိုင်း ပထမဆုံးအရပ်မျက်နှာ၌ ပြန်၍ နိဂုံးအုပ်ခြင်းဖြစ်သည်။ "ယံ ဣဒ္ဓိ၊ ယံ ဗိနံ၊ ယံသိရိံ" စသည်ဖြင့်လည်း ရွတ်ဆိုကြရာ ပါဠိသဒ္ဒါစည်းနှင့်မညီ။ စာတည်းသူ)



# ပဋ္ဌာန်းကျေးဇူး

( ၁ )

ထီးချိုင့်မြို့နယ် တည်တောကျေးရွာ အဘိုးချမ်းသည် ဆုတောင်းဖက်အဘွားလှတင်နှင့် သားသမီးခုနစ်ဦး ပိုင်ဆိုင်သူဖြစ်သည်။ သားသမီးခုနစ်ဦးအနက် သားကြီး မောင်ပြား၊ သားလတ် မောင်ဘစော၊ သားငယ် မောင်ပြည်ကျော်တို့သည် အသီးသီး အိမ်ထောင်ကျ၍ တရွာတကျေးသို့ ရောက်နေကြလေပြီ။

---

ပထမအကြိမ်

http://www.dhammadownload.com



သမီးကြီး မသန်း၊ သမီးလတ် မရွှေ၊ သမီးငယ် မအုန်းရီတို့သည်လည်း အသီးသီး အိမ်ထောင်ကျ၍ 'သျှောင်နောက်ဆံထုံးပါမြဲထုံး' ဖြင့် ချစ်သူတို့၏နောက်သို့ တကောက်ကောက်လိုက်ပါသွားကြချေပြီ။

ဤသို့ဖြင့် အိမ်ကြီး၌ အဘိုးချမ်း၊ အဘွားလှတင်နှင့် သမီးလတ်မအုန်းကြည်တို့သာ ဆိတ်ငြိမ်စွာ ကျန်ရစ်ခဲ့ကြသည်။

ဘုရားပြာသာဒ်တို့၌ ဆည်းလည်းသံ မကြားလျှင် တိတ်ဆိတ်ငြိမ်သက်၍ ငြီးငွေ့ပျင်းရိဖွယ် ကောင်းသည်။ အိမ်၌ ဆည်းလည်းများဖြစ်ကြသော သားငယ်မြေးငယ်များ မရှိပါက တိတ်ဆိတ်ခြောက်သွေ့၍ ပျင်းရိစရာကောင်းလှသည်။

အဘိုးချမ်းတို့အိမ်၌လည်း ဆည်းလည်းများမရှိသဖြင့် ပျင်းရိငြီးငွေ့စရာ ကောင်းလှ၏။ သို့သော် ထိုပျင်းရိငြီးငွေ့စရာကို ချေမှုန်းမည့် အိမ်ဆည်းလည်းများသည် မကြာမီ ဆိုက်ရောက်လာကြသည်။

( ၂ )

သမီးလတ် မရွှေသည် ကသာအနောက်သစ်တော တောခေါင်း ကိုတင်ထွန်းနှင့် အကြောင်းပါသဖြင့် လင်ဖြစ်သူသွားရာ ကသာအနောက် သစ်တောနယ်မြေတစ်လျှောက် သျှောင်နောက်ဆံထုံးပါ လိုက်နေရာမှ သားသမီးများ စာသင်ချိန်သို့ရောက်လာသဖြင့် အတည်တကျ စာသင်နိုင်ကြစေရန် ထီးချိုင့်မြို့အနီး တည်တောရွာ မိဘနေအိမ်သို့ ပြန်ရောက်လာ၏။ သမီးမရွှေနှင့်အတူ ပါလာကြသည်ကား ....

| | |
|---|---|
| သမီးကြီး မချို | ၁၂–နှစ် |
| သမီးငယ် မနု | ၁၀–နှစ် |
| သားကြီး ဖိုးကျော် | ၈–နှစ် |
| သားငယ် ထွန်းထွန်းဝင်း | ၄–နှစ် |

တို့ဖြစ်ကြသည်။ မရွှေတို့မိသားစု ဆိုက်ရောက်လာခြင်းဖြင့် ယခင်ငြိမ်သက်တိတ်ဆိတ်နေသော အဘိုးချမ်းတို့၏အိမ်သည် လေမပြတ် တိုက်ခတ်သဖြင့် ညီးညီးညံအောင် မြည်နေကြသော ဆည်းလည်းများကြောင့် ဘုရားရင်ပြင်တော်တစ်ခုလုံး ဆူညံသံများ ဖုံးလွှမ်းနေသကဲ့သို့ မျောက်ရှုံးအောင် ဆော့ကြသော မြေးတစ်စုကြောင့် တစ်အိမ်လုံး ဒုန်းဒုန်းဒိုင်းဒိုင်း အသံမစဲအောင် တညံညံ်ညံ၍ နေလေတော့သည်။

ထိုရောအခါ အဘိုးချမ်းက "မင်းတို့ရောက်လာတာ တောမျောက်တွေ ရောက်လာတာထက် ဆိုးသကွာ။ ကောင်းကောင်းမအိပ်ရ၊ ကောင်းကောင်းမစားရ၊

http://www.dhammadownload.com



တယ်ပြီးဒုက္ခပေးတဲ့ အကောင်တွေကိုး”ဟု ပါးစပ်မှ တဖျစ်တောက်တောက်ပြောဆိုရင်း စိတ်အတွင်းမှာမူကား သဘောကျလျက် မြေးတစ်စုဆော့သည်ကို ကြည့်ရင်း တဟဲဟဲ အချိန်ကုန်ခဲ့လေသည်။

( ၃ )

“အဟွတ် .... အဟွတ် .... အဟွတ် .... ဟီး .... ဟီး .... ဟီး”အချိန်ကား ညဉ့်သန်းခေါင်ကျော်ခန့်ရှိချေပြီ၊ ချောင်းဆိုးသံ ငိုသံများကြားသဖြင့် အဘိုးချမ်းအိပ်ရာမှ လန့်နိုးခဲ့သည်။

“အလို .... ငါ့မြေးထွန်းထွန်းဝင်း ချောင်းဆိုးပြီး ငိုနေပါကလား၊ ဖျားများ ဖျားရော့သလား၊ သူ့အမေ မိရွှေကလည်း အိပ်ပဲအိပ်နိုင်လွန်းတယ်။ ကလေးငိုနေတာ တောင် မနိုးဘူး။ အင်း အင်း နှိုးဦးမှ နှိုးဦးမှ”

“ဟဲ့ .... မိရွှေ .... မိရွှေ .... မနိုးဘူးလား”

“နိုးပါတယ် အဖေကြီး”

“ထွန်းထွန်း ဘာဖြစ်တာလဲ၊ ဖျားသလားဟင်”

“မဖျားပါဘူး ဖေဖေ၊ ချောင်းဆိုးတာပါ”

“ဟောသည်မှာ ဇပျံကြီးလျက်ဆား၊ လာစမ်း ကွမ်းရွက်ရည်ကလေးနဲ့တိုက် လိုက် .... ”

ဇပျံကြီးလျက်ဆား စွမ်းရည်ကြောင့် ထွန်းထွန်းဝင်း ချောင်းဆိုးရပ်ပြီး ပြန် အိပ်သွားသဖြင့် တစ်အိမ်လုံး ငြိမ်ကျအောင် ပြန်အိပ်ကြရသည်။ သို့ရာတွင် နံနက်လင်း ခါနီးတွင် တစ်ကြိမ်ပြန်ဆိုးသောအခါ၌မူကား ဇပျံကြီးသည် မတတ်နိုင်တော့ချေ။ တတ်သမျှမှတ်သမျှဖြင့် မိုးလင်းသည့်တိုင်အောင် ချောင်းဆိုးပျောက်ဆေး အမျိုးမျိုး တိုက်ကြ၊ လိမ်းကြသော်လည်း ထွန်းထွန်းဝင်းကား ချောင်းဆိုးမရပ်ချေ။

ချောင်းဆိုးလွန်း၍ ခံတွင်းမှ အစိုအရွဲများနှင့် တအားငိုထားသောကြောင့် မျက်လုံးမှထွက်သော မျက်ရည်များဖြင့် ကလေး၏မျက်နှာတစ်ခုလုံး အိုင်ထွန်း၍ နေလေတော့သည်။ ထို့ကြောင့် မိုးလင်းလျှင်လင်းချင်း ကလေးငယ်ကိုချီပိုး၍ ထီးချိုင့် ဆေးရုံသို့ပြေးကြရသည်။

ထီးချိုင့်ဆေးရုံ၌ ဆေးသောက်၊ ဆေးထိုး၊ ဆေးလိမ်းခြင်းဖြင့် အတော်အသင့် သက်သာကာ ဆေးရုံမှ ပြန်ယူခဲ့သည်။ အိမ်သို့ရောက်လျှင် ပျောက်လက်စဖြင့် မကြာမီ

http://www.dhammadownload.com



ရောဂါပျောက်သွားမည်ဟု ထင်ကြသည်။ ထင်သည့်အတိုင်း ချောင်းဆိုးရောဂါမှုကား ပျောက်သွားပါ၏။

"ချောင်းဆိုးရောဂါ၏နေရာတွင် ရေငတ်–ကျင်ပြော်ခေါ် (ရေသောက် သေးပေါက်) ရောဂါဆန်းတစ်မျိုး ဝင်လာချေ၏။ ထိုရောဂါကား အခြားစားဖွယ်တို့ကို စားချင်စိတ်မရှိ၊ ရေငတ်လိုက်၊ သေးပေါက်လိုက်ဖြင့် တစ်နာရီအတွင်း ဆယ်ကြိမ်ခန့် သေးပေါက်၏။ ဤသို့ ရေသောက် သေးပေါက်ရောဂါကြောင့် ဝဝတုတ်တုတ်ချစ်စရာ ကောင်းသော ကလေးသည် အရိုးပေါ်အရေတင် မြင်သူတွေ စိတ်မချမ်းသာဖွယ် ဖြစ်လာသည်။

( ၄ )

အဘိုးချမ်းသည် မြေးငယ်ကိုကြည့်ရင်း စိတ်မချမ်းမသာဖြစ်နေ၏။ အဘိုးချမ်း၌ သား၏သမီးများ၊ သမီး၏သားသမီးများ အလွန်များပါ၏။ အားလုံး မြေး (၃၀)ခန့် ရှိ၏။ ထိုမြေးအားလုံးကို အဘိုးချမ်း အညီအမျှချစ်ပါ၏။ အညီအမျှ ပေးကမ်းပါ၏။ ဘယ်မြေးကို ချစ်၍ ဘယ်မြေးကို မချစ်ဟု အဘိုးချမ်း၏ စိတ်၌ မရှိပါ။

သို့ရာတွင် အချစ်ဟူသော တဏှာပေမတရားသည် မီးဖြစ်ပါ၏။ မီးဟူသည် အညီအမျှ ပူတတ်သည်ကားမှန်၏။ သို့ရာတွင် နီးရာကို လောင်စွဲတတ်သည်မှာ ဓမ္မတာသာ ဖြစ်ပါ၏။

အဘိုးချမ်းသည် မြေးများကို အညီအမျှ ချစ်သည်ဆိုသည်မှာ မှန်ပါ၏။ သို့ရာတွင် အိမ်သို့ခိုဝင်လာသော မြေးများအနက် ထွန်းထွန်းဝင်း တည်းဟူသော မီးခဲ ကလေးသည်ကား မကြာမကြာ ရင်ခွင်သို့ဝင်၍ လောင်တတ်သူဖြစ်သောကြောင့် အားလုံးသော မြေးများအနက် အချစ်ဆုံးသော မြေးကလေးဖြစ်ပါ၏။ ထိုအချစ်ဆုံး သော မြေးကလေး၏ ရောဂါကား မသက်သာပါချေ။ ဤကလေးသည် ဤရောဂါဖြင့် ဘဝတစ်ပါး သွားရှာတော့မည်ထင်၏။ ရေငတ်ကျင်ပြော ရောဂါမျိုးကား အကုရ ခက်သော ရောဂါမျိုးဟု ဆိုကြသည်။

ယခုအခါ ကလေး၏ဖခင် မောင်တင်ထွန်းကား တာဝန်အရ ကသာမြို့၌ နေထိုင်လျက်ရှိသည်။ သူ့ဖခင်ထံ အမြန်အကြောင်းကြားမှ တော်ပေမည်ဟု ကသာ မောင်တင်ထွန်းထံ ကြေးနန်းဖြင့် အကြောင်းကြားပြီးနောက် ထိုနေ့တစ်ညနေလုံး မြေးငယ်၏ ခေါင်းရင်း၌ထိုင်ကာ 'ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော'ဟု တနင်္ဂနွေ ထောင့်မှစ၍ အရပ်ရှစ်မျက်နှာ ပဋ္ဌာန်း(၂၄)ပစ္စည်းဖြင့် စည်းချနေမိသည်။

---

http://www.dhammadownload.com



မီးထွန်းချိန်ရောက်သော် ကလေးလည်း အိပ်ပျော်သွားပြီ၊ အဘိုးချမ်းလည်း အိပ်ဦးမှဟု မြေးငယ်၏ ခေါင်းရင်း၌ပင် အသာခွေကာ အိပ်လိုက်ရာ မကြာမီ အိပ်ပျော်သွားလေတော့သည်။

( ၅ )

မိုးသံသည် တအုန်းအုန်းနှင့် တဂျုန်းဂျုန်း မြည်နေသည်။ မိုး၏ပိတ်ကာမှုကြောင့် ဤညဝယ် လရောင်လည်း မဝင်း၊ ကြယ်ရောင်လည်း မလင်း။ မှောင်မိုက်ကသာ မင်းမူနေသည်။ အဘိုးချမ်းသည် မိုးသံကြောင့် အိပ်ရာမှနိုးသဖြင့် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

"အလို .... အိမ်တံခါးများလည်း မပိတ်ကြပါကလား။ ဟော တံခါးကြီးဆီက ခြေသံလိုလို ဘယ်သူများပါလိမ့်"

အဘိုးချမ်းသည် အိပ်ရာမှထ၍ တံခါးပေါက်မှတစ်ဆင့် အိမ်ရှေ့လမ်းမသို့ ကြည့်လိုက်သည်။ အိမ်၏အပြင်ဘက်၌ မိုးကား မရွာသေး။ သို့သော် လေတဟောဟောတိုက်၍ မှောင်မိုက်က ကြီးစိုးနေသည်။

မှောင်မိုက်အတွင်း၌ ပိုးစုန်းကြူးများ စုပြုံပျံသန်းနေကြသကဲ့သို့ မှိတ်တုတ်မှိတ်တုတ် အရောင်ကလေးများ အိမ်ဆီသို့ လာနေကြသည်။ ဤပိုးစုန်းကြူးရောင်များဖြင့် ယှက်သန်းနေသော လူထူးလူဆန်းတစ်ဦး သားငယ်ကို ပခုံးထက်တင်၍ အိမ်ပေါ်သို့ တက်လာချေပြီ။

အဘိုးချမ်းသည် မည်သို့မျှ မပြောနိုင်ဘဲ ထိုသူကို ငေးစိုက်ကြည့်နေစဉ် ထိုသူသည် အိမ်ထဲအထိမဝင်ဘဲ လှေကားအဆုံးတွင် ထိုင်ချလိုက်ပြီး ပခုံးထက်မှ သားကို အိမ်ပေါ်သို့ ချလိုက်သည်။

ထိုသူ၌ အင်္ကျီမပါချေ။ ပုဆိုးခပ်တိုတိုဝတ်ထား၏။ လူပုံမှာ အလွန်ဝ၍ ဗိုက်ရွှဲရွှဲဖြစ်၏။ သူ၏သားသည်လည်း သူနှင့်တူသည်။

ထိုသူကို အသေအချာ ကြည့်သောအခါ ထိုသူ၏မျက်နှာသည် ဆေးရောင်စုံ တို့ထားသော ပူစီဖောင်းနှင့်တူနေသည်။

ထိုသူ၏မျက်နှာ၌လည်းကောင်း၊ ကိုယ်၊ ခြေ၊ လက်တို့၌လည်းကောင်း ပူစီဖောင်း၌ တို့ထားသော ဆေးစက်များကဲ့သို့ ဆေးစက်အများအပြားပါ၏။ စောစောက မြင်ရသော ပိုးစုန်းကြူးများကား အမှန်တကယ် ပိုးစုန်းကြူးများမဟုတ်။ ထိုသူ၏ ခန္ဓာကိုယ်မှ ဆေးစက်တို့၏ တောက်ပခြင်းသာ ဖြစ်ပေ၏။

http://www.dhammadownload.com



"ဘယ့်နှယ် အဘိုးချမ်း ကြည့်လှချည်လား၊ ခင်ဗျား ကျုပ်ကို မသိဘူး ထင်တယ်။ ဟုတ်တယ် .... မသိတာအံ့တယ်၊ ဘယ်တုန်းကမှ မတွေ့ဘူးပဲ ဟဲ ဟဲ"

ထိုသူသည် ဤသို့ ရယ်စရာစကားကို ပြောပြီးနောက် ....

"ညနေက ခင်ဗျား ပဌာန်း ပြန်နေသလားလို့ လာမေးတာပါဗျာ၊ ဘာကိစ္စမှ လာတာမဟုတ်ပါဘူး။ ညနေက ခင်ဗျား ပဌာန်းပြန်တယ်နော်"

"ဟုတ်ပါတယ်၊ ကျုပ်မြေးကလေး နေမကောင်းတာနဲ့ ပဌာန်း (၂၄)ပစ္စည်းနဲ့ စည်းချရင်း ပဌာန်းပြန်ပါတယ်"

"သည်လိုဆို ပဌာန်းရတာပေါ့၊ ဟုတ်လား"

"ရပါတယ်၊ ရလို့ ပြန်ဆိုနိုင်တာပေါ့"

"ကဲ .... ကဲ .... ခင်ဗျား ပဌာန်းရရင် ကျုပ်ကို ရွတ်ပြစမ်းပါဦး"

"ခင်ဗျားနာချင်ရင် ကျုပ်ရွတ်ပြမယ်၊ နားထောင်၊ ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော၊ အနန္တရပစ္စယော၊ သမနန္တရပစ္စယော၊ သဟဇာတပစ္စယော၊ အညမညပစ္စယော (လ)၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယောတိ"

( ၆ )

"ကိုချမ်း .... ကိုချမ်း .... ဘယ့်နှယ်မိုးလင်းပါပြီဆိုမှ အကျယ်ကြီး ယောင်နေရပြန်တာလဲ၊ ဟေတုပစ္စယောလည်း ပါလေရဲ့၊ အာရမ္မဏပစ္စယောလည်း ပါလေရဲ့၊ ဘာတွေများ အိပ်မက်နေတာတုန်းတော့ .... "

အဘွားလှတင်၏ အော်ကျယ်အော်ကျယ်အသံကြောင့် အဘိုးချမ်းအိပ်ရာမှ နိုးခဲ့သည်။

"ဟေ .... ငါ အိပ်မက် မက်နေတာလား၊ ဟိုအကောင်ကို ပဌာန်းရွတ်ပြနေတာ .... "

"ဘယ်အကောင်တုန်းတော့"

"ဟို .... အိပ်မက်ထဲက အကောင်ကို ပြောတာပါကွယ်"

အဘိုးချမ်းသည် အိပ်မက်အကျယ်ကို ပြောခဲ့လျှင် မိန်းမသားများ စိုးရွံ့သွားမည်စိုးသောကြောင့် အတိအကျ မပြောခဲ့ချေ။

သို့သော် သူ၏စိတ်ထဲတွင် ထိုအိပ်မက်ထဲက အကောင်သည် အိပ်မက်၌မဟုတ်။ အမှန်တကယ် လာတွေ့သည်ဟု ထင်နေသည်။

http://www.dhammadownload.com



ပဋ္ဌာန်းရွတ်၍ ဆုံးခါနီးတွင် ထိုသူသည် အနီး၌ချထားသော သူ၏သားငယ်ကို ကောက်ချီပြီး အိမ်ပေါ်မှဆင်းသွားသည်။ အဘိုးချမ်း အိမ်ပေါ်မှ လှမ်းကြည့်လိုက်သောအခါ ပိုးစုန်းကြူးရောင် ပြိုးပြိုးပြက်ပြက်၊ အတော်ဝေးဝေး ရောက်သွားသည်အထိ မြင်နေရသေးသည်။

"ထိုသူ ချီယူသွားသော ကလေးသည် ငါ၏မြေးချစ် ထွန်းထွန်းဝင်းများ ဖြစ်နေရော့မလား၊ ဘုရား .... ဘုရား ငါ့မြေးကလေး မဖြစ်ပါစေနှင့်၊ ငါ့မြေးကလေး ကျန်းမာပါစေ။ ချမ်းသာပါစေ။"

အဘိုးချမ်းသည် သူ့မြေးငယ် ကျန်းမာစေကြောင်း ဆုမွန်တောင်း၍ သူ့မြေးငယ်ရှိရာသို့ ကြည့်လိုက်သည်။

သူ့မြေးငယ်ကား အိပ်ရာ၌ မွေ့မွေ့သက်သက် အိပ်လျက်ရှိ၏။

## ( ၇ )

မိုးစင်စင် လင်းခဲ့လေပြီ။

ထီးချိုင့်မှ ကုန်စိမ်းသည်များလည်း ရောက်လာကြပြီ။ ထိုကုန်စိမ်းသည်များနှင့်အတူ ကုန်သေးဈေးသည်တစ်ဦးလည်း ပါလာသည်။ ထိုကုန်သေးဈေးသည်မသည် ဈေးရောင်းရင်း ရေငတ်သဖြင့် အဘိုးချမ်း အိမ်ပေါ်တက်လာပြီး ရေတောင်း သောက်သည်။

ရေသောက်ပြီးနောက် အိပ်ရာ၌ မှိန်းနေသော ထွန်းထွန်းဝင်းကို လက်ညှိုးထိုး၍ ....

"သည်သူငယ် ဘာဖြစ်နေတာလဲ အဘိုး"

"နေမကောင်းလို့ အိပ်နေတာပါကွယ်"

"နေမကောင်းဘူးဆိုတာ ဖျားတာလား"

"မဟုတ်ပါဘူးကွယ်၊ စောစောတုန်းကတော့ ချောင်းဆိုးသကွယ့်၊ ချောင်းဆိုးပျောက်တော့ ရေငတ်ကျင်ပြော ဖြစ်နေတယ်ကွယ်"

"ရေငတ်ကျင်ပြောရောဂါဆိုရင် ဆေးနည်းလွယ်ပါတယ် အဘိုးရယ်"

"ဟေ .... ဟုတ်လား၊ လုပ်စမ်းပါဦးကွယ်၊ ဘယ်လိုများလုပ်ရမှာတုန်း"

"ကျွန်မပေးမယ့် ဆေးနည်းက လွယ်တာနဲ့ အဘိုးတို့ ယုံချင်မှ ယုံလိမ့်မယ်၊ ယုံချင်လည်းယုံ၊ မယုံချင်လည်းနေ၊ စမ်းကြည့်သေးတာပေါ့ အဘိုးရယ်"

"ဆိုစမ်းပါဦးကွယ်၊ အဘိုးတို့ လုပ်ပါ့မယ်"

---

http://www.dhammadownload.com



"ကျွန်းပင် သိတယ်မဟုတ်လား"

"အေး .... သိပါတယ်"

"တောထဲမှာ ကျွန်းပင်ငုတ်တိုရှိလိမ့်မယ်၊ အဲသည် ကျွန်းပင်ငုတ်တိုရဲ့ အမြစ်ကို ဓားနဲ့ပင့်ပြီး ခုတ်ခွာယူခဲ့ပေါ့ရှင်၊ ပြီးတော့ ဇလပ်ကြီးမြစ်ကိုလည်း တူးယူ၊ တူးယူပြီး အမြစ်နှစ်မျိုးလုံး ရောဂါရှင်ရဲ့ အလယ်လက်ဆစ်နဲ့ တိုင်းဖြတ်၊ နီးသုံးတန်စည်းပြီး ရေသုံးခွက် တစ်ခွက်တင်ကျိုပြီး တိုက်ပါရှင် .... သုံးခွက် မတိုက်ရဘူး၊ ပျောက်ပါတယ်"

အဘိုးချမ်းသည် 'ငါ့ညက ပဋ္ဌာန်းစည်းချသည်။ ပဋ္ဌာန်း၏ ကျေးဇူးကြောင့် ညဥ့်ကနတ်လာပြီး ယခု ဆေးနည်းပေးဟန်တူသည်။ ဤဆေးနည်းကို အမြန်စုပြီး တိုက်မှတော်မည်'ဟု ကျွန်းမြစ်၊ ဇလပ်ကြီးမြစ်တို့ကို မှာခဲ့သည့်အတိုင်း ပြုတ်၍တိုက်လိုက်ရာ သေလုလုဖြစ်နေသော မြေးကလေး ထွန်းထွန်းဝင်းသည် ရောဂါဝေဒနာ ပျောက်ကင်း၍ လမင်းပမာ ချစ်စရာလူကလေး ဖြစ်လာပါသတည်း။

ထီးချိုင့်မြို့၊ တည်တောရွာ ရ–လ–က လူကြီးဟောင်း အဘိုးချမ်း၏ ကိုယ်တွေ့ အဖြစ်အပျက်မှန်ကို တန်ဆာဆင်လိုက်ခြင်း ဖြစ်ပါသည်။

(၈၄–ထုတ် ရတနာမွန်စာစောင်မှ 'ထီးချိုင့်နတ်စိုး'ရေး၊ ပဋ္ဌာန်းကျေးဇူးကို ကူးယူတင်ပြပါသည်။)

http://www.dhammadownload.com






ဤစာရေးသူသည် တစ်ချိန်က အနုပဋ္ဌိလောမရုပ်ဝါဒ လက်ဝဲစာအုပ်များကို လေ့လာပြီး တစ်ဘက်စွန်းသို့ ရောက်လုဆဲဆဲ ဖြစ်ခဲ့ဖူးပေသည်။ သို့သော် ကိုယ်ရေးကြုံ သက်လုံကောင်းရမည်ဆိုသည့်အတိုင်း တစ်စုံတစ်ခုသော ဘေးအန္တရာယ်များနှင့်

http://www.dhammadownload.com



တွေ့သည့်အခါ ကိုးကွယ်အားထားရာကို ရှာကြခြင်းမှာ သတ္တဝါတိုင်း၏ ဓမ္မတာဖြစ်သည်။ ကျွန်ုပ်သည်လည်း သတ္တဝါတစ်ယောက်ဖြစ်သောကြောင့် ကိုယ်ရေးကြုံ၍ သက်လုံကောင်းခဲ့ရဖူးသည်။

၁၉၆၁–ခုနှစ်က ကျွန်ုပ်သည် အိန္ဒိယနိုင်ငံ မြောက်ပိုင်း "ဒီဘရူဂါ" မြို့ကြီးသို့ ရောက်ရှိနေသည်။ ရောက်ရှိနေခြင်းမှာ အိန္ဒိယနိုင်ငံမှာ နေထိုင်ခွင့်ပါမစ် အမိန့်စာ ကုန်ခါနီးသောကြောင့် ပါမစ်ပြန်လျှောက်ရန် ရုံးသို့လာခဲ့ခြင်းဖြစ်သည်။

ကျွန်ုပ်ရုံးသို့ ရောက်သည့်အခါ ဘရူးဝါး ဗုဒ္ဓဘာသာ ကုလားလေးတစ်ယောက် စက်ဘီးဖြင့် ကျွန်ုပ်ထံသို့ ရောက်ရှိလာသည်။ ကျွန်ုပ်မှာ သင်္ကန်းဝတ် ရဟန်းတော်တစ်ပါးဖြစ်၍ သင်္ကန်းဝါဝါ မြင်လိုက်သောကြောင့် ကျွန်ုပ်ထံသို့ စက်ဘီးဖြင့် လိုက်လာခြင်း ဖြစ်သည်။

ကုလားကလေးက "အရှင်ဘုရား .... တပည့်တော်အမေ နတ်ဖမ်းစားလို့ တပည့်တော်နှင့် လိုက်ခဲ့ပေးပါ" ဟု အရေးတကြီး ချွေးသီးချွေးပေါက်များ ကျလျက် အားကိုးတကြီး လာ၍ပင့်သည်။

ကျွန်ုပ်မှာ ရုံးကိစ္စကလည်း မပြီးသေး၊ သို့သော် ဒီဘရူဂါမြို့ကြီး တစ်မြို့လုံးမှာ ရဟန်းတော် သင်္ကန်းဝါဝါဆိုလို့ ကျွန်ုပ်တစ်ပါးတည်းရှိနေသည်။ ဘရူးဝါးဗုဒ္ဓဘာသာဖြစ်လို့လည်း အားကိုးတကြီး သင်္ကန်းတော်ကိုမြင်ပြီး လာပင့်ခြင်းဖြစ်သည်။ ကျွန်ုပ် 'ငါဘယ်လို လုပ်ရမည်လဲ' ဟု စဉ်းစားသည်။ သူက အားကိုးသည်။ ငါကား ဘာမျှ မတတ်၊ နတ်ဖမ်းစားသည်ဆိုသည်ကိုလည်း ဘယ်လိုလုပ်ရမည်မသိ၊ သို့သော် တတ်နိုင်ဘူးလေ ဟန်ကိုယ့်ဖို့ ဆိုသည်မဟုတ်လား။

"အေး .... ငါလိုက်မယ်" ဟုပြောပြီး သူ့စက်ဘီး နောက်ခုံမှာ ထိုင်၍လိုက်ခဲ့ပေးသည်။ နွားချေးသုတ် မြေစိုက်အိမ်သို့ ရောက်သည့်အခါ သူ့မိခင်သည် တန်းလျားတစ်ခုပေါ်မှာ ပက်လက်လန်ပြီး၊ ပါးစပ်တွင်းမှလည်း အမြှုပ်တစီစီထပြီး တက်လျက်ရှိသည်။ ဝက်ရူးပြန်သူများဖြစ်သလို ဖြစ်လျက်ရှိသည်။ ကျွန်ုပ်သည် ရောက်လျှင်ရောက်ချင်း အဘွားကြီး ခေါင်းရင်းဘက် ထိုင်ခုံတစ်ခုတွင် ထိုင်လိုက်ပြီး "ငါဘယ်လိုလုပ်မလဲ" အမြန်စဉ်းစားလိုက်သည်။ ကျွန်ုပ်ဖတ်ထားသည့် လက်ဝဲစွန်းစာအုပ်များ အရဆိုလျှင် ဘာမျှ အားကိုးဖွယ် မရှိလေတော့ပြီဖြစ်သည်။ သို့သော် ဗုဒ္ဓဝါဒ အခြေခံ ရှိထားသေးသောကြောင့် ချက်ချင်းပဲ အကြံရကာ "သောက်ရေတစ်ခွက် သန့်သန့်ယူခဲ့" ဟု ပြောလိုက်သည်။ သောက်ရေဖန်ခွက်ရောက်လျှင် ရေတစ်ခွက်ကိုယူပြီး ဗုဒ္ဓဘုရားရှင်၏ ဂုဏ်တော်ကိုးပါး၊ ရောင်ခြည်တော်ခြောက်ပါး၊ ဘုန်းတော်ခြောက်ပါး

http://www.dhammadownload.com



တို့ကို မျက်စိမှိတ်လျက် အာရုံပြုလိုက်သည်။

အာရုံပြုပြီးလျှင် သမ္ဗုဒ္ဓေဂါထာ (၃)ပုဒ်ကို ရေခွက်မှာ မန်းပါသည်။ အကြိမ်ကြိမ် မန်းမှုတ်ပြီးနောက် အဘွားကြီး ပါးစပ်တွင်းသို့ လောင်းထည့်ပြီး ကျန်ရေကို ခေါင်းပေါ်မှာ ဖျန်းပေးလိုက်သည်။ ရေများပါးစပ်တွင်းသို့ ရောက်ပြီး မကြာမီ အဘွားကြီး ချက်ချင်း ငုတ်တုတ်ထထိုင်လေသည်။ ထထိုင်ပြီး ကျွန်ုပ်ကိုတွေ့လျှင် ရှိခိုးပြီး "အရှင်ဘုရား ဘယ်ဇာ ကြွလာပါသလဲ"ဟု မေးမြန်းလိုက်သည်။

ယင်းသို့ ပြုလုပ်ပေးလိုက်သဖြင့် ယခုလို ချက်ချင်း ပျောက်ကင်းသွားလေတော့ ကျွန်ုပ် အလွန်ဝမ်းသာမိသည်။ ကျွန်ုပ် ဝမ်းသာသလို သူ့သားက ကျွန်ုပ်ထက် ပို၍ ဝမ်းသာသွားခဲ့သည်။

ကျွန်ုပ်လည်း လူနာနေကောင်းသွားလျှင် ချက်ချင်း ရုံးချိန်မီရန် နှုတ်ဆက်၍ ရုံးသို့ပြန်ခဲ့လေသည်။ သို့သော် ရုံးချိန်မမီ(မာဂရေတာ)ပြန်ထွက်သည့် ရထားမမီတော့၍ ဟိန္ဒူပုဂိုတယ်တစ်ခုမှာ ညအိပ်ခဲ့ရလေသည်။

ဟိန္ဒူပုဂိုတယ်မှာ ညအိပ်ရင်း စဉ်းစားမိသည်။ ဝိဇ္ဇာပညာ (သို့မဟုတ်) မမြင်နိုင်တဲ့ နာမ်ဝါဒဆိုတာ ရှိသလား။ နေ့လယ်က အဖြစ်အပျက်သည် တကယ် အံ့ဩစရာတစ်ခုဖြစ်လာသည်။ စဉ်းစားစရာတစ်ခု ဖြစ်လာသည်။ ဘုရားရှင်၏ ဂုဏ်တော်နှင့် သမ္ဗုဒ္ဓေဂါထာ တန်ခိုးတော်ဆိုတာ တကယ်စွမ်းနေပါလားဟုကား သိလာပြီ၊ သို့သော် ကျွန်ုပ်မှာရှိနေသော ရုပ်ဝါဒ အစွဲကလေးကား မကျွတ်တတ်သေး။ တဲတဲကလေး တွယ်နေသေးသည်။

ကျွန်ုပ်နေထိုင်ရာ နောင်လယ်ဒေသသို့ နောက်နေ့ ပြန်ခဲ့လေသည်။ နောင်လယ်သို့ ရောက်ပြီးနောက် (၂)ရက်လောက်အကြာတွင် "ပိရှား"ဆိုသော ကချင်စော်ဘွားကြီး နေထိုင်ရာ ရွာကလေးမှ စက်ဘီးနှင့်ကျွန်ုပ်ကို လာ၍ပင့်ပြန်သည်။ လာပင့်သည့် အချိန်မှာ ညနေ(၄)နာရီအချိန် ဖြစ်သည်။ လာပင့်ရခြင်းမှာ စော်ဘွားကြီးသမီး (၁၈)နှစ်ရှိသည့် အပျိုမကလေး (နတ်ဖမ်းစားသလိုလို၊ စုန်းပြူးစားသလိုလို)တက် တက်ပြီးနေ၍ လာပင့်ခြင်းဖြစ်သည်။ ညနေ (၅)နာရီတိတိတွင် ပိရှားရွာ စော်ဘွားကြီး အိမ်သို့ ရောက်သည်။ စော်ဘွားကြီးအိမ်သည် အိမ်ရှည်ကြီးဖြစ်သည်။ အိမ်မှာ တောင်ဘက်လှေကား မြောက်ဘက်လှေကား (၂)စင်းရှိပြီး အိမ်အခန်းပေါင်း (၆၄)ခန်း ရှိသည်။ အခန်းတိုင်းမှာ မီးဖိုရှိလေသည်။ ကျွန်ုပ်ကို ....

"ဘယ်လှေကားမှတက်မည်လဲ" ဟုမေးသည်။

http://www.dhammadownload.com



"တောင်ဘက်လှေကားမှတက်မည်"ဟု ချက်ချင်း အဖြေပေးလိုက်သည်။ တောင်ဘက်လှေကားအနီး အခန်းတစ်ခုကို လိုက်ကာများကာရံပြီး ကျွန်ုပ်ကို နေရာချထားပေးသည်။ နေရာသို့ရောက်လျှင် ခေတ္တနားပြီး လူမမာရှိရာသို့ ပင့်သွားကြသည်။ လူမမာမိန်းကလေးမှာ စော်ဘွားကြီးအိမ် အလယ်ခန်းမှာ ရှိသည်။

စော်ဘွားကြီးသမီးဖြစ်၍ လူမမာ လာမေးကြသူများမှာ အခန်းတွင်း ပြည့်ကျပ်လျက်ရှိသည်။ လူပေါင်း(၆၀)ကျော်ခန့် ရှိလေသည်။ ကျွန်ုပ်ရောက်လျှင် နေရာများ ရှင်းပေးကြသည်။ လူမမာမိန်းကလေးကား ထမင်းအိုးမှ ထမင်းရေများ ဆူသလို တက်လျက်ရှိသည်။ ခဏခဏ တက်သည်၊ ခဏခဏ ပြန်ကျသည်။ တက်လျှင် ကိုယ့်လက်ကိုယ် ပြန်ကိုက်သည်။ အားလုံး လက်ကို ဝိုင်းဆွဲထားကြရသည်။

"နင်တို့ မမြင်ကြဘူးလား၊ လူ(၃)ယောက်၊ လူ(၃)ယောက်၊ ငါ့နားမှာ လာနေတယ်၊ မောင်းထုတ်ကြ၊ မောင်းထုတ်ကြ" ဟုပြောရင်း မေ့မြောပြီး တက်သွားပြန်လေသည်။

ကျွန်ုပ်သည် သောက်ရေတစ်ခွက်သန့်သန့် တောင်းပြီး ဗုဒ္ဓဂုဏ်တော်များကို အာရုံပြုလျက် ရေကိုမန်းမှုတ်ရပြန်သည်။ ရေမန်းမှုတ်ပြီး ရေတိုက်သည်။ ချက်ချင်း ကောင်းသည်။ သို့သော် ပြန်တက်သည်။ အတက်ဝေးလာသည်။ တဖန် ရေတိုက်သည်။ ခေါင်းကို ဖျန်းသည်။ သက်သာလာသည်။ သို့သော် ပြန်တက်သည်။ တဖန် ချည်အဖြူ အပ်ချည်လုံး ရှာခိုင်းသည်။ အပ်ချည်လုံး မရှိ၊ ဂျပ်ခုတ်ယောက်လုံး (ချည်ဖြူ)သာ ရှိသည်။ လိုသလောက် ဖြတ်ယူပြီး တဖန်သမ္ဗုဒ္ဓေဂါထာများကို မန်းပြီး ခြေ(၂)ဖက်၊ လက်(၂)ဖက်၊ လည်ပင်း(၅)ချက်ကို ချည်လိုက်သည်။ ခဏသာ သက်သာ ကောင်းမွန်လာပြီး ပြန်တက်သည်။ ပြန်တက်ခါနီးလျှင် ....

"လူ(၃)ယောက်၊ လူ(၃)ယောက် မမြင်ကြဘူးလား၊ ငါ့ကို ချည်ထားတဲ့ကြိုးတွေဖြေပေးပါ .... အရှင်ဘုရားကို ပိတ်ဖြူဆီး၍ ပြန်လွှတ်ပါ" ဟုပြောလေသည်။

တန်ခိုးရှိလာပြီဖြစ်ကြောင်း ကျွန်ုပ် ရိပ်မိလာသည်။ သို့သော် ကျွန်ုပ်မှာ ချွေးတလုံးလုံးနှင့် ဖြစ်နေပြီ၊ လူပေါင်း(၆၀)ကျော် အကြားမှာ မနိုင်လျှင် ရှက်ဖွယ်ဖြစ်သည်။ မြန်မာဆိုသောဂုဏ်သိက္ခာ ကျဖွယ်ရာဖြစ်သည်။ ကျွန်ုပ် ဘာဆက်လုပ်သနည်း။ ကျန်သော ဂျပ်ခုတ်ယောက်လုံးကြီးကို ယူပြီး ချည်ကိုဖြတ်ယူ၍ တဖန် သမ္ဗုဒ္ဓေနှင့် ဂုဏ်တော်များ မန်းပြန်သည်။ မန်းပြီး မိန်းကလေး အိပ်ရာခန်းတွင်းကို ချည်ဖြင့် ပတ်ခိုင်းလိုက်သည်။ ထိုအခါ မိန်းကလေးက ....

http://www.dhammadownload.com



"လူ(၃)ယောက်၊ လူ(၃)ယောက် မမြင်ကြဘူးလား၊ အခန်းတွင်းကို မဝင်နိုင်ဘူးပြောတယ်။ ကြိုးတွေကို ဖြုတ်ပေးပါ" အရှင်ဘုရားကို ပိတ်ဖြူဆီး၍ ပြန်လွှတ်ပါ" ဟူ၍ ဆိုပြီး တက်ပြန်လေသည်။

ဤသို့ကြားသည့်အခါ ကျွန်ုပ်သတိရလာသည်။ အားတက်လာသည်။ 'အခန်းတွင်းသို့ မဝင်နိုင်ဘူး ဆိုသောစကား၊ ကြိုးဖြေပေးပါ၊ ပိတ်ဖြူဆီး၍ ပြန်လွှတ်ပါ' ဆိုသောစကားများသည် ကျွန်ုပ်အတွက် လွန်အားဖြစ်သောစကားဖြစ်ရုံမျှမက ကျွန်ုပ်ဘာဆက်လုပ်ရမည်ဆိုသည်ကိုပင် လမ်းစဖော်ပေးသကဲ့သို့ ဖြစ်လာသည်။

ကဲ .... ကျွန်ုပ် ဘာဆက်လုပ်သနည်း။ ဂျပ်ခုတ်ယောက်လုံး(ချည်ဖြူ)ကြီး တစ်ခုလုံးကို သမ္ဗုဒ္ဓေဂါထာတော်ဖြင့် အကြိမ်ကြိမ် မန်းမှုတ်လိုက်လေသည်။ ဗုဒ္ဓဘုရားရှင်ရဲ့ ဂုဏ်တော်များကို အာရုံပြုလျက် မန်းမှုတ်ပြီးချိန်မှာ ညအချိန်(၉)နာရီပင် ထိုးချေပြီ။ ချည်များကို အခန်းပေါင်း(၆၀)ကျော် အိမ်ကြီးတစ်ခုလုံး အတွင်းဘက်မှနေ၍ ပတ်ခိုင်းလိုက်လေသည်။ အတွင်းဘက်မှနေ၍ ပတ်ပြီးသည့်အခါ မိန်းကလေးက တဖန် ....

"လူသုံးယောက်၊ လူသုံးယောက် မမြင်ကြဘူးလား၊ မြောက်ဘက်လှေကားမှာ မတ်တတ်ရပ်နေတယ်၊ မောင်းထုတ်ကြ မောင်းထုတ်ကြ။ ဒီကြိုးတွေကိုဖြေပေးပါ။ အရှင်ဘုရားကို ပိတ်ဖြူဆီး၍ပြန်လွှတ်ပါ"ဟူ၍ပြောပြီး တက်ပြန်လေသည်။ (တက်တိုင်းကိုယ့်လက်ကိုယ်ပြန်ကိုက်သည်။)

ဤသို့ဖြစ်လာသဖြင့် ကျွန်ုပ်က "မင်းတို့ ချည်ရှိသေးလား"ဟု မေးမြန်းရာ ယောက်လုံးချည် ကျန်သေးကြောင်း ပြောပါသည်။ ဂုဏ်တော်ချည်ရဲ့တန်ခိုးကြောင့် သူတို့အိမ်ပေါ်သို့ မတက်နိုင်ကြတော့ပေ။ လှေကားမှ မတ်တတ်ရပ်၍ ပြသဖြင့် မိန်းကလေး တက်ရပြန်သည်။

"ကဲ .... ဒီတစ်ခါကျန်တဲ့ချည်တွေနှင့် အိမ်အပြင်ဘက်မှနေပြီး တစ်အိမ်လုံး ပတ်လိုက်ကြ"ဟု ကျွန်ုပ်ပြောလိုက်သဖြင့် ချည်များဖြင့် စော်ဘွားကြီးအိမ်အပြင်ဘက်မှ တစ်အိမ်လုံး ပတ်လိုက်ကြလေသည်။ ချည်များ အားလုံးပတ်ပြီးနောက် မိန်းကလေးသည် ငုတ်တုတ်ထထိုင်ပြီး ....

"လူတွေ များလှချည်လား၊ ဘာလာလုပ်ကြတာလဲ" ဟုမေးပြီး ကျွန်ုပ်ကို ထူးဆန်းအံ့သြစွာ ကြည့်ပြီးနေလေသည်။ ဤသို့ဖြင့် (၉)နာရီခွဲ တိတိအချိန်မှာ မိန်းကလေးအကောင်း ပကတိဖြစ်၍သွားခဲ့ပေသည်။ လာရောက်ကြည့်ရှုကြသည့် ပရိသတ်များမှာ အံ့သြစွာဖြင့် ကျွန်ုပ်နှင့် လာရောက်စကားပြောကြသည်။ ကျွန်ုပ်ကို

http://www.dhammadownload.com



ထူးဆန်းစွာကြည့်ရှု ဝိုင်းအုံစကားပြောကြခြင်းမှာ သူတို့အားလုံး ဗုဒ္ဓဘာသာဝင်များ မဟုတ်ကြပေ။ နတ်ကိုးကွယ်သူများချည်း ဖြစ်ကြသည်။ နွားကောင်လုံး၊ ဝက်ကောင်လုံး၊ နွားနောက်ကောင်လုံး နတ်စဉ်ယဇ်နတ် ပူဇော်ကြသူများဖြစ်ကြသည်။ ဤသို့ ကျွန်ုပ်မိန်းကလေးကို ကုသပေးမှုကြောင့် ဖော်ဘွားကြီးမိသားစုနှင့် လာရောက်ကြည့်ရှုကြသူများအားလုံး ဗုဒ္ဓဘာသာ ရဟန်းတော်ကို စိတ်ဝင်စားလာကြသည်။ အားကိုးလိုကြသည်။ ဗုဒ္ဓဘာသာသို့ဝင်ဖို့ရန် ဆန္ဒရှိစပြုလာကြသည့် နေ့ကြီးဖြစ်ပေသည်။

မြန်မာ့ဂုဏ်သိက္ခာနှင့် ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတို့ကို သိရှိနားလည်သဘောပေါက်လာကြပေသည်။ ဤပွဲတွင် သူတို့နတ်ဝါဒကို စွန့်လွှတ်သကဲ့သို့ပင် ကျွန်ုပ်၏ ရုပ်ဝါဒ အစွဲကလေးကိုလည်း ခဝါချလိုက်သကဲ့သို့ စွန့်လွှတ်လိုက်သည့်နေ့ကြီး ဖြစ်ပေသည်။ နောင်(၂)နှစ်ကြာသည့်အခါ ပိုရားဖော်ဘွားကြီးနှင့် မိသားစုများ ရပ်သူရွာသားများအားလုံး ....

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

ဓမ္မံ သရဏံ ဂစ္ဆာမိ၊

သံဃံ သရဏံ ဂစ္ဆာမိ ....

ဟု သရဏဂုံသုံးပါးကို သံပြိုင်ရွတ်ဆိုပြီး ဗုဒ္ဓဘာသာသို့ အားလုံး ကူးပြောင်းခဲ့ကြပေသည်။ ၁၉၆၃ ခုနှစ်တွင် ပိုရားဖော်ဘွားကြီး ကွယ်လွန်ခဲ့ပေသည်။

ကျွန်ုပ် နောက်ရက် နောင်လည်သို့ ပြန်ရောက်သည့်အခါ တွေ့ကြုံခဲ့သည့် အဖြစ်အပျက်အားလုံး ပြန်လှန်စဉ်းစားမိသည်။ 'သမ္ဗုဒ္ဓေဂါထာ (၃)ပုဒ် ဘာကြောင့် တန်ခိုးကြီးသလဲ၊ ဤသို့ နတ်ဖမ်းစားသည်ဟု ပြောကြသည့် ဝေဒနာကို ရေတစ်ခွက် မန်းမှုတ်တိုက်ရုံနှင့်၊ ချည်ကိုမန်းမှုတ်ပြီး ချည်ထားရုံနှင့်၊ အိမ်ကိုပတ်ထားရုံနှင့် ဘာကြောင့် ပျောက်သလဲ'ဟု အပြန်ပြန်စဉ်းစားမိသည်။ သမ္ဗုဒ္ဓေဂါထာကိုလည်း တစ်ပိုဒ်ချင်း အဓိပ္ပာယ်ကို စိစစ်ကြည့်မိသည်။

၁။ သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတသဟဿာနိ၊
နမာမိ သိရသာမဟံ။

ဤပထမ ဂါထာက နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ တစ်သောင်းနှစ်ထောင်ကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း၊ ငါးသိမ်းကုန်သော ဘုရားရှင်တို့ကိုလည်းကောင်း အကျွန်ုပ်သည် ဦးခေါင်းရတနာဖြင့် ရှိခိုးပါ၏။

http://www.dhammadownload.com



၂။ အပ္ပကာ ဝါဠုကာ ဂင်္ဂါ။
အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံ ဓမ္မဥ္စ သံဃဥ္စ၊
အာဒရေန နမာမဟံ။

ဤ ဒုတိယဂါထာက ဂင်္ဂါမြစ်တွင်းမှာ ရှိနေကြတဲ့ သဲတွေက နည်းကြပါသေးတယ်။ ပရိနိဗ္ဗာန်ပြုသွားကြတဲ့ ဘုရားရှင်တွေက ရေတွက်ပိုင်းခြားလို့ မကုန်နိုင်ကြပါ။ ရေတွက်လို့ မကုန်နိုင်အောင် များပြားလှပါသည်။ အဲဒီများပြားလှတဲ့ ဘုရားရှင်တို့ကိုလည်းကောင်း၊ (တေသံ)ဆိုတဲ့ပုဒ်က ထိုဘုရားရှင်တို့၏ တရားတော်တို့ကိုလည်းကောင်း၊ ထိုဘုရားရှင်တို့၏ တပည့်သားသံဃာတော်တို့ကိုလည်းကောင်း၊ အကျွန်ုပ်သည် ရိုသေစွာ ရှိခိုးပါသည်ဟု အဓိပ္ပာယ်ရရှိပြန်သည်။

၃။ နမက္ကာရာနုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။
အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အသေသတော။

ဤတတိယဂါထာကား–ဤသို့ ရှိခိုးပူဇော်ရသော ကုသိုလ်စေတနာတို့ကြောင့် ခပ်သိမ်းသော ဘေးရန်တို့ကို ပယ်ဖျောက်ပြီး တစ်ပါးမက များပြားလှသည့် အန္တရာယ်ဟူသမျှတို့ အကြွင်းအကျန်မရှိ၊ ကြွင်းမဲ့ဥဿုံ ကင်းပျောက်ပါစေကုန်သတည်းဟု အဓိပ္ပာယ် ရရှိပြန်ပေသည်။

သမ္ဗုဒ္ဓေဂါထာ(၃)ပုဒ်လုံးကို စိစစ်ဝေဖန် ပိုင်းခြားကြည့်သည့်အခါ မရေတွက်နိုင်အောင် များပြားလှသော ဘုရားရှင်များနှင့် ထိုဘုရားရှင်တို့၏ တရားတော် သံဃာတော်တို့၏ တန်ခိုးတော်ကြောင့် ဤမျှသေးငယ်လှသော ဘာမျှမဟုတ်သည့် နာနာဘာဝတို့၏ နှောင့်ယှက်မှု ပျောက်ကင်းရပေသည်။

ကျွန်ုပ်သည် အိန္ဒိယနိုင်ငံတွင် (၅)နှစ်တိုင်တိုင် နေထိုင်ခဲ့ပြီး ဗုဒ္ဓဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို အကြွင်းမဲ့ယုံကြည်လျက် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပေသည်။ ဤသို့ "နတ်ဖမ်းစားသည်"ဆိုသော လူနာများ နေ့တိုင်းညတိုင်း လာလာပင့်ကြ၍ သမ္ဗုဒ္ဓေဂါထာသုံးပုဒ်ဖြင့် ရေကိုမန်းမှုတ်တိုက်ခဲ့ရသော လူပေါင်းများပြားလှပေသည်။ (သမ္ဗုဒ္ဓေဂါထာ တန်ခိုးတော်ဖြင့် ကျွန်ုပ်ကိုယ်တိုင် ကား၊ ရထား မှောက်ရာတွင် မသေခဲ့ပုံ အတွေ့အကြုံများကိုလည်း အဆင်သင့်လျှင် ဆက်လက်တင်ပြပါဦးမည်။)

http://www.dhammadownload.com



သမ္ဗုဒ္ဓေ တန်ခိုးတော်ကို ယုံကြည်အားကိုးကြပါစို့။

[၉–၁၀–၈၄ နေ့ထုတ် သာသနာ့ရောင်ခြည်စာစောင်မှ ဓမ္မာစရိယ ဦးစိုးမြင့်လေး (ညောင်လေးပင်)၏စာမူကို ကူးယူဖော်ပြပါသည်။]

### ဘုရားမမ,နိုင်

"တုမှေဟိ ကိစ္စ မာတပ္ပံ၊
အက္ခာတာရာ တထာဂတာ။
ဘုရားရှင်တို့မည်သည် ဟောကြားညွှန်ပြရုံသာပြနိုင်ကြကုန်၏။
ကြိုးစားအားထုတ်မှုကာ၊ သင်တို့ကိုယ်တိုင် လုပ်ကြရမည်။"

(ဓမ္မပဒ)

http://www.dhammadownload.com



http://www.dhammadownload.com

## အများနှင့်ဆန့်ကျင်သော အမြင်မှန်

"တပည့်တော် တရားအားမထုတ်မီက (Seeing is believing) 'မျက်မြင်မှ ယုံရသည်'ဆိုတဲ့ အင်္ဂလိပ်စကားပုံကို အတော်သဘောကျခဲ့ပါသည်။ ယခု တရားအားထုတ်လိုက်တော့ အဲဒီစကားပုံဟာ မမှန်တော့ကြောင်းတွေ့ရပါတယ်။ ရုပ်နာမ်တရားတို့ ဖြစ်ပျက်နေပုံကို မျက်စိဖြင့် မမြင်နိုင်ပါ။ ဝိပဿနာဉာဏ်ဖြင့်သာ မြင်နိုင်ပါတယ်။ ယခု တပည့်တော်လက်ကိုကြည့်ရင် အမြဲတည်မနေဘဲ ခဏမစဲ ဖြစ်ပျက်ပြောင်းလဲနေတာကို တွေ့နေရပါတယ်။ ဒါကြောင့် (Seeing is deceiving) 'မျက်မြင်ဆိုတာ လှည့်ပတ်တတ်တယ်' လို့ စကားပုံကို ပြင်လိုက်ပါပြီဘုရား။"

သီရိလင်္ကာ ခေါ် သီဟိုဠ်မှ
မဟာစည်ယောဂီတစ်ဦး
(မဟာစည်ပဋိပတ္တိသာသနာဝင်–၁၄၃)

အချုပ်ပို–၄




“နှင်းမြ ကမ္မဋ္ဌာန်းရှုမ”
ရပ်ထဲရွာထဲက သူ့ကို ဤသို့ပင် ခေါ်နေကြ၏။

ပထမအကြိမ်

http://www.dhammadownload.com



"နှင်းမြတစ်ယောက် အိမ်မှုကိစ္စဆိုလည်း ဘာမှမလုပ်၊ သားသမီးတွေကိုလည်း သားမှတ်မှတ်၊ သမီးမှတ်မှတ် မရှိတော့ဘူး"

"အရင်တုန်းကများ စီးပွားရှာတဲ့နေရာ နှင်းမြ နားပါဦးဟဲ့ ဆိုလို့မရဘူး၊ အင်မတန် လောဘကြီးတဲ့ ကောင်မ"

"ဟုတ်ပါရဲ့တော် .... ဘယ်လိုက ဘယ်လိုဖြစ်သွားတယ် မသိပါဘူး၊ ကလေးတွေလည်း သနားစရာ"

"ကမ္မဋ္ဌာန်းဆိုလားတော် .... အဲဒါလုပ်ရင်းနဲ့ စိတ်ဖောက်ပြန်သွားရှာတာ၊ ဆရာလေး ဘာလေးနဲ့ခေါ်ပြီးလည်း မကုကြတော့ဘူးလားမသိ၊ သူ့ခမျာ သနားစရာ၊ စိတ်ကောင်း နှလုံးကောင်းက ရှိပါဘိသနဲ့"

မော်လမြိုင် ညောင်ပင်ဆိပ်ရွာ ပတ်ဝန်းကျင်၌ အမျိုးသမီးများ စုမိတိုင်း ပြောဆိုနေကျ၊ ကြားနေရသော အသံများ ဖြစ်၏။

၁၃၀၅–ခုနှစ်တခိုသည် ကမ္မဋ္ဌာန်းတရားများ ထင်ရှားပြန့်ပွားလှသေးသည် မဟုတ်၊ ထိုအချိန်မျိုးမှာမှ စိတ်ထက်လှသော ဒေါ်နှင်းမြတစ်ယောက် ဦးတေဇာ လင်္ကာရခေါ် ကမ္မဋ္ဌာန်း ဘုန်းကြီးတစ်ပါးထံမှ ဆရာသက်ကြီး၏ ကမ္မဋ္ဌာန်းနည်းကို ကြားနာရကတည်းက စမ်း၍အားထုတ်ကြည့်သည်။

အရာရာတွင် ပြတ်သားသူ ဒေါ်နှင်းမြ အာနာပါနကမ္မဋ္ဌာန်းကို တစ်ပတ်လောက် အားထုတ်မိလျှင်ပင် ဘဝအသိတွေ ပြောင်းလဲစပြုလာ၏။ ရောင်းမှုဝယ်မှု ဂရုမမူ၊ ထမင်းမေ့၊ ဟင်းမေ့၊ အိမ်မှာပင် ဘုရားစင်ရှေ့၌ နေ့ရှိသရွေ့ ရှုမှတ်ပွားများ လေတော့သည်။

ဒါနကို သဘောပေါက်သည်အထိ လုပ်ဖူးက မလှူဘဲမနေနိုင်၊ သီလကို ကိုယ်ပိုင်ခံစားမှုရှိအောင် ကျင့်သုံးဖူးက မစောင့်ဘဲ မနေချင်၊ ဘာဝနာကို ကိုယ်တွေ့ အသိအမြင်ဆိုက်အောင် ရှုမှတ်ဖူးက မရှုမှတ်ဘဲ မနေနိုင်။ ထိုမနေနိုင်သောအဆင့်သို့ မရောက်သေးသမျှ မည်သည့် ဒါန၊ သီလ၊ ဘာဝနာ၊ မျှအကျိုးမပေး၊ အလှူပ်မခံ။

ထိုအချိန်မှစ၍ ညောင်ပင်ဆိတ်တောင်ရွာပတ်ဝန်းကျင်၌ လူချစ်လူခင်များ၍ သဘောထားကောင်းသော ဒေါ်နှင်းမြအား 'ကမ္မဋ္ဌာန်းရူးမ' ဟူသော ဘွဲ့တစ်ခု တိုးလာခဲ့သည်။ မှန်ပေ၏။ ကမ္မဋ္ဌာန်းတရား အားထုတ်လျှင် ရူးတတ်သည်ဟု လူအများ ပြောဆိုတတ်ကြသည် မဟုတ်ပါလော။

အရပ်ထဲက လူများသည် သူ့ထက်ငါ အပြိုင်အဆိုင် အပူဓောကပ်ပြီး မရပ်မနား ပြေးလွှားရှာဖွေ ရောင်းဝယ်ကြ၏။ ဒေါ်နှင်းမြကား တဝမ်းတခါး စားရုံရလျှင် တော်ပြီ။

http://www.dhammadownload.com



ရောင်းဝယ်လုပ်ကိုင်၍ စီးပွားဉစ္စာ အတော်အတန် စုဆောင်းမိသူများက တစ်မျိုးပြီးတစ်မျိုး ဆင်ယင်ဝတ်စားသွားလာတုပြိုင်ကြ။ ဒေါ်နှင်းမြကား ရွှက်ကြမ်းရေကြို မိုလ်နေမြဲကျားနေမြဲ၊ အစုတ်အပြဲ သန့်သန့်ကလေးနှင့်လည်း နေလို့ရလာ၏။

ဒေါ်နှင်းမြ၏အဖော်များကား ဘုရားပွဲ၊ ကျောင်းပွဲ၊ မင်္ဂလာဆောင် ရှင်ပြု၊ တုပြိုင်ဝတ်စား၊ ဇာတ်ပွဲရုပ်ရှင်သွားလိုသွားကြ၊ ရသမျှဖြုန်း၊ တရုံးရုံးပျော်ကြပါးကြ။ ပြန်လာလျှင် မိမိတို့ကြည့်ခဲ့သော ဇာတ်ပွဲသဘင်ပွဲ ရုပ်ရှင်အကြောင်း ပြန်ပြောင်း ပြောဆိုစမြုံ့ပြန်လို့မပြီး။ ရယ်ကြ မောကြ ငြင်းခုံကြရန်ဖြစ်ကြ၏။

ထိုအချိန်မျိုးတွင် ဒေါ်နှင်းမြကား ဘုရားစင်ရှေ့မှာ ရှိလျှင်ရှိ၊ မရှိလျှင် ဘုရားအိုကျောင်းပျက်၊ လူသွားလူလာ ကင်းရှင်းရာတစ်နေရာရာ၌ ရောက်နေတတ်၏။ ဒေါ်နှင်းမြကား ပတ်ဝန်းကျင်နှင့် ကင်းကွာမှန်းမသိ ကင်းကွာလာ၏။ ပြောဖော်ဆိုဘက် ဆွေးဖော်ကြွေဘက်မရှိ။

မည်သို့ဖြစ်စေ၊ ဒေါ်နှင်းမြဘက်က ထောက်ခံမည့်သူ တစ်ဦးတော့ ညောင်ပင်ဆိပ်ရွာထဲမှာ ရှိနေသေး၏။ သူကား တရားအတူ ရှုမှတ်ခဲ့ဖူးသူ ဒေါ်အင်ဖြူဖြစ်သည်။ "နှင်းမြမရူး"ဟု ဒေါ်အင်ဖြူ သိသော်လည်း ထိုအသိကို လူအများ လက်ခံနိုင်အောင် ပြောဆိုနိုင်စွမ်းမရှိ။ ကျန်းမာရေးလည်းမကောင်း၊ အသက်လည်းကြီးသူဖြစ်၍ သူကိုယ်တိုင်ပင် အရူးမဟုတ်၊ အကောင်းမဟုတ်၊ လူကောင်းဟု ထင်သူများကြားတွင် ခေါင်းငုံ့၍ ရေရရှာသူ ဖြစ်သည်။

အများနှင့်မတူသော ဒေါ်နှင်းမြအား "ရူးသွားပြီ။ ကမ္မဋ္ဌာန်းရူးမ"ဟု ကင်ပွန်းတပ်ကြသည်မှာ မဆန်းချေ။ ပတ်ဝန်းကျင်နှင့် 'မလွတ်တလွတ်'၊ တရားကလည်း 'မဆို့မပို့'အချိန်မှာ ဒေါ်နှင်းမြတစ်ယောက် လူများစုကြားတွင် ခိုးလိုးခုလုဖြစ်ခဲ့သော်လည်း ယခုမူ ပတ်ဝန်းကျင်က အရူးဘွဲ့ပေးကာ ဘေးမဲ့လွှတ်ခြင်း ခံရသဖြင့် ရန်းကန်လွန်ဆွဲမှုမရှိတော့ဘဲ ကိုယ့်စိတ်နှင့်ကိုယ် ချောင်ချောင်ချိချိ နေသာထိုင်သာရှိလာ၏။

ဒေါ်နှင်းမြကား အာနာပါနကို ရှုမှတ်ပွားများရာ ခန္ဓာကိုယ်တစ်ခုလုံး ရုပ်နာမ်အဖြစ်အပျက်များ အိုးထိန်းစက်ပမာ သွက်သွက်ခါလှုပ်ရှားပြောင်းလဲ ဖြစ်ပျက်မြဲသဘောမှန်တို့ကို တနေ့တခြား တိုး၍တိုး၍သာ အမြင်သန်လာလေရာ အိမ်မှာပင်နေလိုစိတ်မရှိတော့ချေ။ ထိုအခါ အကြံတစ်ခုရလာသဖြင့် အဖော် ဒေါ်အင်ဖြူကို တိုးတိုးတိတ်တိတ် ခေါ်ယူတိုင်ပင်ရ၏။

"အဒေါ် .... ကျွန်မ .... ကျောင်းက ဇရပ်သွားပြီး (၁၅)ရက်လောက် နေရကောင်းမလားလို့။ ကျွန်မ မရှိတုန်း ကျွန်မတို့အိမ် အဒေါ် တဆိတ်လောက်ကြည့်လိုက်စမ်းပါ"

http://www.dhammadownload.com



"ဒီအတွက် ကောင်မ သွားတာသွား၊ ကလေးတွေ ငယ်တော့တာမှ မဟုတ်ဘဲ ငါလည်း ကြည့်ရှုပြီး ပြောမှာပေါ့"

ဤလိုနှင့် ဒေါ်နှင်းမြတစ်ယောက် ဘုန်းကြီးကျောင်းထဲက ဇရပ်တစ်ခုသို့ လာရောက်နေထိုင်၏။ ကံဆိုးချင်တော့ မကြာမီ ဆရာဘုန်းကြီးမှာ နယ်လှည့်တရား ဟော ခရီးထွက်သွားရသည်။ သို့ရာတွင် ရှုမှတ်ပွားများပုံ နည်းလမ်းများကိုမူ အပြည့် အစုံ ညွှန်ကြားအားပေးသွားသည်။ ဆရာပင် မရှိသော်လည်း ဒေါ်နှင်းမြမှာ တစ်နေ့ ထက်တစ်နေ့ ရှုလို့မှတ်လို့ အထူးကောင်းနေ၏။ လွတ်လွတ်လပ်လပ် အေးချမ်းဆိတ် ငြိမ်စွာ ရှုမှတ်ရသဖြင့် ကျောင်းအရောက် နောက်ကျလေ့ခြင်းဟုပင် နောင်တ ဖြစ်နေ၏။

(၁၀)ရက်လောက်ရလျှင် ဒေါ်နှင်းမြမှာ ရှေးကဖြစ်ဖူးသော သွေးဝမ်း၊ ဝမ်းကိုက် ရောဂါ ပြင်းထန်စွာ ဖြစ်ပေါ်လာသဖြင့် ထိုဝေဒနာကိုသာ ရှုမှတ်နေရရှာတော့သည်။ ဝမ်းထဲအူထဲက တရစ်ရစ် တဖျစ်ဖျစ် တစစ်စစ် ကိုက်ခဲလှသော ဝေဒနာမျိုးကို တစ်တစ်ခွခွ မိမိရရ သိအောင် သတိဝီရိယကို ကြိုးစားမဲတင်း၍ ထူထောင်နေရရှာ၏။ သို့သော် ဝေဒနာလေး တစ်နေ့တခြား တိုး၍ တိုး၍သာ လာလေ၏။ စားနေကျ ဆေးဝါးဓာတ်စာများကလည်း မစွမ်းတော့ပြီ။ အိပ်ရာထဲတွင် အသာကလေးလှဲကာ မှေးကာ တရားကိုသာ မဲတင်းရှုမှတ်နေရရှာ၏။

မိမိနေသော ဇရပ်ပေါ်သို့ ခြေသံကြား၍ မျက်စိဖွင့်ကြည့်ရာ လာနေကျ ကလေးမတစ်ဦးဖြစ်ကြောင်း တွေ့မြင်ရသဖြင့် ....

"သမီး .... ခဏဒီနားလာဦး၊ ရွာထဲ သွားပြောချေစမ်းကွယ် .... အဒေါ်ကြီး ဒေါ်အင်ဖြူ ဇရပ်ခဏ လာပါဦးလို့ သွားပြောပေးစမ်း"ဟုပြောဆိုလွှတ်လိုက်ရာ မကြာမီ ကလေးမကလေး ပြန်လာ၏။ ဒေါ်အင်ဖြူလည်း အိပ်ရာထဲမှာ အသည်းအသန် ဖြစ်နေ၍ ဒီကနေ့ မလာနိုင်ကြောင်း ကြားသိရသည်။ သို့နှင့် တရားကိုသာ ဆက်လက် ရှုမှတ်မြဲ ရှုမှတ်နေရ၏။

ဇရပ်ထဲ၌ ယောဂီဒေါ်နှင်းမြ၏ ထွက်လေဝင်လေ ရှူရှိုက်သံမှာ တချီတချီ ရှည်ရှည်ပြင်းပြင်း၊ တစ်ခါတစ်ခါ ညှင်းညှင်းမွေ့မွေ့၊ လောကကြီးတစ်ခုလုံးက သူ့ အတွက် အိပ်မောကျနေကြ၏။ ဇရပ်ကလေး ပတ်ဝန်းကျင်၌လည်း တိတ်ဆိတ်ငြိမ် သက်လှသည်။ ညနေ နေဝင်ရိုးတရီတွင် တချီတချီ လေပြည်လေရူးကလေး ရုပ်ပြေး ဆော့ကစားသည်မှအပ တစ်ကျောင်းလုံး ငြိမ်သက်နေကြ၏။ ကမ္မဋ္ဌာန်းကျောင်း အသီးသီး၌ ယောဂီများ ကိုယ့်တရားကိုယ် ရှုမှတ်ကာ လောကကြီးနှင့် အဆက်ပြတ် နေကြလေ၏။ တစ်နေ့တာ တရားဖြုတ်ရန် နေပင်ဝင်လုပေပြီ။

http://www.dhammadownload.com



ညောင်ပင်ဆိပ်တောင်ရွာမှ ဒေါ်အင်ဖြူလည်း နေမကောင်းသည့်ကြားကပင် ကျောင်းဘက်သို့ မသွားနိုင်သည့်တိုင်အောင် တစ်လမ်းကျော်ရှိ ဒေါ်နှင်းမြအိမ်ဘက်သို့သွားကာ တောင်ဝှေးကို အဖော်ပြုကာ တစ်ခေါက်သွားကြည့်လိုက်သေး၏။

ပြန်အလာ မောမောနှင့် အိမ်ထဲသို့ဝင်ထိုင်ခိုက် 'အဒေါ်ရေ'ဟု ခေါ်သံကြားသဖြင့် အိမ်ပြင်ဘက်သို့ ထွက်လာ၏။ 'ဟေ .... 'ဟုလည်း ထူးလိုက်သည်။ ဒေါ်နှင်းမြအသံဟုလည်း အောက်မေ့လိုက်၏။ အပြင်ထွက်လာကြည့်သော်လည်း မည်သူ့ကို မျှ မတွေ့ရ။

"အဒေါ် .... အဒေါ် မအင်ဖြူ ကျွန်မ ဒီကလေ"

အသံကြားရာသို့ မော်ကြည့်လိုက်ရာ ဒေါ်အင်ဖြူမှာ ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် ရှိရလေ၏။ အလွန်အံ့အားသင့်ကာ ကြောင်ကြောင်ကြီးဖြစ်နေ၍ မည်သို့ပြန်ပြောရမည်မသိ ဖြစ်နေသည်။ မျက်စိကိုပွတ်သပ်၍ သေသေချာချာကြည့်လိုက်၏။ ဒေါ်နှင်းမြသည် သူနှင့်ပေနှစ်ဆယ်အကွာ ကောင်းကင်၌ ပန်းရထားကြီးနှင့်။ အရောင်အဝါတွေလည်း ဝင်းလို့ လက်လို့။ နှင်းမြကလေး လှလိုက်ပုံကလည်း ဘယ်လိုလှမှန်းမသိ။

"အဒေါ်ကြီး ကျွန်မ အပြစ်ကြီးငယ်ရှိလည်း ခွင့်လွှတ်ပါ .... ကျွန်မ ခုတုသိတာကို သွားရပါတော့မယ်။ ဘုန်းကြီးဘုရားကိုလည်း ပြန်လာရင် လျှောက်လိုက်ပါ၊ အဒေါ်လည်း တရားကို ကြိုးစားရှုမှတ်ပြီး လိုက်ခဲ့ပါ"

"ဩော် .... ဟဲ့ .... မိနှင်းမြ .... နင်တို့အိမ်က ငါအခုပဲ ပြန်လာတယ်၊ နင်လေ ဇရပ်မှာ မရှိတော့ဘူးလားဟင်၊ အေးပါဟယ် .... နှင်းမြရယ်၊ နင်တော့ဟန်ကျသွားပြီ ပေါ့၊ ငါ့မှာ ဘယ်လိုနေရဦးမယ်တောင် မသိသေးပါဘူး"

"ဘယ်သူတွေ ဘာပြောပြော တရားကိုသာ ကြိုးစားအားထုတ်ရစ်ပါ အဒေါ်ရယ် .... ကဲ .... သွားတော့မယ်"

"သွားပေတော့ သူတော်ကောင်းမကြီးရေ .... သွားပေတော့ .... သွားပေတော့ .... သာဓုတော် .... သာဓု၊ သာဓု၊ နှင်းမြ၊ နင်မတော့ ဟန်ကျလိုက်လေခြင်း"

ဒေါ်အင်ဖြူတစ်ယောက် မျက်စိတစ်ဆုံး ကောင်းကင်သို့ မော့ကြည့်ကာ ဝမ်းနည်း ဝမ်းသာ ကြောင်ကြောင်ကြီးရပ်လျက် ငေးမောကျန်ရစ်လေ၏။

"အဒေါ်ကြီး အဒေါ်မအင်ဖြူ .... နေကောင်းသွားပလား၊ စကားတွေ တဖောင်ဖောင်နဲ့ .... "

အိမ်နီးချင်းများက လှမ်းပြီး လူမမာ မေးခြင်းဖြစ်၏။ အိမ်နီးခြင်း အမျိုးသမီးသုံးလေးဦး လူသံသူသံကြား၍ ဒေါ်အင်ဖြူအိမ်ဘက်သို့ပင် လူမမာမေးရန် ရောက်

http://www.dhammadownload.com



လာကြသည်။

"အဒေါ် နေကောင်းသွားပလား၊ နေမကောင်းဘူးသာဆိုတယ် စကားတွေလည်း ဖောင်လို့၊ ခုနက ဘယ်က ဧည့်သည်လာသလဲ"

ဒေါ်အင်ဖြူမှာ နေမကောင်းသည်ကိုပင် မေ့ပျောက်ကာ၊ အမောတကော ပြောချင်ဇောနှင့် ....

"ဟဲ့ .... ခုနက နှင်းမြလာတာ နင်တို့ မမြင်လိုက်ဘူးလား။ လှလိုက်တာဟယ်၊ လှလိုက်တာ၊ နှင်းမြတစ်ယောက် ဘယ်လိုလှမှန်းမသိဘူး"ဟု ပြောဆိုနေသော်လည်း သူ့စကားကို အိမ်နီးချင်းများမှာ နားမလည်နိုင်အောင် ရှိကြလေ၏။ အကြောင်းစုံမေးမြန်းပြောပြခါမှ အားလုံး အံ့အားသင့်ကုန်ကြတော့သည်။

"ဩော် .... ဒီလိုကိုး .... ထူးတော့ထူးပါတယ်ဆိုပြီး အဒေါ့်အိမ်ဘက်ထွက်လာခဲ့တာ၊ အဒေါ်ပြောနေတဲ့စကားကိုတော့ ကြားနေရသားပဲ .... ဘာလဲသာ အသေအချာမသဲကွဲတာ။ မနှင်းမြအသံကိုတော့ ကျွန်မတို့ မကြားမိဘူး"

ညောင်ပင်ဆိပ်ရွာကလေးသည် မှောင်စပျိုးလာ၍ ရွာရိုးတလျှောက်. ဟိုမှသည်မှ စားသောက်ပြီးသူများ လမ်းသလားနေကြ၏။ နေဝင်သွားပြီ ဖြစ်သဖြင့် ကျောင်းဘက်ဆီမှ အုံးမောင်းထိုးသံပင် ထွက်ပေါ်လာလေ၏။ ဒေါ်နှင်းမြ၏ ဆွေမျိုးများ ကျောင်းဘက်သို့ အပြေးသွားကြရာ ဒေါ်နှင်းမြနေသော ဇရပ်ကလေးတွင်ကား လူစလူနပင် မတွေ့ရ။ အိပ်မောကျနေ၏။ ကျောင်းဘုန်းကြီးများ၊ ယောဂီများပင် ဒေါ်နှင်းမြအကြောင်း သိရှိကြပုံမရသေး .... ။ ဇရပ်ပေါ်သို့သွား၍ ကြည့်သောအခါ ဖျာကလေးတစ်ချပ်ပေါ်တွင် လက်အုပ်ချီမပျက် စောင်းလျက်လဲလျောင်းနေသော ဒေါ်နှင်းမြအလောင်းကို တွေ့မြင်ကြရလေ၏။

"သာသနာ့ဝင်ကျောက်ထိုင်ကြီး"စာအုပ်မှ

http://www.dhammadownload.com

# တရားမှတ်ရင်း ရောဂါကင်း

## သတိပဋ္ဌာန်နှင့် ကမ္ဘာ့စစ်ပြန်ကြီး

မှတ်မှတ်ရရ၊ ၁၃၃၂–ခု၊ ဝါခေါင်လဆန်း၊ (၆)ရက်နေ့ညနေပိုင်းကဖြစ်ပါ၏။ အသက်တော်တော်ကြီးပုံရသည့် အသားညိုညိုနှင့် ထောင်ထောင်မောင်းမောင်း အမျိုးသားကြီးတစ်ယောက်သည် စာရေးသူ တရားပြနေသော 'ပြန်ကပြေး မဟာစည်ရိပ်သာ'ခွဲသို့ ရောက်လာလေသည်။

၎င်းနှင့်ပတ်သက်သည့် အကြောင်းများနှင့် တကယ် တရားလိုလားသူ ဟုတ်မဟုတ်တို့ကို စုံစမ်းမေးမြန်းပြီးနောက် စာရေးသူက ယောဂီစာရင်း ရေးယူလိုက်ပါသည်။

### ပထမကမ္ဘာစစ်ပြန်

စာရင်းယူပြီးသောအခါမှပင် ပျဉ်းမနားမြို့မှ ပဋ္ဌမကမ္ဘာစစ်အတွင်းက နိုင်ငံခြားတိုင်းပြည်များအထိ လိုက်ပါ၍ စစ်မှုထမ်းခဲ့သော ပဋ္ဌမကမ္ဘာစစ်ပြန်ကြီး အသက်(၇၃)နှစ်ရှိ ဦးဘိုးထွန်းဖြစ်ကြောင်း သိရလေသည်။

အဘိုးကြီးမှာ အသက်လည်းကြီး၊ အသက်ရှူမဝသည့် ရောဂါကလည်းရှိနေသည်ဆိုသဖြင့် တရားကို အားထုတ်နိုင်သလောက်သာ အားထုတ်ရန် ညွှန်ကြားပြီး စာရေးသူက မဟာစည်သတိပဋ္ဌာန် ဝိပဿနာရှုနည်း အလုပ်ပေးတရားများကို ဟောလိုက်၏။

ဦးဘိုးထွန်းကား စစ်မှုထမ်းဟောင်းပီပီ လုပ်မည်ဆိုသောအလုပ်ကို မလျှော့တမ်းလုပ်သူဖြစ်၏။ "နွားပျိုသန်လှ နွားအိုပေါင်ကျိုးသလောက်"ဆိုသော စကားပုံကဲ့သို့ လူငယ်များနှင့် နင်လားငါလား ရင်ဘောင်တန်း၍ ကြိုးစားအားထုတ်နိုင်လေသည်။ ထို့ကြောင့် ရုပ်နာမ်ကွဲလျက် အကြောင်းနှင့်အကျိုးကိုလည်း သိလာကာ ထိုဉာဏ်တို့မှတက်၍ အထက်ဉာဏ်များ၏သဘောကိုပင် မကြာမီရက်အတွင်း ပြောလာနိုင်လေသည်။

---

http://www.dhammadownload.com



## ရောဂါကင်းပျောက် လွန့်ဝမ်းမြောက်

တရားအားထုတ်ရက်ပေါင်း (၂၀)လောက်ရသော တစ်နေ့၌ကား တရားစစ်ချိန် မဟုတ်သောနေ့ပိုင်းတွင် ဦးဘိုးထွန်းသည် စာရေးသူထံသို့ ဝမ်းမြောက်ဝမ်းသာ ရွှင်ပြသောမျက်နှာဖြင့် ရောက်လာကာ ....

"တပည့်တော် ဝမ်းသာလွန်းလို့ပါဘုရား၊ အရှင်ဘုရားကို ကျေးဇူးလည်းတင်၊ လျှောက်လည်းလျှောက်ချင်လို့ လာပါတယ်ဘုရား။ တပည့်တော်ကို လျှောက်ခွင့်ပြုပါ ဘုရား"ဟု ဆိုလာ၏။

စာရေးသူက "လျှောက်ချင်တာရှိရင် လျှောက်နိုင်ပါတယ်"ဟု ခွင့်ပြုသော အခါ....

"တပည့်တော်မှာ အသက်ရှူမဝတဲ့ ရောဂါရှိပါတယ်၊ ကြာပါပြီဘုရား၊ အဲဒီ ရောဂါဟာ တစ်ခါက ကလေးငယ်တစ်ယောက်ကို ပက်လက်လှန် အနင်းခိုင်းရင်း ကလေးငယ်က ရင်ဘတ်တက်နင်းလို့ ဖြစ်ခဲ့တာပါ။ ဓာတ်မှန်ရိုက်ကြည့်တော့ "နံရိုးက ကွေးပြီး အဆုပ်ကိုထောက်နေတယ်လို့" ဆရာဝန်များက ပြောပါတယ်၊ ဒါနဲ့ တပည့်တော် ဆေးရုံတက်ပြီး ကုသတာ. ခွဲကုမှရမယ်ဆိုတာနဲ့ အသက်လည်းကြီး ပြီမို့ ခွဲရင်သေမှာပဲထင်ပြီး မခွဲရဲဘဲ ဆေးရုံက ဆင်းခဲ့ပါတယ်။ နောက် တခြားဆေးရုံတွေ သွားပြကြည့်လည်း ဆရာဝန်တွေက ခွဲရမယ်ချည်း ပြောကြပါတယ်။ ဒါနဲ့ တပည့်တော် ဟာ သေခြင်းကမဦးခင် တရားက ဦးအောင်အားထုတ်မယ်လို့ ဆုံးဖြတ်ချက်ချပြီး ဒီကိုလာ တရားအားထုတ်တာပါ၊ ယခုတော့ ခွဲဖို့မလိုတော့ပါဘူး ဘုရား။ ဘာပြုလို့လဲ ဆိုတော့ တပည့်တော်'ဖောင်းတယ်''ပိန်တယ်'နဲ့ မှန်မှန်ရှုမှတ်နေတုန်းမှာ ရင်ထဲက 'ဒုတ်'ခနဲ အသံတစ်ခုကြားရပြီး အသက်ရှူ ချောင်သွားပါတယ်။ အရင်က အသက်ရှူလို့ မဝပေမယ့် အခုတော့ အသက်ရှူလို့ ဝနေပါတယ်။ လက်နဲ့စမ်းကြည့်တော့ နံရိုးဟာ အရင်ကလို အဆုပ်ကို ကွေးထောက်မနေဘဲ ဖြောင့်သွားတာကို တွေ့ရပါတယ်"

"ဒါကြောင့် တရားအားထုတ်ရင် ထူးထူးခြားခြား ရောဂါများ ပျောက်ကင်း နိုင်ကြောင်း စာရွက်ရိုက်ပြီး ဝေငှပါရစေ"ဟု လျှောက်တော့၏။

စာရေးသူက "စာရွက်တွေဘာတွေ ရိုက်ဝေမနေပါနဲ့ ဒကာကြီးရယ်၊ အုတ် အော်သောင်းတင် းအုတ်အုတ်ကျက်ကျက် ဖြစ်နေပါလိမ့်မယ်"ဟု တားမြစ်လိုက်ရ၏။

ထိုသို့ပင် စာရွက်ဝေခွင့် မရသော်လည်း ဦးဘိုးထွန်းကား တရားအားထုတ်လျှင် ရောဂါပါ ပျောက်ကင်းနိုင်ကြောင်း ပါးစပ်မောင်းခတ်လျက် ရှိလေသည်။

အဲဒါကို ဆရာဝန်ထံ သွားပြတဲ့အခါ "ဘယ်ဆေးရုံ သွားကုသတုန်း၊ ဘယ် ဆရာဝန်နဲ့ကုသတုန်း" လို့မေးတော့ "ဘယ်ဆရာဝန်နှင့်မ မကုပါဘူး၊ ရိပ်သာသွားပြီး

http://www.dhammadownload.com



တရားအားထုတ်တာနဲ့ ပျောက်သွားတာ ဘုရားဆေးပေါ့"လို့ သူက ပြောတော့ ဆရာဝန်က "မခွဲမစိတ်ရဘဲနှင့် ပျောက်တယ်ဆိုတော့ အလွန်ကောင်းတဲ့နည်းပဲ"လို့ မှတ်ချက်ချပြီး အံ့သြနေပါသတဲ့။

[၁၃၃၇–ခုနှစ် နတ်တော်လပြည့်ကျော်(၄)ရက်၊ မဟာစည်သာသနာ့ရိပ်သာ အတွင်းရှိ သိမ်တော်ကြီး၏ မဟာစည်သြဝါဒခံ တစ်နိုင်ငံလုံးရှိ ကမ္မဋ္ဌာနစရိယ ဆရာတော်များ တရားအတွေ့အကြုံ နှီးနှောဖလှယ်ပွဲကြီး၌ ပျဉ်းမနား 'ပြန်ကပြေးရွာ မဟာစည်ရိပ်သာ' ဆရာတော် ဦးဇဋိလ (ယခု မဟာစည်နာယကအဖွဲ့ဝင်) တင်ပြ ဆွေးနွေးချက်မှ။]

## ဝမ်းတွင်းအလုံးကြီးပျောက်သူ ဒေါ်ခင်ထွေး

၁၃၂၄–ခုနှစ်၊ တော်သလင်းလဆန်း (၃)ရက်နေ့က တာမွေမှ ဒေါ်ခင်ထွေး ခေါ်တဲ့ အမျိုးသမီးတစ်ယောက် လာပြီး တရားအားထုတ်ရာ (၃)ရက်ရှိတော့ အမျိုးသမီးယောဂီတွေ ဝိုင်းဝန်းနှိပ်နယ်ပေးနေတာကို မြင်လို့ ဘုန်းကြီးက "ဘာဖြစ်တာလဲ"လို့ မေးလိုက်တယ်။

"ဗိုက်ထဲက နာလို့ပါဘုရား၊ တပည့်တော်မရဲ့ ဗိုက်ထဲမှာ အလုံးရှိနေလို့ ကြာကြာ မထိုင်နိုင်ပါဘုရား၊ အိမ်မှာလည်း ဧည့်သည်မိတ်ဆွေများလာတဲ့အခါ နာရီဝက်လောက် ထိုင်ပြီး စကားပြောမိရင် ဧည့်သည်ပြန်သွားရင် ဗိုက်ထဲကနာလို့ နှိပ်ပေးရတာပါပဲ၊ ဆရာဝန်ကို ပြကြည့်တော့ ဆရာဝန်က ခင်ဗျားဗိုက်ထဲမှာ အလုံးကြီးရှိနေတယ်၊ ခွဲပြီးထုတ်ပစ်ရမယ်လို့ ပြောတာ (၄)နှစ်တောင် ရှိသွားပါပြီ၊ ဒီနှစ်တော့ မခွဲရင် မဖြစ်တော့ဘူး၊ ခွဲရလိမ့်မယ်လို့ ပြောပါတယ်"

"ဒါနဲ့ တပည့်တော်မလည်း ခွဲရင် သေချင်လည်းသေမယ်၊ သေရင် အားကိုး လောက်တဲ့ တရား ငါ့မှာ မရှိသေးဘူး၊ အားကိုးလေးရအောင်တော့ တရားတော့ အားထုတ်ဦးမှပဲဆိုတဲ့ ရည်ရွယ်ချက်နဲ့လာပြီး တရားအားထုတ်တာ၊ တစ်နာရီလောက် ထိုင်ရလို့ ဗိုက်ထဲက နာလာတာပါဘုရား"လို့ လျှောက်ထားတယ်။

ဒီတော့ ဘုန်းကြီးက "ဟာ .... ဒီလိုဆိုရင် အစက ဒီအကြောင်းကို ဘုန်းကြီး မပြောဘဲကိုး၊ တို့မြတ်စွာဘုရားရှင်က ဣရိယာပုထ် (၄)ပါးလုံးနဲ့ ရှုမှတ်နိုင်တယ်လို့၊ 'ဂစ္ဆန္တောဝါ၊ ဌိတောဝါ'စသည်ဖြင့် မဟာသတိပဋ္ဌာနသုတ်မှာ ဟောတော်မူထားတာပဲ၊ ဒီလိုဆိုရင် ယောဂီ ဗိုက်မနာအောင် နံရံကိုမှီပြီး ရှုမှတ်ပါ၊ ပက်လက်ကုလားထိုင်နဲ့လည်း မှတ်နိုင်တယ်၊ တုံးလုံးလဲလျောင်းပြီးတော့လည်း မှတ်နိုင်တယ်၊ မနာမကျင်တဲ့ နည်းနဲ့သာ ထိုင်ပါ၊ ထိုင်မှတ်ချင်လည်းမှတ်၊ အိပ်မှတ်ချင်လည်းမှတ်ပါ၊ သမာဓိနဲ့ ဉာဏ်ဖြစ်လာရင် ဒီအလုံးဟာ ပျောက်ကင်းသွားတတ်ပါတယ်"

http://www.dhammadownload.com



"မှန်ပါ၊ ဆရာတော် ပြောတဲ့အတိုင်း တပည့်တော်မ ဆက်ပြီးတော့ အားထုတ်ပါ့မယ်၊ ဒါပေမဲ့ ဆရာဝန်ကိုတော့ သွားပြီး ပြကြည့်ချင်သေးတယ် ဘုရား"လို့ လျှောက်တော့ ဘုန်းကြီးက "အေ .... အေး .... ပြကြည့်ချင်သေးလည်း ပြကြည့်သေးတာပေါ့၊ ပြပြီးရင်တော့ ပြန်လာခဲ့"လို့ ပြောလိုက်တယ်။

ဒါနဲ့ သူဟာ အိမ်ပြန်ပြီး ဆရာဝန်ကိုသွားပြသတဲ့။ ဆရာဝန် စမ်းသပ်ကြည့်ပြီးတော့ ခင်ဗျားအလုံးက ခွဲထုတ်ပစ်မှဖြစ်မယ်၊ တရားကိုတော့ ဆက်မထိုင်နဲ့တော့၊ တရားပြန်ထိုင်ရင် ခင်ဗျား သေသွားလိမ့်မယ်လို့ ဆရာဝန်က ပြောလိုက်သတဲ့။ ဒီအကြောင်းကို (၂)ရက် အိမ်မှာနေပြီး ရိပ်သာကိုပြန်လာတော့ ယောဂီကပြောပြလို့ သိရတယ်။

ဒီလိုဆိုရင် ယောဂီ ဆက်သာအားထုတ်ပေတော့၊ လူပဲသေမှာလား၊ အလုံးကြီးပဲ ကြေပျက်သွားမှာလားဆိုတာ သိရမှာပေါ့၊ ယောဂီရဲ့ကိုယ်ကိုသာ သက်သာအောင်ထားပြီးတော့ထိုင်ပါ၊ ကုလားထိုင်နဲ့ ထိုင်ချင်ထိုင်၊ မှီပြီးထိုင်ချင်ထိုင်၊ အိပ်မှတ်စောင်းမှတ် မှတ်နိုင်တာပဲ၊ စားတိုင်းသောက်တိုင်းလည်း ရှုမှတ်မှုမလွတ်စေနဲ့၊ ထမင်းစားတဲ့အခါမှာ ထမင်းလုပ်ကို ပြင်ရင်ပြင်တယ် ပြင်တယ်၊ ယူရင် ယူတယ်၊ ပါးစပ်ဟတယ်၊ ခွံ့တယ်၊ ဝါးတယ် မျိုရင် မျိုတယ် မျိုတယ်လို့ ရှုမှတ်ပြီးတော့ စားပါ၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး တရားပေးစဉ်က ဒီလိုမှတ်ပြီး စားရမယ်လို့ ဟောပြထားတာပဲ၊ သမ္ဗုဒ္ဓမြတ်ဘုရားကလည်း 'အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ'လို့ သတိပဋ္ဌာနပါဠိတော်မှာ ဟောတော်မူထားတာပဲ၊ 'အသိတေ'စားရင် စားတဲ့အခါ၌'သမ္ပဇာနကာရီ'ကိုယ်တိုင် ကွဲကွဲပြားပြား သိအောင် ပြုလုပ်လေ့ရှိသည်။ 'ဟောတိ' ဖြစ်၏။"

ဒီလိုရှုမှတ်ပြီး စားတဲ့အခါမှာ ထမင်းလုပ်ပြင်နေတဲ့ဆီသို့သာ သတိကလေးက တန်းခနဲ၊ စိုက်ခနဲ သွားတာဟာ သတိသမ္ဗောဇ္ဈင်လို့ခေါ်တယ်၊ မလွတ်အောင် ကြိုးစားအားထုတ်တာက ဝီရိယသမ္ဗောဇ္ဈင်လို့ခေါ်တယ်၊ ဒီလို ရှုမှတ်နေရင်း ကိုယ်က ကြွလာတာလို၊ စိမ့်လာတာလို၊ ဖြန်းခနဲ အေးခနဲ ဖြစ်လာတာလို ဖြစ်ပေါ်လာတာက ပီတိသမ္ဗောဇ္ဈင်လို့ခေါ်တယ်၊ တစ်ခါတစ်ခါ ကိုယ်က သိမ်မွေ့လာတာလို၊ ပျောက်သွားတာလို ဖြစ်ပေါ်လာတာကို ပဿဒ္ဓိ သမ္ဗောဇ္ဈင်လို့ခေါ်တယ်၊ ဒီပီတိပဿဒ္ဓိတွေ အားကောင်းလာရင် ဗောဇ္ဈင်ရဲ့ သတ္တိကြောင့် ဒီအလုံးဟာ ကြေကွဲသွားလိမ့်မယ်၊ ကြိုးစားပြီးတော့သာ အားထုတ်ပါ ယောဂီ"

"မှန်ပါ၊ အားထုတ်ပါမယ်ဘုရား၊ တပည့်တော်မ မလျှော့ပါဘူး၊ မခွဲမစိတ်ရဘဲနဲ့သာ ပျောက်သွားရင် တပည့်တော်မ သိပ်ဝမ်းသာတာပေါ့ဘုရား"လို့ဆိုပြီး

http://www.dhammadownload.com



အားထုတ်လိုက်တာ (၁၅)ရက်လောက်ရှိတော့ ပြောတဲ့အတိုင်း၊ ရှုမှတ်ပြီး ထမင်းစားနေစဉ် "ပုပ်စော်နံလိုက်တာ မပြောပါနဲ့တော့၊ ဒါနဲ့ တပည့်တော်မ လိုက်ပြီးရှာတော့ ကိုယ့်ဝမ်းထဲက ဖြစ်နေပါတယ်ဘုရား"လို့ ဘုန်းကြီးအား လျှောက်ထားပါတယ်။

"ဒီလိုဆိုရင် ယောဂီရဲ့အလုံးကြီး ပျောက်တော့မယ်လို့သာ အောက်မေ့ပေတော့"လို့ ဘုန်းကြီးက ပြောတဲ့အတိုင်း တဖြည်းဖြည်းကြေကျ ပျောက်ကင်းသွားပါတယ်။ ယောဂီလည်း ဝမ်းလာလို့ အိမ်ပြန်ရောက်တော့ ဆရာဝန်ထံသွားပြတယ်။ ဆရာဝန် စမ်းသပ်ကြည့်ပြီး "ဟာ .... ခင်ဗျားအလုံးကြီး မရှိတော့ဘူး၊ ဘာလုပ်သလဲ" လို့မေးတော့ ....

"ကျွန်မ မဟာစည်သာသနာ့ရိပ်သာကို သွားရောက်ပြီးတော့ တရားအားထုတ်တယ်လေ၊ ဆရာဝန်က တရားအားထုတ်ရင် သေလိမ့်မယ်လို့ကိုပြောတာ၊ ခု ကျွန်မ မသေတဲ့အပြင် ရောဂါတောင် ပျောက်ကင်းသွားပြီ"လို့ အားရဝမ်းသာစွာ ပြောလိုက်တော့ ....

"ဟာ .... ဟုတ်လား .... ခင်ဗျားတို့ တရားက အံ့သြစရာပါကလား" ဟု ဆရာဝန်က အံ့သြသွားသတဲ့။ (ဆရာဝန်က ကုလားဆရာဝန်တဲ့။)

## အလုံးကြီးကျေကွဲပျောက်သူ ဦးအောင်ရွှေ

မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းမှ အသက်(၅၄)နှစ်ရှိ ဒကာဦးအောင်ရွှေမှာလည်း ဝမ်းထဲမှာ အလုံးကြီးရှိနေတယ်တဲ့။ သူလည်း ဒီလိုပဲ ဆရာဝန်က ခွဲရမယ်လို့ ပြောတာပဲ။ မခွဲခင် မဟာစည် ဆရာတော်ဘုရားကြီးထံ ၁၃၃၀–ခု၊ နယုန်လဆန်း (၅)ရက်နေ့မှာ ရောက်လာပြီး တရားအားထုတ်တယ်။ တစ်နေ့တော့ ရှုမှတ်နေရင်း ပျောက်သွားတော့တာပဲ ဘုရားလို့ ဘုန်းကြီးကို လျှောက်ထားပါတယ် .... ။ သူလျှောက်တာဟာ ၁၃၃၁ ခုနှစ်လောက်ကလို့ ထင်မိတယ်။

## အလုံပျောက်သူ ဦးသောဘန

နောက်တစ်ခုက ဒီနှစ် ၁၃၃၆–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့က လာအားထုတ်တဲ့ ရွှေဘိုနယ် ကင်းပြားရွာမှ (၂၈)နှစ်၊ (၈)ဝါရ ဦးသောဘနဆိုတဲ့ ဦးပဥ္ဇင်းမှာလည်း ညာဘက်ဘေး၌ အလုံးကြီးတစ်ခုရှိတယ်တဲ့။ ဒီအလုံးကြီးက ထိုင်တဲ့အခါမှာ နံရိုးကို ထောက်ထောက်နေလို့ နာတာနဲ့အတော်ပေပြီး ရှုမှတ်ရတယ်တဲ့။ ဒီလိုနဲ့ ရှုမှတ်လိုက်တာ (၂၅)ရက်ခန့်ကြာတော့ ကြေပြီးပျောက်ကင်းသွားပါတယ် ဘုရားလို့ ဘုန်းကြီးအား လျှောက်ထားတယ်။ အဲဒီဦးပဥ္ဇင်းကတော့ ဘယ်အချိန်က

http://www.dhammadownload.com



ဘယ်လိုကြေပျောက်သွားမှန်းတောင် မသိလိုက်ပါဘူးတဲ့။ ဘုန်းကြီးကို လျှောက်ထားတော့ သခေါ်ရပေက္ခာဉာဏ်လောက်ရောက်မှ လျှောက်ထားပါတယ်။

## ရောဂါဝေဒနာပျောက်ကင်းကြတာ ဗောဇ္ဈင်ပွားလို့ပဲ

ဒါကြောင့် တကယ်ကြိုးစားပြီး အားထုတ်တဲ့ လူမှန်ရင် ဝမ်းထဲမှာ ဖြစ်နေတဲ့ မကောင်းဆိုးဝါးတွေလည်း မနေနိုင်ဘူး။ သူတို့အတတ်ပညာနဲ့ လုပ်ထားတဲ့ ရောဂါဝေဒနာမှန်သမျှလည်း ပျောက်ကင်းသွားနိုင်ပါတယ်။ ဒီပြင်လည်း ရောဂါဝေဒနာပျောက်ကင်းသူတွေ အတော်များများ ရှိကြပါသေးတယ်။

ဒီလိုရောဂါဝေဒနာတွေ ပျောက်ကင်းကြတာကတော့ ဗောဇ္ဈင်ကို ပွားများနေကြလို့ပါပဲ၊ ဗောဇ္ဈင်ပွားတယ်ဆိုတာက ခန္ဓာကိုယ်ထဲမှ ဖြစ်ပေါ်လာခိုက် ရုပ်တရားနာမ်တရားတွေကို ဖြစ်ပေါ်လာတဲ့အတိုင်း အဝိစ္ဆာမဝင်အောင် မလွတ်တမ်း ရှုမှတ်သိနေတဲ့ ဝိဇ္ဇာလို့လည်းခေါ်ရ၊ ဝိပဿနာဉာဏ်လို့လည်းခေါ်ရ၊ ဗီမံသိဒ္ဓိပါဒ်၊ ပညိန္ဒြေပညာ ဗိုလ်သမ္မာဒိဋ္ဌိမဂ္ဂင်ကိုလည်း ခေါ်ရတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်(၇)ပါးကို ပွားနေလို့ရောဂါတွေ ပျောက်ကင်းကြတာပဲ။ ဝဋ္ဋနာကာနာကတော့ မပျောက်ကင်းဘူးပေါ့လေ။ ရောဂါမပျောက်လည်း ကြိုးစားအားထုတ်နေရင် မိမိတို့လိုချင်ကြတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကိုတော့ ရနိုင်ပါတယ်။

အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်မဟာကဿပ မထေရ်မြတ်ကြီးတွေ နေထိုင်မကောင်းဖြစ်တော်မူကြစဉ်ကတော့ သဗ္ဗညုမြတ်စွာဘုရားရွတ်တော်မူတဲ့ ဗောဇ္ဈင်(၇)ပါးတရားကို နာယူရုံနဲ့ပဲ ရောဂါက မဂ်နဲ့ပယ်လိုက်လို့ ကင်းကွာသွားတဲ့ ကိလေသာလိုပဲ လုံးဝပျောက်ကင်းသွားကြပါတယ်။ အခုပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ ကိုယ်တိုင်ပွားများအားထုတ်ကြလို့ ရောဂါပျောက်ကင်းသွားကြတဲ့ ပုဂ္ဂိုလ်တွေပါ။

ဒါပြင်လည်း အမှတ်ရတုန်း ဆက်ပြောပါဦးမယ်။ ဒါကတော့ မြင်းခြံမြို့ မဟာစည်ရိပ်သာခွဲကို စပြီးတည်ထောင်တဲ့ အဘက်ဘက်မှ ပြည့်စုံတော်မူတဲ့ ဦးစီးနာယက ဆရာတော် အရှင်သုန္ဒရ၏။ မိန့်ကြားချက် ဖြစ်ပါတယ်။

## ဒူးကိုက်နာပျောက်သွားသူ ကိုမြဆောင်

၁၃၃၃–ခု၊ ဝါခေါင်လဆုတ် (၁)ရက်နေ့က အသက်(၄၀)ရှိ ကိုမြဆောင်ဆိုတဲ့ ဒကာတစ်ယောက် မြင်းခြံရိပ်သာ ဆရာတော်ထံသို့လာပြီး တရားအားထုတ်သတဲ့။ ဒီဒကာမှာလည်း ဒူးကိုက်တဲ့ရောဂါ စွဲကပ်နေတာ (၅)နှစ်ကြာပြီတဲ့။ ဆရာမျိုးစုံဖြင့် ကုသသော်လည်း မပျောက်တာနဲ့ မြင်းခြံရိပ်သာ ဆရာတော်ထံလာပြီး တရားအား

http://www.dhammadownload.com



ထုတ်တာတဲ့။ အားထုတ်တဲ့အခါမှာ ဒူးရောင်ပြီး ကိုက်နေတဲ့နေရာက မှတ်လေ နာလေပဲတဲ့။ ကိုမြဆောင်ကလည်း ဆရာတော်ပြောတဲ့အတိုင်း မလွတ်တမ်း မှုမှတ် လိုက်တာ နာလွန်းလို့ မျက်ရည်ကို တောက်တောက်ကျသတဲ့၊ လူကိုယ်ကလည်း နောက်လန်လိုက်၊ ကုန်းလိုက်၊ ကော့လိုက်နဲ့ ကိုးရိုးကားယား ဖြစ်နေတာ (၄)ရက် ကြာအောင် မှတ်ရသတဲ့။ ဒီလိုရှုမှတ်ရင်းက အော်လိုက်တာ ဒူးရောင်ပြီး ကိုက်ခဲနာကျင် တာလည်း လုံးဝပျောက်ကင်းသွားတာ ယနေ့အထိ မပေါ်လာတော့ဘူးတဲ့။

## အလုံးပျောက်သွားသူ ဦးသုမန

နောက်တစ်ခုက ၁၃၁၉-ခု၊ ဒုတိယဝါဆိုလဆန်း (၂)ရက်နေ့က မြင်းခြံ အနောက်မြောက် ငတရော်ရွာကျောင်းမှ အသက်(၅၅)နှစ်ရှိ ဆရာတော် ဦးသုမနဆို တာ လာရောက်တရားအားထုတ်သတဲ့။ ၎င်းဆရာတော်၏ ဝမ်းထဲမှာ အလုံးအခဲ ရှိပြီး မခံသာလို့ ဆရာမျိုးစုံဖြင့် ကုသသော်လည်း သက်သာရုံမျှသာ ရှိတယ်။ မပျောက် ဘူးတဲ့။ ဒါနဲ့ တရားအားထုတ်တာတဲ့။ အားထုတ်တော့ ဆွဲဆောင့်လိုက် တွန်းလိုက် ဆွဲလိုက် စသဖြင့် အမျိုးမျိုး နှောင့်ယှက်ကြသတဲ့။ ဆရာတော်ဦးသုမနကလည်း တရစပ်ရှုမှတ်နေတော့ ဝမ်းထဲက နာလိုက် အောင့်လိုက်နဲ့ဖြစ်လာလို့ ကြောက်လန့်ပြီး ပြန်မယ်လုပ်တာနဲ့ မြင်းခြံရိပ်သာဆရာတော်က ....

"မကြောက်ပါနဲ့၊ ဒီရောဂါဟာ ပျောက်သွားမှာပါ၊ နိုင်အောင်သာ ရှုမှတ်ချပါ၊ ရှုမှတ်တယ်ဆိုတာ ဗေဇျှင် (၇)ပါးကို ပွားနေတာပါ၊ မမှတ်ဝံ့လို့ ကြောက်နေရင်လည်း အနားက လူထားပေးပါမယ်" စသည်ဖြင့် တရားဟော အားပေးတာနဲ့ မပြန်တော့ဘဲ ဆက်ပြီး အားထုတ်သတဲ့။ အနားမှာ အစောင့်ထားပေးရသတဲ့။ (ရောက်စကတော့ အစောင့်အဖော် မလိုပါဘူး၊ မကြောက်တတ်ပါဘူးဆိုတာနဲ့ အစောင့်မပေးရဘူး။)

ဆရာတော်ဦးသုမနလည်း မလျှော့ဘဲ ဆက်ပြီးရှုမှတ်လိုက်တာ ဗိုက်ထဲမှာ အလွန်နာလာတာနဲ့ နံနက်စောစော နောက်ဖေး ထသွားပစ်လိုက်တာ အတုံးအခဲ အကျိ အချွဲတွေ စိမ်းနီဝါပြာတွေ ကျဆင်းသွားကြသတဲ့။ လူလည်းပေါ့ပါးကာ ရောဂါတွေ အားလုံး ပျောက်သွားတာနဲ့ ဝမ်းသာအားရလွန်းလို့ ရိပ်သာဆရာတော်ထံ အစောကြီး တက်လာပြီး ....

"ရောဂါတွေ သွားကုန်ပြီ၊ သွားကုန်ပြီ၊ မရှိတော့ဘူး"လို့ လျှောက်ထားသတဲ့။ ဝါဆိုလဆန်း(၂)ရက်ကစပြီး အားထုတ်တာ ဝါခေါင်လထဲမှာ ရောဂါပျောက်ကင်းသွား တာပဲတဲ့။ နောက် ဝါတွင်း(၄)လပတ်လုံး ဆက်ပြီးအားထုတ်တာ ပကတိအကောင်း ဖြစ်သွားသတဲ့။

---

ပထမအကြိမ်

http://www.dhammadownload.com



## ပန်းနာပျောက်သူ ဦးအောင်မြင့်

၁၃၂၁–ခု၊ တော်သလင်းလဆုတ်(၇)ရက်နေ့က မြင်းခြံအရှေ့လယ်သစ်ရွာမှ အသက်(၇၀)ရှိ ဦးအောင်မြင့်ဆိုတဲ့ ပန်းနာသည်တစ်ယောက် မြင်းခြံ မဟာစည် ရိပ်သာခွဲသို့လာ၍ တရားအားထုတ်သတဲ့။ ပန်းနာရောဂါ စွဲကပ်တာလည်း နှစ်ပေါင်း (၃၀)ရှိပြီတဲ့။ သူ့မှာ ပါလာတဲ့ငွေ(၃၀)ကို ရိပ်သာဆရာတော်ထံ အပ်နှံပြီး ....

"တပည့်တော်သေရင် ဒီငွေ (၃၀)နဲ့ပဲ ချလိုက်ပါဘုရား"လို့ လျှောက်ထားသတဲ့။ ဆရာတော်က ....

"ဒကာကြီး မပူနဲ့၊ အားလုံး ဆရာတော်က တာဝန်ယူမယ်၊ ကြိုးစားပြီး တော့သာ အားထုတ်ပါ" ဆိုပြီး တရားပေးလိုက်တယ်။

ဦးအောင်မြင့်လည်း အားထုတ်လို့ (၆)ရက်ခန့်ကြာတော့ ရောဂါက ပိုဆိုး လာတယ်။ ဟောဟဲ ဟောဟဲနဲ့ဖြစ်ပြီး (၂)ရက်ပတ်လုံး ယာဂုတောင် မသောက်နိုင်ဘူး တဲ့။ ကုန်းပြီး ဟောဟဲ ဟောဟဲနဲ့ ဖြစ်နေလို့ ယောဂီတွေ ဝိုင်းပြီး ပြုစုကြရသတဲ့။ သေတော့မှာပဲဆိုပြီး ယောဂီအချို့က ရိပ်သာဆရာတော်ကိုပင့်လို့ ဆရာတော်ကလည်း ကြွပြီး အားပေးတရားဟောလျှက် မောတာကို အမှတ်ခိုင်းတယ်၊ ဒကာကြီးကလည်း 'မောတယ် မောတယ်'နဲ့ ရှုမှတ်လိုက်တာ၊ နာရီလောက် မှတ်လိုက်တော့ မောတာပျောက် သွားသတဲ့။

နောက် တစ်ပတ်လောက်ကြာလာတော့ ရောဂါပြန်ထတာ (၃)ရက်ပတ်လုံး ဘာမှမစားနိုင်၊ ယာဂုလည်း မသောက်နိုင်ဘူးတဲ့။ လူတွေကလည်း သေတော့မှာပဲ လို့ထင်ပြီး ဝိုင်းဝိုင်းလည် ပြုစုနေကြတယ်၊ ဆရာတော်ကို ပင့်သူက ပင့်သတဲ့၊ ဒါနဲ့ ဆရာတော်ကြွလာပြီး ဝေဒနာပျောက်တော့မယ့်အကြောင်း တရားဟောအားပေးလျှက် ရှုမှတ်ခိုင်းရာ ဘေးမှပြုစုနေကြတဲ့လူတွေက ရယ်မောကြသတဲ့၊ ('သေခါနီး ဘယ်မှာ မှတ်လို့ရမှာလဲ' ဆိုတဲ့အနေနဲ့ ရယ်ကြတာပေါ့လေ။) ဦးအောင်မြင့်ကလည်း မျော့မျော့ ကလေး ဖြစ်နေရာမှ ဆရာတော်ရဲ့ အားပေးကောင်းမှုကြောင့် စူးစိုက်ပြီး ရှုမှတ်လိုက်တာ ဦးအောင်မြင့်ဝမ်းထဲမှာ ဟာတာတာကြီးဖြစ်နေလို့ မှတ်မရတာနဲ့ ဆရာတော်ကိုပင့်ပြီး မှတ်လို့မရကြောင်း၊ ဟာတာတာကြီးဖြစ်နေကြောင်း လျှောက်ထားပြန်ရာ ဆရာတော် က ....

"ဆက်သာ ရှုမှတ်တော့၊ ဒကာကြီးရောဂါ ပျောက်သွားပြီ"လို့ အမိန့်ရှိတဲ့ အတိုင်း နောက်ပျောက်ကင်းသွားတာ ယနေ့အထိပဲတဲ့။

ဦးအောင်မြင့်ကလည်း ဘုန်းကြီးလူထွက်ဆိုတော့ သူကိုယ်တိုင်ပဲ သူ့ဆွေမျိုး တွေကို တရားပြပေးနေတာ ယနေ့အထိပဲတဲ့၊ (၁၃၃၅ ခုနှစ်အထိ)။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



ယခုပြောခဲ့တဲ့ ပုဂ္ဂိုလ်တွေဟာ ဖွဲကောင်းကောင်း ယုံယုံကြည်ကြည်နဲ့ ဆရာ ပြောတဲ့အတိုင်း အားထုတ်ကြလို့ ရောဂါလည်း ပျောက်ကင်း၊ ဖောချွင်လည်း ပွားများ ပြီးဖြစ်တဲ့ ပုဂ္ဂိုလ်တွေပါပဲ။

## ခရုသင်းလိုအဖြူကွက်တွေနှင့် ယားနာတွေပျောက်ကင်းသူ မောင်ဝင်းမြင့်၏ လျှောက်ထားချက်

(၂-၁၂-၇၄) ၁၃၃၆-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၄)ရက်၊ တနင်္လာနေ့က ရန်ကုန်မြို့၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်(၉၀)မှ ရန်ကုန် မဟာစည်သာသနာ့ ရိပ်သာသို့ အသက်(၂၀)ရှိ မောင်ဝင်းမြင့်တရား လာအားထုတ်တယ်၊ တရား အားထုတ်လို့ ရောဂါပျောက်သွားတော့ မောင်ဝင်းမြင့်က ဒီလိုလျှောက်ထားတယ်။

တပည့်တော်ဟာ (၁၆)နှစ်သားက ရွှေကျင်သွားနေပြီး သမင်၊ ချေ၊ ဆတ်၊ တောကြောင်၊ လင်းမြွေ၊ ဖွတ်ဥ၊ ကျားသားမှစ၍ အညှီအဟောက်တွေကို မရှောင် တမ်းစားခဲ့ပါတယ်၊ တစ်နှစ်လောက် စားမိတော့ လက်ခြေပါမကျန် တစ်ကိုယ်လုံး ယားနာတွေ ပေါက်လာပါတယ်၊ သွေးလည်းမသန့်၊ အသားအရေလည်း မကောင်းဖြစ် လာပါတယ်၊ ညညမှာလည်း ယားတာနဲ့ ထထကုတ်ရတာ တစ်ညလုံးလိုလိုပါပဲ ဘုရား။ ဒီရောဂါကြောင့် ကျောင်းလည်း မှန်မှန်မတက်နိုင်၊ စာတွေလည်း နောက်ကျ ကျန်ရစ်ခဲ့ပါတယ်။

ဒါနဲ့ ဆရာဝန်မဂျစ်ကို ပြပြီး နေ့တိုင်း ဆေးထိုးဆေးစားခဲ့တာ (၃)လတိတိ တစ်ရက်မှ မပျက်ခဲ့ပါဘုရား၊ တစ်ခါဆေးထိုးရင် (ရှစ်ကျပ်)သာပေးရတာယ် မထူးခြားပါ ဘုရား။

တစ်ခါ အရေပြားရောဂါအထူးကု ဒေါက်တာထွန်းလွင်ကိုပြပြီး ဆေးထိုးဆေး စားပြန်ပါတယ်။ (၂)လခွဲကြာလို့ ဘာမှမထူးခြားပါ၊ ငွေသာ တစ်နေ့ ၁ဝိ(တစ်ဆယ် ကျပ်)ကုန်ပါတယ်၊ ပျော်ပွဲရွှင်ပွဲတွေကို သွားလည်း ခဏပဲ ပျော်ရွှင်မှုရပါတယ်၊ ဒီယားနာကြောင့် စိတ်ညစ်ရတာက များပါတယ်။ ဒီရောဂါဟာ (၁၆)နှစ်မှ အသက်(၂၀) အထိ ခံစားခဲ့ရပါတယ်။ တစ်ရက်မှ စိတ်မချမ်းသာရပါ ဘုရား။

## သာသနာ့ရိပ်သာ ရောက်လာပုံ

(၂-၁၂-၇၄)နေ့က အဘိုးဖြစ်သူက သာသနာ့ရိပ်သာကို လိုက်ပို့လို့ တရားစ အားထုတ်ပါတယ်၊ ထိုင်လို့ နှစ်မိနစ်လောက်ကြာရင်ပဲ ယားလာပါတယ်၊ မှတ်လို့ မပျောက်ပါ၊ (၁၁-၁၂-၇၄)နေ့က ယားလွန်းလို့ မနေနိုင်တာနဲ့ အိမ်ကို ထွက်ပြေးခဲ့ပါ တယ်၊ အိမ်မှာလည်း တစ်ညလုံး ထကုတ်လိုက် မှတ်လိုက်နဲ့ မိုးလင်းခဲ့ပါတယ်။

http://www.dhammadownload.com



မိုးလင်းတော့ အဘိုးဖြစ်သူ ရိပ်သာကို ပြန်လိုက်ဖို့ ခေါ်တာနဲ့ မလိုက်ချင်ဘဲနဲ့ပင် ပြန်လိုက်ခဲ့ပါတယ်၊ နေ့လယ်မှာ ဆရာတော်ကို ယားလွန်းလို့ မမှတ်နိုင်ကြောင်း လျှောက်ထားပါတယ်၊ ဆရာတော်က နိုင်အောင်မှတ်ပစ်၊ ပျောက်သွားလိမ့်မယ်၊ ဆေးထိုးရင် ငွေလည်းကုန်၊ အသားလည်း နာမယ်တဲ့၊ ဒါနဲ့ ညနေ(၄)နာရီမှ (၅)နာရီထိ ထိုင်မှတ်တာ (၅)မိနစ်လောက်ကျတော့ ယားလာပါတယ်။ ယားတယ် ယားတယ်' နဲ့ နိုင်အောင် မှတ်ချလိုက်တာ ပျောက်သွားပါတယ်၊ အတော်လည်း ဝမ်းသာသွားပါတယ်၊ ညပိုင်း(၆)နာရီမှ (၇)နာရီအထိ ထိုင်မှတ်ပါတယ်၊ ယားလာပြန်ပါတယ်၊ မျက်ရည်ကျအောင် ပေလိမ်ပြီး မှတ်ပါတယ်၊ နတ်ပူးလာတာလို တုန်တုန်ရီရီ ဖြစ်လာပါတယ်၊ မလျှော့ဘဲ စူးစိုက်ပြီး မှတ်ပေမယ့် မပျောက်တာနဲ့ ဖောင်းတာ ပိန်တာကို ပြောင်းပြီး မှတ်လိုက်ပါတယ်၊ ဒီတော့မှ ယားတာဟာ ဘယ်လို ပျောက်သွားလိုက်မှန်းတောင် မသိပါဘူး၊ အံ့သြလောက်အောင်ပဲ ပျောက်သွားပါတယ် ဘုရား။

နောက်နေ့တွေကျတော့ မှတ်တိုင်းမှတ်တိုင်းပဲ ပျောက်ပျောက်သွားပါတော့တယ်၊ စိတ်လည်း အတော်ပျော်ရွှင်လာပါတယ်၊ တရားထိုင်ချင်တဲ့စိတ် ပိုပြီးများလာပါတယ်၊ (၂၀-၁၂-၇၄)မှာ ယားလာပြန်ပါတယ်၊ မှတ်လို့ မပျောက်နိုင်ပါ၊ ချွေးရော မျက်ရည်တွေပါကျလာပြီး တစ်ကိုယ်လုံး ဆတ်ဆတ်ခါတုန်အောင် မှတ်ချလိုက်မှပဲ ပျောက်သွားလိုက်တာ ဘယ်လိုကနေပြီး ဘယ်လိုပျောက်သွားမှန်းတောင် မသိလိုက်တော့ပါဘူးဘုရား။

## (၁၀-၁-၇၅) ရောဂါလုံးဝပျောက်ပုံ

၁၀-၁-၇၅ နေ့ နံနက် (၃)နာရီမှ (၅)နာရီအထိ ထိုင်ပြီး မှတ်ပါတယ်၊ ခြေလက် ကျော ခေါင်းတို့မှ တစ်ခုပြီးတစ်ခု ယားပါတယ်၊ မှတ်တော့လည်းပျောက်ပါတယ်၊ နောက်တစ်ကိုယ်လုံးဟာ ဖြုန်းခနဲ ယားလာပါတယ်၊ စူးစိုက်မှတ်လိုက်တော့ ဝေဒနာတွေစုပေါင်းပြီး ခေါင်းကထွက်သွားပါတယ်၊ နှာခေါင်း၊ ပါးစပ်နဲ့ငယ်ထိပ်ပါ အပူရှိန်တွေထွက်သွားပါတယ်၊ ဗိုက်အောက်ပိုင်းမှ ခြေဖျားအထိ အပူမိုးတွေထွက်သွားပါတယ် ဘုရား။

ငင်းနေ့ (၁၁)နာရီမှာ ရေချိုးမယ်လို့ အခန်းအပြင်မှာ ခဏမျှ ထိုင်နေတုန်း တပည့်တော်အနားမှာ ခွေးတစ်ကောင်လာပြီး ဝပ်နေပါတယ်၊ ခွေးစော်နံလို့ မခံနိုင်တဲ့အတွက် ခွေးကိုမောင်းထုတ်လိုက်ပါတယ်၊ ဒါပေမဲ့ ခွေးနံ့က နံမြဲပဲနံနေပါတယ်။ အခန်းထဲ ဝင်တော့လည်း နံနေပါတယ်၊ ဒါနဲ့ ဘာကများ ဒါလောက်တောင် နံနေတာပါလိမ့်ဆိုပြီး လိုက်ရှာပါတယ် ဘုရား၊ ရှာတဲ့နေရာတိုင်းမှာပဲ အနံ့က

http://www.dhammadownload.com



နံနေပါတယ်၊ နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုယ် မသင်္ကာဖြစ်ပြီး နမ်းကြည့်တော့ အပုတ်ကိုပဲ တပည့်တော် ကိုယ်က နံနေကြောင်း တွေ့ပါတယ်။

ဒါနဲ့ရေသွားချိုးပါတယ်၊ ဆပ်ပြာကို အထပ်ထပ်တိုက်ပါတယ်၊ အနံ့က မပျောက်ပါဘုရား၊ နောက်ဆုံး အဝတ်လဲပြီးသည်တိုင်အောင် နံနေတုန်းပါပဲ ဘုရား၊ (၁၂)နာရီမှ (၁)နာရီအထိ တရားထိုင်မှတ်နေတုန်းလည်း ဒီအနံ့ကြီးက နံမြဲနံနေပါတယ်၊ စောစောပိုင်းကလောက်တော့ အနံ့က မဆိုးလှတော့ပါ၊ ဒါပေမဲ့ (၁၁)ရက်မှ (၁၂)ရက်အထိ (၂)ရက်တိတိ နံနေပါသေးတယ်၊ တပည့်တော် ဒီအကြောင်းကို ရှက်တာနဲ့ ဆရာတော်အား မလျှောက်ထားခဲ့ပါ ဘုရား။

အဲဒီက နောက်ပိုင်းကြတော့ ချွေးနံ့လည်းမနံ ယားနာတွေလည်း ပျောက်ကင်းပြီး သွေးသားလည်းသန့်စင်၊ အသားအရေတွေလည်း စိုစိုပြည်ပြည် ဖြစ်လာပါတယ် ဘုရား။ အရေပြားဆေးရုံက ဆရာမက ပြောထားဖူးပါတယ်။

"ဒီရောဂါဟာ ဘယ်လောက်ပဲ ဆေးထိုးထိုး၊ ပျောက်မှာမဟုတ်ဘူး"တဲ့။ ခုတော့ ဘယ်လိုပျောက်သွားတာလဲလို့ မေးပါတယ် ဘုရား၊ တပည့်တော်က ....

"မဟာစည် သာသနာ့ရိပ်သာမှာ တရားသွားအားထုတ်ပါတယ်၊ ပေါ်လာတဲ့ ရုပ်နာမ်ကို မလွတ်တမ်း ရှုမှတ်လို့ ပျောက်ကင်းသွားတာပဲ"လို့ ပြောပြတော့ ဆရာမတွေက ....

"ဟင် ဒီတရားက တော်တော်ကို စွမ်းတဲ့တရားပါကလား"လို့ ချီးမွမ်းကြပါတယ်ဘုရား။ (၁၃–၁–၇၅)နေ့မှစပြီး ဘုရားတပည့်တော်ရဲ့ ရောဂါဝေဒနာဟာ အမြစ်ပြတ် လုံးဝပျောက်ကင်းပြီး သွားပါတယ် ဘုရား။

ရောဂါခံစားခဲ့ရသူ
ယောဂီဝင်းမြင့်
အမှတ်(၉၀)၊ အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

[ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ နာယက ကမ္မဋ္ဌာနာစရိယ ဩဝါဒါစရိယ ဆရာတော် အရှင်သုဇာတ မဟာထေရ် ဟောကြားတော်မူသော "ရှုမှတ်သိမြင်နိဗ္ဗာန်ဝင်" တရားတော်စာအုပ်(၁၆၈၂၊ နိဝင်ဘာလ၊ ညောင်ကန်စာပေ)မှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ အလားတူ တရားရှုမှတ်ရင်း ရောဂါပျောက်ပုံမှတ်တမ်းများကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော 'တက္ကသိုလ်ဝိပဿနာ တရားတော်' နှင့် သမ္မာပရိဗ္ဗာဇနိယသုတ်တရားတော်စာအုပ်များ နောက်ဆက်တွဲတွင် ဖော်ပြထားရာ အလွန်ပင်မှတ်သား ကြည်ညိုဖွယ်ကောင်းလှပါ၏။]

---

ပထမအကြိမ်

http://www.dhammadownload.com



# မြန်မာအင်္ဂလိမာလ
# သို့မဟုတ်
# ဝါးခယ်မ သခင်အောင်သင်း

## နိဗ္ဗာန်ဆော် ဦးနု

"ဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်ရတဲ့အလုပ်ဟာ မခက်ပါဘူး၊ မပင်ပန်းပါဘူး၊ ဗူးသီး၊ ခရမ်းသီး ရောင်းရတဲ့ အလုပ်ကမှ ခက်သေးတယ်၊ ပင်ပန်းသေးတယ်"

ဘဝတစ်သက်တာတွင် အရေးအကြီးဆုံးဖြစ်သော ဝိပဿနာတရားကို လူအများ အားထုတ်ချင်လာအောင် အခွင့်ကြုံတိုင်း အရှေ့အနောက် ရောက်လေရာ တိုင်းပြည်တိုင်း၌ တိုက်တွန်းဟောပြောလေ့ ရှိသူကား နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု ဖြစ်ပါ၏။

ဦးနုသည် ဝိပဿနာတရားကို စာတွေ့နှင့် လက်တွေ့ပေါင်းစပ်၍ ဟောတတ်သည့်အပြင် ကိုယ်တွေ့ဝတ္ထုကလေးများကို ကြားညှပ်ဖော်ပြတတ်သောကြောင့်လည်း လူအများကို ပို၍ဆွဲဆောင်နိုင်စွမ်း ရှိလှ၏။

ယခု ဖော်ပြလတ္တံ့သော ကိုယ်တွေ့ဝတ္ထုမှာ (၂၈–၁၂–၈၁)နေ့က မဟာစည် သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ ခြံမြေရေစက်ချပွဲ၌ ဦးနုဟောကြားသော 'ဝိပဿနာတရားတော်'မှ ဖြစ်ပါသည်။ ယင်းတရားတော်ကို ထိုရိပ်သာ၌ပင် ပထမ အကြိမ် 'ဘုံကထိန်' အကြို တရားပွဲအဖြစ် ၆–၁၁–၈၁ နှင့် ၇–၁၁–၈၁ နေ့များတွင် နှစ်ပိုင်းခွဲ၍ ထပ်မံဟောကြားခဲ့ပါသည်။ ညောင်ကန်အေး သာသနာ့ရိပ်သာ ဝေယျာဝစ္စ အဖွဲ့မှ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေထားပြီးလည်းဖြစ်ပါ၏။ သို့သော် အများစု ဖတ်ရှုနာကြားဖူးလိမ့်ဦးမည် မဟုတ်ဟု ထင်မြင်သဖြင့် လည်းကောင်း၊ မျက်မှောက်ခေတ် ပဋိပတ်လုပ်ငန်းခွင်နှင့်စပ်၍ အားတက်ဝမ်းမြောက်ဖွယ်ဝတ္ထုဖြစ်သဖြင့် အများစု သိမှတ်ဖွယ်ကောင်းသည်ဟု ယုံကြည်သောကြောင့်လည်းကောင်း ထပ်လောင်း ဖော်ပြရခြင်း ဖြစ်ပါသည်။

ထိုဝတ္ထုကား မြန်မာအင်္ဂလိမာလဟုဆိုရမည့် မျိုးချစ်လူမိုက်ကြီး ဝါးခယ်မ သခင်အောင်သင်းနှင့်ဇနီး ဆရာမကြီး ဒေါ်သိန်းတင်တို့အကြောင်း ဖြစ်ပါ၏။ ဦးနု နိဗ္ဗာန်ဆော်လုပ်၍ သူတို့နှစ်ဦး မဟာစည် သာသနာ့ရိပ်သာရောက်ပြီး ဘဝပြောင်း လဲသွားပုံကို တင်ပြ၍ထားပါ၏။ လူရိုင်းကြီးများကိုပင် ယဉ်ကျေးအောင် ဆုံးမတော်

http://www.dhammadownload.com



မူနိုင်သော 'အနုတ္တရောပုရိသဒမ္မသာရထိ'ဂုဏ်တော်သခင် ဘုရားရှင်၏ 'သန္ဒိဋ္ဌိက၊ အကာလိက'တရားတော်ကား ကျေးဇူးကြီးမြတ်လှပါပေစွ။

သခင်အောင်သင်း၊ ဒေါ်သိန်းတင်တို့အကြောင်း ၁၉၅၉–ခုနှစ်ကလည်း ဝိပဿနာဟောပြောပွဲတစ်ခု၌ အင်္ဂလိပ်လို တစ်ကြိမ်ဟောပြောခဲ့ဖူးရာ ယင်းဇနီးမောင်နှံတို့၏ ဓာတ်ပုံနှင့်တကွ (၃၅)မျက်နှာရှိ အင်္ဂလိပ်စာအုပ်ငယ်တစ်အုပ်ပင် ရိုက်နှိပ်ခဲ့ဖူး၏။ ယင်းဟောပြောပွဲ၌ ဇနီးမောင်နှံကိုယ်တိုင် တက်ရောက်ကာ ဦးနု၏ ဟောပြောချက်ကို ထောက်ခံချက် ပေးသောအားဖြင့် ပရိသတ်များအား ကျေးဇူးတင် တိုက်တွန်းစကားများကိုပင် အသီးသီးပြောကြားခဲ့လေရာ အလွန်ဝမ်းမြောက်ဖွယ် အားကျဖွယ် ကောင်းလှပါသည်။ ဝိပဿနာသမိုင်းတွင် မမေ့ပျောက်စကောင်းသော ဟောပြောချက်များလည်းဖြစ်၏။ ထို့ကြောင့် ဦးနု၏ ဟောပြောချက်နှင့်အတူ သခင်အောင်သင်း၊ ဒေါ်သိန်းတင်တို့၏ ဝန်ခံချက်ကိုပါ ဤ၌ မှတ်တမ်းတင် ဖော်ပြလိုက်ပါသည်။

## ငရဲကျမှာ မကြောက်တဲ့လူ

အနှစ်(၃၀)လောက်တုန်းက ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးအား နာယကအဖြစ် တင်မြှောက်ပြီး သာသနာ့ရိပ်သာလို့ ခေါ်တဲ့ ကမ္မဋ္ဌာန်းတိုက်ကြီး တစ်တိုက်ကို ရန်ကုန်မှာ ကျွန်တော်တို့ စတင်ထူထောင်ခဲ့ကြတယ်။ အဲဒီအချိန်အထိ ဝိပဿနာဆိုတာ ဘာလဲလို့ ကျွန်တော် အလျဉ်းမသိသေးဘူး။

တစ်နေ့တော့ သာသနာ့ရိပ်သာမှာ လူကမ္မဋ္ဌာန်းဆရာတစ်ဦးနဲ့ စကားပြောနေရင်း အဲဒီကမ္မဋ္ဌာန်းဆရာက ....

"ဝိပဿနာတရားဟာ အလွန်ထူးဆန်းတယ်၊ မဂ်ဖိုလ်ရတဲ့အထိ တရားအားထုတ်နိုင်တဲ့ သူများအား ဘဝပြောင်းလိုက်သလို ဖြစ်စေနိုင်တယ်၊ ဘဝပြောင်းသွားပုံမှာ တစ်သက်လုံးကောင်းလာတဲ့ ယောဂီများမှာ ကောင်းကောင်းမသိသာဘူး၊ အစက အလွန်ဆိုးခဲ့တဲ့ ယောဂီမှာတော့ ထူးထူးခြားခြား သိသာတယ်၊ ပိုဆိုးလေ ပိုထူးခြားလေပဲ"လို့ ပြောပြတယ်။

ဒါကြောင့် အသက်သတ်ခြင်းမှ ရှောင်ခြင်း၊ သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ခြင်း၊ မမှန်သောမေထုန်မှီဝဲမှုမှရှောင်ခြင်း၊ လိမ်ပြောခြင်းမှ ရှောင်ခြင်း၊ သေရည်သေရက် သောက်စားခြင်းမှ ရှောင်ခြင်းဆိုတဲ့ ငါးပါးသီလကို အစဉ်ချိုးဖောက်နေကဲ့ ကျွန်တော်တို့မိတ်ဆွေထဲက လူတစ်ယောက်ကို ပထမဆုံးပြေးသတိရလိုက်တယ်။ သူ့နာမည်က

http://www.dhammadownload.com



သခင်အောင်သင်း၊ ကျွန်တော်တို့နှင့် ကျောင်းနေဘက်၊ သူကကြီးတယ်။ ကျောင်းမှာ ကျွန်တော်နဲ့တစ်ခါ ရန်ဖြစ်ကြရသေးတာ မှတ်မိသေးတယ်။ အဲဒီအချိန်က ကျွန်တော့် ဘက်က ကျွန်တော့်ညီကသာ မကူရင် ကျွန်တော် သေမလားတောင် မပြောနိုင်ဘူး၊ ကျောင်းက ထွက်ပြန်တော့လည်း သူဟာ လူမိုက်ကြီးပဲ။ သူမလုပ်ဖူးတဲ့ ဒုစရိုက်ရယ်လို့ မရှိဘူး။ သူ့ကိုသိသူတိုင်းက ဖိန့်ဖိန့်တုန်အောင်ကို ကြောက်နေရတဲ့ သခင်အောင်သင်းခေါ်တဲ့ လူဆိုးကြီး။ ကမ္မဋ္ဌာန်းရိပ်သာမှာ တရားအားထုတ်ဖို့ သူ့ကိုခေါ်ယူပြီး ကျွန်တော်တိုက်တွန်းတယ်။

"မသွားချင်ဘူး၊ ကမ္မဋ္ဌာန်းထိုင်တာဟာ သူ့အလုပ် မဟုတ်ဘူး"လို့ ငြင်းတယ်။

"ဒီတရားကိုသာ အားမထုတ်နိုင်ရင်တော့ ကိုယ်လွန်ကျူးခဲ့တဲ့ အကုသိုလ်တွေက ငရဲကိုချမှာ သေချာနေတယ်"လို့ ပြောလည်း သူက ....

"ကျွန်တော် ငရဲကျမှာ မကြောက်ပါဘူး"တဲ့၊ ပွင့်ပွင့်လင်းလင်း ခါးခါးသီးသီး ငြင်းဆန်နေတယ်။ ဒီတော့ မိတ်ဆွေများပါ ဝိုင်းပြီးတိုက်တွန်းလို့ ....

"ကဲ .... ဒါဖြင့် အစမ်းအားထုတ်ကြည့်မယ်" ဆိုပြီး သာသနာ့ရိပ်သာကို ရောက်သွားခဲ့တယ်။ ဒါပေမဲ့ သုံးရက်လောက် ကြာတယ်ဆိုရင်ပဲ သခင်အောင်သင်း ရိပ်သာမှာမရှိဘူး၊ ထွက်ပြေးတယ်၊ ဒါနဲ့ လိုက်ရှာကြတော့ သုံးလလောက်ကြာမှ သူ့ကို တွေ့ကြရတယ်။ မိတ်ဆွေတွေက ကျွန်တော့်ဆီ ပြန်ပို့လို့ ရောက်လာတော့ သူ့ကို မေးကြည့်တယ်။

"ဘာပြုလို့ ရိပ်သာက ထွက်ပြေးရတာလဲ"လို့။


"တစ်ခန်းထဲမှာ အတူတူအားထုတ်နေတဲ့ ယောဂီတစ်ဦးကို သတ်ချင်တဲ့စိတ်တွေ တားမနိုင် ဆီးမရအောင် ဖြစ်လာလို့ သတ်မိမှာစိုးတာနဲ့ ဆက်ပြီး အားမထုတ်တော့ဘဲ အိမ်ပြန်သွားတယ်"လို့ ပြောတယ်။ နောက်သုံးလလောက်ကြာတဲ့အခါ ကျွန်တော်တို့ ဝိုင်းပြီးတိုက်တွန်းချက်အရ သခင်အောင်သင်း သာသနာ့ရိပ်သာကို တရားအားထုတ်ဖို့ တစ်ကြိမ်သွားပြန်တယ်။

အဲဒီအကြိမ်မှာ သူ့ကို တစ်ခန်းသပ်သပ် ပေးထားဖို့ စီစဉ်ရတယ်။ ကျွန်တော်လည်း နေ့စဉ် သူ့ထံသွားပြီး စုံစမ်းတယ်၊ တနင်္ဂနွေ နှစ်ပတ်လောက်ကြာတဲ့အခါ အစဉ်ထာဝရ မှုန်ကုပ်ကုပ် ကြမ်းတမ်းတမ်းဖြစ်နေတဲ့ သူ့မျက်နှာဟာ တစ်မျိုးတဖုံ ပြောင်းလဲသွားပြီး ကြည်လင်သလိုလို ဖြစ်လာတယ်။ တစ်လကျော်ကျော်လောက် ကြာတဲ့အခါ သူဟာ သိသိသာသာပဲ နူးညံ့သိမ်မွေ့လာတာကို တွေ့ရပါတယ်။ နှစ်လ လောက်ရှိတယ်ဆိုရင်ပဲ ကမ္မဋ္ဌာန်းပြဆရာတော်များ ကျေနပ်သည်အထိ အားထုတ်နိုင်တာကို တွေ့ရတယ်။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



သခင်အောင်သင်းနှင့် ဇနီးဒေါ်သိန်းတင်

## မသေဘဲ ဘဝပြောင်းသူ ဇနီးမောင်နှံ

သာသနာ့ရိပ်သာမှာ တရားအားထုတ်ပြီးတဲ့ သခင်အောင်သင်းရဲ့ဘဝဟာ အလွန်ပဲ ထူးခြားမှတ်သားလောက်အောင် ပြောင်းလဲသွားပါတယ်။ သူကိုယ်တိုင် ကိုယ်တွေ့ဖြစ်လာတဲ့အချိန်မှာ သူ့ဇနီး မသိန်းတင်ကိုပါ ရိပ်သာကို ပို့ပေးဖို့ ကျွန်တော့်ကို အကူအညီတောင်းလာတယ်။

မသိန်းတင်ဆိုတာကလည်း ဇပ်ဇပ်ကြဲ၊ နာမည်ကြီး၊ ကြက်ခေါင်းဆိတ်မခံတဲ့ မိန်းမ၊ သခင်အောင်သင်းနဲ့မရခင်က သူဟာ မုဆိုးမ၊ အရင်ယောကျ်ားကြီးနဲ့တုန်းက ဆိုရင် သူ့သြဇာချည်းပဲ၊ အင်မတန် လင်ကို နိုင်တယ်။ နာမည်ကျော်လူဆိုးကြီးအောင် သင်းနဲ့ ရတယ်ဆိုရင်ပဲ အရပ်ထဲက ပြောလာကြတယ်၊ ဒီလင်မယား ကြာကြာခံမှာ မဟုတ်ဘူး၊ ကွဲမှာပဲလို့၊ သူတို့နှစ်ယောက်ကလည်း တစ်ယောက်အပေါ်တစ်ယောက် အများမခံဘူး၊ မကြာပါဘူး၊ ရန်ပွဲကြည့်ကြရတော့တာပါပဲ။

http://www.dhammadownload.com



သခင်အောင်သင်းနဲ့ကျတော့ မသိန်းတင်လည်း မှီအောင် မကြမ်းနိုင်တော့ဘူး။ ထစ်ခနဲဆို ယောက်ျားက လိုက်ရိုက်လို့ ထွက်ထွက်ပြေးရတာ မကြာခဏပဲ၊ သူတို့ ရန်ပွဲဟာ အလွန်မှကြောက်စရာလည်း ကောင်းတယ်၊ ရန်ပွဲပြီးတိုင်း မသိန်းတင်ရဲ့ မျက်နှာမှာ အညိုအမည်းစွဲပြီး ယောင်ရမ်းနေတာပဲ။ တစ်ခါကများ ဘယ်လောက် အထိဆိုးသလဲဆိုတာ ယောက်ျားလုပ်တဲ့လူက ရိုက်ပုတ်ထိုးကြိတ်ပြီး အင်္ကျီလုံချည်ပါ ဆုတ်ဖြဲ၊ နောက်ကလိုက် ရှေ့ကပြေး၊ မသိန်းတင်တစ်ယောက် ဝတ်လစ်စလစ် လမ်းဘက် ထွက်ပြေးရရှာတယ်။ အဲဒီလို လင်မယား။

အခု သူ့ယောက်ျား သခင်အောင်သင်းကိုယ်တိုင်က သူ့ဇနီးကို ရိပ်သာပို့ပေးပါ ဆိုလို့ မသိန်းတင်ကိုပါ ရိပ်သာပို့ပေးခဲ့ရတယ်။ မသိန်းတင်လည်း မကြာပါဘူး၊ တစ်လ ခွဲလောက် ရှုမှတ်မိတယ်ဆိုရင်ပဲ ကမ္မဋ္ဌာန်းနည်းပြ ဆရာတော်များ အားရကျေနပ် သည်အထိ အားထုတ်နိုင်ခဲ့တယ်။ မသိန်းတင်ရဲ့ ကာယကံ ဝစီကံကအစ အမူအရာ တွေအားလုံး နူးညံ့သိမ်မွေ့လာတယ်၊ သူတို့ဇနီးမောင်နှံ နှစ်ယောက်စလုံးရဲ့ ဘဝဟာ ထူးထူးခြားခြား သိသိသာသာကြီးကို ပြောင်းလဲသွားကြတယ်။

တရားတော်မြတ်ရဲ့ လက်တွေ့ အကျိုးကျေးဇူးတွေပါပဲ။

အဲဒီအချိန်ကစပြီး လင်မယားလည်း ရန်မဖြစ်ကြတော့ဘူး။ ရှေးက ဒုစရိုက် အမူအကျင့်တွေ စရိုက်ဆိုးတွေ အားလုံးစွန့်ပစ်လိုက်ကြတယ်။ ရှေးက ပေါင်းသင်းခဲ့တဲ့ မိတ်ဆွေ လူဆိုးတွေနဲ့လည်း လုံးဝ အဆက်ဖြတ်နိုင်ခဲ့တယ်။ သတ်ခြင်း၊ ခိုးခြင်း၊ မှားယွင်းသော မေထုန်အကျင့်ကို ကျင့်ခြင်း၊ လိမ်ပြောခြင်း၊ သေရည်သေရက်သောက် စားခြင်းဆိုတဲ့ စရိုက်ဆိုးများနဲ့ လမ်းခွဲလိုက်ကြတယ်။ အော်သံ ငေါက်သံ ဆဲသံ ဆိုသံ ရိုက်နှက်သံတွေနဲ့ နေ့စဉ် ဆူညံနေတဲ့ သူတို့ရဲ့အိမ်ဟာလည်း အဲဒီအချိန်ကစပြီး တိတ်ဆိတ်သွားတယ်။

နောက်နေရာပါပြောင်းပြီး လင်ကိုယ်မယား တရားအာရုံနဲ့ပဲ တိတ်ဆိတ်အေး ချမ်းစွာ နေလာခဲ့ကြတာ ယခုထိအောင်ပါပဲ။

ဒါဟာ ဝိပဿနာတရား ရှုမှတ်ပွားများခြင်းအားဖြင့် မြတ်စွာဘုရားရှင်ရဲ့ တရားတော်ဟာ လူသားတစ်ယောက်အား မည်မျှလောက် တိုးတက်ပြောင်းလဲသွား စေနိုင်တယ်ဆိုတဲ့အချက်ကို ထွန်းပြတဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါတယ်။

(နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးနု၊ ယခု ပိဋကတော် အင်္ဂလိပ်ဘာသာပြန် အဖွဲ့ဥက္ကဋ္ဌကြီးက ဝိပဿနာတရားနှင့်စပ်၍ လူမိုက်ကြီးများပင်လျှင် မဂ်ဖိုလ် နိဗ္ဗာန်ကို ယခုဘဝမှာပင် မျက်မှောက်ပြုကြ၊ ရရှိခံစားနိုင်ကြပုံများကို အကျယ်တဝင့် ဆက် လက်ဟောပြော၏။ မဂ်လေးဆင့်၊ ဖိုလ်လေးဆင့်တက်ပုံ၊ ဖိုလ်ဝင်စားပုံ စသည်များကို

http://www.dhammadownload.com



ကျမ်းဂန်နှင့် လက်တွေ့သာဓကများ နှီးနှောကာ ဟောပြောပြီးနောက် သခင်အောင်သင်း နှင့် ဆရာမကြီးဒေါ်သိန်းတင်တို့က ပရိသတ်ထဲမှထွက်လာကာ ဓမ္မ ဟောပြောပွဲလာသူ များအား အောက်ပါအတိုင်း ဆက်လက်၍ ဝန်ခံတိုက်တွန်းစကားများ အသီးသီး ပြောကြားကြသည်။)

## ဘဝပြောင်းသူနှစ်ဦး၏ဝန်ခံချက်

သဘာပတိ လူကြီးမင်းရှင့် ....

ဦးနု၏ ဗုဒ္ဓ ဓမ္မ ဟောပြောပွဲကြီးသို့ ကြွရောက်လာကြတဲ့ လူကြီးမင်းများရှေ့ မှောက်မှာ ယခုလို စံပြုခံရတဲ့ အခွင့်ကောင်းကြီးကို ပေးစွမ်းတော်မူခဲ့သော မြတ်စွာ ဘုရားနှင့် ဘုရားရှင်၏ တရားတော်အပေါ်မှာ ကျွန်မ ယုံကြည်လေးမြတ်မှုကို ပြော ကြားပါရစေရှင့်။

မြတ်စွာဘုရားရှင်ရဲ့ တရားတော်အပေါ်မှာ ကျွန်မရဲ့ယုံကြည်မှုဟာ ရှေးက ထက် ပိုပြီးခိုင်မာတည်တံ့လာတဲ့အပြင် ကမ္မဋ္ဌာန်းအလုပ် အားထုတ်မှုဟာလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်လျက်သာ ရှိပါတယ်။

ယခုနက ဦးနုပြောသွားတဲ့ ကျွန်မတို့ဇနီးမောင်နှံနှင့် စပ်လို့ ဟောပြောသွား တဲ့အချက်ကို သက်သေအရာ ရပ်တည်ဝန်ခံချက်ပေးဖို့ ကျွန်မတို့ ဇနီးမောင်နှံဟာ လူကြီးမင်းများ ရှေ့မှောက်ကို ယခုလာရောက်ကြရခြင်း ဖြစ်ပါတယ်။ ဦးနု၏ ဟောပြောချက်အတိုင်း အမှန်ပါပဲဟု ထောက်ခံချက်၊ ဝန်ခံချက်၊ ဖြောင့်ချက်ပေးတဲ့ အပြင် သာသနာ့ရိပ်သာမှာ ကျေနပ်လောက်အောင် ဝိပဿနာတရား အားမထုတ်မီ ကနှင့် အားထုတ်ပြီးတဲ့နောက် ကျွန်မတို့ ကိုယ်တိုင်အသိအမြင် ပြောင်းလဲသွားပုံ ကိုလည်း အနည်းငယ် ကျွန်မ တင်ပြလိုပါတယ်။

ရှေးကများဆိုရင် ကျွန်မ အောက်မေ့မိတယ်။ ဒီဘဝ ဒီတစ်သက် သေသာ သွားမယ်၊ ငါ့ရဲ့ဝဋ်ကြီးလှတဲ့ ဒီဒုက္ခမီးကတော့ ငြိမ်းမှာ မဟုတ်တော့ဘူးလို့။ ဒါပေမဲ့ ခုလို ရိပ်သာမှာ တရားအားထုတ်ပြီးတဲ့နောက် သြော် ငါ့မှာ မသေဘဲနဲ့ ဒုက္ခငြိမ်းတဲ့ ဘဝသစ်တစ်ခု ရနေပါပဲကောလားဆိုတဲ့ အသိတစ်ခု ဝင်လာပါတယ်။ ၎င်းပြင် ....

အောက်ပါအကျိုးကျေးဇူးများကိုလည်း မျက်ဝါးထင်ထင် တွေ့မြင်ခံစားလာရ ပါတယ်။

၁။ ဒေါသကြီးလှပါတယ်ဆိုတဲ့သူမျိုးကိုလည်း အောင်နိုင်လာပါတယ်။

၂။ စိုးရိမ်ပူပန်စိတ်၊ ကြောင့်ကြစိတ်ကိုလည်း အောင်နိုင်လာပါတယ်။

၃။ သမာသမတ် မျှတတဲ့ဆန္ဒမျိုးကို မွေးမြူလာနိုင်ပါတယ်။

http://www.dhammadownload.com



၄။ လောကီအာရုံငါးပါးတို့ရဲ့ လှည့်စားသွေးဆောင်မှုကိုလည်း ခံနိုင်ရည်ရှိလာပါတယ်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် လက်ထောက်ကမ္မဋ္ဌာနာစရိယ ရွှေဘို လောကမာရဇိန်ဆရာတော် ဦးမုနိန္ဒတို့ရဲ့ ညွှန်ပြမှုအရ သာသနာ့ရိပ်သာမှာ ယခုလို တရားအားထုတ်ခွင့် ရရှိခဲ့ပါတယ်။

နိဂုံးချုပ်အားဖြင့် ....

ကြွရောက်လာကြတဲ့ လူကြီးမင်းများအား ကျွန်မတစ်ခုတော့ ပန်ကြားတိုက်တွန်းလိုပါတယ်၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို ကြားနာရုံမျှမက ကိုယ်တိုင်လည်း အားထုတ်နိုင်ကြပါစေလို့ ကျွန်မ ဆန္ဒပြုလိုက်ပါတယ်ရှင့်။

ဒေါ်သိန်းတင်
ကျောင်းဆရာမကြီး ဝါးခယ်မမြို့။

သဘာပတိကြီးခင်ဗျား ....

ဦးနုတရားထဲမှာ ထည့်သွင်းဟောပြောသွားတဲ့ ကျွန်တော်တို့ ဖနီးမောင်နဲ့ အကြောင်း ပိုပြီးနိုင်မာအောင် သက်သေခံ ခွင့်ပြုစေလိုပါတယ်ခင်ဗျား။

အနည်းငယ် ကျွန်တော် ပြောချင်တာကတော့ ....

ကျွန်တော်ဟာ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က လူဆိုးကြီး အင်္ဂုလိမာလနဲ့ တူတယ်လို့ ပြောချင်ပါတယ်၊ အင်္ဂုလိမာလရဲ့ ကြမ်းတမ်းတဲ့ စိတ်နှလုံးသားကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကသာ ပြောင်းလဲပေးနိုင်ခဲ့သလိုပါပဲ၊ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးနဲ့ ဆရာတော်ဘုရားကြီးရဲ့တပည့် ဦးဝိစာရ အရှင်မြတ်တို့ က (ငရဲကို တန်းခနဲ ကျနိုင်မယ့်ဘေးက) ကျွန်တော့်ကို ကယ်မပြောင်းလဲလမ်းလွှဲ ပေးတော်မူခဲ့ကြပါတယ်။

ဒီလို ပြောင်းလဲသွားတဲ့အခါ အရင် ကျွန်တော် ပြစ်မှားခဲ့မိတဲ့ ပုဂ္ဂိုလ်များကို ဝန်ချတောင်းပန်ချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ဒါကြောင့်မို့လို့ အဲဒီပုဂ္ဂိုလ်များအား ကာယကံ၊ ဝစီကံ၊ မနောကံဖြင့် ပြစ်မှားမိခဲ့သမျှတွေအတွက် ကျွန်တော်ရဲ့ တောင်းပန်မှုကို လက်ခံပါလို့ လှိုက်လှိုက်လှဲလှဲကြီး တောင်းပန်ပြောကြားလိုပါတယ် ခင်ဗျား။

ကိုယ်စိတ်နှစ်ဖြာချမ်းသာမှု အမှန်တကယ် ပေးစွမ်းနိုင်တာကတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဒီသတိပဋ္ဌာန်ဝိပဿနာ တရားတော်ပဲ ရှိတယ်ဆိုတာ ကျွန်တော်ကိုယ်တွေ့ကြုံခဲ့ပါပြီ၊ ဒါကြောင့် ကြွရောက်လာတဲ့ ပရိသတ်များကို အဲဒီတရားကို

http://www.dhammadownload.com



နာကြားရုံသာမက ကိုယ်တိုင်လည်း အားထုတ်ကြည့်ပါဦးလို့ ကျွန်တော် တိုက်တွန်းလိုပါတယ်။

သာသနာ့ရိပ်သာမှာ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ကျေနပ်သည်အထိ ကျွန်တော် တရားအားထုတ်လို့ရတဲ့ ကုသိုလ်ကောင်းမှုအပေါင်းကိုလည်း ကြွရောက်လာကြတဲ့ လူကြီးမင်းများအားလုံးအား အမျှပေးဝေလိုက်ပါတယ်ခင်ဗျား။

သခင်အောင်သင်း

(သာဓု .... သာဓု ....သာဓု)

[မှတ်ချက်။ ။ညောင်ကန်အေးရိပ်သာ ဟောပြောချက် မြန်မာနှင့် ၁၉၅၉ ခုနှစ် အင်္ဂလိပ်လို ဟောပြောချက် နှစ်ရပ်ကို တွဲစပ်၍ ဖော်ပြလိုက်ပါသည်။]

အဘက်ဘက်က ပျက်စီးခဲ့သော သခင်အောင်သင်း၏ ဘဝသည် တစ်လနှစ်လခန့်မျှ တရားရှုမှတ်ပွားများရုံနှင့် အံ့ဩလောက်အောင် တိုးတက်သွားပုံမှာ ကိုယ်တိုင် ဓမ္မရသ ခံစားရရုံမျှ မကပါပေ။ အလွန်တရာ ကြုံကြိုက်ခဲသော သာသနာတော် (၂၅၀၀)၊ ဆဋ္ဌသံဂါယနာ ပွဲကြီး ခြိမ့်ခြိမ့်သည်း ကျင်းပစဉ်ကလည်း သံဂါယနာတင်ရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး တည်ဆောက်ရာ၌ အဓိကအခန်းက ပါဝင်ဆောင်ရွက်ခွင့်ရသော ကံထူးသူတစ်ဦး ဖြစ်ခဲ့၏။ တာဝန်ခံဆောက်လုပ်ရသူ ဦးလှကျော်က 'ယခုကဲ့သို့ အချိန်မီပြီးစီးနိုင်သည်မှာ လိုအပ်သောပစ္စည်းများကို အချိန်မီ စုဆောင်းရှာဖွေ ထိန်းသိမ်းသော သခင်အောင်သင်းနှင့် အလုပ်သမားမင်းကြီး ဦးကွန်းဇော်တို့၏ ကျေးဇူးကြောင့်ပင်ဖြစ်ကြောင်း လိုဏ်ဂူတော်ကြီးသမိုင်း၌ အတိအလင်း ဂုဏ်ပြုဖော်ပြထားသည်ကို တွေ့ရပါသည်။

သခင်အောင်သင်းတို့ ဇနီးမောင်နှံမှာ ရန်ကုန်မြို့ (၁၃၈)၊ ကမ္ဘာအေးဘုရားလမ်း၊ ကုက္ကိုင်း၌ နေထိုင်၍ သခင်အောင်သင်းကား လွတ်လပ်ရေးမော်ကွန်းဝင် (ပထမအဆင့်)ကို ရရှိခဲ့သည်။ ၁၉၈၀–ခုနှစ်၊ စက်တင်ဘာလ (၂၁)ရက်နေ့ အသက်(၇၆)တွင် ကွယ်လွန်ခဲ့ရှာပါသည်။ ဆရာမကြီး ဒေါ်သိန်းတင် (၇၇)နှစ်မှာ ယခုအခါ မဟာစည်သာသနာ့ရိပ်သာ၌ ကိုယ်တိုင်လည်း တရားအားထုတ်၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးတွင်လည်း အချိန်ပြည့်တာဝန်ယူကာ ကျန်းမာစွာ သာသနာပြုလျက်ရှိပါကြောင်း။

http://www.dhammadownload.com

# တရားထိုင်၍
# သူပုန်ဘေးကလွတ်

သထုံမြို့၊ သိမ်ဆိပ် မင်းလမ်းနေ လယ်ယာဦးကြီး ဦးပါ ဆိုသူကို လက်နက်ကိုင် သောင်းကျန်းသူတို့ ဖမ်းဆီးသွားရာ အပြစ်မရှိဆိုပြီး ဇန်နဝါရီလ (၁၉)ရက်နေ့က ပြန်လွှတ်လိုက်၍ ထိုနေ့နံနက် က နေအိမ်သို့ ပြန်ရောက်လာ၏။

ဦးပါသည် ချုပ်နှောင်ခံထားရရာမှ ထိုနေ့ည အာနာပါန ထွက်လေဝင်လေ ရှုမှတ်မှု ကမ္မဋ္ဌာန်းတရားကို ဖမ်းထားသော နေရာတွင် ကျင့်ကြံအားထုတ်သည် ဆို၏။

အစောင့်သောင်းကျန်း (၄)ယောက်အနက် နှစ်ယောက်က တရားအားထုတ်မှုကို ပြသခိုင်းပြီးနောက် ၎င်းတို့ကိုယ်တိုင် လိုက်နာ အားထုတ်ပြီးလျှင် ဦးပါအား ပြန်လွှတ်လိုက်ခြင်း ဖြစ်သည်ဆို၏။

(၂၃–၁–၆၈ နေ့ထုတ်
ဟံသာဝတီသတင်းစာ)

http://www.dhammadownload.com

# ကမ္ဘာပတ်၍ ကမ္မဋ္ဌာန်း ပြနေသော ဝိပဿနာဆရာကြီး



## မြန်မာ့ရတနာများ သယ်ယူသွားသူ

"မြန်မာပြည်ရဲ့ အဖိုးအတန်ဆုံး ရတနာတွေကို ကျွန်တော် ယူသွားတော့မယ်၊ ခင်ဗျားတို့ တွေ့အောင်သာ ရှာပေတော့"

အိန္ဒိယအမျိုးသားကြီးတစ်ဦး၏ ပြောင်ကျကျ ထုတ်ဖော်ပြောကြားချက် ကြောင့် မင်္ဂလာဒုံလေဆိပ်ရှိ အကောက်ခွန်ဝန်ထမ်းများ မျက်ကလဲဆန်ပြာ ဖြစ်ကုန် ကြလေ၏။

---

ပထမအကြိမ်

http://www.dhammadownload.com



ထိုအချိန်(၁၉၆၉)က မြန်မာပြည်တွင် စီးပွားရေးနှင့် စက်မှုလုပ်ငန်းများကို နိုင်ငံပိုင် သိမ်းယူပြီးခါစ ဖြစ်ပါ၏။ မြန်မာပြည်မှ စီးပွားရေးသမား မြန်မာ တရုတ် ကုလား လူမျိုးစုံသည် မြန်မာပြည်တွင် နောက်ထပ် စီးပွားဖြစ်ရန် လမ်းစမမြင်တော့သဖြင့် နိုင်ငံအသီးသီးသို့ စီးပွားသစ်ရှာရန် အပြီးအပိုင် ထွက်ခွာကြချိန် ဖြစ်ပါ၏။

သူတို့ အပြန်ခရီးတွင် အဖိုးတန် မြန်မာ့ရတနာများကို နည်းမျိုးစုံသုံးကာ တရားမဝင် သယ်ယူသွားရန် ကြိုးစားကြပါ၏။ ထို့ကြောင့် ပြည်ပသွား စီးပွားရေးသမားများကို အကောက်ခွန်ဝန်ထမ်းတို့ အလစ်မပေးရဲ သဲကြီးမဲကြီး ရှာဖွေကြရပါ၏။ အထူးသဖြင့် ယခုပြောလာသူ ပုဂ္ဂိုလ်မှာ မြန်မာ့စီးပွားရေးလောက၏ ထိပ်သီး သဌေးကြီးတစ်ယောက်မှန်း သိနေကြသည်မို့ ပို၍ပင် ဂရုထားကာ ရှာဖွေကြပါ၏။ ထို့ထက် သူကိုယ်တိုင်က အဖိုးတန်ရတနာတွေပါတယ်ဟု ဖွင့်ဟပြောလာသဖြင့် ထိုအမျိုးသားကြီး၏ ကိုယ်ပေါ်ကိုရော ပစ္စည်းကိုပါ နှိုက်နှိုက်ချွတ်ချွတ် ရှာဖွေကြပါသည်။

သို့သော် ရတနာနှင့်တူတာ ဘာတစ်ခုကိုမျှ မတွေ့ရချေ။ ထိုပုဂ္ဂိုလ်မှာ ယခင်ကတည်းက သူတို့နှင့် ရင်းနှီးကျွမ်းနေသူတော့ ဖြစ်ပါ၏။ သို့သော် နောက်ပြောင် ကျီစယ်ပြီးပြောတယ်ဟု ဆိုရမှာလည်းအခက်၊ အတည်ပေါက်ကြီး ပြောလျက်ရှိသဖြင့် သူတို့ အကြပ်ရိုက်နေကြ၏။ ဖွန်လ၏ မိုးစက်ပွင့်များနှင့်အပြိုင် အကောက်ခွန်ဝန်ထမ်းတို့ ချွေးချေးဖြိုင်ရလေပြီ။ အမျိုးသားကြီးကား ရှာဖွေသမျှကို အသာတကြည်ခံရင်း သူတို့အား ပြုံးပြုံးကြီး ကြည့်လျက်သာ ....

“ဘာမှမတွေ့ကြဘူးလားဗျာ၊ ဘယ်တွေ့ပါ့မလဲလေ၊ ကျွန်တော်ယူသွားတာက ခင်ဗျားတို့ရှာနေတဲ့ ရတနာမျိုးမှ မဟုတ်တာဘဲ၊ ဒါပေမဲ့ တကယ့်အဖိုးတန်ရတနာ အစစ်တွေပါဗျာ၊ တကယ်ပါ၊ ဒီရတနာဟာ အိန္ဒိယက ထွက်တာပါ၊ ဒါပေမဲ့ မြန်မာပြည်ကိုရောက်ခဲ့တာ နှစ်ပေါင်းထောင်ချီပြီး ကြာခဲ့ပါပြီ၊ အိန္ဒိယမှာတော့ ဒီရတနာမျိုးတွေ ရှာမှရှားဆိုသလို ဖြစ်ကုန်ပြီ၊ ခု မြန်မာပြည်က တစ်လှည့်ပြန်ပေးရဖို့ အချိန်ရောက်လာပြီလေ”

အတန်ငယ်ကြာတော့မှ အမျိုးသားကြီးထံက စကားစထွက်လာသည်။ ဝန်ထမ်းတို့ကား သူပြောမည့်စကားကို စိတ်ဝင်စားစွာ ငံ့လင့်ရင်း ငေးမောကာ ကြည့်နေကြ၏။

“ဒါဆိုရင် ခင်ဗျားတို့ စဉ်းစားလို့ ရလောက်ရောပေါ့၊ ဟဲ ဟဲ”

http://www.dhammadownload.com



အမျိုးသားကြီးကား ဖြူဖွေးညီညာသော သွားတန်းများပေါ်အောင် ပြုံးရယ်ပြီး ခဏမျှနားလိုက်၏။ ပြီးမှ အောက်ပါအတိုင်း တစ်လုံးချင်း လေးလေးကြီး ပြောချလိုက်လေသည်။

"ကျွန်တော်ယူသွားတာ ဓမ္မဆိုတဲ့ ရတနာတွေပါပဲဗျာ၊ ကျွန်တော်တို့ မြန်မာပြည်ရဲ့ အဖိုးတန်ဆုံး ရတနာအစစ်ဖြစ်တဲ့ ဓမ္မရတနာတွေပါပဲ၊ သာသနာကွယ်သလောက်နီးပါး ဖြစ်နေတဲ့ အိန္ဒိယကို ကျွန်တော်ပြန်ပြီး တရားကျွေးဆပ်ဖို့ ယူသွားပြီလေ"

ထိုအခါမှ အကောက်ခွန်ဝန်ထမ်းတို့ရင်ထဲက အလုံးကြီး ပြန်ကျသွားသည်။ ချွေးသီးချွေးပေါက်များကို သုတ်ရင်း ဝမ်းသာအားရ စကားတုံ့ ဆိုနိုင်ကြတော့၏။

"ဟာဗျာ .... ကျွန်တော်တို့မတော့ အစဉ်းစားရကျပ်လိုက်တာ မပြောတော့နဲ့၊ ဟုတ်ပါရဲ့၊ ကျွန်တော်တို့များ ဗုဒ္ဓဘာသာ ဗမာတွေဖြစ်လျက်နဲ့ ညံ့လိုက်တာ၊ တလွဲတွေပဲ လျှောက်တွေးလျှောက်ရှာနေတယ်။ ဟုတ်ပါတယ်ခင်ဗျား၊ ဟုတ်ပါတယ်၊ တရားရတနာသာ မြန်မာပြည်ရဲ့ တကယ့်အဖိုးတန်ဆုံး ရတနာအစစ်ပါ၊ ဆရာကြီး ယူသွားနိုင်တာ ကျွန်တော်တို့ ချီးကျူးပါတယ်၊ ဂုဏ်လည်းယူတယ်၊ ဝမ်းလည်းသာပါတယ်၊ ယူသာသွားပါ ဆရာကြီးရယ်၊ အိန္ဒိယသာမကဘူး၊ တကမ္ဘာလုံးကိုသာ ခွဲဝေပေးနိုင်အောင် ကြိုးစားပါ ဆရာကြီးရယ်၊ ဆရာကြီးအစွမ်းကိုလည်း ကျွန်တော်တို့ ယုံကြည်ပါတယ်၊ ဆရာကြီးဆီက သတင်းကောင်းတွေ ကျွန်တော်တို့ စောင့်မျှော်နားထောင်နေပါ့မယ်"ဟု ပြောဆိုရင်း အမျိုးသားကြီးကို ဝမ်းသာအားရ မှာကြားနှုတ်ဆက်ကြလေသည်။

အမျိုးသားကြီးကား အကောက်ခွန်ကောင်တာမှ လေယာဉ်ပြေးလမ်းဆီသို့ ထွက်ခွာသွားလေပြီ။ အသားညိုညို တုတ်တုတ်ခိုင်ခိုင် အသက်(၄၀)ကျော်ခန့်၊ အသိဉာဏ် အမြော်အမြင် ကြီးမားသူ၊ တစ်ဘက်သားအား သနားကြင်နာတတ်သူ၊ အများစုအား ခေါင်းဆောင်နိုင်စွမ်းရှိသူမှန်း မြင်ရုံမျှနှင့် သိသာနိုင်သော ဥပမိရုပ်ပိုင်ရှင်။ ထိုပုဂ္ဂိုလ်ကား မည်သူနည်း။

လောက၌ လူသားတို့၏ စိတ်နှလုံးအလိုလို ပွားစေတတ်သော သက်ရှိ သက်မဲ့ အသုံးအဆောင် ရတနာအသီးသီးတို့ ရှိကြပါကုန်၏။ ထိုရတနာများကို လူသားတိုင်း လိုချင်တောင့်တကြပါ၏။ သို့သော် လိုချင်တိုင်းရကြသည်ကား မဟုတ် ပေ။ ရတနာနှင့် ထိုက်တန်သော ကံ၊ ဉာဏ်၊ ဝီရိယ၊ ဖွဲ့၊ သတ္တိ၊ ပြည့်စုံသောသူ အနည်းငယ်တို့သာ

http://www.dhammadownload.com



ရယူနိုင်ကြ၏။ ရဖို့ရန် အလွန်ခဲယဉ်းပါ၏။ ရခဲသောကြောင့်လည်း 'ရတနာ'ဟု ခေါ်ဆိုရပါ၏။

ထိုလောကရတနာတို့ထက် အတိုင်းအဆမရှိအောင် သာလွန်မြင့်မြတ်သော 'ဓမ္မရတနာ'တို့ကို ပိုင်ဆိုင်ဖို့ရန်ကား မည်မျှ ခဲယဉ်းမည်ဖြစ်ကြောင်း အထူးဆိုဖွယ် မလိုပေ။ ရယူပိုင်ဆိုင်ဖို့ရာ မဆိုထားဘိ ရတနာ ရတနာမှန်း ခွဲခြားသိမြင်ဖို့ပင် မလွယ်ကူလှ။ သိပြန်သော်ငြားလည်း ရတနာမြေပုံကို အတိအကျဖော်ပြထားသည့် သိုက်ညွှန်းစာကြီးကိုကိုင်ကာ ဟိုလမ်းကောင်းနိုး သည်လမ်းကောင်းနိုး၊ ဟိုနေ့ကောင်းနိုး၊ သည်နေ့ကောင်းနိုး အမျိုးမျိုးသော အကြောင်းပြချက်တွေနှင့် သီသီလေး လွဲကာ ယောင်ချာချာ ဖြစ်နေကြရသည်က များပါ၏။

ထိုပုဂ္ဂိုလ်ကား ဤအတုမဲ့ အဖိုးတန် ဓမ္မရတနာတို့ကို စိုးစိုးပိုင်ပိုင် ရွေးခြားမြေခြားသို့ပင် သယ်ဆောင်သွားနိုင်ခဲ့လေပြီ။ သူ မည်သို့မည်ပုံ ရယူပိုင်ဆိုင်ခဲ့ပါလေသနည်း။

## တောမထွက်ရ၍ ခေါင်းကိုက်စွဲခြင်း

"လောကကြီးထဲမှာနေရတာ တယ်ပူလောင်တာပဲ၊ ဘာတစ်ခုမျှ ချမ်းသာစရာမရှိဘူး၊ တောထဲတောင်ထဲကို တစ်ယောက်တည်းသွားပြီး အေးအေးချမ်းချမ်း နေချင်လိုက်တာ၊ တောထွက်ပြီး တရားရှာရရင် သိပ်ကောင်းမှာပဲ"

ဤသို့ ပြင်းထန်သော စိတ်ကူးများ ဖြစ်ပေါ်နေသူမှာ သက်တော်ရှစ်ဆယ်ဝါတော်ခြောက်ဆယ် ဆရာတော်ကြီးတစ်ပါး မဟုတ်ပါချေ။ ဆယ်ကျော်သက်ရွယ် ဟိန္ဒူအမျိုးသား လူငယ်ကလေးသာ ဖြစ်ပါ၏။

သူ့နာမည်ကား 'ရှုရီဆတျာနာရာယန်း ဂိုအင်ကာ' ဟု၏။

သူ့မိဘများမှာ အိန္ဒိယပြည် ရာဂျစတန်မြို့မှဖြစ်ပြီး ဒုတိယကမ္ဘာစစ် မဖြစ်မီ အတော်စောစောကပင် မြန်မာပြည် မန္တလေးမြို့သို့ လာရောက်ကာ အခြေစိုက်နေထိုင်ခဲ့သည်။ ၁၉၂၄–ခုနှစ်တွင် မန္တလေးမြို့ (၂၇)လမ်း၊ ဘာဘူတန်း၌ သူ့ကို မွေးဖွားခဲ့ပါ၏။ သူငယ်စဉ်က မန္တလေးမြို့ ဒီအေဗွီကျောင်းတွင် ဆယ်တန်းအထိ ပညာသင်ကြားခဲ့သည်။ ကမ္ဘာစစ်ဖြစ်သောအခါ သူတို့မိသားစု အိန္ဒိယပြန်သွား၏။ စစ်ပြီးမှ မြန်မာပြည်သို့ ပြန်လာကြသည်။ စစ်ပြီးသောအခါ သူ ကျောင်းဆက် မတက်ဖြစ်တော့။ ပညာတစ်ပိုင်းတစ်စနှင့်ပင် မိဘရိုးရာ အထည်အလိပ်လုပ်ငန်းတွင် ဦးစီးလုပ်ကိုင်ရန် အကြောင်းပေးလာတော့၏။

http://www.dhammadownload.com



ဂုရုကြီး ဦးဂိုအင်ကာ

သို့သော် သူကား ကုန်သည်လုပ်ငန်းကို စိတ်မဝင်စားပါချေ။ ကုန်သည်လုပ်ငန်း သာမက ဘာလုပ်ငန်းကိုမျှ သူစိတ်မဝင်စားလိုတော့။ ရှုပ်ထွေးပွေလီသော ဤလောကကြီးထဲ၌ သူမပျော်တော့ပြီ၊ တောထွက်ကာ အေးချမ်းသောတရားကို ရှာဖွေလိုစိတ်များ တဖွားဖွားပေါ်ပေါက်နေ၏။ မိဘများကလည်း စီးပွားရေးလောကကို

http://www.dhammadownload.com



ဝင်ရောက်ရန် နားချနေသဖြင့် သူ အခက်ကြုံနေရ၏။ နောက်ဆုံး မတတ်သာသောအခါ မိဘဆွေမျိုးများအား သူ့ဆန္ဒကို ဖွင့်ဟပြောဆိုခဲ့လေသည်။

"အလိုတော် ... တောက်တီးတောက်တဲ့ ဒီအရွယ်နဲ့ ဒီစကား ပြောစရာတဲ့လား၊ ဘယ်သူကများ ချောက်တွန်းလိုက်ပါလိမ့်၊ ငါ့နှယ်နော် ခက်တော့တာပါပဲ၊ ကဲ ကဲ တွေ့ကရာ လျှောက်တွေးမနေနဲ့၊ ကိုယ့်လုပ်ငန်းကိုသာ ဘယ်လို စရမယ်စဉ်းစား၊ ရနိုင်တုန်း ရှာရတာ၊ နောင်ခါဆို လွယ်မှာမဟုတ်ဘူး၊ စိတ်ကူးမလွဲပါနဲ့ လူကလေးရယ်"

မိခင်ဖခင်နှင့်တကွ ဆွေမျိုးအသိုင်းအဝိုင်း အားလုံးက ဖျောင်းဖျပြောဆိုကာ သူ့အကြံကို ဖျက်ကြလေ၏။ တောထွက်ရန် စီမံကိန်း ပျက်ခဲ့လေပြီ၊ သူစိတ်ဝင်မစားသော စီးပွားရေးနယ်ပယ်သို့ လေးပင်သောခြေလှမ်းများဖြင့် စတင်ဝင်ရောက်ခဲ့ရ၏။

ထိုအချိန်မှစ၍ ဂိုအင်ကာကလေးမှာ ခေါင်းကိုက်ရောဂါ နာတာရှည် စွဲကပ်ခဲ့လေသည်။

## ပါပစာတ် ဆွဲငင်အား

တရားရှာလိုသော သူငယ်လေးကား စီးပွားရေးလောကသို့ ဝင်စမှာပင် ရဲနှင့်စစ်တပ်သို့ စောင် စသည့်အထည်အလိပ်များ ပေးသွင်းရသော ကန်ထရိုက်ကြီးဖြစ်လာခဲ့သည်။ ထို့နောက် ကမ္ဘာ့နိုင်ငံကြီးများနှင့် အဆက်အသွယ်ရပြီး အထည်အလိပ်လုပ်ငန်းကို အကြီးအကျယ် လုပ်ကိုင်နိုင်ခဲ့သည်။ ကိုယ်တိုင် နိုင်ငံခြားသို့ အခေါက်ခေါက်သွားခဲ့၏။ သူ့ကိုယ်စားလှယ်များကိုလည်း နိုင်ငံအများအပြားတွင် ဖြန့်ခွဲ၍ ထားရ၏။ သူခေါင်းဆောင်လုပ်ကာမှ သူ့မိသားစု စီးပွားရေး နေ့ချင်းညချင်း တက်လာ၏။

ရန်ကုန်မြို့ မဂိုလမ်းတွင် တိုက်ကြီးဆောက်နိုင်ခဲ့သည်။ တစ်ချိန်က အလွန်ခေတ်စားသော ဗန္ဓုလစောင်စက်၊ ဗန္ဓုလပလတ်စတစ်စက်၊ ဗန္ဓုလဖွဲနုဆီစက်၊ သီရိသစ္စာရောင်းဝယ်ရေး စသော စက်ရုံကြီးများ စီးပွားရေးလုပ်ငန်းများကို ပိုင်ဆိုင်လာခဲ့၏။

ထိုအချိန်တွင် သူသည် အသက်(၃၀)အရွယ် လူငယ်တစ်ယောက်သာဖြစ်ပါ၏။ သို့သော် အထူးအောင်မြင်သော ကုန်သည်ကြီးတစ်ဦးဖြစ်၍ မြန်မာပြည်မာရဝါရီ ကုန်သည်ကြီးများ အသင်းဥက္ကဋ္ဌအဖြစ်ပင် ဆောင်ရွက်ခဲ့ရသည်။ စီးပွားရေး

http://www.dhammadownload.com



လောကသာမက လူမှုရေး၊ ဘာသာရေးလောကတွင်လည်း ရှေ့တန်းက နေရာရခဲ့၏။ ဂန္ဓီအထိမ်းအမှတ် ဝေါပကာအသင်း ဘဏ္ဍာရေးမှူး၊ မြန်မာပြည် ဟင်ဒီစာပေ အသင်းကြီး၏ ဥက္ကဋ္ဌ၊ အိန္ဒိယန်းကွန်ဂရက်အသင်းအမှုဆောင်စသည့်တာဝန်များ ထမ်းဆောင်ခဲ့ရ၏။ ဟိန္ဒူပြုပဟို အသင်းစသည့် ဘာသာရေး အသင်းအဖွဲ့များတွင်လည်း ခေါင်းဆောင်ကြီးတစ်ဦးဖြစ်ခဲ့သည်။

ဟင်ဒီစာပေနှင့်ပတ်သက်၍ တစ်ခါက သူလက်စွမ်းပြခဲ့ဖူးသည်။ ကုန်သည်ကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ်ဖြင့် ရုရှားသို့ ရောက်ခဲ့စဉ်က ဖြစ်သည်။ မော်စကို အသံလွှင့်ဌာနမှ သူကိုယ်တိုင် ဟင်ဒီဘာသာဖြင့် ကဗျာစပ်ဆို အသံလွှင့်ခဲ့ဖူးသည်။ 'ကောင်းလိုက်တာ ကုန်သည်မှ ဟုတ်ရဲ့လား'ဟု အားလုံးက လက်ဖျားခါရသည်။ သူရေးသော ဟင်ဒီစာအုပ်များမှာ မြန်မာပြည် ဟင်ဒီကျောင်းများတွင် သင်ကြားရန် ပြဋ္ဌာန်းခြင်း ခံခဲ့ရပါ၏။

လောကကြီးထဲမှာ မပျော်နိုင် မပျော်လိုသော သူတစ်ယောက်ကိုမှ လောကကြီးက အောင်ဆုအမျိုးမျိုး ပေးခဲ့ပုံများမှာ ထူးဆန်းအံ့သြဖွယ်ကောင်းလေစွ။ ပန်းတိုင်နီးနေသူများ၌ နောက်နောက်က အလုပ်တွေ စုပြုံ အကျိုးပေးလာကြလေသလော။

## နိဗ္ဗာန် ကူးတို့ ရောဂါလှေနှင့် တွန်း၍ပို့

"လောကကြီးထဲမှာ ဘယ်လိုပဲ အောင်မြင်နေပါစေ၊ ပြည့်စုံတဲ့ ချမ်းသာအစစ်ကို မရနိုင်ပါဘူးဗျာ၊ တစ်နေရာရာမှာ တစ်ခုခုကတော့ လိုနေစမြဲပါပဲလေ၊ ကဲ ကဲ အဲဒါကို သတိပေးရအောင် ကျုပ်ရောက်လာပြီ"

ဦးဂိုအင်ကာအား လောကချမ်းသာများကြားတွင် မေ့လျော့ယစ်မူး မနေနိုင်ရန် (၁၂)ရက်တစ်ခါ မှန်မှန်ကြီးလာပြီးသတိပေးသူ မိတ်ဆွေကောင်းကြီး တစ်ဦးရှိပါ၏။ တောမထွက်ရ၍ဖြစ်သော ခေါင်းကိုက်ရောဂါကြီးပါတည်း။

ငယ်စဉ်ကတည်းက စ၍ဖြစ်သော ခေါင်းကိုက်ရောဂါသည် ဘယ်တော့မျှ အရှင်းပျောက်သည်မရှိ။ (၁၂)ရက်တစ်ခါ ပုံမှန်ခံစားနေရ၏။ ဆရာစုံဆေးစုံ ငွေလည်း ကုန်လှပြီ။ ပြည်တွင်းသာမက အင်္ဂလန်၊ အမေရိကန်၊ ဂျာမဏီ၊ ဂျပန်၊ ဆွစ်ဇာလန် စသောနိုင်ငံကြီးများကို သွားရောက်ကာ ဆေးပါရဂူကြီးများနှင့် ကုသသော်လည်း မပျောက်၊ ပျောက်နိုးနိုးဟူသော မျှော်လင့်ချက်ဖြင့် ဆရာကောင်း ဆေးကောင်း ရှာကာ မသက်မသာ နေခဲ့ရ၏။

http://www.dhammadownload.com



"ဝိပဿနာတရား အားထုတ်လျှင် ရောဂါတွေ ပျောက်တတ်တာ ကျွန်တော်တွေ့ဖူးတယ်၊ ခင်ဗျားလည်း တရားအားထုတ်ကြည့်စေချင်တယ်"

မမျှော်လင့်သော ဆေးနည်းကောင်းကို ထိုစဉ်က နိုင်ငံတော် ရှေ့နေချုပ်ကြီး ဦးချန်ထွန်းထံမှ ဦးဂိုအင်ကာ ကြားခဲ့ရလေသည်။ ကြားခါစတွင် သူအတော် တုန်လှုပ်သွား၏။ တရားအားထုတ်ရင် ရောဂါပျောက်နိုင်တယ်ဟု ပြောလာသူ ပုဂ္ဂိုလ်ကလည်း အသက်သိက္ခာ ဂုဏ်ပညာအားဖြင့် လေးစားဖွယ်ကောင်းသော ပုဂ္ဂိုလ်ကြီးဖြစ်၏။ မဟုတ်မမှန် အကျိုးမဲ့သော စကားမျိုး ဆိုဖွယ်ရာမရှိပါ။ သူပြောသလို ဖြစ်နိုင်ကောင်းပါ၏။ သူကိုယ်တိုင်လည်း ဤရောဂါဝေဒနာ ဖိစီးခံရသည့် ဝဋ်ကြွေက ကျွတ်လိုလှပေပြီ။ ဘာပဲဖြစ်ဖြစ် စမ်းသပ်တော့ ကြည့်လိုလှပါ၏။

သို့သော် ဟိန္ဒူဘာသာဝင်အပေါင်း၏ အထူးယုံကြည် ကိုးစားခြင်းခံရသော သူ့လိုခေါင်းဆောင်ကြီးတစ်ယောက်က ဂေါတမဗုဒ္ဓ၏တရားကို လက်ခံကျင့်သုံးသည် ဆိုလျှင်။

သူ မစဉ်းစားရဲတော့ပြီ။ အမြဲရွတ်ဆိုလေ့ရှိသော ဘဂဝါဂီတိဂါထာကလေးကို စိတ်ထဲမှ တိုးတိုးကလေး ရွတ်ဆိုရင်း အားတင်းရ၏။

> "မိမိရရှိထားသော တရားဓမ္မနှင့် ဝတ်ကျင့်စဉ်များ (သဓမ္မ)ကို လက်ခံကျင့်သုံး၍ သေရခြင်းက မြတ်သေး၏။ အဘယ်ကြောင့်ဆိုသော် သူတစ်ပါး၏ ဘာသာတရား ကျင့်စဉ်(ပရဓမ္မ)ကို စွဲယူလိုက်နာမှုကား အလွန်အန္တရာယ် များလှသောကြောင့်တည်း။

မဖြစ်နိုင်ပါ၊ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ပရဓမ္မ သူတစ်ပါး၏ ဘာသာတရားကျင့်စဉ်ကို သူ ကျင့်သုံးရန်မဖြစ်နိုင်ပါ၊ သူ့အတွေးကို ယောက်ယက်ခတ်ရလေပြီ။

"သဓမ္မ(ကိုယ့်ဘာသာ)နှင့် ပရဓမ္မ (သူ့ဘာသာ)"

"ဝိပဿနာနှင့် ခေါင်းကိုက်ရောဂါ"

"အရှေ့အနောက် ဆေးပါရဂူတို့၏ လက်လျှော့သော စကားသံများ"

သူ့အတွေးအာရုံတို့ ရှုပ်ထွေးရီဝေလာ၏။ အသက်ရှူ မွန်းဆို့ပြီး ဦးခေါင်းတစ်ခုလုံး လေးလံတင်းကျပ်လာ၏။ ဦးဂိုအင်ကာ ခေါင်းခဲပြန်လေပြီ။

မည်သို့ဆိုစေ၊ နောက်ဆုံး၌ ထိုခေါင်းကိုက်ဝေဒနာဆိုးကြီးကပင် ဦးဂိုအင်ကာအား ဦးချန်ထွန်းခေါ်ရာ အင်းလျားမြိုင်ရိပ်သာ ဆရာကြီးဦးဘခင် ထံမှောက်သို့

http://www.dhammadownload.com



မရောက်ရောက်အောင် ပို့ဆောင်ပေးခဲ့ပါတော့၏။

## ရှေးကံရှိက၊ တားမရ၊ ရောက်ကြနေရာမှန်

ရန်ကုန်မြို့ အင်းလျားမြိုင်လမ်း၏ အတွင်းဘက်ကိုက် (၂၀၀)ခန့်အကွာ ချောင်းကလေးထဲရှိ ပန်းမျိုးစုံ ဝေဆာနေသော 'အင်းလျားမြိုင်ရိပ်သာ'ဝင်း။

ထိုရိပ်သာ၏တစ်ခုသော ကုန်းမြင့်ကလေးပေါ်၌ ဆည်းလည်းသံသာသာနှင့် သပ်ရပ်တင့်တယ်စွာ စံပယ်နေသော ဓမ္မရောင်ခြည်စေတီတော်။

ထိုစေတီတော်၏ အောက်ခြေပတ်လည်မှ တစ်ပါးနေ ကမ္မဋ္ဌာန်းကျောင်းဂူ ငယ်ကလေးများ။

စေတီရိပ်ကို ခိုလှုံကတည်းက ဦးဂိုအင်ကာရင်ထဲတွင် အေးမြသော အရသာ တစ်မျိုး ခံစားလိုက်ရသည်။ ခေါင်းကိုက်ဝေဒနာလည်း ယူပစ်သလို ပျောက်ကင်း သွား၏။ ဓမ္မရောင်ခြည်စေတီ၏ ဆည်းလည်းသံများက ဘဂဝါဂီတိကို လွှမ်းမိုးဖုံးအုပ် သွားလေသလော မသိ။

"တရားအားထုတ်တယ်ဆိုတာ ရောဂါဝေဒနာတွေ ပျောက်ကင်းဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အားထုတ်တာ မဟုတ်ပါဘူး၊ တရားဌာနဆိုတာလည်း ဆေးကုတဲ့ ဆေးရုံ မဟုတ်ပါဘူး၊ မြတ်စွာဘုရား ဟောကြားတော်မူတဲ့နည်းအတိုင်း သမထ ဝိပဿနာတရားတွေ ကျင့်ကြံအားထုတ်ရာ ဌာနပါ၊ ဒါပေမဲ့ ဗုဒ္ဓနည်းအတိုင်း ယုံယုံကြည်ကြည်နဲ့ အားထုတ်လို့ရှိရင် စိတ်အညစ်အကြေးတွေ ကင်းစင်လာတာနဲ့ အမျှ ကိုယ်တွင်းရောဂါဝေဒနာတွေလည်း ပျောက်ကင်းသွားတတ်ပါတယ်"

ကမ္မဋ္ဌာန်းပြ ဆရာကြီးဖြစ်သော ငွေစာရင်းမင်းကြီး ဦးဘခင်၏ ရှင်းပြချက် ကြောင့် ဦးဂိုအင်ကာမှာ သူ့ရောဂါကိုပင်မေ့ကာ ဝိပဿနာဆိုသော တရားထူးကို အထူးပင်စိတ်ဝင်စားမိ၏။ ဆရာကြီး၏ဥပဓိရုပ်သွင်ကလည်း ခန့်ညားထည်ဝါလှ သည်။ အမူအရာကလည်း လေးနက်တည်ငြိမ်လှသည်။ အသံသြဇာနှင့်လည်း ပြည့်စုံ ပါ၏။ ထိုထက်ပို၍ ခိုက်ရသည်ကား မမြင်ရသော အဓိပ္ပာယ်ဖွင့်ဆိုရန် ခက်လှသော အေးမြကြည်လင်သည့် ဓာတ်လှိုင်းများကို ဆရာကြီး ရှေ့မှောက် ရောက်စဉ် သူခံစား လိုက်ရ၏။ ဆရာကြီးနှင့် သူ့အား ခိုင်မာသော ကြိုးတစ်ချောင်းဖြင့် ချည်နှောင်ထား သယောင် သူထင်မြင်မိ၏။

http://www.dhammadownload.com



ဦးဂိုအင်ကာ တရားအားထုတ်ရန် ချက်ချင်းဆုံးဖြတ်ပြီး ဆရာကြီးအား ကတိပေးလိုက်လေသည်။

တရားအားထုတ်မည်ဆိုကတည်းက ဖြစ်နေကျ ခေါင်းကိုက်ရောဂါ ပေါ်မလာတော့ပေ။ ထိုအတောအတွင်း စီးပွားရေးကိစ္စများကလည်း ရှုပ်ထွေးလာ၏။ မြန်မာပြည်အနှံ့ ခြေဆန့်ခဲ့ရပြန်ပါသည်။ တရားအားထုတ်ရန် ပေးထားသော ရက်ချိန်းအတိုင်း လာဖြစ်မည် မလာဖြစ်မည်ကိုလည်း အကြောင်းမပြန်နိုင်တော့ပေ။ တရားအားထုတ်ဖို့ ကတိပေးထားသည်ကိုပင် မေ့နေတော့၏။ ဤသို့ဖြင့် မေ့မေ့လျော့လျော့ နေခဲ့ရာ (၆)လမျှ ကြာသွားခဲ့သည်။

တစ်နေ့တွင် ဦးဂိုအင်ကာ ခေါင်းကိုက်ရောဂါ ပြင်းထန်စွာ ပြန်ဖြစ်ပေါ်လာ၏။ ရောဂါပေါ်လာမှ တရားအားထုတ်ဖို့ ကတိပေးခဲ့သည်ကို ပြန်၍သတိရတော့သည်။ ထိုနေ့ကား တရားစခန်းဝင်ရန် ကတိပေးချိန်းဆိုထားသောနေ့မတိုင်မီ တစ်ရက်အလိုဖြစ်၏။

ဦးဂိုအင်ကာ မေ့လျော့မနေနိုင်ပြီ။ နောက်တစ်ရက်တွင် တရားဌာနသို့ အရောက်သွားတော့၏။ ဦးဂိုအင်ကာ ဝိပဿနာတရားကို စတင်အားထုတ်လေပြီ။ ထိုအချိန်တွင် သူသည် အသက်(၃၀)ကျော်ရုံမျှသာ ရှိပါသေး၏။

ထိုနေ့ကား ၁၉၅၅-ခု၊ စက်တင်ဘာလ (၁)ရက်။

## ဂိုအင်ကာ အသစ်မွေးဖွားခြင်း

"ထွက်လေ ဝင်လေ ထိတဲ့နေရာ နှာသီးဖျားမှာပဲ စိတ်ကိုထား။

ဝင်လေဝင်တိုင်း ထိတာကိုသိ။

ထွက်လေထွက်တိုင်း ထိတာကို သိ၍သိ၍သာနေ"

မြတ်ဗုဒ္ဓ၏ တရားနည်းကား အလွန်လွယ်ကူ ရှင်းလင်းလှပါ၏။

ရုတ်တရက်ဆိုလျှင် 'ဒါတရားတဲ့လား'ဟု ဆိုရလောက်အောင် မယုံကြည်နိုင်စရာ ရိုးတာ လွန်းလှသည်။ သို့သော် တကယ်လုပ်လျှင် အဟုတ်ချမ်းသာကြောင်း ကောင်းကောင်းကြီး "သိ"သွားသူတွေ ယနေ့ခေတ်မှာ သန်းနှင့်ချီ၍ရှိလေပြီ။

သို့လော သို့လော တွေဝေငေးမောနေသူများလည်း ဒုနှင့်ဒေး။

တရားတော်ကား အချိန်အခါနေရာ ဘာသာမရွေး အေးချမ်းမှု ပေးလျက်ရှိလေပြီ။ 'ခုလုပ် ခုချမ်းသာ၊ စမ်းသပ်ကြည့်လှည့်ပါ'ဟု ရဲဝံ့သော အာမခံချက်ပေးထား

http://www.dhammadownload.com



လျက်ရှိလေပြီ။

လိုနေသည်မှာ သင်လုပ်ဖြစ်ဖို့ပင်။ ပြတ်ပြတ်သားသားကြီး ဆုံးဖြတ်၍ တကယ်ယုံပြီး တကယ်လုပ်လျှင် သင်မျှော်မှန်းသည်မျှထက်မက ချမ်းသာရနိုင်ပါ၏။

ဘယ်နေရာမှာမဆို ပြတ်သားသော ဖွဲ့ကြီးသော ဦးဂိုအင်ကာ "တရားအလုပ်" မှာလည်း တကယ်ပြတ်ပြတ်သားသား တင်းတင်းရင်းရင်းကြီး လုပ်လေပြီ။ သည်တစ်ခါ လုပ်သော အလုပ်၏အကျိုးကား အဖိုးမဖြတ်နိုင်ကြောင်း သူတွေ့လာတော့၏။

သမာဓိစခန်း ဒုတိယရက်ညမှာပင် သူတို့ဘာသာဝင်များအနေဖြင့် အမြင့်ဆုံး မျှော်မှန်းလာသော 'ဒီဗိုင်းလိုက်'ခေါ် အလင်းရောင်များကို တွေ့ရလေသည်။ မှောင်မိုက်သော ကမ္ဘဋ္ဌာန်းဂူကျဉ်းကလေးအတွင်းမှာ ကြယ်ပွင့်ကလေးများ တောက်ပသလို လင်းထိန်၍သွား၏။ အခြားသော သမထနိမိတ်များကိုလည်း တွေ့လာတော့၏။ ဗုဒ္ဓနည်းကား ခရီးရောက်မြန်လွန်းစွ။

သို့သော် အရောင်အလင်းများကား ဝိပဿနာ၏ပန်းတိုင် မဟုတ်သေး။ လမ်းခွတ်လပ်၌ တွေ့ရတတ်သော မိုင်တိုင်တစ်ခုသာ ဖြစ်ပါ၏။ ဤနေရာ၌ သာယာတပ်စွဲနေလျှင် ခရီးမတွင်တော့။ ရှေ့ဆက်ရလေဦးမည်။

"ဝိပဿနာ ပညာစခန်း"တွင် မိတ်ဆွေဟောင်းကြီး ခေါင်းကိုက်ရောဂါက ဦးဂိုအင်ကာကို တဖန်ကူညီပြန်ပါ၏။ စင်စစ် ယောဂီအဖို့ ရောဂါဆိုသည်မှာ ကြောက်စရာ မဟုတ်။ ကံကောင်းထောက်မ၍ ရသော ရှုစရာ ရှုကွက်ကြီးသာ ဖြစ်ပါ၏။ ဦးဂိုအင်ကာသည် ဤဝေဒနာကို ရှုမှတ်ရင်း မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းဆိုသော ခန္ဓာကိုယ်ကြီး၏(ဝါ)လောကကြီး၏ သဘောမှန်ကို ထင်ထင်ရှားရှားကြီး ကိုယ်တိုင် သိမြင်ခဲ့လေသည်။

ဗုဒ္ဓဟောကြားသော တရားတော်ကို ဝိပဿနာနည်းဖြင့် ရှင်းရှင်းကြီးသိမြင်သွားသော ဦးဂိုအင်ကာသည် ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များတွင် လေးလေးနက်နက် သဒ္ဓါယုံကြည်မှုဖြစ်ပွားခဲ့သည်။ (၁၀)ရက် တရားပတ် မထွက်မီအတွင်း သရဏဂုံဆောက်တည်ပြီးလျှင် ဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့လေသည်။

အစမထင်သော သံသရာက စွဲကပ်လာခဲ့သော စိတ်အညစ်အကြေးများကို ကင်းရှင်းစေသော ဝိပဿနာတရားကား ဦးဂိုအင်ကာ၏စိတ်ရောဂါကိုသာမက ခေါင်းကိုက်ရောဂါ ကိုယ်တွင်းနာကိုလည်း အမြစ်ပြတ် ပျောက်ကင်းစေခဲ့သည်။ ဦးဂိုအင်ကာ အကြီးအကျယ် ပြောင်းလဲလေပြီ။

---

http://www.dhammadownload.com



ယခင်က "ကိုယ့်ဘာသာသည် သဓမ္မ၊ သူတစ်ပါးဘာသာသည် ပရဓမ္မ"ဟု နားလည်ခဲ့၏၊ တရားအားထုတ်ပြီးသောအခါ ထိုဝေါဟာရတို့၏ အနက်အဓိပ္ပာယ်သည် ယခင်က သိခဲ့ဖူးသော အနက်အဓိပ္ပာယ်နှင့် မတူ၊ ထူးခြားနက်နဲသွားတော့သည်။

"သဓမ္မဆိုသည်မှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် ကျင့်စဉ်ဖြစ်၍

ပရဓမ္မဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟ အမိုက်အမဲ တရားသုံးပါး ဖြစ်ပေသည်"

ဦးဂိုအင်ကာ မဂ္ဂင်ရှစ်ပါး တရားလမ်းကြောင်းပေါ် ဖြောင့်ဖြောင့်ကြီးလျှောက်နိုင်လေပြီ။ တကယ့်ချမ်းသာမှုနှင့် ငြိမ်းချမ်းမှုအစစ်ကို ပေးနိုင်သော လမ်းမှန်သို့ ရောက်လေပြီ။ ဘယ်တော့မှ နောက်ပြန်လှည့်မည် မဟုတ်တော့။

## ကိုယ်ပိုင်သာသနာကို မြစ်ဖျားခံ၍

"ဟိန္ဒူဘာသာရေး ခေါင်းဆောင်ကြီး ဦးဂိုအင်ကာတစ်ယောက် အရှေ့အနောက် ဆေးပါရဂူ အကျော်အမော်များ လက်လျှော့ထားရတဲ့ နာတာရှည် ခေါင်းကိုက်ရောဂါကြီး ဗုဒ္ဓဘာသာ့ ဝိပဿနာတရားအားထုတ်တာနဲ့ ပျောက်ကင်းသွားပြီတဲ့။ ဦးဂိုအင်ကာလည်း ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်သွားပြီတဲ့ .... "

ဤသတင်းများသည် မာရဝါရီလူမျိုး အသိုင်းအဝိုင်းတွင် ပျံ့နှံ့ကာ ဂယက်ရိုက်ခတ်သွားခဲ့သည်။ ဆိုင်ရာ ဆွေမျိုးသားချင်း မိတ်ဆွေအပေါင်းအသင်းများ သူ့ထံသို့ လာရောက်ပြီး သတင်းစုံစမ်း မေးမြန်းကြလေသည်။

"တရားအားထုတ်လို့ ရောဂါပျောက်သွားတာ အမှန်ပါပဲဗျာ။ ဒါပေမဲ့ ဒါဟာ ဘာမှစာဖွဲ့လောက်တာ မဟုတ်ပါဘူး၊ တကယ့် အဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးကတော့ ကျွန်တော် လောကကြီးထဲမှာ 'အနေတတ်'သွားတာပါပဲ၊ 'ဓမ္မ'ဆိုတဲ့ ဘဝတစ်လျှောက်မှာ ချမ်းသာအောင် နေနည်းထိုင်နည်းပညာတွေ ရခဲ့တာပါပဲဗျာ၊ ကျွန်တော်တော့ မသေဘဲ ဘဝပြောင်းသွားတာပါပဲဗျာ။

"တရားစစ် တရားမှန်ဆိုတာ ဗုဒ္ဓဘာသာရယ် ဟိန္ဒူရယ် ခရစ်ယာန်ရယ် မူဆလင်ရယ်လို့ ဘာသာခွဲပြီး မနေပါဘူး၊ ဘယ်သူ ဘယ်ဘာသာဝင်ပဲဖြစ်ဖြစ် ဒီ'ဓမ္မ'ကိုသာ လိုက်နာကျင့်ကြံရင် ကျင့်ကြံသူတိုင်းကို ချမ်းသာမှု လက်ငင်းရစေတာ အမှန်ပါပဲ၊ ကျွန်တော်တော့ ကိုယ်တွေ့ကြုံခဲ့ရပြီလေ၊ ကျွန်တော် ချမ်းသာသလို ခင်ဗျားတို့လည်း ချမ်းသာစေချင်လိုက်တာဗျာ၊ အနည်းဆုံး တရားတစ်ပတ်လောက်တော့ စမ်းသပ်

http://www.dhammadownload.com



အားထုတ်ကြည့်စေချင်ပါတယ်"

ဦးဂိုအင်ကာသည် လာသမျှလူတိုင်းအား အကြောင်းစုံ ရှင်းလင်းပြောပြရင်းက တရားအားထုတ်ရန်လည်း တိုက်တွန်းနှိုးဆော်လေတော့၏။ ဦးဂိုအင်ကာ၏ ကိုယ်နှုတ် အမူအရာ ထူးခြားစွာ ပြောင်းလဲချက်ကို တွေ့မြင်ပြီး မွန်မြတ်သော ဗုဒ္ဓ ဓမ္မ၏ အမြိုက် အရသာကို ကြားရသောအခါ မာရဝါရီ ဆွေမျိုးသားချင်းနှင့် မိတ်ဆွေ အပေါင်း အသင်းများသည် ဤထူးခြားသောတရားကို စမ်းသပ်အားထုတ်ချင်လာကြလေသည်။ သူတို့အားလုံးကို ဦးဂိုအင်ကာက ဓမ္မရောင်ခြည် စေတီရိပ်သာသို့ နိဗ္ဗာန်ကူးတို့ ပို့ပေး ရတော့သည်။

ထိုချိန်မှစ၍ ဓမ္မရောင်ခြည်စေတီတွင် လစဉ်တရားအပတ်တိုင်း အိန္ဒိယ နွယ်ဖွားများ ပါဝင်လာခဲ့ကြသည်။ ဦးဂိုအင်ကာလည်း လစဉ်ဆက်လက်၍ တရား လုပ်ငန်း လုပ်ကိုင်ခဲ့လေသည်။ မိသားစုအားလုံးလည်း အားထုတ်ကြသည်။ ညစဉ် လည်း စေတီသို့လာ၍ ဓမ္မမိတ်ဆွေများနှင့်အတူ အဓိဋ္ဌာန်တရားထိုင်၍ ညဥ့်(၉)နာရီ ကျော်မှ အိမ်ပြန်လေ့ရှိသည်။

နိုင်ငံတော်အစိုးရက လုပ်ငန်းအရပ်ရပ် ပြည်သူပိုင် လုပ်လိုက်ချိန်တွင် ဦးဂိုအင်ကာ၏ လုပ်ငန်းအားလုံးလိုလို ရပ်ဆိုင်းသွားခဲ့သည်။ ထိုစဉ်က ဦးဂိုအင်ကာ သည် မိမိစီးပွားရေးလုပ်ငန်းများ လက်လွှတ်လိုက်ရသဖြင့် ပူပင်သောကရောက် ခြင်းလည်း မရှိ၊ နိုင်ငံတော်အစိုးရအပေါ် ငြိုငြင်မှုလည်းမရှိပေ။ တရားလုပ်ငန်းကို အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်နိုင်ရန် မိမိကို ရှုပ်ထွေးပွေလီမ်သော စီးပွားရေး လောကထဲမှ ဆွဲထုတ်ပို့ဆောင်ပေးပေသည်ဟု အောက်မေ့ကာ နိုင်ငံတော်အစိုးရအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိလှသဖြင့် အမြဲမေတ္တာပို့သ အမျှဝေလေ၏။ နိုင်ငံတော် အစိုးရ၏ ကျေးဇူးကြောင့် တရားရက်ရှည် အားထုတ်ဖြစ်လာသည်။ စာတွေ့ အဖြစ်လည်း အင်္ဂလိပ်ဘာသာပြန် အဘိဓမ္မာသင်္ဂြိုဟ်၊ ဝိသုဒ္ဓိမဂ်နှင့် လယ်တီဒီပနီ စသော ကျမ်းဂန်များကို စနစ်တကျ သင်ယူသည်။

ဦးဂိုအင်ကာသည် မိမိကိုယ်တိုင်လည်း တရားအားထုတ်ရင်း တစ်ချိန်တည်း မှာပင် တရားလာအားထုတ်သူ ဘဝတူပရိသတ်များအတွက် ဆရာကြီးဦးဘခင်၏ စကားပြန်အဖြစ် (၁၀)နှစ်တိုင်တိုင် ဆောင်ရွက်ပေးခဲ့သည်။ ဗုဒ္ဓကျမ်းစာအချို့ကိုလည်း ဟင်ဒီဘာသာပြန်၍ စာအုပ်အဖြစ် ပြုစုခဲ့လေသည်။

http://www.dhammadownload.com



၁၉၆၇–ခု၊ ဇန်နဝါရီလရောက်သောအခါ ဆရာကြီးဦးဘခင် "ပထမဆုံး အကြိမ်"နယ်လှည့် သာသနာပြုရန်အကြောင်း ပေါ်ပေါက်လာသည်။ ဦးဂိုအင်ကာကို အကြောင်းပြု၍ ပေါ်ပေါက်လာရခြင်းဖြစ်၏။ မန္တလေးမြို့ရှိ ဦးဂိုအင်ကာ၏ မိတ်ဆွေ သားချင်းများမှာ ရန်ကုန်သို့လာရောက် တရားအားထုတ်ရန် အခြေအနေ မပေးသော ကြောင့် သူတို့ရှိရာသို့ ဆရာကြီးကို ပင့်ဖိတ်ပြီး တရားအားထုတ်ရန် စီစဉ်ခဲ့သည်။ ထိုနှစ်မှာပင် ဧပြီလ၌ မေမြို့တွင် တရားစခန်းတစ်ခု ဖွင့်လှစ်ပေးရသေး၏။ တရား စခန်းနှစ်ခုစလုံး အောင်မြင်စွာ ပြီးဆုံးခဲ့သည်။

ဆရာကြီး၏ ပထမဆုံးနယ်လှည့် တရားပြခရီးတွင် ဦးဂိုအင်ကာသည်လည်း ပထမဆုံးအကြိမ် လက်ထောက် တရားပြဆရာ 'ကမ္မဋ္ဌာနာစရိယ'အဖြစ် ဆောင်ရွက်ခွင့် ရရှိခဲ့လေသည်။ ဦးဂိုအင်ကာ ကမ္မဋ္ဌာန်းဆရာဖြစ်လေပြီ။

## နို့ဖိုးဆပ် တရားဦး

၁၉၆၉–ခု၊ ဇွန်လအတွင်းတွင် ဦးဂိုအင်ကာထံသို့ အိန္ဒိယပြည်တွင် ရောက်ရှိ နေသော မိခင်ကြီး မကျန်းမာကြောင်း ကြေးနန်းရောက်ရှိခဲ့၏။ အိန္ဒိယသို့ ခေတ္တ ပြန်ရန် ပြင်ဆင်ရလေပြီ။ သူ့မိသားစုကို မြန်မာပြည်တွင် ထားရစ်ခဲ့၏။ တော်လှန်ရေး ကောင်စီအစိုးရကလည်း သူ့အား အိန္ဒိယပြည်တွင် ငါးနှစ်နေထိုင်ရန် ခွင့်ပြုမိန့်အား ရက်ရောစွာ ထုတ်ပေးလိုက်ပါသည်။

သူ၏မိဘနှစ်ပါးသည် အိန္ဒိယသို့ မပြန်မီက ဆရာကြီး ဦးဘခင်ထံတွင် ကမ္မဋ္ဌာန်း အားထုတ်ခဲ့ဖူးသည်။ သို့သော် ကျေနပ်ဖွယ်ကောင်းအောင် အောင်မြင်မှု ရမသွားခဲ့ရှာပေ၊ ယခု အိန္ဒိယသို့ ရောက်သောအခါ တရားအခြေအနေ မည်သို့ရှိ မည်နည်း။ သေမင်းဆီသို့ ခြေပြင်နေပြီဖြစ်သော မိအို၊ ဖအိုတို့၏ နှလုံးသားတွင် စစ်မှန်သောဓမ္မတို့ အပြည့်အဝ ကိန်းဝပ်စေချင်လှ၏။

"မိဘကျေးဇူးများ တယ်ပြီးကြီးမားတာပဲ .... ငွေကြေး၊ ပစ္စည်းနဲ့တော့ ဆပ်လို့ မကုန်နိုင်ပါဘူး။ တရားနဲ့ဆပ်မှသာ ကြေမှာမောင်။ ကိုယ်သိထားတဲ့တရားကို သူတို့ များလည်း သိအောင်သာ ဆောင်ပေတော့။ မောင့်ကံကောင်းပါပေတယ်။ တို့များ ဒီလိုသိတော့ ဆပ်ဖို့မိဘ မရှိတော့ဘူးဗျ"

ကျေးဇူးရှင် ဆရာကြီးအား ကန်တော့စဉ် ဆရာကြီးမှာထားသော စကားတို့က ဦးဂိုအင်ကာနားတွင် စွဲမြဲ၍နေသည်။ မြင်းမိုရ်တောင်ဦး မကကျူးသော မိဘကျေးဇူး

http://www.dhammadownload.com



ကိုဆပ်ရန် ဦးဂိုအင်ကာ အိန္ဒိယသို့ပြန်ရလေပြီ။

ဦးဂိုအင်ကာ၏ ရတနာခရီးကား သူ၏မိခင်ကြီးကိုသာမက ဗုဒ္ဓသာသနာ၏ မိခင်၊ ဗုဒ္ဓ ပွင့်ထွန်းတော်မူခဲ့သော မဇ္ဈိမဒေသ အိန္ဒိယအတွက်ပါ နို့ဖိုးဆပ်ရန် ဖြစ်ကြောင်း အနာဂတ်ကို သိမြင်သူများမှတစ်ပါး မည်သူမျှ ရိပ်စားမိခဲ့မည် မဟုတ်ပါချေ။

ထိုအချိန်တွင် မြန်မာနိုင်ငံ၌ စက်မှုစီးပွားလုပ်ငန်းများကို ပြည်သူပိုင်သိမ်းပြီး ခါစဖြစ်သည်။ မြန်မာပြည်ရှိ စီးပွားရေးသမားများသည် ပြည်တွင်းတွင် ဆက်လက်၍ စီးပွားဖြစ်ရန် လမ်းစမမြင်တော့သောကြောင့် ပြည်ပနိုင်ငံအသီးသီးသို့ စီးပွား ဥစ္စာ၊ ရတနာရှာရန် ထွက်ခွာကြလေသည်။

ဤသို့ အခြားကုန်သည်ကြီးများက ကမ္ဘာသို့ "ရတနာ"ထွက်ရှာကြစဉ် ဦးဂိုအင်ကာကမူ ကမ္ဘာသို့ ရတနာဖြန့်ဝေရန် မြန်မာနိုင်ငံမှ ထွက်ခွာလေပြီ။

## မမြင်ရသော တိုက်ပွဲများ

ကောင်းတာလုပ်လျှင် ကောင်းတာဖြစ်၏။ သို့သော် လောက၌ ကောင်းတာ မဖြစ်စေချင်သော (မြင်ရ၊ မမြင်ရ) သတ္တဝါ အမိုက်အမဲတို့လည်း များစွာရှိ၏။ ထိုသူတို့က ကောင်းတာမဖြစ်အောင် သူတို့စွမ်းအားရှိသမျှ ဆောင်ရွက်ကြစမြဲဖြစ်၏။ ကောင်းတာလုပ်တိုင်း ကောင်းတာဖြစ်ပါ့မလားဟု အတွေးများဝင်အောင် ဖန်တီးပေး တတ်ကြသည်။ သဒ္ဓါပညာချို့ငဲ့သူများ သူတို့'သားကောင်'ဖြစ်ရရှာ၏။ ဘုန်းကံ နည်းသူများလည်း လူမိုက် အငှားခံကြရတတ်သည်။

အကောင်းတကာတွင် အကောင်းဆုံးဖြစ်သော 'ဝိပဿနာ' လုပ်ငန်းကို နှောင့်ယှက်ပိတ်ပင် တားဆီးရန်ကား သူတို့၏မဟာတာဝန်ကြီးပင်ဖြစ်၏။ ဤတာဝန် ကို ထမ်းဆောင်ရန် မြေပေါ်မြေအောက် မြေလျှောက်ကိုယ်စားလှယ်များကို အနှံ့အပြား တပ်ဖြန့်၍ ထားပါ၏။ ကမ္မဋ္ဌာန်းကျောင်းကား သူတို့၏ အဓိကပစ်မှတ်။

ကမ္မဋ္ဌာန်းအလုပ်ခွင်သို့မရောက်သေးသူကို အရောက်နှေးအောင်၊ ရောက်နေ သူကို ခရီးမတွင်အောင်၊ ခရီးတွင်သူကို မျက်စိလည်အောင် 'အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ အသိ' အာရုံလိမ်များပေး၍ အနု၊ အကြမ်း၊ အဆန်း အာရုံ ဇာတ်လမ်းစုံဆင်ကာ သွေးဆောင်လှည့်ဖြားတတ်လေသည်။ 'ငါ ဟုတ်လှပြီ' ဟုများ ယောဂီမထင်ပါလေနှင့်။ ကျောက်သင်ပုန်း တဒေါက်ဒေါက်ကန်တော့ပွဲ တမြှောက် မြှောက်နှင့် သင်ထွက်ရပ် ပျောက်သွားမည်။ သိ၍သိ၍သာနေရမည့် သင့်တာဝန်

http://www.dhammadownload.com



မကျေလျှင် သင်မသိနိုင်သော လုပ်ငန်းခွင့်အန္တရာယ်တို့ကား များလှပါဘိတောင်း။ ယောဂီ 'သတိ' ကြပ်ကြပ်ပြု။

ယောဂီကိုပင် ဤမျှဒုက္ခပေးချေလျှင် ယောဂီ၏ရှေ့ဆောင်ဖြစ်သော ကမ္မဋ္ဌာန်းဆရာကို အဘယ်မှာ သူတို့အလွတ်ပေးပါအံ့နည်း၊ တပ်သားနှင့် ဗိုလ်မည်သူ့ကို အလျင်ပစ်ရမှန်းလောက်တော့ သူတို့ သဘောပေါက်ကြပါ၏။

အိန္ဒိယပြည် ဘုံဘေသို့ ဦးဂိုအင်ကာ ရောက်လျှင် သူတို့လည်း မပျက်မကွက် အကြိုထောက်ကာ စောင့်နေကြ၏။ ဦးဂိုအင်ကာ၏ တစ်ကိုယ်လုံးကို မမြင်ရသော ဓာတ်ဆိုးများ လွှမ်းခြုံခြင်းခံလိုက်ရ၏။ အိန္ဒိယပြည်တစ်ပြည်လုံး လှည့်လည်တရားပြနေသည်ဆိုသော လောကီဂိုဏ်းဆရာကြီး တစ်ဦးလည်း ဘုံဘေသို့ ရောက်နှင့်နေ၏။ ဓမ္မစကြာပွဲတော်ဟု အမည်တပ်ထားသော 'မှော်ဝိဇ္ဇာပွဲတော်ကြီး' ဆင်နွှဲနေနှင့်သည်။ ဘုံဘေတစ်မြို့လုံး စွမ်းအားရှိသလောက် အမိုက်ဓာတ်ဖြင့် ဖုံးအုပ်ထားလေပြီ။

မိခင်ကြီး၏ ကျန်းမာရေး အခြေအနေမှာလည်း မကောင်းပေ၊ အကောင်းဆုံးဆေးဝါးဖြင့် ကုသော်လည်း သက်သာရာမရ၊ ထို့ထက်ဆိုးသည်မှာ ဂိုဏ်းဆရာကြီးနှင့် ဆက်သွယ်နေခြင်းပင်၊ ညီဖြစ်သူ ရှမ်ဆန္ဒားသည် ထိုဆရာကြီး၏လက်ရုံးတစ်ဆူပင် ဖြစ်နေချေပြီ၊ နေအိမ်တစ်ခုလုံး အပူအညစ်လှိုင်းများ ရိုက်ခတ်နေ၏။

ဆန့်ကျင်ဘက်ဓာတ်တို့က ဦးဂိုအင်ကာအား သိသိသာသာကြီး တိုက်ခိုက်ကြလေပြီ။

## ပါပဓာတ်နှင့် ကလျာဏဓာတ်

တစ်ဘက်ရန်သူ၏တိုက်ကွက်ကား မြန်ဆန်၏။ ပြင်းထန်၏။ အကွက်စေ့၏။ ဦးဂိုအင်ကကား မလှုပ်မယှက်၊ ရူမှတ်မြဲ တရားကို ရူမှတ်ကာ၊ အနိစ္စအချက်၊ ဒုက္ခအချက်၊ အနတ္တအချက်တို့ကို ကွက်ကွက်ကွင်းကွင်းမိအောင် နှလုံးသွင်းလျက်နေ၏။ မိဘနှစ်ပါး ညီဖြစ်သူနှင့် ၎င်းတို့ဆရာ ဂိုဏ်းဆရာကြီးတို့ထံ မေတ္တာလှိုင်း အထူးပို့လွှတ်၏။ ရံခါပဋ္ဌာန်း'ဒေသနာတော်ကြီးကို ရွတ်ဖတ်ပူဇော်၍ သဗ္ဗညုတဉာဏ်တော်ကို ကြည်ညိုလျက်သာ နေလေ၏။

ကမ္မဋ္ဌာန်းဆရာ၏ ငြိမ်သက်ခြင်း လက်နက်ကား ထိချက်ကောင်းလှ၏။ မိဘနှစ်ပါးနှင့် တူ၊ တူမသုံးယောက်တို့သည် သူနှင့်အတူ မနက်ပိုင်း ညနေပိုင်းတို့တွင် တရားဝင်ထိုင်လာကြသည်။ ညီဖြစ်သူကလည်း အနှောင့်အယှက် မပြုတော့ချေ။

http://www.dhammadownload.com



မမျှော်လင့်သော အခွင့်ကောင်းကြီးတစ်ခုလည်း ပေါ်ပေါက်လာခဲ့သည်။

ရန်ကုန် အင်းလျားမြိုင်ရိပ်သာတွင် တရားအားထုတ်ခဲ့ဖူးသော မစ္စတာဘာလ်ချန် ဆိုသူက ဦးဂိုအင်ကာအား ဘုံဘေတွင် တရားတစ်ပတ်ပြသရန် မေတ္တာရပ်ခံလာသည်။ ဦးဂိုအင်ကာ၏ တူတစ်ယောက်ကလည်း 'အစားအသောက်နေရာထိုင်ခင်းနှင့်တကွ အစစတာဝန်ခံပါမည်' ဟုဆိုလာပြန်၏။ ဆရာကြီး ဦးဘခင်ထံ ကြေးနန်းဖြင့် အခြေအနေအစီရင်ခံ၍ တရားပြသရန် စီမံရလေတော့သည်။

ပထမဆုံးအကြိမ် တရားစခန်းကား ဘုံဘေမြို့လယ်ရှိ အလွန်ဆူညံသော ရပ်ကွက်ကြီးမှ 'ဒါရမ်ဆာလာခေါ် ဧည့်ရိပ်သာ'တစ်ခုတွင် စတင်ရသည်။ အဆောက်အအုံမှာ သုံးထပ်တိုက်ကြီးဖြစ်ပြီး ဒုတိထပ်ရှိ အခန်းသုံးခန်းနှင့် မီးဖိုတစ်ခုကိုသာ တရားပြရန် အသုံးပြုခွင့်ရခဲ့သည်။ အဝတ်ခန်းဆီးများကာပြီး ယောဂီများနေရန် အခန်းဖွဲ့ရ၏။ တရားဌာနနေရာမှာ မြို့လယ်ဖြစ်၍ ကားအသွားအလာရှုပ်ပြီး အလွန်ဆူညံလှသည်။ ဈေးဆိုင်များ၊ ကုန်ရုံများ၊ ပတ်ပတ်လည်အိမ်များမှ ရေဒီယိုသံ၊ သီချင်းသံများဖြင့် ပွက်လောရိုက်နေတော့သည်။

တရားအားထုတ်မည့်သူမှာ (၁၄)ယောက်ရှိလေသည်။ ဦးဂိုအင်ကာ၏မိခင်ကြီးနှင့် ချွေးမ မဠူတို့ အပါအဝင်ဖြစ်သည်။ ပါပဓာတ် အနှောင့်အယှက်များကြားမှ ပထမဆုံးအကြိမ် တရားစခန်းကို ၁၉၆၉–ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့တွင် ဖွင့်နိုင်ခဲ့သည်။ ပထမဆုံးအကြိမ် တရားစခန်းအကြောင်းကို ဆရာကြီးထံ အောက်ပါအတိုင်း အစီရင်ခံခဲ့လေသည်။

## တပ်မှူးကြီး ဂိုအင်ကာ၏ တိုက်ပွဲအစီရင်ခံစာ

"ဤဒါရမ်ဆာလာသို့ရောက်သော ပထမညတွင် မကောင်းသော အင်အားများနှင့် ရင်ဆိုင်တိုက်ပွဲဆင်နွှဲရပုံကို ကျွန်တော် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။ တရားပရိသတ်တို့ တရားထိုင်ကြသည့် ခန်းမကြီးတွင် မုန်တိုင်းဆင်သကဲ့သို့ လှုပ်ရှားတိုက်ခိုက်မှုကြီး ဖြစ်ပေါ်ခဲ့ပါသည်။ တစ်ခါတစ်ရံ ကျွန်တော့်နောက်ကျောတစ်ခုလုံး အေးစက်၍ ကြက်သီးတဖြန်းဖြန်းထခဲ့ရပါသည်။"

"အာနာပါန တရားပေးထားသော ပထမသုံးရက်တွင် တရားသမားအချို့၌ ကိုယ်တွင်းထကြွသောင်းကျန်းမှုများ တွေ့ကြုံရပါသည်။ အချို့သည် ပြင်းစွာအော့အန်ကြ၍ အချို့မှာ အဆက်မပြတ် ဝမ်းလျှောကြပါသည်။"

http://www.dhammadownload.com



"ကျွန်တော့် ချွေးမ မဋ္ဌူသည် အာနာပါန လုပ်ချိန်တွင် တော်တော်ခံရပါသည်။ သုံးရက်လုံး အော့အန်ပါသည်။ မသက်သာလှပါ။ သူ့အမေရော သူပါ စိုးရိမ်စိတ်ဝင်ကြပါသည်။"

"ကျွန်တော် တရားလိုက်ပြီး စစ်နေစဉ်အတွင်း ကျွန်တော်၏ကိုယ်ပေါ်တွင် ယားယံသည့် အဖုများပေါ်ပေါက်လာပါသည်။ တစ်ကိုယ်လုံးလည်း နီရဲလာပါသည်။ ထိုယားယံခြင်း မပျောက်မီပင် ကျွန်တော်၏ချွေးမကို တရားစစ်ရန် သွားရပြန်ရာ သူ့အား ရှေ့မှောက်၌ တရားအားထုတ်စေပါသည်။ တရားကို ရှုစေပါသည်။ သူ့ဆီက ပြန်လာပြီးသည်နှင့် သူလည်းပဲ ကျွန်တော်ဖြစ်သလို အဖုများထွက်လာ၍ ကျွန်တော့်ထံ ငိုယိုကာ လာရောက်ပြောပြပါသည်။ တရားရှုလိုက်တော့လည်း ပျောက်သွားပါ သည်။"

"ဤတိုက်ပွဲကြီးများတွင် ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ဒေသနာတော်ကလည်း များစွာ အကူအညီပေးခဲ့ပါသည်။ သာသနာတော်ကို စောင့်ရှောက်တော် မူလျက်ရှိကြသော နတ်ဗြဟ္မာများနှင့်တကွ ဆရာသက်ကြီး၊ ဆရာကြီးနှင့် မိခင်ဆရာမတို့လည်း ကျွန်တော့် အနီးအပါးတွင် ဝိုင်းဝန်းကူနေကြသည်ဟု အစဉ်အမြဲတွေ့သိနေရပါသည်။"

"အခက်အခဲအားလုံး ဝိပဿနာစခန်းသို့ တက်လှမ်းသောအခါ ပြေပျောက်သွားကြပါသည်။ တရားသမားအချို့မှာ ကျေနပ်ဖွယ် တိုးတက်မှုရကြလျက် အချို့မှာမူ ပိတ်ဆို့မှု အနည်းငယ် တွေ့နေကြပါသည်။ ခေါးမီးလုံး တစ်ထောင်မျှလောက် တောက်ပသော အလင်းရောင် တွေ့သူတွေ့လျက် ကိုယ်တွင်းကိုယ်ပ ကြည်လင်အေးမြသော အရောင်များ တွေ့သူများလည်း ရှိပါသည်။"

"ပီတိ၊ ပဿဒ္ဓိ၊ သုခဟု ခေါ်ဆိုအပ်သော ကိုယ်တွင်းငြိမ်းချမ်းမှုများလည်း တွေ့ရှိနေရာ တရားသမားအချို့က 'အာနန္ဒ ဗြဟ္မာကြီးနှင့်တွေ့ပြီ' ဟု ထင်နေကြပါသည်။ ကျွန်တော်က ဤငြိမ်းချမ်းမှုမှာ ခရီးတစ်ထောက်မှ (ဒါရမ်ဆာလာ တည်းခိုရိပ်သာ) မျှသာဖြစ်သည်။ ရည်မှန်းချက်သို့ မရောက်သေးကြောင်း အတော်ရှင်းပြရပါသည်။"

"ဖခင်ကြီးသည် အနိစ္စတရားများကို ကောင်းစွာမြင်တွေ့ရပါသည်။ ယခုပင် အခန်းထဲသို့ဝင်လာ၍ တစ်ကိုယ်လုံး အပူရှိန် တငွေ့ငွေ့ဖြင့် လောင်ကျွမ်းနေကြောင်း မခံရပ်နိုင်အောင် ပူလောင်ရကြောင်း တိုင်တန်းပြီး ညည်းညူသွားပါသည်။"

http://www.dhammadownload.com



"လူတိုင်းပင် ကြည်လင်ထွန်းလင်းသည့် ဓမ္မရတနာများ ခံယူနိုင်ကြပါသည်။ ဗုဒ္ဓမြတ်စွာဘုရား ပွင့်တော်မူရာ ဤမဇ္ဈိမဒေသတွင် လွန်ခဲ့သည့် နှစ်ပေါင်း(၂၀၀၀)မှ စ၍ ဓမ္မရတနာများကို ပြန်လည်တွေ့ရှိ ထိတွေ့နိုင်ကြသဖြင့် ဤတရားပေးရာ အခန်းကြီးသည် ကံကောင်းလှပေစွ။ ဘုံဘေမြို့တော်ကြီးသည် ကံထူးလှပေစွ။"

## ကမ္ဘာ့ပတ်၍ ကမ္မဋ္ဌာန်းပြ

ဘုံဘေတရားစခန်း အောင်မြင်စွာ ပြီးဆုံးသွားသောအခါ မဒရပ်မြို့မှ ပုဂ္ဂိုလ်များသည် နောက်ထပ် တရားတစ်ပတ်ပြသရန် တောင်းပန်သောကြောင့် ဒုတိယတရားစခန်းကို မဒရပ်တွင် ဖွင့်လှစ်ပေးရပြန်လေသည်။ မဒရပ်မှ အပြန်တွင် ဘုံဘေ၌ ထပ်မံ၍ တရားစခန်း ဖွင့်ရပြန်ပါ၏။

ဘုံဘေ ဒုတိယအကြိမ် တရားပတ်တွင်လည်း မိဘနှစ်ပါးလုံး ဝင်ရောက် တရားထိုင်ကြသည်။ ဤတရားပတ်တွင် မိခင်ကြီးမှာ တစ်ကိုယ်လုံး၌ အနိစ္စတရားများ အတားအဆီးမရှိ ရှုမြင်နိုင်ခဲ့သည်။ ကျန်းမာရေးလည်း အထူးကောင်းမွန်လာ၏။ မိဘနှစ်ပါးလုံး အယူမှန်၌ တည်လေပြီ။

ဘုံဘေနှင့် မဒရပ်မြို့ကြီးများတွင် တရားပြသနေစဉ် အတွင်းမှာပင် တရားတော်၏ အရသာကို ကိုယ်တိုင်ခံစားသွားကြရသော ပုဂ္ဂိုလ်တို့မှတစ်ဆင့် ဦးဂိုအင်ကာ တရားပြသပုံ သတင်းပျံ့နှံ့သွားတော့သည်။ အိန္ဒိယပြည်ရှိ အခြားမြို့ရွာဒေသများမှာလည်း မိမိတို့မြို့ရွာတွင် တရားပြသပေးရန် ဖိတ်ကြားလာကြသည်။ ထို့ကြောင့် ဆာရ် နာ့သ်(မိဂဒါဝုန်)၊ အိန္ဒိယပြည်မြို့တော် နယူးဒေလီ၊ ဗာရာဏသီ၊ ကလကတ္တား၊ ဗုဒ္ဓဂယာ စသည်ဖြင့် အိန္ဒိယပြည် တစ်ပြည်လုံးကိုလှည့်ကာ တရားပြသရလေတော့သည်။

အိန္ဒိယပြည်တွင်းတွင် တရားစခန်းများ ဖွင့်လှစ်သောအခါ အိန္ဒိယတိုင်းရင်းသားများသာမက နိုင်ငံခြားသားများလည်း ဝင်ရောက်အားထုတ်ကြလေသည်။ ထိုပုဂ္ဂိုလ်များ သူတို့တိုင်းပြည်သို့ ပြန်ရောက်ကြသောအခါ စုပေါင်း၍ တရားထိုင်ခြင်းများ ပြုလုပ်ကြသည်။ သူတို့နှင့်စပ်ရာ ပုဂ္ဂိုလ်များကိုလည်း တရားအရသာကို သိစေချင်လှပေသည်။ ထို့ကြောင့် ဦးဂိုအင်ကာအား အခြေအနေပေးပါက လာရောက်တရားပြသရန် တောင်းပန်ကြ၏။ ဦးဂိုအင်ကာ မြန်မာပြည်ကို လွမ်းသော်လည်း ပြန်ရန်အခြေအနေမပေးတော့။ အင်္ဂလန်၊ အမေရိကန်၊ ပြင်သစ်၊ ဂျပန်၊ ကနေဒါ၊ ဆွစ်ဇာလန်၊

http://www.dhammadownload.com



သီရိလင်္ကာ၊ နီပေါ၊ ဩစတြေးလျ စသည့် အရှေ့အနောက် ကမ္ဘာ တစ်ဝန်းလုံး လှည့်ပတ်ကာ မနေမနား တရားပြသရတော့၏။

## ကမ္မဋ္ဌာန်းဆရာ မီလျံနာသဌေးကြီး

အိန္ဒိယတွင် အစိုးရက ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့် အထိုက်အလျောက်ပေးထား၏။ နိုင်ငံခြားတိုင်းပြည်များနှင့် အဆက်အသွယ် လမ်းကြောင်းလည်း ကောင်းမွန်လာသည်။ ထို့ကြောင့် အိန္ဒိယရောက်သောအခါ ဦးဂိုအင်ကာ၏ စီးပွားရေးလုပ်ငန်းများ အထူးပင် အဆင်ပြေလာသည်။ အောင်မြင်လာသည်။ သို့သော် သူ စီးပွားရေး မလုပ်တော့။ လုပ်ငန်းအားလုံးကို ညီဖြစ်သူနှင့်သား လွှဲ၍ထားလေသည်။

"မည်သည့် ချမ်းသာသုခမှ ထာဝရမတည်မြဲပေ။ ချမ်းသာသုခကို သုံးဆောင်ခံစားနေသည့် မည်သည့်ပုဂ္ဂိုလ်မှလည်း ထာဝရမတည်မြဲပေ။ လူတို့၏အမြင်၌ ချမ်းသာသုခနှင့် အပြည့်စုံဆုံးဟု အထင်ရှိသော ပုဂ္ဂိုလ်နှင့် မိမိကိုယ်ကို ချမ်းသာသုခနှင့် အပြည့်အစုံဆုံးဟု ထင်ရသော ပုဂ္ဂိုလ်တို့သည် ယင်းချမ်းသာသုခကို ဘယ်လောက်ကြာကြာ သုံးဆောင်ခံစားရသနည်း။"

လေးငါးရက်မျှသာကြာသော် လရောင်သည် လမိုက်ညအဖြစ် ဘယ်လောက်လျင်မြန်စွာ ပြောင်းလဲသွားသနည်း။

ယင်းသို့ အတည်မမြဲ ပြောင်းလဲနေသည့် ချမ်းသာသုခ၌ တွယ်တာကပ်ငြိနေလျှင် တွယ်တာကပ်ငြိနေသလောက်ပင် မိမိအတွက် ဆင်းရဲမှုနှင့် ပူပင်မှုကို ဖန်တီးနေသည်သာ ဖြစ်လေသည်။

ချမ်းသာခြင်း၏ သဘောမှန်ကို ဦးဂိုအင်ကာ ရှင်းရှင်းကြီး သဘောပေါက်ထားပြီး ဖြစ်ပါသည်။ သူသည် မီလျံနာ သူဌေးကြီးဖြစ်၏။ သို့သော် သူဌေးအဖြစ်နှင့် ဘဝကို အနှစ်မခံတော့။ ကမ္ဘာပတ်ကာ ကမ္မဋ္ဌာန်းပြနေလေပြီ။

## ခရစ်ယာန်၊ ဟိန္ဒူ၊ ဂျိန်း၊ မူဆလင်ဘုရားကျောင်းများမှာ ဝိပဿနာတရား အားထုတ်ကြခြင်း

"ဤမဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်၌ ကျဉ်းမြောင်းသော ဂိုဏ်းစွဲ၊ ဝါဒစွဲ၊ ဇာတိစွဲ၊ လူမျိုးရေးအစွဲတို့ မရှိပါပေ။ အားလုံးအတွက် အားလုံးနှင့် သက်ဆိုင်နေပေသည်။

---

http://www.dhammadownload.com



နေရာမရွေး၊ ဒေသမရွေး၊ ကာလမရွေး လိုက်နာ ကျင့်သုံးနိုင်လေသည်။

"အဘယ်ကြောင့် လူတိုင်းနှင့် သက်ဆိုင်သနည်းဆိုလျှင် လူသားတိုင်းသည် တူညီသော ကိလေသာရောဂါကို ခံစားလျက်ရှိကြသောကြောင့်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ကိလေသာ ရောဂါကို ကုသသော ဆေးနည်းမှာလည်း အားလုံးနှင့် သက်ဆိုင်ပါသည်။"

ဦးဂိုအင်ကာ၏ အစောပိုင်း ဝိပဿနာစခန်းများတွင် တရားအားထုတ်သူများမှာ ဟိန္ဒူဘာသာဝင်များက များလေသည်။ တရားသတင်း မွှေးပျံ့လေသောအခါ ခရစ်ယာန်သာသနာအဖွဲ့ခေါင်းဆောင်များ၊ ဘုန်းကြီးနှင့် သီလရှင်များ ဝင်ရောက်အားထုတ်ကြသည်။ စိန်မေရီဘုရားရှိခိုးကျောင်းတွင် ရှိမင်ကက်သလစ် ဘုန်းကြီးနှင့် သီလရှင်များအတွက် တရားစခန်း သီးသန့်ဖွင့်လှစ်ပေးရာ စုစုပေါင်း တစ်ရာကျော် အားထုတ်ခဲ့သည်။ ဝိပဿနာအားထုတ်ပြီးသူ ခရစ်ယာန်ဘုန်းကြီးနှင့် သီလရှင်ပေါင်း (၆၀၀)ကျော်ရှိပြီဖြစ်၏။ အားထုတ်ပြီးသူတိုင်း တရားအရသာကို ခံစားကြရပေရာ သူတို့ကိုယ်တိုင်လည်း ထပ်ခါထပ်ခါ တရားစခန်းဝင်ကြပြီး သူတို့ဆိုင်ရာ တပည့်များကိုလည်း တရားအားထုတ်စေကြ၏။ ခရစ်ယာန်ဘုန်းကြီးများ တစ်နှစ်တစ်ကြိမ် စုပေါင်း၍ တရားအားထုတ်ကြလေသည်။

အလားတူပင် ထိပ်တန်း ဂျိန်းဘုန်းကြီး၊ သီလရှင်၊ ကိုရင်နှင့် ဂျိန်းဘာသာဝင်များ၊ မူဆလင်ဘာသာဝင်များ၊ ဘာသာပေါင်းစုံမှ ပုဂ္ဂိုလ်များ တရားစခန်းတွင် ဝင်ရောက်အားထုတ်ကြ၏။ ဘူ(ဂျ်)ခရိုင် ဘာဒရက်ရ်ငါရှ်ဂျိန်းကျောင်းတော်ကြီးတွင် ဂျိန်းဘာသာဝင်တို့အတွက် သီးသန့်တရားတစ်ပတ် ဖွင့်ပေးခဲ့ရသည်။ ဂျိန်းဘာသာဝင်များ တရားတော်အပေါ် ကျေနပ်သွားကြသဖြင့် နှစ်စဉ် သူတို့အတွက် အထူးတရားတစ်ပတ် စီစဉ်ပေါ်ရလေသည်။ (ဂျိန်းဘာသာသည် မြတ်စွာဘုရားရှင် လက်ထက်တော်က မဟာဝီရခေါ် နိဂဏ္ဌနာဋပုတ္တဆရာကြီး တည်ထောင်ခဲ့သော ဂိုဏ်းတစ်ခု ဖြစ်ပါသည်။)

"နိုင်ငံအသီးသီး လူမျိုးအသီးသီးတွေဟာ သူတို့ဘာသာနဲ့ သူတို့အသီးသီး ရှိနေကြပေမယ့် မနေသေးဘူး"

"သာသနာတော်ဟာ မတုမယှဉ်သာအောင် မြင့်မြတ်တာကိုသိပြီး အဆက်မပြတ် လာရောက် ကြည်ညိုပူဇော်ကြဦးမှာဗျာ၊ တသီတတန်းကြီးပဲ"

ဟု ဗျာဒိတ်တော်စကား မိန့်ကြားခဲ့သော ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရား

http://www.dhammadownload.com



ကြီး၏စကားကို ကမ္ဘာ့သာသနာအတွက်သာမက၊ အိန္ဒိယသာသနာအတွက် မိမိ၏ မြေးဖြစ်သူ ကမ္ဘာ့ဌာန်းဆရာ ဦးဂိုအင်ကာ၏ အနာဂတ်ကိုပါ ကြိုတင်သိမြင်တော်မူသည်ဟု ယူဆရမည် ဖြစ်ပါသည်။

## လူကောင်းပြဿနာ သတိပဋ္ဌာန်မှာအဖြေတွေ့

"အစိုးရကောင်း ဖြစ်အောင် ဘယ်လို လုပ်ရမည်နည်း။ အစိုးရဟူသည် လူများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ကျွန်ုပ်တို့မှာ လူကောင်းများ ရရှိခဲ့လျှင် အစိုးရကောင်းလည်း ရရှိပြီးဖြစ်ပေသည်။ ဝိပဿနာသည် လူကောင်းများ မွေးထုတ်ရန် အာမခံချက် အရှိဆုံး ကိရိယာဖြစ်သည်။ ပညာရေး၊ စီးပွားရေး၊ စက်မှုလုပ်ငန်း စသော နေရာတိုင်းမှာ လူကောင်းတွေ ကျွန်ုပ်တို့လိုနေသည်"

အထက်ပါ ဝိပဿနာအပေါ် အစိုးရအဖွဲ့၏အမြင်ကို ရေးသားခဲ့သူမှာ ရာဂျစတန်ပြည်နယ်အစိုးရ၏ ပြည်ထဲရေးအတွင်းဝန် မစ္စတာရမ်ဆင်းပင် ဖြစ်သည်။ သူသည် မူလက ဗုဒ္ဓဝိပဿနာအကြောင်း ကြားပင်မကြားဘူးခဲ့ချေ။ သူ၏ဇနီးတွင် နာတာရှည် ခေါင်းကိုက်ရောဂါစွဲကပ်နေ၏။ ထိုရောဂါပျောက်ရန် တရားအားထုတ်သင့်ကြောင်း မိတ်ဆွေတစ်ဦး၏ အကြံပေးချက်အရ သူနှင့်သူ့ဇနီးတို့ (၃၀-၃-၇၅) နေ့တွင် ဂျေပူမြို့ဖွင့်လှစ်သော ဦးဂိုအင်ကာ၏(၁၀)ရက်စခန်းတွင် တရားအားထုတ်ခဲ့လေသည်။ တရားစခန်းပြီးသော် ဝိပဿနာတရား၏အရသာကို သိရှိသွားပြီး ပြည်နယ်အစိုးရအား အစိုးရဌာနများတွင် တရားအားထုတ်စေသင့်ကြောင်း တင်ပြခဲ့လေသည်။ အစိုးရကလည်း သဘောတူ လက်ခံခဲ့လေသည်။

ရာဂျစတန်ပြည်နယ်နှင့် ဘီဟာပြည်နယ် အစိုးရ၏ မေတ္တာရပ်ခံချက်ကြောင့် ဦးဂိုအင်ကာသည် အစိုးရဌာနများတွင် တရားပြသပေးခဲ့ရလေသည်။ ပထမဆုံး ဂျေပူမြို့ အကျဉ်းထောင်ကြီး၌ ထောင်သား(၁၁၀)ကို တရားပြသခဲ့သည်။ တရားအားထုတ်ပြီးသောအခါ အကျဉ်းသားများ၏ အကျင့်စာရိတ္တနှင့် ပေါင်းသင်းဆက်ဆံရေး သိသိသာသာကြီး တိုးတက်ကောင်းမွန်လာသည်ကို တွေ့ခဲ့ကြသည်။

ထို့နောက် ရာဂျစတန် ပြည်ထဲရေးဌာနက ရဲအကယ်ဒမီကျောင်းမှ ရဲဝန်ထမ်း (၁၀၀)ကျော်ကို ဝိပဿနာတရား အားထုတ်စေပြန်သည်။ ၎င်းတို့အပေါ် ဝိပဿနာတရားက မည်သို့အကျိုးသက်ရောက်မှု ရှိကြောင်း လေ့လာရန် ဂျေပူမြို့ရှိ ရာဂျစတန် တက္ကသိုလ်အား သုတေသနပြုစေပါသည်။

---

http://www.dhammadownload.com



တက္ကသိုလ်သုတေသနအဖွဲ့သည် ခေတ်မီသိပ္ပံကိရိယာများကို အသုံးပြုပြီး မှတ်တမ်းတင် လေ့လာခဲ့ကြလေသည်။ ရဲအရာရှိများ တရားထိုင်ကြပြီးနောက် ဒေါမနဿတိ ပိုကောင်းလာကြောင်း၊ ပိုမိုဖျတ်လတ်လာကြောင်း၊ စိတ်ပိုမို တည်ငြိမ်လာကြောင်း တွေ့ခဲ့ကြသည်။ ထို့ပြင် ရဲအရာရှိများသည် လူထုနှင့်လည်းကောင်း၊ လက်အောက်ငယ်သားများနှင့်လည်းကောင်း ဆက်ဆံရာတွင် ပိုမိုယဉ်ကျေးနူးညံ့၍ တည်ငြိမ်အေးချမ်းလာကြောင်းကိုလည်း တွေ့ရှိရလေသည်။

ဤသို့ဖြင့် ဂုရုကြီးဦးဂိုအင်ကာသည် ဂျေပူမြို့တွင် အကျဉ်းသားများနှင့် ရဲတက္ကသိုလ် (ပုလိစ်အကယ်ဒမီ) သင်တန်းသားများအား နှစ်စဉ် တရားပြသပေးလျက် အစိုးရအား အကူအညီ ပေးနေရလေသည်။

## ကမ္မဋ္ဌာန်းဆရာကို ဒေါက်တာဘွဲ့ပေးခြင်း

၁၉၇၂–ခုနှစ်၊ ဇန်နဝါရီလ (၁၉)ရက်နေ့တွင် ဗုဒ္ဓဂါယာရှိ သံဃရာဇာဆထေရ်ကြီးက ဦးဂိုအင်ကာအား အိန္ဒိယတွင် ဗုဒ္ဓဝိပဿနာတရားများ ထွန်းကားလာအောင် ဆောင်ရွက်နိုင်ခဲ့သောကြောင့် "ဓမ္မမူရတိ" ဘွဲ့ထူးကို ချီးမြှင့်တော်မူခဲ့ပါသည်။ ဓမ္မမူရတိဟူသော ဟိန္ဒူဝေါဟာရမှာ 'ဓမ္မရုပ်ပုံလွှာ၊ ဓမ္မသရုပ်ဆောင်'ဟု အဓိပ္ပာယ်ရလေသည်။

ထို့နောက် ၁၉၇၇–ခု ဖေဖော်ဝါရီလ (၆)ရက်နေ့တွင် ဘီဟာပြည်နယ် နာလန္ဒာ တက္ကသိုလ်က အထူးဘွဲ့နှင်းသဘင်ပွဲကျင်းပ၍ ဦးဂိုအင်ကာအား "ဝိဇ္ဇာ ဝိရိ ယိန္ဒိ" ဂုဏ်ထူးဆောင်နှင့် ဒေါက်တာဘွဲ့နှင်းအပ်၍ ဂုဏ်ပြုခဲ့ပါသည်။ ယင်းအခမ်းအနား၌ တက္ကသိုလ်ပါမောက္ခချုပ်က ....

"ဂုရုကြီး ဦးဂိုအင်ကာသည် ဗုဒ္ဓ၏တရားတော်မြတ်ကို မြန်မာပြည်မှ အိန္ဒိယပြည်သို့ ပြန်လည်ယူဆောင်လာနိုင်ခဲ့ကြောင်း။ အိန္ဒိယတွင် အမြို့မြို့အနယ်နယ်လှည့်ကာ (၁၀)ရက်တရားစခန်းများ ပြသခဲ့ကြောင်း။ ကမ္ဘာ့အရပ်ရပ်မှ လာရောက်သူတို့အား ဗုဒ္ဓတရားတော်မြတ်၏ အရသာကို လက်တွေ့ခံစားစေခဲ့ကြောင်း၊ နာလန္ဒာ တက္ကသိုလ်မှ ပါမောက္ခများ၊ ဘွဲ့လွန်သင်တန်းသားများအတွက် သီးသန့်တရားပတ်များ ပြုလုပ်ပေးခဲ့ရာ ဗုဒ္ဓတရားတော်နှင့်အညီ လက်တွေ့အကျိုးထူးများ ခံစားရရှိစေခဲ့ကြောင်း ထုတ်ဖော်ချီးကျူးခဲ့လေသည်။ ထိုချီးကျူးဖွယ်ဂုဏ်များကြောင့်လည်း ရှရီ ဆတျ နာရယန် ဂိုအင်ကာဂျီးအား ဤသို့ ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့ နှင်းအပ်ဂုဏ်ပြုရကြောင်း"

http://www.dhammadownload.com



အကျယ်တဝင့် ရှင်းလင်းတင်ပြသွားလေသည်။

ပညာဟူသည် သင်ကြားလေ့လာဖတ်ရှုခဲ့သော စာအုပ်များ၏ စာမျက်နှာအရေအတွက်ဖြင့် ဆုံးဖြတ်၍ ရနိုင်ပါမည်လော။

## လမ်းဆက်လျှောက်မယ်

၁၉၇၁–ခု၊ ဇန်နဝါရီလ (၁၉)ရက်နေ့ နောက်ပိုင်း ဂုရုကြီးဂိုအင်ကာ၏ အောင်မြင်မှု သတင်းများကို သူ့ဆရာကြီး ဦးဘခင် မသိနိုင်တော့ပြီ။ ထိုနေ့တွင် ဆရာကြီး ကွယ်လွန်ခဲ့၏။

ထိုအချိန်တွင် ဂုရုကြီး–ဂိုအင်ကာသည် ဗုဒ္ဓဂါယာဒေသတွင် တရားပြ၍ နေလေသည်။ ဂုရုကြီးဂိုအင်ကာ မှီခိုအားထားရာ တောင်ကြီးပြိုလေပြီ။ ဆရာကြီးနှင့် ဦးဂိုအင်ကာတို့၏ ဆက်စပ်မှုအတိုင်းအတာကို နားလည်ထားကြသော မြန်မာပြည် အင်းလျားမြိုင် ကမ္ဘာ့ဌာန်းဌာနမှ ဓမ္မမိတ်ဆွေများက ဦးဂိုအင်ကာအား ချက်ချင်း အကြောင်းမကြားလိုကြသေးပေ။ လွန်စွာကြီးကျယ်မြင့်မြတ်သော တာဝန်ကြီးကို ထမ်းဆောင်နေစဉ် ဤသတင်းကြောင့် လုပ်ငန်းများ ထိခိုက်သွားလေမည်လားဟု စိုးရိမ်မိကြသည်။ "သူလည်း တရားရှိတာပဲလေ" ဟု မဲတင်းပြီးမှသာ သတင်းပို့နိုင်ကြသည်။

ဦးဂိုအင်ကာထံမှ အောက်ပါကြေးနန်းပြန်လာလေသည်။

**မိခင်ဆရာမ**

**အနိစ္စာဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။**

**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

**မိခင်ကြီး၏ ကောင်းချီးမေတ္တာဖြင့် တရားဆက်လက် ပြသလျက်ရှိပါသည်။ ကြံ့ကြံ့ခိုင်၍ သတ္တိမွေးကြလေ။ ဆရာကြီးသည် တရားအရာ၌ ကျွန်ုပ်တို့နှင့်အတူတကွ ရှိနေပါသည်။**

ဆတျ၊ နာရယန် ဂိုအင်ကာ

"လောကီ ပုဂ္ဂိုလ်၊ အရာဝတ္ထု၊ အခြေအနေမှန်သမျှ တစ်ခဏသာ ခံသည်။ အနိစ္စဖြစ်သည်။ ပြောင်းလဲတတ်သည်။ ကျွန်ုပ်တို့ မျက်စိအောက်မှာပင် ယင်းအရာအားလုံးသည် ပျက်စီးပျောက်ကွယ်သွားရမည်မှာ သေချာသည်။ ထိုသို့မဟုတ်ပါက လည်း ယင်းအရာဝတ္ထုများ မပျက်စီး မပျောက်ကွယ်ခင်မှာပင် ကျွန်ုပ်တို့ ပျက်စီး

http://www.dhammadownload.com



ပျောက်ကွယ်သွားပေလိမ့်မည်။”

အနိစ္စသဘောကို ပိုင်ပိုင်ကြီးသိနေပြီဖြစ်သော ဦးဂိုအင်ကာသည် မြန်မာ ပြည်ရှိ မိတ်ဆွေများကို နှစ်သိမ့်စကားပြောကြားရင်း တရားပင်ပြလိုက်ပါသေးသည်။

ဆရာကြီး ကွယ်လွန်ပြီးသည့်နောက် လပိုင်းအတွင်းမှာပင် ဂုရုကြီးဂိုအင်ကာက ကမကထပြုလုပ်ပြီး အိန္ဒိယပြည် ဘုံဘေမြို့တွင် 'ဆရာကြီးဦးဘခင် အထိမ်းအမှတ် ရန်ပုံငွေ စာရင်းကို ဖွင့်လှစ်သည်။ မဇ္ဈိမဒေသတွင် ဗုဒ္ဓဝိပဿနာတရားတော်များ ပြန်လည်ထွန်းကားရေး၊ ၎င်းတွင် ဗဟိုပြု၍ ကမ္ဘာမှာ သာသနာပြုရေးဟူသည့် ဆရာကြီး ချမှတ်ခဲ့သော လမ်းကြောင်းတွင် ဦးဂိုအင်ကာ တည့်တည့်မတ်မတ် ဆက်၍ လျှောက်လေပြီ။

## ကမ္ဘာမှာ သာသနာပြုမည်

ဦးဂိုအင်ကာ၏ ဝိပဿနာ တရားစခန်းများကို အစောပိုင်းတွင် အဆောက် အအုံများကို ယာယီအသုံးပြုခွင့် ရရှိရန် စီစဉ်၍ ဖွင့်လှစ်ခဲ့ရသည်။ ၁၉၇၆–ခုနှစ် နောက်ပိုင်းရောက်သောအခါ အမြဲတမ်း တရားဌာနများ အိန္ဒိယပြည်တွင်းသာမက ကမ္ဘာ့နိုင်ငံကြီးများတွင်ပါ တည်ထောင်နိုင်ခဲ့သည်။ ဗုဒ္ဓမြတ်စွာ၏ 'သန္ဒိဋ္ဌိက အကာလိက' တရားအရသာကို ကိုယ်တိုင်တွေ့မြင်ခံစားကြရသော ယောဂီ ဟောင်းများက ကမကထပြု၍ ဦးဂိုအင်ကာ၏ခွင့်ပြုချက်အရ တည်ထောင်ကြခြင်း ဖြစ်သည်။ ဩစတြေး လျ၊ ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ကနေဒါ၊ အင်္ဂလန်၊ အနောက် ဂျာမဏီ၊ ဟော်လန်၊ အီတလီ၊ ဂျပန်၊ နီပေါ၊ နယူးဇီလန်၊ နော်ဝေ၊ စပိန်၊ ဆွစ်ဇာလန်၊ အမေရိကန်တိုင်းပြည်များတွင် အရည်အသွေး ပြည့်ဝသော လက်ထောက်တရားပြ ဆရာများ ဖြန့်ခွဲ၍ ထားနိုင်ခဲ့ပြီဖြစ်ပါ၏။ အောက်ပါတရားဌာနများတွင်ကား စေတီ၊ ခြံမြေအဆောက်အအုံများနှင့်တကွ အခိုင်အမာ တည်ဆောက်ကာ 'ဝိပဿနာ' သာသနာပြုလျက် ရှိကြချေပြီ။


၁။ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီ။ အိန္ဒိယတစ်ပြည်လုံးအတွက် ဘုံဘေပြည်နယ်၊ အီဂတ်ပူရီမြို့ငယ်တွင် ဖွင့်လှစ်ထားသည်။

ဘုံဘေမြို့အရှေ့ဘက် (၈၅)မိုင်အကွာတွင် တည်ရှိသည်။ ကေ(၂၀)ကျယ်ဝန်းပြီး ၁၉၇၄–ခုနှစ်တွင် 'ဆရာကြီးဦးဘခင် အထိမ်းအမှတ်ရန်ပုံငွေ'မှ ဝယ်ယူခဲ့သည်။ ဓမ္မဂီရိကုန်းမြေဟု အမည်ပေးထားသည်။ ယင်းကုန်းမြေပေါ်တွင် ပင်မတရားလိုဏ်ဂူ

http://www.dhammadownload.com



စေတီကြီးနှင့် စေတီရံရှစ်ဆူပါသော ဒုတိယ သာသနာ့စေတီတော်ကို တည်ထားလေသည်။ တရားထိုင်ရန် လိုဏ်ဂူ၊ မြှာရုံ၊ စားဖိုဆောင် စသည့်အဆောက်အအုံများမှာ သစ်ပင်ပန်းမာလ်တို့ဖြင့် စိမ်းလန်းဝေဆာသော တောင်ကုန်းငယ်လေးပေါ်တွင် သပ်ရပ်စွာ တည်ဆောက်ထားသည်။ ပထမဆုံးအကြိမ် တရားပတ်ကို ၁၉၇၆–ခု အောက်တိုဘာလတွင် ဖွင့်လှစ်ခဲ့သည်။ တစ်လလျှင် တစ်ကြိမ်မက တရားပတ်များ ဖွင့်လှစ်ပေးနေ သည်။ တစ်ကြိမ်လျှင် ယောဂီ (၂၅၀)မှ (၃၀၀)အထိ လက်ခံနိုင်သည်။



တရားထိုင်ရန်ဂူ ၁၃၀–ရှိ
ဒုတိယသာသနစေတီ၊ အီဂတ်ပူရီ

၂။ အပြည်ပြည်ဆိုင်ရာ ဝိပဿနာ ကမ္မဋ္ဌာန်းဌာန။ အိန္ဒိယပြည်တောင်ပိုင်း အတွက် အန္ဓရာပရာဒေ့ရှ်ပြည်နယ်၊ ဟိုက်ဒရာဘတ်မြို့တွင် ဖွင့်လှစ်ထားပါသည်။ မြို့တော်ပြင်ပ(၈)မိုင်ခန့်အကွာတွင်ရှိသည်။ ပထမဆုံး တရားပတ်ကို ၁၉၇၆–ခု၊ ဇူလိုင် (၄)ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com





ဟိုက်ဒရာဘတ်တရားဌာနရှိ တရားခန်းမကြီးတစ်ခု

ဤဌာနကို ကမကထပြုပြီး တည်ထောင်သူ 'ရှရီ ရာတီလာ မီဟ်တာ'၏ အကြောင်းသည်လည်း စိတ်ဝင်စားဘွယ်ကောင်းလှ၏။ သူကား ကုန်သည်တစ်ဦး ဖြစ်သည်။ ဘာသာတရားများကို လေ့လာလိုက်စားဖူး၏။ ဂျိန်းဘုန်းကြီးတစ်ပါးနှင့် ဂျိန်းဝါဒရေးရာ ပါမောက္ခတစ်ဦးတို့ ဝိပဿနာအကြောင်း ဆွေးနွေးသည်ကို ကြားရပြီးနောက် တရားတော်ကို များစွာ စိတ်ဝင်စားသွားသည်။

ဘုန်းကြီးနှင့် ပါမောက္ခတို့မှာ ဦးဂိုအင်ကာ၏ ဝိပဿနာ သင်တန်းဆင်းများ ဖြစ်ကြသည်။ သူသည် ဦးဂိုအင်ကာ၏တရားစခန်းတွင် အမြန်ဆုံး ဝင်ရောက်တော့၏။ ရက်ပေါင်း(၆၀)ကြာ ဆက်တိုက် တရားဝင်ရောက်ပြီး ဓေဟိပဿိက တရားတော် အပေါ် သဒ္ဓါတရားခိုင်မြဲသွားခဲ့၏။ ထို့ကြောင့် ဦးဂိုအင်ကာကို ပင့်ဖိတ်ပြီး သူနေထိုင်သော ဟိုက်ဒရာဘတ်တွင် တရားစခန်းများ ဖွင့်လှစ်ခဲ့သည်။ ထို့နောက် သူ့အိမ်အနီး မြေမှာပင် ဤတရားဌာနကို ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ တရားဌာနတွင် ယောဂီ(၃၅၀)အတွက် နေရာထိုင်ခင်းများ ပေးနိုင်အောင် အဆောက်အအုံ တည်ဆောက်ထားသည်။ စေတီတည်ရန်လည်း စီမံနေကြပြီဖြစ်၏။ (၂)လတစ်ကြိမ် (၁၀)ရက်စခန်း တစ်ပတ် ဖွင့်လှစ်သည်။ ဦးဂိုအင်ကာကိုယ်တိုင် တစ်နှစ်(၂)ခေါက် တရားပြ

http://www.dhammadownload.com



လာရောက်လေ့ရှိသည်။ ဤဌာနမှ အင်္ဂလိပ်ဘာသာဖြင့် 'ဝိပဿနာဂျာနယ်' များ ထုတ်ဝေပါသည်။

၃။ ဂျေပူ ဝိပဿနာဌာန။ အိန္ဒိယပြည် မြောက်ပိုင်းတွင် ရာဂျစတန်ပြည်နယ် ဂျေပူမြို့တွင် ဖွင့်လှစ်သည်။ 'ဓမ္မသာလိ'ဟု အမည်ပေးထားသည်။ ဂျေပူမြို့တော်မှ (၆)မိုင်အကွာ ဆိတ်ငြိမ်သော တောအုပ်ကလေး တစ်ခုအတွင်း တည်ဆောက်ထားသည်။ ဓမ္မာရုံ၊ တရားပြဆရာနှင့် ယောဂီများ နေထိုင်ရန် အဆောက်အအုံများ ပြည့်စုံစွာ တည်ဆောက်ထားသည်။ ဧက(၄၀)ကျော် ကျယ်ဝန်းသည်၊ ဇေတ်ခတော်တစ်ဆူမှာ တည်ထားဆဲဖြစ်သည်။ (၁၉၈၃–ခုက အခြေအနေ) တစ်ကြိမ်လျှင် ယောဂီ(၁၂၀)လက်ခံနိုင်သည်။ ၁၉၇၈–ခု၊ စက်တင်ဘာလ (၂၀)ရက်တွင် ပထမဆုံးအကြိမ် တရားပတ်ကို ဦးဂိုအင်ကာကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့ပါသည်။ အနည်းဆုံး (၂)လတစ်ကြိမ် (၁၀)ရက်စခန်းများ ဖွင့်လှစ်ထားပါသည်။

၄။ အိန္ဒိယရှိ အခြားဝိပဿနာဌာနများ။ ဒါရမ်ရှာလာ ဝိပဿနာ ဌာနမှာ ဒါရမ်ရှာလာ (ဟင်မာချလ်ပရာဒေ့ရှ်) ဟိမဝန္တာတောင်ကြောတွင် တည်ရှိသည်။ အဆောက်အအုံများ တည်ဆောက်ထားပြီးဖြစ်သည်။ အလားတူ ဘီဟာနယ် ချန်ပါရန်အရှေ့ ဘရာချာကီးယားရွာကလေးတွင်လည်း ဂေါပကအဖွဲ့ဖွဲ့စည်းပြီး ဝိပဿနာဌာန ဖွင့်လှစ်ရန် ဆောင်ရွက်နေလေသည်။

၅။ နီပေါဝိပဿနာဌာန။ ဦးဂိုအင်ကာ၏ တရားစခန်း အမှတ်စဉ် (၁၉၃)ကို နီပေါနိုင်ငံ ခတ္တမန္ဒုမြို့တွင် ၁၉၈၁–ခု၊ မတ်လ(၂၅)ရက်နေ့၌ ဖွင့်လှစ်ခဲ့သည်။ ထိုတရားစခန်းအပြီး (၁၉၈၁–ခု၊ ဧပြီလ၊ ၆–ရက်နေ့)၌ ဗုဒ္ဓဖွားတော်မူရာ နီပေါနိုင်ငံ၌ ဝိပဿနာဌာန တည်ထောင်နိုင်ခဲ့လေသည်။ သဒ္ဓါတရားပြင်းပြသူ ယောဂီများက အဆောက်အအုံနှင့် မြေများ လှူဒါန်းခဲ့ကြသည်။ ယောဂီဟောင်းများ အပတ်စဉ် စုပေါင်းတရားထိုင်ခြင်း၊ ဦးဂိုအင်ကာနှင့် သူ၏လက်ထောက် တရားပြဆရာများက တရားစခန်းအသစ်များ ဖွင့်လှစ်ပေးခြင်းဖြင့် ဗုဒ္ဓဖွားတော်မူရာ နီပေါဒေသတွင် 'ဝိပဿနာတစ်ခေတ် ထွန်းနေလေပြီ။

၆။ ဂျပန်ဝိပဿနာအဖွဲ့။ ဦးဂိုအင်ကာ၏ယောဂီဟောင်း ဂျပန်အမျိုးသားများ စုပေါင်းတည်ထောင်ခြင်း ဖြစ်၏။ ယောဂီဟောင်းများ ဂျပန်ပြည် ပြန်ရောက်သောအခါ တနင်္ဂနွေနေ့တိုင်း စုစည်းကာ တရားထိုင်ကြရာမှ ပေါ်ပေါက်


http://www.dhammadownload.com



လာသည်။ ရှေးဟောင်းယဉ်ကျေးမှုမြို့တော် ကျိုတို၏အိမ်တစ်အိမ်တွင် စုပေါင်းကာ ရက်ရှည်တရားအားထုတ်ခြင်းများ ပြုလုပ်ကြသည်။ ဦးဂိုအင်ကာ၏တရားတိပ်ခွေများ ဖွင့်ကာ နာယူကြသည်။ အခြားဂျပန်အမျိုးသားသမီးများရော ဂျပန်ရောက် နိုင်ငံခြားသား များပါ စိတ်ဝင်စားလာသဖြင့် ဦးဂိုအင်ကာကို ပင့်ဖိတ်ကာ တရားစခန်းများ ဖွင့်လှစ်ကြလေသည်။ တရားတစ်ပတ်တွင် ယောဂီ(၈၀)မှ (၁၀၀)ကျော်အထိ အားထုတ်ကြလေသည်။ ၁၉၈၁–ခုနှစ်တွင် ဂျပန်ဝိပဿနာအဖွဲ့ ပေါ်ပေါက်လာခဲ့၏။ ယခုအခါ ဂျပန်တွင် လက်ထောက်တရားပြ ဆရာနှစ်ဦး အမြဲနေထိုင်ကာ တရားစခန်းများ ဖွင့်လှစ်လျက်ရှိသည်။

၇။ သြစတြေးလျဓမ္မရိပ်သာ။ အမှတ်(၅၀၆)၊ ဝီလ်ဆန်လမ်း၊ ချစ်ပန်ဒလေတွင် ဖွင့်လှစ်ထားသည်။ အိန္ဒိယတွင် တရားအားထုတ်ခဲ့သော ဆစ်ဒနီမြို့ရှိ ပုဂ္ဂိုလ်များက ဦးဂိုအင်ကာ၏ခွင့်ပြုချက်အရ စုပေါင်းလှူဒါန်း တည်ဆောက်ခြင်းဖြစ်သည်။ ၁၉၈၀–ခု၊ စက်တင်ဘာလ ဦးဂိုအင်ကာ၏ ပထမဆုံးအကြိမ် တရားပတ်အပြီးတွင် ဂေါပကအဖွဲ့ ဖွဲ့စည်းခဲ့သည်။ လက်ထောက်တရားပြ ဆရာတစ်ဦး ရှိနေပြီဖြစ်သည်။ တရားတစ်ပတ်တွင် ယောဂီဦးရေ (၂၀၀)အထိ အားထုတ်ကြသည်။

ဟိုက်ဒရာဘတ် တရားဌာန (ဓမ္မခေတ္တကုန်းမြေ)ရှိ ဦးဂိုအင်ကာ (၄–၉–၇၆)နေ့က စိုက်ပျိုးသော ဗောဓိပင်



http://www.dhammadownload.com



၈။ အမေရိကန်ဝိပဿနာကမ္မဋ္ဌာန်းဌာန။ နယူးယောက်မြို့တော်မှ (၄)နာရီ ခရီးသာ ကွာဝေးသော မန်ဆာချူးဆက်ပြည်နယ် ရှဲလဘုန်းဖောလ်ရှိ အိမ်ကြီးတစ်ဆောင်ကို ဝယ်ယူဖွင့်လှစ်ထားခြင်း ဖြစ်သည်။ ဆရာကြီးဦးဘခင် ရန်ပုံငွေမှ ဩဂုတ်လ (၁၀)ရက်နေ့တွင် ဝယ်ယူခဲ့သည်။ အမေရိကန်ယောဂီများက ဒေါ်လာ(၅)သောင်း စုပေါင်းလှူဒါန်းကြသည်။ (၈)ကေကျယ်ဝန်းသော ခြံကြီးဖြစ်၏။ လက်ရှိနေရာမဆန့်အောင် ယောဂီများလာပါက ခြံထဲတွင် ကိုယ်ပိုင်ရွက်ထည်တဲများ ထိုးပြီး တရားအားထုတ်ကြသည်။ ထိုနှစ်ဩဂုတ်လ(၃၀)ရက်နေ့မှစပြီး ဦးဂိုအင်ကာ၏ တရားစခန်းများ စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

အထက်ပါ တရားဌာနများနှင့်တကွ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ဦးဂိုအင်ကာ (၁၀)ရက်စခန်းပေါင်း (၂၂၅)ခု ဖွင့်လှစ်ကာ တရားပြသခဲ့၏။ တရားအားထုတ်ပြီးသူ ယောဂီပေါင်း(၁၆၅၆၁)ဦး ရှိလေပြီ။ ဤကား ၁၉၈၃–ခု၊ ဇန်နဝါရီလ(၁)ရက်နေ့ အထိ ရရှိသော စာရင်းဇယားများအရ တင်ပြရခြင်းသာဖြစ်ပါ၏။ အကြိမ်ကြိမ်ထပ်၍ တရားဝင်ကြသော ယောဂီဟောင်းများ၏စာရင်းကိုလည်း ချန်လှပ်ထားခဲ့ပါသည်။ ယနေ့ကမ္ဘာတွင် မြန်မာပြည်ဖွား ဦးဂိုအင်ကာသည် 'ကလျာဏမိတ္တကြီး' 'ဂုရုကြီး' 'ဂိုအင်ကာဂျီး'ဟူ မြတ်နိုးလေးစားစွာ ခေါ်ဆိုကြသော ကမ္မဋ္ဌာန်းဆရာ မိလျံနာသူဌေးကြီးအဖြစ် သာသနာပြုလျက်ရှိချေပြီ။

## ကမ္ဘာသစ်ကို ကြိုဆိုခြင်းနှင့်အတူ

ယနေ့ ကမ္ဘာကြီးသည်ကား ဘယ်နေရာကလေးမှာမှ အေးကွက်မရအောင် ပူလောင်လွန်းလှပါ၏။ လူသားအချင်းချင်း သတ်ဖြတ်ကြသော စစ်ပွဲကြီးများ၊ အကြမ်းဖက်လုပ်ကြံမှုများ၊ နျူကလီးယားလက်နက်ဆန်းများ၊ အဆိပ်ငွေ့များ၊ စီးပွားရေး အကျပ်အတည်းများ တစ်နေ့တခြား တိုးပွားလျက်သာရှိပါ၏။ လူသားတို့၏ အပူ အညစ် လှိုင်းဒဏ်ကို သဘာဝတရားကလည်း ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းထန် ခြင်းတို့ဖြင့် တုံ့ပြန်လျက်ရှိပါ၏။

ဤကမ္ဘာ့နာတာရှည် ကပ်ဆိုးကြီးများကို ကုစားရန် နည်းလမ်းများ ရှိမှ ရှိပါ သေးလေစ။ အသိဉာဏ် အမြော်အမြင်ရှိသော ကမ္ဘာ့ပညာရှင်ကြီးများ မျက်စိမျက်နှာ ပျက်ကုန်ကြပြီ။

ကျွန်ုပ်တို့ဘာလုပ်ကြမည်နည်း။

---

http://www.dhammadownload.com



လူသတ်လက်နက်အားလုံးကို ဖျက်သိမ်းနိုင်ခဲ့လျှင် သက်သာခွင့်မရလော။ သင့်မြတ်ပါ၏။ သို့သော် မဟာဗျူဟာလက်နက် လျှော့ပေါ့ရေး ဆွေးနွေးပွဲတစ်ခုပြီး လေတိုင်း နျူကလီးယားလက်နက်ဆန်း အသစ်တစ်မျိုး တိုးလာသည်မှာ အားလုံး အသိပင်။

စင်စစ် ကမ္ဘာကိုဖျက်မည့် လက်နက်ကြီးမှာလည်း နျူကလီးယားလက်နက် ဆန်းများ မဟုတ်ကုန်။ ယင်းလက်နက်ပိုင်ရှင် လူသားတို့၏ အတွင်းသန္တာန်မှ လောဘ၊ ဒေါသ၊ မောဟတို့သာ ဖြစ်ကုန်၏။ လူသားတို့၏ လောဘ၊ ဒေါသ၊ မောဟကို ဖျက်သိမ်းနိုင်မှသာလျှင် ဤကမ္ဘာကြီး ငြိမ်းချမ်းသာယာပေမည်။

လောဘ၊ ဒေါသ၊ မောဟကို အပြီးတိုင် ဖျက်သိမ်းနိုင်မည့် တစ်ခုတည်းသော နည်းလမ်းမှာ ဗုဒ္ဓဝါဒ(ဝါ)ဝိပဿနာတွင်သာရှိပါ၏။ ယနေ့ကမ္ဘာ့အခြေအနေ အရပ်ရပ် တို့က ကမ္ဘာ့သူ ကမ္ဘာ့သားတို့အား တရားပြနေလေပြီ။

ယနေ့ ကမ္ဘာ့အကျပ်အတည်းများ၏ တစ်ခုတည်းသော ထွက်ရပ်လမ်းမှာ မြတ်စွာဘုရားရှင်၏ သာသနာတော်သာလျှင် ဖြစ်ပါ၏။ "ကမ္ဘာမှာ သာသနာပြုမည်" ဟု ကျွန်ုပ်တို့ မြန်မာများ ကြုံးဝါးနေကြသည်မှာ ယနေ့ကမ္ဘာကြီး၏ ပင့်လျှောက် တောင်းဆိုချက်နှင့် အံကျကိုက်ညီနေပါ၏။

အပူအညစ် အထပ်ထပ်ဖြင့် ညစ်ပတ်ပေကျံနေသော ဤကမ္ဘာကြီးကို မြတ်စွာ ဘုရားရှင်၏ တရားရေစင်ဖြင့် သွန်းဖြိုးဆေးကြောလိုက်ပါလျှင် ဝိစ္စာ သိပ္ပံ ဘက်စုံ ဖွံ့ဖြိုးသော အလျှံပယ် ကြွယ်ဝချမ်းသာသည့် ကမ္ဘာသစ်ကြီးတစ်ခု ကျွန်ုပ်တို့ ရရှိပေ လိမ့်မည်။ ကျွန်ုပ်တို့ စိတ်ကူးယဉ်ကမ္ဘာ တည်ဆောက်နေခြင်း မဟုတ်ပါ။

ကမ္ဘာတစ်ခုလုံးကို အအေးခံတ် လွှမ်းပတ်ပေးစွမ်းနိုင်သော သာသနာ့ အာဇာနည် အရှင်ကောင်းအရှင်မြတ်များ တစ်ဆူပြီးတစ်ဆူ ဤမြန်မာနိုင်ငံ၌ ပွင့်ထွန်း တော်မူခဲ့ကြပေပြီ။ သိသောသူတို့ ချမ်းသာရာရကြကုန်၏။

"အတုမရှိတဲ့ မြတ်စွာဘုရားရှင်ရဲ့ သာသနာတော်ဟာ ဒီကမ္ဘာမှာ အတုမရှိ အောင် ထိုက်တန်တဲ့နေရာကို ရောက်ဦးမှာပါ။"

ကျေးဇူးရှင်ကြီးများ၏ ဗျာဒိတ်တော် စကားကြောင့်လည်း အားတက်ရပါ၏။ သာသနာတော် ထွန်းတောက်ခြင်းနှင့် သတ္တဝါအားလုံး ကောင်းစားချမ်းသာခြင်း ဟူသော အခြေအနေနှစ်ရပ်သည် ထပ်တူကျလျက်ရှိကြောင်း ကျွန်ုပ်တို့ မြန်မာလူမျိုး များအား အနက်ဖွင့်ပေးရန် မလိုပါချေ။

ပထမအကြိမ်

http://www.dhammadownload.com



"တတိယကမ္ဘာစစ်ကြီး ဘယ်တော့မှ မဖြစ်စေရဘူး"ဟု ရာသက်ပန် တောပျော် မေတ္တာရှင်ကြီးတစ်ပါး၏ အာမခံချက်သည်လည်း ကြက်သီးမွေးညင်းများ ထလောက်အောင် အားရကျေနပ်ဖွယ် ကောင်းလှပါ၏။ ကျွန်ုပ်တို့ ထောက်တည်ရာ ရပေပြီ။

ကံဆိုးမိုးမှောင် ကျနေခြင်းသည်ပင်လျှင် ဤကမ္ဘာကြီးအတွက် ကံကောင်းနေလေပြီ။ မုန်တိုင်း၏ နောက်တွင် ကပ်ပါလာမည့် သင်းပျံ့သော လေပြည်၏ ရနံ့ကို ကျွန်ုပ်တို့ ရှူရှိုက်မိပါ၏။

ဤသို့ ယုံကြည်အားတက် ငန်းဖွင့်လျက်နေစဉ်မှာပင် မြန်မာပြည်မှာ မြစ်ဖျား ခံ၍ မဖွံ့မဒေသ၊ ထိုမှတစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့စီးဆင်းနေသော သာသနာ့ ရေစီးကြောင်းတစ်ခု၏ လှိုင်းခတ်သံများ လွင့်ပျံ့ရစ်ဝဲလာခဲ့ပါ၏။ ကမ္ဘာသစ်ဆီသို့ ဦးတည်လျက်ရှိသော 'ဂုရုကြီးဂိုအင်ကာ'၏ အင်အားများသည် အားရဖွယ် ဂုဏ်ယူဖွယ် ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း အခါခါထပ်လောင်း၍သာ ဆိုရပါတော့၏။

ကျွန်ုပ်တို့ ဘာလုပ်နေသနည်း။

သာသနာတော် ထွန်းကားရေး(ဝါ)သတ္တဝါအားလုံး ကောင်းစားချမ်းသာရေး ဟူသော သမ္မာဆန္ဒရှိကြကုန်သော ကျွန်ုပ်တို့ မြန်မာအမျိုးကောင်းသား အပေါင်းသည် "သတ္တဝါအားလုံး ကျန်းမာချမ်းသာကြပါစေ"ဟု မေတ္တာပို့လွှတ်ကြရာ၌ "ကမ္မဋ္ဌာန်း ဆရာကြီး ဦးဂိုအင်ကာနှင့် လက်ထောက်ဆရာများ၊ ယောဂီများ၊ သက်ရှည်ကျန်းမာစွာဖြင့် သာသနာပြုနိုင်ကြပါစေ"ဟု ရည်ညွှန်းကာ မေတ္တာညွှတ်ရင်း ကျွန်ုပ်တို့ မြင်လိုသောနေရာသို့ ဂုရုကြီးဂိုအင်ကာ ရောက်ရှိမည့်နေ့ကို စောင့်ကြိုလျက်ရှိနေကြပါသတည်း။

ဂါမဏိ

၁၉၈၅–ခု၊ ဇူလိုင်လ ၁၉–ရက် (အာဓာနည်နေ့)

http://www.dhammadownload.com



## ဦးဂိုအင်ကာနှင့်ဆက်သွယ်ရန်လိပ်စာ

U S.N GOENNA
Green House, 2nd Floor,
Green Street,
BOMBAY-400 023.

## မှီငြမ်းပြုသောကျမ်းများ

၁။ ဓမ္မာစရိယဦးဌေးလှိုင်ရေး 'အနာဂါမ်ဆရာသက်ကြီး'
၂။ ဇေယျာမောင်ရေး 'ဆရာကြီးဦးဘခင်'
၃။ ဦးဂိုအင်ကာရေး ပါရဂူဘာသာပြန် 'ဓမ္မ'
၄။ Vipassana Journal (1983 Jan 19)

ပထမအကြိမ်

http://www.dhammadownload.com



http://www.dhammadownload.com



## အိန္ဒိယမှာ ဘာကြောင့် သာသနာကွယ်

ခရစ် ၅–ရာစု နောက်ပိုင်းမှစ၍ ဘုရင် သူဌေးများ ကိုးကွယ်၍ ခမ်းနားသောကျောင်းများ ဆောက်လှူကာ အလှူအတန်းများ ရက်ရောလာကြရာ အရည်အချင်း မမီသော အညံ့စားပုဂ္ဂိုလ်များ သာသနာ့ဘောင်သို့ ဝင်ရောက်လာကြသည်။ ၎င်းအညံ့စား ရဟန်းတို့သာ အားကောင်းလာသောအခါ ဝိနည်းကို ပေါ့ပေါ့တန်တန် လုပ်ပစ်ကြ၏။ ဂန္ထဓုရ၊ ဝိပဿနာဓုရကို မလိုက်နာကြ၊ စားကာသောက်ကာ နေလာကြ၏။

ထိုရဟန်းမျိုးတို့ကပင် မန္တန်စုပ်ခြင်း၊ ပုတီးစိပ်ခြင်း၊ အင်းချ၊ မှော်ဝင်၊ ဆေးကုခြင်း၊ သမထ အာရုံပြုခြင်း စသော လောကီကိစ္စသိဒ္ဓိများကိုပြကာ လူပြိန်းများအား သိမ်းသွင်းဆွဲဆောင်ကြ၏။ ရဟန်းတို့၌ အတွင်းသာသနာ အင်အားလျော့ညံ့လာသောအခါ အချို့ရဟန်းများ ဂန္ဓာရီ ဝိဇ္ဇာလမ်းစဉ်များဆီသို့ အာရုံစိုက်သွားကြသည်။

ဝိနည်းတော်နှင့်အညီ နေထိုင်သော ရဟန်းကောင်းများ ဆင်းရဲငြိုငြင်ကာ အားနည်းသည်ထက် နည်းပါးသွားကြလေ၏။

ရန်သူများ ဝင်လာကြသောအခါ ဝိဇ္ဇာ ဇော်ဂျီ ဂိုဏ်းဝင်များ သူတို့၏ တန်ခိုးဣဒ္ဓိတို့ဖြင့် ခုခံကာကွယ်ကြသော်လည်း အချည်းနှီးဖြစ်ခဲ့ရ၏။ ဝိဇ္ဇာဂိုဏ်းကြီးပေါ်ထွန်း၍ ရဟန်းတို့၌ အတွင်းသာသနာအင်အား ပျက်ပြားခြင်းသည် အိန္ဒိယ၌ သာသနာကွယ်ပရခြင်း၏ အဓိက အကြောင်းကြီးပေတည်း။

ရာဟုလာ သံကိစ္စည်း
(၁၉၇၃–ခု၊ မဟာဗောဓိဂျာနယ် ၈၁/၉)

http://www.dhammadownload.com

မဏိပူရ အာသံပြည် သာသနာဝင်နှင့်

ဗြဟ္မပုတ္တရမြစ်ရေပြင်များ ခြေလျင်ကြွနင်းခဲ့သော

အာသံသာသနာပြု

# ရာဇဂုရု ပယင်းတွင်းဆရာတော်


ဗုဒ္ဓအသံစာပေ

B6293 (3c-Neg) New Lif... http://www.dhammadownload.com



# ရာဇဂုရု
# ပယင်းတွင်းဆရာတော်

http://www.dhammadownload.com



http://www.dhammadownload.com

## ရာဇဂုရု ပယင်းကွင်းဆရာတော်

မြန်မာနိုင်ငံ၏ အနောက်ဘက်နံရံက သာသနာရေးသည် လူများစုက မေ့လျော့နေကြသော်လည်း သမိုင်းက စကားပြောလျက်ပင်ရှိ၏။

ထိုဒေသ၌ ကောင်းကင်မှ ဆင်ဖြူရနှာတို့ပင် သက်ဆင်းကာ အရှိအသေပြုရသော ပုဂ္ဂိုလ်ထူးများပင် ထွန်းပေါ်ခဲ့သည်။ ထိုပုဂ္ဂိုလ်ထူးကြီးကား ရာဇဂုရု နှစ်ထပ်ရ ပယင်းတွင်းဆရာတော်ကြီးပင် ဖြစ်၏။

## မြန်မာတို့၏ ပဏ္ဏာဆက်နိုင်ငံဖြစ်ခဲ့ကြ

စစ်တကောင်း၊ ဘင်္ဂလား၊ မဏိပူရနှင့် အာသံပြည်တို့သည် မြန်မာတို့နှင့် နှစ်ပေါင်းရာပေါင်းများစွာ ယဉ်ကျေးမှု ဖလှယ်ခဲ့ကြ၏။ သာသနာ့ အတုံ့အလှယ် ဆက်သွယ်ခဲ့ကြသည်။ အသီးသီး လွတ်လပ်ရေးခေတ်သို့ရောက်ခါမှ အဆက်အသွယ် ပြတ်ကာ အချင်းချင်းနီးလျက် ဝေးနေကြရသည်။

သမိုင်းကြောင်းအားဖြင့်ကြည့်သော် အနော်ရထာမင်းလက်ထက် အနောက်ဘက် နယ်နိမိတ်မှာ ပဋိက္ကရား (ပတ္တိကေရ၊ ပတိကရ)တိုင်းပြည် ကသည်းပြည်များ ဖြစ်ကြောင်း ထိုခေတ်နယ်နိမိတ်ကို ဖော်ပြထား၏။ ဒုတိယကမ္ဘာစစ်အတွင်းက မုံးခိုကျင်းတူးရာမှ (မမျှော်လင့်ဘဲ ပဋိက္ကရားတိုင်းပြည်နှင့် ကြီးကျယ်သော ပဋိက္ကရားကျောင်းတော်ကြီးကို တူးဖော်တွေ့ရှိခဲ့ကြသည်။ (ပါကစ္စတန်ပြည် ဗုဒ္ဓဘာသာစာအုပ်)

ရခိုင်မင်းဘင်(မင်းဗားကြီး)မင်းရာဇာကြီးတို့ တန်ခိုးကြီးစဉ်က စစ်တကောင်းမှလောက်သာမက ဒက္ကာ စသော ဘင်္ဂလား (၁၂)မြို့ပင် ရခိုင်လက်အောက်ခံ ဒေသများဖြစ်ခဲ့ကြသည်။ မြောက်ဘက်တကြော မဏိပူရ၊ အာသံပြည်များမှာကား နှစ်ပေါင်းများစွာကပင်မွန်၊ မြန်မာမင်းများ၏ ပဏ္ဏာဆက် လက်အောက်ခံနိုင်ငံများ ဖြစ်ခဲ့ကြ၏။ နောက်ဆုံး သီပေါမင်း ပါတော်မူသည့် နောက်ကာလမှာပင် နန်းတွင်းအမှုထမ်း အာသံမင်းသား၊ မင်းသမီးများ မြန်မာပြည်၌ ရှိနေခဲ့ကြရာ ထိုအနောက်ဘက်နံရံမှ နိုင်ငံငယ်များသည် မြန်မာတို့နှင့် စဉ်လာမခွဲ လက်တွဲခဲ့ကြသော နိုင်ငံများဖြစ်ကုန်၏။

---

ပထမအကြိမ်

http://www.dhammadownload.com



## ဗင်္ဂါတို့၏ဖွဲ့နှင့် မြန်မာကိုပင် ဟိန္ဒူဗာတ်သွင်းရေး

ပျူခေတ်ကတည်းက တရုတ်နှင့် အိန္ဒိယတို့ မြန်မာပြည်ကိုဖြတ်၍ ကူးလူးဆက်သွယ်ရာ လမ်းနှစ်သွယ်ရှိခဲ့ကြောင်း တရုတ်ထန်ရာဇဝင် စသည်တို့၌ ပြခဲ့ကြ၏။ မြောက်ဘက်လမ်းမှာ ယုန်ချန်နှင့် ကာမရူပခေါ် အာသံပြည်၊ တောင်ဘက်လမ်းမှာ ပျူနေပြည်တော်ကို ဖြတ်သွားသောလမ်း ဖြစ်သည်။ ယခု လီဒိုလမ်း၊ တမူး–အင်ဖာလမ်း၊ ပတ်ကွိုင်တောင်ကြားလမ်း စသည်ရှိသကဲ့သို့ ခေတ်အဆက်ကပင် တောင်ပိုင်းရောမြောက်ပိုင်းပါ ကူးလူးဆက်သွယ်ရေးလမ်းများ ရှိခဲ့ကြလေသည်။ ကာမရူပတိုင်း၏ မြို့တော်မှာ ပရာဂဇောတိရှ (ပါစိဇောတိ–နက္ခတ်ပညာထွန်းကားသော ဒေသ) ဟုခေါ်၏။

ယဉ်ကျေးမှု ဆက်သွယ်ထိစပ်နေသော နိုင်ငံများဖြစ်၍ အိန္ဒိယပြည်ကြီး၌ ဗုဒ္ဓဘာသာ အလုံးအရင်းနှင့် ကျဆုံးခဲ့ကြရသောအခါ ဘင်္ဂလားသားတို့သည် အိန္ဒိယ အရှေ့ပိုင်း၌ ဗုဒ္ဓဘာသာနယ်မြေတစ်ခုအဖြစ် ကြံ့ကြံ့ခံရပ်တည်ထားရန် ရည်သန်ခဲ့ကြ၏။ ဘင်္ဂလားမှနေ၍ အရှေ့ဘက်တလွှား ဗီယက်နမ်အထိ ထိုခေတ်အခေါ် 'ကောကိ'ဒေသတစ်ခုလုံး ဗုဒ္ဓဘာသာ သာသနာပြုကြသည်။ ရခိုင်၊ ပဲခူး၊ ပုဂံတို့မှာ အရင်းနီးဆုံး သာသနာပြုဌာနများဖြစ်ခဲ့ကြ၏။ သို့သော် ထိုခေတ်ကား မဟာယာန ဗုဒ္ဓဘာသာဖြစ်နေချေပြီ။ (မြန်မာနိုင်ငံ ဆံဆကရစ် ဗုဒ္ဓဘာသာစာအုပ်။)

တိဗက် တာရနာထဘုန်းတော်ကြီး မှတ်တမ်းတွင် ထိုအချက်များကို ထင်ရှားတွေ့ရ၏။ ထိုမှတ်တမ်းတွင် တစ်ခုမှတ်ဖွယ်တိုးသည်မှာ သီလမင်းလက်ထက်တွင် မြတ်စွာဘုရားရှင်၏ သွားတော် အာသံပြည်သို့ရောက်ရာ၊ ထိုသွားတော် ပုဂံ၌ရှိနေကြောင်းပင်တည်း။ တဖန် မြန်မာရာဇဝင်အရ တစ်ခုမှတ်ဖွယ်ထူးသည်မှာ အင်းဝပျက်ခါနီး ခရစ် ၁၇၃၆–ခုနှစ်က ကသည်းဘုရင် "ဂါရစ်နာဝါးစ်"၏တပ်များ စစ်ကိုင်းအထိ ချီတက်လာကာ ရှင်ဖြူရှင်လှ နှစ်ဆူတွင် ရှင်ဖြူဘုရား (မှန်နန်း၌ ရှင်လှဘုရားဟုဆိုသည်)ကို ခိုးယူသွားကြကြောင်းပင်တည်း။

ဂါရစ်နာဝါးစ်လက်ထက်ကား ဟိန္ဒူအယူဝါဒ ဖြစ်၏။ ၎င်း၏ပြဟ္မဏဆရာ"မဟာပရာဒူ"ကား အလွန်အကြံကြီးပုံရ၏။ မဏိပူရမျိုးတဲပြည်သားကသည်းများအား "ဧရာဝတီမြစ်ရေကို သောက်သုံးရလျှင် ဘေးဥပါဒ်နှင့် အပြစ်များအားလုံး ကင်းပျောက်သည်"ဟူသော အသိတစ်ခု သွင်းပေးထား၏။ ထိုအသိ ထိုယုံကြည်ချက်ဖြင့် ကသည်းတပ်ကြီး စစ်ကိုင်းအထိ ချီတက်လာခြင်းဖြစ်သည်။ စင်စစ် မဟာပရာဒူဆရာကြီး၏ နောက်ခံရည်ရွယ်ချက်ကား ဤမျှမကချေ။ အဝဘုရင် မဟာဓမ္မရာဇာဓိပတိကို (ဝါ) မြန်မာနိုင်ငံကိုပင် ပြဟ္မဏအယူ၌ သိမ်းသွင်းရန် ဖြစ်လေသည်။

http://www.dhammadownload.com



ယခုအခါ အာသံပြည်ရောက် ရှမ်းများ ဟိန္ဒူအယူ ယူဖြစ်သွားကြရသည်မှာ မဆန်း ချေ။ (အခြေပြ မြန်မာနိုင်ငံရေးသမိုင်းနှင့် ဒေါက်တာရီရီ၏ မြန်မာနိုင်ငံအခြေအနေ ၁၇၁၄-၅၂ မထ။

## ဗန္ဓုလမျိုးနှင့် နာမည်ကျော် ကသည်းဆရာတော်များ

မည်သို့ဖြစ်စေ၊ စစ်တကောင်း၊ ဘင်္ဂလား၊ မဏိပူရ၊ အာသံတို့သည် ဘာသာ ရေး နိုင်ငံရေး ခေတ်အဆက်ဆက် ပြောင်းလဲခဲ့ကြရစေကာမူ ၎င်းတို့၏ ပင်ကိုယ် ဘာသာရေးစိတ်ဓာတ် ထက်သန်ခြင်း၊ ရခိုင်၊ မွန်၊ မြန်မာတို့နှင့် ထာဝစဉ် နီးစပ်စွာ နေခဲ့ကြရခြင်းတို့ကြောင့် 'ခရစ် ၁၄-ရာစုတွင် အိန္ဒိယ၌ ထေရဝါဒသာသနာ လုံးဝ အမြစ်ပြတ်သွားပြီ'ဆိုသောအချက်ကို ကျွန်ုပ်တို့ စဉ်းစားဆဲပင် ရှိပေသည်။ ပြည်မကြီး၌ အမြစ်ပြတ်ပြီမှန်သော်လည်း ဤကဲ့သို့သော ပြည်စွန်ပြည်ဖျားများ၌ အမြစ်ပြတ်ရန်မှာ မဖြစ်နိုင်ချေ။ သို့သော် ဒေသခံ သမိုင်းအထောက်အထားကို ရှာဖွေရပေဦးမည်။

'ကာနယ် အယ်လ်ဒဗလျူ ရှိတ်စပီးယား'ရေး၊ ၁၉၁၄-ခုရိုက်၊ 'အာသံ မြန်မာ အထက်ပိုင်းနှင့် အရှေ့မြောက် အိန္ဒိယနယ်ခြားရာဇဝင်' အခန်း(၇)၌ကား ဟာဂျို၊ ဂေါဟတ္တိ၊ ဒင်မဲ့ပူ ဒေသတစ်ဝိုက်၌ တွေ့ရသော ရှေးဟောင်း ဗုဒ္ဓဘာသာ အဆောက် အအုံ အပျက်အစီးပုံများ ဖော်ပြထားသည်ကို တွေ့ရ၏။ (၆)ပေရှိ ဗုဒ္ဓရုပ်ပွားတော်ကြီး တစ်ဆူကိုလည်း တွေ့ရှိရကြောင်း ရေးသားထားသည်။ (ယင်းစာမျက်နှာ ၇၂၊ ၇၃- စသည်။)

ဤ၌ ဆက်လက်စဉ်းစားရန် တစ်ခုတော့ ရှိပေသည်။

အာသံကို ဝေသာလီဟုလည်းခေါ်ဆိုရာ ရှမ်းမင်းသားတို့ ပင်းယမြို့ တည်ကြစဉ် 'ရှင်ဒိဗ္ဗစက်'ခေါ်သော ရဟန္တာတစ်ပါး ကောင်းကင်ခရီးဖြင့် ဝေသာလီမှ ကြွလာ သည်ဆိုသော ဖြစ်ရပ်ပါ ဝေသာလီသည် မဇ္ဈိမဒေသ ဝေသာလီကြီးကား မဖြစ်နိုင်၊ ရခိုင်ဝေသာလီနှင့် အာသံဝေသာလီ တစ်ခုခုဖြစ်ရာသည်။ စိတ်ဝင်စားဖွယ် ကောင်း ပေ၏။ (ရှင်ဒိဗ္ဗစက်အကြောင်း 'ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ'နှင့် မဲဇီးဆရာတော်၏ 'ဝံသဒီပနီ'ရှု။)

ကုန်းဘောင်ခေတ် ဘကြီးတော်လက်ထက်တွင် စစ်သူကြီး မဟာဗန္ဓုလတို့ စစ်ချီရင်းပါသွားသူ ဗိုလ်မှူး မဟာသီလဝ တပ်သည် မြို့စောင့်တပ်အဖြစ် နေခဲ့ရာ ဂျော်ရဟတ်မြို့၌ စေတီတစ်ဆူတည်ခဲ့ကြ၏။ တမူးလမ်းရှိ 'တိမ်းကရား'ရွာ၌ 'သာန ကျွန်းပေါ်'ဟူသော စေတီတစ်ဆူ၊ တမူးမြို့၌ ညဏ်တော် ၁၂ တောင်ရှိ သီရိထိပ်မိုး ဟူသော စေတီတစ်ဆူကိုလည်း တည်ခဲ့ကြောင်း စစ်ကိုင်းဦးတိုးသင်း၏ 'ခရီးသည်ကြီး'

http://www.dhammadownload.com



စာအုပ်၌ တွေ့ရ၏။ (၁၉၃၅–ခုနှစ်ရိုက်)

ချင်းတောင်၌ ဗန္ဓုလ ရုပ်ပွားတစ်ဆူ ရောင်ခြည်တော်ကွန့်မြူး၍ လွန်ခဲ့သော (၂)နှစ်ကျော်က လူအများ လာရောက်ဖူးမြော်ကြကြောင်း တောင်တန်းအရှင် ဦးဥတ္တမသာရ၏ ဆောင်းပါးတစ်ခု၌ ဖတ်ရှုရဖူး၏။ အာသံ၌ ဗန္ဓုလတို့ ပင့်ဆောင်သွားသော ဉာဏ်တော်တစ်တောင်ခန့်ရှိ ရုပ်ပွားတော်မှာ ယခုအခါ အာသံပြည် ကာလိုနီရွာ စေတီ၌ ပူဇော်ထားရှိရာ 'ဆုတောင်းပြည့်သည်'ဟုဆိုကာ အထူးကျော်ကြားခဲ့၏။ အာသံလျောင်ကြီး မလှူပ်မီက ထိုရုပ်ပွားကိုယ်တော်မြတ်မှ ရောင်ခြည်တော်များ ကွန့်မြူး၍ ပန်ဂျပ်နှင့် နီပေါပြည်များမှပင် လူမျိုးပေါင်းစုံ ဘုရားဖူးလာကြရာ အလွန် စည်ကားခဲ့သည်ဆို၏။ ဗန္ဓုလမျိုးခေါ် ရှေးမြန်မာကြီးများသည် ယခုအခါ ဆီနီမာရီ နယ် ဂါရာဟီ၌ တစ်စုတဝေးတည်း နေကြရာ အာသံများ ဖြစ်နေကြပြီ။

အမရပူရခေတ်၊ မန္တလေးခေတ်တို့တွင် မဏိပူရအာသံသားများ မြန်မာနိုင်ငံ၌ အများအပြား လာရောက်နေထိုင်ကြရာ မန္တလေးပုဏ္ဏားကုန်း ပုဏ္ဏားစုရပ်ကွက်များ၌ ယခုတိုင် အုပ်စုလိုက် ရှိနေကြလေသည်။ ပဥ္စမသံဂါယနာခေတ်က နာမည်ကျော် ရှမ်းကလေးကျွန်းဆရာတော်၊ ၎င်းနှင့် မောင်နှမတော်သူ သီလရှင်ဆရာကြီးမယ်ကင်း၊ ပုသိမ် မိဂဒါရုံဆရာတော်၊ နာမည်ကျော် ဘုန်းတော်ကြီး ဦးသီလ၏ တပည့် ဘီလူးကျွန်းမရမ်းရွာ တာဝတိံသာဆရာတော်နှင့် ၎င်း၏နှစ်မ၊ စာတတ်အကျော် သီလရှင်ဆရာကြီး ဒေါ်ခေမဝတီစသော သာသနာဝင်အကျော် ပုဂ္ဂိုလ်ကြီးများလည်း မဏိပူရကသည်းလူမျိုးများ ဖြစ်ကြလေသည်။

## ကျူးကျော်စစ်ပွဲကြီး သုံးပွဲဒဏ်

ကျွန်ုပ်တို့၏ အနောက်ဘက်နံရံရှိ သွေးချင်းသားချင်းများ၏ ဒေသများသည် အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲတွင် အောက်မြန်မာနိုင်ငံနှင့်အတူ ဗြိတိသျှလက်အောက်သို့ ရောက်ခဲ့ကြရ၏။ ထိုအချိန်ထိအောင်ပင် မဏိပူရနန်းတွင်းရေးကို မြန်မာဘုရင်များက ချုပ်ကိုင်ခဲ့ကြလေသည်။ မြန်မာ့လက်အောက်ခံ နယ်မြေပင် ဖြစ်ခဲ့၏။

၁၁၂၀–ပြည့်၊ တန်ဆောင်မုန်းလတွင် အလောင်းဘုရား တမူးကြောင်းဖြင့် စစ်ချီ၍ 'စန္ဒရော် မောနီ'ကို အုပ်ချုပ်ရေးလွှဲအပ်ခဲ့စဉ် မဏိပူရ ကသည်းမျဉ်းတဲမြို့ လယ်၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသော ကျောက်စာကို ရေးထူထားခဲ့ကြောင်း 'ရတနာ သီခ ရာဇဝင်' ၂၀၈–၌ တွေ့နိုင်၏။ ရှင်ဖြူဘုရားကိုလည်း အလောင်းဘုရား ပြန် လည်ပင့်ဆောင်ခဲ့ကြောင်း ပလိပ်စားချေး ၆၁–၌ တွေ့ရသည်။

http://www.dhammadownload.com





## ကမ္ဘည်းကျောက်စာပါ ကျောက်တုံးကြီးများ

ဒုတိယကမ္ဘာစစ်တွင် အဆောက်အအုံ စာပေနှင့် စာရိုက္ခများ အထွက်အဝင် နစ်နာဆုံးရှုံးခဲ့ကြရသည့်အပြင် လွတ်လပ်ရေးကာလတွင် လွတ်လပ်ချင်စိတ်တွေ စောခဲ့ကြသဖြင့် အစဉ်အလာ မြန်မာပိုင်၊ မြန်မာတို့နေသော ကျွန်းများပင် လက်လွှတ် ခဲ့ကြရသည်။

၈–ရာစုက ပျူတို့ကို တိုက်သော နန်းစောခေါ် နန်းကျောင်စစ်ပွဲ၊ ၁၃–ရာစုက ပုဂံကိုတိုက်သော ကျူးကျော်ရေး မွန်ဂိုစစ်ပွဲနှင့် ၁၉–ရာစုက ဗြိတိသျှနယ်ချဲ့စစ်ပွဲ ဤစစ်ပွဲကြီးသုံးခုသည် မြန်မာတို့ ဒေသနယ်ပယ်နှင့် ထိုမြေပေါ်ရှိ လူသားတို့အား သမိုင်းပျောက်နိုင်သည်အထိပင် ကစဉ့်ကလျား ဖြစ်စေခဲ့၏။ သို့သော် မြေရေဒေသ၊ လူမျိုး၊ အသွင်အပြင်၊ အယူဝါဒ မည်မျှပင် ကွဲပြားခြားနားနေကြသော်လည်း သွေးက စကားပြောလျက် ရှိနေပါသေးသည်။


## ထရိပူရ ဗုဒ္ဓဘာသာဝင်ဦးရေ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မူကလပင် ဗုဒ္ဓဘာသာထွန်းကားခဲ့သော နိုင်ငံဖြစ်ရာ ဗရမာကြီးများ၊ ဘရူးဝါးခေါ် ဗင်္ဂါလီဗုဒ္ဓဘာသာပညာရှင်များ အများအပြား ထွက်ပေါ် ခဲ့၏။ အနောက်၊ အနောက်တောင်ဒေသ၌ ရခိုင်အမျိုးသားများနှင့် အများဆုံး ရောနှော ခဲ့ကြရာ ဘင်္ဂလားဒေ့ရှ် ပထမဆုံး လွှတ်တော်၌ပင် ရခိုင်အမျိုးသား အမတ်တစ်ဦး၏

http://www.dhammadownload.com



အမည်ကို တွေ့လိုက်ရ၏။ အိန္ဒိယအရှေ့နယ်စပ်ဖြစ်သော ထရိပူရ ပြည်နယ်၌လည်း ဗုဒ္ဓဘာသာဝင် သုံးသောင်းရှိရာ ချက်(မ)လူမျိုး ၁၈၀၀၀၊ ရခိုင်လူမျိုးများမှ ဆင်းသက်ပေါက်ဖွားသော မဂ်လူမျိုး ၁၀၀၀၀၊ ဘရူးဝါးဗင်္ဂါလီ ၂၀၀၀ခန့် ရှိလေသည်။ (ဆဋ္ဌသံဂါယနာမှတ်တမ်း၊ ဘိက္ခုအရိယ မိတြ၏ သန္ဒေသ ကထာ။)



အဟုမ်မုနိ စေတီ

## အာသံတို့၏ ပင်မ မျိုးရိုးဗီဇ

သမိုင်းရှုထောင့်ဖြင့် ကြည့်သော် အာသံနိုင်ငံသည် တစ်ဆယ့်ခြောက်ရာစုကမှ အိန္ဒိယအရှေ့မြောက်၌ နေလာသော အာဟောမ်(အဟုမ်)ရှမ်းများကို အစွဲပြု၍ အာသံနိုင်ငံဟု ဖြစ်ပေါ်လာကြောင်း သိရသည်။ (ခေတ်ဟောင်း မြန်မာရာဇဝင်။)

တာရနာထမှတ်တမ်း၌ Hasam ဟု စာလုံးပေါင်း၍ ယခု Assam ဟု စာလုံးပေါင်းသည်ကို တွေ့ရ၏။ "ပုဂံမပျက်မီက မြန်မာနိုင်ငံ" စာအုပ်တွင် "ခရစ် ၁၂၂၈–ခုမှာ ထိုင်းရှမ်းတို့ အာသံနယ်ဘက်သို့ကူးကာ အဟုမ်နိုင်ငံကို တည်ထောင်သောနှစ်ဖြစ်ပေသည်"ဟု ဖတ်ရှုရ၏။ The Making of South East Asia စာအုပ်၌ –

"ခမယ်၊ ခမယ်နှင့်စပ်သောစကားများ၊ မွန်နှင့် လောအထက်ပိုင်းတောင်များ၊ မြန်မာတောင်များတွင် ပြောသောစကားများ၊ (ဝ၊ ပလောင်၊ ရီယန်)နှင့် အာသံ

http://www.dhammadownload.com



တွင်ပြောသော ခါဆီစကားတို့သည် မွန် ခမယ် (ခမေရ်) အနွယ်စု ဖြစ်ပေါ်စေသည်။ ယိုးဒယား၊ လော၊ မြန်မာပြည်ရှိ ရှမ်းနှင့် ရေးအာသံတွင်ပြောသော အဟုမ်စကားတို့သည် ထိုင်း(သျှမ်း)အနွယ်စုတွင် အရေးကြီးသော စကားတို့ ဖြစ်ကြသည်"ဟု ဘာသာစကားရှုထောင့်မှ စိစစ်ထားသည်ကို တွေ့ရ၏။ မြန်မာမှာကဲ့သို့ အာသံပြည်၌လည်း ရှမ်းများသာမက မွန်အနွယ်များပင်ရှိနေခဲ့သည်။ သို့ရာတွင် အဟုမ်ရှမ်းများသည် မြန်မာပြည် တောင်ပိုင်းရှမ်းများနှင့် စကားပြော၍မရ၊ မြောက်ပိုင်းနှင့်သာ ရသည်။

ယခုအခါ အာသံပြည်၌ လူမျိုးစု (၅၅)မျိုးပင် ရှိသည်ဆိုရာ အာသံမြန်မ မှ ပေါက်ဖွားသော ဂျင်းဖောမျိုးကား များလှသည်။ အဟုမ် ရှမ်းမှာ (၁၅)သန်းခန့် ရှိ၍ တိုင်းရင်းသားလူမျိုး (အာဆံမီယာ) ဖြစ်နေကြပြီ။ ခေတ်ဟောင်း မြန်မာရာဇဝင်၌ အဟုမ်ရှမ်းတို့သည် (၁၂)ဂါစုမှစ၍ ဟိန္ဒူဘာသာဝင်များ ဖြစ်ကြသည်ဟုဆိုသည်။

အိန္ဒိယပြည်၏ အာသံပြည်နယ်တွင် ယနေ့ ဗုဒ္ဓဘာသာဝင် ၅၀,၀၀၀ကျော် ရှိသည်။ အာသံ ဗုဒ္ဓဘာသာအသင်းမှ ရှိလောင်၊ ပန်ဒူး၊ လမ်ဒင်း၊ ဘာဒါပူရ်၊ ဒီဘရူးဂါ၊ ဂျော်ဟတ်၊ ဆစ်ဆာငါး၊ တင်ဆူကီးယား၊ ဂေါဟာတီ၊ တက်ဇပုရ်၊ နှောင်ဂေါင်းတို့တွင် ဌာနခွဲများ ထားရှိသည်။

ဆရာတော် အရှင်ဦးဥတ္တမသာရ၏ 'ကိုယ်တွေ့မှတ်တမ်း ၂၊ ၁၁၉'၌ ၁၃၃၇–၃၈–ခုနှစ်များတွင် အဟုမ်ရှမ်း (၁၅)သန်းတို့ ဗုဒ္ဓအယူသို့ သက်ဝင်လာကြကြောင်း ဖတ်ရှုရ၏။

ဤ၌ ရှမ်းဟူသော ဝေါဟာရနှင့် သမိုင်းရေစီးကြောင်းကို အနည်းငယ် ရှင်းပြရန် လို၏။

သျှမ်းဟူသော ဝေါဟာရမှာ မြန်မာတို့က ခေါ်ဝေါ်သော ဝေါဟာရဖြစ်၏။ တရုတ်တို့က 'မဲင်မောပိုင်ယီ'ဟုခေါ်၏။ မူလ မျိုးရိုးကား တိဗက် တရုတ်၊ ထဲ–တရုတ်နွယ်များ ဖြစ်ကြသည်။ အင်္ဂလိပ်လို Tai နှင့် ရေး၍ 'ထဲ၊ ထိုင်'ဟု အသံထွက်၏။ အင်္ဂလိပ်တို့က ယိုးဒယားကို ခေါ်ရာ၌ မြန်မာအသံထွက်ကိုပင်ယူ၍ အင်္ဂလိပ်လို 'Sy သို့မဟုတ် Siam'ဟု ရေးသည်။ ပါဠိလို 'သျှာမ'ဟု ရေးသည်။

သျှမ်းအပါအဝင် လူမျိုးစုများ ခရစ်နှစ်အစလောက်က ယခု ယွန်နန်နယ်၌ နေကြ၏။ ၆–ရာစုလောက်တွင် စစ်လိုလားသော နန်စော ခေါ် နန်ကျောင် ပြည်ထောင်စုကြီးတစ်ခုအဖြစ် တန်ခိုးထွားခဲ့ရာ ၈၃၂–ခုတွင် ပျူမြို့တော် (သရေခေတ္တရာ) ကိုပင် ဖျက်ဆီးခဲ့ကြသည်။ ၉–ရာစုတွင် မွန်ဂိုလ်တို့တိုက်ခိုက်၍ နန်စောမြို့တော်

http://www.dhammadownload.com



'တာလီ'ကို သိမ်းလိုက်သည်။ သျှမ်းတို့သည် ထိုအချိန်မှစ၍ ဝါးအစည်းပြေသကဲ့သို့ အာသံ၊ မြန်မာ၊ လာော၊ ယိုးဒယား(ထိုင်း)နိုင်ငံများသို့ တိုးဝင်သွားကြရသည်။ ၁၃– ရာစုက မွန်ဂိုလ်တို့ ပုဂံကိုတိုက်ခိုက်ရာတွင် ယိုးဒယားတို့က အခိုင်အမာ နိုင်ငံတစ်ခု တည်ထောင်နိုင်လိုက်ကြသည်မှာ ထိုစစ်ပွဲ၏ရလာဒ်ဖြစ်သွားခဲ့၏။ အာသံလည်း မွန်ဂိုလ်တို့၏ကျေးဇူးကြောင့် ဖြစ်ပေါ်လာရသော တိုင်းပြည်တစ်ခုဟုပင် ဆိုသင့်သည်။

၁၄၃၈–၆၅–ခုနှစ်များက တရုတ်နှင့် မောသျှမ်းတို့ စစ်ဖြစ်ကြပြန်ရာ မောသျှမ်း တို့ရှုံး၍ မိုးညှင်းနယ်နှင့် ယခု သျှမ်းပြည်သို့ ပြေးဝင်ကြရ၏။ ၁၄၄၉–ခုနှစ်တွင် မိုးညှင်းကို တရုတ်တို့ ပြန်သိမ်းလျှင် ကလေး၊ ခါမ္တီ (ရွှေမြေ)အထက်ချင်းတွင်းနှင့် အာသံတို့ ဝင်ကြရသည်။ တရုတ်ပြည်၌ ပိုင်ယီခေါ်ရှမ်းအချို့နေသူ နေခဲ့၏။ တရုတ် ရှမ်းကို မြောက်ပိုင်းရှမ်း၊ မြန်မာရှမ်းကို တောင်ပိုင်းရှမ်း ရှမ်းကြီးဟုခေါ်သည်။ ဤကား (၁၅)ရာစုအတွင်းက အခြေအနေဖြစ်၏။

မူလက မြန်မာတို့နှင့် အတူတကွ နေခဲ့ကြရသည့်အပြင် မြောက်အာသံရှိ **'မိရှမိ'**နဂါး၊ ကုကိချင်း၊ သက်၊ကချင်ခေါ် ဂျိန်ဖော စသည်တို့သည် တိဗက်မြန်မာ အာသံမြန်မာ မျိုးဆက်များဖြစ်ကြောင်း (ဒေါက်တာသန်းထွန်း၏ ခေတ်ဟောင်း မြန်မာရာဇဝင်၌) တွေ့ရှိရသည်။



အာသံ၌တွေ့ရသော
ဘာသာရေးအဆောက်အအုံ အကြွင်းအကျန်များ

ဗုဒ္ဓအာသံစာပေ

http://www.dhammadownload.com



ဤကား ဒေသခံတို့၏ သမိုင်းမှတ်တမ်းမပါ၊ လက်လှမ်းတမှီ လေ့လာ၍ ရသော အာသံပြည်အကြောင်း တစေ့တစောင်း ကြည့်ရှုလေ့လာချက်မျှသာ ရှိပါသေးသည်။ ခေတ်အဆက်ဆက် မြန်မာတို့နှင့် ပိုမိုထိတွေ့များကာ 'အာသံမြန်မာ'မျိုးပွားငယ်တစ်ခုပင် ဖြစ်နေချေပြီ၊ နှစ်ပေါင်းများစွာ မြန်မာဘုရင် အဆက်ဆက်နှင့် ဗြိတိသျှတစ်ခေတ်လုံးကပင် သွားလိုက်လာလိုက် နေခဲ့ကြရာ ယခုအခါ ခွဲခြား၍ပင် မရတော့ချေ။

လွတ်လပ်ရေးရပြီးနောက် အာသံ၌ မြန်မာ သာသနာပြုဌာနပင် ၉–ဌာန ရှိခဲ့၍ အာသံမှ စာသင်သား ရဟန်းများပင် မြန်မာပြည်၌ အပါး(၂၀)ခန့် နေထိုင်ခွင့် ရခဲ့ကြလေသည်။ ၁၉၅၀–ပြည့်နှစ်တွင် အဟုမ်ရှမ်းများနှင့် ၎င်းတို့ခေါင်းဆောင် မစ္စတာ ဂိုရာဂိုဟိန်း (အိန္ဒိယ၊ ဒု–ဝန်ကြီးဖြစ်ခဲ့သူ)တို့၏ မေတ္တာရပ်ခံချက်အရ ဆာဦးသွင်ကြီးမှူးသော မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးက ဦးပုညာဝံသ၊ ဦးစန္ဒိမာ၊ ဦးတိက္ခ၊ ဦးတိဿတို့ ဦးစီးသော ရဟန်းတော် ၆–ပါး၊ ကပ္ပိယ ရွှေပြည်တော် ဦးဘတင်တို့အား ၃–နှစ်တိုင်တိုင် အာသံပြည်၌ သာသနာပြုစေရာ ရှင်ပြုခြင်း၊ သိမ်သမုတ်ခြင်းစသည် ပြုလုပ်နိုင်ခဲ့၏။ ၄–သောင်းနီးပါး ဗုဒ္ဓဘာသာသို့ သက်ဝင်လာကြသည်ဟု သိရ၏။ (ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီး၏ သမိုင်း၊ ၁၉၇၂။)

ဤသို့လျှင် ရှမ်းမြန်မာတို့၏ ရွှေ့လျားမှု သမိုင်းကို ကြည့်ခြင်းအားဖြင့် အာသံရှိ အဟုမ်ရှမ်းသွေးချင်းတို့အတွက် ယနေ့စဉ်းစားရန် အချက်တစ်ခု ထွက်ပေါ်လာသည်ဟု ထင်၏။ ယင်းကား အခြားမဟုတ်။ ခရစ်နှစ်ဦးလောက်ကစ၍ မိမိတို့နှင့် တအူတုံဆင်း တစ်မိသားချင်း နောင်ရင်းညီအစ်ကိုအဖြစ် အတူတကွ နေလာခဲ့ကြရာမှ စစ်ပွဲအဆက်ဆက်ကြောင့် ဦးတည်ရာ ထွက်ခွာခဲ့ကြရလေရာ အရှေ့ဘက်၌ ကျန်ရစ်ခဲ့ကြသည့် ထိုင်း(ယိုးဒယား)၊ လာအို၊ မြန်မာပြည် စသည်ရှိ ဘဝတူ ရှမ်းများ အားလုံး လောက်နီးပါး ရာစုနှစ်အတော်ကြာကပင် ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ကြလေပြီ။

ဤအချက်ကား အာသံရှိ အဟုမ်ရှမ်းတို့အား သွေးကပြောနေသော ဝိသေသ အချက်ပင်ဖြစ်ပေသည်။

## ရာဇဂုရု ပယင်းတွင်းဆရာတော်

အာသံပြည်တွင် ထူးခြားအောင်မြင်စွာ သာသနာပြုတော်မူခဲ့သော ပယင်းတွင်း ဆရာတော်ကြီး အာသံပြည်သို့ ကြွရောက်လာပြီး ရှေးဦးစွာ ရပ်တည်၍ သာသနာပြုပန္နက်သဲချသော ရွာမှာ ဒွါမရာနယ်ရှိ ယခု ဆရာတော်ဦးကောဝိန္ဒ သီတင်းသုံးတော်မူလျက်ရှိသော ကုန်စယ်ကုန်းရွာပင်တည်း။

ပထမအကြိမ်

http://www.dhammadownload.com



ထိုကုန်စယ်ကုန်းရွာရောက်ဖို့ ဦးစွာရေနံထွက်သည့် ဒစ်ဂဘွိုင်မြို့သို့ မီးရထား စီး၍သွားရ၏။ ထိုမြို့မှ ဆက်၍စီးသွားလျှင် စစ်အတွင်းက နာမည်ကြီးခဲ့သည့် လီဒိုသို့ ရောက်၏။ လီဒိုမှာ မြန်မာပြည်ဘက်က ကချင်ပြည်မြောက်ဖျား ပူတာအိုမြို့နှင့် အရှေ့ အနောက်တန်းနေသည်။ ဒစ်ဂဘွိုင်မြို့မှ ဒွါမရာရွာသို့၊ ထိုမှတစ်ဖန် မထင်ရွာသို့ သွားရ၏။ ထိုမထင်ရွာကား ဆရာတော်ဦးသီလဝံသ ကျောင်းထိုင်သောရွာဖြစ်သည်။

ဆရာတော်ဦးသီလဝံသကား ဘာသာစကား(၆)မျိုးတတ်၍ တရားအဟော ကောင်း၊ အနေအထိုင်ကောင်းသော ယနေ့ အာသံသာသနာရေးတွင် ခေါင်းဆောင် တစ်ပါးပင်ဖြစ်၏။ မထင်ရွာကား မထင်လူမျိုးများကိုစွဲ၍ ခေါ်တွင်သော ရွာအမည် ဖြစ်သည်။ အိမ်ခြေရှစ်ဆယ်ရှိသည်။ ထိုမှ ခရီးဆက်သောအခါ ကုန်စယ်ကုန်းရွာသို့ ရောက်၏။

## ရှမ်းမြန်မာ မျိုးရိုး

ပယင်းတွင်းဆရာတော်ဘုရားကြီး ကြွရောက်လာသည့်အချိန်မှာ သိပေါမင်း ပါတော်မူပြီးနောက် ခြောက်နှစ်(၁၂၅၃)ခုက ဖြစ်ရာ နှစ်အရေအတွက်အားဖြင့် နှစ်ပေါင်း တစ်ရာနီးပါး ကြာမြင့်ခဲ့လေပြီ။

ပယင်းတွင်းဆရာတော်ကြီး ပထမဆုံး တည်းခိုသီတင်းသုံးသောရွာမှာ ကုန်စယ်ကုန်းဖြစ်၍ ပထမဆုံး တရားဟောတော်မူသော ရွာကား ခမုန်းရွာဖြစ်သည်။ (သာသနာပြုစလုပ်ငန်းစဉ်ကို ဗင်္ဂါလီဘာသာဖြင့် အတန်ငယ်ပြည့်စုံအောင် မှတ်တမ်း တင်ထားကြသည်။)

ကုန်စယ်ကုန်းရွာမှနေ၍ တိုးချဲ့ကာ သာသနာပြုတော်မူသွားလေရာ တပည့်ကြီး လေးပါး ထွန်းကားခဲ့၏။ ပထမဆုံး ရဟန်းဖြစ်လာသော တပည့်ကြီးကား ဦးကောဝိန္ဒ ဖြစ်သည်။ ဒုတိယ ဦးနန္ဒ၊ တတိယ ဦးဝီရိယ၊ စတုတ္ထ ဦးနေမိန္ဒရ။

ပယင်းတွင်းဆရာတော်ကြီး မြန်မာပြည်သို့ ပြန်လည်ကြွသွားသောအခါ ဆိုခဲ့သည့် တပည့်ကြီးလေးပါးတို့က ဆက်လက်သာသနာပြုကာ ကျန်ရစ်ခဲ့ကြ၏။ နောင်သောအခါ ဦးကောဝိန္ဒနှင့် ဦးနန္ဒတို့ လူဝတ်လဲသွားကြသည်။ တစ်ဖန် တတိယ တပည့်ကြီး ဦးဝီရိယ ပျံလွန်တော်မူသွားသဖြင့် စတုတ္ထတပည့်ကြီး ဖြစ်တော်မူသော ဗရာပါထာ ရွာဟောင်းကျောင်း (ညောင်တစ်ပင်ကျောင်း)ဆရာတော်ကြီး ဦးနေမိန္ဒရ တစ်ပါးသာလျှင် ကျန်းမာစွာ သက်တော်ထင်ရှား ကျန်ရစ်တော့သည်။

http://www.dhammadownload.com



သို့ရာတွင် ကံအားလျော်စွာ ခန္တီးနယ်ဘက်မှ ပယင်းတွင်းဆရာတော်ကြီး၏ တပည့်တစ်ပါးက အာသံပြည်သို့ကူးလာပြီး သာသနာပြုတော်မူခြင်းကြောင့် ပဋ္ဌမ တပည့်ကြီး ဖြစ်လာသည်။ ဘွဲ့တော်မှာ ဆရာတော် ဦးဉာဏ ဖြစ်သည်။

ပယင်းတွင်းဆရာတော်ကြီးကား ဤမှာဘက်ခေတ် အာသံပြည် ဗုဒ္ဓ သာသနာဝင်တို့၏ ကျေးဇူးတော်ရှင်ကြီးအစစ်ဖြစ်ခဲ့၏။ ဆရာတော်ကြီး၏မျိုးရိုးမှာ ရှမ်းမြန်မာဖြစ်ပြီး ဖွားတော်မူရာ ဇာတိမြေမှာ မြစ်ကြီးနားခရိုင် ဟူးကောင်းချိုင့်ဝှမ်း ပယင်းကျောက်များထွက်ရာ မိုးကောင်းနယ် မြောက်လက် တနိုင်းမြို့အနီး (အိမ်ခြေ တစ်ထောင်ခန့်ရှိခဲ့ဖူးသော) မိုင်းခွန်ရွာကြီးဖြစ်လေသည်။ ၁၁၈၃ (ခရစ် ၁၈၂၁)ခု၊ ဇန်းမော် မိုးကောင်းစစ်ကြောင်းမှ ဗန္ဓုလ (၇၀၀၀)တပ် အာသံသို့ စစ်ချီစဉ် မိုင်းခွန်မှ ဒူဝါဒိုင်ဖာဂမ်(နေမျိုးသိန်းပရာဇာ)က တပ်မှူး၊ ဒူဝါရှရော့လက လက်ထောက် တပ်မှူးအဖြစ် မိုင်းခွန် ရှမ်း၊ ကချင် (၁၀၀၀)ကို ဦးစီးကွပ်ကဲ၍ အာသံသို့ လိုက်ပါခဲ့ ကြ၏။

## တံဆိပ်တော်နှစ်ထပ်နှင့် တောင်တန်းသာသနာ

ပယင်းတွင်းဆရာတော်ကြီး၏ ဘွဲ့အမည်ရင်းမှာ ဦးနရိန္ဒဖြစ်၍ ပဋ္ဌမသံဂါယနာ တင်ခဲ့သည့် ဗုဒ္ဓသာသနာပြု မင်းတုန်းမင်းတရားက ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ် တော်ကို အလှူခံယူတော်မူသည့်အခါ "နရိန္ဒာ ဘိဇဓ မဟာဓမ္မဝံသ သာသနပါလ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူ၍ ဖြစ်လာလေသည်။

သီပေါမင်း နန်းတက်သည့်အခါတွင် တဖန်ထပ်မံ၍ ဘွဲ့တံဆိပ်တော်တစ်ခုကို ကပ်လှူပြန်၏။ "နရိန္ဒာဘိဇဓ သီရိပဝရ သာသနဇောတိက မဟာဓမ္မရာဇာဓိ ရာဇဂုရု' ဖြစ်သည်။ ယှဉ်ကြည့်လျှင် အလယ်ပါဠိ စကားလုံးအချို့သာ ထူးပေသည်။ သို့သော် စကားလုံးထက် ဆရာတော်ကြီး၏ သာသနာပြုကာ အလင်းဆောင်ရာတွင် ခရီး ရောက်မှု အတိုင်းအတာကြောင့်သာ ဘွဲ့တံဆိပ်တော်နှစ်ထပ် ရရှိတော်မူသည်ဟု ဆိုရပေမည်။

ဆရာတော်ကြီးသည် ပရိယတ္တိစာပေများကို သင်ကြားပြီးလျှင် သာသနာ ပြန့်ပွားရေးအတွက် ကြိုးစားတော်မူခဲ့လေသည်။ ပါရမီတော်အဟုန် ဓာတ်ခံရှိတော်မူ ပြီးသည့် ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်တော်မူရကား လုပ်ငန်းအစတွင်ပင် ထင်သလောက် ခက်ခဲမှုမရှိခဲ့ဘဲ အောင်မြင်လေတော့သည်။ ရှမ်း၊ ကချင်၊ ချင်း၊ နာဂ၊ ကတူး၊ ဂဏန်း

http://www.dhammadownload.com



စသော လူမျိုးပေါင်းစုံတို့သည် ဆရာတော် ဟောကြားတော်မူသည့် ယခုဘဝ၊ နောင်ဘဝကောင်းစားချမ်းသာရေးအတွက် လမ်းမှန်တရားများကို လက်ကိုင်ရရှိသည်နှင့် ထိုတရားများသည် သားစဉ်မြေးဆက် အရှိန်မပျက်ဘဲ ယနေ့ထက်တိုင်အောင် တည်ရစ်ပေသည်။

ဤသို့ဖြင့် ပယင်းတွင်းနယ်တွင်ပင် နှစ်ပေါင်းနှစ်ဆယ်မျှ ကြာသွားလေသည်။ ထိုအတွင်း မင်းတုန်းမင်းတရားက ကြည်ညိုလှု၍ ၁၂၃၀–ခုနှစ်တွင် ဆိုခဲ့သည့် ဘွဲ့တံဆိပ်တော်ကိုလှူဒါန်းခဲ့ပြီး သားတော်သီပေါမင်းကလည်း ၁၂၄၂–ခုနှစ်တွင် ဆိုခဲ့သည့် ဘွဲ့တံဆိပ်တော်ကို ထပ်မံ ဆပ်ကပ်ခဲ့ပြန်လေသည်။ ထို့နောက် ခန္တီးနယ်စော်ဘွားများ၏ ပင့်ဖိတ်ချက်အရ၊ ခန္တီးမြို့နယ်သို့ ကြွရောက် သာသနာပြုတော်မူခဲ့ရပြန်၏။

ခန္တီးတွင် သုံးနှစ်မျှ အမှန်တရားတို့ကို ဟောပြောကာ ရှမ်း၊ ကချင်၊ ကတူး၊ ဂဏန်းတို့ကို အယူမှန်၌ တည်စေပြီးနောက် ပယင်းတွင်းဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်များကို အာသံပြည် ဒကာများ သတင်းကြားသိကြရသဖြင့် ဆရာတော်ကြီးကို ပင့်ကြလေသည်။ ထိုခေတ်ကပင် အာသံပြည်အရှေ့မြောက်ဖျား၊ ဒစ်ဂဘွိုင်မြို့နယ်၊ လီဒို စသည်တို့မှ လူများသည် နာဂတောင်တန်းကြီးကို ကျော်ဖြတ်ကာ နာဂတောင်တန်းခရိုင်ရှိ ခန္တီး စသော မြန်မာပြည်ဘက်မှလူများနှင့် ကူးလူးဆက်ဆံလျက် ရှိနေခဲ့ကြသည်။ (ဘိုးတော်လက်ထက် အာသံသို့ စစ်ချီရာတွင်လည်း အာသံများ အများအပြား လာရောက်နေထိုင်ရာ 'မောင်းခမ်း' ရွာကြီးမှ ဗိုလ်လမောင်ကို ဗိုလ်မှူးခန့်ကာ အာသံသို့ ချီတက်တိုက်ခိုက်ရ၏။ နောက် ထိုအတွက် ပုံချီနှင့် သူရကျော်ခေါင်ဘွဲ့ချီးမြှင့်ခံရဖူးသည်။)

## အာသံပြည်မှာ လှည့်လည်ဟော

ပယင်းတွင်း ဆရာတော်ကြီးသည် အာသံပြည်မှ ဒါယကာ ဒါယိကာမတို့၏ ကောင်းမြတ်သည့်ဆန္ဒကို ဖြည့်စွမ်းပေးသည့်အနေဖြင့် ၁၂၅၃–ခု၊ နတ်တော်လဆန်း (၇)ရက်နေ့တွင် နာဂတောင်ကြီးကိုဖြတ်ကျော်ကာ အာသံပြည်သို့ ကြွတော်မူလေသည်။ ဆရာတော်ကြီး မကြွရောက်မီက အာသံပြည်၌ ဗုဒ္ဓသာသနာ မရှိ၍ကား မဟုတ်၊ ရှိနှင့်လေပြီ။ သို့သော် .... ရှိသည့်သာသနာမှာ ပွဲကျောင်းဘုန်းကြီးတို့၏ သာသနာ သာလျှင် ဖြစ်လေသည်။

---

http://www.dhammadownload.com





ပထမကမ္ဘာစစ်မဖြစ်မီက
အာသံပြည်တွင်
တွေ့ရသည့်
ဘာသာရေးအဆောက်အအုံ

ပယင်းတွင်း ဆရာတော်ကြီးသည် ဗုဒ္ဓရှင်တော်မြတ်၏ တရားထူးတရားမြတ်တို့ကို ရှမ်းဘာသာ၊ ကချင်ဘာသာတို့ဖြင့် ဟောကြားတော်မူလေရာ နားလည်ကြသဖြင့် အထူးနှစ်သက်ကြ၏။ တရားတော်၏ သိမ်မွေ့နူးညံ့ မြတ်နိုးအပ်ပုံ၊ ယခုဘဝအတွက်ရော နောင်ဘဝအတွက်ပါ ချမ်းသာကို ဆောင်နိုင်ပုံတို့ကို ခမုန်းရွာ၌ ရှစ်ရက်တိုင် သီတင်းသုံးတော်မူကာ ပထမဆုံးဟောကြားတော်မူလေသည်။

ထိုရွာမှ တိုက်ဖားရွာ၊ ဆော်ဒီးယားမြို့ (ဂဂမ်)ကချင်လူမျိုးရွာ၊ ယင်းမှ နိမ်ရူးရွာသို့ ကြွတော်မူပြီးလျှင် ရက်ပေါင်းနှစ်ဆယ်တိုင်တိုင် သီတင်းသုံး၍ လမ်းလွဲနေသောအယူများကို စွန့်စေကာ နူးညံ့သိမ်မွေ့သောအယူ၌ တည်စေလေသည်။ ရှမ်းနှင့် ကချင်လူမျိုးများနေထိုင်ကြသည့် ပင်ဆွန်ရွာသို့ ကြွတော်မူပြီး ရက်သတ္တနှစ်ပတ်မျှ တရားဓမ္မဟောပြောတော်မူ၏။

ယင်းမှတစ်ဖန် ကချင်လူမျိုးချည်း သန့်သန့်နေထိုင်ကြသည့် အိမ်ခြေရှစ်ဆယ်ရှိ မထင်ရွာ (ဤရွာမှာ ဆရာတော် ဦးသီလဝံသ ကျောင်းထိုင်သော ရွာဖြစ်သည်) မိုးကောင်းရွာ၊ ဦးလုပ်ရွာ၊ ဒွါမရာရွာတို့သို့ လှည့်လည်တော်မူပြီး ဉာဏ်အလင်းကို ပေးတော်မူရာ မည်မျှလောက် အောင်မြင်သနည်းဆိုလျှင် ထိုရွာတို့မှ ဗုဒ္ဓဘာသာဝင် မှန်သမျှ ဝက်၊ ကြက်၊ လုံးဝ မမွေးကြတော့ချေ။ သတ်ဖြတ်မှုဟူသော မကောင်းမှုကံမှ ဤနည်းဖြင့် ကင်းဝေးအောင် သူတို့နေထိုင်ကြလေသည်။

---
ပထမအကြိမ်

http://www.dhammadownload.com



ဖာကြယ်ခေါ် ရှမ်းရွာကား ပယင်းတွင်း ဆရာတော်ဘုရားကြီး ထူးကဲစွာ အောင်ပွဲခံရာဟု ဆိုနိုင်၏။ မြတ်တရားကို ကြားနာရ၍ ထိုရွာသူကြီးဦးညီထန်မှစ၍ စိတ်ဝမ်းတူညီကြသည့် ညီနန်၊ အိုင်မိုး ညီနောင်တို့က ခေါင်းဆောင်ပြီးလျှင် သားမယားနှင့်တကွ အိမ်ပေါင်း (၂၅)အိမ်တို့သည် ဆံခါပေါင်ဂိုဏ်းမှ ထွက်ခွာလာကြပြီးလျှင် ဆရာတော်ကြီး၏ တပည့်ဒကာများအဖြစ် ခံယူကာ ဆည်းကပ်ကြလေသည်။

ဆံခါပေါင်(သံဃာဆောင်)ဂိုဏ်းဝင်ဘုန်းကြီးအချို့လည်း ဆရာတော်ကြီး၏ ဩဝါဒကိုနာခံကာ သိမ်ဝင်ရဟန်း ထပ်ခံကြပြီး ရဟန်းမြတ်ဖြစ်လာကြလေသည်။

ဖာကြယ်ရွာ ဒကာများက ဝါဆိုကျောင်းအဖြစ် ဝါးကျောင်းဆောက်၍ လျှုဒါန်းကြသောကြောင့် ထိုရွာ၌ ပယင်းတွင်းဆရာတော်ကြီး ၁၂၅၄–ခုနှစ် တစ်ဝါ ဆိုတော်မူရသည်။

ဝါမဆိုမီ စော်ဘွားအုပ်ချုပ်သော ဆော်ဒီးယားနယ်အတွင်းသို့ ကြွတော်မူပြီး ကျောက်ခန်းအမည်ရှိ ရှမ်းရွာကြီး၌ ခေတ္တ သီတင်းသုံးတော်မူရာ စော်ဘွားကြီး စောဆာသည် ဆရာတော်ကြီး၏လုပ်ငန်းကို အားရနှစ်သက်လှသဖြင့် အကူအညီ ပေးလေသည်။ စော်ဘွားကြီး၏နယ်အတွင်းရှိ ခယ်ရိန်းရွာ၊ နန်ကိုင်းရွာ၊ နန်ဆိုင်းရွာ၊ နန်လောင်ရွာ၊ ဆိုင်ဆတ်ရွာ၊ ဆန်ပူရာရွာတို့မှ ရှမ်းအမျိုးသားတို့ကလည်း တရားပွဲကြီးများ အကြိမ်ကြိမ်ကျင်းပ၍ ဆရာတော်ကြီး၏ ဆုံးမဩဝါဒကို နာယူကြလေသည်။ ထိုရွာများမှ ဗုဒ္ဓသာသနာဝင်များ ဖြစ်လာကြလေသည်။



အာသံပြည်၌
တွေ့ရသည့်
မုခ်ဦးတိုင်ဟု ယူဆရသော
အဆောက်အအုံတစ်ခု

http://www.dhammadownload.com



## တပည့်များကို မန္တလေးပို့

သီတင်းဝါလကျွတ်သောအခါ ဆော်ဒီးယားနယ်၊ ကျောက်ခန်းရွာ၌ နေရစ်သော ဆံခါပေါင်ဂိုဏ်းမှ ဘုန်းကြီး ဦးဝါယာမ၊ ဦးဣန္ဒဝံသာဘာသ၊ ဦးဂန္ဓမာတို့ သုံးပါးကို မြန်မာပြည် မန္တလေးမြို့သို့ ခေါ်ယူသွားလေသည်။ မန္တလေးရောက်လျှင် တောင်ခွင် သာသနာပိုင်ဆရာတော်၊ ရွှေကျင်ဆရာတော် ပခန်းဆရာတော်တို့ထံ ဆည်းကပ်၍ ဆုံးမဩဝါဒခံယူစေလေသည်။ ဆရာတော်ကြီးများ၏ အကြံပေးချက်အရ ထိုသုံးပါး တို့အား ပရိက္ခရာစုံပေး၍ သိမ်ဝင်ပြီး ဥတ္တိစတုတ္ထ ကမ္မဝါဖြင့် ကောင်းစွာ ကံဆောင် ပေးလိုက်ကြ၏။ ထိုအခါ ဇာတ်တူသည့် တပည့်သုံးပါးရပြီဖြစ်၍ အာသံပြည်သို့ ပြန်ကြွတော်မူပြီးလျှင် တပည့်သုံးပါးနှင့်အတူ သာသနာပြုလုပ်ငန်းကို ဆက်လက် ကြိုးပမ်းတော်မူလေသည်။

ပယင်းတွင်းဆရာတော်ကြီးသည် ယာယီတဲကျောင်းကလေးများ၌သာ လှည့်လည်ကာ သီတင်းသုံးတော်မူခဲ့၍ သုံးနှစ်မျှ ကြာခဲ့ပြီးနောက် ခိုင်ခံ့သည့် သစ်သား ကျောင်းကြီး ဆောက်လုပ်လှူဒါန်းခြင်း ခံယူတော်မူရလေသည်။ ထိုကျောင်းကြီးကား ဖာကြယ်ရွာ၌ ရှိ၏။ ၂၅ အိမ်မျှသာဖြစ်သော ရွာသားတို့က ဤမျှ ခိုင်ခံ့သော ကျောင်းကြီးကို ဆောက်လုပ်နိုင်ပါမည်လား မေးဖွယ်ရှိ၏။ အဖြေမှာ ဤ ၂၅ အိမ်က ခေါင်းဆောင်သော ရှမ်းရွာ၊ ကချင်ရွာပေါင်း ၁၁ ရွာ၏ ကြိုးပမ်းမှု အစွမ်းကြောင့် ပေါ်လာရသော ကျောင်းကြီးဟု ဆိုမှ တိကျပေလိမ့်မည်။

## လေးနိုင်ငံသာသနာပြု ပထမဆုံးကျောင်းနှင့် သိမ်များ

အာသံပြည်တွင် ဗုဒ္ဓဘာသာ ရဟန်းတော်များ သီတင်းသုံးတော်မူရန် ခိုင်ခံ့သော ကျောင်းများအနက် ဤကျောင်းကား ပထမဆုံး ဖြစ်ပေါ်လာသည့် ကျောင်းပေတည်း။ ကျောင်းကြီးကို 'အာဗောဓာရာမ' ဟု အမည်ပေးလျက် ခုနစ်တိုင်တိုင် ဆရာတော် ဘုရားကြီး ပျော်ပိုက်စွာ သီတင်းသုံးတော်မူလေသည်။ ၁၂၆၂–ခု၊ နယုန် လပြည့်ကျော် ၂–ရက်နေ့အထိ သက်တော်ငါးဆယ်ကျော်အောင် ဟိုနယ်သည်နယ် လှည့်လည် ဟောပြော ဆိုဆုံးမတော်မူလေရာ အာသံပြည်တွင် ဆယ်နှစ် ကြာသွားတော်မူသတည်း။

ပယင်းတွင်းဆရာတော်ဘုရားကြီး အာသံပြည်တွင် သာသနာပြုတော်မူပြီး သောအခါ ယခင် ပယင်းတွင်း၊ မှူးကောင်း၊ ခန္တီး 'သုံးနိုင်ငံသာသနာပြု ဆရာတော် ဘုရားကြီး'ဟု အမည်တွင်ခဲ့ရာမှ အာသံနိုင်ငံကို ထပ်မံပေါင်းထည့်လိုက်ရကား 'လေး နိုင်ငံသာသနာပြု ဆရာတော်ဘုရားကြီး'ဟူ၍ သတင်းကျော်ကြားပြီး တန်ခိုးပို၍ ကြီး တော်မူလာသည်။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးသည် အာသံပြည်၌ သားစဉ်မြေးဆက်ဆက်တို့အတွက် သိမ်နှစ်လုံးကိုလည်း သမုတ်၍ ပေးထားတော်မူခဲ့၏။ ပထမသိမ်မှာ လိုခင်ပိုခရိုင် ဖာကေးရွာ၌ဖြစ်၍ ဒုတိယသိမ်မှာ ဆူဝှီယာခရိုင်၊ စောင်ခမ်းရွာ၌ ဖြစ်သည်။ တပည့်ကြီး ဦးကောဝိန္ဒက သိမ်ကို အုတ်တမံတလင်းခင်း၊ သစ်သားဖြင့်ဆောက်၍ သွပ်မိုးအဆောက်အအုံဖြစ်အောင် ဆောင်ရွက်ခဲ့လေသည်။

## အံ့ဖွယ်အချက် အမြွက်ကား

တန်ခိုးကြီးသည့် ဆရာတော်များနှင့် ပတ်သက်လာလျှင် ထူးခြားသောပြောစဉ်တို့ကလည်း ပေါ်ပေါက်၍ လာရမြဲဖြစ်၏။ ပယင်းတွင်းဆရာတော်ဘုရားကြီးနှင့် ပတ်သက်၍လည်း အာသံပြည်သားများ အမြဲပြောလျက်ရှိသည့် ပြောစဉ် အံ့ဖွယ်တို့ကား များလှပေသည်။

ပယင်းတွင်းဆရာတော်ဘုရားကြီး၏ ဆိုဆုံးမတော်မူချက်တို့ကို အာသံပြည် ဒါယကာ ဒါယိကာမတို့မှာ ယနေ့တိုင်အောင် မဖည်မသုန်လိုက်နာလျက် ရှိကြကုန်၏။

## ကျားနှင့်အတူ မီးလှုံခြင်း

အခါတစ်ပါး နာဂသျှတြတောင်တန်းကြီးအနီးရှိ တောကျောင်း၌ ဝါကပ်တော်မူစဉ် ဆရာတော်ကြီး မီးလှုံနေကျမီးဖိုသို့ တောထဲမှ ကျားကြီးတစ်ကောင်လာ၍ မီးလှုံလေ့ရှိသည်။ ကျားကြီးသည် ညစဉ်လိုလို ညဦးပိုင်းတွင်လည်းကောင်း၊ နံနက်စောစောတွင်လည်းကောင်း လာ၍ ဆရာတော်ကြီးနှင့်အတူ တစ်ဘက်စီထိုင်ကာ မီးလှုံနေကျဖြစ်သောကြောင့် အိမ်၌မွေးထားသော ခွေးကလေး ကြောင်ကလေးများကဲ့သို့ပင် ရင်းနှီးစွာ ယဉ်ပါးနေတော့သည်ဆို၏။

တစ်နေ့သောနံနက် ဆရာတော်သည် အရုဏ်တက်ချိန် မီးလှုံခိုက် တပည့် ဦးပဋ္ဌင်းတစ်ပါးသည် ထုံးစံအတိုင်း ယာဂုကပ်ရန်လာသောအခါ ဆရာတော်ကြီးအနီး၌ ထိုင်၍ စိတ်ချလက်ချ မီးလှုံနေသော ကျားကြီးသည် မီးငွေ့နွေးသောကြောင့် ပါးစပ်ကြီးအဟောင်းသားနှင့် တဆတ်ဆတ်ငိုက်နေပုံကို တွေ့မြင်ရသည်။ ဦးပဋ္ဌင်းသည် လူငယ်ဘာဝ စိတ်ကစားတတ်သဖြင့် ....

"အခုနေ ဒီကျားကြီး ငိုက်နေတုန်း သူ့ပါးစပ်ထဲ မီးခဲကြီးတစ်ခုလောက် ကောက်ထည့်လိုက်ရရင် လန့်ပြီး အော်ပြေးမှာပဲ"ဟူ၍ စိတ်ထဲက ကြံစည်အောက်မေ့မိလိုက်သည်။ ထိုအခိုက် တစ်ခဏချင်း ကျားကြီးသည် ရဟန်းငယ်၏စိတ်အကြံကို

http://www.dhammadownload.com



သိသကဲ့သို့ လန့်နိုးလာပြီးလျှင် ကြောက်မက်ဖွယ် ဟိန်းလျက် ကိုက်မည်လုပ်လေသည်။ ဆရာတော်ကြီးက မကိုက်မိစေရန် လက်ကာ၍ တားလိုက်ရသည်ဆို၏။ တပည့်ရဟန်းငယ်ကိုလည်း ....

"ဘာကြောင့် သူ့ကို စိတ်ပြစ်မှားရသလဲ၊ ဒီအမှုဟာ သင်က စခြင်းဖြစ်တယ်၊ နောက်နောင် ဒီအချိန် ငါ့ထံ သင်မလာခဲ့နဲ့" ဟူ၍ ဆုံးမလိုက်လေသည်။ ဤဖြစ်ရပ်ကို အာသံပြည်၌ အမြဲပြောလျက် ရှိနေကြသည်။

## ဆင်ဖြူပျံများလာ၍ ဆည်းကပ်ခြင်း

ဆရာတော်ဘုရားကြီး သီတင်းသုံးရာ တောကျောင်းသည် လူနေရွာနှင့် လှမ်းသည့်ပြင် သစ်ပင်တောအုပ် ထူထပ်သောနေရာလည်း ဖြစ်နေသောကြောင့် လူဒါယကာတို့က ကျောင်းပတ်လည်ကို လုံခြုံအောင် တောသစ်သားတုံးတို့ဖြင့် ဝင်းခြံ ကာရံပေးထားကြသည်။

တစ်ရက်သော ဥပုသ်နေ့အခါ လူဒါယကာတို့သည် ဆွမ်းအုပ်များ ကိုယ်စီနှင့် ဥပုသ်စောင့်လာကြစဉ် ဝင်းခြံကို နင်းကျော်ရာ မရှိဘဲလျက် ကျောင်းဝင်းအတွင်း မြေပြင်၌ ဆင်ခြေရာများ ထူးဆန်းစွာ တွေ့မြင်ကြရသည်။ ထို့ပြင် မွှေးကြိုက်လှသော ဆင်ချေးများကိုပါ တွေ့ကြရသည်။ ဆရာတော်ကြီးကို မေးလျှောက်သောအခါ ညအချိန်တွင် ဆင်ဖြူပျံများ လာတတ်ကြောင်း၊ ကျောင်းဝင်းခြံကိုပျံ၍ ဝင်ကြထွက်ကြကြောင်း အမိန့်ရှိသဖြင့် သိကြရသည်ဆို၏။ စန္ဒကူးနံ့သာကဲ့သို့ အလွန်မွှေးကြိုင်သောကြောင့် ဆင်ချေးများကို ဥပုသ်သည်တို့ ဝေယူသွားကြသောဟူ၏။ ဥပေါသထဆင်မျိုး ဖြစ်ပေမည်ဟု စာတတ်ရဟန်းပုဂ္ဂိုလ်များက ပြောဆိုနေကြသည်။

## နတ်လှူသောသင်္ကန်း ရခြင်း

ထို့ပြင် ထူးခြားချက် နောက်တစ်ခုမှာ ဆရာတော်ကြီး တောကျောင်း၌ သီတင်းသုံးနေစဉ်ပင် ကျောင်းဝင်းအတွင်းရှိ သစ်ပင်တစ်ပင်၏ ခွကြား၌ သင်္ကန်းကေသီ တထည် ပုံသုကူပစ်ထားသည်ကို ဆရာတော်ကြီး တွေ့ရှိရ လေသည်။ ပုံသုကူ ကောက်ယူပြီး သေချာစွာကြည့်သောအခါ အတော်ထူးခြားသော အဝတ်သင်္ကန်းဖြစ်နေကြောင်း သိရသည်ဆို၏။

ဤအကြောင်း တစ်ဆင့်စကား ကြားကြသဖြင့် လူရှင်အများ ရဟန်းပုဂ္ဂိုလ်များပါ လာရောက်ကြည့်ကြရာ 'လူ့ပြည်တွင် ဘယ်တိုင်းပြည်ကမှ ယက်လုပ်သော အဝတ်မျိုးနှင့်မှ မတူသောကြောင့် နတ်လှူသော သင်္ကန်းထူးသာ ဖြစ်ရမည်' ဟု ခန့်မှန်းပြောဆိုကြသည်။ အချို့ကလည်း သိကြားမင်း လှူခြင်းဖြစ်မည်ဟု ပြောကြသည်။

http://www.dhammadownload.com



## ကုလားရသေ့နှင့် ရေပေါ်သွားခြင်း

ထူးခြားချက်တစ်ခုမှာ တစ်ခါက ကုလားရသေ့တစ်ဦးသည် ဗုဒ္ဓသာသနာပြု ပယင်းတွင်းဆရာတော်ကြီး တန်ခိုးကြီးကြောင်း ကြားသိရပါသည်ဟု လူဒါယကာတို့ ထံသို့ လာရောက်ပြောဆိုသည်။

"သင်တို့ဆရာတော် ဘယ်လောက်စွမ်း၊ ဘယ်လောက်တန်ခိုးကြီးသလဲ၊ ငါဟာ ဗြဟ္မပုတြမြစ်ကို တစ်ဘက်ကမ်းမှ တခြားတစ်ဘက်ကမ်းသို့ ကျောက်ခဲခင်းပြီး ကူးပြနိုင်တယ်"ဟူ၍ ပြောလာသည်။ ဤအကြောင်း ဆရာတော်ကြီးကို လျှောက်ထားကြသည်။ ထိုအခါ ဆရာတော်ကြီးက ....

"ကောင်းပြီ သူ့အစွမ်းပြပါစေ၊ ပြောလိုက်ကြပါ"ဟု အမိန့်ရှိသဖြင့် ဒါယကာတို့က နှစ်ဘက်စလုံးကို တောင်းပန်ကာ စီစဉ်ပေးကြရာ လူအများရှေ့တွင် ကုလားရသေ့သည် ဗြဟ္မပုတြမြစ်ကို ကျောက်ခင်း၍ တစ်ဘက်ကမ်းမှ တစ်ဘက်ကမ်းသို့ အရောက် တကယ်ပင် ကူးပြသွားလေသည်။

ထို့နောက် ဆရာတော်ကြီးကလည်း လူအများရှေ့တွင် ဗြဟ္မပုတြမြစ်ကိုပင် အခြားတစ်နေရာ၌ တစ်စုံတစ်ရာမခင်းဘဲ မြစ်တစ်ဘက်ကမ်းအရောက် ရေပြင်ပေါ် မြေပြင်ကဲ့သို့ခြေတင်ကာ ဖြတ်ကူးကြွသွားပြလေသည်။ ထိုအခါမှ စောင့်ကြည့်နေသော ကုလားရသေ့သည် "သူ့ထက်သာပါပေသည်"ဟု အံ့သြစွာ ချီးမွမ်းစကား ပြောဆိုကာ ရှိသေကိုင်းညွတ်လာသည်ဟု အမှတ်တရပြောဆိုနေကြသည်။

## တရားစီရင်ပေးရခြင်း

ထိုစဉ်က အာသံပြည်ကို အင်္ဂလိပ်အစိုးရတို့ အုပ်ချုပ်နေကြပြီဖြစ်သည်။ အခါတစ်ပါးတွင် ထိုပြည်၌ တာဝန်ခံအုပ်ချုပ်နေရသူသည် အင်္ဂလိပ်လူမျိုး မဟာမင်းကြီး တစ်ဦးဖြစ်သည်။ သူသည် စီရင်ဆုံးဖြတ်၍ မပြီးပြတ်နိုင်သော အမှုတစ်ခုကို ရင်ဆိုင် တွေ့ကြုံနေရသည်။ "ဘယ်ပုံပြုလုပ်ရပါ့မလဲ"ဟု တွေးဆနေရင်း နောက်ဆုံးတွင် အကြံ တစ်ခုရသည်နှင့် တန်ခိုးကြီးကြောင်း လူအများအပေါ် သြဇာညောင်းကြောင်း သတင်း ကြားရသောကြောင့် ဆရာတော်ကြီးထံသို့ လာရောက်ချဉ်းကပ်သည်။ တွေ့ကြုံ ရင်ဆိုင်နေရသောအကြောင်းအရာကို ပြောပြပြီး ထိုအမှုကို ဆုံးဖြတ်ပေးပါရန် တောင်းပန် လေသည်။

http://www.dhammadownload.com



ထိုအခါ ဆရာတော်ကြီးက "မခက်ပါဘူး၊ ဖြစ်ပါစေမယ်"ဟု ကတိဝန်ခံချက် ပေးလိုက်ပြီး သူ့အမြင်နှင့် ဆုံးဖြတ်ချက်ကိုပေးလိုက်ရာ အံ့သြဖွယ်ရာတရားလို တရားခံနှစ်ဦးနှစ်ဘက်စလုံးက ကျေနပ်စွာ လက်ခံကြ၍ အလွယ် ပြီးပြတ်သွားလေတော့သည်။ အာသံပြည်မဟာမင်းကြီးသည် ဆရာတော်ကြီး၏ စွမ်းအင်သတ္တိ တန်ခိုးရှိပုံကို လက်တွေ့သိမြင်ရသောအခါ အလွန်ကျေးဇူးတင်စွာဖြင့် ဆရာတော်ကြီးအား ဘွဲ့တံဆိပ် လက်မှတ်များနှင့်တကွ အာဏာကိုပါ ပေးအပ်လှူဒါန်းထားလေသည်။ ထို့ပြင် ဆရာတော်ကြီးအလိုရှိလျှင် မည်သည့်အခွင့်အရေးမဆို ရနိုင်ကြောင်းကိုလည်း လျှောက်ထားလေသည်။

(ထေရုပတ္တိ အပြည့်အစုံကို နောက်ဆက်တွဲကျောက်စာ၌လည်း ရှုပါ။)

## မျက်မှောက်ခေတ် အာသံပြည် သာသနာ

မျက်မှောက်ခေတ် အာသံပြည် သာသနာနှင့်စပ်၍ ဝမ်းနည်းဖွယ်ရာများ ရှိနေသကဲ့သို့ ဝမ်းမြောက်ကြည်နူးစရာများလည်း ရှိပါသေးသည်။

တောင်တန်းသာသနာပြုဆရာတော် အရှင်ဦးဥတ္တမသာရနှင့် တမူးမြို့ကုန်းပေါ်ကျောင်းဆရာတော် ဦးတေဇဝန္တ အရှင်မြတ်နှစ်ပါး ၁၃၁၃–ခုနှစ် တန်ခူးလက အာသံပြည်သို့ သာသနာပြုခရီးထွက်တော်မူခဲ့ကြ၏။ ဦးတေဇဝန္တဆရာတော်မှာ အာသံပြည် မိုရ်ဟူလာရွာ ဇာတိဖြစ်၏။ ဆရာတော်၏ အဘိုးမှာ အသက် (၁၅၀)၊ ဦးကြီးမှာ (၁၃၀)ကျော် နေကြရသည်။ ဦးတေဇဝန္တမှာ အာသံပြည် ဗုဒ္ဓသာသနာပယင်းတွင်းဂိုဏ်းကြီး၏ ဥက္ကဋ္ဌလည်း ဖြစ်တော်မူ၏။

လေးနိုင်ငံ သာသနာပြု ဆရာတော်ကြီးနှစ်ပါး အာသံပြည်သို့ရောက်ရှိသွားကြသောအခါ အထက်ကပြောခဲ့သည့်အတိုင်း ဝမ်းနည်းစရာများ တွေ့ရသကဲ့သို့ ဝမ်းသာစရာများကိုလည်း တွေ့တော်မူကြရသည်။ ဆရာတော်နှစ်ပါးသည် အာသံပြည်၌ သာသနာပြုတော်မူနေကြသော ဆရာတော်ကြီးဦးနေမိန္ဒရ၊ ကချင်အမျိုးသား ဦးသီလဝံသ၊ ရခိုင်ပြည်မှ ဦးသာဂရ၊ ဦးကောဝိန္ဒ၊ ဦးပညာဝံသ၊ ဦးဝီရိယ၊ ဦးသိရိန္ဒ၊ ဦးစန္ဒိမာ၊ ဦးဝိဇယ၊ ဦးဝိသုဒ္ဓ၊ ဦးသုမန စသော ဒေသခံဆရာတော်များနှင့် တစ်ပါးပြီးတစ်ပါး တစ်ရွာပြီးတစ်ရွာ လှည့်လည်ဆွေးနွေးတော်မူကြရာ အောက်ဖော်ပြပါ ဆရာတော် ဦးသီလဝံသ၏စကားများမှာ မျက်မှောက်ခေတ် အာသံပြည် သာသနာရေး သမိုင်းတစ်ရပ်ပင်ဖြစ်ပေသည်။

http://www.dhammadownload.com





ဗာရာပါထာဆရာတော်ကြီးဦးနေမိန္ဒရ

## အာသံပြည် သံဃာတော်များ စာရင်း

**ဦးဥတ္တမသာရမေး။** ဒီအာသံပြည်မှာ စုစုပေါင်း သံဃာဘယ်လောက်ရှိပါသလဲ။

**ဦးသီလဝံသဖြေ။** အမြဲတော့မရှိပါဘူး ဘုရား။ ၁၃၁၀–ခုနှစ် စာရင်းအရ ရဟန်း (၅၀) နောက် (၅၃)ပါး ရှိပါတယ်။ ကိုရင်သာမဏေကတော့ ဝါတွင်းမှာဆိုရင် (၁၀၀)လောက် ရှိတတ်ပါတယ်။ ဆရာတော်များ မြင်တဲ့အတိုင်း ဝါပမှာတော့ သင်္ကန်းရှားလို့ ဘိုးသူတော်ဝတ်နဲ့ နေကြရတာက များပါတယ်။

ဒီအထဲမှာ သက်တော်ကြီး ဝါတော်ကြီး ငါးပါးရှိပါတယ်။ အင်ဒင်ရွာ ဆရာတော်၊ ဗာရာပါထာ ဆရာတော်၊ ဒီပရောင် ဆရာတော်၊ အင်ဘောင် ဆရာတော်၊ ပန်ခါးဆရာတော်ကြီး များဖြစ်ပါတယ်။ (အဲဒီအချိန်က) အင်ဒင်ဆရာတော်ကြီးဟာ

http://www.dhammadownload.com



သက်တော် (၁၁၃)နှစ်၊ (၈၄)ဝါ အကြီးဆုံးပါ။

မေး။ ရဟန်းတော်များရဲ့ အမျိုးအနွယ်ကကော။

ဖြေ။ လူမျိုးစုံပါပဲ ဘုရား။ စစ်တကောင်း၊ ဗရူးဝါး၊ ဗင်္ဂါလီက (၄)ပါး၊ မြန်မာ(၁)ပါး၊ မွန်(၁)ပါး၊ ရခိုင်(၁)ပါး၊ ကျန်တာကတော့ အာသံပြည် တိုင်းရင်းသား ရှမ်း၊ ကချင်၊ ချင်းဖောမျိုးစုပါပဲ။

## သံဃာအား ချောင်းသစ်ပင်များ မဆန်သာ

မေး။ (ဆရာတော် ဦးဥတ္တမသာရသည် သိသင့်သလောက် သိထားပြီးဖြစ်သည့်အတိုင်း) ဦးသီလဝံသ၊ အာသံပြည်သံဃာတော်များ အာသံ သံဃသာမဂ္ဂီ စည်းလုံးညီညွတ်ရေးကြီး လုပ်ကြတဲ့ အချိန်ကနဲ့ မလုပ်မီက အခြေအနေ၊ သံဃာ့ဂိုဏ်းများအကြောင်း ကြားသိ ကြည်ညိုရအောင် အမိန့်ရှိပါဦး။

ဖြေ။ တပည့်တော်တို့ အာသံပြည်မှာ သံဃာဂိုဏ်း သုံးဂိုဏ်း ရှိပါတယ်။ ပယင်းတွင်းဂိုဏ်း၊ ဆံခါပေါင်ဂိုဏ်းနှင့် ဗင်္ဂါလီ ဘရူးဝါး အရှင်ဓိနရတနနှင့် အရှင်ဗုဒ္ဓဒတ္တတို့ဦးဆောင်တဲ့ ဗင်္ဂါလီရဟန်းလေးပါး တစ်ဂိုဏ်းဖြစ်တဲ့ ဘူရဝါရီဂိုဏ်းရယ်လို့ သုံးဂိုဏ်းရှိပါတယ်၊ ဆံခါပေါင် ဂိုဏ်းကတော့ ပွဲကျောင်းဘုန်းကြီးဂိုဏ်းပေါ့ဘုရား။

တပည့်တော်တို့ဆီမှာ သံဃာရှိသင့်သလောက် မရှိတဲ့ အကြောင်းတစ်ခုကတော့ တောထွက်များကို ရဟန်းခံခွင့် မပေးခဲ့ကြလို့ပါပဲ။

အာသံပြည်ရှိ သံဃာတော်များ 'တစ်ပေါင်းတည်း ညီညွတ်စွာ နေကြပါစို့' ဆိုပြီး ရှိစုမဲ့စု သံဃာတော်များ စုပေါင်းကာ ၁၃၀၅–ခုနှစ်က သံဃညီညွတ်ရေးကြီး လုပ်ခဲ့ကြပါတယ်။ ဒကာများကလည်း အလွန်ပဲ ဝမ်းသာကြပါတယ်။ သံဃသာမဂ္ဂီ ပွဲကြီး ပြုလုပ်ပြီးတဲ့ အချိန်မှာတော့ အုံသြစရာကောင်းတာက ဒီနယ်တွေမှာ အလွန်ဝေးကွာပြီး စီးဆင်းချင်ရာ စီး ဆင်းနေတဲ့ ချောင်းတွေဟာ သံဃသာမဂ္ဂီကြီးကို ထောက်ခံ ကောင်းချီး

http://www.dhammadownload.com



ပေးတဲ့ အနေနဲ့ တစ်စုတဝေးတည်း ပူးပေါင်းပြီး စီးကြတယ် ဘုရား။ အံ့ဩလို့ မဆုံးပါဘူး။

ပြီးတော့ တစ်ချိန်က တစ်ဘက်တစ်ခြမ်းသာ သီးတဲ့ပွင့်တဲ့ အပင်တွေဟာ သံဃသာမဂ္ဂီပွဲကြီး ပြီးတယ်ဆိုရင်ပဲ လေးဘက် လေးတန် ပင်လုံးကျွတ် သီးကြပွင့်ကြတာ မျက်မြင်ပါပဲ ဘုရား။ (ထိုချောင်းများ ဆုံစည်းပုံကိုပင် ပြသကြ၏။)

## မြန်မာပြည်မှာ စာသင်လာဖို့ခက်

မေး။ အာသံပြည် သံဃသာမဂ္ဂီ အကြောင်းကတော့ ကြားရတဲ့ သူတိုင်း အားရဝမ်းမြောက်စရာကြီးပါပဲ၊ အာသံပြည်အနာဂတ် သာသနာအတွက် ဘယ်လိုများ ရည်ရွယ်ထားကြပါသလဲ။

ဖြေ။ ရည်ရွယ်ချက်ကတော့ ရှိထားကြပါတယ်ဘုရား။ အာသံပြည် သာသနာဟာ အစဉ်အလာကတည်းက အရှင်ဘုရားတို့ မြန်မာပြည်က သံဃာတော်များကိုသာ အားထားမှီခိုခဲ့ကြရပါ တယ်။ အစိုးရကရော ဆရာတော်များကပါ ကူညီစောင့်ရှောက် ကြမယ်ဆိုရင်တော့ အာသံပြည် အနာဂတ်သာသနာဟာ ထွန်းတောက်လာမှာ အမှန်ဖြစ်ပါတယ်။

လောလောဆယ် ရည်ရွယ်ထားတာကတော့ အာသံ ပြည်မှာ လူမျိုးစုံတို့ စိတ်ညွတ်လေးစားလာစေရန် စေတီတော် ကြီးတစ်ဆူ ထီးထီးမားမား ရှိချင်ကြပါတယ် .... ။ နောက်ပြီး သာသနာမျိုးဆက် ပြန့်ပွားနိုင်အောင် သင့်တော်ရာ မြို့ကြီး တစ်မြို့မှာ စာသင်တိုက်ကြီးတစ်ခု တည်ထောင်ပြီး စာချပေး နိုင်မယ့် ဆရာတော်တစ်ပါး လိုနေပါတယ်။

ခက်တာက ကိုရင်ဦးပဥ္စင်းများ မြန်မာပြည်မှာ စာသင် လွှတ်ဖို့ အခက်အခဲတွေရှိလာပါတယ်။ ရှေးကလို သွားလို့ လာလို့ မလွယ်ကူတော့တဲ့အတွက် စာမသင်နိုင်ကြပါဘူး။ ပရိယတ္တိကို ဆက်ခံသင်ကြားမှုမှ မရှိရင်လည်း ဒီသာသနာဟာ ရေရှည်မခံနိုင်တာ ဆရာတော်များသိပြီး ဖြစ်ပါတယ်။

http://www.dhammadownload.com



လောလောဆယ်ကတော့ အာသံပြည်မှ ရှင်ရဟန်းများ မြန်မာပြည်ကြွပြီး စာသင်နိုင်အောင် မြန်မာပြည်အစိုးရနဲ့ ဆရာတော်များက တတ်နိုင်သမျှ ကူညီကြစေချင်ပါတယ်။ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမများမှာလည်း စီးပွားရေး မဖွံ့ဖြိုးကြရတဲ့အထဲက တစ်နိုင်ငံနှင့် တစ်နိုင်ငံ အဝင်အထွက် အခက်အခဲ၊ နေထိုင်ခွင့် အခက်အခဲများ ကလည်း ရှိနေပါတယ်....။ ဘုရားဖူးတောင် မလာနိုင်ကြအောင် ဖြစ်နေပါတယ်ဘုရား။

## ဘုန်းကြီး ပူဆာနေသူများ

တောင်တန်းသာသနာပြု ဆရာတော် ဦးဥတ္တမသာရ အရှင်မြတ်သည် "ကိုယ်တွေ့မှတ်တမ်း"များဖြင့်သာ စွမ်းအားရှိသမျှ ရေးသားထုတ်ဖော်နှိုးဆော်တော်မူခဲ့ရ၏။ ဝမ်းသာဝမ်းနည်းဖြစ်ကာ နှိုးဆော်ရုံမှအပ ဘာမျှမတတ်နိုင်ခဲ့ချေ။ လက်ရှိ တောင်တန်းသာသနာပြုကိစ္စများကလည်း ရှိနေသေး၍ အကြံဉာဏ်ပေးရုံမှတစ်ပါး လူအားဖြင့်လည်း မကူညီနိုင်ခဲ့ပေ။

မည်သို့ဖြစ်စေ၊ ယခုအခါတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး ပေါ်ပေါက်လာသဖြင့် အတန်ငယ် အားကိုးဖြေသိမ့်ရာကား ရှိလာပေပြီ။ ယခင် သာသနာရေးဌာနမှ အာသံသာသနာပြုလုပ်ငန်း ရှိခဲ့ဖူးသဖြင့် အာသံဦးပဥ္စင်း ကိုရင်များ မြန်မာပြည်သို့ စာသင်ခွင့်ရခဲ့ကြဖူးရာ၊ ယခု မည်သည့်အခြေအနေ ရှိသည်ကိုကား မသိရ။ မြန်မာပြည်၌ အာသံစာသင်သား တစ်ပါးတလေမျှ ရှိပုံမရချေ။

ဆရာတော်များ ကြွစဉ်က အာသံပြည်၌ ဘုန်းကြီးမရှိသော ကျောင်းပေါင်းပင် သုံးဆယ်ကျော်ရှိနေရာ အာသံ ဒကာ ဒကာမများက ....

"မြန်မာပြည်မှာ ရှမ်းစကားတတ်တဲ့ ဘုန်းကြီးကောင်းကောင်း တစ်ပါး လောက်များ မရနိုင်ဘူးလား ဘုရား"ဟု အားကိုးတကြီး လျှောက်ထား၍ ဘုန်းကြီး ပူဆာနေကြရှာ၏။ ထိုစကားထဲ၌ 'ဘုန်းကြီးကောင်းကောင်း'ဆိုသဖြင့် မကောင်းသော ဘုန်းကြီးမျိုးကိုလည်း တွေ့ကြုံဖူးကြဟန် တူသည်။

မြန်မာပြည် သံဃာတော်များအကြောင်းကို မေးလျှောက်ကြသဖြင့် ဆရာ တော်များက မန္တလေး–ရန်ကုန်–ပခုက္ကူစသော မြို့ကြီးများ၌ တစ်ကျောင်းတိုက်တည်း

http://www.dhammadownload.com




မှာပင် သံဃာ (၅၀၀)၊ (၁၀၀၀)ခန့်ရှိပုံ၊ နှစ်စဉ် တိပိဋကစာရ၊ ဓမ္မာစရိယ စာမေးပွဲများ၌ မည်ရွေ့မည်မျှ အောင်မြင်ကြပုံ စသည်များကို ဝမ်းမြောက်ကြည်ညိုနိုင်ကြရန် ဗဟုသုတအဖြစ် ပြောပြရာ 'အော .... အော' ဟုဆိုကာ စုတ်သပ်၍ မယုံကြည်နိုင်လောက်အောင် အံ့သြနေကြရာလေသည်။

ပြောရသူ၊ ကြားရသူ နှစ်ဦးစလုံး ပထမသော် ဝမ်းသာရမလိုလိုနှင့် ဝမ်းနည်းစရာဖြစ်ရပြန်၏။ ဆရာတော့်စိတ်ထဲ၌မူ ပယင်းတွင်းဆရာတော်ကြီးကိုအားကျကာ—

"ရေတွေ တင်းကြမ်းပြည့်လျှံနေတဲ့ ရေကန်ကြီးထဲက ရေတစ်ပုံး နှစ်ပုံးလောက် ခပ်ယူသောက်သုံးရလျှင် သောက်သုံးရသူများ လွန်စွာအကျိုးများ၍ ရေကန်မှာလည်း ခပ်ယူလိုက်သော ရေတစ်ပုံး နှစ်ပုံးကြောင့် ယုတ်လျော့သွားရာမထင်သလို မြန်မာပြည်က ရဟန်းတော်များ ဤလို ဘုန်းကြီး ဆာ၍ ငတ်၍၊ သာသနာကိုမြှော်၍ နေသူများထံ ပယင်းတွင်း ဆရာတော်ကြီးကို ထောက်ဆ၍ ကြွနိုင်ကြသော် ကောင်းလေစွ"ဟုသာ အောက်မေ့တော်မူနေရ၏။

ယခုအခါ သိပ္ပံထွန်းကား၍ ကာမဂုဏ်စည်ကားသော အနောက်နိုင်ငံကြီးများကိုချည်း သာသနာပြု မြားဦးစိုက်နေကြရာ 'အလင်' ရှိပြီးသော ဒေသများကိုလည်း မမေ့ကျန်စကောင်းပါ။ ဆက်လက်မပံ့ပိုးနိုင်ပါလျှင် တစ်ယောက်တိုးသော်လည်း တရားလျော့သည်နှင့် အရှုံးအမြတ် မကာမိနိုင်ချေ။



ဆရာတော် ဦးတေဇဝန္တညွှန်ပြ၍
အာသံယောဂီများ တရားရှုမှတ်နေကြပုံ

http://www.dhammadownload.com



## ဘုန်းကြီးမရှိသော ကျောင်းက ဥပုသ်သည်များ

အာသံပြည်ရောက်စ ညက ဆရာတော် ဦးတေဇဝန္တနှင့်အတူ ဘုန်းကြီး မရှိသော ဒူဗိုရိုရီရွာကျောင်း၌ပင် တည်းခိုကြရာ လိုက်ပို့သော သူငယ်များက ရောက်လျှင် ရောက်ချင်း ကျောင်းမှာအသင့်ရှိနေသော ဖယောင်းတိုင်ဖြင့် ဘုရားရှေ့၌ မီးပူဇော်ပြီး ကျောင်းမှာ အဆင်သင့် ဆွဲချိတ်ထားသော ကြေးစည်ထိုးမောင်းများ တီးခတ်လိုက်ရာ ရွာထဲမှ ဒကာများ ဝမ်းသာအားရ ပြေးလာပူဇော်ကြသည်။ တရားနာကြသည်။ မိုးလင်းသောအခါ စားသောက်ဖွယ်များဖြင့် ဒကာ ဒကာမများ စီတန်း ရောက်လာကြပြန်၏။ သူတို့သည် ဗင်္ဂါလီစကား၊ အာသံစကား၊ ရှမ်းစကား စသည်တို့ကို ပြောဆိုကြရာ သူတို့ အသံဖြင့် ဘုရားကန်တော့ကြသည်မှာ တစ်မျိုးကြည်နူးစရာဖြစ်နေလေသည်။

ဘုန်းကြီးပင် မရှိသော်လည်း အာသံပြည် ဝေသာလီ ဗုဒ္ဓဘာသာဝင်တို့သည် ဥပုသ်နေ့ရောက်လျှင် ကြေးဗန်း ဒန်ဗန်းများအပေါ် ဖက်ရွက်စိမ်းအုပ်၍ စားစရာများ ယူဆောင်ကာ မိမိတို့ကျောင်းသို့ ဥပုသ်စောင့်သွားကြ၏။ ဘုရားပန်း ရေချမ်းကပ်လှူ သီလယူပြီးနောက် အသံနေအသံထားဖြင့် စာဖတ်တတ်သူက ဗုဒ္ဓစာပေများကို ဖတ်၍ ဟောပြောနေသည်ကို နာယူကြရသည်။ ထိုသူကိုပင် ဘုန်းကြီးအရာထားကာ ရှိခိုး၍ နာယူလေ့ရှိကြသည်။ ဗုဒ္ဓစာပေများကိုလည်း ဂျပ်စက္ကူဖြူဖြူ၌ တတ်နိုင်သူများက စာရေး၍ ကျောင်းရှိ စာတိုက်သေတ္တာ၌ပင် လှူဒါန်းပူဇော် ထားရှိကြလေသည်။ ပျောက်ခြင်းမရှိ။

## အတိုးပြောတဲ့ ပုံပြင်ထဲက မြန်မာပြည်

ဝေသာလီ ဗုဒ္ဓဘာသာဝင်တို့သည် နွားမွေးခြင်း၊ လယ်လုပ်ခြင်း စသည်ဖြင့် အလုပ်အကိုင် အနေအထိုင် ရိုးသား၍ သက်မဲ့ဟင်းလျာ အစားအစာများကိုသာ စားကြရာ အသက်ရာကျော်ရှည်ကြ၍ (၉၀)ကျော်များ အလုပ်လုပ်တုန်းပင် ရှိသည်။

အရှင်ဦးဥတ္တမသာရ ဆရာတော်နှင့် ဆရာတော် ဦးတေဇဝန္တတို့နှစ်ပါး ဗန္ဓုလမျိုးခေါ် ရှေးမြန်မာကြီးများနေရာ၊ 'ဂါရိုပဟားရ်' ခေါ် ဂါရိုတောင် ဘူတာရုံအနီးရှိ ဒိုဗိုရီရွာသို့ ရောက်သွားကြရာ စကားပင် ပြောင်းသော်လည်း အဝတ်အစားမှာ ရှေးရိုးမြန်မာကြီးများအတိုင်းပင် ဝတ်ဆင်ကြသည်ကို တွေ့မြင်ကြရ၏။ ဘုန်းတော်ကြီးများအား မန္တလေးမှလာသူများဟု သိမှတ်ထားကြသောကြောင့်လော မသိ။ ဘုန်းကြီးမြင် 'မန်း'ဟု ခေါ်ကြသည်။

---

http://www.dhammadownload.com



ဆရာတော်နှစ်ပါး ကြွသွားသည်ကိုမြင်လျှင် ဒိုဗိုရီရွာမှ အာသံမြန်မာကြီးများသည် အပြေးအလွှားရောက်လာကာ ခြေသလုံးဖက်၍ ရှိခိုးရင်း 'မန်း .... မန်း'ဟုသာ မြည်တမ်းကာ မျက်ရည်များ တတွေတွေကျ၍ ငေးမောကျန်နေရစ်ရှာကြလေသည်။ ငယ်စဉ်ကတည်းက ပုံပြင်ထဲမှာသာ ကြားခဲ့သော ဘိုးဘွားတို့ဌာနီကို မြင်ယောင်ကာ ဘိုးဘွားတို့ ဘာသာရေးကိုလည်း သူတို့၏ သွေးများက စကားပြောနေဟန် ရှိတော့သည်။

ရှေးယခင်က လေးငါးရက်မျှဖြင့် နယ်ခြားအရာရှိတို့၏ စာရွက်တိုကလေးတစ်ရွက်ကိုင်ကာ တောလမ်းမှ ဝင်ထွက်သွားလာနိုင်ခဲ့သော်လည်း ယခုမူ အပြည်ပြည်ဆိုင်ရာ လွတ်လပ်သော ဥပဒေများက တောင်တန်းမကြီးများထက်ပင် မြင့်မားကာ ဆက်သွယ်သွားလာရေး နီးလျက် ဝေးခဲ့ကြလေပြီ။

ယခုအခါ လက်ရှိ အာသံပြည်သာသနာရေးကို ပယင်းတွင်းဆရာတော်ကြီးသာ သိမြင်တော်မူပါလျှင် ပိဋကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ ဓမ္မာစရိယအောင်ပြီး အရှင်များထံ ကြွရောက်ကာ 'တစ်ယောက်တည်းနှင့်ပင် တစ်နိုင်ငံသာသနာတည်နိုင်ကြောင်း'သာသနာပြု စိတ်ကောင်းစိတ်မြတ်များ မွေးမြူကြရန် တိုက်တွန်းတောင်းပန်ရှာမည်ကို မြင်ယောင်မိပါတော့သည်။

ကျွန်ုပ်တို့အား မိစ္ဆာဒိဋ္ဌိ အမှောင်အတွင်းမှ အလင်းသို့ ရောက်အောင် အမျိုးမျိုးဒုက္ခခံကာ ချီးမြှောက် ကယ်မတော်မူခဲ့ကြသော အရှင်သောဏ၊ အရှင်ဥတ္တရ စသော အရှင်မြတ်များအား အကြိမ်ကြိမ် ဦးညွှတ်လျက် ....

(တောင်တန်းသာသနာပြုဆရာတော် အရှင်ဦးဥတ္တမသာရရေး၍ စိန်မြစာပေမှ ထုတ်ဝေသော 'ကိုယ်တွေ့မှတ်တမ်း(၁၊ ၂)'နှင့် ဆရာတော်ကြီး ဆောင်းပါးများကို အခြေခံလျက် သင့်ဘဝ ဦးတင်မောင်ရေး၍ စာပေဗိမာန်မှ ၁၉၇၇–ခုနှစ်က ထုတ်ဝေသော 'အလင်းဆောင်သူများအတွေ့အကြုံ'စာအုပ်များအရ ရေးသားတင်ပြ ကြည်ညို စေရပါကြောင်း။)

ဩွေးလှိုင်
နိဗ္ဗာနပစ္စယော ဟောတု။

ပထမဝါဆိုလပြည့်ကျော် (၇)ရက်၊
၁၃၄၇–ခုနှစ်။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



## အမျှော်

သာသနာရေးကိစ္စ၊ လူမှုရေးကိစ္စအဖြာဖြာနှင့် ဒါန၊ သီလကို မဆိုထားဘိ ဝိပဿနာတရားကိုအားထုတ်ကြရာ၌ပင် တရားလောဘကြီးကြ၏။ ကလေးအချင်းချင်း မုန့်မျှော်သကဲ့သို့ နိဗ္ဗာန်ကိုပင် မျှော်ကြ၏။ ပို၍သိမ်မွေ့သော ဝိပဿနာအလုပ်၌ အလွန်အရေးကြီးသော စခန်းရောက်လေ အမျှော်ဝင်လျှင် ဝင်သည်နှင့်တစ်ပြိုင်နက် ချက်ချင်းအောက်ကျသွားလေဖြစ်သည်မှာ ပို၍ထင်ရှား၏။

အမျှော်လောဘဆန္ဒ၏ အနုလက္ခဏာအင်အားကိုလည်း သိထားသင့်သည်။

## ကိုယ့်အားကိုယ်ကိုး

ကိုယ်ကျင့်သီလ၊ ကိုယ်ချင်းစာတရား၊ မိဘ သားမယားနှင့် ရတနာသုံးပါး ဝတ်ပြည့်စုံနေသူ၊ ကိုယ်အားကိုယ် ယုံကြည်အားကိုးနေသူ၊ ရိုးသားနေသူသည် ပုဂ္ဂိုလ်ထူးများကို ရှာဖွေမျှော်လင့်နေရန်၊ ဝိဇ္ဇာ ဇော်ဂျီ တပသီတွေနှင့် တွေ့ဆုံကူညီမှုရဖို့ ပွဲထိုးစောင့်မျှော်နေရန် စီးပွားရေးလုပ်ငန်း ကိုင်ငန်းမကောင်း၍ နတ်ကန္တားပေးရန် အဘယ်မှာလိုပါတော့မည်နည်း။

http://www.dhammadownload.com

ပယင်းတွင်း ဆရာတော်ဘုရားကြီး၏
ထေရုပ္ပတ္တိကထာ ခေါ်

# အာသံသာသနာပြု ကျောက်စာတော်
# မော်ကွန်း

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com

# အာသံ သာသနာပြု ကျောက်စာတော်

## မော်ကွန်း

အာသံပြည်၌ ယနေ့အထိ တည်လျက်ရှိသော တောင်ပိုင်း ဗုဒ္ဓဘာသာ သာသနာတော်ကို တည်ထောင်ဖန်တီးတော်မူခဲ့သော ပဋ္ဌမသံဂါယနာတင် ဘဝရှင်မင်းတရားကြီး၏ လက်ထက် သက္ကရာဇ် ၁၂၃၀ ပြည့်နှစ်တွင် 'နရိန္ဒာ ဘိဓဇမ္မဝံသ သာသနပါလ မဟာဓမ္မရာဇာဓိ ရာဇဂုရု' ပထမတံဆိပ်တော်နှင့် သားတော် သီပေါမင်းတရားလက်ထက် သက္ကရာဇ် ၁၂၄၂ ခုနှစ် 'နရိန္ဒာဘိဓဇ သိရိပဝရ သာသနဇောတိက မဟာဓမ္မရာဇာဓိရာဇဂုရု' ဟူသော ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ ပယင်းတွင်းဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိ ကျောက်စာသံပိုင်းကို အာသံပြည်အထက်ပိုင်း မာဂရီတာမြို့မှ နာမ်မဟုတ်ချောင်း ကမ်းရိုးတစ်လျှောက် အကောက်မိုင် ခြောက်မိုင်၊ အဖြောင့်မိုင် သုံးမိုင်ခွဲခန့်ရှိ ရှမ်းဘာသာဖြင့် ဖာကြွယ်ခေါ်သော ရွာ၏ လက်ယာဘက် အဆိုပါ နာမ်မဟုတ်ချောင်းနှင့် မနီးမဝေး ကုန်းမြင့်ပေါ်တွင် တည်ထားသော ဆရာတော်ဘုရားကြီး၏ အရိုးစေတီတော် အတွင်း၌ တွေ့ရှိရလေသည်။

---

ပထမအကြိမ်

http://www.dhammadownload.com



ကျွန်ုပ်တို့သည် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ အထောက်အပံ့ဖြင့် မဟာသံဃအဖွဲ့ချုပ် ဗုဒ္ဓဘာသာအဖွဲ့ချုပ်တို့၏ တောင်တန်းသာသနာပြုအဖွဲ့ကြီးမှ စေလွှတ်ချက်အရ အာသံပြည် ဗုဒ္ဓသာသနာရေး အခြေအနေများကို သိရှိရန် အာသံပြည် အထက်ပိုင်း အောက်ပိုင်း တောပိုင်း တောင်ပိုင်း စသည့် ဌာနဒေသများသို့ တစ်နှစ်ကျော်မျှ နေထိုင်ခဲ့လျက် လှည့်လည်ပြီး စုံစမ်းသွားခဲ့ရာ မြန်မာဘာသာဖြင့် ဤကဲ့သို့ ရေးထိုးထားသည့် ကျောက်စာမှာ အာသံပြည် သာသနာဝင် မှတ်တမ်းတွင် ဤတစ်ခုမျှကိုသာ တွေ့ရှိရလေသည်။

၎င်းကျောက်စာကို သာသနာတော် ၂၄၀၀ ပြည့်နှစ် သက္ကရာဇ် ၁၂၆၈ ခုနှစ်တွင် ကသာဒိစတြိတ်မာန်လည်မြို့ ကျွန်းပင်သာရွာတွင် ပျံလွန်တော်မူခဲ့ပြီးနောက် အရိုးတော်ဓာတ်တို့ကို မာန်လည်မြို့မှ အာသံပြည်သို့ အရှင်ကဝိန္ဒသာရမထေရ် ပင့်ဆောင်တော်မူခဲ့၍ အာသံပြည်တွင် ရှေးဦးစွာ သာသနာပြုတော်မူခဲ့သော အထိမ်းအမှတ်အဖြစ် အဆိုပါ အရိုးတော်ဓာတ်အစုစုတို့ကို ဌာပနာလျက် စေတီတည်ထားတော်မူပြီးလျှင် ၎င်းအရိုးစေတီတော်အတွင်းတွင် ဆရာတော်ဘုရားကြီး၏ သာသနာပြုမှတ်တမ်းနှင့် ထေရုပ္ပတ္တိ ကျောက်စာသံပိုင်းကို စိုက်ထူတော်မူခဲ့လေသည်။

ဤထေရုပ္ပတ္တိ ကျောက်စာတော်တွင် ကျောက်စာထု ဆရာ၏ ပမာဒ လေခမှုကြောင့် ပါဠိစာပေ၌ လည်းကောင်း၊ မြန်မာစာပေ၌လည်းကောင်း အက္ခရာ သတ်ပုံသတ်ညွှန်း ချွတ်ယွင်းချက်များ ရှိနေသဖြင့် ပါဠိစာပေ မြန်မာစာပေများ၏ ထုံးဥပဒေ စည်းမျဉ်းအတိုင်း တည်းဖြတ်သုတ်သင် ပြင်ဆင်လျက် အာသံပြည် ဗုဒ္ဓသာသနာရေးကို စိတ်ပါဝင်စားကြသော ဗုဒ္ဓသာသနာ သုတေသီပုဂ္ဂိုလ်များနှင့် အာသံပြည် သာသနာပြု အာဇာနည် အရှင်များအတွက် အက္ခရာ သတ်ပုံသတ်ညွှန်း ပြင်ရုံမှတစ်ပါး ကျောက်စာတော်၏ မူရင်းအတိုင်း ရေးကူးဖော်ပြအပ်ပါသတည်း။

အရှင်သိရိန္ဒရပဏ္ဍိတ
မာဂရိတာမြို့၊ အာသံပြည်အထက်ပိုင်း၊ အိန္ဒိယ။

http://www.dhammadownload.com



ဓေယျတု။ ။ အစိန္တေယျ အပ္ပမေယျ ဒသဗလ ဆအသာ ဓာရဏ စသည် ဂုဏ်ထူးချီးကျူးမကုန် သုံးဘုံသတ္တဝါ ဝေနေယျာတို့၏ တမွတ် အထွတ်မှန်ကင်း တရားမင်းဖြစ်တော်မူသော သဗ္ဗညုရှင်တော်ဘုရား၏ သာသနာတော်ဝယ် လက်ယာရံ အဂ္ဂ သာဝက ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာ မဟာထေရ်မြတ်ကဲ့သို့ ကျွဒိပါဒ် ခြင်းနှင်း ဘုန်းတော်လင်းသော ပယင်းတွင်း ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိအကြောင်းတော်သော်ကား သဒ္ဒါသီလ သုတစာဂီ ပါရမီရင့်ညောင်း မိန်းမကောင်းတို့၏ လက္ခဏာနှင့်ပြည့်စုံသော မယ်တော်မြတ်၏ နိတုံသိင်္ဂါ ကမ္ဗလာ ဂဗ္ဘ ဥဒယန္တိုက် ဥက္ကဋ္ဌသန္ဓေ သက်တည်နေ၍ သက္ကရာဇ် (၁၂၀၉) ခု၊ ကဆုန်လဆန်း (၁၀)ရက် စနေနေ့ နံနက်လေးချက် မတီးမီ တက်သစ်မင်္ဂလာ ကောင်းမြတ်သောအခါတွင် မာတာမိခင် ကြည် လင်သန့်ရှင်း ဖွားမြင်ခြင်း ဓာတိရှိတော်မူသတည်း။ ဖွားမြင်တော်မူပြီးနောက် မိဘတို့ ပြုအပ်ပြုရာ ကေသစ္ဆေဒန စသော ဆယ်ပါးသော မင်္ဂလာတို့ကို စီစဉ်ကာ ပြုပြီး၍ မန္တဒသက (၁၂)နှစ် အရွယ်ကျလျှင် ပညာခိက ဘုရားမျိုးစေ့ ဓလေ့ဝသီ ကျင့်စာဂီနှင့် ပါရမီရှင်ဖြစ်သည်နှင့်အညီ (၁၂၂၀) ပြည့်၊ ဝါဆိုလဆန်း (၈) ရက်နေ့ ပယင်းတွင်း မိုင်းခွန်မြို့နေ အိမ်ကြီးရှင်ကျာနှင့် ဇနီးယာကျာတို့က သာမဏေရ ပဗ္ဗဇ္ဇဘုံရောက် ချီးမြှောက်သွတ်သွင်းလျက် အမည်ရင်းနာမ ကွယ်ပတိမ်ကော၍ ရှင်နရိန္ဒသိဓေဟူသော ဘွဲ့မည်မင်္ဂလာကို ဓမ္မာစရိယ ဥပဇ္ဈာစရိယ ဆရာမြတတို့က နှင်းအပ်တော်မူကြသဖြင့် သာမဏေရှစ်ဝါ ခုနစ်ဝါမြောက် သက်တော် (၁၉)နှစ်ကျော် ရောက်လတ်သောအခါ ကဏ္ဍာဝုစ သိကြားလက်နက် ဝရဇိန်စက်ကဲ့သို့ ထက်မြက်စူးရှသော ပညာဉာဏ်ထက်သန်သည် အားလျော်စွာ ထိုထိုသို့သော ကျမ်းစာတို့ကို လေ့လာတတ်မြောက် ကမ်းတစ်ဘက် ရောက်သဖြင့် ပါမောက်အကျော် ဆရာတော် သံဃာတော်တို့သည် သင့်လျော် စည်းကြပ်၍ သိမ်ပရိသတ် ညတ်ကမ္မဝါ ပဥ္စင်းလျာတည်းဟူသော ပဥ္စင်အင်္ဂါ ညီညွတ်ပြည့်စုံစွာ သမ္မာဝါယမ ရွက်ဆောင် ချီးမြှင့်တော်မူကြသဖြင့် ရှင်သာမဏေအဖြစ်မှ မြင့်မြတ်သော ဥပသမ္ပဒဘုံ

http://www.dhammadownload.com



အမြင့်သို့ အောင်မြင်တက်ရောက် ပဗ္ဗဇ္ဇဒုလ္လဘာကို (၆)ဝါမြောက် ရသည့်နေ့ကစ၍ ဓမ္မပဒေသ ဂရုပဒေသ မုဋ္ဌိအာဂမ၊ လဒ္ဓေါပဒေသ ရရှိတော်မူသဖြင့် ပိဋကတ္တယဓရ ပိဋကတ္တယဆေက ပိဋကတ္တယဝိဒူ ပုဂ္ဂိုလ်တစ်ဆူဖြစ်သည့်အတိုင်း ပယင်းတွင်းဟော ကောင်းနယ်များနိုက် ပြွမ်းတီးနေထိုင်ကြကုန်သော ချင်းရိုင်း ကချင်ရိုင်း ရှမ်းရိုင်းများတို့သည် ယစ်မျိုးကို သောက်စားမြူးတူး၍ ကျွဲ၊ နွား၊ လူသတ္တဝါတို့အား သတ်ဖြတ် လျက် ယဇ်နတ်ပူဇော်ခြင်း စသော မိစ္ဆာဝါဒအယူများကို ပပျောက် ခြေချွတ်တော်မူ၍ (၁၂၃၀) ပြည့်နှစ် ရတနာပုံရွှေမြို့တော် သာသနာပြု ပခန်းကြီး ဆရာတော်ထံ ခိုမှီရှင်ပြုံး သီတင်းသုံးရာ ပဉ္စမသံဃာယနာတင် မင်းတုန်းမင်းတရားကြီးသည် သဒ္ဒါကြည်ညိုတော်မူလှ၍ ဉာဏ်တော် (၃) တောင်ရှိ လျောင်းတော်မူ ဘုရားတစ်ဆူ၊ စာအင်္ဂါ (၃၃၀)ကျော် သင်္ကန်း ပရိက္ခရာ စသော လှူဖွယ်အမျိုးမျိုးများနှင့် 'နရိန္ဒာဘိဓဇဓမ္မဝံသ သာသနပါလ မဟာဓမ္မ ရာဇာဓိရာဇဂုရု' ဟူသော ပထမတံဆိပ်ကို အလှူတော်မြတ်ခံယူရခြင်း၊ (၁၂၄၂) ခုနှစ် ၎င်းရတနာပုံ ရွှေမြို့တော်သို့ စုန်ဆင်းခဲ့ရာ သီဟိုဠ်ကျွန်းမှ ပြန်သော ရွှေကျင်ဆရာတော် ဘုရားကြီးနှင့် ကျွမ်းဝင်တွေ့ဆုံကြသဖြင့် မာရ်အောင်ရတနာ စေတီတော် ဒါယကာ သီပေါမင်းတရားသည် သုံးတန်သော စေတနာ ပြဋ္ဌာန်းတော်မူ၍ ပယင်းတွင်းဆရာ တော်ဘုရားကြီးအား 'နရိန္ဒာဘိဓဇ သီရိပဝရ သာသန ဇောတိက မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော ဒုတိယတံဆိပ်ခတ်နှိပ် လှူဒါန်းတော်မူသည်ကို အလှူတော်မြတ်ခံယူရခြင်း၊ (၁၂၅၁) ခု၊ တန်ဆောင်မုန်းလသို့တိုင် ရောက်သောအခါ ခန္တီးပြည်လုတ်ခွန် စော်ဘွားစသော ခုနစ်ဦးသော စော်ဘွားမင်းတို့၏ ခြေရင်း ဝပ်လျှိုး ရှိခိုးပန်လျှောက်ရာ လိုက်ပါ ကြွသွား၍ တရားဓမ္မကို ပြသလုစ်ဖော်၍ သုံးနှစ်ကျော် သီတင်းသုံး ခဲ့ပြီးနောက် ခန္တီးပြည်မှ (၁၂၅၃) ခု၊ နတ်တော်လဆန်း (၇) ရက်နေ့ ဝေသာလီပြည်သို့ ကြွရောက်၍ အာသံအဝင် အိမ်ထောင်မည်သော ဖာကြယ်ရွာမတွင် မိုးကောင်း၊ မလွန်၊ ဝလုတ်၊ တပေါင်၊ နံတိုင်း ဒေသ ရွာများကို ဂေါစရပြု၍ ဝေသာလီ၊ ကောသာလီ၊ ခန္တီး၊

http://www.dhammadownload.com



ဒေါ်နီယာ၊ ဖါကြယ်ရွာ စသော ချင်း၊ ကချင်လူမျိုးတို့ကို (၅၃) ခုနှစ်က (၆၂) ခုနှစ် နယုန်လပြည့်ကျော် (၄)ရက်နေ့တိုင် တရားရေအေး တိုက်ကျွေး [ကျောက်စာမျက်နှာဘက် (၃၈)ကြောင်း ရေးကူးပြီးပြီ] ဆုံးမဩဝါဒ ပေးတော်မူပြီးလျှင် (၁၂၆၂) ခုနှစ် တန်ခူးလပြည့်ကျော် ကျောင်းခန်းရွာတွင် တစ်ခါတစ်ရံမျှ မကြုံစဖူး အထူးဝိသေသဖြစ်သော မဟာခဏ္ဍာ သိမ်သမုတ် တည်ထားတော်မူခြင်း၊ (၆၂) ခု၊ ကဆုန်လပြည့်ကျော် (၁၁) ရက်နေ့ ဖါကြယ် အိမ်ထောင်ရွာ အာဗောဓာရာမတိုက်ကြီး တောင်မျက်နှာ တာ(၃၀) ကွာသော အရပ်နိုက် မဟာခဏ္ဍာ သိမ်သမုတ်တော်မူပြန်၍ နယုန် လဆန်း (၁၂) ရက် အင်္ဂါနေ့တွင် အန္တေဝါသိက တပည့်ကြီး ဖြစ်သော ဦးကဝိန္ဒသာရမထေရ်အား အာဗောဓာရာမတိုက်နှင့် တကွ သာသနာ့ရိုက်ရာ အာဏာတံဆိပ်တော်များကို နှင်းအပ်လွှဲထား ပေးသနားတော်မူခဲ့၍ ဇာတိချက်ကြွေရာ ပယင်းတွင်း မိုင်းခွန်မြို့သို့ အာသံပြည်၊ မဏိပူရပြည်များကို ကြွသွားလမ်းဖြတ်၍ ကင်းတပ်မြို့ ပဲခူးဆရာတော်ကျောင်းတွင် ဒုတိယဝါကပ်ဆိုတော်မူလျက် တန်ဆောင်မုန်းလ မန္တလေးမြို့သို့ စုန်ဆင်းကြွလှမ်း၍ နတ်တော် လဆန်း (၄) ရက်နေ့ မန္တလေးမြို့ရှိ ရဟန်းတော် သံဃာတော် (၁၀၀၀) ကျော်တို့အား သင့်လျော်ကောင်းမြတ်သော ဆွမ်းဘောဇဉ် အာဟာရ ကပ်လှူခဲ့၍ ဝဇီရာရာမဆရာတော်နှင့် နောက်ပါ သံဃာတော် များစွာခြံရံလျက်၊ သီဟိုဠ်ကျွန်းသို့ စွယ်တော်ဖူး ကြွကူးပြန်ရောက်ရာ (၁၂၆၃) ခု တန်ခူးလ၊ မိုင်ခွန်မြို့ ကြွရောက် တော်မူ၍ ဒါယကာအပေါင်းတို့ ဆောက်လုပ်ကိုးကွယ်အပ်သော စုလစ်မွန်းချွန် ဇေတဝန်ပမာဏ ကြီးကျယ်ခမ်းနားသော မဟာ ဝိဟာရနိုက် (၆) နှစ်တိုင်တိုင် ကြွခိုင်မားမား ဒေသနာ မြတ်တရားကို ဟောကြား ချွေချွတ်တော်မူပြီးနောက် (၆၈) ခု၊ နယုန်လ ပယင်းကွင်း မဟာဝိဟာရမှ ကသာဒိစတြိဒ် မာန်လည် မြို့မကျွန်းပင်သာ ဌာန တွင် ယာပထမျှချိ၍ ပထမဝါဆိုတော်မူသောအခါ ဝါခေါင်လပြည့် ကျော် (၁) ရက်နေ့တွင် ဗျာခိတရား စေဒနာ (၉၆)ပါးတို့သည်

http://www.dhammadownload.com



တန့်နားခြင်းမရှိ တရွေ့ရွေ့ ကပ်ငြိ တိုးတက်ရာ တတ်သိလိမ္မာလှစွာသော ဟူးရားအကျော် သမားတော်တို့နှင့် (၁၀)ရက်တိုင်တိုင် ကုသငြားသော်လည်း ဘုရားပစ္စေကာရဟန္တာတို့ ကြွသွားရာလမ်းကြောင်း မတိမ်းစောင်းနိုင်သဖြင့် (၁၂၆၈) ခု၊ ဝါခေါင်လပြည့်ကျော် (၁၀) ရက် တနင်္လာနေ့ (၃) နာရီခွဲအချိန်တွင် ရောင်ရှိန်ထွန်းတင် သူရိယာနေလုလင်သည် ဓါယာ ဝင်သကဲ့သို့ သာလျှင် ပိုင်းခြားအပ်သော ဇနက ကံတော်အဟုန်သည် ကုန်စင်သိမ်းအုပ်၍ စုတိကမ္မဇရုပ် ငြိမ်းချုပ် ပျံလွန်တော်မူရာ ဆရာတော်ဘုရားကြီး၏ ခန္ဓာပူရဏာ အနုပါဒိန္နက ဥတုဇရုပ်ခေတ် အလောင်းတော်မြတ်ကို ပြာသာဒ်ရထား တလားလောင်တိုက် ဆောင်းစိုက်ထီးဖြူ အဆူဆူသော မျက်နှာကျက်တို့ဖြင့် ကာယှက်အုပ်မိုးလျက်မာန်လည်း မြို့အုပ်မင်း စသော ဒါယကာ–ဒါယိကာမ အပေါင်းတို့ သောင်းသောင်းငြီးသိမ့် မြေမိုးအိမ့်မျှ နှစ်သိမ့်ကြည်ညို ပူဇော်ကြသည့်ပြင် ပယင်းတွင်း၊ ခန္တီး၊ ဝေသာလီနေ အဓ္ဓေဝါသိက တပည့်ကြီး ဦးကဝိန္ဒ၊ ဦးဉာဏ၊ ဦးဉာဏိန္ဒ၊ ဦးက္ကန္ဒ စသော တပည့်ကြီးငယ်တို့က ငွေဒင်္ဂါး (၂၀၀၀)ကျော်တန် ဖလ်မှန် ရွှေငွေ အထွေထွေ ရောင်ဝင်းဝင်း ပြောင်သော ခုနစ်ဆောင်တွဲ ပြာသာဒ်တော်ကြီးမှာ (၁၀)ဆောင် တွဲ ပြာသာဒ်ငယ်တို့ဖြင့် ခြံရံကျင်းပ၍ (၁၂၆၈) ခု၊ နှောင်းတန်ခူး လပြည့်ကျော် (၁၁) ရက်၊ တနင်္ဂနွေနေ့တွင် အဂ္ဂိပူဇာ သရီရ ဈာပနကိစ္စကို လှပစွာသာစုကီဋ္ဌနသဘင် ဆင်ယင်ကျင်းပပြီးလျှင် ကြွင်းကျန်သော ရိုးတော်ခေတ်စုကို ဦးကဝိန္ဒ အရှင်မြတ် ယူဆောင်ကြဉ်း၍ သန့်ရှင်းသော ဤနေရာဝယ် သေချာစွာ ကိုးကွယ် တည်ထားတော်မူသတည်း။

မင်္ဂလာမော်ကွန်း၊ နှောင်တည်ထွန်းပိမ့်၊ တောင်ကျွန်းသပြေ၊ ပင်ရိပ်မြေဝယ်၊ ကြက်သရေလျှံလင်း၊ အမင်းမင်းတို့၊ ခွန်သွင်း ပဏ္ဏာ၊ ဆက်လာဝင်ရောက်၊ ထွန်းအောက်ဘုန်းရောင်၊ ကုန်းဘောင်ဒသမ၊ လောကသမု၊ နတ်ကမ္ဘုန္ဒင့်၊ မျက်ရှုသားရင်း၊ နေနှယ်လင်းသော၊ ထိုမင်းတရား၊ မင်းနှစ်ပါးတို့၊ ညွတ်တွားဝန္ဒနာ၊ ရှိခိုးဖြာ၍၊

http://www.dhammadownload.com



နရိန္ဒာဘိဓဇ၊ မဟာဓမ္မဝံသ၊ သာသနပါလ၊ မဟာဓမ္မ၊ ရာဇမိရာဇာဂုရု၊ သွန်းထုခတ်နှိပ်၊ တံဆိပ်ပထမ၊ ဒုတိယမှာ၊ နရိန္ဒာဘိဓဇ၊ သာသနာဇောတိက၊ သီရိပဝရ၊ မဟာဓမ္မ၊ ရာဇာဓိရာဇာဂုရု၊ နှိုင်းတုမမြော်၊ တံဆိပ်တော်နှစ်တံ၊ အလှူခံသော၊ နာမံပြန့်သင်း၊ ပယင်းတွင်းဆရာတော် တို့ဘုန်းမော်၏၊ ရိုးတော်ဝတ္ထု၊ အစုစုကို၊ တည်ပြုသိုထား၊ အမျိုးသားတို့၊ ဝပ်တွားနှောင်လာ၊ ဖူးစေငှာဟု၊ အာရုံပြုလျက်၊ ယခုသတ်မှတ်၊ ဤအရပ်တွင်၊ နာဂတ်မျှော်ကြည့်၊ တပည့်သိဿ၊ ကဝိန္ဒဟု၊ ဆရာ့မွေခံ၊ နာမံမည်ခေါ်၊ ထေရ်ကျော်ပုဂ္ဂိုလ်၊ နှုတ်ခွန်းချိုသည်၊ မိန့်ဆိုရွေစာသံပိုင်းတည်း။

(ကျောက်စာတော်ကျောဘက် ၃၆ကြောင်းရေးကူးပြီးပြီ။)

## ပယင်းတွင်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ကျောက်စာသံပိုင်းပြီး၏။

[၁၃၁၆ ခု၊ တန်ဆောင်မုန်းလပြည့်နေ့ထုတ် သာသနာ့ရောင်ခြည်စာစောင်၊ အတွဲ(၃) အမှတ်(၄) စာမျက်နှာ (၁၇–၂၁) မှ မူရင်းအတိုင်း ကူးယူဖော်ပြခြင်း ဖြစ်ပါကြောင်း။]

http://www.dhammadownload.com



# အနောက်ကမ္ဘာက
# အရေးတကြီးတောင်းခံနေသော
# မြန်မာ့အကူအညီ

**ဓမ္မဒူတ**

၁၃၄၇ ခု၊ ဒုတိယဝါဆိုလဆုတ် (၁၀) ရက် (၁၁–၈–၈၅) နေ့တွင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး လွန်တော်မူခဲ့သည်မှာ (၃) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါသည်။ ကျွန်ုပ်တို့လည်း ဆရာတော်ဘုရားကြီး၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို အောက်မေ့လျက် မိမိစွမ်းအားရှိသည့်အလျောက် ပူဇော်ရန်အတွက် ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူခဲ့ရာ ရန်ကုန်မြို့၊ အမှတ် (၁၆)၊ သာသနာ့ရိပ်သာ လမ်းရှိ မဟာစည်သာသနာ့ရိပ်သာသို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်ဘုရားကြီး လွန်တော်မူသည့် (၃)နှစ်ပြည့် ပူဇော်ပွဲ အခမ်းအနားမှာ ထိုနေ့နံနက်တွင် ပြီးဆုံးခဲ့ပါသည်။ အခမ်းအနားပြီးဆုံးပြီးနောက် ကျွန်ုပ်တို့လည်း ကမ္မဋ္ဌာနာစရိယဖြစ်သော သာသနာ့ရိပ်သာ နာယက မြန်အောင် ဆရာတော် ဦးဝါယမိန္ဒထံသို့ ဖူးမြော်ကန်တော့ရန် သွားရောက်ခဲ့ပါသည်။ ဆရာတော်ထံရောက် ရှိဦးချ၍မှ မပြီးမီ ဆရာတော်ဘုရားက ....

"အတော်ပဲ မင်း ရောက်လာတာ၊ ပိဋကတိုက်ထဲမှာ အမေရိကန်ဘုန်းကြီး တစ်ပါးက အမေရိကန် သာသနာရေးအကြောင်း ဟောပြောမယ်တဲ့၊ စောင့်သာ နာချေတော့" ဟု သတင်းစကား မိန့်ကြားတော်မူခဲ့ပါ၏။ ကြိုတင်သတင်းစကား မကြားသိရဘဲ တိုက်ဆိုင်လှစွာပင် အမေရိကန်နိုင်ငံ သာသနာရေးအခြေအနေကို ကျွန်ုပ်တို့ နာကြားခဲ့ရပါ၏။ မြန်မာနိုင်ငံရှိ ရဟန်းရှင်လူ သူတော်စင်အပေါင်းတို့အား သတင်းကောင်းပေးရန်အတွက် ဓမ္မဒူတ တာဝန်ကို ထမ်းဆောင်ခွင့် ရခဲ့ပြန်လေပြီ။

---

http://www.dhammadownload.com



## အောင်မြေထွတ်ချာ၊ အောင်ညီလာခံဝယ်

သာသနာ့ရိပ်သာဝင်းအတွင်းရှိ ဖေယျဝတီမြို့ သကြားစက်သူဌေးကြီး ဟာရိဂျီက ၁၃၁၁ ခုနှစ်တွင် ကျပ်ငွေ နှစ်သိန်းနီးပါး (၁၇၂,၄၉၂ ကျပ် ၁၃ ပြား) အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းထားသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် တည်ရာ ပိဋကတိုက်ကား ရိပ်သာတည်စ ခုနှစ်ဌာန အပါအဝင် သာသနာ့သမိုင်းဝင် အောင်မြေ အမှန်ပင် ဖြစ်ပါ၏။ လွတ်လပ်ရေးခေတ်တွင် မြန်မာနိုင်ငံ၌ ပိဋကတ်သုံးပုံ နှုတ်ငုံ ဆောင် အရှင်မြတ်များပေါ်ထွန်းရေး၊ ပဋိပတ္တိစံတော်ဝင် ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းရေး၊ ဆဋ္ဌသံဂါယနာတင်ဆောင်ရေး စသည့် အရေးကြီးသည့် သာသနာရေးဆိုင်ရာ ဆုံးဖြတ်ချက်များသည် ဤနေရာမှပင် ပေါက်ဖွားလာခဲ့ပါ၏။ မျက်မှောက်ခေတ် တွင်လည်း ပဋိပတ္တိသာသနာတော် ထွန်းကား၍ သတ္တဝါအများ အသိမှန်ရလျက် ချမ်းသာကြစေရန် စွမ်းစွမ်းတမံ အားသွန်ကြိုးပမ်းနေသော ဗဟိုအချက်အချာ ဌာန ကြီးပင် ဖြစ်ပါ၏။ ယနေ့လည်း ကမ္ဘာ့သာသနာပြု သမိုင်းဝင် ဟောပြောပွဲကြီး ကျင်းပ လေပြီ။

အချိန်ကား နေ့လယ်တစ်နာရီခွဲ ဖြစ်ပါ၏။ ပိဋကတ်တိုက် ဧည့်ခန်းဆောင်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌနှင့် အမှုဆောင်လူကြီးများ၊ ဟိတေသီအဖွဲ့၊ အမျိုးသမီး ယောဂီစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်များ စုံညီစွာ ရောက်ရှိကြလေပြီ။ အမေရိကန်သား ရဟန်းတော် ဟောပြောမည့် အမေရိကန် ဗုဒ္ဓဘာသာဝင်များ အခြေအနေကို စိတ်ဝင်တစား ငံ့လင့်လျက်ရှိ၏။ မှတ်တမ်းတင်ရန် အတွက် ဗွီဒီယိုကင်မရာအဖွဲ့၊ ဓာတ်ပုံအဖွဲ့၊ အသံသွင်းအဖွဲ့တို့လည်း အသင့် စောင့်ဆိုင်း၍ နေကြပါ၏။

အမေရိကန်ရဟန်းတော် ကြွရောက်လာချေပြီ။ ဖြူဝင်းစိုပြည်သော အသား အရေသည် သပ်ရပ်စွာ ရုံ၍ထားသော သင်္ကန်းရောင်နှင့် ဟပ်ကာ တဖိတ်ဖိတ်လက် နေသယောင် ထင်ရ၏။ ထိုတွင် သတိပဋ္ဌာန် ဣန္ဒြေကဆင့်ထားရာ လွန်စွာပင် တင့်တယ်ကြည်ညိုဖွယ် ဆောင်နေပါ၏။ (၃၀) ကျော်မျှသော သက်တော်ကို အမှတ် မထား၊ မထေရ်ကြီးတစ်ပါးအလား ထင်မြင်ရပါ၏။ ပရိသတ်အားလုံး ရဟန်းတော် အား လက်အုပ်တချီချီနှင့် ကြည်ညို၍ မဆုံးကြပြီ။

'နမောတဿ' ဖြင့် မြတ်စွာဘုရားရှင်ကို ရှိခိုးဦးထိပ်ထားကာ အခမ်းအနား စတင်လေပြီ။ ရဟန်းတော် ဦးသူရတ္တမသည် မြန်မာတို့ နားလည်နိုင်အောင် အင်္ဂလိပ် ဘာသာဖြင့် တဖြည်းဖြည်းချင်း တည်ငြိမ်စွာ ဟောပြောနေ၏။ ရဟန်းတော်ကား စိတ်ပညာဖြင့် ပါရဂူဘွဲ့ (Ph.D,) ရရှိပြီးသူ ဖြစ်ပါ၏။ ကျေးဇူးရှင် မဟာစည်ဆရာ



(၂၃-၄-၇၉) နေ့က အမေရိကန်ပြည်၊ ဝါရှင်တန်မြို့၊ ဗုဒ္ဓဝိဟာရ၌ မဟာစည် သာသနာပြုအဖွဲ့ သိမ်သမုတ်တော်မူကြပုံ



http://www.dhammadownload.com

http://www.dhammadownload.com



တော်ဘုရားကြီး အမေရိကန်ကြွစဉ် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းတွင် သတိပဋ္ဌာန်တရားကို အားထုတ်ပြီးနောက် ရဟန်းပြုကာ ဓမ္မဖြင့် မွေ့လျော်ခဲ့သည်မှာ ရဟန်း (၃) ဝါပင် ရရှိခဲ့လေပြီ။ ဝိပဿနာကိုယ်ပိုင်ဉာဏ်အသိကို ထူထောင်ထားသူလည်း ဖြစ်၊ အနောက်တိုင်း စိတ်ပညာတွင် ပါရဂူဘွဲ့ကြောက်အောင် လေ့ကျင့်မှု လည်း ရှိသူဖြစ်သဖြင့် ရဟန်းတော်၏ ဟောပြောချက်များမှာ ထိမိ ပိုင်နိုင်လှပါ၏။

ရဟန်းတော်၏ ဟောပြောချက်ကို ဦးဂုဏသာရ (မဟာစည်သြဝါဒစရိယ ဆရာတော်နှင့် နာယကဆရာတော်များ ပြည်ပဓမ္မဂုဏ်ရည်ပြ ဓမ္မဒူတ ခရီးတွင် အစဉ်လိုက်ပါပြီး စကားပြန်လုပ်ခဲ့ရာမှ ယခုအခါ သာသနာ့ဘောင်သို့ အပြီးဝင်ရောက်ခဲ့သူ)က ဘာသာပြန်ဆို၍ ပေးပါ၏။ အမေရိကန် ရဟန်းတော်၏ ဟောပြာချက် အပြည့်အစုံ (မြန်မာပြန်) ကား အောက်ပါအတိုင်း ဖြစ်ပါ၏။

## တရားဆာလောင်နေသော တိုင်းပြည်

"ဦးပဥ္စင်းတို့ အမေရိကန်နိုင်ငံဟာ ရုပ်ဝတ္ထုပစ္စည်းအားဖြင့် အလွန်ကြွယ်ဝချမ်းသာတဲ့ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်ပါတယ်။ ဒါပေမဲ့ စစ်မှန်တဲ့ တရားဓမ္မတွေကတော့ အလွန်ဆင်းရဲနွမ်းပါးတဲ့ နိုင်ငံကြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ နှိုင်းစာရင် စစ်မှန်တဲ့ တရားဓမ္မကို ကြားနာဖို့ရာ အလွန်ပဲ ခဲယဉ်းလှပါတယ်။ တရားကို နာကြားဖို့ရာတောင်မှ မလွယ်ကူတော့ သတိပဋ္ဌာန် ဝိပဿနာတရားကို ပွားများအားထုတ်ဖို့ရာ ဘယ်လောက် ခဲယဉ်းမယ်ဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့။

အမေရိကန်နိုင်ငံမှာ ဗုဒ္ဓတရားတွေ ခေါင်းပါးနေတဲ့အတွက် အစာငတ်မွတ်ခေါင်းပါးတဲ့အခါမှာ ရရာ အစားအစာကို စားရသလို စစ်မှန်တဲ့တရားကို ငတ်မွတ်တဲ့အခါ ရရာတရားတွေကိုသာ ကျင့်သုံးနေရပါတယ်။ လွဲမှားတဲ့ အယူဝါဒတွေကိုသာ သုံးဆောင်ပြီးနေရပါတယ်။ လွဲမှားတဲ့ အယူဝါဒတွေသာ ကျယ်ပြန့်စွာ လွှမ်းမိုးထားပါတယ်။

## အမေရိကန်က ရောဂါဆိုးကြီး

မြန်မာနိုင်ငံမှာလို စစ်မှန်တဲ့ ဓမ္မဆေးတွေ မရှိတဲ့အတွက် ဦးပဥ္စင်းတို့ နိုင်ငံမှာ ရောဂါဘယတွေ ထူပြောနေပါတယ်။ အမေရိကန်မှာ ကြီးစွာသော ကပ်ရောဂါဆိုးကြီး ကျရောက်နေပါတယ်။ အဲဒါ ဘာလဲဆိုတော့ ကိလေသာရောဂါဆိုးကြီးပဲ။



သာသနာအငွေ့နှင့် ကင်းကွာ၍နေသော အမေရိကန်ရောက် မြန်မာဆရာဝန်တစ်ဦးအား
ဆရာတော် 'ဦးပဏ္ဍိတာဘိဝံသ' က ဘယ်ရီဝိပဿနာဌာနရှိ သိမ်တွင် ရဟန်းပြုပေးနေပုံ

http://www.dhammadownload.com



ဒီရောဂါကြီး ရှိနေတဲ့အတွက် လူတွေဟာ ရာဇဝတ်မှု အမျိုးမျိုးကို ကျူးလွန်ကြတယ်။ လူမှုရေးဖောက်ပြန်မှုတွေ ဖြစ်ကြတယ်။ အမေရိကန်မှာ အိမ်ထောင်စု နှစ်ခုရှိရင် တစ်ခုက ပြိုကွဲနေတာပါပဲ။ အရွယ်ရောက်စ လူငယ်တွေမှာလည်း ကိုယ့်ကိုယ်ကိုယ် သတ်သေမှုတွေ အများကြီးဖြစ်နေတယ်။ လူငယ်တွေမှာ အားကိုးရာ ထောက်တည်ရာ ရှာမရဘဲ ဖြစ်နေကြရှာတယ်။

အဲဒါဟာ ဘာကြောင့်လဲ။

စစ်မှန်သောတရားကို ပြသပေးနိုင်တဲ့ ဆရာဝန်တည်းဟူသော ရဟန်းသံဃာတော်များ မရှိခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

## ဆေးကြောင့်ဖြစ်သော ရောဂါများ

ဒီလိုရောဂါတွေ ဖြစ်နေတဲ့အတွက် သက်သာရာ ရပါစေတော့လို့ ဆရာရှာတော့လည်း ဆရာရမ်းကုတွေနဲ့ပဲ တွေ့နေရတယ်။ အကူအညီမပေးနိုင်တဲ့ ဌာနတွေမှာ အကူအညီ တောင်းခံမိရက်သား ဖြစ်နေကြတယ်။

စိတ်ပြေရာပြေကြောင်းအတွက် မကောင်းတဲ့ အာရုံခံစားမှုတွေဘက်ကို ဦးလှည့်ကြတယ်။ ဒါပေမဲ့ သူတို့ ဆာလောင်နေတဲ့ ချမ်းသာမှုကို မရရှိကြဘူး။ လွဲမှားတဲ့ ကုထုံးကြောင့် ရောဂါသာ ပိုပြီး ဆိုးဆိုးလာပါတယ်။

အမေရိကန်မှာ စိတ်သောက ပြေပျောက်ဖို့အတွက် နှစ်စဉ် ကုဋေပေါင်းများစွာ သုံးစွဲပြီး အယ်လ်အက်စ်ဒီ၊ ကုတ်ကင်း စတဲ့ မူးယစ်ဆေးဝါးတွေ သုံးစွဲနေကြတယ်။ ဒါဟာ မိမိတို့ ခံစားရတဲ့ ဒုက္ခတွေ ပြေပျောက်ဖို့အတွက်ပါပဲ။ မူးယစ်ဆေး သုံးစွဲမှု အပြင် အခြားလူမှုရေး ဖောက်ပြန်မှုတွေလည်း ရှိနေပါသေးတယ်။

ဒါဟာ အမေရိကန်တွေက လူဆိုးတွေမို့ ဖြစ်နေတာလား။

မဟုတ်ပါဘူး။ အမေရိကန်တွေဟာ လူဆိုး မဟုတ်ပါဘူး။ စိတ်ရှုပ်ထွေးနေတဲ့သူတွေ၊ ရောဂါသည်တွေ၊ အမှောင်ထဲမှာ လမ်းပြမဲ့သူ ကင်းမဲ့နေတဲ့ သူတွေ၊ ဓမ္မရောင်ခြည် ကင်းမဲ့နေသူတွေသာ ဖြစ်ပါတယ်။

## အလျှံပယ် ကြွယ်ဝချမ်းသာသော မြန်မာပြည်

ဦးပဥ္စင်းတို့ အမေရိကန်နဲ့ နှိုင်းစာလျှင် မြန်မာနိုင်ငံဟာ စစ်မှန်သော ဓမ္မတွေနဲ့ အလျှံပယ် ကြွယ်ဝချမ်းသာတဲ့ နိုင်ငံကြီးတစ်နိုင်ငံ ဖြစ်ပါတယ်။ မဟာစည်သာသနာ့

http://www.dhammadownload.com



ရိပ်သာဟာ တရားပဒေသာပင်ကြီးအဖြစ် တည်ရှိနေပါတယ်။ စစ်မှန်သော တရား ရောင်ခြည်ထွန်းပနေတဲ့ ဌာနကြီး ဖြစ်ပါတယ်။ စစ်မှန်သောတရား အစာအာဟာရတွေ၊ အစွမ်းထက်မြက်သော တရားဆေးတော်တွေ သုံးစားလို့ မကုန်နိုင်အောင် ပြည့်စုံလှပါတယ်။



အမေရိကန်ရဟန်းတော် 'ဦးသူရုတ္တမ'(ညာအစွန်)က
'အမေရိကန်နိုင်ငံ သာသနာရေးအခြေအနေ'ကို
ရှင်းလင်းဟောကြားနေစဉ်
(မစ္စက်စင်ဒီအား ပုံတွင် တွေ့မြင်နိုင်ပါသည်။)

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးရဲ့ စွမ်းဆောင်ချက်တွေဟာဖြင့် ပြောပြလို့ ကုန်နိုင်ဖွယ်မရှိပါဘူး။ မဟာစည် ဆရာတော်ဘုရားကြီးဟာ အစွမ်းထက်သော တရားဆေးတော်တွေကို တိုက်ကျွေးကုသခဲ့တဲ့အပြင် ကျွမ်းကျင်သော တရားဆရာဝန်တွေကိုလည်း မွေးထုတ်ပေးခဲ့ပါတယ်။ ဒီဆရာဝန်တွေဟာလည်း ရောဂါဝေဒနာတွေကို ကောင်းမွန်စွာ ကုသပေးနေကြပါတယ်။

http://www.dhammadownload.com



## ဓမ္မဝိဇယ

လွန်ခဲ့သော ၇ နှစ်ခန့်က မဟာစည်ဆရာတော်ဘုရားကြီးဟာ တရားဓမ္မ တွေကို ဝေငှသုံးစွဲဖို့အတွက် အမေရိကန်နိုင်ငံကို ဒေသစာရီ ကြွချီတော်မူခဲ့ပါတယ်။ မေတ္တာ ကရုဏာတော် ကြီးမားလှသော ဆရာတော်ဘုရားကြီးနဲ့အတူ တရားတည်းဟူသော ဆေးတော်တွေ၊ တရားဆရာဝန်တွေကိုပါ ခေါ်ဆောင်လာခဲ့ပါတယ်။ [ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ၁၉၇၉ ခု၊ ဧပြီလ ၁ ရက်နေ့ မှ ဇွန်လ ၂၇ ရက်နေ့အထိ အာရှ–ဥရောပ (၁၁)နိုင်ငံ ဓမ္မဝိဇယ ခရီးစဉ်ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။]

အမေရိကန်အများစုဟာ စစ်မှန်ပြီး ပြည့်ဝတဲ့ တရားဓမ္မတွေကို ပထမဆုံး အကြိမ် ခံယူခဲ့ရပါတယ်။ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဓမ္မဝိဇယခရီးမှာ ဆရာ တော်ဘုရားကြီး ညွှန်ကြားပြသတော်မူတဲ့ သတိပဋ္ဌာန်တရားတော်ရဲ့ အရသာတွေကို ကိုယ်တိုင် တွေ့သိခံစားကြရတာကြောင့် အမေရိကန်နိုင်ငံသား အတော်များများဟာ ဆရာတော်ဘုရားကြီးရဲ့ ပြည်တော်ပြန်ခရီးမှာ မြန်မာနိုင်ငံကို လိုက်ပါလာခဲ့ကြပါတယ်။ စတိမစ်သ်၊ ကင်ဝေါရစ်၊ ဘာဘာရာဂျနစ်၊ အယ်လင်ကလင်းမင့် စသူတို့နဲ့ ဦးပဋ္ဌင်း ကိုယ်တိုင်လည်း အပါအဝင် ဖြစ်ပါတယ်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မရှိသည့်နောက်မှာလည်း အမေရိကန် နိုင်ငံမှာ ဗုဒ္ဓသာသနာတော် ထွန်းကားစေလိုတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဆန္ဒတော်ကို ဆက်လက်ဖြည့်စွမ်းရန်အတွက် ဆရာတော်ဘုရားကြီးရဲ့ [တပည့်ကြီးတစ်ပါးဟာ မနှစ်က အမေရိကန်နိုင်ငံကို ကြွရောက်လာခဲ့ပါတယ်။ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ဩဝါဒစရိယဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ အမေရိကန် ဓမ္မဒူတ ခရီး (၁၈–၄–၈၄ မှ ၉–၈–၈၄ ထိ) ကို ရည်ညွှန်းပြောဆိုခြင်း ဖြစ်သည်။]

ဆရာတော်ဘုရားကြီးရဲ့ တပည့်ကြီး ပြသခဲ့တဲ့ တရားစခန်းဟာ အလွန် အောင်မြင်တဲ့ တရားစခန်းကြီး ဖြစ်ပါတယ်။ အမေရိကန်မှာ အလွန်အောင်မြင်တဲ့ တရားပွဲတွေ ကျင်းပနိုင်ခဲ့ပါတယ်။ အမေရိကန် ဗုဒ္ဓသာသနာ့သမိုင်းမှာ ကြီးစွာသော ပြောင်းလဲမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးရဲ့ တရားစခန်းမှာ ဦးပဋ္ဌင်းကိုယ်တိုင်လည်း ပါဝင်အားထုတ်ခဲ့ပါတယ်။ ယခု ဒီနှစ် ဒီကို ဦးပဋ္ဌင်းကြွလာ ခြင်းဟာလ ဆက်လက်ပြီး လက်ပွန်းတတီး အားထုတ်ချင်သေးလို့ ဖြစ်ပါတယ်။ ဆရာ တော်ရဲ့ အမေရိကန်စခန်းမှာ ဝင်ရောက်အားထုတ်ခဲ့တဲ့ အမျိုးသမီးယောဂီတစ်ဦး

---
ပထမအကြိမ်

http://www.dhammadownload.com



ကိုလည်း သူ တွေ့ကြုံခံစားရတဲ့ တရားမှန်တွေကို ပြောပြနိုင်ဖို့အတွက် ဒီအခမ်းအနားကို ဦးပဋ္ဌင်း ခေါ်ဆောင်ခဲ့ပါတယ်"။

ဦးပဋ္ဌင်းက ဤသို့ဟောပြောပြီးသောအခါ မဟာစည်သာသနာ့ ရိပ်သာတွင် တရားလာရောက် အားထုတ်နေသော အမေရိကန်အမျိုးသမီးတစ်ယောက် မစ္စက်ကယ်ရင်အယ်လ်စင်ဒီ (Mrs. Karen L. Sandy )က ဆက်လက်ပြီး သူမ၏ ခံစားချက် အသိအမြင်ကို အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

## အိမ်ကိုရောင်းပြီး တရားအားထုတ်ရန်လာခဲ့သော အမေရိကန်ဇနီးမောင်နှံ

"ကျွန်မဟာ မနှစ်က ဦးပဏ္ဍိတဆရာတော်ဘုရားရဲ့ အမေရိကန်(၃)လ တရားစခန်းမှာ ဝင်ရောက်အားထုတ်ခဲ့ပါတယ်၊ ဆရာတော်ဘုရား ကြွရောက်ပြသခဲ့တဲ့ တရားဓမ္မတွေဟာ ကျွန်မဘဝကို အကြီးအကျယ် ပြောင်းလဲစေခဲ့ပါတယ်။

တရားအားမထုတ်ခင်ကတော့ ကျွန်မဟာ စိတ်ချမ်းသာမှုရရှိအောင် ရုပ်ဝတ္ထုပစ္စည်းတွေအပေါ်မှာသာ မှီခိုခဲ့ပါတယ်၊ ဒါပေမဲ့ အချိန်ပြည့် စိတ်ဆင်းရဲမှုတွေနဲ့သာ ရင်ဆိုင်ခဲ့ရပါတယ်။ ဆရာတော်ဘုရား ယူဆောင်လာခဲ့တဲ့ စစ်မှန်တဲ့တရားအရသာကို ခံစားရတဲ့အချိန်မှာ ကျွန်မ အတွေးအမြင်တွေ လုံးဝပြောင်းလဲသွားခဲ့ပါတယ်။

ကျွန်မဖြင့် တရားအရသာကို အားကိုးမရနိုင်အောင် ဖြစ်ခဲ့ပါတယ်။ ဒီတရားကို ဆက်လက်တိုးတက်အောင် အားထုတ်ချင်လွန်းတဲ့အတွက် ကျွန်မနဲ့ ကျွန်မရဲ့ ခင်ပွန်းတို့ဟာ အမေရိကန်မှာ ရှိတဲ့အိမ်ကို ရောင်းချပြီး မြန်မာပြည်ကို လာခဲ့ကြပါတယ်။ (သူမ၏ ခင်ပွန်းအမည်မှာ မာ့ခ်စင်ဒီ Mr, Mark Sandy ဖြစ်၏။ တရားအားထုတ်မှု အရေးကြီးချိန်ဖြစ်နေ၍ ဤအခမ်းအနားသို့ မတက်ရောက်ခဲ့ပေ။ သူမတို့ ဇနီးမောင်နှံနှစ်ဦးလုံးမှာ Physiotherapist ဆေးပညာရှင်များ ဖြစ်ကြ၏။)

ဒီနိုင်ငံကို လာခွင့်ရဖို့အတွက် ဗီဇာကို (၈)လကျော် စောင့်ခဲ့ရပါတယ်။ ယခုလို ရောက်ရှိပြီး တရားအားထုတ်ခွင့်ရတဲ့အတွက် ကျွန်မ အထူးဝမ်းမြောက်မိပတယ်။

ဆရာတော်ဘုရားရဲ့ အမေရိကန် ဓမ္မဒူတခရီးစဉ်ကြောင့် ကျွန်မဘဝ ပြောင်းလဲခဲ့ပါတယ်။ ကျွန်မလိုပဲ အမေရိကန် တော်တော်များများဟာ စစ်မှန်တဲ့ဓမ္မကို ရယူလိုသူတွေ များစွာရှိနေကြပါတယ်။

http://www.dhammadownload.com





အိမ်ကိုရောင်းချ၍ မြန်မာနိုင်ငံ သာသနာ့ရိပ်သာသို့ တရားအားထုတ်
လာကြသူ အမေရိကန် ဇနီးမောင်နှံ

ဒီမှာ ကျွန်မ တရားကို အားထုတ်ပြီးရင် မြန်မာစာနဲ့ ပါဠိကို ဆက်လက် လေ့လာပါမယ်။ (ထိုအမျိုးသမီးသည် ယခုအခါ မြန်မာစကားကို အသင့်အတင့် ပြောဆိုနိုင်လေပြီ ဖြစ်သည်။) အမေရိကန်နိုင်ငံမှာ ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် ကျွန်မ အားသွန်ခွန်စိုက် ကြိုးပမ်းမယ်လို့ ဆုံးဖြတ်ထားပါတယ်ရှင့်။"

ထိုအမျိုးသမီးယောဂီ၏ ဝန်ခံဖွင့်ဟချက် ပြီးဆုံးသောအခါ အမေရိကန် ရဟန်းတော်က အောက်ပါအတိုင်း ဆက်လက်ဟောပြောပါသည်။

## တသီတတန်းကြီး လာကြပြီ


"ယခု အမေရိကန် အတော်များများ ဒီရိပ်သာမှာ တရားအားထုတ်ဖို့ ရောက်ရှိနေကြပါတယ်။ အလွန်ထင်ရှားတဲ့ ကမ္မဋ္ဌာန်းပြဆရာကြီး ဂျိုးဇက်ဂိုးစတိန်း, မစ္စရှယ်ရွှန် စတဲ့ အခြားအမေရိကန် ကမ္မဋ္ဌာန်းဆရာများလည်း ဒီမှာ အားထုတ်နေကြပါတယ်။ (ဂျိုးဇက်ဂိုးစတိန်းကား အနောက်ကမ္ဘာတစ်လွှားတွင် ထင်ရှားသော ကမ္မဋ္ဌာန်းပြ ဆရာကြီး ဖြစ်၏။ မန်ဆာချူးဆက်ပြည်နယ် ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ် အလွန် ဘယ်ရီမြို့အနီးတွင် ဧက(၈၀)ကျော် ကျယ်ဝန်းသော ကမ္မဋ္ဌာန်းရိပ်သာကြီး ဖွင့်လှစ်ထားသည်။ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးအား အမေရိကန်သို့

http://www.dhammadownload.com



ပင့်ဆောင် ပြီး တရားစခန်းများ ဖွင့်လှစ်ရန် ဆောင်ရွက်ခဲ့သူ ဖြစ်၏။ The Exprience of Insight အစရှိသော ကမ္မဋ္ဌာန်းကျမ်းများကိုလည်း ပြုစုခဲ့သူဖြစ်သည်။)

နောင်အနာဂတ်မှာလည်း အမေရိကန်တွေ ရောက်ရှိလာကြဦးမှာ ဖြစ်ပါတယ်။ အမေရိကန်မှာ တရားကို ဆာလောင်နေကြပါတယ်။ စစ်မှန်တဲ့ ဗုဒ္ဓတရားတော်တွေကို ကြားနာကျင့်သုံးဖို့အတွက် အိုးအိမ်တွေ၊ လုပ်ငန်းတွေကို စွန့်ပစ်ပြီး မြန်မာပြည်ကို လာရောက်ကြပါလိမ့်မယ်။



ဆရာတော်ဦးပဏ္ဍိတာဘိဝံသ၏ 'အမေရိကန်ဝိပဿနာ သုံးလစခန်း'၌ တရားထိုင်နေကြသော ယောဂီအချို့
(ညာအစွန်တွင် 'ရဟန်းတော် ဦးသူရဓမ္မ'ကို ဖူးတွေ့နိုင်ပါသည်။)

## အမှောင်ထဲက သန်း (၂၅၀) အတွက်

ဒါပေမဲ့ ယခုလို အိုးအိမ်တွေ လုပ်ငန်းတွေကို စွန့်ပစ်လာနိုင်ကြတဲ့ အရေအတွက်က အလွန်နည်းပါး ပါတယ်။ အမှောင်ထုအတွင်းမှာ ရှိနေကြတဲ့ သန်းပေါင်း (၂၅၀)နဲ့ နှိုင်းစာရင် အလွန်နည်းပါသေးတယ်။

ဆရာတော်ဘုရားကြီးနှင့် တပည့်ကြီးများရဲ့ ကျေးဇူးတော်ကြောင့် ချမ်းသာမှုအမှန်ကို ခံစားရတဲ့ ပုဂ္ဂိုလ်တွေ အတော်နည်းပါးပါသေးတယ်။ ဒီတော့ အမေရိကန်မှာ မဟာစည်ဌာနခွဲကြီးတစ်ခု အခိုင်အမာ တည်ထောင်နိုင်လျှင် အမေရိကန်လူထု

http://www.dhammadownload.com



ဘယ်လောက် ချမ်းသာကြလိမ့်မလဲဆိုတာ စဉ်းစားသာ ကြည့်ကြပါတော့။

အမေရိကန်မှာရှိနေကြတဲ့ လူအများစုသာ တရားစစ် တရားမှန်တွေ သိလာကြရင် အမေရိကန်ပြည်ကြီးဟာ အလွန်တိုးတက်လာမှာ အမှန်ပါပဲ။

လွန်ခဲ့တဲ့ (၇)နှစ်က ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး မျိုးစေ့ချပေးခဲ့တဲ့ တရားပင်ပျိုကလေးတွေ ဆက်လက်ရှင်သန်ဖို့ အထူးလိုအပ်နေပါပြီ။ ရေလောင်းပေါင်းသင် စောင့်ရှောက်ပေးဖို့ရာ တောင်းဆိုနေကြပါပြီ။

လွန်ခဲ့တဲ့ (၇) နှစ်က ဆရာတော်ဘုရားကြီး မွေးမြူခဲ့တဲ့ အမေရိကန် ဓမ္မကလေးသူငယ်များ ကြီးထွားလာပြီ ဖြစ်ပါတယ်။ မှန်ကန်မွန်မြတ်တဲ့ တရားအစာ အာဟာရတွေကိုသာ ဆက်လက်ကျွေးမွေးနိုင်ပါလျှင် အလွန်သန်မာ ထွားကျိုင်းလာမှာ မုချဖြစ်ပါတယ်။

## ဓမ္မဆေးရုံကြီး တည်ဆောက်ပေးပါ

ဒီလို ဆက်လက်ကြီးထွားအောင် မွေးမြူဖို့အတွက် နောင်နှစ်မှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ တပည့်ကြီးများ လာရောက်ပြီး တရားစခန်း ဖွင့်လှစ်ပေးဖို့ အစီအစဉ်တွေရှိကြောင်း သိရပါတယ်။ ဒါပေမဲ့ ရေရှည်မှာတော့ ဒီတရားစခန်းမျိုးလောက်နဲ့ လောက်ငှမှာ မဟုတ်ပါဘူး။

တရားတော်ကို တကယ် လိုလိုလားလား ဖြစ်နေကြတဲ့ လူသားများကို အမှောင်ထဲမှာ ပြန်လည် မနစ်မြုပ်စေလိုပါဘူး။ အမေရိကန် ဓမ္မကလေးသူငယ်တွေ ကို လွဲမှားတဲ့ အယူဝါဒတွေက သွေးဆောင်ခေါ်ယူသွားဖို့ အသင့်ရှိနေပါတယ်။ သူတို့အတွက် လမ်းချော်စရာ အကြောင်းတွေ အများကြီး ရှိနေပါတယ်။ ဒါကြောင့် စစ်မှန်သော ဓမ္မလမ်းညွှန်မှုတွေကို ပေးအပ်ဖို့ လောလောဆယ် လိုအပ်နေပါပြီ။

ကိလေသာရောဂါဆိုးကြီး ဆက်လက်မဖြစ်ပွားအောင် တားဆီးရပါမယ်။ မမှန်မကန် ကုသပေးနေတဲ့ ဆေးဆရာတွေရဲ့ လက်ထဲကို မကျရောက်အောင်လည်း ကာကွယ်ပေးရပါမယ်။ မှန်ကန်တဲ့ ကုထုံးတွေနဲ့ ဆရာဝန်တွေ လောလောဆယ် လိုအပ်နေပါပြီ။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး အမေရိကန်ကို ကြွရောက်ခဲ့တဲ့ တရားစခန်းနဲ့ မနှစ်က ဆရာတော်ဘုရားကြီးရဲ့တပည့်ကြီး ဖွင့်လှစ်ခဲ့တဲ့ တရားစခန်းတွေကြောင့် ရရှိခဲ့တဲ့ ဓမ္မအင်အား အရှိန်အဟုန်ကို ဆက်လက်ရှင်သန်အောင် ပြုစုပျိုးထောင်ပေးကြပါ။ နောင်နှစ်မှာ ဖွင့်မဲ့ တရားစခန်း တစ်ခုတည်းနဲ့တော့ ဖြစ်မှာ

http://www.dhammadownload.com



မဟုတ်ပါဘူး။

"အမေရိကန်မှာ ရိပ်သာခွဲကြီးတစ်ခု တည်ထောင်ဖို့ အရေးတကြီး လိုအပ်နေပါပြီ"

"ဓမ္မရေတွင်းကြီး တူးဖော်ပေးကြပါ"

"ဓမ္မအာဟာရတွေ၊ တရားဆေးတော်တွေ ပိုမိုလိုအပ်နေပါပြီ"

"တရားလယ်ယာမြေကောင်းကို ဆက်လက်ပြုစုပေးကြပါ"

"ယခုအချိန်အခါမှာ ဓမ္မဆေးရုံကြီးတည်ဆောက်ဖို့၊ ဆေးတက္ကသိုလ်ကြီး စတင်ထူထောင်ဖို့ အထူးလိုအပ်နေပါပြီ"

"အမေရိကန် ဗုဒ္ဓဘာသာဝင်တွေကို ကူညီကြပါ"

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကျေးဇူး

အနောက်နိုင်ငံများမှာ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ တရားတော်တွေ ပျံ့နှံ့အောင် ဆောင်ရွက်ပေးခဲ့တဲ့ အမေရိကန်မှာ ပြီးခဲ့တဲ့ လာမဲ့တရားစခန်းတွေ ဖွင့်လှစ်နိုင်အောင် ထောက်ပံ့ကူညီ အကျိုးတော်ဆောင်ခဲ့တဲ့ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

အမေရိကန်မှာ တရားစခန်းတွေ အစဉ်မပြတ် ဖွင့်လှစ်ပေးခြင်းအားဖြင့် စစ်မှန်သော တရားတွေ ထွန်းကားပါစေ။ မွန်မြတ်တဲ့ ဝိပဿနာကျင့်စဉ်ဖြင့် လူသားတွေရဲ့ အတွင်းသန္တာန်မှာရှိနေတဲ့ ထူပြောသော ကိလေသာတွေမှ လွတ်မြောက်ချမ်းသာနိုင်ကြပါစေ"

သာဓု ... သာဓု ... သာဓု ... ။

## အနာဂတ်သာသနာရေး ဆွေးနွေး လျှောက်ထားချက်များ

အမေရိကန်ရဟန်းတော် ဟောပြောပြီးနောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ ဦးပွင့်ကောင်းနှင့် ရဟန်းတော်တို့ အောက်ပါအတိုင်း လျှောက်ထားဆွေးနွေးခဲ့ကြသည်။

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com





အောက်(စ်)ဖို့မြို့တွင် ရှင်ပြု–ရဟန်းခံပွဲနှင့် တရားစခန်းဖွင့်ပွဲ
အထိမ်းအမှတ်အဖြစ် သာသနာ့အလံတော်ကို ဦးမြတ်စော
လွှင့်တင်နေစဉ်
(ပရိသတ် ၂၀၀ ကျော်၊ သံဃာ ၃၀၊ ၂၄–၇–၇၉)

ဥက္ကဋ္ဌ။ ဘုရားတပည့်တော်တို့ ကမ္ဘာ့သာသနာပြုလုပ်ငန်းတွေအတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ဦးပဥ္စင်းတို့ အမေရိကန်နိုင်ငံကို ဦးစားပေး ဆောင်ရွက်ပါ့မယ် ဘုရား။

ရဟန်းတော်။ ကောင်းပါတယ်၊ ဝမ်းသာပါတယ်၊ ဒီလုပ်ငန်းတွေဟာ မျက်စိကန်းနေသူတစ်ယောက်ကို မြင်လာအောင် ကုသပေးသလို ကျေးဇူးကြီးမားလှပါတယ်။ ဒီထက် မွန်မြတ်တဲ့လုပ်ငန်း မရှိပါဘူး။

ဥက္ကဋ္ဌ။ တပည့်တော်တို့ရဲ့ အခက်အခဲကတော့ အရည်အချင်း ပြည့်ဝတဲ့ ကမ္မဋ္ဌာနစရိယ ဆရာတော်တွေကို မြန်မာပြည်တွင်း အတွက်တောင် လုံလောက်အောင် မရရှိနိုင်သေးပါ ဘုရား။ မြန်မာ

http://www.dhammadownload.com



နိုင်ငံမှာလည်း ဝိပဿနာအားထုတ်မှုက အလွန်နည်းပါးပါသေးတယ်။ အမေရိကန်နဲ့ စာရင်တော့ များတာပေါ့ ဘုရား။ ဒီအတွက်လည်း ကြောင့်ကြစိုက်နေကြရပါတယ်။

ရဟန်းတော်။ မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်ကြောင့် ဆရာကောင်းတွေ အများကြီး မွေးထုတ်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌ။ မှန်ပါ့ဘုရား။ ယခုလည်း တပည့်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။ အင်္ဂလိပ်ဘာသာနဲ့ ဟောပြောနိုင်တဲ့ ကမ္မဋ္ဌာနစရိယ ဆရာတော်တွေ ရအောင်ဆောင်ရွက်နေပါတယ် ဘုရား။ (မဟာစည်သာသနာ့ရိပ်သာတွင် ဓမ္မာစရိယ အောင်မြင်ပြီး၊ သတိပဋ္ဌာန်တရားကို ကျေနပ်လောက်အောင် အားထုတ်ပြီး၊ ကမ္မဋ္ဌာနာစရိယ သင်တန်းတက်ရောက်ပြီးဖြစ်သော သီလခိုင်မာ၍ သာသနာစိတ် ပြင်းပြထက်သန်သော၊ အရွယ်ညီသော လက်ရွေးစဉ် ရဟန်းတော် (၁၀)ပါးအား အင်္ဂလိပ်ဘာသာ ကျွမ်းကျင်သူ ပညာရှင်ကြီးများက လွန်ခဲ့သော(၁)နှစ်ခန့်က စတင်ပြီး အင်္ဂလိပ်စာ သင်တန်းပေးလျက်ရှိလေပြီ။ စာရေးသူ)

ရဟန်းတော်။ ကောင်းပါတယ်၊ ကောင်းပါတယ်။ ဒါပေမဲ့ ဘာသာစကား ကျွမ်းကျင်မှုကတော့ အဓိက အချက်မဟုတ်ပါဘူးလေ .... ။ သဘောတရားမိမိနဲ့ တရားကို ကိုယ်တွေ့ ဉာဏ်တွေ့သိအောင် ပြသပေးနိုင်ဖို့က အရေးအကြီးဆုံးပါပဲ။ ဒီသင်တန်းဟာလည်း သာသနာ့ဘုန်းကံ ဆရာတော်ကြီးရဲ့ ဘုန်းကံကြောင့် အလွယ်တကူ ပြီးစီးအောင်မြင်သွားမှာပါပဲ။

ဥက္ကဋ္ဌ။ အထူး လျှောက်ထားလိုတာကတော့ တပည့်တော်တို့ ဒီက ဆောင်ရွက်တာလည်း တစ်ပိုင်းပေါ့၊ အရှင်ဘုရားတို့ နိုင်ငံမှာလည်း ဒီကိုလာရောက်ကာ တရားကို နိုင်နင်းအောင် အားထုတ်ပြီး ပြန်လည်ပြသပေးနိုင်တဲ့ ပုဂ္ဂိုလ်များ ပေါ်ပေါက်အောင်လည်း ဆောင်ရွက်ကြစေလိုပါတယ် ဘုရား။

သာဓု .... သာဓု .... သာဓု

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



## သာသနာတည်၍ သာသနာပြု

"ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" လက်အုပ်ချီလျက် သံပြိုင်ရွတ်ဆိုကြသည်။

အခမ်းအနားပြီးဆုံး၍ သည်တစ်ခါ သံပြိုင်ရွတ်ဆိုပူဇော်ရသော အာသီသပတ္ထနာသည် ကျွန်ုပ်တို့ရင်ထဲတွင် ခါတိုင်းထက် ပို၍တင်ခတ်နေပါ၏။ 'သူတော်ကောင်းတော် တရားမြတ် လွှမ်းပတ်ကမ္ဘာတည်ရမည်' ဟူသော ဆန္ဒမွန်ကား ကျွန်ုပ်တို့ရင်တွင်းသာမက မြန်မာတစ်မျိုးသားလုံး၏ ရင်တွင်းမှာ ထာဝစဉ်ကိန်းနေခဲ့သော ဆန္ဒပင်ဖြစ်ပါသည်။

စင်စစ် ကျွန်ုပ်တို့ လူမျိုးသည်ကား အလွန်ပင် သာသနာပြုလိုကြသော လူမျိုးများ ဖြစ်ပါ၏။ ဗုဒ္ဓပွင့်တော်မူခဲ့သည်မှစ၍ ယနေ့ခေတ်အထိ ကျွန်ုပ်တို့နိုင်ငံသည် သာသနာတော် အဆက်မပြတ် အလွန်သန့်ရှင်းကြည်လင်စွာ ပွင့်ထွန်းခဲ့ပါ၏။

မြတ်စွာဘုရားသာသနာတော် (ဝါ) အဆုံးအမတော်တို့သည်ကား တစ်လုံးတစ်ပါဒမျှ ကြားနာခွင့်ရရုံမျှဖြင့်ပင် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခွင့်ရစေပါ၏။ ထိုတရားတော်များကို လိုက်နာကျင့်သုံးသည်ဆိုလျှင်ကား အထူးဆိုဖွယ်မလိုချေ။ ဤသည်ကို ကျွန်ုပ်တို့ မြန်မာအများစုတွင် အထူးသင်တန်း ပို့ချဟောပြောရန် နှိုးဆော်ရန်မလို၊ သွေးထဲသားထဲတွင် အလိုလို စိမ့်ဝင်တည်ကိန်းနေပြီး ဖြစ်ပါ၏။

ထိုသို့ သာသနာနှင့်စပ်၍ ကိုယ်တိုင်ကိုယ်ပိုင် ချမ်းသာမှုအမှန်ကို ရကြသောကြောင့်လည်း မိမိချမ်းသာသကဲ့သို့ သူတစ်ပါးအား ကောင်းစားချမ်းသာစေလိုသော သမ္မာဆန္ဒမွန်ရှိကြသည့် မြန်မာအမျိုးသားတိုင်း သာသနာတော်ကို ပြန့်ပွားစေလိုကြပါ၏။ သာသနာပြုလိုကြပါ၏။ ခေတ်အဆက်ဆက်ကပင် ကိုယ်တိုင်လည်း သာသနာတည်၍ သူတစ်ပါးကိုလည်း သာသနာတည်စေကြပါ၏။

## ရတနာပုံခေတ် အောင်ပွဲ

အလျဉ်းသင့်၍ ဆိုရဦးတော့မည်။ လွန်ခဲ့သော အနှစ်တစ်ရာကျော်က မြန်မာတို့ကို မယဉ်ကျေးသောလူမျိုးစုဟု နယ်ချဲ့ဥပါယ်ရှင် တစ်စုတို့က အကြောင်းပြကာ မြန်မာနိုင်ငံကို သိမ်းယူခဲ့ပါ၏။ ထိုမတိုင်မီလေးတွင် ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ပိဋကတ်တော်ပေမူတို့သည် အင်္ဂလန်ပြည် ဝိတိုရိယဘုရင်မ၏ စာကြည့်တိုက်တော်သို့ သာသနာပြုကြွတော်မူခဲ့သည်ကို သူတို့နောက်မှ သတိရရှာလေ၏။

http://www.dhammadownload.com



မြန်မာနိုင်ငံကို ဗြိတိသျှတို့သိမ်းယူပြီးနောက် ပညာတတ်အနောက်တိုင်းသားတို့ ဝင်ရောက်လာသောအခါ အရိုင်းအစိုင်းဟုသာ ယခင်က နားလည်ခဲ့သော မြန်မာတို့ပြည်တွင် နှစ်ပေါင်းထောင်ချီ၍ ယဉ်ကျေးခဲ့သော မြန်မာ့ဖီလော်ဆော်ဖီနှင့် အနုပညာလက်ရာတို့ကို တအံ့တသြတွေ့ရှိရကာ ပညာယူ၍ မကုန်ဖြစ်ရ၏။ အချို့ ကျောက်စာဝန်ဖြစ်ကြ၏။ မြန်မာ့သမိုင်းကို အမှန်မမြင်နိုင်ဟု မြန်မာသမိုင်းပညာရှင်တို့ လက်ညှိုးထိုးခံရသော သမိုင်းပါမောက္ခကြီး မစ္စတာလုစ်သည်ပင် "ငါသေရင် ဗမာပြည်မှာပဲ လူပြန်ဖြစ်ချင်တယ်"ဟု တောင့်တရတော့၏။

ဤမယဉ်ကျေးသေးဟု ဆိုကြကုန်သော မြန်မာတို့၏ ပဋ္ဌမသံဂါယနာတင်ကျောက်စာတော်များသည်လည်း ဘိလပ်ရွှေပြည်တွင်ရှိ ပီ–တီ–အက်စ် ခေါ် ပါဠိစာတော်မူအသင်းကြီး၏ ဆောက်တည်ရာဖြစ်ခဲ့၏။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကား မြန်မာပြည်တွင်းမှာ သီတင်းသုံးလျက် ဥရောပကို အလင်းပြတော်မူခဲ့ပါ၏။ ထို့နောက် အာနန္ဒာ မေတ္တေယျ စသော အင်္ဂလိပ်အမျိုးသားတို့ မြန်မာပြည်တွင်လာရောက်ရဟန်းခံပြီး အင်္ဂလန်သာသနာကို အညွန့်လူစေခဲ့ပြန်ပါ၏။

ယနေ့အင်္ဂလန်ကား မူလတန်းမှ တက္ကသိုလ်အထိ ဗုဒ္ဓဘာသာကို လေ့လာ၍နေကြလေပြီ။

စစ်သမိုင်းပညာရှင်များ၊ စစ်ဘုရင်များက စစ်ပွဲဆိုသည်မှာ အယူဝါဒရေးရာ(ဝါ)ဖီလော်ဆော်ဖီတိုက်ပွဲဟုသာ ဖွင့်ဆိုကြပါ၏။ အကြွင်းမဲ့ အောင်နိုင်သော စစ်ပွဲဆိုသည်မှာ မြေကို သိမ်းပိုက်နိုင်ခြင်းမဟုတ်၊ သဘောတရားရေးရာ လွှမ်းမိုးနိုင်ခြင်းသာဖြစ်ကြောင်း စစ်သမိုင်း၏ စာမျက်နှာများက ပြောကြားလျက်ရှိပါ၏။

အင်္ဂလိပ်–မြန်မာ စစ်ပွဲတွင် မြန်မာဘုရင်သည် အင်္ဂလိပ်တို့နောက်သို့ ပါတော်မူခဲ့ပါ၏။ အင်္ဂလိပ်တို့သည် မြန်မာ့မြေကို ရာစုတစ်စုနီးပါး သိမ်းပိုက်ခဲ့ပါ၏။ သို့သော် မည်သူနိုင်ခဲ့ပါသနည်း။

## သာသနာ ၂၅၀၀ ခေတ် မော်ကွန်း

ဤသို့ သာသနာတော်ခေတ်စော၍ အဆက်မပြတ်လည်း ရှင်သန်တိုးတက်ခဲ့သော မြန်မာနိုင်ငံဝယ် သာသနာ (၂၅၀၀)ခေတ်တွင်လည်း အလွန်ပင် အရှိန်အဟုန်ကြီးမားစွာဖြင့် တိုးတက်ပွင့်ထွန်းခဲ့ပါ၏။ ပရိယတ် ပဋိပတ်မျှသာမက ပဋိဝေဓသာသနာပါ ဘက်စုံဖွံ့ဖြိုး တိုးတက်နေသောကြောင့် ဖြစ်ပါ၏။

http://www.dhammadownload.com



ယနေ့ခေတ်၏ မြန်မာသာသနာအခြေအနေကို ကျွန်ုပ်တို့၏အမြင်မျှဖြင့် မတင်ပြလိုပါ။ သာသနာ(၃)ရာစုမှ စတင်ပြီး ထေရဝါဒ ဗုဒ္ဓသာသနာခံတပ်ကြီးဟု ထင်ရှားခဲ့သော သီဟိုဠ်မှ သံဃာ့ခေါင်းဆောင် မထေရ်ကြီးတစ်ပါး၏ သုံးသပ်ချက်ကိုသာ တင်ပြလိုပါ၏။

ထိုဆရာတော်ကြီးကား ဆဋ္ဌသံဂါယနာတွင် သီဟိုဠ် သံဃီတိ ကာရက သံဃာကိုယ်စားလှယ် ခေါင်းဆောင် အဂ္ဂမဟာပဏ္ဍိတ အာနန္ဒမေတ္တေယျပင် ဖြစ်ပါ၏။ ဆရာတော်ဘုရားကြီးသည် သံဂါယနာပွဲအတွင်း မြန်မာနိုင်ငံတွင် ကြာမြင့်စွာနေထိုင်ခဲ့ရ၏။ ဆရာတော်ဘုရားကြီး သီတင်းသုံးရာကား ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာအတွင်း စံကျောင်းတွင်ဖြစ်၏။ ဆရာတော်ကြီးသည် မြန်မာရဟန်းတော်များ၊ လူယောဂီများစွာတို့နှင့် နီးကပ်စွာ ထိတွေ့ဆက်ဆံခွင့်ရခဲ့၏။ မဟာစည်ဆရာတော်စသော ဆရာတော်ကြီးများနှင့်လည်း နီးနေခွင့်ရခဲ့၏။ ထို့နောက် ဆရာတော်ဘုရားကြီး၏ မြန်မာ့သာသနာအပေါ်အမြင်ကို ကမ္ဘာ့ဗုဒ္ဓဘာသာ ခေါင်းဆောင်များ၏ အလယ်တွင် အောက်ပါအတိုင်း သုံးသပ်ပြောကြားခဲ့ပါသည်။

## ကမ္ဘာ့ဦးဆောင်လမ်းညွှန်နိုင်ငံ

"မြန်မာနိုင်ငံသည် ဗုဒ္ဓတရားတော် မြှင့်တင်ပြန့်ပွားရေး မျက်မှောက်လုပ်ဆောင်ချက်များအရ သီဟိုဠ် စသော ကမ္ဘာ့နိုင်ငံတို့၏ ဦးဆောင်လမ်းညွှန် နိုင်ငံအဖြစ် ရောက်ရှိလာပါသည်။

"ယခုအခါ ဗုဒ္ဓသာသနာတော် ထွန်းကား၍ သူတော်ကောင်းတရားများ ပြန့်ပွားလာစေရန် ရဟန်းရှင်လူတို့၏ ထက်သန်အားသစ်မှုများမှာလည်း ကမ္ဘာနှင့်အဝန်းဆင့်ကာဆင့်ကာ တိုးတက်လာနေလျက် ရှိပါသည်။ ကျွန်ုပ်တို့ အထင်သော် မဝေးတော့သော အနာဂတ်ကာလ တစ်ချိန်ချိန်မှာ ဗုဒ္ဓသာသနာတော်သည် တစ်ကမ္ဘာလုံးကိုပင် တစ်ကျော့ပြန် လွှမ်းသွားပါလိမ့်မည်။

"ထိုအခါ မြန်မာနိုင်ငံသည် မိမိဆောင်ရွက်ချက် အားလျော်စွာ ကမ္ဘာ့နိုင်ငံအားလုံး၏ လေးစားရိုညွတ်ခြင်းကို မလွဲမသွေ ထိုက်ထိုက်တန်တန် ခံယူရပါလိမ့်ဦးမည်။

http://www.dhammadownload.com



## ရတနာသုံးပါးကျေးဇူး

"မြန်မာလူမျိုးတို့၏ တိုးတက်မှုဟူသမျှသည် ဗုဒ္ဓဝါဒသို့သာ အခြေခံ၍ ဗုဒ္ဓသာသနာတော် ဆုတ်ယုတ်ခြင်းသည် မြန်မာလူမျိုးတို့၏ ကျရှုံးခြင်းပင် ဖြစ်ပါတော့သည်။

"ဒုတိယကမ္ဘာစစ် အတွင်းမှာကဲ့သို့သော ဆင်းရဲဒုက္ခမျိုးစုံကိုပင် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား၊ နိုးကြားထကြွ၊ ဖွဲလုံ့လဖြင့် ကြံ့ကြံ့ခံတော်လှန်လွတ်မြောက်နိုင်ခဲ့ကြသည်အထိ မြန်မာလူမျိုးတို့အား သူရသတ္တိနှင့် ခံနိုင်စွမ်းရည် အင်အားများကို ပေးခဲ့သည်မှာ ယင်းသည့် ဗုဒ္ဓဝါဒသာလျှင် ဖြစ်ပါသည်။

"လွတ်လပ်ရေးရပြီးသည်နှင့် အမျိုးသားဖွံ့ဖြိုးရေး ယဉ်ကျေးမှုနှင့်အတူ သံဂါယနာတင်ခြင်း၊ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားမြဲ ပြန့်ပွားအောင် ဆုံးဖြတ်လုပ်ဆောင်လိုက်နိုင်ခြင်းမှာလည်း ကွက်တိလုပ်ရပ်မှန်ဖြစ်၍ ကမ္ဘာကို မြန်မာတို့က စံနမူနာ ပြလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

## ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ

"သာသနာဟူသည် သုံးမျိုးရှိရာ ပရိယတ်၊ ပဋိပတ်နှစ်မျိုးမှာ အခြားထေရဝါဒနိုင်ငံများမှာလည်း အတန်ကျေနပ်ဖွယ် တွေ့မြင်ရပါ၏။ သို့သော် ပဋိဝေဓ သာသနာမှာမူကား ချို့တဲ့လျက်ပင် ရှိနေခဲ့ကြပါသေးသည်။

"မြန်မာနိုင်ငံမှာကား ပရိယတ်၊ ပဋိပတ်သာမက ပဋိဝေဓပါ ဘက်စုံဖွံ့ဖြိုးတိုးတက်နေကြောင်း ရဲရဲကြီး ပြောဝံ့ပါသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံတွင် အရိယာပုဂ္ဂိုလ်ထူးကြီးများ အနံ့အပြားရှိနေကြမည်ကို ကျွန်ုပ်အနေဖြင့် အကြွင်းမဲ့ စိတ်ချယုံကြည်နေပါသည်။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



## ဗုဒ္ဓဝါဒကို လေ့လာလိုပါလျှင်

"ဤသို့ အရိယာပုဂ္ဂိုလ်ထူးကြီးများ ရှိနေခြင်းကလည်း ကမ္ဘာမှာ မြန်မာက အသာရနေကြောင်း ထင်ရှားစေပါသည်။ ထိုအချက်မှဖြင့် ဤမည်သော မြန်မာတို့ အဖို့ အံ့ချီးဖွယ်မရှိပါ။ ဗုဒ္ဓသာသနာတော်၌ အလေးအနက် သက်ဝင်ခံယူထားသူများ ပီပီ သာသနာအတွက် ဆင်းရဲချမ်းသာ၊ ဥစ္စာနည်းများမဟူ၊ အသက်ကိုပင် စွန့်လှူရန် အသင့်ရှိနေသော လူမျိုးများ ဖြစ်ကြပါသည်။ ထို့ကြောင့်လည်း ဖြစ်ထိုက်၍ ဖြစ်ပေါ် လာရသော ဆိုထုံးတစ်ခုတွင် ရှိနေပါသည်–

> "သင်သည် ဗုဒ္ဓဝါဒကို အမှန်တကယ် စိတ်ပါမြတ်နိုး၍ လက်တွေ့ ကျကျ အဟုတ်ကျင့်ကြံသည်ကို လေ့လာလိုပါလျှင် မြန်မာနိုင်ငံသို့ သွားပါ"

(၁၇၊ ၅၊ ၁၉၅၄–၅၆ ဆဋ္ဌသံဂါယနာမှတ်တမ်းမှ။)

## အဟုတ်သိ၍ အဟုတ်ယုံသော ဆရာတော်ကြီး

သီဟိုဠ်ဆရာတော်ဘုရားကြီး၏အမြင်ကား ကြည်လင်ပြတ်သားလှပါ၏။ သာသနာတော်ကို မြတ်နိုးသော ဆရာတော်ဘုရားကြီးသည် သာသနာတော်ထွန်း ကားရာ ဤမြန်မာနိုင်ငံကိုလည်း မြတ်နိုးတော်မူပါ၏။ သီဟိုဠ်ရောက် မြန်မာ ရဟန်း တော်များကို အထူးကူညီ စောင့်ရှောက်တော်မူလေ့ရှိပါ၏။ မြန်မာ့သာသနာတော် ကိုလည်း နှစ်ထောင်းအားရ တဖွဖွ ထုတ်ဖော်ချီးကျူးတော်မူလေ့ရှိ၏။

မြန်မာနိုင်ငံ ပရိယတ္တိသာသနာနှင့်စပ်၍လည်း "မြန်မာနိုင်ငံမှာ ပိဋကတ် သုံးပုံဆောင် ဆရာတော်နှစ်ပါး တွေ့ခဲ့ရတယ်"ဟု ထုတ်ဖော်မိန့်ကြားလေ့ရှိပါ၏။ ထိုခေတ်က မင်းကွန်းဓမ္မနာဒ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး တစ်ပါးသာလျှင် 'တိပိဋကရေ'ဘွဲ့တော် ရရှိသေးသော်လည်း မဟာစည်ဆရာတော် ဘုရားကိုပါ ထည့်သွင်းရည်ညွှန်းပြောဆိုခြင်း ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် မြန်မာ့သာသနာကို အဟုတ်သိ၍ အဟုတ် ယုံကြောင်း သူ၏အပြောနှင့်အလုပ်က သိသာထင်ရှားစေခဲ့လေပြီ။

http://www.dhammadownload.com





အမေရိကန်နိုင်ငံ၊ မန်ဆာချူးဆက်ပြည်နယ်၊ ဘယ်ရီမြို့ရှိ
ဝိပဿနာကမ္မဋ္ဌာန်းဌာန (Insight Meditation Society)

## ကိုယ်ပိုင်အင်အား မြင့်မားစွာ

မြန်မာနိုင်ငံ ပဋိပတ် သာသနာတော်နှင့်စပ်၍လည်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံမှ ကမ္မဋ္ဌာနစရိယ ဆရာတော်များကို ပင့်ဆောင်၍ (သီဟိုဠ် ရဟန်းတော်အချို့ အပြင်းအထန် ဆန့်ကျင်သည်ကိုပင် သည်းခံ၍) သီဟိုဠ်တွင် သတိပဋ္ဌာန်ရိပ်သာများ ဖွင့်လှစ်ပေးရာ၌လည်း အထူးအားပေးတော်မူခဲ့ပါ၏။

သာသနာတော်ကို အစဉ်ဦးတိုက်၍ နေထိုင်ကြသောကြောင့် မြန်မာကို ကမ္ဘာက ထိုက်တန်စွာ နေရာပေးလာရကြောင်း ကျွန်ုပ်တို့ အမြွက်မျှ တင်ပြခဲ့လေပြီ။ ဤသည်မှာ 'တို့ဗမာ'ဟု ဇာတိမာန်တံခွန်လွှင့်ကာ ဝင့်ကြွားရုံအတွက်မျှသာ ဖော်ပြ ရေးသားနေခြင်း မဟုတ်ပါ။ ကမ္ဘာ့အားအကိုးခံ မြန်မာတို့ မည်မျှ တာဝန်ကြီးမားလာကြောင်း သိမြင်ကြ စေလိုရင်းသာ ဖြစ်ပါ၏။ ကမ္ဘာနှင့်ချီ၍ အားကိုးလောက်သော အရှင်မြတ်များ ပွင့်ထွန်း ပေါ်ပေါက်ရေးအတွက် ပင့်လျှောက်တောင်းဆိုချက်ဟုလည်း သတ်မှတ်နိုင်ပါ၏။

http://www.dhammadownload.com



အနန္တကျေးဇူးရှင် လယ်တီဆရာတော်ဘုရား၊ ဝေဘူဆရာတော်ဘုရား၊ မဟာစည်ဆရာတော်ဘုရား စသော ကျေးဇူးရှင်ကြီးများကား တာဝန်နှင့်လာကြသော ပုဂ္ဂိုလ်များပီပီ တာဝန်ကျေခဲ့ကြလေပြီ။ သာသနာ့ကျက်သရေဆောင်တော် ပုလု ဆရာတော်ဘုရားကြီး၊ သက်တော်(၉၀)ပင်နီးပြီဖြစ်သော ဦးသေဋ္ဌိလဆရာတော် ဘုရားကြီးတို့ကား အရွယ်တော်နှင့် ခန္ဓာကိုယ် ကျန်းမာရေးကိုပင် အလေးမမူအား (ဤစာကို ရေးသားနေသော အချိန်တွင်ပင်) အနောက်ကမ္ဘာတစ်လွှားသို့ ကြွချီကာ သာသနာ့ဝန်ကို အားသွန်ထမ်းဆောင်တော်မူကြဆဲဖြစ်ပါ၏။

ဆရာတော်ဘုရားကြီးများကား အချို့ လွန်တော်မူကြပြီ။ အချို့ အရွယ်တော် ထောက်ကြလေပြီ။ ယနေ့သည်ကား ဆရာတော်ဘုရားကြီးများ၏ 'ဓမ္မဒါယာဒ' တရားအမွေခံ တပည့်ကြီးများက ဆင့်ကမ်းတာဝန်ယူရမည့်အချိန်ဖြစ်ပါ၏။ ဆရာတော် ဘုရားကြီးများ၏ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်တို့၏ အရိပ်ကို ခိုကာ ဆရာတော် ဘုရားကြီးများ ခုတ်ထွင် ရှင်းလင်းခဲ့သော လမ်းကြောင်းကို ဆက်လက် ခိုင်မာအောင် တိုးချဲ့စောင့်ရှောက်ရမည့်တာဝန်ကား လွန်စွာကြီးလေးလှပါဘိတောင်း။ ဆရာတော် ဘုရားကြီးများကိုယ်တိုင် အမြီးခိုပြုခဲ့ကြသော 'ဓမ္မ'တည်းဟူသော ကိုယ်ပိုင် အင်အား ကိုသာ မြင့်မားအောင် ထူထောင်နိုင်ကြပါလျှင် ဤကြီးလေးသော တာဝန်ကို လွယ်ကူစွာ ပြီးမြောက်အောင် ထမ်းဆောင်နိုင်ပေလိမ့်မည်။

ပြဆိုခဲ့သော အမေရိကန်ရဟန်းတော်နှင့် အမျိုးသမီးယောဂီတို့ တင်ပြသည့် အနောက်ကမ္ဘာက သာသနာ့အခြေအနေနှင့် တောင်းဆိုချက်များသည်ကား ယနေ့ မြန်မာတို့၏တာဝန်ကို ထပ်လောင်းနှိုးဆော်လျက်ရှိလေပြီ။

## အိမ်ရှင်တာလား ဧည့်သည်တာလား

လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ကျော်က ရဟန္တာအရှင်မြတ်ကြီး တစ်ပါးသည် ဤသို့လျှင် ဗျာဒိတ်တော် ထားခဲ့ပါ၏။

"သာသနာတော်ကြီးကတော့ အလွန့်ကို အားရစရာ ကောင်းတယ်။ တစ်နေ့တော့ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီး၊ ဘာသာခြား လူမျိုးခြားတွေဟာ ဒီက သတင်းတွေကြားကြလိမ့်မယ်။ ကြားရတော့ သူ့ထက်ငါဦးအောင် လာကြမှာ"

"လာရောက်ပြီး လက်တွေ့ လုပ်ကြည့်ကြတော့ သူတို့ အတိုင်းမသိ ဝမ်းသာကြလိမ့်မယ်၊ တို့မလာခင်တုန်းက ကြားတာထက်တောင် သာလွန်

http://www.dhammadownload.com



မြင့်မြတ်နေပါကလားဆိုပြီး ဒီတရားတွေကို ရအောင်ကို ယူကြလိမ့်မယ်"

"ရပြီးတော့လည်း ကိုယ်တစ်ဦးတည်း ဝှက်ပြီး မခံစားဘူး။ ကိုယ့်ဆွေမျိုးတွေကိုလည်း ဝမ်းသာအားရ ပြန်ပြီးပေးကြလိမ့်မယ်"

ထိုအရှင်မြတ်ကြီး ရည်ညွှန်းမိန့်ကြားခဲ့သော "တစ်နေ့တော့" ဟူသည်မှာ ယနေ့မဟုတ်ဟု မည်သူ ငြင်းဆိုနိုင်ပါအံ့နည်း။

ဤ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ မိန့်တော်မူချက်တစ်ခုကိုလည်း ဖော်ပြလိုပါ၏။ ဆရာတော်ဘုရားကြီး လွန်တော်မူခါနီး ရက်ပိုင်းက ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးတွင် "ဓမ္မစကြာတရားတော်ကြီး"ကို ဟောကြားခဲ့ပါ၏။ ဓမ္မစကြာတရားတော်ကြီးကား ရန်ကုန်မြို့ သာသနာ့ရိပ်သာ စတင်ဖွင့်လှစ်စဉ် (၁၃၁၁)ခုနှစ်ကလည်း ဤသုတ်ကို ဟောကြားပြီး ဖွင့်လှစ်ခဲ့ပါ၏။ အခြားအရပ်ဒေသများတွင် ကမ္မဋ္ဌာန်းဌာနအသစ် ဖွင့်လှစ်တိုင်းလည်း ဤသုတ်ကိုသာ ဟောကြားဖွင့်လှစ်ခဲ့ပါ၏။ အခြားဌာနများတွင်လည်း အကြိမ်များစွာ ဟောကြားခဲ့ပါ၏။ ဓမ္မစကြာတရားတော်အကျဉ်းချုပ်ကို မြန်မာ့အသံမှလည်း အသံလွှင့် ဟောကြားတော်မူခဲ့ပါ၏။ နောင်သော် ၁၃၂၄–ခု တော်သလင်းလကွယ်နေ့မှ တန်ခူးလပြည့်နေ့အထိ ဆရာတော်ဘုရားကြီးသည် ထိုတရားတော်ကို သာသနာ့ရိပ်သာ၊ ဖလ်ယဉ်ဓမ္မာရုံတွင်ပင် ရှစ်ပိုင်းခွဲကာ ထပ်မံဟောကြားတော်မူခဲ့ပါ၏။ ထိုတရားတော်ကို အသံသွင်းပြီး စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။

ဤမျှ ဆရာတော်ဘုရားကြီး အလေးအမြတ်ပြုသော တရားတော်ကို ထိုအချိန် လွန်တော်မူခါနီးရက်ပိုင်းက ဆရာတော်ဘုရား ဟောကြားရာတွင် ပုံနှိပ်ထား သောစာအုပ်ကိုသာ ဖွင့်ဖတ်ဟောကြားတော်မူခဲ့၏။ ထိုဓမ္မစကြာတရားတော် စာအုပ်ကို ဆရာတော်ဘုရားကြီးသည် ကိုင်တွယ်ကာ စေ့စေ့စပ်စပ်ကြည့်ရှုစဉ်းစားပြီး အောက်ပါအတိုင်း လေးလေးကြီး မိန့်ကြားတော်မူခဲ့ပါ၏။

"အင်း .... ဒါတွေက နောင်တော့ သိပ်အဖိုးတန်မှာ"

"အင်း .... ဒါတွေက နောင်တော့ သိပ်အဖိုးတန်မှာ"

အသိဉာဏ် စင်ကြယ်သန့်ရှင်း၍ လင်းလင်းချင်းချင်းကြီး သိမြင်တော်မူသော သူတော်ကောင်းကြီးများ၏စကားကို ကျွန်ုပ်တို့ ဘာသာပြန်ဆိုရန် အရာမဟုတ်ချေ။ သိသောသူသည်သာ သိကြပေသည်။

---

ဗုဒ္ဓအသံစာပေ

http://www.dhammadownload.com



မည်သို့ဆိုစေ ယနေ့ခေတ်အခါတွင် လောဘ၊ ဒေါသ၊ မောဟတို့ကြောင့် ပိန်းပိတ်အောင် မှောင်ကျနေသော ကျွန်ုပ်တို့ ကမ္ဘာမြေကြီးတွင် လူများစုမသိမြင်ကြသေးသော်လည်း အလွန်လင်းချင်းသော နေမင်းကြီးတစ်ဆူ ထွက်ပြူ၍ လာနေသည်မှာ အမှန်ပင်ဖြစ်ပါ၏။ ရှေးအရှင်ကောင်း အရှင်မြတ်များ၏ ဉာဏ်တော်တွင် တွေ့မြင်ပြီးဖြစ်သော 'ကမ္ဘာသစ်ကြီး'ဆိုသည်မှာ ကျွန်ုပ်တို့ခေတ်သာလျှင်ဖြစ်ကြောင်း ကျွန်ုပ်တို့အကြွင်းမဲ့ယုံကြည်ပါ၏။ ထိုကမ္ဘာသစ်သည် သာသနာ(ဝါ)မြန်မာတို့၏ အင်အားကို ပင့်လျှောက်တောင်းဆိုနေကြောင်း လက်ရှိကမ္ဘာ့အသံတို့က ထောက်ခံပြောကြားလျက်ရှိနေပါသည်။

မျက်စိနားရှိသော လူမျိုးအသီးသီးသည် ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုကိုသာ ယခင်က သူတို့နားလည်ခဲ့သော စေတီ၊ ပုထိုးဟောင်းများ အကြားတွင် နက်ရှိုင်းစွာ ကိန်းဝပ်တော်မူနေသော မြန်မာ့ရတနာအစစ်ကို ယခု သူတို့တွေ့ရှိကြလေပြီ။ ပိုင်ဆိုင်ရန် ကြိုးစားကြလေပြီ။ ဖြန့်ဝေရန် ကြိုးပမ်းကြလေပြီ။ တသီတတန်းကြီး လာနေကြလေပြီ။ နောင်လည်း လာကြပေဦးမည်။

ကျွန်ုပ်တို့၏နှလုံးသားတွင်ကား ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သော ဗျာဒိတ်တော်စကားများသည်သာ ရစ်ဝဲလျက်ရှိပါ၏။ အချိန်အခါ ကမ္ဘာထုတ်ခြင်း ဖောက်ထွင်းသိမြင်တော်မူသော ထိုသည့်အရှင်မြတ်ကြီးက အနာဂတ် သာသနာတော်အတွက် ကျွန်ုပ်တို့ မြန်မာများအား အောက်ပါအတိုင်း တာဝန်ချထားပေးတော်မူခဲ့ပါ၏။

"အိမ်ရှင်တွေကလည်း သူတို့လိုချင်တာ ပေးနိုင်အောင်လုပ်ကြရလိမ့်မယ်၊ ဧည့်သည်လာရင် ပြုစုရမှာက အိမ်ရှင့်တာလား၊ ဧည့်သည်တာလား"

ဂါမဏိ

၁၉၈၅–ခု၊ ဩဂုတ်လ ၁၆–ရက်။

http://www.dhammadownload.com

ကျေးဇူးရှင်

# ဝေဘူဆရာတော်ဘုရားကြီး

ဟောကြားတော်မူလေ့ရှိသော

# တရားအနှစ်သာရများ

# THE ESSENCE OF BUDDHA DHAMMA

By

The Venerable Webu Sayadaw.

သုံးဘာသာ –

- မြန်မာ
- ပါဠိ
- အင်္ဂလိပ်

[တစ်အုပ် ၂–ကျပ်၊ ဓမ္မဒါနပြုလိုသူများအား အထူးနှုန်းပေးပါသည်။]

ပထမအကြိမ်

http://www.dhammadownload.com

**မေတ္တာဝါဒ (ဗြဟ္မဝိဟာရ)**

နိကာယ်ငါးရပ်လာ မေတ္တာ၏ စွမ်းအားသတ္တိထူးများကို ဖော်ပြ၍ သိပ္ပံပညာ, စိတ်ပညာတို့နှင့် နှီးနှော စိစစ်ထားခြင်း၊ ပုဂ္ဂိုလ်ထူးများစွာတို့၏ မေတ္တာလက်တွေ့ အသုံးချပုံများ၊ ကမ္ဘာဦးခေတ်မှ ယနေ့ခေတ်အထိ ထူးခြားသော မေတ္တာကိုယ်တွေ့ ဇာတ်လမ်းများ၊ မေတ္တာဓာတ်ရိုက်ပုံ၊ မေတ္တာဈာန် ထူထောင်နည်း၊ မေတ္တာဈာန်မှဝိပဿနာတက်ပုံ...မေတ္တာနှင့် စပ်၍ အရှင်းလင်းဆုံး၊ အလေးနက်ဆုံး၊ အလွယ်ကူဆုံးစာအုပ်။

(၂၂-ကျပ်)

**သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ**

ဤစာအုပ်ကာ 'ရဟန္တာပုဂ္ဂိုလ်ထူး' ပထမတွဲအဖြစ် သမိုင်းကွင်းဆက်များနှင့်တကွ ဟန်လင်း,ဗိဿနိုး, သရေခေတ္တရာ ရှေးဦးမြန်မာ့သာသနာကို နောက်တွေ့ သမိုင်းပစ္စည်း အထောက်အထားများ၊ ဓာတ်ပုံ၊ မြေပုံများဖြင့် တခမ်းတနား ဖော်ပြထားသည်။

အရှင် မဟာဗုဒ္ဓဃောသနှင့် အဋ္ဌကထာသမိုင်း၊ သီဟိုဠ် မြန်မာ ဆက်ဆံရေး၊ သီဟိုဠ်ပုဂ္ဂိုလ်ထူးများ၊ တရားအတွေ့အကြုံများ၊ သီဟိုဠ်သာသနာဝင်အပြည့်အစုံ၊ ထေရဝါဒသည် ဟိနယာနမဟုတ်၊ ရှင်ဥပဂုတ်ကား မဟာယာန၊ ဂေါတမဗုဒ္ဓသည် ဗမာလူမျိုး.... စသော သမိုင်းစိစစ်ချက်၊ ဗုဒ္ဓဝါဒရေးရာ သဘောတရားစိစစ်ချက်များ များစွာပါဝင်သည်။

(၅၀-ကျပ်)

http://www.dhammadownload.com

## ကိုယ်ပိုင်သိမှ သန္ဒိဋ္ဌိက

- ဒါနကို သဘောပေါက်သည်အထိ လုပ်ဖူးက မလှူဘဲ မနေနိုင်။
- သီလကို ကိုယ်ပိုင် ခံစားမှုရှိအောင် ကျင့်သုံးဖူးက မစောင့်ဘဲ မနေချင်။
- ဘာဝနာကို ကိုယ်တွေ့ အသိ အမြင် ဆိုက်အောင် ရှုမှတ်ဖူးက မရှုမှတ်ဘဲ မနေနိုင်။

ထို 'မနေနိုင်သောအဆင့်' သို့ မရောက်သေးသမျှ မည်သည့် ဒါန၊ သီလ၊ ဘာဝနာမျှ သိသိသာသာ အကျိုးမပေး၊ အလှုပ်မခံ။

(စာမျက်နှာ ၂၆၂-မှ)

http://www.dhammadownload.com

မဟာစရိယဦးဌေးလှိုင်

၏

# ဓမ္မဒူတ

(ဒုတိယအုပ်)

ဆက်လက်ထွက်လာမည့် ဓမ္မဒူတ (ဒုတိယအုပ်)တွင် အခန်း ၅–ခန်းအလိုက် ရတနာသုံးပါးနှင့်စပ်သော အောက်ပါကိုယ်တွေ့ဖြစ်ရပ်မှန်များကို ဖတ်ရှုရပါမည်။

၁။ ရှိသမျှ အကုန်လှူသော ပါမောက္ခကြီး။
၂။ သံတော်ဆင့် မင်းကတော်ကြီး အဖွားသစ်။
၃။ နေ့စဉ် ပိဋကသုံးပုံကို ရွတ်ဖတ်ပူဇော်သူများ (တိပိဋကဓရ ဆရာတပည့်)
၄။ သက်၍မသေနိုင်သော ပဋ္ဌာန်းလောင်း မိုလ်ချုပ်။
၅။ သတိပဋ္ဌာန်နှင့် ခွဲစိတ်ကုသခံမည့် ဒေါက်တာ။
၆။ အင်းဝမြို့ ဘုန်းကြီးလူထွက် ဆရာနှင့် ကျောင်းထိုင်ပြိတ္တာ။
၇။ ဝဋ်နှင့်ကြွမ္မာ မလွတ်သာ။
၈။ အိုနာကျိုးကန်း ကံအစွမ်း။
၉။ မိဘကိုဆဲ၍ လောကငရဲခံရသူ ဖွားရှင်တို့ သားအဖ။
၁၀။ အမေ့မေတ္တာ၊ အံ့ဖွယ်မေတ္တာ။
၁၁။ မြင်ကွန်းမြို့ ဆီဆုံဆရာကြီးဆရာကြင်၏ ထမင်းတစ်လုတ်ကုသိုလ်။
၁၂။ ယောဂီဘုန်းတော်ကြီး ဦးပဏ္ဍာ။
၁၃။ ဗုဒ္ဓဒါနံ ဇီဝိတသာဝတ္ထု။

ပထမအကြိမ်

http://www.dhammadownload.com

၁၄။ အဋ္ဌာနမေတ် ဝတ္ထုများ။
၁၅။ ရှိခိုးကန်တော့။
၁၆။ အရဟံဂုဏ်တော်ဖြင့် မှန်တိုင်းကို ဖြိုခွင်းသူ။
၁၇။ စစ်တွေမုန်တိုင်းနှင့် ရတနာသုံးပါးကံလိုင်း။
၁၈။ အတိတ်ကံကို ကြည့်၍ ဆေးကုသူ (အမေရိကန်မှ အမြင်ပေါက်သူ အင်္ဂါကေစီ)
၁၉။ ဗန်းမော်ကမ်ဖြို့နယ်မှ ရဟန္တာဟု ကျော်ကြားသော အရည်ဝါသီ ဇေသုကွို ဆရာတော်။
၂၀။ ဟန်လင်းသစ်ဆိမ့်ကြီး ဆရာတော်ညီနောင် (ရဟန္တာအရှင်ဇဝနနှင့် အရှင်ဝိသုဒ္ဓါစာရ)
၂၁။ မောင်းထောင်သူဌေး (ဦးမြရာနှင့် စစ်ကိုင်း မန်ကျည်းစဉ်သူဌေး။)
၂၂။ တောပန်း မတင်ကြည်။
၂၃။ ငရဲပြန် ပုဏ္ဏား မောင်နမ။
၂၄။ ကိုယ်ပိုင်အသိဖြင့် ဘာသာပြောင်းသူ ဦးကာဆင်နှင့် မူဆလင် ကုန်သည်ကြီး တစ်ဦး။
၂၅။ သတိပဋ္ဌာန်နှင့် ဆေးကုနေသော အင်္ဂလန်မှ အထူးကုပါရဂူကြီး။
၂၆။ အိန္ဒိယဝန်ကြီးချုပ် နေရူး၊ ဒု–သမ္မတကြီး ရာဒါခရစ်ရှုနန် စသော အမြင်ကျယ်သော အိန္ဒိယ ခေါင်းဆောင်ကြီးများ၏ ဗုဒ္ဓ ဝါဒအပေါ် သဘောထား။
၂၇။ မဇ္ဈိမဒေသ ဗုဒ္ဓပွင့်ရာ အိန္ဒိယ၌ သာသနာမျိုးစေ့ပြန်ချသူ 'ဦးစန္ဒြမဏိ (သာသနာ့အာဇာနည်)ဗာဗာဂျီး' စသည်ဖြင့် မြန်မာနိုင်ငံ၏ သာသနာ သမိုင်းဝင် ဖြစ်ရပ်မှန်များကို မှတ်တမ်းတင် ဖော်ပြထားပါသည်။

http://www.dhammadownload.com

# ဓမ္မာစရိယဦးဋ္ဌေးလှိုင်

ရေးသားပြုစုသော ထွက်ပြီးကျမ်းစာများ

## ရတနာသုံးပါးကျေးဇူး (ကိုယ်တွေ့ဝတ္ထုများ)

သားသမီးငယ်များအား စစ်မှန်စင်ကြယ်သော ဗုဒ္ဓအမွေကို ပေးလိုသော မိဘတိုင်းအတွက် ဘာသာရေးအခြေခံအနိမ့်ဆုံးအဆင့်မှ သမထ ဝိပဿနာအလုပ်ခွင်အထိ လက်တွေ့ကျသော ကျင့်စဉ်များ၊ ဒါနတန်ခိုး၊ သီလတန်ခိုး၊ မေတ္တာတန်ခိုး၊ သစ္စာစွမ်းရည် .... မယုံကြည်နိုင်လောက်အောင် အားကျဖွယ်, အံ့သြဖွယ်ကောင်းသော ကိုယ်တွေ့ဝတ္ထုပေါင်း ၄၀–ခန့်ပါဝင်သည်။ လူတိုင်းအတွက် ကြီးပွားချမ်းသာရေးကျမ်းကြီးဟု ဆိုနိုင်သော 'ဆုတောင်းခန်းမြင်ကွင်းကျယ်'စသည်ဖြင့် စာမျက်နှာ ၅၀၀–ကျော်။

(၃၀–ကျပ်)

## အနာဂါမ်ဆရာသက်ကြီး

အာနာပါန, သတိပဋ္ဌာန်အလုပ်ကို စာဖတ်တတ်သူတိုင်း နားလည်အောင် အရှင်းဆုံးရေးထားသောစာအုပ်။ သူ့ဘဝ–သူ့တရားနှင့် သူ့ကျေးဇူး အပိုင်းကြီးသုံးပိုင်း၊ နိုင်ငံရပ်ခြားမှ ပါမောက္ခကြီးများ၊ ပါရဂူကြီးများ ပင်လျှင် ဆရာသက်ကြီး ကမ္မဋ္ဌာန်းနည်းဖြင့် ထူးခြားစွာ ပြောင်းလဲသွားကြပုံ ကိုယ်တွေ့ရေးသားချက်များ၊ သမိုင်းဝင်ဓာတ်ပုံများကို ကြွေရောင်စက္ကူချောဖြင့် ဖော်ပြထားပါသည်။

(၂၈–ကျပ်)

http://www.dhammadownload.com

ဓမ္မာစရိယဦးဌေးလှိုင်

ထံ

မှတ်ပုံတင်စာများ ပေးပို့လျှင်
အောက်ပါလိပ်စာကိုအသုံးပြုပါရန် ....

သို့/-

ဓမ္မာစရိယဦးဌေးလှိုင်
ခြံနံပါတ်-၁၉(စ)
မြစပါယ်လမ်း
(၈)ရပ်ကွက်(ခွဲစုံ)
မရမ်းကုန်းမြို့နယ်
ကမ္ဘာအေးစာတိုက်
ရန်ကုန်။

http://www.dhammadownload.com

ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ

ဟန်လင်း, သရေခေတ္တရာ ပျူခေတ်မှ မျက်မှောက်ခေတ်အထိ မြန်မာနိုင်ငံ၌ ထွန်းပေါ်ခဲ့သော ရဟန္တာပုဂ္ဂိုလ် ထူးကြီးပေါင်းများစွာ၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်များ၊ သာသနာရေစီးကြောင်းနှင့် မဟာယာန အမူအကျင့်, ဂိုဏ်းဂဏ အမွှေဓာတ်များအကြောင်း ခြေခြေမြစ်မြစ် စိစစ်ပြထားသည်။ အလုပ်ခွင်သင်ခန်းစာ ရယူမှုကို ဦးစားပေး၍ ရေးသားထားသည်။ ပုဂ္ဂိုလ်ထူးကြီးများ၏ ပုံတော်များလည်း ဖော်ပြထားရာ သင့်အိမ်၌ အမြဲပူဇော်ထားသင့်သော စာတစ်အုပ်။

(၅၅–ကျပ်)

မှတ်ချက်။ ။အမြို့မြို့ကိုယ်စားလှယ်များထံတွင် မရမှ သာလျှင် အောက်ပါအတိုင်း လိပ်စာတပ်၍ မှာကြားပါ။

ဗုဒ္ဓအသံစာပေ
စာတိုက်ပုံးအမှတ်(၁၃၂၃)
ဗဟိုစာတိုက်ကြီး၊ ရန်ကုန်။